
ဂျာနယ်ကျော်ဦးချစ်မောင်
(ရွှေလင်းယုန်)
သူ
WHISPER OF WORDS

# About Us

ကျွန်တော်တို့အဖွဲ့သည် မြန်မာနိုင်ငံအတွင်းက e-Books Reader အသုံးပြုသူများနှင့် Digital Devices တွေမှာ စာဖတ်သူများ အတွက် မြန်မာစာအုပ်များကို ဖတ်ရှုနိုင်စေရန် ကူညီပေးဖို့ ရည်ရွယ် ဖွဲ့စည်းထားသော အဖွဲ့ဖြစ်ပါသည်။

တိုးတက်လာသော နည်းပညာများအရ e-books Reader အသုံးပြုသူများလည်း များပြားလာပြီ ဖြစ်သော်လည်း နိုင်ငံတွင်းမှတော့ e-books Reader အသုံးပြုသူများ အတွက် မြန်မာစာအုပ် ဖတ်ရှုနိုင်ရန် အလွန် ခက်ခဲလျက်ရှိသည်။

ထို့ပြင်လက်ရှိမှာလည်း မြန်မာစာအုပ်များကို Digital နည်းဖြင့် ဖြန့်ဝေမှု လုံးဝ မရှိသလောက် ဖြစ်သည်။

ထိုအခက်ခဲများကိုကျနော်တို့တတ်နိုင်သည့်ဘက်မှကူညီပေးနိုင်ရန် ရည်ရွယ်ပြီး ပြုလုပ်ထားခြင်းဖြစ်ပါသည်။

မူပိုင်ခွင့်ချိုးဖေါက်ပြီးကိုယ်ကျိုးအတွက်လုံးဝ(လုံးဝ)အသုံးမပြုပါ။

https://t.me/TheBookR

# ရွှေလင်းယုန်၏ စာပေအနုပညာစွမ်းရည်

[၁]

ကျွန်တော်တို့သည် ငယ်စဉ်ကလေးဘဝ၌ အပျော်ဖတ် ဝတ္ထုများကို နှစ်ခြိုက်စွာ ရှာဖွေဖတ်ရှုကြရာ အချစ်အကြိုက် အမုန်း အပျော်ဖတ်ဝတ္ထုများ လျှို့ဝှက်သဲဖို စုံထောက်ဝတ္ထုများ နယ်ပယ်တွင် မွေ့ပျော် ခဲ့ရသည်။ စာဖတ်သက်ရင့်လာသောအခါ ဦးတည်ချက်ကောင်းသော ဘဝသရုပ်ဖော် ဝတ္ထုကြီးများကို နှစ်သက်စွာ လေ့လာဖတ်ရှုကြရပြန်သည်။ ဦးတည်ချက်ကောင်းသော ဘဝသရုပ်ဖော် ဝတ္ထုကြီးများကား ခေတ်တိုင်းပင် ရေးဖွဲ့ကြသူ မများပြားသည့်အဖြစ်ကို ကြုံကြရကြောင်း စာပေလေ့လာ ဝေဖန်သုံးသပ်သူများက ပြောဆိုလာကြသည်။

ကျွန်တော်တို့၏ စာရေးဆရာကြီးများသည် ပဒေသရာဇ်ခေတ်၊ နယ်ချဲ့ကိုလိုနီခေတ်၊ ဂျပန်ခေတ်၊ စစ်ပြီးကိုလိုနီခေတ်၊ ဖဆပလခေတ်၊ တော်လှန်ရေးကောင်စီခေတ်၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီခေတ်၊ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ အစိုးရခေတ်ဟူသော ခေတ်အသီးသီးတို့တွင် ဝတ္ထုကြီးအများအပြားကို ရေးဖွဲ့ခဲ့ကြပါပြီ။ ဝတ္ထုကောင်းများကား မည်သည့်ခေတ်၌မဆို ထင်ရှားစွာရပ်တည်လျက် ဂန္ထဝင်စာကောင်းပေကောင်းအဖြစ် ကျန်ရစ်ခဲ့ကြသည်။ သူ့ခေတ်အလိုက် စာပေပညာရှင် စာရေးဆရာကြီးများလည်း ပေါ်ထွက်ခဲ့ပါသည်။

ထိုသို့သော ဂန္ထဝင်စာကောင်းပေကောင်း ဝတ္ထုကြီးများသည် ကျွန်တော်တို့တိုင်းပြည် ကျွန်တော်တို့လူမျိုး ကျွန်တော်တို့ စာပေ အတွက် တန်ဖိုးမဖြတ်နိုင်သော ယဉ်ကျေးမှုစာပေ အမွေအနှစ် ရတနာ များဖြစ်ကြပါသည်။ နိုင်ငံတကာတွင်လည်း သူ့လူမျိုးနှင့် သူ့စာပေ ရှိကြရာ သူတို့ယဉ်ကျေးမှုအတွက် များစွာထိန်းသိမ်း စောင့်ရှောက် ကြကြောင်း တွေ့မြင်နေကြရပါသည်။ သူတို့၏စာကောင်းများကို နိုင်ငံတကာအလယ်တွင် ရှေ့တန်းတင်၍ အဆင့်အတန်းမြင့်မားသည်ထက် မြင့်မားအောင် ဆောင်ရွက်ကြပါသည်။

ကျွန်တော်တို့သည် မျက်မှောက်ကာလတွင် မြန်မာဝတ္ထုကောင်းများ ပေါ်ထွက်လာရေးအတွက် ကြိုးပမ်းအားထုတ် ကြရာတွင် စံပြုလောက်သော မြန်မာ့ပင်ကိုယ်ရေးဝတ္ထုကြီးများကိုလည်း ပြန်လည်ထုတ်ဝေရန် စဉ်းစားကြပါသည်။

မြန်မာစာရေးဆရာကြီးများသည် ပင်ကိုယ်ရေးဝတ္ထုကြီးများကို ကြိုးစား၍ ရေးသားအားထုတ်ကြကြောင်းကို မြန်မာဝတ္ထုရှည်ကြီးများလောကတွင်

တွေ့မြင်ခဲ့ပါသည်။ ထိုစာရေးကြီးများအနက် ဂျာနယ်ကျော် ဦးချစ်မောင် ကလောင်အမည် ရွှေလင်းယုန်သည် တစ်ယောက်အပါအဝင်ဖြစ်ပါသည်။ စာရေးဆရာကြီး ရွှေလင်းယုန်၏ "သူ'ဝတ္ထုကို စံပြုလောက်သော ဝတ္ထုကြီးအဖြစ် ကျွန်တော်တို့ ပြေးမြင်မိကြပါသည်။

တက္ကသိုလ်ဝင်းမွန်က မြန်မာဝတ္ထုရှည် စာတမ်းတင်ခဲ့ရာတွင် မြန်မာဝတ္ထုရှည်သမိုင်းစာတမ်း၌ ရွှေလင်းယုန်၏ လက်ရာများကို ဤသို့ ရှုမြင်သုံးသပ်ခဲ့ပါသည်။

"ရွှေလင်းယုန် (ဂျာနယ်ကျော် ဦးချစ်မောင်)(၁၉၁၃-၁၉၄၅) သည် ဟုတ်ပါ့မလား (၁၉၃၄)၊ အိမ်ကြီးမာယာ (၁၉၃၄)၊ အပျော်ဖတ်ဝတ္ထုတို့ကို ရေးဖွဲ့ရာမှ ဦးတည်ချက်စေတနာပါသော အဆင့်အတန်းရှိသည့် ဝတ္ထုကို ရေးဖွဲ့လာခြင်းဖြစ်သည်။ 'သူ'တွင် စိတ်နေသဘောထား မွန်မြတ်လှသော ဆရာဝန်ကိုမြင့်မောင်၏ လေးစားချီးကျူးဖွယ်ကောင်းသော ကိုယ်ကျိုးစွန့်အနစ်နာခံစိတ်၊ ပရဟိတစိတ်ဓါတ်နှင့် အမူအကျင့်တို့ကို တသသစွဲမက်အောင် ရေးဖွဲ့ထားသည်။"

ကျွန်တော်တို့သည် ရွှေလင်းယုန်၏ သူဝတ္ထုကြီးမှ ဇာတ်ကောင်ဖြစ်သော ဆရာဝန် ကိုမြင့်မောင်ကိုဖတ်ရင်း စာရေးဆရာကြီး ရွှေလင်းယုန်၏ စာပေနိုင်နင်းကျွမ်းကျင်မှုကို တွေ့မြင်ကြရသည်။ ဆရာဝန် ကိုမြင့်မောင်ကို စာဖတ်သူတို့သည် ကြင်နာသနားလျက် စုတ် တသပ်သပ်ဖြစ်လာမိအောင် ဖန်တီးနိုင်သည့် ကလောင်စွမ်းအားမှာ ကြီးမားလှပါပေသည်ဟု ချီးကျူးပြောဆိုကြရသည်အထိ အောင်မြင် သောဝတ္ထုကြီးအဖြစ် မြန်မာစာပေလောကတွင် ရပ်တည်လျက်ရှိနေသည်။

စာရေးဆရာကြီးရွှေလင်းယုန်သည် ထူးခြားသော စာပေပညာရှင် တစ်ဦးဖြစ်ပြီး သူ၏စိတ်နေစိတ်ထား အယူအဆ အတွေးအခေါ်တို့သည် လူသားတို့အား သူတစ်ပါးအတွက် အနစ်နာခံသောစိတ် သူတစ်ပါး၏အကျိုးစီးပွားကို သယ်ပိုးလိုသောစိတ်၊ မိမိကိုယ်ကျိုးကိုစွန့်၍ စိတ်ကောင်းစိတ်မြတ်ထားသော စိတ်တို့ဖြင့် လွှမ်းခြုံ စိုးမိုးလျက်ရှိကြောင်း သတိပြုမိသည်။ ဤစိတ်ဓါတ်တို့ရှိနေခြင်းကြောင့်ပင်လျှင် သူ၏ ဝတ္ထုကြီးများ၌ ဖြူစင်သော စေတနာတရားတို့ကို ထိန်လင်းစွာ တွေ့မြင် ကြရပါသည်။

ယခုတင်ပြလိုက်သော "သူ"ဝတ္ထုကြီးသည် စာဖတ်ကြသူ တို့အဖို့ တစ်ကြိမ်ဖတ်လျှင်ပင် တစ်သက်လုံးမမေ့နိုင်အောင် ဂရုဏာရသမြောက်လှပြီး လက်ရာကောင်းမွန်လှကြောင်း မျှဝေခံစားနိုင်ကြရန် ပြောပြလိုက်ပါသည်။ ယနေ့ လူငယ်စာရေးဆရာများအနေဖြင့်လည်း တိုင်းပြည်အတွက် လူမျိုးအတွက်

ဦးတည်ချက်ကောင်းကောင်းဖြင့် စာရေးကြရာတွင် ဤရွှေလင်းယုန်၏ 'သူ'ဝတ္ထုကြီးသည် နမူနာအဖြစ် ဖတ်ရှုလေ့လာသင့်ပါကြောင်း မေတ္တာတရားဖြင့် ပြောကြားလိုက်ပါသည်။

စာရေးဆရာမလိခက ဂျာနယ်ကျော်ဦးချစ်မောင် စာရေးဆရာကြီး ရွှေလင်းယုန်၏ 'သူ'ဝတ္ထုကြီးနှင့်ပတ်သက်၍ မြန်မာဝတ္ထုအညွှန်း အတွဲ (၂)တွင် "သူ" (ဝတ္ထုနှင့် ဝတ္ထုရေးသူ) ခေါင်းစဉ်ဖြင့် ဖော်ပြခဲ့သည်ကို တွေ့ရပါသည်။ သူ၏ ပြုစုတင်ပြချက်ကို အပြည့်အစုံဖော်ပြရန် လိုသည်ဟု ယူဆသဖြင့် ထုတ်နုတ်ဖော်ပြလိုက်ပါသည်။

ဝတ္ထုနှင့်ဝတ္ထုရေးသူ-

ပရိသတ်အကြိုက်ဝတ္ထုအဖြစ် အထူး ထင်ရှားခဲ့ပြီးဝတ္ထုတစ်ပုဒ်ဖြစ်သည်။ ဝတ္ထုပါဇာတ်ဆောင် ကိုမြင့်မောင်သည် စာဖတ်ပရိသတ်၏ အသည်းစွဲ တတမ်းတတဖြစ်ခဲ့ရသူအဖြစ်လည်း ထင်ရှားခဲ့လေသည်။

စာရေးဆရာသည် ဤသို့လျှင် ပရိသတ်တသသဖြစ်စေအောင် 'သူ'ကို ဖန်း ဖန်ဆင်းခဲ့သည်ဟု ဆိုရပေမည်။ 'သူ'ဝတ္ထု၏ အဓိကဇာတ်ဆောင် ကိုမြင့်မောင်သည် စာရေးဆရာစံထားလိုသော လူတစ် ယောက်ဖြစ်ပေမည်ဟု မှန်းဆရသည်။ ဇာတ်ရံအဖြစ်ထားသော မခင်လှ လိုလူမျိုးက ကိုမြင့်မောင်အား ဘုရားအလောင်းအဖြစ်ပင် သတ်မှတ်ခဲ့၏။ မှန်သည်။

ကိုမြင့်မောင်ကို စာရေးဆရာက ဘုရားအလောင်း လောက်နီးနီး၊ ခန္တီပါရမီရင့်ကျက်သူအဖြစ် ဖော်ပြထား၏။ ကိုမြင့်မောင် ကား ခန္တီပါရမီသာရင့်ကျက်သူမဟုတ်ပေ၊ စိတ်ကောင်း စေတနာကောင်းရှိရာတွင်လည်း သူမတူလူမျိုး ဖြစ်လေသည်။ ထို့ကြောင့် မျက်မှောက်လူလောကတွင် ရှိနိုင်ခဲသော ဇာတ်ဆောင်မျိုး၊ စာရေးဆရာ၏ စိတ်ကူး မျှော်မှန်းချက်ဖြင့် စံပြုထားသော လူမျိုးဖြစ်သည်ဟု ယူဆရပေသည်။

ထိုစံပြုထာသောကိုမြင့်မောင်ကို ဇာတ်ဆောင်ပြု၍ ရေးဖွဲ့ရာ၌ စာရေးဆရာသည် စာရိတ္တရေးနှင့် လူမှုရေးဆိုင်ရာ မွန်မြတ်သော ဦးတည်ချက်များကို ရှေ့ရှုထားလေသည်။ အထူးသဖြင့် ဆရာဝန်တို့၏ကျင့်ဝတ်ကို ဖော်ပြထား၏။ လူတန်းစား အရ ငွေရှင်ကြေးရှင်တို့၏ ဖောက်ပြန်မှုကို ပြထားသည်။ စိတ်ရင်းစေတနာကောင်းသူတို့၌ အခိုက်အတန့်အားဖြင့် ဒုက္ခခံနေစေကာမူ သူ့တွင် စေတနာ အကျိုးပေးနိုင်ကြောင်းဖြင့် နိဂုံးသတ်လေသည်။

ကိုမြင့်မောင်နှင့်အပြိုင် ရှေ့တန်းတင်ထား၍ ဖော်ပြခြင်းခံရသော ဇာတ်ဆောင်များကား အမျိုးသမီး ဇာတ်ဆောင်များ ဖြစ်သည့် အကြော့၊ မခင်လှ၊ လဲ့လဲ့၊ နု တို့နှင့်စာလျင် ပျော့ညံ့ သည်ဟုဆိုရပေမည်။ လဲ့လဲ့နှင့် နုတို့မှာ ပြတ်သား လွန်း၏။ အကြော့နှင့် လဲ့လဲ၊ နုတို့သည် တစ်ဖက်စွန်းစီသဖွယ်ရှိ၏။

ဇာတ်လမ်းပုံသဏ္ဍာန်မှာ စာရေးဆရာ၏ ပုံစံချရေးဖွဲ့သော ဇာတ်လမ်းမျိုးဖြစ်သည်။ စာရေးဆရာသည် မခင်လှကို သော့ချက်ထားကာ ဇာတ်လမ်းကို ပုံစံချသည်။ ကိုမြင့်မောင်က မပြောရဆိုသောစကားကို မျိုသိပ်ထားသည်ဟုဆိုရမည်။ (ပုံစံ။ သုံးဆယ်၌ ကိုမြင့်မောင်အကြောင်းကို လူသိမပေးဘဲ ထားခြင်း) သို့သော်တစ်ဖက်တွင်မူ မခင်လှသည် ကိုမြင့်မောင် အကြောင်း ကို အကြော့အား ပြောပြခြင်းဖြင့် ဇာတ်လမ်းကို ပို၍နာစေသည်။ အကြော့၏ စိတ်ဝေဒနာကို ကြီးမားစေ၏။ ကိုမြင့်မောင် ကလည်း သူ့အကြောင်း လျှို့ဝှက်ထားခြင်းဖြင့် ဇာတ်လမ်းသည်ပို၍ အရှုပ်အထွေးဖြစ်လာ၏။ ကိုမြင့်မောင် အရက်ကွဲချိန်၊ ကိုသက်ထွန်းနှင့် အကြော့တို့ သုံးဆယ်ရောက်လာချိန်၊ တိုက်ဆိုင်မှု၊ ကိုမြင့်မောင် သူ့အဖြစ်ကို နုအား ပြောပြမည်ဆုံးဖြတ်ချိန်၊ နုထံသို့ လဲ့လဲ့ရောက်လာချိန် တိုက်ဆိုင်မှု၊ နုက လဲ့လဲ့အား ကိုမြင့်မောင်အကြောင်း ရုတ်တရက်မပြောဘဲထားခြင်း၊ ကိုမြင့်မောင်ဒဏ်ရာဖြင့် သာယာဝတီဆေးရုံအရောက် ၊ ကိုထွန်းဝေတို့ ပြည်မှအပြောင်း တိုက်ဆိုင်မှု ၊ အကြော့ရုတ်တရက် ရောက်လာပုံ၊ မခင်လှ ရုတ်တရက် ကွယ်လွန်ပုံ တိုက်ဆိုင်မှုများသည် စာရေးဆရာ၏ ကွက်တိအံဝင်ပုံစံချ ဇာတ်အိမ်ဖွဲ့ခြင်းများပင်ဖြစ်သည်။

စင်စစ်အားဖြင့် "သူ"ကို ရေးသားသော "ရွှေလင်းယုန်'သည် ဝတ္ထုရေးဆရာအနေထက် သတင်းစာဆရာအဖြစ် ထင်ရှားသူဖြစ်၏။ သို့စေကာမူ "သူ'ဝတ္ထုကို ပရိသတ်တသသ ဖြစ်ခြင်းဖြင့် 'ရွှေလင်းယုန်' ဟူသော ဝတ္ထုစာရေးဆရာ၏ အမည်သည် သတင်းစာဆရာ ဂျာနယ်ကျော် ဦးချစ်မောင် အမည်နှင့်အတူ ထင်ရှားကျော်ကြား လာခဲ့သည်ဟု ဆိုရ ပေမည်။

စာရေးဆရာသည် 'သူကို မူလက မြန်မာ့အလင်း သတင်းစာတွင် အခန်းဆက်ဝတ္ထုအဖြစ် ရေးခဲ့သည်။ ၁၉၃၈ ခုနှစ် လောက်တွင် ကိုမြင့်မောင် သုံးဆယ်မှ အရက်တကွဲအကျိုးနည်းဖြစ်ပြီး ထွက်ခွာသွားရသည်အထိဖြစ်သော ဇာတ်လမ်းကို 'သူ'ဝတ္ထု ပထမအုပ်အဖြစ် ထုတ်ဝေခဲ့၏။ ကျန်ဇာတ်လမ်းကို ၁၉၄ဝပြည့်နှစ်လောက်တွင် ဆက်လက်ရေးသားကာ 'သူ'ဒုတိယတွဲအဖြစ် ထုတ်ဝေခဲ့၏။ ထိုနှစ်တွဲကိုပင် စစ်ပြီးစ အချိန်က မူလနှစ်တွဲအတိုင်း နှစ်တွဲခွဲ၍ထုတ်ဝေခဲ့သည်။ ၁၉၆ဂ-၆၁ ခုနှစ်လောက်တွင်မူ 'သူ'ဝတ္ထုနှစ်တွဲကို တစ်တွဲတည်းပေါင်း၍ တတိယအကြိမ် ထုတ်ဝေခဲ့၏။ ရုပ်ရှင်အဖြစ်လည်း ရိုက်ကူးပြသခဲ့၏။

'သူ' ဝတ္ထုရေးသူ ရွှေလင်းယုန်၏အမည်မှာ ဦးချစ်မောင်ဖြစ်သည်။ ၁၉၁၃ ခုနှစ်(မြန်မာသက္ကရာဇ် ၁၂၇၄၊ ပြာသိုလဆန်း ၁၃ရက်နေ့)တွင် အုတ်ဖိုမြို့၌ဖွားသည်။ အဖဦးမြ၊ အမိဒေါ်စောယုဖြစ်သည်။

ငယ်စဉ်က လက်ပံတန်းမြို့ အစိုးရအထက်တန်းကျောင်းတွင် ပညာသင်ခဲ့သည်။ ထိုကျောင်းမှ ဆယ်တန်းစာမေးပွဲ အောင်မြင်သည်။ ထိုနောက် ထိုကျောင်း၌ပင် ကျောင်းဆရာလုပ်သည်။

ထိုနောက် ရန်ကုန်သို့ရောက်ပြီး နော်ရထာသတင်းစာတိုက်တွင် စတင်ဝင်ရောက်လုပ်ကိုင်သည်။ ထိုနောက်ဈေးနှုန်း သတင်းစာတိုက်နှင့် မြန်မာ့အလင်း သတင်းစာတိုက်တို့တွင် ဝင်ရောက်လုပ်ကိုင်သည်။ ၁၉၃၀ပြည့်နှစ်လောက်မှစ၍ မျိုးချစ်သတင်းစာဆရာ၊ စာရေးဆရာ တစ်ယောက်အဖြစ်ထင်ရှားလာသည်။ ၁၉၃၉ ခုနှစ်တွင် မြန်မာ့အလင်း အယ်ဒီတာအဖြစ်မှ နှုတ်ထွက်သည်။

ထိုအခါမှစ၍ ဂျာနယ်ကျော်အမည်အဖြင့် ဂျာနယ်တစ်စောင်ကို ကိုယ်တိုင်ဦးစီးထုတ်ဝေသည်။

ဂျာနယ်ကျော်ဦးချစ်မောင်အဖြစ် ထင်ရှားလာလေသည်။ ဂျပန်တော်လှန်ရေးကာလတွင် တော်လှန်ရေးလုပ်ငန်းများ၌ ပါဝင်လုပ်ကိုင်သည်။

ဗြိတိသျှစစ်တပ်များ ဝင်လာသောအခါ အဖမ်းခံရသည်။ ထိုနောက် ဗိုလ်ချုပ်အောင်ဆန်းခေါင်းဆောင်သော ဖဆပလဖဟိုဦးစီးအဖွဲ့တွင် ပါဝင်ကာ လွတ်လပ်ရေးအတွက်တိုက်ပွဲဝင်သည်။

စာရေးဆရာအသင်းဥက္ကဋ္ဌ အဖြစ်လည်းဆောင်ရွက်၏။

ထိုသို့နိုင်ငံရေးစာပေးရေးတို့ကို ဆောင်ရွက်စဉ် ၁၉၄၅ ခုနှစ်တွင် ကွယ်လွန်အနိစ္စရောက်သည်။

ဂျာနယ်ကျော်ဦးချစ်မောင်သည် သတင်းဆောင်းပါးများ၊ ခေါင်းကြီးများအပြင် ရွှေလင်းယုန်အမည်အပြင် ရှာရှာဖွေဖွေ၊ ကမ္ဘာကြီး ပျက်စီးလုနီးပြီလော စသည့် နိုင်ငံရေးကျမ်းများနှင့်၊ အိမ်ကြီးမာယာ၊ ညမဖတ်ရ၊ မှိုင်းမှုံမှုံစသော ဝတ္ထုများကိုလည်း ရေးသားခဲ့၏။

ဂျာနယ်ကျော်ဦးချစ်မောင်အမည်ဖြင့် နေ့စဉ်မှတ်တမ်းစာစောင်လည်း ရေးသား ထုတ်ဝေခဲ့ဖူးသည်။

ဇနီးဖြစ်သူဂျာနယ်ကျော်မမလေး၏ 'သူလိုလူ'သည် ဂျာနယ်ကျော် ဦးချစ်မောင်၏ ဘဝဖြစ်စဉ် တစ်စိတ်တစ်ဒေသကို ဖော်ပြသော အထ္ထုပ္ပတ္တိစာအုပ်ဖြစ်၏။

ဂျာနယ်ကျော် ဦးချစ်မောင်(ရွှေလင်းယုန်)၏ သူ့ဝတ္ထုကြီးသည် မြန်မာစာဖတ်ပရိသတ်နှင့် ဝေးကွာကင်းကွာနေသည်မှာ အတော်ကြာသွားပြီးဖြစ်ပါသည်။

'သူ'ဝတ္ထုကြီးကို ဖတ်ခဲ့ဖူးကြသူတို့အတွက် ပြန်လည်ဖတ်ရှုစားမြုံ့ပြန်နိုင်ရန်အတွက်လည်းကောင်း၊ မဖတ်ရသေးသော ပရိသတ်အတွက် စာကောင်းပေမွန် လက်ရာကောင်းတစ်ခု ခံစားကြစေ လိုရန်အတွက်လည်းကောင်း၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ အလုပ် အမှုဆောင်အဖွဲ့က စာပေစေတနာတရားဖြင့် ပြန်လည်ရိုက်နှိပ်၍ ထုတ်ဝေလိုက်ပါသည်။

ဦးစိုးညွန့်

ဥက္ကဋ္ဌ

ပြည်ထောင်စုမြန်မာနိုင်ငံတော် စာပေနှင့်စာနယ်ဇင်းအဖွဲ့

၁၉၉၃ခုနှစ်၊ စာပေနှင့်စာနယ်ဇင်းအဖွဲ့ဥက္ကဋ္ဌ ဦးစိုးညွှန့်၏ (ရွှေလင်းယုန်၏ အနုပညာစွမ်းရည်)ကို ပြန်လည်ဖော်ပြ အပ်ပါသည်။

https://t.me/thebookchatbox

https://t.me/TheBookR

# [၁]

## နှစ်ယောက်သောသူ

ဤကဲ့သို့ ညနေတိုင်းပင် နှစ်ယောက်အတူတကွ လာရောက် လည်ပတ်စကားစမြည် ပြောဆိုပြီးလျှင် နှစ်ယောက်အတူ ပင် ပြန်၍သွားကြသော အခါတိုင်း အခါတိုင်း အကြော့တွင် ဆုံးဖြတ်ဖို့ရန် ခဲယဉ်းသည်ထက် ခဲယဉ်း၍ လာသည်ကို တွေ့ရလေ၏။

ပထမက တစ်ဦးဦးကို ရွေးချယ်ရန်မှာ လွန်စွာခဲယဉ်းမည်မဟုတ်။ မိမိချစ်ခင်နှစ်သက်၍ မိမိပေါင်းသင်းနိုင်မည့် သူကိုသာ ရွေးချယ်ရန်ရှိသည်ဟု ထင်မှတ်မိ ထင်မှတ်မိသော်လည်း ယခုကဲ့သို့ နှစ်ယောက်သား အတူလာရောက်၍ စကားစမြည်ပြောဆိုပြီးလျှင် အတူပင် ပြန်၍ သွားကြ သောအခါများ၌ကား နှစ်ဦးစလုံးပင် လူကောင်းလူမွန် လူရည်ချွန် ချည်းဖြစ်သဖြင့် မိမိအား မယားမှတ်မှတ် သားမှတ်မှတ်ဖြင့် အမြတ်တနိုး ချစ်ခင်ယုယ စောင့်ရှောက်ကြမည်ဖြစ်သည်ဟု စိတ်ချယုံကြည်ရသည်အလျောက် မည်သူ့အား ကြိုက်နှစ်သက်ရမည်ကို ဝေခွဲ၍ မရနိုင်အောင် ရှိနေလေသည်။

တစ်ခါတစ်ခါ၌လည်း အကယ်၍ မိမိ၏ဖခင်ကြီးကသာ မကွယ်လွန်မီကလေးတွင် ဤသူနှစ်ဦးအနက် မည်သူမည်ဝါနှင့် ပေါင်းရစ်ဟု တပ်အပ်သေချာ မိန့်မှာသွားခဲ့ပါလျှင်ကား မိမိတွင် ယခုကြုံနေရသော အခက်နှင့် တွေ့ဖွယ်မရှိ။ ဖခင်ကြီးမိန့်မှာသွားသော သူနှင့်ပင် ပေါင်းသင်းရန် ပြင်ဆင်ဖို့သာရှိမည်ဟု တွေးမိလျက် "ဖေဖေ...ဖေဖေ၊ ဖေဖေ့သမီးကို အခုလို ပုံအပ်ခဲ့မယ့်အစား ဖေဖေပဲ တစ်ခါတည်း ပြတ်ပြတ်သားသား ပြောသွားပါတော့"ဟု ပြစ်တင်သလိုလို ပြောဆို တောင့်တမိလေ၏။

သို့သော် ဤအိမ်ကြီးပေါ်၌ ဖြစ်ပျက်ခဲ့သော အကြောင်းအရာတို့ကို ပြန်လှန်စဉ်းစားလိုက်သောအခါ မိမိ၏ဖခင်ကြီးကို အပြစ်မတင်နိုင်ဘဲ မိမိ၏အပေါ်တွင် အဘယ်မျှလောက် ကြီးမားသောမေတ္တာဖြင့် စောင့်ရှောက်မွေးမြူခဲ့သည်ကိုသာ တရေးယောင်ယောင် ထင်မြင်မိပြီးလျှင် ကျေးဇူးတင်သည်ထက်တင်ကာ ယခုသော် ထိုကျေးဇူးတို့ကို ကျေပွန်စွာ မဆပ်နိုင်တော့ပြီဖြစ်သောကြောင့် ရင်ထဲတွင် ဆို့၍ဆို့၍ သာနေခဲ့လေ၏။

မိမိ၏မိခင် ကွယ်လွန်ခဲ့သည်မှာ လွန်ခဲ့သည့် ၁၇ နှစ်ခန့်ကဖြစ်လေ၏။ ထိုအချိန်ကစ၍ မိမိ ၂၂ နှစ် အတွင်းသို့ ဝင်ရောက်လာသည့်တိုင်အောင် မိမိဖခင်ကြီးသည် မိမိအား ကောင်းစွာစောင့်ရှောက် မွေးမြူလာခဲ့၏။ ၎င်းအား

အိမ်ထောင်သစ်ထူရန် ကြိမ်ဖန်များစွာ ရောက်လေရာအရပ်၌ ထိုမှဤမှ လာရောက်ပြောဆိုကြသော်လည်း သမီး၏စိတ်တွင် အနှောင့်အယှက်ရှိမည်စိုးသောကြောင့် တင်းမာစွာ ငြင်းပယ်ခဲ့ပြီးလျှင် တစ်ဦးတည်းသော နှမအား ခေါ်ယူလျက် မောင်နှမနှစ်ယောက် စောင့်ရှောက်လာခဲ့သဖြင့် မိမိမှာ အေးချမ်းသာယာစွာ နေခဲ့ရ၏။ လွန်ခဲ့သော တစ်လလောက်ကမူ မိမိ၏ ဖခင်ကြီးသည် လဲပြိုသွားခဲ့၏။

စီးပွားရေးနှင့်စပ်လျဉ်း၍ တစ်သက်တွင် ပူပင်ကြောင့်ကြ မရှိရအောင် အစစအရာရာ စီမံသွားရုံမျှမက သမီးမှာ အချိန်အရွယ် ရောက်လာပြီဖြစ်သည့်အတိုင်း အိမ်ထောင်ပြုလိုက သမီး နှစ်သက်ရာ တစ်ယောက်ယောက်ကို စိတ်ချလက်ချ ရွေးချယ်ပေါင်းသင်းနိုင်ရန် ဤသူနှစ်ဦးအား အိမ်သို့ ဝင်စေထွက်စေ အကျွမ်းတဝင်ဖြစ်စေခဲ့၏။ ၎င်းမရှိသည့် နောက်တွင် မိမိကြိုက်ရာ တစ်ဦးဦး ရွေးချယ်၍ ၄၅ ရက်အတွင်းမှာပင် နေရာချထားလိုက်ရန် နှမဖြစ်သူအားလည်းကောင်း၊ မိမိအားလည်းကောင်း သေချာစွာ မှာထားခဲ့ပေ၏။

ထိုသူနှစ်ဦးကိုလည်း မိမိအား ကောင်းစွာ စောင့်ရှောက်ရန် အတန်တန်မှာခဲ့လေပြီ။ တစ်ဦးက အဆွေအဖြစ်ဖြင့် စောင့်ရှောက်လျက်၊ တစ်ဦးက ခင်ပွန်းအဖြစ်ဖြင့်ထိန်းသိမ်းရမည်ဖြစ်ရာ မည်သူက အဆွေ မည်သူကခင်ပွန်းဟု မိမိကိုယ်တိုင် ရွေးချယ်ရမည်ဖြစ်လေ၏။ ရွေးချယ်ရမည့်အချိန်သည်လည်း တဖြည်းဖြည်း နီးကပ်သည်ထက် နီးကပ်၍ လာခဲ့လေပြီ။

၎င်းတို့ နှစ်ဦးစလုံးပင် မိမိဖခင်နှင့် အလုပ်တူလုပ်ကြသောကြောင့်လည်း ရွေးချယ်ရန် သာ၍ပင် ခက်၍နေလေ၏။ ကိုသက်ထွန်းမှာ မိမိဖခင်ကဲ့သို့ပင် အမှုထမ်းဆရာဝန်ဖြစ်၍ ယခုလည်း အစိုးရဆေးရုံတွင် ဆရာဝန်အဖြစ်ဖြင့် လုပ်ကိုင်နေသူဖြစ်ပေ၏။ ကိုမြင့်မောင် ကား ၎င်းဘာသာ ဆေးတိုက်ကလေးတစ်ခုဖွင့်လျက် အေးချမ်းစွာ နေထိုင်သူဖြစ်ရာ ပညာအရည်အချင်းမှာလည်း တူမျှနေသည့်အတွက် သာ၍ပင် အဆုံးဖြတ်ရခက်နေခြင်းဖြစ်လေ၏။

ကိုသက်ထွန်းမှာ အသားဖြူ၏။ လူချောတစ်ယောက်ဖြစ်၏။

စကားများစွာ ပြောတတ်သော်လည်း အခြားသောသူတို့ကဲ့သို့ ကြားရသူ ငြီးငွေ့ပျင်းရိသွားခြင်းမဖြစ်စေဘဲ၊ ၎င်း၏မျက်နှာကိုကြည့်၍ ၎င်း၏ စကားကို နားတစွင့်စွင့်နှင့် ထောင်နေရလောက်အောင် စကားပြော ကောင်းသူဖြစ်လေ၏။ ကိုမြင့်မောင်မှာကား အသားမဖြူ၊ အသားညိုပင်ဖြစ်၏။ ကိုသက်ထွန်း စကားအပြောသန်သလောက် ကိုမြင့်မောင်ကား စကားနည်းလျက် ခပ်မှန်မှန်ပင်နေသူဖြစ်လေ၏။

ကိုသက်ထွန်းစကားများခြင်းကို မည်သူကမျှ အပြစ်မဆိုကြသည့်နည်းအတူ မိမိလည်း အပြစ်မယူနိုင်။ စင်စစ်သော်ကား ကိုသက်ထွန်း စကားပြောသည်ကို ကြားရလျှင် မိမိမှာ အခြားသော သူများနည်းတူ တိုး၍သာကြားချင်လျက် ၎င်း၏ လက်ဟန်ခြေဟန်တို့ကို မြင်ရရာ၌လည်း တိုး၍ပင်နှစ်ခြိုက်ခြင်းဖြစ်ရလေ၏။ တစ်ဖန် ကိုမြင့်မောင် စကားနည်းခြင်းသည်လည်း တစ်မျိုးပင် လေးစားဖွယ်ရာ ဖြစ်နေပြန်သောကြောင့် ဤသူနှစ်ဦးတွင် မည်သူ့အား ရွေးရပါမည်ကို မိမိဖခင်ကြီး သတ်မှတ်ပေးခဲ့သော ရက် နီးကပ်၍ လာလေလေ ဝေခွဲ၍မရနိုင်လေလေ ဖြစ်နေလေ၏။

တစ်ခါတစ်ခါ၌လည်း အဒေါ်ဖြစ်သူအား ရွေးချယ်ပေးစေရန် ပြောဆိုမည်ကြံမိ၏။ သို့သော် မိမိဖခင်ကြီးကပင် ၎င်းကိုယ်တိုင် မရွေးချယ်ဘဲ မိမိနှစ်သက်ရာကိုသာ မိမိသဘောအလျောက် ရွေးချယ်နိုင်ရန် စီမံထားခဲ့သည်ဖြစ်လျက် မိမိက အဒေါ်ဖြစ်သူအား ရွေးချယ်စေရမည် ဆိုသော် မသင့်လျော်သောကြောင့် အဒေါ်ဖြစ်သူအား တစ်စုံတစ်ရာ မပြောဘဲ မိမိတစ်ကိုယ်တည်းသာ အချိန်ရှိသရွေ့ စဉ်းစားနေမိလေ၏။

လက်ချိုး၍ တွက်လိုက်သောအခါ ၁၅ရက်မျှသာ ကျန်ရှိတော့သည်ကို တွေ့ရသဖြင့် သာ၍ပင် ဝေခွဲမရနိုင်ရှိကာ သက်ပြင်းချခြင်းဖြင့်သာ တစ်မိုးချုပ်၍ တစ်နေထွက်ခဲ့လေ၏။

“အကြော့ ဘယ်တုံး၊ ဘယ်သွားမလို့တုံး”

“အကြော့ မြို့ထဲကို ခဏသွားလိုက်ဦးမယ် ဒေါ်လေး၊ ခဏလေးပါ၊ မခင်လှတို့ဆီကို မရောက်တာကြာလို့”

“အို သူတို့ဆီသွားလို့ ဖြစ်ပါ့မလား၊ သူ့ညီမလေး မနေ့ကပဲ လည်ပင်းမှာ အကျိတ်ထွက်ပြီး အလူးအလဲခံနေရတယ်တဲ့၊ အကြော့ သွားလို့ဖြစ်မယ်မထင်ဘူး၊ မြို့ထဲမှာလည်း တစ်လောင်းပြီးတစ်လောင်း ဆွဲချနေရတယ်တဲ့၊ ဒေါ်လေးမနက်က ဈေးကအပြန်မှာတောင် သုံးလေးလောင်းဆွဲချသွားတာ တွေ့ခဲ့သေးတယ်၊ ဒီနှစ်ပလိပ်ဟာ အဆိုးဆုံးပဲလို့ ညကပဲ မောင်သက်ထွန်း ပြောသွားသေးတယ်မဟုတ်လား၊ ပြီး အကြော့မှာလည်း ဆေးထိုးရသေးတာ မဟုတ်ဘူး"

အို အကြော့ ကိုသက်ထွန်းဆီဝင်ပြီး ဆေးထိုးသွားနိုင်သားပဲ၊ ကိစ္စမရှိပါဘူး ဒေါ်လေးရယ် ခဏပဲဟာ”

သို့ဖြင့် မော်တော်ကားစီးနင်းကာ မြို့တွင်းသို့လာခဲ့လေရာ လမ်းတွင် ဒေါ်လေးဖြစ်သူပြောလိုက်သကဲ့ပင်၊ တစ်လောင်းပြီး တစ်လောင်းဆွဲချလျက်၊

ငိုသံဟစ်သံတို့ဖြင့် ကျွက်ကျွက်ညံနေသည်ကို တွေ့ရသောကြောင့် ရုတ်တရက်သော် လာခဲ့မိခြင်းပင် မှားလေပြီဟုအောက်မေ့ကာ ကားကိုလှည့်ခိုင်း၍ ပြန်တော့မည်ပင် ကြံမိလေ၏။ သို့သော် လာမိပြီလည်းတစ်ကြောင်း၊ ကိုသက်ထွန်းထံသို့ဝင်ရောက်၍ ဆေးထိုး သွားရလျှင်လည်း တစ်ခါတည်းတာဝန်ငြိမ်းသွားမည် တစ်ကြောင်းကြောင့် ဆေးရုံဆီသို့ ဆက်လက်မောင်းနှင်စေလေ၏။

ဆေးရုံတွင်ကား ကိုသက်ထွန်းမှာ လက်မလည်ရအောင်ပင် ဆေးထိုး၍ ပေးနေရသည်ကို တွေ့ရလေ၏။ ဆေးထိုးပြီးနောက် ထွက်လာသူတို့ ထွက်လာပြီဖြစ်သော်လည်း ဆေးထိုးရန် မျက်နှာငယ်ငယ်နှင့် စောင့်နေသူတို့မှာ လွန်စွာများလှသောကြောင့် ကားပေါ်သို့ ပြန်၍တက်ကာ မခင်လှတို့အိမ်ဆီသို့ သွားတော့မည်ဟု လှည့်လိုက်လျှင်ပင် ကိုသက်ထွန်း ၏ အကြည့်လိုက်နှင့်တွေ့ဆုံသွားသောကြောင့် “ဟာ အကြော့ ဘာဖြစ်လို့ ဒီကိုလာရသလဲ” ဟု ပြောပြောဆိုဆို လူထုကြီးကိုတိုး၍ မိမိထံ အမြန်လာ၍နေသည်ကို တွေ့မြင်ရသည်နှင့် အကြော့လည်းအနည်းငယ် ပြုံးကာ ကြည့်နေမိလေ၏။

“အကြော့ ညက ကိုသက်ထွန်း သတိပေးခဲ့ရက်သားနဲ့ ဘာကြောင့် ထွက်လာရတာတုံး၊ ဆေးလည်း ထိုးရသေးတာမဟုတ်ဘဲနဲ့” “အို အကြော့အတွက် ကိစ္စမရှိပါဘူး၊ ဟိုမှာလူတွေ ကိုသက်ထွန်း သူတို့ကို ပစ်ထားခဲ့တာနဲ့ ကြည့်နေကြတယ်၊ သွားပါ၊ ဟိုမှာ ထိုးပေး လိုက်ပါဦး"

သို့ဆိုသည့်တိုင်အောင် ကိုသက်ထွန်းမှာ အကြော့အပါးမှမခွာသေးပဲ အလွန်စိုးရိမ်သောအမူအရာဖြင့် “ဟာ သူတို့ကအရေးမကြီးလှပါဘူး။ အကြော့တစ်ခါတည်း ထိုးသွားပါလား၊ လာ....လာ”ဟုဆိုကာ ၎င်း၏ ဆေးခန်းဆီသို့ ခေါ်နေသည့်အတွက် ....

“နေပါစေ ကိုသက်ထွန်း၊အကြော့ နောက်မှ တစ်ခေါက်ပြန်လာပါဦးမယ်၊ ရောဂါက သိပ်ဆိုးနေသလား”

“ဆိုးဆို နာရီဝက်တစ်လောင်းလောက် ချနေရတာပဲ”

“နို့ ကိုသက်ထွန်း အကူမခေါ်ဘူးလား၊ညကလည်း တစ်ညလုံး ဆေးထိုးပေးနေရတယ်ဆို”

“ဟုတ်တယ် အကူတွေက ခုထက်ထိ မလာသေးဘူး၊ ညနေများ ရောက်မလားပဲ"

“ဒါဖြင့် ကိုသက်ထွန်း ညနေမလာနိုင်ဘူးပေါ့" “ဟာ ဘာနေမလဲ၊

ကိုသက်ထွန်းကြံဖန် လာခဲ့မှာပေါ့"

"ဒါဖြင့် အကြော့သွားဦးမယ်။ အကြော့လည်း ညနေကျမှပဲအိမ်မှာ ဆေးထိုးတော့မယ်"

"ဒါဖြင့် မြို့ထဲမှာ ကြာကြာမနေနဲ့နော်"

"အကြော့ အခုပဲ ပြန်မှာပဲ၊ သွားမယ်နော်" ဟု ဆိုကာ ကားပေါ်သို့ လျင်မြန်စွာတက်၍ ကားထွက်သွားသည်တွင်မှ ကိုသက်ထွန်းလည်း သတိရကာ ဆေးထိုးရန်စောင့်နေသူ များဘက်သို့ လှည့်လာခဲ့လေ၏။ အကြော့သည် မခင်လှတို့အိမ်ဆီသို့ ပထမ သွားမည်ကြံပြီးမှ ကိုမြင့်မောင် မိမိတို့ဆီသို့ မလာရောက်သည်မှာ သုံးရက်ရှိပြီဖြစ်၍ ၎င်း၏ ဆေးတိုက်သို့ ခေတ္တဝင်ရောက် မေးမြန်းဦးမည်ဟုအကြံရကာ ကိုမြင့်မောင်၏ ဆေးတိုက်သို့သွားလေရာ ဆေးတိုက်တွင် သူငယ်ကလေး တစ်ယောက်သာလျှင် ထိုင်၍နေသည်ကို တွေ့ရသောကြောင့်-

"ကိုမြင့်မောင် မရှိဘူးလား"

"ဆရာရှိပါတယ်၊ အိပ်နေတယ်"

"ဘယ့်နှယ်ဒီအချိန်ကြီး အိပ်နေရတာလဲ၊ နေမကောင်းလို့ များ လား"

"မဟုတ်ပါဘူး၊ နေအကောင်းသားပဲ"

"အိပ်တာ တော်တော်ကြာပလား"

"မနက်ကတည်းကပဲ"

အကြော့တွင်ကား "ဩော်" ဟုသာဆိုနိုင်လျက် ကားပေါ်သို့တက်ကာ မခင်လှတို့အိမ်ဘက်သို့ မောင်းနှင်စေရလေ၏။ တစ်လမ်းလုံးတွင်လည်း ကိုမြင့်မောင်သည် တစ်မြို့လုံး မြို့ပျက်လုမတတ် ရောဂါဆိုးရကပ်ကြီး ဆိုက်ရောက်နေချိန်တွင်မှ ဤကဲ့သို့ နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်၍ နေနိုင်လှချေ၏တကားဟု များစွာယူကျုံးမရဖြစ်လျက်၊ ကိုသက်ထွန်းနှင့် ကွာခြားပုံကို အလိုလိုနှိုင်းယှဉ်မိကာ စိတ်ထဲတွင်လည်း ဝမ်းနည်းသလိုလို ဖြစ်လာလေ၏။

မိမိ၏စိတ်တွင် ယခင်က ကိုမြင့်မောင်သည် စကားနည်းသလောက် လုံ့လဝီရိယကြီးသည်ဟု ထင်မှတ်နေခဲ့ရာ ယခုသော် ကိုမြင့်မောင်သည် နံနက်ခင်းကြီးကပင် စတင်လျက် အိပ်နေသည်မှာ ဘယ်အချိန်တွင်မှ နိုးမည်နည်း။ မိမိ၎င်း၏အပေါ်တွင် အထင်ကြီးခဲ့မိလေခြင်းဟု တွေးတောကာ မိတ်ဆွေတစ်ဦးကို

ရုတ်တရက် ဆုံးရှုံးသွားရသကဲ့သို့ စိတ်ထဲတွင် ဟာတာတာဖြစ်၍ နေမိလေ၏။

မခင်လှတို့ အိမ်သို့ ရောက်သောအခါတွင်ကား အိမ်ကြီးမှာ တံခါးပိတ်လျက် လူခြေတိတ်နေသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ အိမ်နီးချင်းပါးချင်းတို့ကို မေးမြန်းသောအခါ မခင်လှ၏ညီမကလေး မကြင်ခ ညက ၃နာရီအချိန်ခန့်တွင်ဆုံးသွား၍ ၎င်းတို့လည်း ဘယ်ဆီကိုမသိ ပြောင်းသွားကြပြီဟုပြောလိုက်သောကြောင့် နဂိုက ကိုမြင့်မောင်အတွက် စိတ်မကောင်းဖြစ်လာရသည့်အတွင်း ယခုကြားသတင်းကို ကြားရသောအခါ သာ၍ပင် စိတ်၌ချောက်ချားလျက် ကားပေါ်သို့ အပြေးတက်ကာ အိမ်ဘက်သို့ မောင်းနှင်လာခဲ့လေ၏။

"ဘယ့်နှယ်လဲ အကြော့၊ မျက်နှာတွေဘာတွေလည်း မကောင်းပါလား၊ ဘာဖြစ်လာသလဲ" ဟုဒေါ်လေးဖြစ်သူက ပျာပျာသလဲ မေးသည်ကိုပင် ရုတ်တရက်မဖြေနိုင်ဘဲ ကိုမြင့်မောင်အပေါ်၌ အထင်ကြီးလာခဲ့သမျှ ယခုစိတ်မကောင်းဖွယ်ရာ ချို့ယွင်းချက်ကြီးတစ်ခုကို တွေ့မြင်ရခြင်း၊ မိမိအား "မမကြော့-မမကြော့" ဟုခေါ်ကာ အတင်းပိုက်ဆံ တောင်းတတ်လျက် မရမချင်းလည်း အတင်း လူပေါ်ဖက်တက်ကာ ကန္တဲ့ကလျပြောတတ်သော မကြင်ခကလေး ရုတ်တရက်သေဆုံးသွားခြင်း၊ မခင်လှတို့ ဘယ်ပြောင်းသွားသည် မသိခြင်းတို့ကြောင့် မျက်ရည်ကလေးများပင် လည်၍လာလေ၏။

"ပြောပါဦး အကြော့ရဲ့၊ ညည်းဆေးထိုးလာလို့လား"

"မဟုတ်ဘူးဒေါ်လေး၊ မကြင်ခကလေး ဆုံးပြီ"

"ဟယ် ဟုတ်လား"

အကြော့မှာ ပါးစပ်မှပြန်၍ မပြောနိုင်။ ခေါင်းကို ညိတ်သည်ဆိုရုံမျှ ညိတ်လျက် အိမ်ပေါ်သို့ နှေးကန်သော ခြေလှမ်းများဖြင့်တက်၍ လာခဲ့လေ၏။ စိတ်ထဲ၌လည်း အတိုင်းမသိ လေးလံလျက်ရှိရာ မကြင်ခကလေး ရုတ်တရက်သေဆုံး၍ မခင်လှတို့ မပြောမဆို တိမ်းရှောင်သွားကြခြင်းတို့အတွက် ဝမ်းနည်းရသည်ထက် မိမိစိတ်တွင် အထင်အမြင်ကြီးခဲ့သော ကိုမြင့်မောင် ရံဖန်ရံခါ မိမိ၏ကိုယ်ကို အပ်နှင်းမည်ဟု စိတ်ကူးခဲ့မိသော ကိုမြင့်မောင်၊ မိမိဖခင်ကြီးက အထူးနှစ်သက်ချီးမွမ်းခဲ့သော ကိုမြင့်မောင်၏ နေနိုင်ခြင်း၊ မြို့ကြီးပျက်လုမတတ် ကျွက်ကျွက်ညံ၍ နေစဉ် ကိုယ့်၌အစွမ်းရှိသလောက် လူနာတို့အားကုစားဖို့ဖြစ်သော ဤအချိန်ကြီးတွင် ပျော်ပျော်ကြီး အိပ်နေရက်နိုင်ခြင်းအတွက် များစွာ စိတ်မချမ်းမသာဖြစ်ရခြင်းက ပိုမို၍ ပြင်းပြသည်ကိုတွေ့ရလေ၏။

အိပ်ရာပေါ်သို့ ရောက်သောအခါတွင်ကား ဆေးရုံ၌အလုပ်များလျက်ရှိသော

ကိုသက်ထွန်းကိုမြင်ယောင်လျက် ကိုသက်ထွန်း အလုပ်များနေပုံကို မြင်ယောင်သည့်အကြားမှပင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်နေသော ကိုမြင့်မောင်၏ပုံကို ထင်ယောင်လာသည့်အတွက် ဤနှစ်ဦးအနက် တစ်ဦးဦးကိုရွေးချယ်ရန်တာဝန်မှာ ၁၀ရက်မျှသာ ကျန်တော့သည်ကို သတိရကာ ဤမျှလောက် ချစ်ခင်ရင်းနှီးလာကြပြီးမှ ကိုမြင့်မောင်အား စာရင်းမှ ပယ်ထုတ်ပစ်ရတော့မည်လောဟု တွေးတောရင်း စိတ်မောနေမိလေ၏။

အကယ်၍ ဤနေ့သာလျှင် ကိုသက်ထွန်းနှင့် ကိုမြင့်မောင်၊ ဤနှစ်ဦးအနက် တစ်ဦးဦးကိုရွေးချယ်ရန် နောက်ဆုံးနေ့ဖြစ်ပါမူကား ကိုသက်ထွန်းသည် မုချအရေးသာမည်ဖြစ်လေ၏။ အကြောင်းမှာ ဆရာဝန်ကြီးတစ်ဦး၏သမီးဖြစ်၍ အလွန်သနားကြင်နာတတ်ရာ အလောင်းများကို တစ်လောင်းပြီးတစ်လောင်း ဆွဲချ၍နေရသည့်အခါကြီးတွင် ကိုမြင့်မောင် ပျော်ပျော်ကြီး အိပ်စက်နေနိုင်ခြင်းကို များစွာစက်ဆုပ်ခြင်း ဖြစ်မိသည်မှာ အမှန်ပင်ဖြစ်လေ၏။

# [၂]

## ကျွဲတစ်ယောက်

ညနေဘက်သို့ ရောက်သောအခါတွင်ကား ကိုသက်ထွန်းပေါ်၍ လာလေ၏။ အခါတိုင်း၌မူ ကိုမြင့်မောင်လည်း ကိုသက်ထွန်းနှင့်အတူ လူချင်းယှဉ်၍ လိုက်ပါလာတတ်၏။ ယခုသော်ကား ထိုသို့မလာရောက်သည်မှာ ယနေ့ပါနှင့် လေးရက်ပင်ရှိခဲ့လေပြီ။ အဘယ်ကြောင့် မလာရောက်နိုင်သည်ကို အကြောင်းကြားသင့်ပါလျက် အကြောင်းကြားခြင်း လည်းမရှိ။ သို့ဖြစ်သည့်အတွက် စိတ်ပူပင်၍ နေ့လယ်ဘက်က ၎င်း၏ ဆေးဆိုင်သို့ သွားရောက်ပြန်ပါသော်လည်း အိပ် အိပ်၍နေသည် ဆိုသောကြောင့် ပြန်၍လှည့်လာခဲ့ရပြီဖြစ်ရာ ယခုလာနေကျ မလာသည်ကို တွေ့ရပြန်သည့်အခါ သာ၍ပင် စိတ်မကောင်းဖြစ်ရလေ၏။

"အကြော့ မျက်နှာမကောင်းပါလား၊ ဘာဖြစ်သလဲ"ဟု ကိုသက်ထွန်းက အလွန်ကြောင့်ကြစွာ မေးမြန်းလျက် ရှိနေသည့်တိုင်အောင် ရုတ်တရက် ဖြေဆိုခြင်းမပြုနိုင်။ ဒေါ်လေးဖြစ်သူက ကြားကဝင်၍ "သူ့ အသက်ဘူးကလေး ကြင်ခ ပလိပ်ထဲပါသွားလို့တဲ့ မောင်ရယ်၊ တစ်နေ့ခင်းလုံး အိပ်ရာထဲဝင်အိပ်နေတာပဲ၊ အဒေါ်လည်း ပြောလို့မရဘူး" ဟုပြောလိုက်မှ

"အကြော့ ရုတ်တရက်တော့ စိတ်မကောင်းဖြစ်သွားတယ်၊ မကြင်ခကလေး တစ်နေ့ကပဲ အကြော့ကို သီချင်းဆိုပြသေးတယ်၊ ဒီနေ့ သွားတော့ ဆုံးရှာပြီလို့သာ ကြားခဲ့ရတယ်၊ တစ်ယောက်မှ မတွေ့ရတော့ဘူး၊ မခင်လှ တို့လည်း ဘယ်ပြောင်းသွားမှန်းမသိဘူး" ဟု ရောနှော၍ ပြောလိုက်ရလေ၏။

"ဘယ်မကြင်ခလဲ၊ အကြော့

ကိုသက်ထွန်းကို တစ်ခါက ဒီမှာတွေ့လို့ ဦးလေး-ဦးလေး ကြင်ကြင်ကို မချစ်ဘူးလားလို့မေးတဲ့ ကလေးမလေး ဟာလား"

"ဟုတ်တယ် ကိုသက်ထွန်း၊ ဟုတ်တယ်၊ သူပဲ အခုတော့ဆုံးရှာပြီ"

"နေပါဦး၊ ဆုံးတာဘယ်တုန်းကလဲ"

"ညကတဲ့"

"ဘယ်အချိန်မှာလဲ"

"ည ၃နာရီလောက်လို့ပြောတာပဲ"

ကိုသက်ထွန်းကလည်း “သြော် အင်း’ဟူ၍သာ ပြောပြီးနောက် တစ်စုံတစ်ခုကို စဉ်းစားသည့်ဟန်ဖြင့် ငြိမ်သက်စွာထိုင်နေလေ၏။ အကြော့မှာလည်း အကြော့၏ စိတ်ကူးနှင့် တွေးတောလျက်ရှိရာ အတန်ငယ်ကြာမှ

“အနို့. . . ကိုသက်ထွန်းပြောတဲ့ အကူဆရာဝန်တွေ ရောက်လာ ကြပလား"

“မရောက်သေးဘူး အကြော့ရာ၊ သိပ်ခက်တာပဲ၊ တခြားနယ်တွေမှာလည်း ရောဂါသောင်းကျန်းနေတယ်၊ ဒါကြောင့်ဒီမှာရှိသမျှ အားနဲ့ပဲ တွန်းလှန်ပါတော့လို့ ညနေကပဲ သံကြိုးရတယ်”

“ဒါဖြင့် ကိုသက်ထွန်း သိပ်ပင်ပန်းနေဦးမှာပေါ့”

“ဟုတ်တယ် ပင်ပန်းမှာ”

“ကြည့်လည်းလုပ်နော်၊ သိပ်လည်း အိပ်ပျက်မခံနဲ့ဦး”

“တစ်ယောက်တည်းဆိုတော့ မနိုင်နိုင်အောင်ဖြစ်နေတာပဲ၊ အကူရပြန်လည်း တစ်ယောက် နှစ်ယောက်တည်းမို့ မပြောပလောက်ဘူး၊ ကဲအကြော့ ကိုသက်ထွန်း ဆေးထိုးပေးခဲ့မယ် အကာအကွယ်ပေါ့" ဟုဆို ကာ ဆေးထိုးရန်ပြင်ဆင်နေသည့်အတွက် အကြော့လည်း လက်ကလေးကို အသာထိုးပေးလိုက်ကာ ကိုသက်ထွန်းအား ချီးမွမ်းသော မျက်လုံးများဖြင့် ကြည့်နေမိလေ၏။

ကိုသက်ထွန်းမှာ အလုပ်ပင်ပန်း၍ အအိပ်အနေပျက်သည်ဟု ဆိုစေကာမူ မျက်စိမျက်နှာတို့မှာ ယခင်ကကဲ့သို့ပင် ပြည့်လျက်ရှိသည်ကိုတွေ့ရ၍ အသားအရည် အလွန်ကောင်းသူ ဖြစ်ပါတကားဟု တွေးတောမိပြီးလျှင် ဤကဲ့သို့သောသူတစ်ဦးအား မိမိကိုယ်ကို အပ်နှင်းရလျှင် မှားယွင်းခြင်းမရှိတန်ရာဟု ထင်မိသည့်အားလျော်စွာ၊ ဆေးထိုးပြီးသည့် တိုင်အောင် မိမိ၏လက်ကလေးကို ပြန်လည်ရုပ်သိမ်းရန် သတိမရ၊၊ ကိုသက်ထွန်းကိုင်တွယ်၍ထားခြင်းကို အလိုလို လိုက်လျောမိလျက်သား ဖြစ်နေသည်ကို တွေ့ရလေ၏။

အတန်ကြာသောအခါ “အကြော့' ဟူ၍မိမိ၏နားနားမှကပ်ပြီး ခေါ်နေသံကိုကြားရလေ၏။ အသံမှာ မကျယ်သော်လည်း အကြော့တွင် ကားရင်ထဲ၌ တဒိတ်ဒိတ်နှင့်ရှိနေလေ၏။

“အကြော့ အကြော့”ဟူ၍အသံမှာ တိုးသည်ထက်တိုး၍ နီးသည်ထက်နီးလာသည့်တိုင်အောင် အကြော့တွင် ပြန်၍မထူးနိုင်။ ကိုသက်ထွန်း၏ အသံသည်သာ တဖြည်းဖြည်း တိုးသည်ထက်တိုး၍ နီးသည်ထက် နီးလာပြီးလျှင် ခဏမျှကြာသောအခါ မိမိ၏ပါးပြင်တွင် အခြားပါးပြင် တစ်ခုယှဉ်ကပ်၍

လာသည်ကိုတွေ့ရလေ၏။

"အကြော့ ကိုသက်ထွန်း မျှော်လင့်ချက်ရှိသေးသလား ပြောပါဦး အကြော့ရယ်" ဟုကြားရမှ ရုတ်တရက် ဖခင်ကြီးမှာကြားသွားသည့် စကားကို သတိရကာ လက်ကိုရုပ်ပြီးလျှင် လူချင်းလည်း အတန်ငယ် ခွာကာ "အို. . ကိုသက်ထွန်း၊ အကြော့ အခုမပြောနိုင်သေးဘူး၊ ဖေဖေ့ စကားရှိတာကို ကိုသက်ထွန်း အသိသားပဲ"

"ဦးစကားရှိတာတော့ဟုတ်ပါတယ် အကြော့ရာ၊ ဒါပေမဲ့ ကိုသက်ထွန်း နေလို့မဖြစ်တော့ဘူး၊ ကိုသက်ထွန်း အကြော့ကိုမှမရရင် မနေနိုင်တော့ဘူး၊ ကိုသက်ထွန်း ကြားပါရစေတော့ အကြော့ရယ်။ အကြော့ တစ်ယောက်တည်း အရေးကြီးပါတယ်၊ အကြော့ပြီးတယ်ဆိုရင် ပြီးတာပဲ၊ ကိုသက်ထွန်း စိတ်အေးရုံလောက်ဖြစ်ဖြစ် ပြောလိုက်ပါအကြော့ရယ်။ ကိုသက်ထွန်း မျှော်လင့်ရဦးမှာလားဆိုတာ"

"ကိုသက်ထွန်း၊ အကြော့ အင်မတန်ပြောချင်ပါတယ်၊ ဒါပေမဲ့ ဖေဖေက ကျပ်ကျပ်တည်းတည်းပြောသွားတဲ့ စကားကိုလည်း စဉ်းစားပါဦး။ အကြော့အဖြေကို ၄၅ရက် စေ့ရောက်မှ ပြောပါရစေ၊ အခုဘာလိုတော့သလဲ၊ ၁၀ရက်ပဲ ကျန်ပါတော့တယ်"

"ဟုတ်ပါတယ် အကြော့ရာ၊ ၁၀ရက် လောက်ပဲ ကျန်တော့လို့ ကိုသက်ထွန်းလည်း မေးတာပေါ့၊ အခုလည်း ဘာလိုတော့သလဲ၊ အကြော့ပြီးရင်ပြီးနိုင်ပါတယ်၊ ဘယ့်နှယ်လဲအကြော့ရယ်၊ ကိုသက်ထွန်း တစ်သက်လုံးပျော်ရမှာဖြင့်လည်း အခုကတည်းက သိပါရစေလား"

ထိုသို့ အတန်တန်တောင်းပန်နေသည့်အခါတွင် အကြော့မှာ မငြင်းပယ်ချင်အောင် အားနာလာလေ၏။ သို့သော် မိမိ၏ဖခင်ကြီးက ၄၅ရက်စေ့ ရောက်သောနေ့တွင် ကိုသက်ထွန်းနှင့် ကိုမြင့်မောင်တို့ နှစ်ယောက်စလုံးကို အိမ်သို့ခေါ်၍ မိမိမူကား အိမ်ထဲ၌ပင်နေပြီးလျှင် ၎င်းတို့ရှိရာသို့ အဖြေပါသော စာအိတ်နှစ်လုံးကို ဒေါ်လေးအား အပို့ခိုင်းရမည်။ ၄၅ ရက်မစေ့ရောက်မီအတွင်း အကယ်၍ မိမိစိတ်ထဲ၌ မည်သူကအဆွေ မည်သူကခင်ပွန်းဟု ပိုင်းဖြတ်မိသည့်တိုင်အောင် ထိုသို့ပိုင်းဖြတ်ထားရှိခြင်းကို မထင်ရှားမပေါ်လွင်စေရ၊ ကိုသက်ထွန်းနှင့် ကိုမြင့်မောင်တို့ကလည်း အတူဝင်၍ အတူထွက်ရမည်။ တစ်ဦး မျက်ကွယ်တွင် တစ်ဦးက အကြော့အား ကိုယ့်ဘက်သို့ တိမ်းညွတ်အောင် ဆွဲဆောင်ခြင်းအလျှင်းမရှိစေရ။ ထိုသို့ တစ်ဦးဦးက စည်းကမ်း ကျူးလွန်ဖောက်ဖျက်သည့်တိုင်အောင် အကြော့က အားပေးခြင်းမပြုရ။ ဤစည်းကမ်းသတ်မှတ်ချက်ကို သတိပေးရမည်ဟု ကျပ်တည်းစွာ မိမိတို့

သုံးဦးသားအပြင် ဒေါ်လေးကိုပါ ခေါ်ငင်၍ တင်းကျပ်စွာ မှာကြားထားခဲ့ သည်များကို ပြန်လည်ကြားယောင်လျက်ရှိသောကြောင့် မိမိ၏အဖြေကို ယခုအချိန် ယခုအခိုက်အတန့်၌ ပေးလိုသည့်တိုင်အောင် မပေးနိုင်ပဲ ရှိ၍

"ဒါတော့ သည်းခံစေချင်ပါတယ် ကိုသက်ထွန်းရယ်၊ ဖေဖေ့စကားကိုတော့ အကြော့မဖျက်ချင်ဘူး၊ အကြော့ ဖေဖေ့စကားကို ဖျက်ရတဲ့အခြေအနေကိုလည်း မရောက်ပါရစေနဲ့။ အကြော့ တောင်းပန်ပါတယ်" ဟု အလွန်ဝမ်းနည်းသော အမူအရာဖြင့် တောင်းပန်လေ၏။

ဤတွင် အကြော့ကား မိမိအား မည်သည့်နည်းနှင့်မျှ ပြောတော့မည်မဟုတ်ဟု သိရှိရ၍ ကိုသက်ထွန်းလည်း "ကောင်းပါပြီ အကြော့ရာ၊ ကိုသက်ထွန်းစောင့်ပါ့မယ်၊ ကိုသက်ထွန်းမေးမိတာကို အကြော့ စိတ်ဆိုးလား"

"အို အကြော့စိတ်မဆိုးပါဘူး၊ ဘာဖြစ်လို့ ကိုသက်ထွန်းကို စိတ်ဆိုး ရမှာလဲ"

"ဒါဖြင့် ဝမ်းသာပါပြီ အကြော့ရာ၊ ကဲ...ကဲ ကိုသက်ထွန်း ပြန်လိုက်ဦးမယ်နော်၊ ဟုတ်လား"ဟု ပြောဆိုကာ နေရာမှထ၍ ပြန်သွားသောကြောင့် အကြော့တွင် မျက်စိတစ်ဆုံး လိုက်၍ကြည့်ကာ သက်ပြင်းကလေးပင်ချမိလေ၏။

အိပ်ခန်းတွင်းသို့ ရောက်သည့်အခါတွင်မူကား မိမိ၏ကိုယ်ကို အိပ်ရာပေါ်သို့ ပစ်၍လှဲလိုက်ပြီးလျှင် ကိုသက်ထွန်း မိမိ၏လက်ကို ကြာမြင့်စွာ ကိုင်တွယ်၍ထားပုံ၊ ထိုနောက်ပါးချင်းအပ်၍ မေးပုံတို့ကို အဖန်ဖန် အကြိမ်ကြိမ် ပြန်လည်ထင်ယောင်မိလျက်၊ ကိုသက်ထွန်းအား မိမိ၏အဖြေကို တစ်ခါတည်း မပြောကြားလိုက်နိုင်သည့်အတွက် များစွာ စိတ်မကောင်းခြင်း ဖြစ်မိလေ၏။

ယခင်က ဤသူ ၂ ဦးတွင် မည်သူ့ကို အကြင်ခင်ပွန်းအဖြစ်ဖြင့် ရွေးချယ်ရပါမည်နည်းဟု အကျပ်ကြီး ကြုံကြိုက်လျက် ရှိခဲ့သော်လည်း ယနေ့တွင်မှ မိမိရှေ့တွင် အဖြေဘွားခနဲ ပေါ်ပေါက်လာသည်ကို တွေ့မြင်ရသဖြင့် ဝမ်းမြောက်ဝမ်းသာ ဖြစ်မိလေ၏။ ကိုသက်ထွန်းက စိတ်ဆိုးသလားဟု မေး၍ မိမိက မဆိုးပါဘူး ဘာဖြစ်လို့စိတ်ဆိုးရမှာလဲဟု ဖြေခဲ့ရာတွင် မိမိစိတ်မဆိုးခြင်းမှာ အမှန်ပင်ဖြစ်ခဲ့လေ၏။ ဖခင်ကြီး၏ ကျပ်တည်းသော စည်းကမ်းချက်ကြောင့်သာလျှင် ရုတ်တရက် အဖြေမပေးနိုင်ပဲ ရှိရသဖြင့်လည်း ဝမ်းနည်းမိလေ၏။

တစ်ဖန် ကိုသက်ထွန်းအား မိမိအဖြေကို တင်ကြို၍ပေးထားခဲ့လျှင် ကိုမြင့်မောင်အပေါ်တွင် ကတိပျက်ကွက်ရာ ကျမည်ဖြစ်သည်ကို စဉ်းစားမိကာ၊ နောက်ဆုံးအဖြေပေးရမည့်ရက်လည်း ယနေ့အဖို့ နုတ်လိုက်လျှင် ကိုးရက်မျှသာ

ကျန်ရှိသောကြောင့် ကိုသက်ထွန်းအတွက် ဝမ်းနည်းမိခြင်းမှ အတန်ငယ် သက်သာရာရသကဲ့သို့ ရှိလေ၏။

နောက်တစ်နေ့နံနက် အိပ်ရာမှ ထသောအခါ အနည်းငယ် ကိုယ်ပူသလိုလို ဖြစ်နေသည်ကိုတွေ့ရ၍ ညက ဆေးထိုးထားသော အရှိန်ကြောင့်ပင် ဖြစ်မည်ဟု တွေးတောပြီးလျှင် မြုံကြီးထဲသို့ ခါတိုင်းနည်းတူ ဆင်းလာခဲ့လေ၏။ မြုံကြီးထဲတွင် ခေါက်တုံ့ခေါက်ပြန် အတန်ငယ် လျှောက်မိသောအခါတွင်ကား မျက်လုံးများလည်း ပူလာလျက် ကိုယ်ပူလည်းတိုး၍ လာသောကြောင့် အိမ်ပေါ်သို့တက်ကာ ဒေါ်လေးအား အကျိုးအကြောင်း ပြောပြလေ၏။

"ဟယ်-ဒါဖြင့် မောင်မြင့်မောင်ဖြစ်ဖြစ်၊ မောင်သက်ထွန်းဖြစ်ဖြစ်၊ ခေါ်ခိုင်းဦးမှပဲ၊ အေးနေလို့မဖြစ်ဘူး"ဟု ဆိုကာ မော်တော်ကားမောင်းသူကို ခေါ်၍ နေသောကြောင့် အကြေ့လည်း

"အကြေ့ ဘာမှမဖြစ်ပါဘူး ဒေါ်လေးရဲ့၊ နေပါစေ" "ဟယ် မဟုတ်တာပဲ၊ သူတို့ကို အကြောင်းကြားဦးမှပေါ့၊ နေမ ကောင်းဘူးဆိုတာ"

"ဒီအချိန် ကိုသက်ထွန်း အားမယ်မထင်ဘူး ဒေါ်လေးရဲ့၊ အကြေ့တော့ တယ်ပြီး မခေါ်စေချင်ဘူး"

"ဒါဖြင့် မောင်မြင့်မောင် အရှိသားပဲ၊ သူ့အခေါ်ခိုင်းပေါ့" ဟု ပြောပြောဆိုဆို ကားသမားကို အခေါ်ခိုင်းလိုက်သဖြင့် အကြေ့လည်း အသာပင် ငြိမ်၍နေလိုက်ရလေ၏။

ညကအကြောင်းကို ပြန်၍တွေးလိုက်သည့်အခါ ကိုမြင့်မောင်အား မျက်နှာပြရန် ခဲယဉ်းသကဲ့သို့ ရှိလေ၏။ အကယ်၍ ညက အကြောင်းကို ကိုမြင့်မောင်သိသွားလျှင် မိမိအား အပြစ်တင်လိမ့်မည်၊ ရှုတ်ချလိမ့်မည်ဟု တွေးတောကာ ပူပန်နေမိပြီးမှ၊ "ဟယ် သူဘယ်က လာသိမတုံး၊ မြို့ကြီးတစ်ခုလုံး ပျက်လုမတတ်ဖြစ်နေတာတောင် မသိဘဲ အိပ်ပျော်နေသေးတဲ့ လူတစ်ယောက်ပဲ'ဟု မိမိကိုယ်ကိုမိမိ အဖြေပေး နေလေ၏။

ခဏမျှကြာသောအခါ မော်တော်ကား ပြန်လာသံကို ကြားရလေ၏။ ထို့နောက် မော်တော်ကားထွက်သွားသံကို ကြားရပြန်သဖြင့် မည်သို့ဖြစ်ပါလိမ့်မည်နည်းဟု တွေးတောကြံဆနေစဉ်မှာပင် ဒေါ်လေးဝင်ရောက်လာကာ "မောင်မြင့်မောင် တစ်ယောက်လည်း မရှိဘူးတဲ့၊ အခုလိုပဲထွက်ထွက်သွားတာ လေးရက်လောက်ရှိပြီဆိုပဲ၊ သူဒါကြောင့် ဒီကို မလာတာကိုး၊ ညညလည်း ပြန်မအိပ်ဘူးတဲ့၊ ကဲ မောင်သက်ထွန်းပဲ အခေါ်ခိုင်းလိုက်ပြီ၊ အကြေ့ ဘယ့်နှယ်နေသေးသလဲ..မှန်း" ဟုဆိုကာ

အသားများကိုစမ်းကြည့်ပြီးနောက်၊ “အင်း-ကိုယ်တော့ အတော်ပူတာပဲ”ဟု ပြောလေ၏။

“ဒါက ညက ဆေးထိုးထားတဲ့အရှိန်ကြောင့်ကိုး ဒေါ်လေးရဲ့၊ အကြွေ့ ဘာမှမဖြစ်ပါဘူး”

“မဟုတ်ဘူး၊ မဟုတ်ဘူး၊ မောင်သက်ထွန်းလာတော့ သေသေချာချာ မေးကြည့်ရဦးမယ်၊ နေဦး ရေနွေးလိုလိုမည်မည် ကျိုထားလိုက်ဦးမှ”ဟု ပြောပြောဆိုဆို ထွက်သွားသောကြောင့် အကြွေ့လည်း ကိုမြင့်မောင်အကြောင်းကို ဆက်လက်စဉ်းစား၍ နေမိလေ၏။

ကိုမြင့်မောင်သည် ယခင်ကကဲ့သို့ ဤအိမ်သို့ မလာမရောက်သည်မှာ လေးရက်မျှ ရှိခဲ့လေပြီ။ ဆေးတိုက်မှထွက်၍ သွားနေသည်မှာ လေးရက်ရှိပြီဟု ဆိုသောစကားနှင့် ဆက်စပ်၍ ကြည့်ရှုလျှင် ထိုလေးရက်အတွင်း၌ ကိုမြင့်မောင်တွင် ဆေးတိုက်ကို ပစ်ပယ်၍ထားရလောက်အောင် အရေးကြီးသောကိစ္စ ရှိနေကောင်းရှိနေလိမ့်မည်၊ ညညတွင် ပြန်၍မအိပ်ဟု ဆိုခြင်းမှာ အဘယ်သဘောနည်း၊ ထိုကဲ့သို့ ညညပြန်၍မအိပ်ဆိုခြင်းသည် ကိုမြင့်မောင်ကဲ့သို့သောသူတစ်ယောက် အဖို့ရာ၌ ထူးဆန်းသောစကားဖြစ်သော်လည်း ယမန်နေ့နေ့ခင်းက မိမိသွားသည့်အခါ နံနက်ခင်းကပင် အိပ်၍နေကြောင်း ပြောပြလိုက် သည်ကိုထောက်လျှင် ဧကန္တ ညညတွင် တစ်စုံတစ်ခုသောအကြောင်း ဖြစ်ပေါ်လျက်ရှိရမည်ဟု တစ်ထစ်ချ ယုံကြည်မိလေ၏။ အကယ်၍ ယခင်ကသာ ယခုကဲ့သို့မလာမရောက်ဘဲ ထူးဆန်းစွာ ပျက်ကွက်လျက်ရှိပါက မိမိစုံစမ်းမေးမြန်းမည်ဖြစ်သော်လည်း ယခုသော် မိမိ၏စိတ်တွင် မည်သူကခင်ပွန်း မည်သူက အဆွေဟု ဝေခွဲ၍ရပြီ ဟူ၍ ဆိုရလောက်အောင် ရှိပြီဖြစ်သောကြောင့် မေးမြန်းစုံစမ်းနေ၍လည်း ထူးတော့မည် မဟုတ်။ မိမိကို မလာမရောက်နိုင်ကြောင်း အကြောင်းမကြားနိုင်စေကာမူ အနည်းဆုံး ကိုသက်ထွန်းကို အကြောင်းကြားဖို့သင့်ပါလျက် ကိုသက်ထွန်းကိုက ၎င်း၏အကြောင်း တစ်စုံတစ်ရာ ပြောပြခြင်းမရှိသည်ကို ထောက်လျှင် ကိုသက်ထွန်းလည်း အလျှင်းမသိကြောင်း ထင်ရှား နေသည်ဟု အကြွေ့စိတ်တွင် ထင်မြင်လေ၏။

ထိုအကြောင်းများကို စဉ်းစားရင်းပင် ကိုယ်လည်း ပူသည်ထက်ပူကာ ရင်ထဲ၌လည်း အလွန်ပူလောင်လျက် လာသည်ကို တွေ့ရ၍ ဒေါ်လေးထံ ရေတောင်းရင်း ရင်ပူကြောင်းပြောပြသည့်အခါ မိမိအသံ ကိုပင် မိမိအသံမဟုတ်၊ အခြားသူတစ်ယောက် ခပ်လှမ်းလှမ်းမှ ပြော၍ နေဘိသကဲ့သို့ထင်ရလျက် ထိုသို့ထင်ရာမှ တစ်ခါ ဘာမှမထင် ဘာမှ မမြင် ဘာမှမတွေ့တော့ပဲ ဘာဖြစ်မှန်းသော်မှမသိ ဖြစ်၍သွားလေ၏။

မည်မျှလောက် ကြာမြင့်သည်မသိ အကြော့-အကြော့ ဟူ၍ ခေါ်သံကို ကြားရသဖြင့် လေးလံသော မျက်ခွံများကို ဖြည်းညင်းစွာ ဖွင့်လှစ်ကြည့်ရှုလိုက်သောအခါ စိုးရိမ်ကြီးစွာဖြင့် မိမိအား ကြည့်၍နေသော ဒေါ်လေးဖြစ်သူအား တွေ့မြင်ရလေ၏။

"အကြော့ တူမကြီး ဘယ့်နှယ်နေသေးသလဲ" ဟူ၍ မိမိအား မေးနေသည်ကို ကြားရသည့်အတွက်

"အကြော့ ဘာဖြစ်သလဲဒေါ်လေး၊ အကြော့ နည်းနည်းနေမကောင်းဘူးထင်တယ်"ဟု လေးလံသော နှုတ်ခမ်းကို မနိုင့်တနိုင် ဖွင့်လှစ်ကာ ပြန်ဖြေရလေ၏။

"ဟာ…နည်းနည်းဘာကမလဲ တူမကြီးရယ်၊ သုံးရက်တောင်ရှိပကော တူမကြီးမြောနေလိုက်တာ၊ ဒေါ်လေးဖြင့် ရမှရပါတော့ မလားလို့ တထိတ်ထိတ်နဲ့ အားတောင်လျှော့မိတယ်"

"ဩော် အကြော့ မေ့သွားတယ်လား၊ သုံးရက်တောင်ပဲနော်၊ အကြော့ဖြင့် မသိပါဘူး ဒေါ်လေးရယ်"ဟု ပြောကာ ထိုသုံးရက် အတွင်း မည်ကဲ့သို့ ဖြစ်၍နေပါလိမ့်မည်နည်းဟု စဉ်းစားနေလေ၏။

"ဒေါ်လေး ကိုသက်ထွန်းလာသေးသလား"

"မောင်သက်ထွန်းလား၊ လာရှာပါတယ်၊ သူ့ခမျာဖြင့် ပျာနေ တာပဲ။ အကြော့ ပထမ နေမကောင်းတယ်ဆိုတာ ကြားကတည်းက တစ်ခါတည်း အလုပ်တွေပစ်ပြီး ထလိုက်လာတာပဲ၊ ဒီကျတော့ အကြော့ မေ့နေတာတွေ့ရတာပဲ၊ သူလည်း တော်တော်နဲ့ မပြန်ဘူး၊ ဆေးရုံတက်ချိန်ကျတော့မှပဲ ဒီကသွားတော့တယ်၊ ဆေးရုံကဆင်းတယ်ဆိုလည်း ဒီပဲတစ်ခါတည်း တန်းလာတာပဲ၊ ဒီနေ့လည်း "ဒီနေ့တော့ အကြော့ သတိရလာလိမ့်မယ် ဒေါ်လေးရေ၊ သတိရရင် ဆေးတစ်ခွက် တိုက်လိုက်ပါ"ဆိုပြီး ထွက်သွားတာပဲ၊

လာတော့မယ်၊ အခုပဲ လေးနာရီထိုးနေပြီ။ သူလာလို့ အကြော့ သတိရနေတာတွေ့ရင် ဘယ်လောက် ဝမ်းသာလိုက်မလဲလို့"

"နို့ ကိုမြင့်မောင်တစ်ယောက်ကော"

"အေးကွယ် မောင်မြင့်မောင်တစ်ယောက်လည်း သိပ်ပြီး မြုပ်ချက်သား ကောင်းတာပဲ၊ ခါတိုင်း ဒီလိုမဟုတ်ပါဘူး။ ဘယ်များ ခရီးလွန်နေသလဲ မသိဘူး"

"ဒါဖြင့် အကြော့ မမာနေတုန်း သူတစ်ခေါက်မှ မလာဘူးပေါ့"

"ဒါကြောင့်ပြောတာပေါ့တူမကြီးရဲ့၊ ခရီးလွန်နေတယ်နဲ့တူတယ်"

"ခရီးလွန်နေရင်လည်း ဒေါ်လေးရယ်၊ စာကလေး ဘာကလေးပဲရေးပါတော့"

"အေး ဒါလည်းဟုတ်တာပဲ"ဟု ပြောပြီးလျှင် ဆေးလိပ်ကို တွင်တွင်ကြီး ဖွာနေလေ၏။ အကြော့မှာကား လေးနက်စွာ စဉ်းစား နေလေ၏။ အတန်ကြာမှ

"အကြော့ သူတို့ကို အဖြေပေးဖို့ဟာ ဘယ်နှရက်လောက် လို သေးသလဲ ဒေါ်လေး"

"မှန်း အမယ် ခြောက်ရက်တည်း လိုတော့ပါလား"

"ဟုတ်တယ် အကြော့ကို စာရွက်ကလေး ၂ရွက်နဲ့ စာအိတ် ၂လုံး ယူပေးစမ်းပါ"

"ဟာ မဟုတ်တာပဲ တူမကြီးရယ်၊ နေကောင်းမှပဲ ရေးတာပေါ့"

ဟုတ်ဘူးဒေါ်လေးရဲ့၊ အကြော့ ဆုံးဖြတ်ပြီးပြီ"

"ဩော် ဟုတ်လား ဘယ်သူတုံး၊ မောင်သက်ထွန်းလား"

"ကိုသက်ထွန်းလားလို့ ဒေါ်လေး ဘာကြောင့် မေးရတာလဲ"

"ဒေါ်လေးအထင်ပြောရတာကိုး"

"ကိုသက်ထွန်းနဲ့ဆိုရင် ဒေါ်လေးဘယ့်နှယ်သဘောရသလဲ"

"ဒါတော့ တူမကြီးသဘောပေါ့၊ တူမကြီးအဖေကလည်း တူမကြီးသဘောအတိုင်း ဖြစ်စေချင်လို့ အခုလို စီမံထားခဲ့တာပဲ"

"အကြော့ မစဉ်းစားတတ်အောင် ဖြစ်နေတာပဲ၊ နို့ပေမယ့်"

"အဲဒါကြောင့် ဒေါ်လေးပြောတာပေါ့၊ အခုမရေးနဲ့ဦး။ ကောင်းကောင်းမာလာတော့ ရေးပေါ့။ ကဲ..ဆေးလေး သောက်လိုက်ဦး၊ မောင်သက်ထွန်းလည်း အခုပဲရောက်လာတော့မှာပဲ" ဟုဆိုကာ ဆေးတိုက်သောကြောင့် အကြော့လည်း တစ်စုံတစ်ရာမပြောတော့ပဲ ဆေးသောက်ပြီးလျှင် မျက်လုံးကိုမှိတ်ကာ ကိုသက်ထွန်း၏ ဝတ္တရားကျေပွန်ရုံမျှမက၊ သက်ညှာတတ်ခြင်းကိုလည်းကောင်း၊ ကိုမြင့်မောင်၏ ဝတ္တရားပျက်ကွက် ရှိင်းပျခြင်းကို လည်းကောင်း တစ်လှည့်စီတွေးတော နေမိလေ၏။

တစ်ခဏမျှနေသောအခါ "ဘယ့်နှယ်နေသလဲ ဒေါ်လေး၊ သတိရပြီလား" ဟု ကိုသက်ထွန်း ပျာပျာသလဲအော်၍ မေးသံကြားရသဖြင့် ရင်ထဲတွင် တဒိတ်ဒိတ်ခုန်၍လာလေ၏။ ခြေသံများ တဖြည်းဖြည်းနီး၍လာလေလေ ရင်မှာ တိုး၍ခုန်လေလေ ဖြစ်လေ၏။

"အလို အကြော့သတိရပြီလား" ဟူသောအသံကို ကြားရသည့်အခါတွင် အသံလာရာဘက်သို့ လှည့်ကြည့်လိုက်သောအခါ၊ အားရဝမ်းသာစွာဖြင့် မိမိအားကြည့်၍နေသော ကိုသက်ထွန်းကို တွေ့ရသဖြင့် ၎င်း၏ မျက်နှာကိုမြင်ရခြင်းသည်ပင် အကြော့ကို တစ်မျိုးတစ်မည်ဖြစ်စေသောကြောင့် ကြာမြင့်စွာ မကြည့်နိုင်ဘဲ မျက်လွှာကို လျင်မြန်စွာချလိုက်လေ၏။

"အကြော့သတိရပါပြီ၊ ကြည့်စမ်း ဘာဖြစ်လို့ ကိုသက်ထွန်း စိတ်ပူအောင်လုပ်ရသလဲ"ဟု ပြောပြောဆိုဆို အနီးသို့ ရောက်လာပြီးလျှင် လက်ကိုကိုင်တွယ်စမ်းသပ်လေ၏။

ကိုသက်ထွန်းကပင် မရိုး၍လော၊ မိမိကပင် မရိုး၍လောမသိ။ မိမိ၏စိတ်တွင်ကား ထိုသို့ကိုင်တွယ်ခြင်းမှ ပြန်၍ရုပ်ရန် သတိမရမိ၊ ထိုသို့ကိုင်တွယ်ခြင်းကိုပင် နှစ်ခြိုက်သကဲ့သို့ဖြစ်ကာ ငြိမ်သက်စွာ နေမိလေ၏။ "အကြော့လေး ကိုသက်ထွန်းဖြင့် စိတ်ပူလိုက်ရတာ ရမှရပါဦး မလားလို့ တထိတ်ထိတ်ပဲ၊ အလုပ်လုပ်တာတောင် ဖြောင့်အောင်မလုပ် နိုင်ဘူး။ အကြော့အခုတော့ စိုးရိမ်စရာမရှိတော့ဘူး။ ကိုသက်ထွန်း သိပ်ဝမ်းသာတာပဲ၊ အကြော့ဘယ်အချိန်လောက်မှာ သတိပြန်ရလာ သလဲ"

"လေးနာရီထိုးလောက်ကပဲ။ အကြော့ ကိုသက်ထွန်းကို သိပ်ပြီး ကျေးဇူးတင်တာပဲ ကိုသက်ထွန်းသာ"

"ဟာ ဘာဖြစ်လို့ကျေးဇူးတင်ရမှာလဲ အကြော့ရာ၊ ဒါက ကိုသက်ထွန်း ရဲ့ဝတ္တရားပဲ မဟုတ်လား၊ ကိုသက်ထွန်း အကြော့ကို ပြုစုခွင့်ရတဲ့အတွက်သာ ကိုသက်ထွန်းက ပြန်ပြီးကျေးဇူးတင်ရဦးမှာ" "အို...အကြော့ကို ကိုသက်ထွန်းမှမကြည့်ရင် ဘယ်သူကြည့် မလဲ"

"အကြော့ကို ကိုသက်ထွန်း တစ်သက်လုံး ကြည့်ခွင့်မပေးနိုင် ဘူးလား အကြော့ရယ်၊ ကိုသက်ထွန်းကြည့်ခွင့်ရပါရစေ။ ကိုသက်ထွန်း အကြော့ကို တစ်သက်လုံးစောင့်ရှောက်ရရင် ကိုသက်ထွန်း အကြော့ကို သိပ်ပြီး ကျေးဇူးတင်မှာပဲ"ဟုဆိုကာ အကြော့၏လက်ကလေးကို ကြင်နာယုယစွာ ပွတ်သပ်လျက်နေရာ အကြော့မှာမူကား တစ်စုံတစ်ရာ မပြောဘဲ ငြိမ်သက်စွာ ခေါင်းငုံ့နေလေ၏။

ထိုခဏ၌ ဒေါ်လေးဝင်ရောက်၍ လာသဖြင့် ကိုသက်ထွန်းလည်း ကိုယ်ရှိန်သတ်ကာ

အင်း အဖျားသွေးနည်းနည်းပဲရှိတော့တာပဲ၊

ကိစ္စမရှိပါဘူး ဟုပြောပြီး အနီးရှိကုလားထိုင်တွင် ထိုင်လေ၏။

အကြော့လည်း မျက်နှာထားကို တစ်မျိုးပြင်၍ထားရလေ၏။

"ဘယ့်နှယ်လဲမောင်သက်ထွန်း။

ရောဂါတွေ ဘယ့်နှယ်နေသေးသလဲ။ တော်တော်ပဲ သောင်းကျန်းတုန်းလို့ဆိုပါလား"

"ဟုတ်ပါတယ်၊ အခုထက်ထိလည်းလျော့သေးတယ်မရှိပါဘူး"

"မနေ့က ဥတိုရွာမှာ အမှိုက်တွေကိုမီးရှို့ရာက အိမ်တွေဘာတွေ တောင် မီးလောင်တယ်လို့ကြားပါလား"

"ဟုတ်ပါတယ်၊ ကျွန်တော်လည်း ဒေါ်လေးကြားသလိုပဲ ကြားခဲ့ပါတယ်။ ဟိုမှာ ရောဂါက တော်တော့်ကို ဖြစ်နေတော့ အမှိုက်သရိုက် တွေ မီးရှို့ရာကထပြီး လောင်တာပါပဲ"

"အသေအပျောက်များရှိတယ်လို့ကော မကြားမိဘူးလား"

"မီးကြောင့်သေတယ်လို့တော့ မကြားမိဘူးဒေါ်လေးရဲ့။

ပြေးရင်း လွှားရင်း ဒဏ်ရာရတာတော့ဖြင့် နည်းနည်းပါးပါးရှိတယ်ထင်ပါရဲ့"

"ဒီရွာက မောင်သက်ထွန်းတို့နဲ့လည်း ဆိုင်တာပဲမဟုတ်လား"

"ဆိုင်တယ်ဆိုလည်း ဆိုင်တာပါပဲ၊ နို့ပေမယ့် ကျွန်တော်တို့ မြို့ပေါ်မှာတောင် အလုပ်က မနိုင်နိုင်အောင် ဖြစ်နေတော့ ဟိုကို မသွားနိုင်ဘူး"

"ဒေါ်လေးကြားတော့ မြို့မှာထက်တောင် ဆိုးသေးတယ်ဆိုပဲကွယ်။ ဘုရားသိကြားမလို့ ဒီကပ်က မြန်မြန်လွတ်ကြပါစေကွယ်။

ကဲ-ကဲ စကားပြောရစ်ကြဦး၊ ဒေါ်လေးကော်ဖီသွားဖျော်လိုက်ဦးမယ်"ဟု ဆိုပြီး အပြင်သို့ထွက်သွားသောကြောင့် ကိုသက်ထွန်းလည်း အားရဝမ်းသာစွာ အကြော့၏လက်ကလေးကို ဆုပ်ကိုင်လိုက်ပြီးလျှင်

"ဘယ့်နှယ်လဲ အကြော့ရဲ့၊ ပြောပါဦး အကြော့ပြီးရင်ပြီးတာ ပါပဲ"

အကြော့မှာ နဂိုကမှ ပြောချင်လျက်ရှိသူဖြစ်ရာ ယခုကဲ့သို့ လက်ကလေးကို ကိုင်ကာကိုင်ကာ လှုံ့ဆော်၍နေသောအခါ သာ၍ပင် ဖွင့်ဟပြောလိုက်ချင်လေ၏။ သို့သော် လွန်ခဲ့သည့်ရက်ပေါင်းများစွာက ထိန်းသိမ်းစောင့်စည်းလာခဲ့လေသမျှ အချည်းနှီး အလဟဿဖြစ်မည် ကိုလည်း စိုးရိမ်လေ၏။ သို့အတွက် တစ်စုံတစ်ရာမပြောဘဲ ငြိမ်သက် စွာ ခေါင်းငုံ့၍ နေရာ ကိုသက်ထွန်းမှာ သာ၍ပင် မချင့်မရဲဖြစ်လာသကဲ့သို့

"အကြော့၊ ပြောပါအကြော့ရဲ့၊ ကိုသက်ထွန်း ဝမ်းသာရမှာလား ဝမ်းနည်းရမှာလား" ဟုလော၍ နေပြန်သည့်အတွက် အကြော့လည်း ကိုသက်ထွန်း၏ ဒုက္ခကို မကြည့်နိုင်တော့သည့်အလား

"ကိုသက်ထွန်း တကယ်ပဲအကြော့ကိုတစ်သက်လုံးစောင့်ရှောက် ရရင် ဝမ်းသာမှာလား"

"မေးနေဖို့ လိုသေးသလားအကြော့ရာ၊ ကိုသက်ထွန်း အကြော့ကို ဘယ်လောတ်ချစ်တယ်ဆိုတာ ဦးက တားမြစ်ခဲ့လို့ ပြောခွင့်မရလို့သာ မပြောခဲ့ရတာပါ။ ကိုသက်ထွန်းအကြော့ကိုသာ မရရင်သေမယ် ထင်တာပဲ"

"ကိုသက်ထွန်းဟာ ဆရာဝန်ကြီးတစ်ယောက်လုံး လုပ်နေတာပဲ။ အကြော့လိုဟာမျိုးကိုမရလို့ သေနိုင်မယ်တဲ့လား"

"အင်း အကြော့မသိဘူး-မသိဘူး၊ ကိုသက်ထွန်း အကြော့ကို ဘယ်လောက်တောင် ချစ်တယ်ဆိုတာ မသိဘူး၊ ကိုသက်ထွန်း အကြော့ကို ဘယ်လောက်တောင် ချစ်တယ်ဆိုတာကို အကြော့သိရင် အကြော့ ကိုသက်ထွန်းကို ပြန်မချစ်နိုင်ဘူးထားဦး သနားမှာပဲ၊ အခုတော့ ကိုသက်ထွန်း ဘယ်လောက်တောင် ချစ်တယ်ဆိုတာလည်း ဦးအမိန့်ကြောင့် ဖွင့်ပြောခွင့်မရဘူး၊ အကြော့သိစေချင်တယ် သိစေ ချင်တယ်"

"အကြော့ သိပါတယ် ကိုသက်ထွန်းရယ်" ဟုအကြော့၏ နှုတ်မှ ရုတ်တရက် ထွက်လာ၍ ကိုသက်ထွန်းမှာ သာ၍ပင် စိတ်အားတက်ကြွ လာကာ

"ဒါဖြင့် ဒါဖြင့်"

"ကိုသက်ထွန်း အကြော့ကို ဘယ်လောက်ချစ်တယ်ဆိုတာ အကြော့ မှန်းဆပြီး ကြည့်နိုင်ပါတယ်။ အခုတော့ ခြောက်ရက်တည်း လိုပါတော့တယ် စောင့်ပါဦး၊ နောက်ဆုံးတစ်နေ့မှာ ကိုသက်ထွန်း ဝမ်းနည်းသွားအောင် အကြော့လုပ်ရက်နိုင်ပါ့မလား" ဟုအကြော့က ပြောလိုက်သည့်အတွက် ကိုသက်ထွန်းတွင် အတိုင်းမသိဝမ်းမြောက် ခြင်းဖြစ်သည်နှင့် အကြော့၏

ကိုယ်ကလေးကို ပွေ့ထူပိုက်ဖက်ထား ပြီးလျှင်..

“အဟုတ်လား အကြော့၊ အဟုတ်ပဲလား

ကိုသက်ထွန်းတကယ်ပဲ ဝမ်းသာရတော့မှာပဲလား”ဟု အသက်မှမရှူနိုင်ဘဲမေးနေ၍

အကြော့လည်း ကိုသက်ထွန်း ဤမျှလောက်ပင် ဖြစ်နေလေသလောဟု ခေါင်းကလေးကိုမော့ကာ “အခုဟာကဝမ်းသာတာ မဟုတ်သေးဘူးလား၊ တကယ်တည်းမှပဲ" ဟူ၍ အနည်းငယ်ပြုံး၍ ပြောပြီးလျှင် ကိုသက်ထွန်းအား မဝနိုင်သောကြည့်ခြင်းဖြင့် ကြည့်၍နေလေ၏။

# [၃]

## ထိုတစ်ယောက်

ဤသို့အားဖြင့် နောက်ဆုံး ဆုံးဖြတ်ချက် ချမှတ်ပေးအပ်ရမည့်နေ့ရက်သို့ ဆိုက်ရောက်လာခဲ့သည့်အတွက် အကြော့လည်း ထိုနေ့နံနက်တွင် စောစောပင် အိပ်ရာမှထကာ စာအိတ်နှစ်လုံးဖြင့် စာရေးစက္ကူကတ်ကို ယူငင်၍ မည်သို့ရေးရပါမည်နည်းဟု စဉ်းစားလေ၏။

တစ်စောင်သော စာကိုကား မခဲမယဉ်း ရေးနိုင်သည့်အတွက် ပထမဦးစွာ ကောက်၍ ရေးပြီးလျှင် ၂ကြိမ် ၃ကြိမ်မျှ ထပ်၍ဖတ်ရှုပြီးနောက် စာအိတ်၌ အမည်ရေးထိုးကာ ပိတ်လိုက်လေ၏။

ကျန်တစ်စောင်ကို ရေးရန်ကား ယခင်က ထင်မှန်းခဲ့သလောက် တစ်ခါတည်း ပစ်ပစ်ခါခါ ရေးလိုက်လျှင်လည်း မသင့်လျော်။ ၎င်း၏ စိတ်နှလုံးတွင် ယူကျုံးမရဖြစ်၍ မသွားစေချင်၊ မိမိဖခင်ကြီး၏ လိုအင်ဆန္ဒမှာလည်း ဤနှစ်ဦးသော သူတို့အနက် တစ်ဦးက ခင်ပွန်း အဖြစ်ဖြင့် မိမိအား သိမ်းပိုက်စောင့်ရှောက်ရသည်ရှိသော် အခြားတစ်ဦးက မိတ်ဆွေအဖြစ်ဖြင့် ဆက်လက်စောင့်ရှောက်ရမည်ဟု ပါရှိသောကြောင့် မိမိရေးရမည့်စာမှာ အလွန်ကြင်နာစွာနှင့် ရေးရမည့်စာဖြစ်ကြောင်း သတိပြုမိလေ၏။

သို့သတိပြုမိသည့်အလျောက် စာကိုကောက်၍ ရေးလိုက်သည့် အခါတွင်ကား ထင်သလောက် မလွယ်ကူသည်ကို တွေ့ရသဖြင့် စာ တစ်ကြောင်း စပြီးရေးလိုက် ဖျက်ပစ်လိုက်နှင့် စာရေးစက္ကူများမှာ တစ်ရွက်ပြီးတစ်ရွက် ခြင်းတောင်းထဲသို့ ရောက်ကုန်ကြလေ၏။

နေ အတော်မြင့်၍ လာသောအခါ၌ကား စာလေးငါးကြောင်းမျှ စိတ်တိုင်းကျ ရေး၍ရသောကြောင့် ဆက်လက်ရေးသည်တွင် မိမိရေးသားချင်သောအရာတို့ကို ဖြူးဖြူးဖြောင့်ဖြောင့် ရေး၍ပြီးလေ၏။

ထိုနောက် ထိုစာကို တစ်ကြိမ်ကနှစ်ကြိမ်၊ နှစ်ကြိမ်ကသုံးကြိမ် ဖတ်လေ၏။ သို့ဖတ်တိုင်းဖတ်တိုင်းလည်း ဝမ်းနည်းသကဲ့သို့ ဖြစ်မိလေ၏။ မည်မျှလောက် ကြင်နာသောစကားတို့ဖြင့် သုံးနှုန်းထားသည် မှန်စေကာမူ ဖတ်ရသူတွင် မည်သည့်နည်းနှင့်မျှ စိတ်ကောင်းနိုင်မည် မဟုတ်ကြောင်း ကောင်းစွာသိလေ၏။ သို့ဖြစ်၍ထပ်မံ အချောပြင်လျှင် တိုး၍ခံသာဖွယ်ရာ ရှိပါမည်လောဟု စဉ်းစားဆင်ခြင် ကြည့်လိုက်ပြန်လျှင်လည်း မိမိသုံးစွဲထားသောစကားတို့မှာ တိုး၍ ညင်းပျောင်းခြင်း မရှိနိုင်တော့သည်ကို တွေ့ရသဖြင့် ဝမ်းနည်းခြင်း ဖြစ်ရုံမှတစ်ပါး

တစ်စုံတစ်ရာ မတတ်နိုင်တော့ပဲ စာအိတ်ကိုပိတ်ကာ စားပွဲပေါ်တွင် စာအိတ်၂ လုံးယှဉ်၍ တင်ထားလိုက်လေ၏။

ထိုနောက် အိပ်ရာပေါ်သို့ ကိုယ်ကိုပစ်၍လှဲကာ ရှေ့ရေးနောက်ရေးတို့ကို စဉ်းစားနေရာ ကိုမြင့်မောင်သည် အဘယ်ကြောင့် ဤမျှလောက် မြုပ်ချက်သား ကောင်းရသနည်း၊ မိမိအား အဖိုးမတန် ဟုထင်၍ပင် ရုတ်တရက် အသွားအလာ ဖြတ်လိုက်ခြင်း ဖြစ်လေသလော၊ သို့တည်းမဟုတ် အခြားတစ်ဦးဦးနှင့် မေတ္တာကူးလူးမိ၍ ပင် မလာရောက်ခြင်းဖြစ်လေသလော ရိုးရိုးအကြောင်းကြောင့် မလာနိုင်ရှိခဲ့လျှင် မလာနိုင်ကြောင်းကို မိမိထံသို့အကြောင်းကြားသင့်၏။ ယခုသော်ကား အကြောင်းကြားခြင်းလည်းမရှိ၊ ထူးဆန်းစွာ ပျောက်ကွယ်၍ နေဘိ၏။

ပထမက ညညတွင် ထွက်၍ထွက်၍သွားပြီးလျှင် နံနက်တွင်မှ ပြန်လာသည်ဟုဆို၏။ ထိုနောက်တစ်ဖန် နေ့ရောညပါ ပြန်မလာဟု သတင်းကြားရပြန်၏။ ဤကဲ့သို့ မည်သူ့အားမျှ အကြောင်းမကြားဘဲ ပျောက်ကွယ်နေခဲ့ရာ ယနေ့ညနေလည်း လာပါမည်လော။ ယနေ့ညနေ လာဖို့ရန်ကိုပင် သတိရမှ ရပါမည်လော။ ယခင်ကမူ ကိုမြင့်မောင် လာမြဲတိုင်းပင် လာစေချင်ခဲ့၏။ ထို့နောက် ကိုသက်ထွန်း တစ်ယောက်လည်း လာနေကျဖြစ်၍ ထိုအခါ ကိုသက်ထွန်း တစ်ယောက်တည်း လာရောက်ခြင်းကိုပင် ဝမ်းသာသကဲ့သို့ ဖြစ်ခဲ့၏။ ယနေ့ညနေတွင်ကား အရေးကြီးသော မိမိအဖြေကို ပေးရတော့မည်ဖြစ်ရာ ကိုသက်ထွန်း တစ်ယောက်တည်းကိုသာ လာရောက်ပါမူကား အထူးပြောဖွယ်မရှိ၊ အကယ်၍ ယနေ့ညနေ ကိုမြင့်မောင် သတိရ၍ ပေါက်လာခဲ့ချေသော် မိမိမျက်နှာ ထားတတ်တော့မည်မဟုတ်၊ သို့ဖြစ်၍ ကိုမြင့်မောင် မလာမရောက်ခြင်းကပင် ကောင်းဦးမည်။ ဘုရားသိကြားမ၍ မလာမရောက်ပါစေနှင့် ဟူ၍ပင် ဆုတောင်းမိလေ၏။

နေ့ခင်း တစ်နေ့ခင်းလုံးလည်း ကိုမြင့်မောင် မလာမည်ထက် လာမည်ကို ပို၍စိုးရိမ်ခြင်းဖြစ်ကာ၊ လာလျှင် မျက်နှာပူစရာ ဖြစ်တော့မည်။ ၎င်းအား မည်ကဲ့သို့ မျက်နှာပြရပါမည်နည်းဟု ပူပင်ကြောင့်ကြလျက်သာ နေလုံးကျသွား၍ မိမိ၏ဖခင်ကြီး မူလက ချိန်းဆိုသွားသော ၆ နာရီအချိန်သို့ ရောက်ခဲ့လေ၏။

ခါတိုင်းဆိုလျှင် ကိုသက်ထွန်းမှာ ၅ နာရီထိုးသည်နှင့်တစ်ပြိုင်နက် အိမ်သို့ ရောက်လာတတ်သူဖြစ်ရာ ယနေ့၌မူ ၆နာရီမှ လာရမည်ဖြစ်သောကြောင့် ၆နာရီ ထိုးသည်နှင့်တစ်ပြိုင်နက် ရောက်လာခဲ့လေ၏။ အကြော့မှာ ကိုမြင့်မောင် ပေါ်၍လာလေမည် လောဟု တွေးတောစိုးရိမ်လျက် ဒေါ်လေးဖြစ်သူအား အခန်းတွင်းသို့ ခေါ်ပြီးလျှင်

“ဒေါ်လေး ရောက်လာကြပြီလား”

“မောင်သက်ထွန်းတစ်ယောက်ပဲ ရောက်သေးတယ် တူမကြီးရဲ့”

“ကိုမြင့်မောင်ကော”

“မောင်မြင့်မောင်တော့ မမြင်ဘူး”

“ဖေဖေက ဘယ်လိုမှာသွားတယ်ဆိုတာ ပြောပါဦး ဒေါ်လေးရဲ့”

“အချိန်ပြောတာလား”

“ဟုတ်ကဲ့”

“၆ နာရီလို့ ပြောသွားတာပဲ”

“ဒါဖြင့် အခု ၆နာရီထိုးပြီးပြီ မဟုတ်လား”

“အခုနပဲ ထိုးတယ်၊ မောင်မြင့်မောင်ကို တူမကြီး စောင့်ဦး မလား"

“အကြော့တော့ မပြောတတ်ဘူး၊ သူက လာပါဦးမလား၊ အကြော့တော့ တယ်ပြီးမထင်ဘူး”

“အေးလေ၊ မလာလည်း သူ့ကံတရားပေါ့၊ တူမကြီးက စာသွားပေးစေချင်ပြီပေါ့၊ ကဲ ပေးပေး မောင်သက်ထွန်းတွက် ဟာသာပေး”

အကြော့လည်း ကိုသက်ထွန်း အမည်ပါရှိသော စာအိတ်ကို ဒေါ်လေး၏လက်ထဲသို့ ထည့်လိုက်ရာ ဒေါ်လေးဖြစ်သူလည်း အခန်းတွင်းမှ ထွက်သွားလေ၏။

အကြော့စိတ်တွင်ကား တဒိတ်ဒိတ် ခုန်လျက်ရှိလေ၏။

တစ်ခဏမျှကြာသောအခါ အခန်းဝဆီမှ ခြေသံကြားရသောကြောင့် အသည်းထဲတွင် အေးခနဲဖြစ်၍ လှည့်ကြည့်လိုက်ရာ မှိုရသောမျက်နှာနှင့် တက်လာသော ကိုသက်ထွန်းကို တွေ့မြင်ရလေ၏။ တစ်ခဏအတွင်း မိမိမှာ ကိုသက်ထွန်း၏ ရင်ခွင်တွင်းသို့ရောက်လျက် အကြော့...အကြော့ဟု အကြော့ချင်း မိုးမွှန်အောင်ခေါ်နေသော အသံမှတစ်ပါး၊ အခြားစကားတို့ကို နားနား၌ကပ်၍ ပြောနေသည့် တိုင်အောင် ကောင်းစွာမကြားရပဲ ရှိနေလေ၏။

ကိုသက်ထွန်းအိမ်ပေါ်မှ ဆင်း၍လာသောအခါ ၉နာရီ ထိုးလေပြီ ဖြစ်လေ၏။

"ဪ ဒေါ်လေးမအိပ်သေးပဲကိုး၊ ကျွန်တော်တို့တော့ ရက်ကြာကြာလည်း မဆိုင်းချင်တော့ဘူးဒေါ်လေးရဲ့၊ သန်ဘက်ခါပဲ လူကြီး စုံရာနှင့်လာပြီး တောင်းရမ်းချင်တယ်။ အကြော့ကတော့ ဒေါ်လေးကို ပြောပါလို့ ပြောတာပဲ"

"သန်ဘက်ခါပဲ တောင်းရမ်းချင်ပြီလား။ ဒါတော့ မောင်တို့ သဘောပေါ့လေ၊ အကြော့သဘောတူရင်ပြီးတာပဲ"

"ဒါဖြင့် သန်ဘက်ခါတော့ ညနေ ၅နာရီခွဲလောက်ကို လူကြီးစုံရာ နှင့် ကျွန်တော်လာပြီး တောင်းရမ်းလှည့်ပါမယ်၊ ကဲ-ကျွန်တော် သွားလိုက်ဦးမယ်"ဟုဆိုကာ ကိုသက်ထွန်း ထွက်သွားသောကြောင့် ဒေါ်လေးလည်း "အေး ကောင်းပြီ ကောင်းပြီ ကြည့်ပြန်ကွယ့်နော်"ဟု ပြောကာ တံခါးများကိုပိတ်ရန် အစေခံများကိုခေါ်၍ အမိန့်ပေး လေ၏။

ထိုအတောအတွင်း ခြံထဲသို့ လူတစ်ယောက်ဝင်လာသည်ကို မီးရောင်တွင် တွေ့ရသဖြင့် အစေခံများလည်း မည်သူဖြစ်ပါလိမ့်မည်နည်းဟု စူးစိုက်ကြည့်ရှုနေကြရာ ထိုသူလည်း အနီးသို့ ရောက် သည်နှင့်တစ်ပြိုင်နက်

"ဒါ-ဆရာဝန်ကြီး ဦးငြိမ်းအိမ်မဟုတ်လားဗျို့"

"ဟုတ်တယ် ဘာကိစ္စလဲ"

"ကျုပ် ဥတိုရွာကလာခဲ့တယ်၊ ဒီအိမ်က ဒေါ်လေးဆိုတာကို ပေးဖို့တဲ့၊ စာတစ်စောင်ပါလာတယ်"ဟု ဆိုကာ စာတစ်စောင် လှမ်း၍ ပေးသောကြောင့် ဒေါ်လေးလည်း လျင်မြန်စွာယူငင်၍ ဖတ်ရှု ကြည့်ရာ

ရိုသေစွာ အစီရင်ခံပါသည် ဒေါ်လေးခင်ဗျား-

ယနေ့မှာ ဦးမင်း မှာထားချိန်းဆိုသွားသော ရက်ဖြစ်၍ ကျွန်တော်ကိုယ်တိုင် များစွာ လာလိုပါသော်လည်း အကြောင်းမညီညွတ်အောင် ရှိနေသဖြင့် မလာရောက်နိုင်ခြင်းကို ခွင့်လွှတ်စေလိုပါသည်။ အကြော့အား ခွင့်လွှတ်စေရန် ဒေါ်လေးကပင်တစ်ဆင့် တောင်းပန်ပေးစေလိုပါသည်။ အကြော့သည် ယနေ့ ကျွန်တော့်အဖို့ စာတစ်စောင် ပေးရန်ရှိရာ ထိုစာကို ယခုလာသူနှင့် ပေးလိုက်ပါက များစွာကျေးဇူး တင်မည်ဖြစ်ပါကြောင်း အစီရင်ခံရပါသည်ခင်ဗျား။

မြင့်မောင်

ဟူ၍ တွေ့ရှိသောကြောင့် ရုတ်တရက်သော် များစွာအံ့ဩသွားလေ၏။ လက်ရေးကိုကြည့်လိုက်သောအခါ မောင်မြင့်မောင်ရေးသော လက်ရေးမဟုတ်၊ လက်မှတ်မှာကား မောင်မြင့်မောင်၏ လက်မှတ်ဖြစ်ကြောင်း မိမိကောင်းစွာ

သိလေ၏။ သို့အတွက် စာလာ၍ပေးသူအား အိမ်ပေါ် သို့ တက်စေပြီးလျှင်

“နေပါဦး၊ ဒီစာက ဘယ်သူကပေးလိုက်တာလဲ”

“လုံမကလေးက ပေးလိုက်တာပဲ”

“ဘယ်က လုံမကလေးလဲ”

“ခင်လှဗျာ၊ ခင်လှ၊” လူမမာတစ်ယောက်က ပေးခိုင်းတယ်လို့ပြောလိုက်ပါ။ စာကိုလည်း ဆက်ဆက်ပေးလိုက်ပါလို့ ပြောတာပဲ၊ ကျုပ်လည်း သေသေချာချာတော့မသိဘူး၊ ဖြန့်းခနဲခေါ်ပြီးခိုင်းလို့ ထွက်လာရတာပဲ”

“နေပါဦး လူမမာဆိုတာက ဘယ်သူလဲ”

“ကျုပ်ဘယ်သိမတုံး၊ လုံမကလေးက ပြောလိုက်တာသာပြောရတာ"

“မခင်လှဆိုတာ ဘယ်ကလဲ”

“ဒီမြို့ပေါ်ကပဲ ပြောင်းလာတာ တယ်ပြီးမကြာလှသေးဘူး”

“ဟို မမွေးတို့ မငွေးတို့ မခင်လှတို့လား”

“အဲ... အဲ ဟုတ်တယ် ဒင်းတို့ပေါ့"

“သူတို့ ဟိုရောက်နေတာ ဘယ်လောက်ကြာပြီလဲ”

“ဒီမြို့ပေါ်က ပြေးလာကတည်းက ဟိုရောက်နေကြတာပဲ”

“ဩော် လူမမာက သူတို့အိမ်မှာလား”

“ဒါတော့ ကျုပ်မပြောတတ်ဘူး၊ ကျုပ်က လယ်ကွက်ထဲ ထွက်နေတဲ့လူကလား ရွာထဲ ဘာဖြစ်လို့ ဘာဖြစ်တယ်ဆိုတာ တယ်ချည့် သိတာမဟုတ်ဘူး၊ အခုလည်း ဖြန့်းခနဲခေါ်ခိုင်းတယ်ဆိုလို့ ထွက်လာခဲ့ရတယ်၊ ကိုင်း ကျုပ်သွားမယ်” ဟု ပြောပြောဆိုဆို ပြန်မည်လုပ် သောကြောင့်

“နေပါဦး၊ ခဏကလေးနေပါဦး” ဟုပြောကာ အကြေ့ကိုပြောရန် အပေါ်သို့တက်၍ လာခဲ့လေ၏။ အခန်းထဲသို့ ကြည့်လိုက်သောအခါ အကြေ့မှာ အိပ်ရာပေါ်တွင် ပြုံးပြုံးကလေး အိပ်မောကျလျက် ရှိနေသည်ကို တွေ့ရလေ၏။ ပထမ၌သော် နှိုးဦးမည်ဟု ကြံမိပြီးမှ ယခုမှဖြင့် မထူးတော့ပြီဟုဆုံးဖြတ်ကာ နှိုးမနေတော့ပဲ စောစောက ကိုမြင့်မောင်အတွက် ရေးထားသောစာလေးကို ယူပြီးလျှင် ထိုသူအား ပေးလိုက်လေ၏။

အကြော့မှာ ထိုညအတွက် ကောင်းစွာအိပ်၍ ပျော်သော်လည်း ဒေါ်လေးဖြစ်သူမှာ များစွာစိတ်မကောင်းလှဘဲ အိပ်ရာထဲတွင် ဘယ်ပြောင်းညာပြန် လူးလိုမ့်ရင်း မိုးလင်းခဲ့လေ၏။

နောက်တစ်နေ့ မိုးလင်းသည့်အခါ အကြော့၏မျက်နှာမှာ အလွန်ရွှင်ပျလျက် ရှိလေ၏။ ဒေါ်လေးဖြစ်သူမှာကား ထိုရွှင်ပျသော အမူအရာကို တွေ့လေလေ၊ မိမိ၏စိတ်ကို ဝေခွဲ၍မရနိုင်လေလေ ဖြစ်နေလေ၏။ အကယ်၍ ညကအဖြစ်အပျက်ကို အကြော့အား ပြောပြလိုက်လျှင် အကြော့တွင် ထူးခြားဦးမည်လော၊ သို့မဟုတ် အကြော့ စိတ်တွင် ထိခိုက်သွားလေမည်လောဟု အမျိုးမျိုးစိုးရိမ်နေခြင်းကြောင့် အကြော့၏ မျက်နှာရိပ် မျက်နှာကဲကိုသာ ခတ်၍နေလေရာ အကြော့က တစ်ချက်တစ်ချက် လှမ်းအကြည့်လိုက်နှင့် မျက်စိချင်းဆုံနေသောကြောင့် အကြော့မှာ မလုံသကဲ့သို့ ရှက်ကိုးရှက်ကန်းဖြစ်ကာ

"ဘာကြည့်ကြည့်နေတာလဲ ဒေါ်လေးရဲ့"ဟု မေးလေ၏။

ဒေါ်လေးသည် လျှင်မြန်စွာ စဉ်းစား၍ နေလေ၏။ ထို့နောက် စိတ်ကိုပိုင်းဖြတ်ပြီးလျှင်

"အကြော့လာစမ်း၊ ညက ဟောဒီစာရတယ်"ဟု ဖျတ်ခနဲစာကို ထုတ်ပေးလေ၏။

အကြော့လည်း စာကိုဖတ်ကာ ဒါမခင်လှ လက်ရေးပဲဟုပြောရာ ဒေါ်လေးလည်း ညကအဖြစ်အပျက်ကို ပြန်၍ပြောလေ၏။ အတန်ကြာမှ

"မခင်လှနဲ့ သူနဲ့ မေတ္တာရှိနေပြီဆိုရင်လည်း ဒီစာကို မခင်လှကို ဘယ်နည်းနဲ့မှ ရေးခိုင်းမှာမဟုတ်ဘူး၊ ဒါ မခင်လှရေးတာပဲ အကြော့လည်း မတွေးတတ်ဘူး၊ ဒေါ်လေးဘယ်လိုသဘောရသလဲ"

"ဒေါ်လေးလည်း ညကတစ်ညလုံး စဉ်းစားတာပဲကွယ်၊ နားကို မလည်ဘူး"

အကြော့လည်း စာရွက်ကလေးကိုထပ်၍ ဖတ်လေ၏။"အကြောင်းမညီညွတ်အောင်ရှိနေသဖြင့်' ဟူ၍ရေးရာ၌ မည်ကဲ့သို့ အကြောင်းမညီညွတ်သည်ကို ဖေါ်ပြခြင်းမပြုသော်လည်း စာလာရောက်ပေးသူ၏ စကားကိုထောက်လျှင် ကိုမြင့်မောင် မမာ၍ နေသည့်အတွက် မလာရောက်နိုင်ခြင်းဖြစ်လိမ့်မည်ဟု တွေးထင်ဖွယ်ရာ ရှိနေလေ၏။ သို့ဆိုလျှင် ကိုမြင့်မောင်အပေါ်တွင် မိမိအကဲခတ် လွဲလေပြီဟု တွေးမိကာ မိမိ မဆင်မခြင် ပြုလုပ်မိသည့်အတွက် ဝမ်းနည်းသကဲ့သို့ ဖြစ်လာလေ၏။

သို့သော် မိမိအကဲခတ်လွဲသည်ဟု မည်သို့ဆိုနိုင်မည်နည်း။

ကိုမြင့်မောင်သည် မခင်လှနှင့် မည်သို့တွေ့၍ မည်သို့တော်စပ်နေသည့် အတွက် ယခုကဲ့သို့ ဤစာကို မခင်လှက ရေးပေးရသနည်းဟု တွေးမိပြန်သောအခါ၌လည်း ဟုတ်မှန်သော အဖြေကို မရနိုင်တိုင်း တွေ့ရာလျှောက်၍ တွေးတောကာ စိတ်တွင်အတန်ငယ် နေသာထိုင်သာ ရှိသွားသကဲ့သို့ ထင်ရလေ၏။

သို့ဖြစ်စေကာမူ နံနက်အိပ်ရာထစကလောက် စိတ်လက်ပေါ့ပါး ရွှင်မြူးခြင်းမရှိချင်တော့သည့်အတွက် အိမ်ပေါ်သို့ ပြန်၍တက်ခဲ့ပြီးလျှင် ဆက်လက်၍ စဉ်းစားနေမိလေ၏။

ဒေါ်လေးဖြစ်သူ ဈေးသို့ထွက်သွား၍ ဝယ်ခြမ်းပြီးစီးသဖြင့် အိမ်သို့ ပြန်လည်ရောက်ရှိသည့်တိုင်အောင် အကြော့မှာ မူလက ထိုင်နေသောနေရာမှ မထသေးဘဲရှိသည်ကို တွေ့ရသည့်အတွက်. . .

“ကိုင်း...တူမကြီး ဖြစ်မိမှဖြင့်မထူးဘူး၊ ဘာမှတွေးမနေနဲ့တော့။ တစ်နေ့ကျတော့ သူဟာနဲ့သူ အလိုအလျောက်ဖြစ်လာမှာပဲ၊ ကိုယ့်စိတ်ကို ပျော်အောင်သာနေ”

“အကြော့ စိတ်မညစ်ပါဘူး။ ဒါပေမဲ့ အဖြစ်အပျက်ကို သေသေ ချာချာ သိချင်တာပဲ”

“သိလို့ကော ထူးဦးမလား တူမကြီးရယ်”

“အခုမှဖြင့် ထူးတော့ မထူးတော့ဘူးပေါ့ ဒေါ်လေးရယ်၊ ဒါပေမဲ့ သိရတာပေါ့” ဒေါ်လေးလည်း တစ်စုံတစ်ရာ ဆက်လက်မပြောနိုင်တော့သဖြင့် အောက်ထပ်သို့ဆင်းလာခဲ့ပြီးလျှင် စားရေးသောက်ရေးအတွက် စီမံ ခန့်ခွဲ၍ နေလေ၏။

နေ့လယ်ဘက်တွင်ကား အကြော့သည် အောက်ထပ်သို့ဆင်းလာပြီးလျှင်

“ဒေါ်လေး အကြော့ ဥတိုကို လူတစ်ယောက်လွှတ်ချင်တယ်၊ လွှတ်ပေးစမ်းပါ"

“ဘယ်သူ့ဆီလဲ မောင်မြင့်မောင်ဆီကိုလား၊ ဖြစ်ပါ့မလား အကြော့ရဲ့၊ အကြော့ စိတ်ပိုင်းဖြတ်ပြီးမှပဲ ဘာလိုတော့သလဲ၊ အကြော့စာလည်း ပေးလိုက်ပြီဟာပဲ”

“အဲဒါကြောင့်အကြော့ လူလွှတ်ချင်တာပေါ့”

“ဖြစ်ပါ့မလား တူမကြီးရယ်၊ စဉ်းစားပါဦး၊ တော်ပါ့မလား၊ ဒေါ်လေးတော့ ပြီးတဲ့အတိုင်းပဲ ရှိစေချင်တာပဲ” ဟုဆိုကာ အတင်း ဖြစ်နေသောကြောင့်

အကြော့လည်းဘာမျှ မပြောနိုင်တော့ပဲ လေးလံသော ခြေလှမ်းများဖြင့် အိမ်ပေါ်သို့ တက်လာခဲ့ရပြန်လေ၏။

ညနေဘက်သို့ရောက်လျှင်ပင် ကိုသက်ထွန်းရောက်၍လာလေ၏။ ကိုသက်ထွန်းမှာ အားရဝမ်းသာစွာလာခဲ့ရာ အကြော့၏မျက်နှာမှာ များစွာ မသာယာသည်ကို မြင်သောအခါ အခြားအကြောင်းကိုမတွေးမိ၊ နေမကောင်း၍များ မျက်နှာကလေးညှိုး၍ နေလေသလော ဟု တွေးတောပြီးလျှင် စိုးရိမ်တကြီးမေးလေ၏။

အကြော့လည်း အနည်းငယ် ဣန္ဒြေဆောင်ကာ အလိုက်သင့် ပြုံးပြုံးရယ်ရယ်နှင့် နေရလေ၏။ ကိုသက်ထွန်းမှာ နက်ဖြန် ဤအချိန်တွင် လူကြီးစုံညီနှင့် မည်သို့လာမည်၊ မည်သို့တောင်းမည်၊ စသည်တို့ကို စီကာပတ်ကုံး တပြုံးပြုံးတရွှင်ရွှင် ပြောဆိုနေပြီးလျှင် ညဉ့် အတော်နက်မှ ပြန်၍သွားလေ၏။

အကြော့လည်း ကိုသက်ထွန်းပြန်၍ သွားသည်ကို နောက်က မျက်စိတစ်ဆုံး ကြည့်လိုက်သည်မှန်သော်လည်း အတွေးမှာ ကိုသက်ထွန်းထက် ကိုမြင့်မောင်အတွက် ပိုနေလေ၏။ ထိုညတစ်ညလုံးပင် တလူးလူးတလွန့်လွန့် ဖြစ်နေခဲ့လေ၏။

ကိုမြင့်မောင်အကြောင်းတွေးလိုက်၊ ကိုသက်ထွန်းအကြောင်းတွေးလိုက်၊ ယနေ့ညသည် အပျိုဘဝ၏နောက်ဆုံးညဖြစ်၍ နက်ဖြန်ည ဤအချိန်တွင် ဤအိပ်ရာနေရာကို မိမိတစ်ဦးတည်း မပိုင်တော့ပြီဟူ၍ တွေးလိုက်သည်နှင့် ချွေးဒီးဒီးကျအောင် မောဟိုက်၍လာသည်တိုင် စဉ်းစားနေမိသဖြင့် နံနက် သုံးနာရီလောက်တွင်မှ ကောင်းစွာ အိပ်ပျော်ခြင်းသို့ ရောက်ခဲ့လေ၏။

# [၄]

## မှားမိပြီ

နောက်တစ်နေ့ အိပ်ရာမှထသောအခါ ၁၀နာရီ ထိုးနေသည်ကို တွေ့ရလေ၏။ ညက လေးလံနေသောစိတ်မှာ ပေါ့ပါးသည်ဟူ၍ မရှိသေးသည့်အတွက် ရေးမိုးချိုးပြီးသည်နှင့် တစ်ပြိုင်နက် အပေါ်ထပ်သို့ တက်လာခဲ့လေ၏။

အတန်ငယ်ကြာသောအခါ “အကြော့ရေ ဟေအကြော့” ဟု လှေကားမှအော်၍ တက်လာသောအသံကို ကြားရလေ၏။ အသံမှာ မခင်လှ၏ အသံဖြစ်ကြောင်း ကောင်းစွာကျက်မိသဖြင့် ဝမ်းသာအားရစွာ အခန်းဝသို့ထွက်ခဲ့ရာ မိမိ ထင်မှန်းသည့် အတိုင်းပင် မခင်လှဖြစ်နေသည့် အတွက် "လာ လာ မခင်လှ၊ အကြော့လည်း မခင်လှကို မျှော်နေတာပဲ။ မခင်လှတို့ ဘယ်ပျောက်သွားကြသလဲ၊ မပြောမဆိုနဲ့၊ အကြော့ သွားပြီးမေးတော့ ပြောင်းသွားကြပြီလို့ ပြောလိုက်တာပဲ”

“ဟုတ်တယ် အဲဒီညကပေါ့ အကြော့ရယ်။ ကျွန်မတို့ ဒုက္ခရောက်လိုက်တာ မပြောပါနဲ့တော့။ အဲဒီညကအကြောင်းတွေးလိုက်ရင် ကိုသက်ထွန်းကို စိတ်နာပါရဲ့။ ကိုမြင့်မောင် ရှိပေလို့သာ နို့မဟုတ်ရင် တစ်လောင်းမကဘူး နှစ်လောင်း သုံးလောင်း”

“နေပါဦး မခင်လှရဲ့၊ ကိုသက်ထွန်းကို ဘာဖြစ်လို့ စိတ်နာတာလဲ”

“ဘာလဲ အကြော့က ကိုသက်ထွန်းကိုထိလို့နာသလား၊ အကြော့ကိုတော့အားနာတာပဲ။ ဒါပေမဲ့ ကိုသက်ထွန်းကို ဘယ်တော့မှ မကျေဘူး”

“အို အကြော့ဘာဖြစ်လို့ နာရမှာလဲ မခင်လှရဲ့၊ ကိုသက်ထွန်းကို စိတ်နာတယ်ပြောလို့ အကြော့ကမေးရတာပါ”

“မကြင်ခဆုံးတာ သူ့ကြောင့်ပေါ့ အကြော့ရယ်၊ သူ့ကြောင့်ပေါ့။ သူ့ကို ခေါ်ခေါ်ချင်းသာလာရင် ချမ်းသာဦးမှာ"

“နို့ခေါ်ခေါ်ချင်း မလာဘူးလား”

“မလာတဲ့အပြင် သွားခေါ်တဲ့လူကိုတောင် ငေါက်ငမ်းလွှတ်လိုက်သေးတယ် ရှင်ရဲ့၊ ပြီး ဘာပြောသေးတယ်မှတ်လဲ၊ တခြားလူသေတာ အရေးမကြီးဘူး၊ ကျုပ်သေမှခက်မယ်၊ သွား ကျုပ်မလိုက်နိုင်ဘူး ခေါ်ချင်တဲ့ဆရာ ခေါ်လို့ပြောလိုက်၊ သူတို့ခေါ်တိုင်းလိုက်ရရင် သေတာကြာလှပြီတဲ့ရှင့် သေတာကြာလှပြီတဲ့၊ ဒါဆရာဝန်တဲ့လား”

“သွားခေါ်တာက ဘယ်အချိန်မို့လဲ”

“ဘာရှိဦးမလဲ၊ ၁ဝနာရီလောက်ရှိဦးမှာပေါ့”

“ဩော်” ဟူ၍သာ ပြောနိုင်တော့လျက် အကြော့မှာ များစွာ အံ့အားသင့်၍ နေလေ၏။

ကိုသက်ထွန်းသည် အလွန်ကြင်နာ ထောက်ထားတတ်သော သဘောရှိသူဖြစ်လျက် မကြင်ခကလေး၏အသက် သေဆုံးရခြင်းမှာ ၎င်း၏အတွက်ဖြစ်သည်ဟု ဆိုခြင်းသည် ယုံနိုင်ဖွယ်မရှိအောင် ဖြစ်နေလေ၏။ သို့သော် ပြောနေသူမှာအခြားမဟုတ်၊ မိမိ၏မိတ်ဆွေရင်းချာဖြစ်၍ နောက်နောက်က မိမိအပေါ်တွင်လည်းကောင်း၊ အခြား သူတစ်ဦးတစ်ယောက်ပေါ်တွင်လည်းကောင်း၊ မဟုတ်မမှန် လုပ်ကြံလီဆယ်ဖူးသည် မရှိသောကြောင့် ၎င်း၏စကားကို ယုံမှားခြင်းမရှိ။ သို့သော် ကြားရချက်ကား နားမသက်သာဖွယ်ရာဖြစ်လှသည်နှင့် တစ်စုံတစ်ရာပြန်မပြောနိုင်ပဲ ငြိမ်သက်စွာပင် နားထောင်နေရလေ၏။

“ဒါနဲ့ လိုက်ရှာရတာပေါ့၊ တခြားဆရာတွေကို ဘယ်သူ့မှ ခေါ်လို့မရဘူး။ နောက်မှ ကိုမြင့်မောင်ကို သတိရတာနဲ့ ဆေးဆိုင်ကို လွှတ်တော့ သရက်တစ်ပင်တို့၊ ထောက်ကြန့်ကုန်းတို့၊ စိန်ကန့်လန့်တို့ အဲဒီရွာတွေကိုသွားပြီး ဆေးထိုးပေးနေတာ ၃-၄ ရက်ရှိပြီ၊ တစ်ခါတလေလည်း ပြန်လာတယ်၊ တစ်ခါတလေလည်း ပြန်မလာဘူးလို့ ပြောလိုက်တယ်။ ဒါနဲ့ ကဲ ပြန်လာရင်ဖြင့် လာလာချင်း အိမ်ကိုလွှတ်လိုက်ပါလို့ မှာခဲ့တယ်။ ည ၁၂နာရီလောက်ကျတော့ သူရောက်လာတာပဲ၊ ရောက်လာတော့ ရောဂါတော့ ကျွမ်းနေပြီ၊ ၂နာရီ ၃နာရီလောက် နောက်ကျသွားတယ်လို့ပြောတာနဲ့ တစ်ခါတည်း အမေက ငိုတာပေါ့၊ ကိုသက်ထွန်းကိုလည်း ဆဲကြတာပေါ့လေ”

“ဒီတော့ ကိုမြင့်မောင်က အကျိုးအကြောင်း မေးတာပေါ့၊ မေးလို့ အကြောင်းစုံ ကျွန်မတို့က ပြောပြတော့ ဘာပြောတယ်မှတ်သလဲ၊ ကိုသက်ထွန်းဘက်က ခုခံပြီး ပြောတယ်ရှင့်ရေ့။ သူ့ခမျာ အကူမရှိဘဲ လုပ်နေရတဲ့အတွက် စိတ်ပျက်ပြီးတော့ ငေါက်ပြောမိတာ ဖြစ်ပါလိမ့်မယ်၊ နဂိုသဘောရင်းတော့ တော်တော်ကောင်းတဲ့ လူပဲတဲ့၊ သူကဒီလိုပြောနေတော့ အမေတို့လည်း မပြောသာတော့ဘူးပေါ့လေ။ သူလည်း မကြင်ခကို ဆေးထိုးပေးသေးတယ်၊ ပြီးပြောသေးတယ်၊ သူအခုမြို့ထဲကို ညတွင်းချင်းပြန်လာတာ ဟိုမှာ ဆေးကုန်နေလို့ ပြန်လာတာတဲ့။ အဲ့ဒါ ဆေးယူပြီး ပြန်မယ်လို့အလုပ်မှာ ကျွန်မတို့က ခေါ်တယ်ဆိုတာနဲ့ ခဏဝင်လာတယ်၊ ဒီကနေပြီး ဟိုရွာတွေကို တစ်ခါတည်း တန်းသွားရဦးမယ်လို့ ပြောတယ်။ သူ့ကြည့်ရတာ သိပ်ပင်ပန်းတာပဲ အကြော့ရယ်”

အကြော့သည်ကား အသက်ကိုမှ မှန်အောင်မရှုနိုင်ဘဲ ရှိလေ၏။ မခင်လှ၏အသံလည်း ဆက်လက်၍ . . .

"ကျွန်မတို့လည်း သူ့ကို သိပ်အားနာတာပေါ့။ ဒါပေမဲ့ ဒီမှာလည်း အသက်ဘေးဖြစ်တော့ မတတ်နိုင်ဘူး၊ မကြင်ခကို ကြည့်နေရတုန်းပဲ တစ်ခါ အမေက အလူးအလဲ ဖြုန်းခနဲ ကောက်ဖြစ်လာပါရော။ ဒါနဲ့ သူက ဆေးထိုးပေးတယ် သူရောက်လို့ ၂နာရီခွဲ လောက်အကြာမှာ မကြင်ခ ဆုံးတာပဲ။ အမေလည်း မနည်းဖြစ်နေပြီ၊ ဒီတော့ကျွန်မတို့လည်း ရူးမတတ်ဖြစ်သွားတာပဲ။ သူက မကြင်ခ အလောင်းကို ညတွင်းချင်း ချပစ်ဖို့ပြောတယ်၊ ကျွန်မတို့မှာလည်း အကြော့သိတဲ့အတိုင်း ယောကျ်ားဆို တစ်ယောက်မှ ရှိတာမဟုတ်တော့ သိပ်သိပ်ခက် နေတာပေါ့၊ ဒါနဲ့ သူကိုယ်တိုင် သုဿန်ကိုထမ်းပြီး ချရှာတယ်၊ အိမ်ပေါ်မှာထားရင် ကျန်တဲ့လူမမာကို စိုးရိမ်ရတယ်ဆိုတာနဲ့ ကျွန်မတို့လည်း အမေမသိရအောင် အခွင့်ပေးလိုက်ရတယ်။ သူက မနက်ကျမှ သရဏဂုံတင်ဖို့ သူစီမံပေးပါ့မယ်၊ ဒါနဲ့တစ်ခါတည်း ဥတိုကို ညတွင်းချင်း ပြောင်းပြေးကြတာပဲ။ ကိုမြင့်မောင်လည်း တောကို တစ်ခါတည်း ဆက်သွားတာပဲ"

"နို့ အကြော့ ဆေးတိုက်ကိုသွားတော့ သူမနက်ကြီးကတည်းက အိပ်နေတယ်ဆိုပါလား"

"ဒါက အဲဒီနေ့မနက် မိုးလင်းတော့လေ၊ မအိပ်ရင်လည်း အကြော့ရယ် သေဖို့သာရှိတော့မှာပဲ၊ ဘယ့်နှယ် နေ့ရောညရော ခရီးပြင်းသွားပြီး ဆေးထိုးပေးနေရတာ၊ ပြီး အဲဟိုညက မကြင်ခကိစ္စ ပြီးတော့ တောကိုဆက်သွား ဟိုက မနက်အစောကြီးပြန်ပြီး ဘုန်းကြီး တစ်ပါးပင့်ပြီး သရဏဂုံ တင်သေးသတဲ့၊ အဲ့ဒီကအပြန် ဆေးတိုက်ကို ခဏဝင်ပြီး အိပ်တာဖြစ်လိမ့်မယ်"

အကြော့မှာဤစကားများကို ကြားရသည့်အခါ ကိုမြင့်မောင်၏ သနားကြင်နာမြင့်မြတ်စွာသော စိတ်ထားရှိခြင်း၊ မိမိ၏ အထင်လွဲခြင်းကို သိရပြီးဖြစ်၍ ဝမ်းသာလာဖို့ဖြစ်သော်လည်း ဝမ်းမသာနိုင်ပဲ ရှိလေ၏။

မိမိ မစူးစမ်းမဆင်ခြင်ပဲ ပြုမိလေပြီ။ ကိုသက်ထွန်းအား ပေးမိသော ကတိကို ယခုမှပြန်၍ နုတ်လျှင် ဖြစ်ပါဦးမည်လော၊ မည်သို့ပြန်၍ နုတ်ရပါမည်နည်းဟု တွေးတောဖွယ်ပေါ်သည့်အလျောက် တွေးတောခြင်းပြုရာ တွေးတောလေလေ ခက်လေလေ ဖြစ်၍ မျက်ရည်များမကျအောင် မနည်းပင် ဣန္ဒြေဆည်၍ထားရလေ၏။ အတန်ကြာမှ မခင်လှတို့နဲ့ နောက် ဘယ်လိုတွေ့ကြတာလဲ၊ သူမမာနေဘူး ဆို"

"ဟုတ်တယ် မမာတာမဟုတ်ပါဘူး။ ကျွန်မတို့နဲ့တွေ့ပုံက ဒီလို၊ တခြားရွာတွေမှာ သူလျှောက်ပြီး ဆေးထိုးပေးနေတော့ ဥတိုမှာ ရောဂါတွေ

ဘာတွေမရှိသေးဘူး။ နောက် ဖြုန်းခနဲ ရောဂါတွေ ဆက်လာတယ်။ သေလိုက်တာ အကြေ့ရယ်၊ မပြောချင်ပါဘူး။ အမေတော့ ကုသိုလ်ကံကောင်းလို့ ပျောက်သွားပါပြီ။ ဒါလည်း ကိုမြင့်မောင် ကျေးဇူးပဲ။ ရောဂါပျံ့လာလို့ နှစ်ရက်လောက်ကြာတော့ သူရောက်လာတာပဲ၊ အဲဒီမှာတစ်ခါတည်း နေ့ရောညပါ ဆေးထိုးပေးရတာပဲ၊ သူနဲ့အတူတူ တခြားဆရာဝန် နှစ်ယောက်တော့ ပါလာပါရဲ့။ နို့ပေမယ့် သူတို့ကတော့ ဖျားနေပြီ၊ ကျုပ်တို့တော့ မလိုက်နိုင်တော့ ဘူးဆိုပြီး ဟိုဘက်ရွာမှာ ညအိပ်ကျန်ရစ်ကြတယ်။ ဒါနဲ့ သူတစ်ယောက်တည်း ဒိုင်ခံပြီး ကုနေရတော့ မအားရရှာပါဘူး အကြေ့ရယ်"

"ဒီကြားထဲမှာ နောက်ဆရာဝန်တွေလိုက်လာပြီး အမှိုက်သရိုက်တွေ မီးရှို့ခိုင်းပါရော၊ ရွာသားတွေကလည်း ရှို့တာပေါ့ ရှို့ရာက မီးထလောင်တာပဲ၊ အနားက ဦးဘိုးကူးဆိုတဲ့ သူဌေးအိမ်ကိုစပြီး လောင်တာပဲ၊ ဦးဘိုးကူးကလည်း ဒူလာငန်းဖမ်းနေလို့ အိပ်ရာက မထနိုင်ဘူး၊ မီးမီးဆိုတော့ လူမမာစောင့်တဲ့ လူတွေအကုန် ကမန်းကတန်း ဆင်းပြေးလာကြတော့တာပေါ့။ နောက်မှ ဦးဘိုးကူးကို သတိရလို့ အော်ကြဟစ်ကြတော့ အိမ်ကိုစွဲနေပြီ။ အားလုံးလက်ပိုက်ပြီး ကြည့်နေကြတယ်။ အဲဒီအတောအတွင်းပဲ ကိုမြင့်မောင် ရောက်လာပြီး တစ်ခါတည်းအိမ်ပေါ်တက်တာပဲ၊ အို လူတွေဆိုတာ မပြောနဲ့တော့။ ဘုရား ဘုရားနဲ့နေတာပဲ။ နောက်ဦးဘိုးကူးကို မီးထဲက ထမ်းပြီးထွက်လာတယ်၊ ရပ်နေတဲ့လူတွေကို ဦးဘိုးကူးကို တစ်ဆင့် လှမ်းပြီးပေးလိုက်လို့ သူလည်းမီးထဲက ထွက်လာမယ်လည်းလုပ်ရော တစ်ခါတည်း တိုင်ကြီးတစ်လုံး ဝုန်းခနဲကျလာတာ ခြေထောက်နဲ့ သီသီကလေးပဲလိုသွားတယ်။ သူလည်း လဲကျသွားတာပဲ။ ဒါနဲ့ပြေးပြီး ဆွဲထူကြတော့ ခြေထောက်လည်သွားပြီး လဲတဲ့နေရာမှာ သံပြား စောင်းကြီးက အောက်ကခံနေတော့ ရှုလိုက်တာ နဖူးနဲ့ပါးကို ကန့်လန့်ဖြတ်ကြီး ဖြစ်နေတာ တွေ့ရတယ်။ ကံကောင်းလို့ မျက်လုံးပေါက်မသွားတယ်၊ သူလည်း သတိမရတော့ဘူးပေါ့လေ။ အဲဒါနဲ့ ကျွန်မတို့ အိမ်ပေါ်ဆွဲတင်သွားရတယ်၊ အဲဒါအခုထက်ထိ မျက်လုံးကို ကောင်းကောင်း မဖွင့်နိုင်သေးဘူး။ အနာတော့ကျက်လုနီးပါပြီ။ ခြေထောက်တော့ ဒီတစ်သက်မှာ ကောင်းကောင်းထောက်နိုင်တော့မှာ မဟုတ်ဘူး"

"အဲဒါနဲ့ သူ့ကို ဒီဆေးရုံပို့မယ်လုပ်တော့ နေပါစေတဲ့၊ မြို့ပေါ်မှာ လူမမာတွေ ဆရာဝန်မနိုင်အောင်ဖြစ်နေတာ သူတစ်ယောက်သွားရင် အပိုတာဝန်ပေးရာကျနေပါ့မယ်တဲ့၊ တကယ်လို့ ပို့ချင်းပို့ရင် ဦးဘိုးကူးကို ပို့လိုက်ပါဆိုလို့ ဦးဘိုးကူးကို ဒီဆေးရုံပို့ထားရတယ်။ သူ့တော့ဖြင့် ရွာကဝိုင်းပြီး ရှိခိုးတာပဲ၊ ရွာမှာရောက်နေတဲ့ ဆရာဝန်တွေဟာလည်း အံ့ရော အံ့ရော သိပ်သတ္တိကောင်းတာပဲ၊ ကျွန်တော်တို့သာဖြင့် သူ့လိုလုပ်ဝံ့မှာ မဟုတ်ဘူးလို့ ပြောကြတယ်"

အကြော့မှာကား ဆက်၍ မကြားဝံ့အောင်ပင် ရှိလေ၏။ ဆက်၍ကြားရလျှင် ရုတ်တရက် ရူး၍ သွားလိမ့်မည်ဟုပင် အောက်မေ့မိလေ၏။ သို့သော် မခင်လှမှာ ပြောစရာ မကုန်သေးသကဲ့သို့

"အဲဒီလို မေ့တစ်ချက် မြောတစ်ချက်နဲ့ သူများအတွက် စွန့်စားခဲ့လို့ အသက်ဘေးကြီးကိုတောင် စိုးရိမ်နေရတဲ့အထဲမှာ သတိရလာတိုင်း ရလာတိုင်း အကြော့ အကြော့နဲ့ အကြော့ကိုလည်း တ တနေတာပဲ။ ကျွန်မဖြင့်မျက်ရည်တောင်ကျမိတယ်၊ ကျွန်မ အကြော့ဆီကို အကျိုးအကြောင်း စာရေးပြီး ပေးမယ်လေလို့ ပြောတော့ မလုပ်ပါနဲ့ မခင်လှ၊ မလုပ်နဲ့ သူ့ဖခင်ကြီးဆီမှာ ကတိကြီးခံထားတာရှိတယ်၊ သူ့ဖခင်ကြီး မရှိပြီရယ်လို့ ကတိမဖျက်ပါရစေနဲ့လို့ သူက အတန်တန်ပြန်ပြီး တောင်းပန်နေ သေးတယ်။ ဒါကြောင့် ကျွန်မလည်း သူ့ကို မဆန့်ကျင်ချင်တာနဲ့ အသာကလေးနေခဲ့ရတာပဲ။ အဲတစ်နေ့ကတော့ မခင်လှ ကျွန်တော်တော့ မျက်လုံးကို ကောင်းကောင်းဖွင့်လို့ မရသေးဘူး၊ ဒီနေ့ အကြော့ဆီကို စာကလေးတစ်စောင် ရေးချင်တယ်၊ မခင်လှပဲ ရေးပေးစမ်းပါ၊ ကျွန်တော့်ပါးစပ်က ပြောပြပါမယ်လို့ ပြောတာနဲ့ ကျွန်မက ကဲကဲ ကိုမြင့်မောင် ရေးချင်တာကိုပြော၊ ကျွန်မ အကြော့ဆီ အရောက်ပို့ပေးမယ်လို့ ပြောပြီး စာရွက်ယူလာတယ်"

"ဒီတော့ သူက ရှိသေစွာအစီရင်ခံပါသည် ဒေါ်လေးခင်ဗျာလို့ စပြီး အရေးခိုင်းတာကိုး၊ ကျွန်မလည်း အံ့ဩသွားပြီး ဘယ့်နှယ်လဲ အကြော့ဆီ ရေးမယ်ဆိုပြီး ဘယ့်နှယ်ဒေါ်လေးဆီရေးတာလဲလို့ မေးတာပေါ့။ ဒီတော့ သူက မဟုတ်ဘူး မဟုတ်ဘူး အကြော့ဆီကို ဘာစာမှရေးခွင့်မရှိဘူး၊ ရေးစရာရှိရင် ဒေါ်လေးကတစ်ဆင့် ရေးရမယ်၊ ဦးက ဒီလိုတော့တိုက်ရိုက်မှာမသွားဘူး။ နို့ပေမယ့် ဒီသဘောပါပဲ၊ ဒါကြောင့် ခံယူထားတဲ့ ကတိမဖျက်ချင်ဘူး၊ ရေးပါ ဒေါ်လေးဆီပဲ တစ်ဆိတ်ရေးပေးပါလို့ ပြောတယ်။ ကျွန်မဖြင့် သိပ်အံ့ဩတာပဲ၊ ဒီလူဟာ ဘုရားလောင်းမို့ အခုလောက်တောင် သစ္စာကတိ တည်မြဲရတာ လားလို့ အောက်မေ့တာပဲ၊ သူပြောတဲ့အတိုင်း ကျွန်မရေးလိုက်တယ်၊

နောက်တော့ ဘကြီးအောင်ဒွန်းကို လွှတ်လိုက်ရတာပဲ" "နောက် ဘကြီးအောင်ဒွန်းလက်ထဲမှာ စာပါလာလို့ ကိုမြင့်မောင်ကို ပြောပြတော့ မခင်လှ တစ်ဆိတ်ဖတ်ပြစမ်းပါ၊ ကျွန်တော်ကိုယ်တိုင် ဖတ်ချင်ပေမယ့် မျက်စိက ဖွင့်လို့မရဘူးလို့ ဆိုတာနဲ့ ကျွန်မလည်း ဖွင့်ဖတ်လိုက်တော့ အကြော့ သူ့ကိုပယ်လိုက်တာကို တွေ့ရတာပဲ၊ သူကတော့ အတော်ကြာ စဉ်းစားပြီးမှ မခင်လှ တစ်ဆိတ်ကျေးဇူးပြုပြီး တစ်ခေါက်ပြန်ဖတ်လိုက်စမ်းပါဦးလို့ ဆိုတာနဲ့ ကျွန်မလည်း နောက် တစ်ခေါက် ဖြည်းဖြည်းဖတ်ပြတယ်။ အတော်ကြာကြီးပဲ စကားမပြောဘူး၊ နောက်တော့မှ အင်း ကိုသက်ထွန်းတော့ ကံကောင်းတာ ပဲလို့ပြောတယ်၊

ကျွန်မလည်း သူဘာပြောမလဲလို့ စောင့်စားနားထောင်နေတာ သူ့အတွက်တော့ ဘာမှမပြောဘဲ ကိုသက်ထွန်း ကံကောင်းတာသာ ပြောသံကြားရတော့ သိပ်ပြီးအံ့ဩသွားတယ်"

"အကြော့ကို ဆုံးရှုံးရတဲ့အတွက် သူ့မှာဘယ်လိုများ ထူးခြားသွားသလဲလို့ ကျွန်မလည်း စောင့်ကြည့်နေတာပဲ၊ တော်တော်ကလေး ကြာတော့ 'မခင်လှ မခင်လှ' လို့ လှမ်းပြီး ခေါ်နေပြန်တာနဲ့ "ရှင်" လို့ ထူးလိုက်တော့ "တစ်ဆိတ် အကြော့ပေးလိုက်တဲ့ စာရွက်ကလေးကို ပေးစမ်းပါ၊ ကျွန်တော့် မျက်စိပြန်ကောင်းလာတော့ ဖတ်ချင်တယ်" လို့ အသံတုန်တုန်ရီရီနဲ့ ပြောတာနဲ့ ကျွန်မလည်း လက်ထဲထည့်လိုက်တယ်။ စာရွက်ကလေးကို ရင်ဘတ်ပေါ်တင်ပြီး မလှုပ်မယှက် နေလိုက်တာ အကြော့ရယ် အကြာကြီးပဲ၊ အတော့်ကိုကြာတယ်။ နောက်တော့မှ 'မခင်လှ"လို့ ခေါ်ပြန်တယ်၊ ပြီးဘာပြောတယ် မှတ်သလဲ။

"မခင်လှ မခင်လှ၊ အကြော့ဆီရောက်အောင် မသွားနိုင်ဘူးလား၊ ကျွန်တော် တစ်ခုပေးလိုက်ချင်တယ်'လို့ ပြောတာကိုး၊ ကျွန်မက "ကိုမြင့်မောင် သွားစေချင်ရင် သွားပေးမှာပေါ့၊ ပေးချင်တာ ပေးလေ"လို့ပြောတော့ သူ့လက်က လက်စွပ်ကို ချွတ်ပေးတယ်၊ ပြီး "ဒါကျွန်တော့် အမေရဲ့အမွေအနှစ်ပဲ၊ ကျွန်တော့်မှာ ဒါထက် အဖိုးတန်တာ အမြတ်တနိုးထားတာ မရှိဘူး၊ မူလကတည်းက အကြော့အတွက် ရည်မှန်းလာခဲ့တယ်၊ အဲဒါ ကျွန်တော်က လက်ဖွဲ့လိုက်တဲ့ အကြောင်း ပြောပြီးပေးစေချင်ပါတယ်၊ တခြားထွေထွေရာရာ မပြောပါနဲ့၊ သူစိတ်မကောင်း ဖြစ်နေလိမ့်မယ်၊ အကြော့ စိတ်မကောင်း နည်းနည်းမှ မဖြစ်စေချင်ဘူး၊ ကျွန်တော့်အကြောင်းမေးရင် မင်္ဂလာဆောင်ကို လူကိုယ်တိုင်မလာနိုင်တဲ့ အကြောင်းရှိနေလို့ မှာလိုက်တဲ့ အကြောင်းလောက်သာ ပြောပြပေးပါ၊ ပြီး ဦးဘိုးကူးဆီကလည်း ဘယ်လိုမှသတင်းမရဘူး၊ အဲဒါလည်း ဝင်ပြီးမေးခဲ့ပါဦး၊ ကျွန်တော့်အကြောင်း အကြော့ကမေးရင် မလာနိုင်တဲ့အကြောင်းလောက်သာ ပြောပါ၊ ပြီးဘယ်တော့ လက်ထပ်မယ်ဆိုတဲ့ဟာလည်း သိပါရစေတဲ့၊ ရော့ လက်စွပ်ဆိုတာ ဒါပဲ။ သူ့လက်ကချွတ်ပေးလိုက်တာ၊ အကြောင်း အစုံအလင်တော့ ကျွန်မတော့ မနေနိုင်လို့ အကုန်ဖွင့်ပြောတာပဲ၊ အကြော့ကို ဒီလိုဖွင့်ပြောတာ သူသိရင် စိတ်ကောင်းမှာမဟုတ်ဘူး၊ ဒါပေမဲ့ ကျွန်မမပြောရရင် ဟစ်ငိုမိမလား မပြောတတ်ဘူး၊ သူဒီလို ပြောနေတာတွေကြားရတော့ ကျွန်မဖြင့် ရင်ထဲမှာ အလိုလို လှိုက်လှိုက်ပြီး ဝမ်းနည်းလာတာပဲ၊ အကြော့တော့ဖြင့် ဘယ်လိုနေမယ် မသိဘူး"

အကြော့မှာကား မိမိ၏အမှားကို သိမြင်စကပင် မျက်ရည်များ ရစ်ဝဲလျက်ရှိပြီးဖြစ်လေ၏။ မိမိ၏စာကို ရ၍ ကိုမြင့်မောင်တွင် အရေးနိမ့် လေပြီဟု သိသည့်တိုင်အောင် မိမိ၏အပေါ်၌ အချစ်မပြယ်သေး၊ တစ်သက်တွင် အမြတ်တနိုး ထားခဲ့သော လက်စွပ်ကလေးကို ချွတ်၍ ပေးလိုက်ကြောင်း

ကြားသိတွေ့မြင်ရသောအခါ၌မူကား ဣန္ဒြေမဆည် နိုင်တော့ပဲ မျက်နှာကို လက်နှစ်ဖက်ဖြင့် အုပ်ကာ ရှိုက်ကြီးတငင် ငိုကြွေးမိလေ၏။ "အကြော့မှားပြီး အကြော့ အထင်လွဲမိပြီ" ဟူသော အသံများသည် ရှိုက်သံများကြားမှ သနားဖွယ်ရာ ထွက်ပေါ်လာလေ၏။

မိုတ်ထားသော မျက်စိများသည် ကိုမြင့်မောင်၏ မြင့်မြတ်သော မျက်နှာအမူအရာကို ထင်ရှားစွာ မြင်နေရလေ၏။ တစ်ဖန် ကိုသက်ထွန်း၏ မျက်နှာကိုလည်းကောင်း၊ ဖခင်ကြီး၏ မျက်နှာကို လည်းကောင်း မြင်ရပြန်လေ၏။ ကိုမြင့်မောင်သည် မိမိဖခင်ကြီး မိန့်မှာသွားသော စည်းကမ်းချက်တို့ကို မည်သည့်အခါမျှ ဖောက်ဖျက်ဖူးသည်မရှိ။ ဖောက်ဖျက်သည်ဟု မိမိတို့ယူဆမည်ဆိုး၍ပင် မိမိတို့ထံ ရှင်းလင်းဖော်ပြချက် စာတစ်စောင်သော်မှ ရေးပေးခြင်းမရှိခဲ့။ ထိုမျှလောက်ပင် စိတ်ချယုံကြည်သူဖြစ်ပါလျက် မိမိ အထင်လွဲမှားမိလေပြီ။ စင်စစ်သော်ကား ကိုသက်ထွန်းသည် မကြင်ခကလေးအား သေစေခဲ့ သူဖြစ်၏။ မိမိဖခင်၏ စကားကို ကျူးလွန်ကာ မိမိအား ၎င်းကိုကြိုက်ရန် သွေးဆောင်ခဲ့သူဖြစ်၏။ ကိုသက်ထွန်းတွင် ကိုမြင့်မောင်၏ စွန့်စားစိတ်၊ အနာခံစိတ်၊ မေတ္တာစိတ်မျိုး မရှိ၊ သို့ဖြစ်၍လည်း မိမိဖခင်ကြီးက ကိုသက်ထွန်းထက် ကိုမြင့်မောင်အား ပိုမို၍ ချီးမွမ်းခဲ့၏။ ယခုသော် မိမိမှာ သူတော်ကောင်းကြီး တစ်ယောက်ကို အထင်လွဲ ခဲ့လေပြီ၊ ပြစ်မှားခဲ့လေပြီ၊ မီးပုံကြီးကို ပစ်၍ ပိုးစုန်းကြူးမှ မီးညှိရန် ကြံမိမှားခဲ့လေပြီ။ ယခု မည်ကဲ့သို့ ပြုရတော့မည်နည်း၊ ကိုသက်ထွန်း အား ငြင်းပယ်လိုက်ရမည်လော၊ ကိုသက်ထွန်း လူကြီးစုံညီနှင့် လာရောက်တော့မည့်အချိန်မှာ နာရီပိုင်းလောက်သာ ရှိချေတော့သည် စသဖြင့် တစ်ခုပြီးတစ်ခု ဆက်ကာဆက်ကာ တွေးတောမိသောကြောင့် သာ၍ပင် အတွေးရ အကြံရကျပ်ကာ ရှိုက်ရှိုက်၍သာ ငိုကြွေးရလေ တော့၏။

မခင်လှလည်း အကြော့အား တစ်စုံတစ်ရာ အားပေးခြင်းမပြုနိုင်ပဲ မျက်ရည်ကလေးများဝဲလျက် ကြည့်နေမိလေ၏။ အကြော့သည် ကိုသက်ထွန်းအား တောင်းရမ်းလှည့်ပါတော့ဟု ပြောလိုက်ခြင်းမှာ ကိုမြင့်မောင်ကို မုန်း၍မဟုတ်၊ အထင်လွဲ၍ပြောမိခြင်းသာ ဖြစ်ကြောင်းကို ကောင်းစွာရိပ်မိလေ၏။ ယခု ကိုမြင့်မောင်၏အကြောင်းကို ကောင်းစွာ သိရသောအခါတွင် အကြော့မှာ ကိုသက်ထွန်းအပေါ်၌ စကားလွန်မိနေသည်ဖြစ်၍ မချိတရိဖြစ်နေရှာသည်ကို ကောင်းစွာ သိလေ၏။ သို့သိသည့်အလျောက် အကြော့အား များစွာ ကူညီချင်လေ၏။ သို့သော် မည်သို့ ကူညီရမည်ကို စဉ်းစား၍ မရသဖြင့် ဒေါ်လေးနှင့် တိုင်ပင်ရသော် ကောင်းအံ့ဟူသောအတွေးဖြင့် အောက်ထပ်သို့ ဖြည်းညင်းစွာ ဆင်း၍လာခဲ့လေ၏။

အကြော့မှာမူ အထင်မှားခြင်း၊ အဆုံးဖြတ်လွဲခြင်းတို့ကိုသာ အဖန်တလဲလဲ

အပြစ်တင်ကာ ညနေဘက် ကိုသက်ထွန်းလာလျှင် မည်သို့ပြုလုပ်ရပါမည်နည်းဟု မျက်ရည်စက်လက်ဖြင့် စဉ်းစားနေရသည့်အတွက် မခင်လှ မိမိ၏အပါးမှ ထ၍ သွားသည်ကိုပင်မသိလိုက်ပဲရှိလေ၏။

မည်မျှလောက် ကြာမြင့်စွာ ရှိုက်ကြီးတငင် ငိုယို၍ နေမိသည်မသိ မိမိ၏ပခုံးပေါ်သို့ လက်တင်ပြီး ကိုယ်ကိုလှုပ်ကာ "တူမကြီး တူမကြီး' ဟု ခေါ်သံကြားမှ ဒေါ်လေးရောက်လျက်ရှိခြင်းကို သိမြင် တော့လေ၏။

"တူမကြီး ဒီလောက်တောင် ဝမ်းနည်းမနေပါနဲ့" ဟု ဒေါ်လေး ဖြစ်သူက ပြောနေသည့်တိုင်အောင် အကြော့မှာ မျက်ရည်တွေတွေ ကျလျက် ရှိုက်ကြီးတငင် ငိုယိုလျက်ပင်ရှိလေ၏။

"ဟုတ်သားပဲ အကြော့ရယ် ဒီလောက်တောင်ပဲ ဝမ်းနည်းမနေပါနဲ့ စိတ်ကိုဖြေမှပေါ့" ဟု မခင်လှက ဝင်၍ပြောလေရာ ၎င်း၏ အသံမှာ အလွန်တုန်ရီ၍ နေလေ၏။

ဒေါ်လေး၏လက်သည် အကြော့၏ကျောပြင်ကို ညင်သာစွာပွတ် သပ်လျက်ရှိလေ၏။ ထိုမှတစ်ဖန် မိမိတူမ ပူဆွေးသောက ရောက်နေခြင်းကို မသိရှာသည့်အလျောက် ခါတိုင်းကဲ့သို့ပင် ရွှင်ရွှင်ပျပျမှတ်၍ နဖူးပြင်ပေါ်၌ လှပဝေဆာစွာပြန့်ကျဲနေသော ဆံပင်ကလေး များကို သိမ်းသွင်း၍ ပေးလေ၏။

"တူမကြီး ဘယ်လိုစိတ်ကူးသလဲ အဒေါ်တို့ကို ပြောပြဦး" ဟု ဒေါ်လေးက ဖြည်းညင်းစွာ မေးလေ၏။

"အကြော့တော့ မပြောတတ်ဘူး ဒေါ်လေးရယ်၊ ဒေါ်လေး ဘယ်လိုသဘောရသလဲ"

"ဒါက တူမကြီးကိစ္စကိုအော့၊ တူမကြီးပဲပြောမှပေါ့"

အကြော့သည် မည်ကဲ့သို့ ပြုလုပ်ရမည်ကိုမသိ၊ မကြံတတ် မစည်တတ်၊ ကိုမြင့်မောင်အပေါ်တွင် အထင်လွဲမှားမိခြင်းအတွက် များစွာ ယူကျုံးမရရှိနေခြင်းကိုသာ သိလေ၏။

"အကြော့ ဘယ်လိုသဘောရတယ်ဆိုတာ ပြောလေ၊ ဒီတော့ ဒေါ်လေးကလည်း သူ့အကြံအစည်ကို ပြောပြလိမ့်မပေါ့"ဟု မခင်လှက ဝင်၍ ထောက်လေ၏။

အကြော့သည် မျက်ရည်များဝဲလျက်ရှိသော မျက်လုံးဖြင့် နှစ်ယောက်စလုံးကို ကြည့်ကာ ခေါင်းခါလေ၏။

"ကဲ ဒါဖြင့် ဒေါ်လေးစီမံရာ နာခံမလား"ဟု မေးရာ အကြော့သည် ခေါင်းညိတ်၍ပြလေ၏။ ဤတွင်

"ကိုင်း - ဒါဖြင့် မောင်သက်ထွန်းကိုလည်း ပြောပြီး ဆိုပြီးဖြစ် နေပြီ၊ အခု ၄ နာရီ အတွင်းမှာ လူကြီးစုံညီနှင့် လာကြတော့မယ်၊ ဒီတော့ အားလုံး မျက်နှာပျက်စရာ ဖြစ်ကုန်လိမ့်မယ်၊ ဂုဏ်နဲ့သရေနဲ့ နေကြတဲ့ လူတွေဖြစ်တော့ စကားဖျက်လို့မတော်ဘူး၊ မောင်သက်ထွန်း မှာလည်း နောက်ဆုံးမတော့ အကြော့တို့အဖေက တော်တယ်ရယ်လို့ ဝင်ခွင့် ထွက်ခွင့် ပေးထားတဲ့ လူငယ်တစ်ယောက်ပဲ။ ဒါကြောင့် တူမကြီး ရွေးချယ်ပြီးဖြစ်မိတဲ့အတိုင်း သူ့ကိုပဲ ပေါင်းသင်းပေတော့။ မောင်မြင့်မောင်အတွက်တော့ အကြော့ကို တစ်သက်လုံး မိတ်ဆွေကြီး တစ်ယောက်အဖြစ်နဲ့ စောင့်ရှောက်မှာပဲ"ဟူ၍ ဒေါ်လေးဖြစ်သူက ပြောသည်တိုင်အောင် အကြော့မှာ မတုန်မလှုပ် ကျောက်ရုပ်အသွင် ရှိနေသည်အတွက်

"ဘယ့်နှယ်လဲ အကြော့ရဲ့၊ အကြော့သဘောကိုလည်း ပြောဦးလေ" ဟု ထပ်၍မေးလေ၏။

"အကြော့ မပြောတတ်ဘူး အကြော့မှားပြီ၊ အကြော့ သူ့ကို အထင်မှားမိပြီ၊ အကြော့ သူ့ကို ဘယ်လိုတောင်းပန်ဝန်ချရမလဲ၊ အကြော့ သူ့ကိုတွေ့ချင်တယ်။ တွေ့ပြီး တောင်းပန်ဝန်ချချင်တယ်" ဟု လွန်စွာတုန်ရီသော အသံဖြင့် ပြောလေ၏။

"ဒါကတော့ လွယ်ပါတယ် တူမကြီးရယ်၊ သူမလာတော့ခေါ်တာပေါ့၊ သူ့မှာလည်း မိတ်ဆွေအရင်းအချာအဖြစ်နဲ့ ဆက်လက် စောင့်ရှောက်ဖို့ တာဝန်ကရှိသေးတာ၊ မလာဘဲဘာနေနိုင်မလဲ လာမှာပေါ့၊ လာတော့ တူမကြီးပြောချင်တာပြောတာပေါ့၊ ဒီနေ့ညနေတော့ တူမကြီး ဒါတွေ မေ့ပျောက်ပြီး"

"အို အကြော့တစ်သက်လုံးမေ့နိုင်မှာ မဟုတ်ဘူး။ အကြော့မှားပြီ လူကဲခတ်လွဲပြီ။ အကြော့တစ်သက်လုံး တစ်သက်လုံး"ဟူ၍ ဆက်ပြီး မပြောနိုင်ဘဲ ရှိုက်၍ ရှိုက်၍ ငိုနေသည့်အတွင်း

"အဲဒါကြောင့် တစ်သက်လုံး စိတ်ဒုက္ခမရောက်ရအောင် မေ့ဖျောက်ပစ်လိုက်ပါလို့ ဒေါ်လေးပြောတာပေါ့၊ အကြော့ ဒီလို နောင်တတစ်ဖန်ရလို့ မောင်မြင့်မောင်ကို တောင်းပန်ချင်တယ်ဆိုရင် နောင်အေးအေးလူလူရှိတော့ တောင်းပန်တာပေါ့၊ ကဲ တိတ်ပါတော့ တူမကြီးရယ် တိတ်ပါ" ဟု အတန်တန်ချော့မော့လျက်နေသောကြောင့် အကြော့မှာဇက်ကို ချိုးနှိမ်ထားဘိသကဲ့သို့ ခေါင်းကလေးကို ငုံ့ထား ပြီးလျှင် ရှိုက်၍သာနေလေ၏။

သို့ဖြင့် ၁၂နာရီထိုးခဲ့လေ၏။ကိုသက်ထွန်း လူကြီးများနှင့်

လာရောက်မည့်အချိန်မှာ ၄-၅ နာရီမျှသာ လိုတော့ရာ ယခုမှ ကိုသက်ထွန်းကို မယူနိုင်တော့ပြီဆိုလျှင် မဖြစ်နိုင်တော့ပြီ ဖြစ်သောကြောင့် မိမိအမှား၏ ဒဏ်ကို မိမိတစ်သက်လုံး တစ်ဦးတည်း ကျိတ်၍ခံယူဖို့ရန် စိတ်ပိုင်းဖြတ်လျက် ဤတစ်သက်တွင်လည်း ဤ ရက် ဤအခါမှစ၍ မိမိအဖို့တွင် ပျော်ရွှင်နိုင်ဖွယ်မရှိပြီ။ မိမိမှာ လင်စံရွေးခါမှ လင်ခွေးနှင့်ညားရတော့မည်ဖြစ်သဖြင့် လင်ဆိုးမယား တဖားဖားဟူသော စကားမှာ မိမိအဖို့ မည်မျှလောက် ဟုတ်မှန်မည်ကို အတည်တကျ မသိရတိုင်း များစွာ စိတ်စက်လေးလံ၍နေလေ၏။ ထိုလေးလံသောစိတ်သည် ယနေ့ တစ်နေ့အတွက်သာမဟုတ် တစ်သက်ပတ်လုံးအတွက် ဖြစ်ပါတကားဟူ၍ စဉ်းစားကြည့်မိသည့်အခါ တွင်ကား မျက်ရည်ပေါက်ကြီးများသာ တဖြိုင်ဖြိုင် စီးဆင်းလာတော့လျက် ပင့်သက်ကလေးကိုသာ အနိုင်နိုင် ရှူရလေတော့၏။

နောက်ဆုံး အကြော့၏ ခေါင်းကလေးထောင်၍ မျက်နှာကလေး ပေါ်လာသည်ကို တွေ့မြင်ရသောအခါ အကြော့သည် မိမိ၏စိတ်နှင့် မိမိ၏ကိုယ်ကို တစ်ခုစီခြားလျက် စိတ်ကို ကိုမြင့်မောင်အဖို့၊ ကိုယ်ကို ကိုသက်ထွန်း အဖို့ရာထားလိုက်ပြီဟူသော အမှတ်လက္ခဏာကို ပါးနပ်သော ဒေါ်လေးနှင့် သူငယ်ချင်းဖြစ်သူ မခင်လှတို့မှာ ထင်လင်းစွာမြင်ကြရသည့်အတွက် ရင်ထဲ၌ ဆို့တက်လာမိသည်ကိုပင် ကာယကံရှင် မသိအောင် နှစ်ဦးသားကျိတ်ပြီး ဖိနှိပ်၍ချလိုက်ရလေသတည်း။

[၅]

## ကျွဲတစ်ယောက်၏ပျော်ရွှင်ခြင်း

ကိုသက်ထွန်းမှာကား အတိုင်းမသိ ပျော်ရွှင်လျက် ရှိနေပေ၏။ ဣန္ဒြေသိက္ခာနှင့် လိမ္မာရေးခြား သားနားလှပစွာရှိသော ဤမိန်းမပျိုကလေး တစ်ဦးအား မယားအဖြစ်ဖြင့် ချောမောစွာ ရရှိခဲ့ခြင်းသည် ၎င်း၏အဖို့ရာ၌ ဤတစ်သက်တွင် မနှိုင်းယှဉ်ရာသော လာဘ်ထူးကြီးကို ရရှိခဲ့ခြင်းပင် ဖြစ်သောကြောင့် ထူးကဲစွာ ပျော်ရွှင်နေခြင်းဖြစ်လေ၏။ ကိုမြင့်မောင်နှင့် နှစ်ယောက် ယှဉ်ပြိုင်၍ အရွေးခံရာတွင် ၎င်းအား အကြော့က အနိုင်ပေး၍ ရွေးချယ်ခြင်းသည် လူစွမ်းလူစ တူမျှကြ၍ ဖြစ်သည့်အပြင် အကြော့ကိုယ်တိုင်က ၎င်း၏အပေါ်၌ စေတနာ အထူးညွတ်၍ ဖြစ်သည်ဟု ယူဆလေ၏။ ယခုသော် ယခင်က တစိုး ရိမ်ရိမ် တကြောင့်ကြကြ ဖြစ်နေရသောအကြော့ကို လုံးဝပိုင်ဆိုင် လေပြီဖြစ်သောကြောင့် လောကတွင် တောင့်တဖွယ်ရာမရှိ၊ ပူပန် ဖွယ်ရာမရှိ၊ မိမိ ရည်ရွယ်ချက်ပြည့်ပြီတကားဟု အားရဝမ်းသာ ဖြစ်နေရှာခြင်း ဖြစ်လေ၏။

"အကြော့မှာကား မိမိအဖြစ်ကို မိမိသာလျှင် သေချာစွာသိသောကြောင့် များစွာဝမ်းနည်းလျက် ရှိနေလေ၏။ ဖခင်ဖြစ်သူက ဤနှစ်ဦးတွင် တစ်ဦးဦးနှင့် အကြောင်းဆက်ပေါင်းဖက်၍ အခြားတစ်ဦးနှင့် မိတ်ဆွေဖြစ် ဆက်ဆံရစ်ဟု ပြတ်ပြတ်သားသား မှာကြားခဲ့သည် ဖြစ်ပါလျက် မိမိမှာထိုသို့ ရှင်းလင်းပြတ်သားစွာ ရွေးချယ်ခြင်းမပြုနိုင်ခဲ့ပဲ စိတ်ကိုတစ်ဦးအား ပေးအပ်လျက် ကိုယ်ကိုအခြားတစ်ဦးအား ပေးမိလျက်သားဖြစ်နေသည်ကို တွေ့ရသောကြောင့် များစွာစိတ်မချမ်းမသာ ဖြစ်နေရရှာလေ၏။

ကိုသက်ထွန်းမှာ ကိုယ်ကိုအပိုင်ရသူဖြစ်၍ ကိုမြင့်မောင်မှာ စိတ်ကိုအပိုင်ရသူဖြစ်သော်လည်း ကိုသက်ထွန်းသည် မိမိအပိုင်ရ ခြင်းမှာ ကိုယ်မျှသာဖြစ်သည်ဟု အလျှင်းမသိ၊ ကိုမြင့်မောင်မှာမူ အကြော့၏ မထိမတွေ့နိုင်သော စိတ်ကိုသာလျှင် မိမိအပိုင်ရကြောင်း မခင်လှကတစ်ဆင့် ပြောပြလျှင် သိရှိနိုင်မည်ဖြစ်လေ၏။

သို့သော် ထိုသို့ဖြစ်ကြောင်းကို ကိုမြင့်မောင်လည်း သိမည် မဟုတ်။ မူလက ကိုမြင့်မောင်၏ လက်ဖွဲ့ပစ္စည်း လက်စွပ်ကလေးကို မခင်လှ ယူလာရာတွင် ကိုမြင့်မောင်သည် မခင်လှအခြားအကြောင်းအရာတို့ကို လျှောက်၍ ပြောလိမ့်မည်ဟု မထင်ခဲ့။ တစ်စုံတစ်ရာ ဘာတခုမှ မပြောဘဲ လက်ဖွဲ့ပစ္စည်းဟူ၍ ပေးရုံသာပေးလျက် မင်္ဂလာဆောင်သို့ လူကိုယ်တိုင် မလာရောက်နိုင်သည့်အတွက် ဝမ်းနည်းကြောင်းလောက်သာ ပြောဖို့ရန် မှာကြားလိုက်ခြင်းဖြစ်၍ မခင်လှသည်

လက်စွပ်ပေးခဲ့ပါပြီဟူ၍ သာလျှင် ကိုမြင့်မောင်အား ပြန်၍ပြောပြနိုင်လိမ့်မည်ဖြစ်လေ၏။ ထို့ထက်တိုး၍ မိမိ၌ အကြောင်းအမှန်တို့ကို ကြားသိရသည့်အခါ မိမိ၏ အမှားကိုသိ၍ ကြီးစွာနောင်တရ ကြောင်းတို့ကို ထည့်၍ မပြောရန် မိမိ၏ ဒေါ်လေးဖြစ်သူက မခင်လှအား အတန်တန်မှာကြား နှုတ်ပိတ်လိုက်သောကြောင့် မခင်လှသည် ထွေထွေထူးထူး ပြောလိမ့်မည်မဟုတ်၊ မပြောလျှင် ကိုမြင့်မောင် သိမည်မဟုတ်၊ ဤမျှလောက် ကြာမြင့်အောင် အချိန်ယူ၍ မိမိစဉ်းစား ချင့်ချိန်ခဲ့လေသမျှ အလဟဿဖြစ်ရလေပြီတကားဟု များစွာဝမ်းနည်းခြင်း ဖြစ်မိလေ၏။

ကိုသက်ထွန်းအား မိမိ၏စိတ်ကို မအပ်နှင်းနိုင်သည့်အတွက် ဝမ်းနည်းခြင်းမရှိသော်လည်း ကိုမြင့်မောင်အား မိမိကိုယ်ကို သိမ်းယူနိုင်ခွင့် မပေးရဘဲ ရှိသည့်အတွက်သော်ကား များစွာဝမ်းနည်းခြင်း ဖြစ်မိပြီးလျှင် ကိုမြင့်မောင်ကို လူကိုယ်တိုင် မမြင်မတွေ့ရစေကာမူ ၎င်း၏အကြောင်းကို ကြားနေရသော် သက်သာလိမ့်မည်ဟု ထင်မှတ်ကာ မခင်လှ ပေါက်လာပါစေဟု ဆုတောင်းမိလေ၏။

မခင်လှပြန်သွားသည်မှာ မိမိနှင့်ကိုသက်ထွန်း လက်ထပ်သည့်ညကပင်ဖြစ်၍ ၁၀ရက်မျှ ကြာရှိခဲ့ပြီဖြစ်လေ၏။ သို့သော် ကိုမြင့်မောင်၏ သတင်းဟူ၍ ဘာသံမျှ မကြားရသည့်အတွက် အကြော့မှာ သာ၍ပင် စိတ်မချမ်းသာနိုင်ဘဲရှိပြီးလျှင် ကိုမြင့်မောင်အကြောင်း ပြောနိုင်မည့် သူကိုသာ တွေ့ချင်ဇောဖြင့် တောင့်တနေမိလေ၏။

တစ်နေ့၌သော်ကား "အကြော့ပျင်းရင် မြို့ထဲဘာထဲ ထွက် လည်ပါလား၊ ရောဂါဘယတွေလည်း အရင်ကလို မဟုတ်ဘူး၊ ရှင်းသွားပြီ" ဟု ကိုသက်ထွန်းက ခွင့်ပေးသွားသောကြောင့် အကြံတစ်ခုရကာ မော်တော်ကားဖြင့် လာခဲ့လေ၏။ မြို့ထဲသို့ဝင်မိသောအခါ ဆေးရုံဆီသို့သာ တည့်တည့်မတ်မတ်ကြီး မောင်းနှင်လျက် လာခဲ့လေ၏။ ဆေးရုံတွင် ကိုသက်ထွန်းကို မတွေ့ရ၊ မြို့အခြေအနေကို ကြည့်ရန် ထွက်သွားသည်ဟု ဆိုသောကြောင့် လူနာများရှိရာသို့ သွားရောက်လေ၏။

ဆရာမမှာ အကြော့ကို ကောင်းစွာသိသူဖြစ်၍ အကြော့က ဥတ္တိုရွာမှ ဦးဘိုးကူးကို တွေ့ချင်သည်ဟု ဆိုလိုက်ပြီးလျှင် ဦးဘိုးကူး ရှိရာသို့ ခေါ်ဆောင်သွားရာ ဦးဘိုးကူးမှာ များစွာသက်သာနေပြီဖြစ် သောကြောင့် ခုတင်ပေါ်၌ ထိုင်၍နေသည်ကို တွေ့ရလေ၏။

ဆရာမသည် အကြော့မည်သူမည်ဝါဖြစ်ကြောင်း ပြောပြပြီးလျှင် မိမိအလုပ်ရှိရာသို့ ထွက်၍သွားသဖြင့် နှစ်ယောက်တည်းကျန်ရစ်သည့်အခါ စကားအနည်းငယ် သွယ်ဝိုက်ပြီးလျှင် ကိုမြင့်မောင်၏ အကြောင်းသို့ရောက်အောင်

မေးမြန်းလေ၏။

အဘိုးကြီးမှာ မျက်ရည်များပင် ရစ်ရစ်ဝဲလာလျက် “ ဒီသူငယ်ဟာ တကယ့်သူတော်ကောင်းလေးပါ ကလေးမရာ၊ တကယ့်သူတော်ကောင်းပါ၊ ဦးက ဦးကိုကယ်လို့ပြောတာမဟုတ်ပါဘူး၊ ဒီသူငယ် တစ်သက်မှာ အထွတ်အထိပ်မရောက်ဘဲ မသေပါဘူး၊ ရွာတွေရွာတွေဟာ သူ့ကြောင့် အသက်ချမ်းသာတာပဲ၊ ဒီက ဆရာဝန်ကြီးများဆီက အကူတောင်းတော့ လူခွဲမရှိဘူးရယ်လို့ ဘယ်သူမှ မလာကြဘူး၊ ရွာမှာလည်း ငိုသံယိုသံတွေဟာ ဆူညံနေတာပဲ၊ ဒီအတောအတွင်း ဒီသူငယ် ရောက်လာပြီး နေ့ရောညရော ကြပ်မတ်ပြုစုတာနဲ့ ရွာတွေအားလုံး ချမ်းသာရာရတာပဲ၊ အခုတော့ သူ့ခမျာ မသက်သာသေးဘူးလို့ ကြားရတယ်၊ ဦးလည်းစိတ်မကောင်းဘူး၊ သူ့ကို ရန်ကုန်ဆေးရုံကြီးများတောင် ခေါ်သွားပြီး ကုမယ်ကြံတယ်၊ တစ်နေ့က သူငယ်မလေးလာလို့ သူ့အကြောင်းကြားရတယ်၊ တော်တော်နဲ့တောင် ထနိုင်မယ် မဟုတ်သေးဘူးတဲ့၊ ဦး အခုဆေးရုံက ဆင်းချင်တာလည်း သူ့အတွက်ပဲ” စသည်ဖြင့် ကိုမြင့်မောင်၏ အကြောင်းကို ပြောပြသဖြင့် အကြော့တွင်လည်း မျက်ရည်များ ရစ်ဝဲလာသည့်အတွက် မနည်းပင် စိတ်ကိုချုပ်တည်း ထားရလေ၏။

မိမိမှာ ဤမျှလောက် မွန်မြတ်သောသူကို ဆုံးရှုံးခဲ့ပြီဖြစ်ရာ ဤတစ်သက်တွင် မည်သည့်နည်းနှင့်မျှ ကိုမြင့်မောင်အား စိတ်ဆန္ဒ ရှိသည့်အတိုင်း တွေ့နိုင်တော့မည်မဟုတ်၊ သို့သော် ခေတ္တခဏမျှ တွေ့မြင်မည်ဆိုက တွေ့မြင်နိုင်၍ တွေ့လည်းတွေ့မြင်လိုသောကြောင့် ကိုသက်ထွန်းအား ညကျလျှင် ကြံဖန်စီစဉ် ပြောဆိုရဦးမည်ဟု အကြံရကာ ဦးဘိုးကူးအား ထိုက်သည့်အားလျော်စွာ နှုတ်ဆက်ပြီးလျှင် အိမ်သို့ ပြန်လာခဲ့လေ၏။

လမ်းတစ်လျှောက်လုံး ကိုသက်ထွန်းအား မည်သို့ပြောရပါမည်နည်းဟု စဉ်းစားလာခဲ့သည့်အတွက် အိမ်သို့ရောက်လျှင်ရောက်ချင်းပင် ဒေါ်လေး-ဒေါ်လေး လာပါဦး၊ အကြော့ တိုင်ပင်စရာ တစ်ခုရှိလို့”

ဒေါ်လေးမှာ အကြော့ ကိုသက်ထွန်းနှင့် လက်ထပ်သည့်နေ့မှ စ၍ အကြော့၏ ဖျတ်လတ်ခြင်း မရှိတော့သည်ကို တွေ့မြင်ရသဖြင့် ကျိတ်၍ စိတ်မချမ်းမသာဖြစ်နေခဲ့သူဖြစ်ရာ ယနေ့၌မူ ယခင်ကကဲ့သို့ ဖျတ်လတ်ပေါ့ပါး၍ ပြုံးများပင် ပြုံးလျက်ရှိသည်ကို တွေ့မြင်ရသောကြောင့် အတိုင်းမသိဝမ်းမြောက်ကာ

"ဘာလဲ တူမကြီး၊ ဘာများတုံး" ဟုမေးရင်း အနားသို ပြေးလာလေ၏။

အကြော့အခုပဲ ဆေးရုံက ပြန်လာခဲ့တယ်၊ မခင်လှပြောသွား တဲ့ ဦးဘိုးကူးနဲ့ တွေ့ခဲ့တယ်၊ ကိုမြင့်မောင် အကြောင်းတွေကို ပြောလိုက်တာမှ စုံနေတာပဲ၊ ကိုမြင့်မောင် တော်တော်နဲ့ ထနိုင်မှာ မဟုတ်ဘူးတဲ့၊ ဒီတော့ တောမှာထားရင်

မစိုးရိမ်ရဘူးလား၊ မြို့ကိုခေါ်ပြီး ကုရင် မြန်မြန်ပျောက်မှာပဲ၊ အကြော့တို့မှာလည်း ပြုစုဖို့ ဝတ္တရားရှိတယ်၊ ကိုသက်ထွန်းမှာလည်း ဝတ္တရားရှိတယ်၊ ဒါကို ကိုသက်ထွန်းကို ပြောပြချင်တယ်၊ နို့ပေမယ့် အကြော့မပြောချင်ဘူး ဘယ့်နှယ်လဲ၊ အကြော့ပြောတာ

အေးဟော့၊ အကြော့အကြံကောင်းသားပဲ၊ ဒေါ်လေးစိတ်မကူး မိဘူး၊ ဒါဖြင့် ညနေမောင်သက်ထွန်း ပြန်လာမှ ပြောရဦးမယ်”

“ဒီအိမ်မှာပဲထားပြီး ကုရအောင်ပြောနော် ဒေါ်လေး၊ သူကဆေးရုံကို တက်မယ်မထင်ဘူး၊ သူ့တစ်နေရာကို တခြားလူနာကို ပေးပါလို့ ပြောဦးမှာပဲ၊ ဒေါ်လေးရအောင်ပြောနော်၊ အကြော့ ကိုမြင့်မောင်အပေါ်မှာ အပြစ်တွေကို ဆေးပစ်ချင်တယ်၊ နော်. . .နော်. . .နော်. . .ဒေါ်လေး”

အေးပါတူမကြီးရယ်၊ ဒေါ်လေးပြောပါမယ်၊ မောင်သက်ထွန်း လည်း မငြင်းတန်ရာပါဘူး

ဘယ်တော့ပြောမလဲ ဒေါ်လေးရဲ့၊ မြန်မြန်ပြောမှ" အေးပါ တူမကြီးရဲ့၊ ညနေပြန်လာလာချင်း ပြောမှာပေါ့”

ဤတွင် အကြော့ ပေါ့ပါးလျှင်မြန်စွာ အိမ်ပေါ်သို့ပြေး၍ တက် သွားသည်ကို နောက်ကကြည့်နေလိုက်မိလေ၏။ ၎င်း၏ မျက်နှာ ကလေးမှာ လွန်ခဲ့သော ၁၀ရက်ခန့်မှစ၍ ငပုပ်ဖမ်းထားသော လဆန်းသော်တာ ကဲ့သို့ ဖြစ်နေရာ ယခုသော် မျက်နှာကလေး ရွှင်လန်းလျက် ကိုယ်ကလေး ပေါ့ပါးလာသည်ကို တွေ့မြင်ရခြင်းဖြင့် အကြော့မှာ စိတ်ပျော်ရွှင်စ ပြုလာပြီဖြစ်ကြောင်း ကောင်းစွာရိပ်မိလျက် ဝမ်းသာသလိုလို ဖြစ်မိလေ၏။

သို့သော် မောင်မြင့်မောင်အား မောင်သက်ထွန်းက ခွင့်ပေးသည့် တိုင်အောင် ဤအိမ်၌ထား၍ ဖြစ်နိုင်ပါမည်လော၊ အကြော့သည် မောင်မြင့်မောင်အား ချစ်နေပြီ ဖြစ်ကြောင်းကိုကား ယုံမှားဖွယ်ရာမရှိ။ သို့ဖြစ်လျက် မောင်မြင့်မောင်နှင့် အကြော့ တစ်အိမ်တည်းတွင် နေထိုင်၍ ကြာရှည်ဖြစ်နိုင်ပါမည်လောဟူ၍ တွေးမိပြန်ပြီးလျှင် “အကြော့-အကြော့ ကံဆိုးလှပါကလား အကြော့ရယ်” ဟူ၍ ညည်းမိကာ အကြော့အတွက် များစွာစိတ်မသက်မသာ ဖြစ်မိလေ၏။

ညစာစားပွဲတွင် ထိုင်မိကြသောအခါ၌မူကား ဒေါ်လေးက မောင်မြင့်မောင်၏အကြောင်းကို စတင်ပြောသဖြင့်

"ဟုတ်တယ်၊ ကိုမြင့်မောင်တစ်ယောက် မြုပ်နေတာ အတော် ကြာပြီ၊ အခု ဥတိုမှာတဲ့လား၊ ဒါဖြင့် နက်ဖြန် လူလွှတ်ပြီး အခေါ်ခိုင်းမှပဲ” ဟူ၍ ကိုသက်ထွန်းက

လိုက်လျောကြည်သာစွာ ပြောကြား သောကြောင့် အကြော့မှာ များစွာစိတ်လက်ရွှင်လန်းတာ ကိုမြင့်မောင် နှင့်တွေ့လျှင် မည်သို့ပြောလိုက်မည် မည်သို့ပြုစုလိုက်မည် စသည်ဖြင့် တွေးတောရင်း တပြုံးပြုံး ရှိနေလေ၏။

နောက်တစ်နေ့ ကိုသက်ထွန်း ဆေးရုံသွားသောအခါ ဒေါ်လေးက "မောင်သက်ထွန်း မောင်မြင့်မောင်ဆီကို လူလွှတ်ဖို့မမေ့နဲ့နော်"ဟု အော်၍ မှာကြားသည်ကို ကိုသက်ထွန်းက "မမေ့ပါဘူး ဒေါ်လေး၊ ကျွန်တော် ဆေးရုံရောက်ရောက်ချင်း လူတစ်ယောက်ကို လွှတ်လိုက်ပါမယ်" ဟူ၍ အော်ဟစ်ဖြေကြားသွားသံကို အကြော့သည် အိပ်ခန်းတွင်းမှ နေ၍ ကြားရသဖြင့် ကိုယ်လုံးပေါ်မှန်ကြီးရှေ့သို့ သွားပြီးလျှင် မိမိကိုယ်ကို ဘယ်ပြန်ညာပြန်ကြည့်လေ၏။ ကိုယ်ကိုကြည့်၍ အားရတင်းတိမ်မှ မျက်နှာကို ကြည့်လိုက်ရာ မျက်နှာပေါ်တွင် ပြုံးယောင်ယောင်ဖြစ်နေသော အမူအရာလေးကို တွေ့မြင်ရသော ကြောင့် အခြားသူများ မြင်သွားလေပြီလောဟု နောက်သို့ပင် ပြန်၍ လှမ်းကြည့်မိလေ၏။

တစ်နေ့လုံးလည်း ကိုမြင့်မောင် လာတော့မည် လာလျှင် အခွင့် သာက မိမိ အထင်မှားခဲ့ပုံတို့ကို ပြောပြမည်၊ အနည်းဆုံး ကိုမြင့်မောင် ကို မိမိစိတ်တိုင်းကျ မပြုစုရသည့် တိုင်အောင်လဲနေရာမှ ကောင်းမွန် သန့်စွမ်းစွာရှိအောင် မိမိ ကြပ်မတ်ကုသရမည်ဖြစ်၍ ကိုမြင့်မောင် လာချိန်ကိုသာ မျှော်မှန်းကာ ၎င်းအတွက် အိပ်ရာနေရာတို့ကို သန့်ရှင်းစွာ စီစဉ်ပြင်ဆင်ထားလေ၏။

ညနေဘက်တွင် ကိုသက်ထွန်းပြန်လာသဖြင့် ဆီး၍မေးရာ-

"မောင်မင်းကြီးသားက လာတော်မမူချင်ဘူးတဲ့၊ ဒီကအခေါ် လွှတ်တဲ့ လူကို ပြောလိုက်တယ်၊ ကိုကိုတို့ တာဝန်ကုန်ပြီလေ၊ သူ မလာတာတော့ ဘယ်တတ်နိုင်မလဲ"ဟု ပြောလိုက်သောကြောင့် အကြော့တွင် တစ်ညလုံး တစ်နေ့လုံး အထင်အတွေးဖြင့် မှန်းဆစိတ်ကူး ပျော်မြူးရွှင်ပျခဲ့ရသမျှ အလဟဿ ဖြစ်ရလေသောကြောင့် "သြော်"ဟု တစ်ခွန်းတည်းသာ ပြောနိုင်တော့လျက် ဆက်၍ထားသော အားကလေးမှာ တဖြည်းဖြည်း ဆုတ်သည်ထက်ဆုတ်၍ ယုတ်သည်ထက် ယုတ်ကာ ကြာသော် တစ်စုံတစ်ခုဖြစ်မှာ စိုးရသည့်အတွက် ဝရန်တာကို မြဲမြံစွာ ကိုင်တွယ်၍ ထားရလေ၏။

အတန်ကြာမှ ဟန်လုပ်ကာ ကိုသက်ထွန်း ရေချိုးဖို့ရာအတွက် ကြည့်ရှု ပြင်ဆင်ပေးလေ၏။ ထိုအချိန်တွင် ဒေါ်လေး ရောက်လာ၍ အကျိုးအကြောင်း ပြောပြရာ ဒေါ်လေးကလည်း "ဟုတ်တော့ဟုတ်တာပဲ တူမကြီးရဲ့၊ တို့တာဝန်တော့ ကုန်ပြီပဲ" ဟု ပြောသည့်အတွက် အကြော့မှာသာ၍ စိတ်မသက်သာကာ

"မဟုတ်ပါဘူးဒေါ်လေးရဲ့၊ သူမလာရင် ဒေါ်လေးလိုက်ခေါ် ပေးစမ်းပါ၊ အကြော့သူ့ကို မတောင်းပန်ရရင် အကြော့သေမှာပဲ။ သေရင်လည်း

အသေဖြောင့်မှာမဟုတ်ဘူး၊ အကြော့ သူ့ကို စိတ်နဲ့ ပြစ်မှားထားတာ၊ အကြော့ ကျေနပ်အောင် မလုပ်ရရင် အကြော့တော့ ခက်တော့မှာပဲ။ အကြော့ အခက်ကြုံနေတာကို ဒေါ်လေး ကြည့်ရက်ရင်လည်း နေလေ သဘောပေါ့" ဟု ပြောကာ စိတ်ပျက်ပျက်နှင့် လှည့်၍ ထွက်ခဲ့လေ၏။

ထမင်းပွဲသို့ရောက်၍ ခါတိုင်းကဲ့သို့ စကားစမြည် ပြောကြသည့်အခါ အကြော့မှာ များစွာ နေထိုင်မကောင်း သကဲ့သို့ မျက်နှာ မသာမယာလှပဲ ရှိသည့်အတွက် ဒေါ်လေးဖြစ်သူမှာ မနေနိုင်တော့ပဲ မောင်မြင့်မောင်ကို ခေါ်၍မရလျှင် ရအောင်ခေါ်ယူဖို့မှာ မိမိတို့ တာဝန်ဝတ္တရားဖြစ်ကြောင်း မိမိကိုယ်တိုင်နောက်တစ်နေ့တွင် သွားရောက် ခေါ်ငင်မည်ဖြစ်ကြောင်းနှင့် ပြောပြသည့်အတွက် ကိုသက်ထွန်းမှာ ဒီလိုလည်းအကောင်းသားပဲဟုသာ ပြောနိုင်တော့၍ အကြော့မှာမူ ပြန်လည်ရွှင်လန်းမှန်းမသိ ရွှင်လန်းလာခဲ့ပြန်လေ၏။

နောက်တစ်နေ့တွင် ကိုသက်ထွန်း ဆေးရုံသို့ ထွက်သွားပြီးနောက် ဒေါ်လေးလည်း ဥတ္တိုရွာသို့ သွားမည်ပြင်ဆင်ရာ အကြော့မှာ ဒေါ်လေး အပါးမှမခွာဘဲ

"ဒေါ်လေး ဟိုကျတော့ ပြောပြနော်၊ အကြော့မှာတာတွေကို မမေ့နဲ့နော် ရအောင်လည်း ခေါ်ခဲ့နော်၊ အကြော့တော့ သူမပါလာရင် ဘယ်လိုဖြစ်မယ်မသိဘူး"ဟု တတွတ်တွတ် ပြောဆိုမှာကြားနေ၍ ဒေါ်လေး ဖြစ်သူမှာ စိတ်တိုလာဘိသကဲ့သို့

"အေးပါအေ ဒေါ်လေးသိပါတယ်"ဟု ငေါက်ဆတ်ဆတ် ပြောလိုက်၍ အနည်းငယ် ခန့်တန့်တန့် ဖြစ်သွားသော်လည်း ပြောရဦးမည်ဆိုလျှင် ဆက်၍ ပြောချင်သေးသည့်အတွက်

"ဒေါ်လေးကလည်း သိပ်စိတ်တိုတာပဲ"

"ညည်းကိုလည်း ညည်းပြန်ကြည့်ပါဦးအေရဲ့၊ ကတဲ တစ်ခါမှာရင် တော်ရောပေါ့ မောင်သက်ထွန်းများကြားသွားရင် ခက်တော့မှာပဲ"ဟု ဆတ်ဆတ်ပြောဆိုပြန်ခြင်းကြောင့် အကြော့လည်းငြိမ်၍သွားကာ ဒေါ်လေးထွက်သွားသည်ကို မျက်ရည်ကလေးလည်လျက် ကြည့်ရင်း ကျန်ရစ်ခဲ့လေ၏။

၅နာရီ ထိုးပြီးမှ ဒေါ်လေးပြန်ရောက်မည် ဆိုလျှင် ကိုသက်ထွန်း ပြန်၍ လာချိန်ဖြစ်သောကြောင့် ကိုမြင့် မောင်နှင့် အားရပါးရ စကားပြောနိုင်မည် မဟုတ်သည့်အတွက် ၅နာရီ မထိုးမီပြန်၍ ရောက်လာပါစေဟု ဆုတောင်းရလေတော့၏။

ဗနာရီထိုးသော်လည်း ပေါ်၍မလာသောအခါတွင်ကား ကိုသက်ထွန်း ရောက်ချိန်နှင့် ဆိုင်၍နေသောကြောင့် တွေ့ရသည့် တိုင်အောင် များစွာအားမရဘဲ ရှိမည်ဟု တွေးကာ စိတ်မသက်မသာ ဖြစ်မိလေ၏။

ဗနာရီခွဲသည့်တိုင်အောင် မည်သူမျှ ပြန်၍မလာဘဲ ရှိသဖြင့် အဘယ်ကြောင့်ပါနည်းဟု တွေးတောနေစဉ် ဆေးရုံမှ ဒရဝမ်စာလာပေးသောကြောင့် ကြည့်လိုက်ရာ ဆရာဝန်ကြီးရောက်နေ၍ မိုးချုပ်မှပင် ပြန်နိုင်မည်ဖြစ်ကြောင်း ထမင်းစားလိုက စားနှင့်နိုင်ကြောင်း ပါရှိသည့်အတွက် ကိုသက်ထွန်း မလာသေးခြင်းကိုပင် ကျေးဇူးတင်ကာ ဒေါ်လေးအလာကို မျှော်ရပြန်လေ၏။

သို့မျှော်ဆဲတွင်ပင် ဒေါ်လေး ရောက်၍ လာလေ၏။

ဤတွင် အိမ်အပေါ်သို့အတက်ကို မစောင့်နိုင်ဘဲ ပြေး၍သွားကာ "ဘယ့်နှယ် ဒေါ်လေး သူကောဟင် သူကော"ဟု အသက်မျှမရှူနိုင်ပဲ မေးရာ"အားလုံးကို ကျေးဇူးတင်တယ်လို့ပြောလိုက်ပါတဲ့၊ သူတော့ မြို့ကို မပြန်ချင်တော့ဘူးတဲ့" ဟူ၍ ပြောပြသဖြင့် အကြော့မှာ မျှော်လင့်ချက်ကင်းကွာ၍ မျက်နှာကလေးညှိုပြီးလျှင် မျက်ရည် ကလေးများ မျက်လုံးတွင် တွဲလွဲခို၍ လာလေ၏။

လူတစ်ကိုယ်လုံးတွင် ရှိရှိသမျှသော ခွန်အားတို့မှာလည်း ရုတ် တရက် ကုန်ခန်းသကဲ့သို့ လဲချင်သလိုလို ယိုင်ချင်သလိုလို ဖြစ်လာသောကြောင့် မျက်လုံးကိုမှိတ်ကာ ဖြစ်ချင်ရာဖြစ်တော့ဟု တစ်ခါတည်း စိတ်လျှော့လိုက်လေ၏။

ထိုနောက် ဒေါ်လေးဖြစ်သူက တွဲ၍ခေါ်လာသည်ကို သိရ လေ၏။ "တူမကြီး ဘယ့်နှယ်နေသေးသလဲ"ဟု မေးသံကိုလည်း ကြားရလေ၏။ ဤတွင်မှ မျက်လုံးကိုဖွင့်ကာ ကြည့်ပြန်ရာ မျက်ရည်များ လည်၍နေသောကြောင့် ဒေါ်လေးဖြစ်သူကို သဲကွဲစွာမမြင်ရဘဲ ရှိလေ၏။ နောက်မှ အားယူကာ "ဒေါ်လေး ပြောပါဦး ဘာတဲ့လဲ၊ ဒေါ်လေး အကြော့မှာတာတွေကို အကုန် ပြောမပြဘူးပေါ့လေ"ဟု မျှော်လင့်ချက် မကုန်သေးသကဲ့သို့ မေးလေ၏။

"ဒေါ်လေးအကုန်ပြောပြတယ်၊ သူလည်းစိတ်မကောင်းရှာဘူးပေါ့၊ နို့ပေမယ့် သူလာရင် ၂ယောက်စလုံး စိတ်မချမ်းသာရုံမက မောင်သက်ထွန်းပါ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး။ အကြော့ကို ခွင့်လွှတ်ကြောင်းလောက်သာ ပြောလိုက်ပါတဲ့ မှာလိုက်တယ်၊ သူလည်း အခုတော့မျက်စိဖွင့်နိုင်ပြီး မျက်နှာပေါ်က ဒဏ်ရာက ကျက်တော့မယ်။ အဲ လမ်းတော့တစ်သက်လုံး ကောင်းကောင်း လျှောက်နိုင်တော့မယ် မဟုတ်ဘူး။ ဒေါ်လေးသေသေချာချာ ကြည့်ခဲ့တယ်၊ ထော့နဲ့ထော့နဲ့ ဖြစ်နေတယ်၊ အကြော့ကိုပြောလိုက်ပါတဲ့၊ ကိုသက်ထွန်းဟာ အကြော့ အဖေရဲ့ ယုံကြည်ကိုးစားခြင်းခံရတဲ့ လူတစ်ယောက်ဖြစ်တဲ့အတွက်

ဘယ်အခါမဆို ပက်ပက်စက်စက်ဖြစ်အောင် မလုပ်ပါဘူးတဲ့။ ဒေါ်လေးက အကြော့ စိတ်မကောင်းဖြစ်နေရတဲ့အကြောင်း ပြောပြတယ်၊ ဒီတော့ ပြောပါဒေါ်လေးရယ်၊ ကျွန်တော် အကြော့ ဒီထက် စိတ်မကောင်းစရာတွေ ဖြစ်မှာမြင်လို့ မလာဘဲနေတာပါ ဆိုတာ ပြောလိုက်ပါတဲ့၊ ဒီတော့ သူမှာတဲ့အတိုင်းသာ”

အကြော့မှာ မျက်စိကိုအတွင်မှိတ်လျက် ရှိုက်ကာရှိုက်ကာ ငိုနေသောကြောင့် ဆက်၍မပြောနိုင်ပဲ “ယောက်ကျ်ားကလေးကတောင် ဒီလိုပြောယူရတယ်ဆိုတာ ကြည့်စမ်း၊ မခင်လှကလည်း အကြော့ကို ကြည့်သာ ဖြေဖျော်ဖို့ ပြောလိုက်ပါတော့ ဒေါ်ဒေါ်ရယ်လို့ မှာလိုက် တယ်၊ ကဲ တူမကြီးလည်း လိမ္မာသားပဲ ကြည့်သာလုပ်ပေတော့"ဟုဆိုကာ အခန်းထဲမှထွက်၍သွားသဖြင့် အကြော့လည်း ဤတစ်သက်တွင် ကိုမြင့်မောင်နှင့် တွေ့ဆုံ၍ မိမိအပြစ်ကို ဆေးလျှော်ရန်မှာ မဖြစ်နိုင်တော့ပြီဟု ထားရှိသမျှ မျှော်လင့်ချက်တို့ကို တစ်ခါတည်း စွန့်လွှတ်လိုက်ရတော့၏။ ထိုသို့ မျှော်လင့်ချက်များကို စွန့်လွှတ်ရာတွင် ခွန်အားတို့သည်လည်းကောင်း၊ ပျော်အားရွှင်အားတို့သည် လည်းကောင်း ထိုမျှော်လင့်ချက်များနှင့်အတူ မိမိ၏ကိုယ်မှ တစ်ခါတည်း ထွက်သွားကြသည်ကိုသာ သိလိုက်ရကာ အိပ်ရာပေါ်တွင် ခွေခွေကလေး လဲ၍ ကျန်ရစ်ခဲ့လေ၏။

# [၆]

## ထိုတစ်ယောက်ဓါးလမ်းခွဲခြင်း

ကိုမြင့်မောင်မှာ မိမိအရေးနိမ့်ခဲ့ရခြင်းအတွက် များစွာဝမ်းနည်းမိသည်မှန်သော်လည်း ကိုသက်ထွန်းကို ရွေးချယ်ပေါင်းသင်းရခြင်းဖြင့် အကြော့တွင် ကျေနပ်ပျော်ရွှင်ခြင်း ရှိသည်ဆိုလျှင် မိမိအဆွေးကို မိမိကြိုးစား၍ ငြိမ်းယူမည်ဟု မူလကပင် သန္နိဋ္ဌာန်ချထားခဲ့သူဖြစ်၍ မိမိအား စာရင်းမှ ပယ်ထုတ်လိုက်ကြောင်း ဖော်ပြပါရှိသော အကြော့၏စာကို မခင်လှ ဖတ်ပြ၍ ကြားရစဉ်က ထိုသန္နိဋ္ဌာန်ချထားသည့် အတိုင်းပင် ပြုလုပ်ရန်သာရှိတော့သည်ဟု တွေးတောကာ မိမိအမြတ်တနိုးထားသော လက်စွပ်ကို မခင်လှဖြင့် တစ်ဆင့် အကြော့ထံ အပို့ခိုင်းခြင်း ဖြစ်လေ၏။

သို့သော် မခင်လှ ပြန်လာ၍ အကြောင်းကို ပြန်ပြောင်းပြောပြခဲ့ကြောင်း၊ ဤတွင်မှ အကြော့မှာ ၎င်း၏အမှားကြီးကို ကြီးစွာ နောင်တရနေရှာကြောင်း၊ ကိုသက်ထွန်းကို မျက်စိမှိတ်၍ ယူရရှာတော့မည်ဖြစ်ကြောင်းတို့ကို ပြန်ပြောင်းပြောပြသဖြင့် ကြားရသောအခါ မိမိမည်သို့ ပြုရမည်ကို ဝေခွဲ၍ မရနိုင်အောင် ရှိလာလေ၏။

ကိုသက်ထွန်းနှင့် ပေါင်းသင်းရ၍ အကြော့ ပျော်ရွှင်ရိုးမှန်လျှင် မိမိအဖို့သော်ကား တဖြည်းဖြည်းဖြေဖျောက်၍ ယူနိုင်မည်ဖြစ်ရာ ယခုသော်ကား အကြော့မှာ တငိုငိုတရယ်ရယ်ဖြင့် ဖြစ်နေချေပြီ။ ကိုသက်ထွန်းမှာ အကြော့၏ ခင်ပွန်းဖြစ်၍ နေလေပြီဖြစ်သောကြောင့် ယခုမှပြင်၍ ရတော့မည်မဟုတ်။ သို့ဖြစ်၍ မိမိ မည်ကဲ့သို့ ပြုလုပ်လျှင် ကောင်းပါမည်နည်းဟု စဉ်းစားရင်း အကြော့အတွက် အသနားပိုသည်ထက် ပို၍သာ လာခဲ့လေ၏။

သို့ရှိနေစဉ် ကိုသက်ထွန်းထံမှ အခေါ်လွှတ်သူ ရောက်ခဲ့၏။ ဒေါ်လေးဖြစ်သူလည်း ကိုယ်တိုင်လာရောက်ခေါ်ခဲ့၏။ မိမိမှာ သွားရောက်လိုသည် မှန်သော်လည်း အဘက်ဘက်မှလှည့်၍ စဉ်းစားလိုက်သောအခါ မည်သည့်နည်းနှင့်မျှ အကြော့နှင့် အတွေ့ခံ၍ မဖြစ်နိုင်တော့ပြီ။ မိမိ ဤတောဤရွာ၌ နေခြင်းပင်လျှင် မသင့်တော့ပြီ။ တစ်မြို့တစ်ရွာသို့ သွားရောက်နေမှပင် အကြော့လည်း မိမိအား မေ့ပျောက်လိမ့်မည်ဟု တွေးတောမိသည့်အလျောက် တစ်နေ့၌

"မခင်လှ ကျွန်တော် ဒီမှာမနေချင်တော့ဘူး"ဟု ရုတ်တရက် ပဏာမပျိုး ခပ်ရိုးရိုးပင် ပြောမိရာ

"အို ဘာဖြစ်လို့တုန်း မပျော်လို့လား"

မခင်လှမှာ များစွာ အံ့အားသင့်သွားပုံရလျက် မျက်နှာကလေးသည် ပျက်၍နေပြီးလျှင် မျက်လုံးများတွင်လည်း မျက်ရည်ကလေးများ ရစ်ဝဲလျက် လာလေ၏။

"ပျော်ပါတယ်၊ ဒါပေမဲ့ ကျွန်တော်လည်း နေကောင်းသွားမှပဲ၊ ဒီမှာနေဖို့မလိုပါဘူး"

"မဟုတ်တာပဲ ကိုမြင့်မောင်၊ ကိုမြင့်မောင် ကောင်းကောင်းမှ လမ်းမလျှောက်နိုင်သေးပဲဟာ၊ ဘယ်သွားလို့ဖြစ်နိုင်ပါ့မလဲ"

"ဒီခြေထောက်အတွက်လား၊ ဟာ ဒါကတော့တစ်သက်လုံး ကောင်းတော့မှာမှ မဟုတ်ပဲ၊ ဒီတစ်သက်မှာ ကျွန်တော်ကောင်းကောင်း လမ်းလျှောက်နိုင်လိမ့်ဦးမယ်လို့များ ထင်နေလို့လား"

ကိုမြင့်မောင်က အသံထွက်အောင်ပင် ရယ်၍မေးလိုက်သော် လည်း ထိုစကားကြားရသော မခင်လှမှာကား ရယ်နိုင်ဖို့ဝေးစွ ကိုမြင့်မောင် တစ်သက်ပတ်လုံး ထော့ကျိုးထော့ကျိုးနှင့် လမ်းလျှောက်နေရတော့မည့် အရေးကို ပြေး၍ သတိရမြင်ယောင်မိကာ တစ်ခါတည်း ငိုလိုက်ချင်သော စိတ်များပင် ပေါ်ပေါက်လာလေ၏။

"ဒါပေမဲ့ ကိစ္စမရှိပါဘူး၊ ဒီချိုင်းထောက်ကလေးပါရင် လိုရာကို ထောက်ထောက်ပြီး သွားနိုင်တာပဲ"

"ကိုမြင့်မောင် ဘယ်ကိုသွားမှာလဲ"

"မြို့ကိုမပြန်တော့ဘူးဆိုတာတော့ အသေအချာပဲ၊ တခြား ဘယ်ကိုသွားရမယ်ဆိုတာတော့ မပြောတတ်ဘူး၊ ဦးတည့်ရာပဲ ဆိုပါတော့

"အို ကိုမြင့်မောင် မြို့ကိုပြန်တယ်ဆိုရင် တော်သေးရဲ့၊တွေ့ ကရာ ထွက်သွားလို့ ဖြစ်ပါ့မလား"

"မြို့ကိုပြန်လို့ မဖြစ်ဘူးထင်တယ် မခင်လှ၊ မြို့ကိုပြန်ရင်"

ကိုမြင့်မောင်မှာ ရှေ့သို့ဆက်၍မပြောဘဲ၊ မျက်နှာကိုတစ်ဖက် လွှဲကာ တစ်စုံတစ်ခုကို စဉ်းစား၍နေလေ၏။

"မြို့ကိုပြန်လို့ ဘာဖြစ်လို့မဖြစ်မှာလဲ ကိုမြင့်မောင်၊ ကျွန်မတို့လိုက်ပို့မှာပေါ့"

"မဟုတ်ဘူး၊ မဟုတ်ဘူး၊ ဒါအတွက်မဟုတ်ဘူး"

"နို့.."

“မခင်လှတော့ အကြောင်းသိပြီးသားမို့ ပြောလည်းမထူးပါဘူး၊ ကျွန်တော်မြို့မှာနေရင် အကြော့ စိတ်ကောင်းနိုင်မှာ မဟုတ်ဘူး၊ ဒီမှာနေတာတောင်ကြည့်လေ၊ ဘယ်လိုလဲဆိုတာ၊ အကြော့ ကျွန်တော့်အတွက် စိတ်မကောင်းဖြစ်နေတာကို ကိုသက်ထွန်း သိသွားရင်လည်း မကောင်းဘူး၊ ဒီတော့ ကျွန်တော်တခြားကို ရှောင်ထွက်သွားရင် အားလုံးအေးကြမှာပဲ၊ သွားဆို နက်ဖြန်ပဲ သွားချင်တယ်”

“မြန်လှချည်လား ကိုမြင့်မောင်၊ ကျွန်မတောင် ဘာပြောရမှန်းမသိပါဘူး၊ ကျွန်မတို့တော့ ဝမ်းသာနေတာ၊ ကိုမြင့်မောင်ကို တစ်သက်လုံး လုပ်ကျွေးရတော့မဟဲ့ လို့”

“မခင်လှတို့ကိုလည်း အင်မတန် ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ကျွန်တော့်မှာ တာဝန်ကလည်း ရှိသေးတယ်။ နေထိုင်မကောင်းခင်တုန်းက မလုပ်နိုင်ရင်ရှိစေတော့၊ နေထိုင်ကောင်းရက်နဲ့ အလကား ထိုင်မနေချင်ဘူး”

“သြော် တစ်ခါတလေတော့ အနားကလေး ဘာကလေးများလည်း ယူဦးမှပေါ့ ကိုမြင့်မောင်”

“တစ်ခါက အနားယူပြီး ခဏလောက်အိပ်မိတယ် မခင်လှ၊ အဲဒီအတွက် ကိုယ့်ချစ်သူတစ်ယောက်လုံး ဆုံးရပြီ၊ အခုပြောတာတော့ ဒါကြောင့်ရယ်လို့ မဟုတ်ပါဘူး၊ လောကမှာ ကိုယ်တတ်နိုင်တာကလေးတွေ ကိုယ်လုပ်ပေးရတာ ပျော်စရာအကောင်းဆုံးပဲလို့ ကျွန်တော် အောက်မေ့မိတယ်၊ ဘယ်နေရာမှ အတည်တကျမနေဘဲနဲ့ မြန်မာပြည်ကို လျှောက်လှည့်ပြီး ဝေဒနာရှင်တွေ လိုက်ပြီးကုရင် သိပ်ကောင်းမှာပဲလို့”

“ကိုမြင့်မောင် ကိုမြင့်မောင်ဟာ ဘုရားလောင်းပဲ၊ ကိုမြင့်မောင်ကို ကျွန်မတို့ သိပ်ပြီးကြည်ညိုတာပဲ၊ ကိုမြင့်မောင်လိုလူတွေအများကြီးရှိရင် ဒီကမ္ဘာလောကြီးဟာ အင်မတန်ကိုသာယာမှာပဲ”

“မလုပ်ပါနဲ့ဗျာ၊ ကျွန်တော်ဘုရားလောင်းရဲ့ ခြေဖဝါးက မြေမှုန့်တောင် မမီသေးပါဘူး၊ ကျွန်တော့်မှာ တာဝန်ကိုလုပ်ရတာပါ အဲဒါတောင် အိပ်ရတာတစ်ဖက်၊ စားရတာတစ်ဖက်နဲ့ ကောင်းကောင်းကို မလုပ်ရဘူး”

မခင်လှ၏ ဝိုင်းစက်သော မျက်လုံးကြီးများသည် ကိုမြင့်မောင်အား မချင့်မရဲသောအမူအရာဖြင့် မျက်တောင်မခတ်ဘဲကြည့်နေရာ စောစောက လည်နေသောမျက်ရည်များသည် တဖြည်းဖြည်း ပါးပြင်ပေါ်သို့ စီးဆင်းလာလေ၏။

ကိုမြင့်မောင်လည်း သက်ပြင်းတစ်ချက်ချပြီးလျှင် ချိုင်းညှပ်ဖြင့် ထောက်ကာ ထော့နဲ့ထော့နဲ့နှင့် လှည့်ထွက်သွားလေရာ၊ မခင်လှမှာ 'မမြင်သော မျက်လုံးဖြင့် ကိုမြင့်မောင်၏ သနားဖွယ်ရာသော အခြေ အနေကို' မျက်စိတစ်ဆုံး ကြည့်လိုက်ပြီးနောက် နီးရာကုလားထိုင်တွင် ထိုင်ကာ အဘယ်ကြောင့်ဟူ၍ မိမိပင်မသိ၊ ငိုချင်သလိုလို ရှိသည်နှင့် မျက်နှာကိုအုပ်လျှက် တရှုတ်ရှုတ် ငိုယိုမိလေ၏။

ညနေဘက် မျက်နှာချင်းဆုံ၍ ထမင်းစားကြသောအခါတွင် မခင်လှမှာ များစွာ မျက်နှာမသာလှ။ အဒေါ်ကြီးများလည်း ငြိမ်ချက်သားကောင်းလှသောကြောင့် ဧကန္တ အကျိုးအကြောင်းကို မခင်လှ ပြောပြီးပြီဟု အကဲခတ်မိလေ၏။ သို့သော် ၎င်းတို့အပြောကိုပင် စောင့်ဦးမည်ဟု ကြံစည်ပြီးလျှင် ထမင်းကို ဣန္ဒြေမပျက် ဆက်လက်၍ စားနေလေရာ တစ်ခဏမျှကြာသောအခါ မခင်လှ၏မိခင်မှာ မပြောချင်ပြောချင် အားယူပြီး ပြောသကဲ့သို့အသံဖြင့် “မောင်မြင့်မောင် သွားတော့မယ်ဆို၊ ဒီကသမီးပြောနေတယ် အဟုတ်ကိုပဲ သွားမလို့လား”

ကိုမြင့်မောင်မှာ အဒေါ်ကြီးများကို အနည်းငယ်မျှပင် ဆန့်ကျင်ခြင်းအမှု မပြုလိုသည်မှန်သော်လည်း ဤအရပ်ဤအိမ်တွင် တည်မြဲစွာနေထိုင်ရန်မဖြစ်နိုင်၊ အကယ်၍ မိမိ ဤအရပ်မှ ထွက်ခွာ၍မသွားလျှင် မိမိပင်လျှင် အကြေ့ထံသို့ပြေးသွားချင်သလိုလို၊ အကြေ့သည်လည်း မိမိထံသို့ ပြေးလာမယောင်ယောင် စိတ်တွင် ဖြစ်ပျက် ထင်မြင်လျက် ရှိချေသောကြောင့် စောစောက မခင်လှကို ပြောပြသည့်အတိုင်း ဒေါ်ကြီးများအား ပြောပြရလေ၏။

အဒေါ်ကြီးများမှာ ကိုမြင့်မောင်အား အခြားတစ်ပါးသို့ ထွက်ခွာသွားစေလိုသော ဆန္ဒ အနည်းငယ်မျှမရှိ။ သို့သော် ကိုမြင့်မောင်က မနေနိုင်တော့ပြီဆိုလျှင် တားနိုင်သော အခွင့်အရေးကိုလည်း မပိုင်သည့်အတွက် ဆက်လက်မတားတော့ပဲ ထမင်းကိုသာ မျက်နှာမကောင်းဘဲ ဆက်လက်စားနေကြလေ၏။ အတန်ကြာမှ “နေပါဦး သွားတာတော့ ဟုတ်ပြီ ဘယ်သွားမယ်များကြံသတုံး”ဟု အဒေါ်ကြီးကမေး၍ ကိုမြင့်မောင်လည်း မိမိတွင် လမ်းစဉ်ရည်မှန်းပြီး မရှိသေးကြောင်း ပြောပြရာ

“အင်း ရောက်ရာပေါက်ရာသွားမယ်ဆိုပါတော့။ ဖြစ်ပါ့မလား မောင်မြင့်မောင်ရဲ့။ ကိုယ့်မှာ အရင်ကလိုလည်း မဟုတ်တော့ဘူး။ အေးအေးသက်သာ နေနိုင်မယ့်နေရာကို ရှာဖွေပြီး နေပါမှပေါ့ "

“အဒေါ်ပြောတာမှန်ပါတယ်၊ ကျွန်တော်လည်း ကျွန်တော့်ကိုယ်ကို အရင်ကလို မဟုတ်မှန်းသိပါတယ်။ နို့ပေမယ့် ဒီမှာချည်းပဲ ဘာမှမလုပ်မကိုင်ဘဲ

နေဖို့ကမဖြစ်ဘူး အဒေါ်၊ ဒါကြောင့် ကျွန်တော်လည်း ရေကြည်ရာမြက်နုရာဆိုသလို သွားဖို့ဆုံးဖြတ်ရတာပဲ”

“တားမရရင်လည်း သွားတာပေါ့ကွယ်၊ နို့ပေမယ့် အဒေါ် အကြံတစ်ခုပေးချင်တယ်ကွယ့်၊ သွားမယ့်သွားရင် တခြားကို မသွားနဲ့၊ အဒေါ့်ညီမများ သာယာဝတီ သုံးဆယ်ဘက်မှာရှိလေရဲ့။ အဲ့ဒီပဲသွားပြီး နေစေချင်တယ်၊ ပျော်သလောက်နေတာပေါ့၊ သူတို့မှာလည်း တာဝန်မလေးပါဘူး၊ ဒီတော့မှ အဒေါ်တို့လည်း မောင်မြင့်မောင်ကို စိတ်ချနိုင်မှာပဲ၊ ဘယ့်နှယ် သဘောရသလဲပြောကွယ့်”

ကိုမြင့်မောင်သည် ရုတ်တရက်အဖြေမပေးသေးပဲ စဉ်းစားပါ ရစေဦးဟု တောင်းပန်ကာ ထမင်းပွဲမှထ၍ လာခဲ့လေ၏။

အဒေါ်ကြီးများ အကြံပေးသည့်အတိုင်း လိုက်နာရလျှင် ကောင်းလေမည်လော။ သို့တည်းမဟုတ် မိမိထင်ရာကို လွှင့်ရလျှင် ကောင်းလေမည်လောဟု တွေးတောရင်း ထိုညက အိမ်ရှေ့တွင် ကွပ်ပျစ်ကလေးတွင် ထိုင်၍နေလေရာ ခဏမျှကြာလတ်သော် မခင်လှ လက်ဖက်ရည်အကြမ်းပွဲဖြင့် ရောက်လာပြီးလျှင်

“ကိုမြင့်မောင် ထမင်းပွဲမှာ မေမေပြောတာ ဘယ်လိုသဘောရလဲ” “ကျွန်တော် အခု ဒါကိုပဲ စဉ်းစားနေတာပဲ မခင်လှ၊ ဘယ်လို လုပ်ရဦးမယ်ဆိုတာ မသိဘူး”

“ကျွန်မတော့ ဒေါ်ဒေါ်တို့ဆီ သွားနေစေချင်တာပဲ၊ ကျွန်မတို့နဲ့တော့ ဝေးသွားတာပေါ့၊ ဒါပေမဲ့ ကိုမြင့်မောင်အတွက် စိတ်ချ ရတယ်ဆိုရင် ကျွန်မတို့လည်း စိတ်အေးရတာပေါ့”

“ကျွန်တော်က ကျွန်တော်ဘယ်သွားတယ်ဆိုတာကို အကြော့ သာမဟုတ်ဘူး၊ တခြားဘယ်သူမှ မသိစေချင်ဘူး”

“အို ဒါတော့ ကျွန်မတို့တာဝန်ထားပါ၊ မသိစေချင်ရင် ဘယ်သူမှ မသိစေရပါဘူး၊ ကိုမြင့်မောင် ဒေါ်ဒေါ်တို့ဆီကိုပဲ သွားမယ်မဟုတ်လား”

“ဘယ်သူမှမသိစေရပါဘူးလို့ ဆိုရင်တော့ ခဏတစ်ဖြုတ်လောက် သွားကြည့်ချင်တာပဲ”

“ကောင်းပါလေရဲ့ ကိုမြင့်မောင်၊ ကျွန်မဖြင့်သိပ်ဝမ်းသာတာပဲ၊

ဟိုမှာ ကြာရှည်နေဖို့စိတ်ကူးတဲ့အခါကျတော့လည်း ကျွန်မတို့ဆီ

စာရေးလိုက်တာပေါ့၊ ကျွန်မတို့ ကိုမြင့်မောင်ရဲ့ဆေးဆိုင်က ပစ္စည်းတွေကို စိတ်ချရတဲ့လူနဲ့ ပို့ပေးမယ်"

"အဲဒီလိုဆိုရင် လူတွေသိမကုန်ကြပေဘူးလား"

"အို ဒါတွေ တိုးတိုးတိတ်တိတ်စီမံရင် ပြီးနိုင်တာပဲ၊ စိတ်ချပါ၊ လုံခြုံဖို့ ဥစ္စာတော့ ကျွန်မတို့တာဝန်ထားပါ၊ ဒီမှာမနေနိုင်လို့ ကိုမြင့်မောင် သုံးဆယ်သွားပြီး နေမယ်ဆိုရင်လည်း ကျွန်မတို့အားလုံး စိတ်အေးကြရမှာပဲ မေမေက ဒါပဲပြောနေတာပဲ"

"ပြီး တစ်ခုရှိသေးတယ် မခင်လှတို့ ပဋိညာဉ်ခံနိုင်ပါမလား"

"ဘာများပါလိမ့် ကိုမြင့်မောင်၊ ကျွန်မတို့ကို မေးများနေရသလား"
"ဟိုကလူတွေကို ကျွန်တော့်အကြောင်းကို ဘာတစ်ခုမှ မပြောဘဲ ဆရာဝန်တစ်ယောက်ဖြစ်ကြောင်းလောက်သာ ပြောစေချင်တယ်"

မခင်လှသည် ဤထူးဆန်းသော တောင်းပန်စကားကို ကောင်းစွာနားမလည်၍ တစ်စုံတစ်ရာမပြောဘဲ တွေတွေကလေး ကြည့်နေမိလေ၏။

"ဘာလဲ မခင်လှ၊ မခင်လှ ကတိမပေးနိုင်လို့လား"

"မဟုတ်ပါဘူး၊ ကျွန်မ ကိုမြင့်မောင်ပြောတာကို နားမလည်လို့ ဘာပြောပါလိမ့်မလဲလို့ စဉ်းစားနေတယ်။ ကိုမြင့်မောင် ဘာကိုဆိုလိုတာလည်း"

"ဒါပါပဲ၊ ကျွန်တော့် အဆိုးအကောင်းဆိုရင် ဘာတစ်ခုမှ ပြောဆို မထားစေချင်တာပဲ၊ ကျွန်တော် ဘာဖြစ်ခဲ့တယ်ဆိုတာ ဘယ်သူမှ မသိစေချင်ဘူး။ ကျွန်တော့်အသက်ကို ဟိုကျတစ်မျိုးတစ်ဖုံ ပြန်ပြီး မွေးရင်လည်း မွေးနေရဦးမှာကိုး မခင်လှရဲ့။ ဒီတော့ နောက်ဖြစ်ဆိုရင် ဘာဆိုဘာမှ အသိမပေးချင်ဘူး"

"ကိုမြင့်မောင်မှာ အဆိုးဘာမှမရှိဘဲဟာ"

"ပုထုဇဉ်တွေပဲ မခင်လှ၊ ဘယ်မှာအဆိုးမရှိဘဲနေပါ့မလဲ။ ပြီး လူကောင်းတစ်ယောက်ပါလို့ သတင်းပျံ့နေပြီးတဲ့နောက် တစ်လောင်းပြီး တစ်လောင်း ဆွဲချရတဲ့အခါကြီးမှာ မတော်တဆ ခဏတစ်ဖြုတ် အိပ်ပျော်နေမိရင် လူတွေပြောစရာမဖြစ်ပါလား"

ကိုမြင့်မောင်သည် ထိုစကားကို အနည်းငယ်ရယ်သံနှော၍ ပြောလိုက်သည်ဖြစ်စေကာမူ မခင်လှမှာ ထိုစကားဖြင့်ပင် ကိုမြင့်မောင်၏ အကြေွအတွက် စိတ်လက်မပြေသေးဘဲ အကြောင်းပြောလိုက်သော စကားကြောင့်

စိတ်တွင် ထိခိုက်လျက်ပင်ရှိသေးကြောင်း ကောင်းစွာ ရိပ်မိသဖြင့် များစွာ ဝမ်းနည်းခြင်းဖြစ်ကာ

"အကြော့ ကိုမြင့်မောင်ကို သက်သက် အထင်လွဲတာပဲ"

"စောစောက သိပ်ပြီးအထင်ကြီးမိတာကိုး မခင်လှရဲ့၊ ဒီတော့ အပြစ်ကလေးတစ်ခုဟာ အပြစ်ကြီးတစ်ခု ဖြစ်သွားနိုင်တာပေါ့၊ ဒါတော့ အကြော့ကို အပြစ်တင်စရာ မရှိပါဘူး

"နို့ ဘယ်သူ့ကို အပြစ်တင်ရမှာလဲ ကဲ...ပြောပါဦး"

မခင်လှ၏အသံမှာ စိတ်မရှည်တော့သကဲ့သို့ မေးသောအသံ ဖြစ်လေ၏။

"ကျွန်တော့်ကိုယ် ကျွန်တော် အပြစ်ထားရမှာပေါ့"

"အလို ဘာကြောင့်ပါလိမ့် ကိုမြင့်မောင်"

"ကျွန်တော်အိပ်နေမိတာကိုး၊ ကဲဒါတွေထားပါတော့ မခင်လှ။ ကျွန်တော် မနက်ဖြန်ပဲသွားချင်တယ် တစ်ဆိတ်"

"အို မြန်လှချေလား ၃ရက် ၄ရက်လောက် နေပါဦး အမေတို့ စိတ်မကောင်းဘဲဖြစ်နေတုန်း ဖြုန်းဆိုထွက်သွားရင် ကောင်းပါမလား။ ပြီး သုံးဆယ်ကို စာတင်ကြို့ပြီး ရေးဖို့လည်း ရှိသေးတယ်"

"အင်း ဒါလည်းဟုတ်ပေတာပဲ၊ ကဲဒါဖြင့် ဖိန်းနွဲခါမှသွားမယ်နော်။ ကိုင်းညဥ့်နက်ပြီ မခင်လှလည်း အိပ်ချေတော့၊ မနက်ဖြန်တော့ ဆက်ဆက်စာရေးလိုက်နော်" ဟုဆိုကာ အဝေးသို့ လှမ်း၍ကြည့်ပြီးလျှင် အတန်ကြာပင်ငြိမ်သက်၍ နေသောကြောင့် မခင်လှလည်း အနားမှ ထ၍ လာခဲ့လေ၏။

အိပ်ရာထဲသို့ ရောက်သည့်တိုင်အောင် ကိုမြင့်မောင် မိမိတို့ထံမှ ခွဲခွာ၍ သွားတော့မည့်အရေးကို အတန်ကြာပင် စဉ်းစားနေမိပြီးလျှင် အဘယ်ကြောင်းကြောင့်ဟူ၍မသိ၊ စိတ်ထဲ၌များစွာ မချိတရိဖြစ်လျက် သက်ပြင်း မကြာခဏချကာ အိပ်ရာပေါ်တွင် ဘယ်ပြောင်းညာပြန် လူးလိမ့်ရင်း ကျဆင်းလာသော မျက်ရည်တို့ကို တွင်တွင်ကြီးသုတ်၍ နေရလေ၏။

ထိုမျက်ရည်တို့မှာ သာမန်အားဖြင့် ထိုညအဖို့ မခင်လှ အိပ်၍ ပျော်သွားသောအချိန်တွင် ရပ်စဲဖို့ရာ ဖြစ်သော်လည်း နောက်နေ့နောက်နေ့များ၌ လူလစ်တိုင်း လူလစ်တိုင်း မခင်လှ၏မျက်လုံးအိမ်တို့မှ တဖြိုင်ဖြိုင် စီးဆင်းလျက် ရှိလေတော့၏။

ကိုမြင့်မောင် မှာမူကား မခင်လှ၏အဖြစ်ကို မသိပင်မသိ၍လော၊ သိလျက်နှင့်ပင် မသိချင်ယောင်ဆောင်၍ ပေလောမပြောတတ်၊ ၃ရက် သောညနေတွင် လှည်းတစ်စီးဖြင့် မြို့သို့တက်၍ မြို့မှတစ်ဖန် ညရထားကိုစီးကာ လိုက်ပါသွားလေရာ မခင်လှမှာ ကိုမြင့်မောင်၏ မျက်နှာအမူအရာတို့ကိုသာ တရေးယောင်ယောင် ထင်မြင်လျက် ဤတစ်သက်တွင် မိမိ၏အသည်းနှလုံးတို့မှာ ကိုမြင့်မောင်၏ နောက်သို့ ထက်ကြပ်မခွာ မြဲမြံစွာ လိုက်ပါသွားလေပြီဟု မချိတင်ကဲ ဝမ်းနည်း ပူဆွေး၍ ကျန်ရစ်ခဲ့ရရှာလေ၏။

ကိုမြင့်မောင် ရွာကလေးမှထွက်သွား၍ ၃ရက်ကြာသောအခါ မခင်လှသည် စိတ်ပြေလက်ပျောက် ရွာထိပ်သို့ တစ်ယောက်တည်း လျှောက်ခဲ့ရင်း မြို့မှ ဦးဘိုးကူး ပြန်လာသည်ကို ရင်ဆိုင်တွေ့လေ၏။ မခင်လှကို မြင်လျှင်မြင်ချင်းပင် ဦးဘိုးကူးလည်း

"ဟဲ့ ခင်လှ ဆရာလေးရှိသေးရဲ့ မဟုတ်လား"

"မရှိတော့ဘူး ဦးလေးရဲ့ ထွက်သွားပြီ"

"ဟေ့. . .ဘယ်ထွက်သွားတာလဲ၊ သောက်ကျိုးနည်းတာပဲ ငါကသူ့ကို ကျေးဇူးဆပ်မလို့ အားခဲလာတာ၊ ခက်တာပဲ ဘယ်သွား မယ်လို့ ပြောမသွားဘူးလား"

ဦးဘိုးကူးမှာ အားရဝမ်းသာစွာနှင့် မြို့မှပြန်၍ လာခဲ့ရာ ရွာသို့အဝင်တွင်ပင် ထိုသတင်းကို ကြားရသည့်အတွက် များစွာ စိတ်ပျက်ဝမ်းနည်းသွားလေ၏။ မခင်လှမှာလည်း နဂိုကမှ ကိုမြင့်မောင် ထွက်သွားခြင်းအတွက် စိတ်လက်မရွှင်မပျဖြစ်နေရစဉ် ဦးဘိုးကူး သိသိသာသာကြီး စိတ်ပျက်သွားသည်ကို တွေ့မြင်ရသည့်အခါ ဣန္ဒြေ မဆည်နိုင်တော့ပဲ မျက်ရည်များကျဆင်းလာပြီးလျှင် ဆို့တက်လာသော အပူလုံးကို မျိုချနေရခြင်းဖြင့် နှုတ်ဖျားမှ အဖြေမထွက်နိုင်ဘဲ ရှိလေ၏။

ဦးဘိုးကူးလည်း အတန်ကြာတွေဝေ၍နေပြီးမှ အနီးသို့ ကပ်လာကာ "ခင်လှ ခင်လှ မင်းကိုတောင် ဘယ်သွားမယ်ဆိုတာ ပြောမသွားဘူးကိုး။ အင်း ဒီထိတောင် စိတ်သဘောထားကြီးတဲ့သူပဲ၊ ကဲ ကဲ စိတ်မညစ်ပါနဲ့ကွယ်၊ ဦးလေး သူ့ကို မတွေ့တွေ့အောင်ရှာပေးပါ့မယ်၊ တိတ်တိတ်"ဟု နှစ်သိမ့်ဖျောင်းဖျလေ၏။

ဤသို့ နှစ်သိမ့်ဖျောင်းဖျခါမှပင် မခင်လှမှာ မျိုသိပ်ထားသော အပူကို ဖုံးဖိခြင်းငှာ မတတ်နိုင်တော့ပဲ မျက်နှာကို လက်ဖြင့်အုပ်ကာ ရှိုက်၍ ရှိုက်၍ ငိုနေလေရာ ဦးဘိုးကူးမှာ မခင်လှအား ကြီးစွာသော ကြင်နာခြင်းဖြင့် ကြည့်ရှုရင်း မိမိကိုယ်တိုင်လည်း ရောနှော၍ ငိုချင်သလို ဝမ်းနည်းသလိုလိုဖြစ်ကာ တွေတွေကြီး ရပ်နေမိလေ၏။

လွန်ခဲ့သည့်တစ်လခန့်က အရှမ်းသောင်းကျန်းလိုက်သော ပလိပ် ရောဂါမှာ လူပေါင်းများစွာ၏အသက်ကို နုတ်ယူပြီးနောက် ရုတ်တရက် ပျောက်ကွယ်၍ သွားလေ၏။ ရွာကလေးတွင် ယခင်ကကဲ့သို့ ဆူဆူညံညံနှင့် ရယ်သံမောသံတို့ကို မကြားရတော့သော်လည်း ရောဂါကပ်ကို ကျော်နင်းလာရသူတို့မှာ အသက်ဖြောင့်ဖြောင့် ရှူနိုင်ပြီးလျှင် မိမိတို့အလုပ်ခွင်သို့ ပြန်၍ ဝင်နေကြသည်ကို တွေ့ရပေ၏။

ဥတ္တိုရွာကလေးတွင်ကား ဆရာကလေးတစ်ယောက် ဘယ်ဆီသို့ ရုတ်တရက်ပျောက်သွားသည်ကို မသိလိုက်ကြရ။ မခင်လှတို့ကို မေးရာ ၎င်းတို့ကလည်းမသိဟု မူလက ကိုမြင့်မောင်ထံတွင် ကတိခံထားသည့်အတိုင်း ပြောလိုက်ကြသောကြောင့် ဦးဘိုးကူး၏ အိမ်သစ်ကြီးဆီသို့ သွားရောက်ကာ သတင်းမေးမြန်းခြင်း ပြုနေကြသည်ကို တွေ့ ရပေ၏။ အချို့ကလည်း ဦးဘိုးကူးထက် မခင်လှတို့က ပို၍သိမည်ဟု ဆိုကာ မခင်လှထံသို့ပင် မကြာခဏ လာရောက်မေးမြန်းကြလေ၏။ သို့မေးလာတိုင်း မေးလာတိုင်းလည်း မခင်လှမှာ ကိုမြင့်မောင်ကို တိုး၍တိုး၍ သတိရပြီးလျှင် ဤတစ်သက်တွင် ကိုမြင့်မောင်အား ဝတ်ကြီးဝတ်ငယ် ပြုစုလိုလျက် ပြုစုခွင့်မရနိုင်တော့သည့်အတွက် တသက်သက် ဖြစ်နေရှာလေ၏။

ကိုမြင့်မောင် ထွက်သွား၍ ၁ဝရက်ခန့် ကြာသောအခါ မခင်လှ တို့လည်း မြို့သို့ပြန်ကြရာ ပထမဆုံးအိမ်လည်လာသူမှာ အကြော့ပင် ဖြစ်ပေ၏။ တစ်ဖန် ပထမဆုံး မခင်လှအား အကြော့ မေးမြန်းပြောဆိုသည့်စကားမှာ “မခင်လှ၊ သူကော သူ-သူ-သူလေ၊ သူဘယ်မှာလဲ" ဟူ၍ ဖြစ်လေ၏။

မခင်လှမှာ အကြော့နှင့် အလွန်ခင်မင်သော မိတ်ဆွေရင်းဖြစ်ရာ အကြော့နှင့် တွေ့သည့်အခါတိုင်း အလွန်ဝမ်းသာသော အမူအရာကို ယခင်ကပြတတ်သော်လည်း ယခုသော် အနည်းငယ်ကလေးမျှ ပြုံးခြင်းကိုသော်မျှ မပြုနိုင်၊ အကြော့အား တွေတွေကြီး စိုက်၍သာ ကြည့်နေမိလေ၏။ အကြော့မှာလည်း မခင်လှ၏ ထူးခြားခြင်းကို ဂရုစိုက်မနေနိုင်၊ ကိုမြင့်မောင်ကို တွေ့လိုဇောသာလျှင် အပြင်းစွဲဆော် တိုက်တွန်းလျက်ရှိသောကြောင့်. . . .

“ပြောပါဦး မခင်လှရဲ့ ကိုမြင့်မောင်ကော” ဟူ၍ သေပြေး ရှင်ပြေး မေးမြန်းလေ၏။

“ကိုမြင့်မောင် မပါဘူးအကြော့” ဟု မခင်လှက ဖြည်းညင်းစွာ ပြောရာ အကြော့မှာ ချက်ချင်း မျက်နှာကလေးငယ်သွားပြီးလျှင် “ဟင်” ဟု ပါးစပ်မှ လွတ်ခနဲ ထွက်သွားလေ၏။ နောက်မှ

“ဘာဖြစ်လို့လဲ သူဘယ်မှာလဲ”

"ထွက်သွားပြီ၊ ဘယ်ဆီကို ထွက်သွားတယ်မသိဘူး၊ ကျွန်မ တို့ကိုလည်း အသိပေးမသွားဘူး" ဟု မခင်လှက မပြောချင်ပြောချင် နှင့် ကိုမြင့်မောင် နှုတ်ပိတ်သွားသည့်အတိုင်း ပြောလိုက်သည်တွင် အကြော့မှာ ဘာမျှမပြောနိုင်တော့ဘဲ နီးရာကုလားထိုင်၌ မိမိကိုယ်ကိုပစ်၍ ထိုင်လိုက်ပြီးလျှင် လျှင်မြန်စွာ ဆို့၍လာသော မျက်ရည်ဥတို့ကို လက်ကိုင်ပဝါလေးဖြင့် သုတ်၍နေလေ၏။

ထိုနောက် ရှိုက်၍နှိုက်၍ ငိုနေသောအသံကို ကြားရသဖြင့် မခင်လှလည်း မျက်ရည်များ လျှမ်း၍နေသော မျက်စိဖြင့် အကြော့အားလှမ်း၍ ကြည့်လိုက်ရာ အကြော့မှာ ၎င်း၏လက်တွင် ဝတ်ဆင်ထားသည့် ကိုမြင့်မောင် လက်ဖွဲ့သွားသော လက်စွပ်ကလေးကို လက်ယာဘက်လက်ဖြင့် ကြင်နာယုယစွာ ကိုင်တွယ်လျက် ကျုံကျုံချ ငိုနေသည်ကို တွေ့ရသည့်အတွက် မိမိလည်း စိတ်ကိုချုပ်တည်း၍ မရနိုင်တော့ပဲ ကုလားထိုင်ကြီးပေါ်သို့ ပစ်လှဲကာ အကြော့၏နည်းတူ ရှိုက်၍ရှိုက်၍ ငိုနေမိလေ၏။

# [၇]

## လမ်းခွဲ၌ ခလုတ်တိုက်မိခြင်း

ကိုမြင့်မောင်မှာ မခင်လှတို့ကို အကြောင်းပြု၍ သုံးဆယ်သို့ ရောက်လာသူဖြစ်သောကြောင့် မခင်လှ၏အဒေါ် မအေးခင်နှင့် အိမ်သားတစ်စုတို့သည် လိုလေသေးမရှိအောင် ပြုစုကြပေ၏။ မအေးခင်၏ခင်ပွန်းမှာ ဈေးထဲ၌ ဆိုင်ဖွင့်ထားသည်ဖြစ်၍ နံနက်စောစောအိပ်ရာမှထ၍ သွားပြီးလျှင် ညဘက်တွင်မှ အိမ်သို့ပြန်လာသူဖြစ်သောကြောင့် ကိုမြင့်မောင်နှင့် တွေ့ရသည့်အခါကလေးများတွင် အားမနာဖို့အကြောင်းကို တတွတ်တွတ်ပြောရှာပေ၏။

ကလေးများမှာ ကိုမြင့်မောင်ကို ပထမမြင်ရစက အနားသို့ မကပ်ဝံ့၊ ထော့နဲ့ထော့နဲ့နှင့်ဖြစ်နေသည့်အပြင် မျက်နှာတွင်လည်း ကြောက်မက်ဖွယ်ကောင်းသော ရောမအမာရွတ်ကြီး တစ်ခုကို တွေ့မြင်ရသည့်အတွက် ကြောက်စရာကောင်းသော လူကြီးဟု ထင်မှတ်ကာ ခပ်လှမ်းလှမ်းမှကြည့်၍ နေခဲ့ကြလေ၏။ သို့သော် ကလေးတို့မည်သည် မုန့်ပေး၍ ချော့မော့တတ်သူကို ခင်မင်တတ်မြဲဖြစ်သည့်အတိုင်း ကိုမြင့်မောင်ရောက်၍ ၃ရက်မျှ မကြာမီပင် အကျွမ်းတဝင်ဖြစ်ကာ "ဦးလေး-ဦးလေး" နှင့်တစ်ဦးလေးတည်း ဦးလေး၍နေသောကြောင့် မအေးခင်တို့ဇနီးမောင်နှံမှာ ကလေးများနှင့် ကိုမြင့်မောင်ကို ကြည့်ကာ တပြုံးပြုံးဖြစ်၍ နေကြလေ၏။

ကိုမြင့်မောင် အိမ်မှမကြာခဏထွက်၍ မြို့၏အကဲကိုလှည့်လည် ခတ်၍နေစဉ် မအေးခင်တို့အိမ်သားတစ်စုလည်း ကိုမြင့်မောင်ကို အကဲခတ်၍ နေကြလေ၏။ မခင်လှ၏စာတွင် ဆရာဝန်တစ်ယောက် ဖြစ်၍ သုံးဆယ်၌နေရန် ရည်ရွယ်ကြောင်း ၎င်းအား ဆွေမျိုးရင်းချာကဲ့သို့ စောင့်ရှောက်စေလိုကြောင်းလောက်သာ ပါရှိသည့်အတွက် ကိုမြင့်မောင်နှင့်ပတ်သက်၍ အရေးကြီးသော အချက်အလက်တို့ကို မသိရတိုင်း လျှောက်၍ ထိုထိုဤဤ တွေးနေကြလေ၏။

ဆရာဝန်ဟုဆိုလျက် ထော့နဲ့ထော့နဲ့ဖြစ်နေခြင်း၊ မျက်နှာတွင် အမာရွတ်ကြီး ကန့်လန့်ဖြတ်၍နေခြင်းသည် မည်ကဲ့သို့ဖြစ်ပျက်ခဲ့၍နည်း။ လူမှာ လူရိုးလူကောင်းဖြစ်ဟန်တူသော်လည်း ထိုအရာများမှာ ရိုးသားသောသူတို့၌ တွေ့မြင်ရသောအရာများမဟုတ်။ ဤဆရာဝန် ဆိုသော ကိုမြင့်မောင်သည် မည်ကဲ့သို့သောသူနည်း။ မည်သည့် အတွက်ကြောင့် ရုတ်တရက် သုံးဆယ်သို့ ရောက်လာသနည်း။ အဘယ်ကြောင့် သူ၏မျက်နှာသည် မသာမယာ မရွှင်မပျသော

အသွင်ကို ဆောင်လေသနည်း။ မခင်လှသည် အဘယ်အတွက်ကြောင့် ၎င်း၏အကြောင်း အဆိုးအကောင်းကို စုံလင်စွာရေးပေးရန် မိမိတို့က စာထည့်သည့်အခါ စာမပြန်ကြားဘဲနေဘိသနည်း အစရှိသဖြင့် အမှန်ကိုမသိနိုင်တိုင်း အမျိုးမျိုးအဖုံဖုံ တွေးတောနေကြလေ၏။

ကိုမြင့်မောင်ရောက်၍ ၁၀ရက်ခန့်ကြာသောအခါတွင်ကား ကိုမြင့်မောင်သည် လူဆိုးတစ်ယောက်မဟုတ်၊ ဝမ်းနည်းဖွယ်ရာ တစ်ခုခုကို အနိုင်နိုင်မျိုသိပ်ကာ မေ့ပျောက်ရန် ကြိုးစားနေကြောင်း ၎င်း၏အမူအရာ အပြောအဆိုအနေအထိုင်ကလေးများဖြင့် ချင့်ချိန် အကဲခတ်ကာ စိတ်အေးစပြုလာလေ၏။ သို့ဖြစ်၍ တစ်နေ့ထက် တစ်နေ့ တိုး၍တိုး၍ ခင်မင်ရင်းနှီးလာကြရာ နောက်ဆုံးတွင် ကိုမြင့်မောင်ပြန်သွားမည်ကို စိုးရိမ်သည့်အတွက် ဆေးဆိုင်ဖွင့်ရန်ပင် အတန်တန် တိုက်တွန်းတောင်းပန်ကြသည်နှင့် ကိုမြင့်မောင်လည်း မခင်လှထံသို့ မိမိဆိုင်မှပစ္စည်းများကို တိတ်တဆိတ်ပို့ရန် စာရေးလိုက်လေ၏။

ရက်အတန်ကြာသောအခါ မအေးခင်တို့နေအိမ်၏ အခန်း တစ်ခန်းတွင် ဆေးဆိုင်ကလေးတစ်ခု ပေါ်လာလျက်

{"ဆရာဝန်-မောင်မြင့်မောင် အချိန်မရွေး တွေ့နိုင်သည်။"}

ဟူသော ဆိုင်းဘုတ်ကလေးတစ်ခု တပ်ဆင်ထားသည်ကို မြို့သူ မြို့သား လမ်းသွားလမ်းလာတို့ တွေ့မြင်ကြရလေ၏။ ဤတွင်မှ ဆရာဝန်မောင်မြင့်မောင်ဆိုသူသည် မည်သူဖြစ်ပါလိမ့်မည်နည်းဟု တစ်စေ့တစ်စောင်းအကဲခတ်ကြရာမျက်နှာတွင် ကန့်လန့်ဖြတ်လျက်ရှိသော ရောမ အမာရွတ်ကြီးနှင့် လူတစ်ယောက်ထိုင်နေသည်ကို တွေ့မြင်ကြရလေ၏။ တစ်ခါတစ်ခါလည်း ထိုရောမအနာရွတ်ကြီးနှင့် လူသည် ထော့နဲ့ထော့နဲ့နှင့် အခန်းထဲတွင် လမ်းလျှောက်နေသည်ကို တွေ့မြင်ကြရာ ဆရာဝန်တစ်ယောက်ဖြစ်ပါလျက်နှင့် ဤမျှလောက် ကိုယ်အင်္ဂါချို့ယွင်းနေလျှင် တစ်ပါးသူအား ဘယ်ပုံဘယ်နည်းဖြင့် ကုသနိုင်ပါလိမ့်မည်နည်းဟု တွေးကာ မိမိတို့သွားရာလမ်းကို ဆက်လက်၍ သွားကြလေ၏။

ကိုမြင့်မောင်မှာကား လမ်းသွားလမ်းလာတို့၏စိတ်တွင် ထိုကဲ့သို့ တွေးထင်၍ သွားကြသည်ကို အလျှင်းမသိ၊ မိမိ၏ထံသို့ လူမမာများ ရောက်မလာခြင်း၊ မိမိအား လာရောက်ပင့်ခေါ်မည့်သူ မရှိခြင်းကိုသာ သိ၍ တစ်နည်းအားဖြင့် ဤမြို့ကလေးတွင် ရောဂါဘယကင်း၍ လူအများပင် ကျန်းမာခြင်းနှင့်ပြည့်စုံသောကြောင့် မိမိထံ မလာရောက်ကြခြင်းဖြစ်ပေလိမ့်မည်ဟု တွေးထင်ကာ ဝမ်းသာသလိုလိုဖြစ်နေလေ၏။

ဆိုင်ဖွင့်၍ ၁၅ရက်ခန့် ကြာမြင့်သွားသည့်တိုင်အောင် မည်သူ တစ်ဦးတစ်ယောက်မျှ မလာရောက်ဘဲ ရှိသည့်အခါတွင်ကား ကိုမြင့်မောင်တွင် စဉ်းစားစရာ ပေါ်ပေါက်၍လာလေ၏။ ယခင်ကမူ မိမိဆေးတိုက်ဖွင့်သည့်နေ့မှာပင် လူနာများစွာရောက်လာသဖြင့် မိမိအလုပ်အကိုင် ကောင်းခြင်းအတွက် အားတက်ခဲ့ရသော်လည်း ယခုမူ မည်သူမှ မလာရောက် မမေးစမ်း မခေါ်ငင်။ ဤမျှလောက် အဝန်း ကျယ်သောမြို့ကြီးတွင် လူနာမရှိဟူ၍မဖြစ်နိုင်၊ မိမိမှာ လူသစ်ဖြစ်သော ကြောင့် အခကြေးငွေ များစွာပေးရမည်ထင်၍ပင် မလာဘဲ နေကြ လေသလော။ သို့တည်းမဟုတ်မူ၍ အခကြေးငွေ မပေးနိုင်သဖြင့် မလာရောက်ဘဲ နေကြခြင်းပင် ဖြစ်လေသလော၊ အကြောင်းကိုသိရန် စုံစမ်းမည်ဟု တစ်နေ့သောညနေ၌ ချိုင်းညှပ်ကလေးဖြင့် ထောက်လျက် ထွက်လာခဲ့လေ၏။

မြို့စွန်ဘက်ရှိ ခြံကြီးတစ်ခု၏အဝသို့ ရောက်သည့်အခါ သူငယ် တစ်ယောက် မိမိအား အရှိန်နှင့်ဝင်၍တိုက်လိုက်သဖြင့် ထိုသူအား ဖမ်း၍ ဖက်ကာ လဲကျမသွားအောင် မနည်းပင် အားယူလိုက်ရလေ၏။ ထိုသူငယ်မှာ မျက်လုံးကို လက်ဝါးဖြင့်အုပ်၍ထားရာ လက်ချောင်း များ၏ အကြား၌ သွေးများယိုစီးနေသည်ကို တွေ့မြင်ရလေ၏။ ပါးစပ် မှလည်း “ကြောက်ပါပြီ ခင်ဗျာ ကြောက်ပါပြီ”ဟု မြည်တမ်းလျက် ရှိသောကြောင့် “နေပါဦး ဘာဖြစ်လို့လဲ” ဟုမေးရာ၊ စကားပြန် မရ “ကြောက်ပါပြီခင်ဗျ ကြောက်ပါပြီ" ဟုသာလျှင် အော်နေ၍ မည်သူ့ကို မည်သည့်အတွက် ဤမျှလောက်ကြောက်နေရသည်ကို သိလို၍ ခြံကြီးဘက်သို့ကြည့်လိုက်သောအခါ အလွန်သန့်ပြန့်စွာ ဝတ်စား ဆင်ယင်ထားသော လူငယ်တစ်ယောက်သည် ကြာပွတ်ကိုင်လျက် အပြေးထွက်လာသည်ကို တွေ့ရလေ၏။ တစ်ခဏချင်းပင် ထိုသူလည်း အနီးသို့ရောက်လာကာ ကိုမြင့်မောင်၏လက်မှ ပထမသူငယ်ကို ဆွဲယူလိုက်ပြီးလျှင် ကြာပွတ်ဖြင့် ဆက်ကာဆက်ကာ ရိုက်သည်ကို တွေ့ရသည့်အခါတွင်ကား ကိုမြင့်မောင်မှာ ကြည့်၍မနေနိုင်တော့ဘဲ။

“နေပါဦး မိတ်ဆွေ၊ ဒီလောက်တောင်လည်း မလုပ်ပါနဲ့ ဘာများ ဖြစ်ကြလို့လဲ” ဟူ၍ မေးလိုက်ရာ ထိုသူလည်း် ၎င်းအား ဤသို့ဝင်၍ နှောင့်ယှက်ရမည်လောဟု ကြီးစွာဒေါသထွက်သောဟန်ဖြင့်

“ခင်ဗျားကဘာလဲ၊ ဘာမို့လို့လဲ၊ ဘာဆိုင်လို့ဝင်မေးရတာလဲ”ဟု ခံ၍ အော်လေ၏။ ၎င်း၏မျက်လုံးများမှာ အလျှံများပင် ထွက်နေ သည်ဟု ထင်မှတ်ရလေ၏။

“ကျွန်တော်ဘာမှမဟုတ်ပါဘူး၊ နို့ပေမယ့် ဟိုလူမှာဘာအပြစ်ပဲ ရှိရှိ ခင်ဗျား ဒီလောက်တောင် လုပ်ဖို့မလိုပါဘူး ထင်ပါတယ်”ဟု ကိုမြင့်မောင်က ခပ်အေးအေးပင် ပြန်၍ပြောသည့်အခါ၊ ထိုသည်မှာ သာ၍ပင် ဒေါသဖြစ်လာလျက်

“ဘာဘာပြောတယ် ခင်ဗျားကဘာမို့လို့ ကျုပ်ကို ဒီလိုပြောရတာလဲ ဟင်၊ ခင်ဗျားကဘာကောင်မို့လို့ ကျုပ်ကိုဒီလိုပြောရတာလဲ” အော်ကာ အံကို တင်းကျပ်စွာကြိတ်လေ၏။ ထိုနောက် ကိုမြင့်မောင် ကိုပင် စားတော့ဝါးတော့မည့်ကဲ့သို့ကြည့်ကာ အနားကိုတိုး၍ ကပ် လာလေ၏။

ကိုမြင့်မောင်မှာ ထိုသူအား အဖက်လုပ်၍ပြောမနေတော့ပဲ ကြာပွတ်ဖြင့်အရိုက်ခံရ၍ အရှိုးကြီးများဖြစ်ကာ မချိမဆံ့နာကျင် နေသော သူငယ်၏လက်ကို မျက်နှာမှခွာစေ၍ ကြည့်လိုက်သောအခါ မျက်လုံးနှင့်နဖူးဆီ၌ သွေးများထွက်လျက်ရှိသည်ကို တွေ့ရသည်နှင့် အနီးမှဖြတ်၍ မောင်းနှင်သွားသော မြင်းရထားတစ်စီးကို လှမ်း၍ ခေါ်ငင်ပြီးလျှင် မြင်းရထားပေါ်သို့တွဲ၍ တင်လေ၏။

ကြာပွတ်ဖြင့်ရိုက်သောသူမှာကား ကိုမြင့်မောင်၏ လုပ်ပုံကိုင်ပုံ ကို နားမလည်သောအမူအရာဖြင့် ကြက်သေသေ၍ ကြည့်နေလေရာ မြင်းရထားထွက်သောအခါတွင်မှ သဘောကိုရိပ်မိလာ၍ မြင်းရထား ဆီသို့ ပြေးသွားပြီးလျှင်

“ဟေ့ နေဦး၊ နေဦး မင်းဟိုခွေးကောင်ကို ဘယ်ခေါ်သွားမလို့လဲ” ဟု မေးလေ၏။

မြင်းရထားကားမနေ၊ မောင်းနှင်လျက်ပင်ရှိရာ ထိုသူလည်း ဘေးကတွယ်၍လိုက်လေ၏။ သို့တွယ်ပြီးလိုက်ရင်း “ဟေ့ မေးနေတာ မကြားဘူးလား” ဟု အော်ပြန်လေ၏။

“လာ လာ အထဲလာပါဗျာ၊ အပြင်ဘက်က မြင်းရထားခိုစီး ရတယ်ဆိုတာဟာ လူမြင်လို့မတော်ပါဘူး” ဟု ကိုမြင့်မောင်က အေးဆေးစွာပင် ပြောလိုက်သောအခါတွင်ကား ထိုသူမှာသာ၍ပင် ဒေါသဖြစ်ကာ ဖြိုးခနဲ မြင်းရထားဘေးမှခုန်၍ ချလိုက်ရာ မြင်းရထားမှာ အရှိန်ပြင်းစွာမောင်းနှင်လျက်ရှိသောကြောင့် ထိုသူမှာ ဒူးထောက် လျက်ကျသွားလေ၏။

မြင်းရထားထဲမှနေ၍ နောက်သို့ ပြန်ကြည့်လိုက်သောအခါ ထိုသူမှာ ရုတ်တရက်မထနိုင်သေးဘဲ လက်သီးတဝင့်ဝင့်နှင့် ကျန်ရစ် သည်ကို တွေ့မြင်ရလေ၏။

ဆေးတိုက်သို့ရောက်၍ ဆေးများ ထည့်ပေးသည့်အခါတွင် ကိုမြင့်မောင်က အကျိုးအကြောင်းမေးမြန်းကြည့်ရာ ထိုသူငယ်က ၎င်း၏အမည်မှာ မောင်သန်းဖြစ်၍ ကြာပွတ်ဖြင့်ရိုက်သူမှာ ကိုဘဇံ ဖြစ်ကြောင်း၊ ကိုဘဇံမှာ ထိုခြံကြီး၌ ဝင့်ဝင့်ထည်ထည် နေထိုင်သော သူဌေးသားတစ်ယောက်ဖြစ်၍ မိမိမှာထိုခြံကြီးတွင်

အခိုင်းအစေ တစ်ဦးဖြစ်ကြောင်း၊ ယခုဖြစ်ရပုံမှာ ကိုဘဇံတွင် စေ့စပ်ကြောင်းလမ်း ထားသော လဲ့လဲ့ခေါ် အလွန်ချောမောသော စက်သူဌေးသမီး တစ်ယောက်ရှိကြောင်း၊ သို့သော် ကိုဘဇံသည် အလွန် အပျော်လိုက်နေ၍ မိမိက လဲ့လဲ့အား သနားသောကြောင့် သွား၍ သတိပေးစကားပြောကြားမိကြောင်း၊ လဲ့လဲ့က ဒေါသအလျောက် ကိုဘဇံ ကို ဆူပူကြိမ်းမောင်းကာဖြတ်မည်ဘာမည် ပြောလိုက်၍မိမိအား မဲပြီးရိုက်နေစဉ် ဤသို့ဖြစ်ရခြင်းအကြောင်းများကို အကျယ်တဝင့် ပြန်လှန်ပြောပြရာ ကိုမြင့်မောင်မှာ မည်သို့မျှထင်မြင်ချက်မပေးဘဲ ဆေးကိုသာပြီးအောင် ထည့်လေ၏။ ပြီးမှ

"ကဲ မောင်သန်း ဟော ဟိုခုတင်ပေါ်မှာ မင်းအိပ်ပျော်အောင် အိပ်လိုက်၊ ဒဏ်ရာမပျောက်မချင်း မင်းဒီမှာဘဲနေ ဟုတ်လား၊ နေဦး မင်းမှာမိဘများ ရှိသေးသလား၊ အကြောင်းကြားချင်ရင် ကြားပေးမယ်လေ"

ကျွန်တော်တစ်ကောင်ကြွက်ပါဆရာ၊ ကျွန်တော့်ကို ဂရုစိုက်မယ့် လူ ဘယ်သူမှမရှိပါဘူး၊ ဆရာတစ်ယောက်ပဲ ကျွန်တော် အတင်း ဝင်တိုးတာတောင် စိတ်မဆိုးဘဲ ကျွန်တော့်ကို အခုလိုကြင်ကြင်နာနာ ပြုစုတဲ့လူရှိပါတယ်"

"မင်း ဒါဖြင့် ဘယ်မှာနေရနေရ နေနိုင်တယ်ပေါ့"

"ဟုတ်ပါတယ်ဆရာ၊ နေနိုင်ပါတယ်"၊

"ကဲ ဒါဖြင့်ဒီမှာပဲနေကွာ၊ ဘာမှအားမငယ်နဲ့၊ ကဲ-ကဲအခုတော့ တစ်ရေးလောက်ရအောင် အိပ်လိုက်ဦး" ဟု မောင်သန်းအား အိပ်ရာဆီသို့ လွှတ်လိုက်ပြီးနောက် မိမိမှာ ပက်လက်ကုလားထိုင် ပေါ်တွင် ထိုင်ကာ မောင်သန်းပြောပြသော အကြောင်းအရာတို့ကို အနုလုံပဋိလုံ စဉ်းစားနေနေ၏။ ထိုသို့ စဉ်းစားရင်းပင် အကြံတစ်ခု ရ၍ အိပ်ရာဆီသို့ကြည့်လိုက်သောအခါ မောင်သန်းမှာ နှစ်ခြိုက်စွာ အိပ်ပျော်လျက်ရှိသည်ကိုတွေ့ရသဖြင့် ဆေးအိတ်ကိုကိုင်ကာ မီးရထား တစ်စီးကို ခေါ်ပြီးလျှင် ကိုဘဇံ၏ခြံကြီး ဆီသို့မောင်းနှင်စေလေ၏။

ရောက်၍ ကိုဘဇံနှင့် တွေ့ချင်ကြောင်းပြောသောအခါ သူဌေးမင်း နှင့် တွေ့ချင်တိုင်း တွေ့ခွင့်မရနိုင်ကြောင်း၊ မည်သူမည်ဝါဖြစ်၍ မည်သည့်ကိစ္စနှင့်လာသည်ကို ဧည့်သည်က ကျေနပ်စွာ ပြောပြ နိုင်မှသာလျှင် သူဌေးမင်းက တွေ့ဆုံခွင့်ပေးနိုင်ကြောင်း ပြောပြကြ၍ ဆရာဝန်ကိုမြင့်မောင်က တွေ့လိုပါသည်ဟူ၍သာ ပြောရန် မှာကြား စေလွှတ်ရလေ၏။

တစ်ခဏမျှကြာသောအခါ သူဌေးမင်းက ခေတ္တမျှ တွေ့နိုင် ပါသည်၊ စောင့်ပါဦးဟု အစေခံကလာ၍ပြောကာ ကုလားထိုင် တစ်လုံး ထိုးပေးသဖြင့်

ထိုင်၍စောင့်နေလေ၏၊ ၅မိနစ်၊ ၁၀မိနစ်၊ ၁၅မိနစ်မျှကြာသည့်တိုင် သူဌေးမင်းလည်းထွက်မလာ၊ အစေခံများကို မေးလိုပါသော်လည်း ကြည့်၍မမြင်သည့်အတွက် ကိုမြင့်မောင်လည်း အတန်ကြာပင် ဆက်လက်စောင့်ဆိုင်းနေရလေ၏။ နာရီဝက်ခန့်ကြာမှ နောက်ဆီမှ ချောင်းဟန်သံ ကြားသဖြင့် လှည့်ကြည့်လိုက်ရာ၊ ကိုမြင့်မောင်အဖို့မှာ မည်သို့မျှ ထူးခြားခြင်း မရှိသော်လည်း ထိုသူမှာ မူ မမျှော်လင့်မမှန်းထားသူကို တွေ့ရှိရသည့်အတွက် ကြီးစွာအံ့အားသင့်ကာ ညနေက ဒေါသများလည်း မပြေမပျောက်ဘဲ တဟုန်းဟုန်း ပြန်လည် ပေါ်ပေါက်လာသည့်အလား။

"ခင်ဗျားလား ဆရာဝန်ဆိုတာ၊ ဟင် ခင်ဗျား ဘာကိစ္စလာရ ပြန်တာလဲ၊ ခင်ဗျားကို ဘယ်သူက အခွင့်ပေးလို့ ဒီကိုလာရတာလဲ" "ဘယ်သူကမှ အခွင့်မပေးပါဘူး ၊ ညနေက ခင်ဗျားမြင်းရထားပေါ်က ဒူးထောက်ရက်ကျသွားလို့ ပွန်းပဲ့သွားရာက အနာကြီး အနာကျယ်ဖြစ်လာရင် ကျုပ်တာဝန်မကင်းတာကြောင့် ဆေးထည့်ရအောင် လာခဲ့တာပဲ"

"ပွန်းပွန်း-မပွန်းပွန်း ခင်ဗျားအလုပ်လား ၊ ခင်ဗျားက ခင်ဗျား ကိုယ်ကို ဆရာဝန်ကြီးတစ်ယောက်ပဲဆိုပြီး ဒီကို လာတာလား။ ကိုယ်တိုင်က အင်္ကျီချို့ယွင်းနေတဲ့ လူတစ်ယောက်က သူများကို ဆေးကုပေးနေတယ်ဆိုတာ ဘယ်ခွေးမှ ဒီလိုလူဆီကို သွားမှာ မဟုတ်ဘူး။ သွား-သွား ခင်ဗျား ဒီက ထွက်သွား ၊ ခင်ဗျားမျက်နှာကို မကြည့်ချင်ဘူး" ဟူ၍ တောက်တောက်ခါးခါး ပြောလေ၏။

ကိုမြင့်မောင်မှာ ထိုသူကို စိတ်မဆိုးနိုင်၊ ထိုသူ ပြောလိုက်သော စကားသည် ညနေက မိမိအရှာထွက်သော်လည်း မရခဲ့သောအဖြေ ဖြစ်နေသည်ကို တွေ့ရလေ၏။ ဤတွင် တစ်သက်လုံး မိမိ၌ မည်သို့ ဖြစ်ပျက်တော့မည်ကို ထင်မြင်၍ ကြည့်နိုင်သည့်အလျောက် ထင်မြင် ၍ကြည့်ရာ မိမိ၏ရှေ့ရေးသည် တိမ်တောင် တိမ်လိပ်များဖြင့် တစ်ခဲနက် ပိတ်ဆိုင်း၍နေသောကောင်းကင်ကဲ့သို့ ဖြစ်နေသည်ကို တွေ့မြင်ရလေ၏။

"သွားဆို မသွားသေးဘူးလား၊ ဟေ့ ငလှ၊ ဒီလူကို အပြင်ထုတ် လိုက်စမ်း"ဟုလှမ်း၍ အမိန့်ပေးကာ အိမ်ပေါ်သို့ ဆောင့်အောင့်ပြီး တက်သွားသည်ကို မြင်ရသောအခါ၌ကား အကယ်၍ မိမိထွက် မသွားလျှင် ဆွဲထုတ်ခြင်းခံရတော့မည်ကို သိသဖြင့် အသာပင်လှည့်၍ ထွက်လာခဲ့လေ၏။

လမ်းတစ်လျှောက်လုံးပင် ကိုဘဇံအား စိတ်ဆိုးလိုသောဆန္ဒ စိုးစဉ်းမျှမရှိ၊ "ကိုယ်တိုင်အင်္ကျီချို့ယွင်းနေတဲ့ လူတစ်ယောက်က သူများကို ဆေးကုပေးနေတယ်ဆိုတာ၊ ဘယ်ခွေးမှ ဒီလိုလူဆီကို သွားမှာ မဟုတ်ဘူး'ဟူ၍ ကြားခဲ့ရသော စကား၏ ဟုတ်မှန်ခြင်းကိုသာလျှင် အဖန်တလဲလဲ

အောက်မေ့ဆင်ခြင်လာခဲ့မိလေ၏။ မိမိ ဤ သုံးဆယ်မြို့သို့ ဆိုက်ရောက်လာ၍ ဆေးဆိုင်ကလေးကို ၁၅ရက်ဖွင့်မိသည့်တိုင်အောင် လူနာတစ်ဦးမျှ လာရောက်ခြင်းမရှိခဲ့ရာ ပထမ လူနာမရှိ၍ပင် မလာခြင်းဖြစ်မည်ဟု တွေးထင်မိသော်လည်း ယခုသော်ကား မိမိမှာ ဆရာဝန်တစ်ယောက်လုံးဖြစ်ပါလျက် မျက်နှာတွင် ရောမအမာရွတ် ကြီးတစ်ခုထင်လျက် ခြေမှာလည်း ထော့ကျိုးထော့ကျိုးနှင့် သွားနေရသည့်အတွက် မည်သူမျှအယုံမရှိခြင်းကြောင့် မလာရောက်ခြင်း ဖြစ်ကြောင်း ကောင်းစွာသိရသည့်အခါ တခြားသို့ထွက်ခွာမသွားဘဲ မိမိ၏ အကြောင်းအကြောင်းကို ကောင်းစွာသိရှိနားလည်သော မိမိ၏ မြို့ကလေးမှာပင်နေရန် အတန်တန် တိုက်တွန်းတောင်းပန်ခဲ့သော မခင်လှ၏ စကားကို တစ်ခွန်းစီ ပြန်လည်သတိရမိလျှင် “မခင်လှ...မခင်လှ၊ မခင်လှ ပြောတာမှန်တာပဲ၊ ကျုပ်တစ်သက်လုံး အသက်မွေးဖို့ဟာတောင် ခက်သလိုဖြစ်နေပြီ”ဟု တစ်ယောက်တည်း ညည်းညူမိလေ၏။

ထိုသို့ညည်းညူမိရာမှ အကြောင်းကြောင်းကို ပြန်၍စဉ်းစားမိရာ မိမိမှာနောက်နောင်က နေရာတကာတိုင်းမှာလိုပင် အရေးနိမ့်ခဲ့လျက် ရှေ့အဖို့၌လည်း လူစဉ်မမီဘိသကဲ့သို့ ဖြစ်တော့မည့်အရေးကို တွေးတောကာ ရင်များပင် လေးသလိုလိုဖြစ်လာ၏။

အိမ်သို့ပြန်ရောက်သဖြင့် အိပ်ခန်းထဲသို့ လှမ်းပြီးကြည့်လိုက်ရာ မောင်သန်းမှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်လျက်ပင် ရှိသည်ကို တွေ့ရသဖြင့် ပက်လက်ကုလားထိုင်လေးပေါ်၌ထိုင်ကာ မိမိရှေ့အဖို့၌ မည်သို့ ပြုလုပ်ရမည်ကို လေးနက်စွာ စဉ်းစားနေလေ၏။

တစ်ခဏမျှကြာသောအခါ အခန်းထဲသို့ မအေးခင် ဝင်ရောက် လာပြီးလျှင် “ဟောဒီမှာကိုမြင့်မောင်၊ ကိုမြင့်မောင်အဖို့ စာတစ်စောင်၊ မနက်တည်းကပေးမလို့ဟာ ကျွန်မလည်း သတိမေ့နေတယ်၊ ကလေးတွေက တစ်ဖက်နဲ့မို့ " ဟု ပြောပြောဆိုဆို စာကို ပေးပစ်ခဲ့ပြီး ထွက်၍သွားသောကြောင့် ကိုမြင့်မောင်လည်း လျင်မြန်စွာ ဖွင့်၍ ဖတ်ကြည့်ရာ

ကိုမြင့်မောင်

ကိုမြင့်မောင် ဆေးတိုက်ဖွင့်သည့်အကြောင်း ဒေါ်ဒေါ်အေးခင်က စာရေးလိုက်၍ သိရပါသည်။ အခုထက်ထိ လူနာတစ်ယောက်မှ လာပြီး မမေးသေးဘူးဆို၊ သူတို့ ကိုမြင့်မောင်ကို အထင်လွဲနေ ကြတယ်ထင်တယ်။ ကိုမြင့်မောင် သူတော်ကောင်းကြီးတစ်ယောက် ဖြစ်တာကို သူတို့မသိလို့သာ မလာတာပေါ့။ ကိုမြင့်မောင် အခုနေ သိပ်ပြီး စိုးရိမ်နေလေပြီလားလို့ ကျွန်မတို့တော့

သိပ်ပြီးစိုးရိမ်နေကြတာပဲ။ ကိုမြင့်မောင်အကြောင်း လူတွေကို ပြောပြပါရစေ။ လူတွေ အမှန်ကို သိကြရင် ကိုမြင့်မောင်ကို ဝိုင်းပြီးရှိခိုးကြမှာပါ။ ကျွန်မ ပြောပြပါရစေ။ ပြောပြပါရစေ ကိုမြင့်မောင်ရယ်။ ကိုမြင့်မောင် သူတော်ကောင်းတစ်ယောက်ဖြစ်ရက်နဲ့ အခုလို အထင်အမြင်အလွဲခံရပြီး ဆင်းရဲနေတာကို ကျွန်မ မကြည့်ရက်နိုင်ဘူး။ ကြားလည်း မကြား ရက်နိုင်ဘူး။ ကိုမြင့်မောင် ကျွန်မကို ပြောခွင့်ပေးနော်၊ တကယ်လို့ ကိုမြင့်မောင် ပြောခွင့်မပေးရင် သူတို့သိကြမှာမဟုတ်ဘူး။ မသိတဲ့ သူတွေကြားမှာ ကိုမြင့်မောင်နေလို့ သူတို့က ကိုမြင့်မောင်ဆီလာကြပါ့မလား။ ကျွန်မသဘောတော့ ကိုမြင့်မောင်အကြောင်းကောင်းကောင်း သိတဲ့နေရာကိုသာ ပြန်လာစေချင်တာပဲ။ ကိုမြင့်မောင် ပြန်လာ တယ်ဆိုရင် ကျွန်မတို့သိပ်ဝမ်းသာမှာပဲ။ မြို့ကလည်း ဝမ်းသာမှာပဲ။ အကြော့လည်း ထပြီးက မှာပဲ။

အကြော့လေ ကိုမြင့်မောင်၊ သူ့ခမျာ ကျွန်မကို မကြာမကြာလာလာပြီး "ကိုမြင့်မောင် ဘယ်ဆီမှာရှိတယ်ဆိုတာ သိရက်သားနဲ့ မပြောနိုင်လို့ မပြောရတော့ ဟစ်သာငိုလိုက်ချင်တာပဲ။ အကြော့လည်း သနားစရာဖြစ်နေပြီ။ ကိုသက်ထွန်းအပေါ်မှာ လင့်ဝတ်မယားဝတ် မပျက်ပါဘူး။ နို့ပေမယ့် နို့ပေမယ့် သူလည်း ကျွန်မတို့လိုပဲ။ ကိုမြင့်မောင်ကို အားကြီးလွမ်းပြီး အားကြီးတွေ့ချင်တာပဲ။ ဦးလေး ကိုဘိုးကူးကလည်း ကိုမြင့်မောင်ကို မတွေ့တွေ့အောင် ရှာပေးမယ်လို့ ကျွန်မကိုပြောတယ်။ သူလည်း ကိုမြင့်မောင်ကို ကျေးဇူးဆပ်ချင်တာမှ သိပ်ပြီးဆပ်ချင်တာ။

အခုနေ ကိုမြင့်မောင်များပြန်လာရင် အို-ကျွန်မတို့အားလုံး သိပ်ပြီးအားရကြမှာပဲ။ လာမယ်မဟုတ်လား ကိုမြင့်မောင်. . .

ခင်လှ

ကိုမြင့်မောင်သည် မခင်လှ၏စာကို ထပ်၍ ဖတ်ပြန်လေ၏။ ဖတ်၍ပြီးသည့်အခါ စောစောက မိမိစဉ်းစား၍ မရှင်းနိုင်သော အချက်အလက်တို့ကို ကွင်းကွင်းကွက်ကွက် မြင်ရသည်ဟု ထင်လေ၏။ ဤအရပ်၊ ဤဒေသ၌ မိမိကို ကောင်းစွာသိရှိနားလည်သူမရှိ၊ မိမိရုပ်ရည်ကိုကြည့်၍ မိမိအား အကဲခတ်ကာ တစ်ဖက်သတ်ယူမှတ်စွဲ ပိုက်သွားကြရာ ဤအတိုင်းဆိုသော် မခင်လှပြောသည့်အတိုင်း ၎င်း တို့သည် မိမိထံသို့လာရောက်ကြမည်မဟုတ်။ ၎င်းတို့၏ ယုံကြည်တိုးစားခြင်းကိုမှ မရရှိလျှင် အလုပ်လုပ်၍ ဖြစ်တော့မည်မဟုတ်။ မခင်လှ၊ အကြော့၊ ဦးဘိုးကူး စသော မိမိ၏အကြောင်းကို သိသူ တို့ထံ ပြန်ခြင်းက ကောင်းဦးမည်ဟု တွေးတောကာ ပြန်ဖို့ရန်စဉ်းစား စိတ်ကူး၍ ကြည့်လေ၏။

သို့သော်ပြန်၍ မသွားနိုင်သော အကြောင်းတို့သည် တစ်ခုပြီး တစ်ခု

ပေါ်ပေါက်၍ လာကြလေ၏။ မူလက မိမိ ဤကဲ့သို့တိမ်းရှောင် ထွက်ခွာလာခဲ့ခြင်းမှာ အကြော့အား သက်ညှာထောက်ထားသဖြင့် ထွက်ခွာလာခြင်းဖြစ်လေ၏။ အကယ်၍ မိမိသာ ထွက်ခွာ၍ မလာခဲ့ချေက အကြော့မှာ ကိုသက်ထွန်းကို အကြင်ခင်ပွန်း လင်အဖြစ်ဖြင့် ရွေးချယ်ခဲ့ခြင်း၊ မိမိအားအထင်အမြင်လွဲကာ ပစ်ပယ်ခဲ့မိခြင်းတည်း ဟူသော အမှားတော်ပုံတို့အတွက် တစ်ဖက်သတ် ဖြစ်နေရသည့် အထဲတွင် မိမိကိုမြင်၍ မိမိအကြောင်းကိုကြားရတိုင်း မိမိဘက်သို့ စိတ်ညွတ်သည်ထက်ညွတ်ကာ ကြီးစွာသော ဒုက္ခရောက်နေမည်သာ ဖြစ်လေ၏။ ယခုထွက်ခွာ၍ အစတုံးပမာ မိမိကိုယ်ကို နှစ်မြှုပ်ထားသည့်တိုင်အောင် မခင်လှထံသို့ မကြာမကြာသွားရောက်လျက် သတင်းကိုသာ တမေးတည်းမေးနေ၍ သနားစရာဖြစ်နေရှာလျှင် မိမိနှင့်လူချင်းတွေ့က မည်သို့နေမည်နည်း။ ယခုသော် ကိုသက်ထွန်း အပေါ်၌ ဝတ္တရားပျက်ကွက်ခြင်းမရှိ၍ တော်ပေသေး၏။ မိမိ ရောက်သွားလျှင် အကြော့၏အမူအရာမှာ မုချပျက်လိမ့်မည်။ သို့အမူအရာ ပျက်လျှင် ကိုသက်ထွန်းသည် အကြောင်းမှန်ကို ရိပ်မိလျှင် တစ်သက်လုံး ပျော်ရွှင်လိမ့်မည်မဟုတ်။ သို့ဖြစ်၍ မိမိ၌မည်မျှပင် ဒုက္ခရောက်စေကာမူ ပြန်၍ကား မသွားတော့ပြီဟု သန္နိဋ္ဌာန်ချလိုက် လေ၏။

မခင်လှ၏စာကို ပြန်၍ဖတ်သောအခါ မခင်လှလည်း မိမိပြန်လာဖို့ကို များစွာအလိုရှိနေကြောင်း ကောင်းစွာထင်ရှားနေသည်ကိုတွေ့ရလေ၏။ မခင်လှမှာ မိမိကို ကျေးဇူးရှင်ကြီးတစ်ဦးဟူ၍ ကြည်ညို ရင်းဖြစ်ရာတွင် အကြော့နှင့် မိမိအကြောင်းကို ကောင်းစွာသိ၍ မိမိ မရှုမလှ အရေးနိမ့်ခဲ့ရခြင်းကို များစွာ ကရုဏာမကင်းသူ ဖြစ်လေ၏။ သို့အတွက် မိမိအား ဥတိုရွာကလေးတွင် နေစဉ်က အစစအရာရာ ကောင်းမွန်စွာ စောင့်ရှောက်ပြုစုလိုက်သဖြင့် ကျေးဇူးအထူးတင် လိုက်၏။ သူက ပြန်၍လာရန် ခေါ်သည့်အခါ ပြန်၍သွားနိုင်မည် ဆိုလျှင် သူ့ခမျာ၌ များစွာဝမ်းမြောက်ဝမ်းသာ ဖြစ်မည်ကား မုချဖြစ်ကြောင်း ကောင်းစွာသိလေ၏။ သို့သော် အကြော့ရှိနေသဖြင့် မည်မျှလောက်ပင် မခင်လှအတွက် ပြန်၍ သွားလိုစေကာမူ ပြန်၍မသွားနိုင် ရှိနေလေ၏။

သို့သော်..ဤသုံးဆယ်မြို့၌ပင် ဆက်လက် နေထိုင်ရတော့ မည်ဖြစ်ရာ ဆက်လက်နေထိုင်ရန် စဉ်းစားစိတ်ကူး၍ ကြည့်လိုက်သောအခါ ဤအထင်အမြင်လွဲလျက်နေသော လူများ၏အကြား၌ မည်ကဲ့သို့ နေထိုင်လုပ်ကိုင်ရမည်ကို ရုတ်တရက် ဉာဏ်အလင်းမပေါက်ဘဲ ရှိနေသည်ကို တွေ့ရလေ၏။ မခင်လှ၏စာတွင် ပါသည့်အတိုင်း မခင်လှအား မိမိအကြောင်းမှန်တို့ကို မြို့ပေါ်သို့ သတင်းလွှင့်စေရသော် မိမိ၏မျက်နှာက အမာရွတ်ကြီး အကြောင်းကိုလည်းကောင်း၊ ခြေထောက်၏ ထော့ကျိုးထော့ကျိုး ဖြစ်နေသောအကြောင်းကိုလည်းကောင်း လူများသိရှိကာ မိမိအား ကြည်ညိုလာကြမည်မှာ မုချမလွဲ ဖြစ်နိုင်မှန်းကို သိလေ၏။ သို့သော်

မိမိအကြောင်းကို သတင်းလွှင့်ပေးကာမှ ကောင်းမှန်းကို သိမည်ဆိုသော် မသိ၍ မလာကြလျှင် နေစေ၊ ထိုသို့သော အမှုကိုကားမပြုပြီ။ တစ်နေ့နေ့ကျလျှင် အမှုကို အလိုလိုသိကြမည်သာဖြစ်၍၊ ထိုအချိန်သို့တိုင်အောင် ဤမြို့၌ပင် အဆင်းရဲအပင်ပန်းခံကာ နေထိုင်တော့မည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်ကာ မခင်လှထံသို့ ထိုအတိုင်း စာပြန်ရေးလိုက်ရန် ပြင်ဆင်လေ၏။

# [၈]

## အဖြူနှင့်အမည်း

နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ မောင်သန်းသည် အခန်းကလေးကို သပ်ရပ်စွာ ပြုပြင်ခင်းကျင်းလျက် ရှိသည်ကို တွေ့ရသဖြင့်၊ မောင်သန်းအား တပည့်တစ်ယောက်အဖြစ် ကောက်ယူ ရရှိခဲ့ခြင်းအတွက် ဝမ်းမြောက်မိလေ၏။

မောင်သန်းကဲ့သို့ တစ်ကောင်ကြွက် တစ်မျက်နှာ ဖြစ်နေရရှာသောသူများအနက် မောင်သန်း ကဲ့သို့ပင် ကျေးဇူးရှင်ကို ကျေးဇူးရှင်မှန်းသိသည့် စိတ်သဘော ကောင်းသူ အမြောက်အမြားရှိမည်ဖြစ်ရာ ၎င်းတို့၏အကျိုးကို မည်သူမျှ ကြည့်မည်သူမရှိ၊ ဖိ၍ဝိုင်းအုံနှိပ်စက်မည့်သူတို့သာရှိခြင်းမှာ အလွန်ဝမ်းနည်းဖွယ်ကောင်းသည်ဟု အောက်မေ့မိလေ၏။ ထိုသို့ အောက်မေ့ရာမှတစ်ဖန် အကြံတစ်ခုကိုရ၍ ထိုအကြံ၌ များစွာ နှစ်ခြိုက်သည့်အလျောက် မောင်သန်း-မောင်သန်းဟု ပျာယီးပျာယာ ခေါ်လိုက်ရာ မောင်သန်းလည်း ပျာယီးပျာယာ ပြေးလာပြီးလျှင်

“ဘာလဲဆရာ ဘာလဲ၊ မျက်နှာသစ်ရေလား၊ ဟိုဘက်က စားပွဲ ပေါ်မှာ ရောက်နေပြီလေဆရာ”

“မဟုတ်ဘူးကွယ့် လာစမ်းပါဦး၊ မင်းကို မေးစရာရှိလို့၊ မြို့ပေါ်မှာ မင်းလို သူတစ်ပါး အနှိပ်စက် အညှဉ်းဆဲ ခံနေရတဲ့လူတွေ မရှိကြဘူးလား မေးမလို့ပါ”

“ရှိတာပေါ့ဆရာ၊ ကျွန်တော်ကမှ ကံကောင်းသေးတယ်၊ တစ်နေ့တစ်နေ့ မျက်ရည်နဲ့ မျက်ခွက်ဖြစ်နေတဲ့ ဒုက္ခသည်တွေ ပြည့်လို့ပေါ့၊ ဘာလုပ်မလို့လဲဆရာ"

“တခြားတော့ မဟုတ်ပါဘူးကွာ။ ငါ မင်းအကြောင်းစဉ်းစားရင်း သူတို့အကြောင်းပါ စဉ်းစားမိတယ်၊ ငါ ဆင်းရဲသားတွေကို ဆေးလိုက် ပြီး ကုချင်တယ်၊ ဘယ်နေရာရာမှာ ဘယ်သူရှိတယ်ဆိုတာ မင်းတော့ ပြောနိုင်မှာပဲ၊ ကုဆို ဒီနေ့ပဲ စပြီးကုချင်တယ်”

“ဒီလိုဆိုရင် ဆရာ့ကို ဝိုင်းပြီး ရှိခိုးကြမှာပေါ့ဆရာ၊ အခုတော့ သူ့ခမျာများ ဆေးရုံသွားလည်း ကောင်းကောင်းကြည့်မယ့် ရှုမယ့်သူ မရှိဘူး၊ ဆေးဆိုင်တွေသွားလည်း အဖိုးအခမပါရင်မဖြစ်နဲ့၊ အင်မတန် ဒုက္ခရောက်ကြတယ်၊ ဘတ်စ်ကားသမားတွေ၊ ဆေးလိပ်ခုံက မိန်းမတွေ၊ စက်ထဲ ဘာထဲမှာ နေ့ညမရွေးနေပူမိုးရွာမရှောင် လုပ်ရတဲ့ လူတွေပြည့်လို့ပါပဲ ဆရာ”

“အေးအေး နေရာကျပြီ၊ ကိုင်းအခု သွားကြစို့”

ဤသို့အားဖြင့် နှစ်ယောက်သား ထွက်လာကြရာ လမ်းတစ် လျှောက်လုံးပင် မောင်သန်းက ဆင်းရဲသောသူများကို ချမ်းသာသော သူများက အမျိုးမျိုး ညှဉ်းပန်းနှိပ်စက်ပုံ၊ ရောဂါဘယဖြစ်လာလျှင် ဥပေက္ခာပြုထားပုံတို့ကို အစုံအလင်ပြောပြသဖြင့် ကိုမြင့်မောင်မှာ သာ၍ပင် စိတ်အားထက်သန်ကာ ကိုဘဇံကဲ့သို့သော သူဌေးများက မိမိ၏ဆေးဝါးများကို ငြင်းဆန်ခြင်းပြုသော် မောင်သန်း ပြသလတ္တံ့ သောဆင်းရဲသားများသည် မိမိ၏ ဆေးဝါးများကို သုံးစွဲခြင်းဖြင့် ချမ်းသာရာ ရစေအံ့ဟု အဓိဋ္ဌာန်ပြုလိုက်လေ၏။

၄ ရက်ခန့်ကြာသောအခါ ကိုမြင့်မောင်၏ ဆေးခန်းသို ့ မအေးခင် ဝင်ရောက်လာပြီးလျှင် “ကိုမြင့်မောင် ရှင့်အကြောင်း ဈေးထဲက ကျွန်မကြားလာခဲ့တယ်၊ ဟုတ်ရဲ့လား”ဟု မေးသောကြောင့် ကိုမြင့်မောင်မှာ ရုတ်တရက်အံ့အားသင့်သွားကာ

“ဘာအကြောင်းများလဲ မအေးခင်"

“ကိုမြင့်မောင် ဆင်းရဲသားတွေကို မေတ္တာရှိ ဆေးလိုက်ပြီး ကုနေ တယ်ဆို"

“သြော် ဘာများလဲလို့ဒါတော့ တယ်မဆန်းပါဘူး မအေးခင်၊ ကျွန်တော်တို့ဝတ္တရားက ပိုက်ဆံကြေးငွေသာ ပဓာနမထားဘဲ ဝေဒနာရှင်တွေကို သက်သာရာရအောင် အမြန်ဆုံးလုပ်ပေးဖို့ပဲ၊ ဒီတော့ ကိုယ့်ဝတ္တရားရှိတာ ကိုယ်လုပ်တာ တယ်ပြီး ဆန်းတယ်မထင်ပါဘူး မအေးခင်"

“အင်း ရှင်ကသာ မဆန်းကြယ်ဘူးထင်နေ၊ ဈေးတစ်ဈေးလုံး ရှင့်အကြောင်းချည်း ပြောနေကြတယ်” ဟု ပြောပြောဆိုဆို ထွက်၍ သွားသောကြောင့် ကိုမြင့်မောင်လည်း ဆင်းရဲသောသူများ၏ စိတ် နေသဘောထား ရိုးဖြောင့်ပုံတို့ကို စဉ်းစားကာ ၎င်းတို့အတွက် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေလေ၏။

ညဘက်တွင် လမ်းလျှောက်မည်ဟု အိမ်မှအထွက် မအေးခင်၏ ယောက်ျား ဈေးမှအပြန်နှင့် ရင်ဆိုင်တွေ့၍

“ဆရာလေး သွားတာလာတာ သတိထားသွားနော်။ လောကမှာ ကိုယ့်ကို လိုသူလည်းရှိတယ်၊ မလိုသူလည်းရှိတယ်၊ သတိဆိုတာ လွန်တယ်ရယ်လို့မရှိဘူး”ဟု သတိပေးစကားပြောကြားသောကြောင့် ကိုမြင့်မောင်လည်း များစွာအံ့အားသင့်ကာ

“နေ့ပါဦး၊ ဒီစကားက နည်းနည်းဆန်းတယ်ထင်တယ်၊ ပြောပါဦး အကြောင်းက ဘယ်လိုဆိုတာ”

"ဪ ဈေးထဲမှာ ဟိုးဟိုးကျော်နေတဲ့ အကြောင်းပဲ၊ ဆရာ လေးဟာ သိပ်ပြီး သဘောသကန်ကောင်းကြောင်း၊ အင်မတန်ကြင်နာတတ်ကြောင်း၊ ဆေးဝါး အလကား လိုက်ကုပေးနေတဲ့အကြောင်း၊ နဂိုက စိတ်ဖြောင့်စင်းပြီး စေတနာကလည်းကောင်းတော့ ဆရာလေး ကုလိုက်ရင် မပျောက်ဘူးရယ်လို့ မရှိတဲ့အကြောင်းတွေပေါ့လေ၊ အဲဒီလို သတင်းဖြစ်လာတော့ တခြားဆရာဝန်တွေက မခံချင်ဘဲ ရှိကြမယ်မဟုတ်လား၊ ဆရာလေးလည်း လောကအကြောင်း အသိသားပဲလေ၊ ကျုပ်တို့သဘောတော့ တစ်ယောက်တည်း ဟိုဟိုဒီဒီ တယ်ပြီး မသွားစေချင်ဘူး"

"ဪ ဒီအကြောင်းလား၊ စောစောက မအေးခင် ပြောပြလို့ ကြားရပါပြီ၊ ဘာမဟုတ်တဲ့ အလုပ်ကလေး တစ်ခုနှစ်ခုအတွက်နဲ့ ဟိုးလေးတကျော် ဖြစ်ရတယ်ဆိုတာ အံ့ဩစရာပဲ၊ သတိဝီရိယတော့ ထားပါ့မယ်၊ စိတ်ချပါ"

"နို့အခု ဘယ်သွားဦးမလို့တုံး"

"ခဏ လမ်းလျှောက်ဦးမလို့ပဲ၊ တယ်ကြီး-ဝေးဝေးမသွားပါဘူး၊ ဒီနားနဲ့ ဒီနားလောက်ပါပဲ"

"သတိဝီရိယထားပါဗျာ၊ လူဆိုတာ မပြောနိုင်ဘူး"ဟု ပြောလျက် အိမ်ထဲသို့ဝင်၍ သွားသောကြောင့် ကိုမြင့်မောင်လည်း အလယ်ကုန်း ဘက်သို့လျှောက်၍ လာခဲ့လေ၏။

စဉ်းစား၍ ကြည့်လိုက်သောအခါ မိမိထိထိရောက်ရောက် ဘာတစ်ခုမှ ကျကျနန မလုပ်ရသေးမီ ဆင်းရဲသားရပ်ကွက်များ၌ မိမိ၏ သတင်းမှာ ပျံ့လွင့်ကျော်ကြားလျက်ရှိခြင်းကြောင့် မအေးခင် တို့ လင်မယားတွင် မိမိအတွက် စိတ်စက်ပူပင်နေကြောင်း သိရှိရသဖြင့် သတိဆိုသည်မှာလည်း ပိုသည်မရှိ လိုသည်သာဖြစ်၍ သတိဝီရိယနှင့် သွားလာရန် နှလုံးပြုကာ လမ်းပင် ဝေးဝေးမလျှောက်ဘဲ အိမ်သို့ ပြန်ခဲ့လေ၏။

အိမ်သို့ရောက်သောအခါ မောင်သန်းက စာတစ်စောင်ဆီး၍ ပေးသဖြင့် ဖွင့်ကြည့်ရာ ထိုနေ့ည ၈နာရီခွဲအချိန်တွင် ကျင်းပလတ္တံ့ သောလူငယ်များ အသင်းညစာစားပွဲသို့ မပျက်မကွက် ဆက်ဆက် ကြွရောက်ရန် ဖိတ်ကြားစာဖြစ်သည်ကို တွေ့ရလေ၏။

၈နာရီ ၁၅မိနစ်ခန့်ရှိသည့်တိုင်အောင်ပင် ကိုမြင့်မောင်မှာ ညစာစားပွဲသို့ သွားသင့် မသွားသင့်ကို ချိန်ဆ၍ မရသေးပဲ ရှိလေ၏။ ညစာစားပွဲတို့မည်သည်မှာ စားလားသောက်လား ပြုရုံမျှ လူစုရုံးခြင်း များဖြစ်ရာ ထိုနေရာမျိုးသို့ သွားခြင်းသည် အချည်းအနှီးပင် ဖြစ် လေ၏။ သို့သော် ထိုညစာစားပွဲမျိုးတွင် လူအစားစားနှင့်

တွေ့ဆုံနိုင်ဖို့ ရှိရာ တွေ့ဆုံ၍ သိကျွမ်းရလျှင်လည်း မိမိ၏အလုပ်၌ တစ်မျိုးတစ်ဖုံ အထောက်အပံ့ ရနိုင်သောကြောင့် သွားချင်သလိုလို စိတ်များ ပေါ်ပေါက်လာလေ၏။

ဤသို့ ချီတုံချတုံ ဖြစ်နေစဉ်ပင် မအေးခင်တို့ လင်မယား ဝတ်စားဆင်ယင်၍ လာကြပြီးလျှင်

"လုပ်လေ ကိုမြင့်မောင်၊ အခုနဖိတ်စာရတယ် မဟုတ်လား" ဟုမေးသောကြောင့် ကိုမြင့်မောင်လည်း ခေတ္တမျှဆိုင်းငံ့ရန် တောင်း ပန်ပြီးနောက် အဝတ်အစားလဲကာ သုံးယောက်သား ထွက်လာခဲ့ကြ လေ၏။ လမ်းတွင်လူငယ်များအသင်းသည် ယခင်ကနှင့်မတူ အလွန် နိုးကြားလာကြောင်း၊ ယခုလူငယ်များသည် ပိုမို၍ စိတ်ထက်သန်ကြောင်း၊ ၎င်းတို့၏လုပ်ငန်းရည်ရွယ်ချက်ကို လူကြီးဖြစ်သူတို့က နားမလည်၍ အမျိုးမျိုးအထင်လွဲနေရာ ထိုအထင်လွဲခြင်းများကို မပျောက်အောင် ယနေ့ညည့်ခံပွဲ ကျင်းပခြင်းဖြစ်ကြောင်းတို့ကို ကြားသိရသည့်အခါ ယခုကဲ့သို့ လိုက်ပါလာခြင်းအတွက် ဝမ်းမ နည်းဘဲ ဝမ်းသာခြင်းပင် ဖြစ်ခဲ့လေ၏။

အသင်းတိုက်သို့ ရောက်သောအခါ အကျိုးဆောင်ဖြစ်သူက အသီးသီးနေရာထိုင်ခင်းပေးသည် အတိုင်း ဝင်ရောက်ထိုင်လေရာ စားပွဲတွင် အသက် ၄၀ကျော် ၅၀ခန့်ရှိ လူကြီးတစ်ဦးနှင့် ၎င်း၏ ဇနီးဖြစ်ဟန်တူသော မိန်းမကြီးတစ်ဦးအပြင် သမီးဖြစ်ဟန်ရှိသော အလွန်ချောမွေ့လှပသည့် မိန်းမပျိုကလေးတစ်ဦး ထိုင်လျက် နေကြ သည်ကို တွေ့ရလေ၏။ မအေးခင်တို့မှာ မြို့ခံဖြစ်၍ ထိုမိသားတစ်စုကို သိဖို့ကောင်းသော်လည်း တစ်ဦးနှင့်တစ်ဦး နှုတ်ဆက်ခေါ်ငင်ခြင်း မပြု သည်ကိုထောက်လျှင် လူချင်းမသိ၍သာ ဖြစ်မည်ဟု ကိုမြင့်မောင်တွင် အောက်မေ့ကာ ထိုသုံးဦးသား၏ အရိပ်အကဲကို တစေ့တစောင်း ကြည့်၍ နေမိလေ။

ထို သုံးဦးသားကလည်း မိမိနည်းတူ မိတို့အား ပြန်လှန် အကဲခတ်၍ နေကြရာ ထိုအတောအတွင်းမှာပင် အိုက်စကရင် ဇပွဲ ရောက်လာသဖြင့် ထိုသူများလည်း မိမိတို့နှင့် ရှေ့ဆင့်နောက်ဆင့်လိုပင် ရောက်လာကြခြင်းဖြစ်ကြောင်း သိရလေ၏။ တစ်ခဏမျှ ကြာသောအခါ၊ မုန့်ပွဲရောက်လာပြန်လေ၏။ သို့သော် မျက်နှာစိမ်း နေ၍လားမသိ မုန့်ပွဲကို မည်သူမျှမနှိုက်ဘဲ အိုက်စကရင်ကိုသာ စား၍နေရာ တစ်ဝက်ခန့် ကျသွားသောအခါ "ဩော်-ဦးတို့ ဒီပွဲ မှာလား၊ ဩော် လဲ့လဲ့လည်းပါသကိုး၊ မုန့်တွေဘာတွေအစုံရပြီလား"ဟု အလွန်ချိုသာစွာ ပြောလိုက်သောအသံကိုကြားရသဖြင့် အံ့အားသင့်စွာဖြင့် မော်၍ ကြည့်လိုက်သည်တွင် ကိုဘဇံအား တွေ့မြင်ရ လေ၏။

ကိုဘဇံလည်း ကိုမြင့်မောင်ကို တွေ့မြင်ရသည်တွင် များစွာ အံ့အားသင့်သွားပုံရလျက် လဲ့လဲ့၏မျက်စိတွင် မြင်မကောင်းအောင် ရှုတ်ချခဲ့သော ကျွန်သပေါက်(မောင်သန်း)အား စော်စော်ကားကား သိမ်းပိုက် ကျွေးမွေးထားရုံမျှမက ယခုလည်း လဲ့လဲ့ထိုင်သော စားပွဲတွင်မှ ရွေး၍ထိုင်ရမည်လောဟု ကြီးစွာဒေါသဖြစ်ကာ

"ဦးတို့က ဒီစားပွဲမှာလာထိုင်သကိုး၊ ဟော့ သိန်းဖေ ဒီပန်းကန်တွေ ဟိုဘက်က စားပွဲရွှေ့စမ်းကွယ်" ဟုအနီးမှ ဖြတ်သန်းသွားသော လူတစ်ယောက်ကို လှမ်း၍ပြောလိုက်သဖြင့် ထိုသူလည်း လဲ့လဲ့တို့ မိသားတစ်စု စားသောက်နေသော ပန်းကန်များကို ရွှေ့ပြောင်းပေးလေ၏။

"ဦး ဒီဘက်လာ၊ လာအဒေါ်၊ ဒီဘက်က ပိုပြီးကောင်းတယ်၊ ထလေလဲ့လဲ့" ဟုပြောရာ၊ မိသားစုမှာ မငြင်းသာသကဲ့သို့ ကိုဘဇံ ပြောသည့်စားပွဲသို့ ထ၍သွားကြလေ၏။ သို့သော် အဘယ်ကြောင့် ထိုသို့ နေရာပြောင်းရွှေ့စေခြင်း အကြောင်းရင်းကိုမူ ထိုင်နေသူ ခြောက်ယောက်အနက် ကိုမြင့်မောင်တစ်ယောက်သာလျှင် သိသဖြင့် မောင်သန်းအား မိမိကျွေးမွေးထားခြင်းအတွက် ကိုဘဇံတွင် အမျက်ဒေါသ အလွန်ထ၍နေသည်ကို ရိပ်မိလေ၏။

သို့သော် ကိုဘဇံကို စိတ်မဆိုးနိုင်၊ အကြောင်းသော်ကား လဲ့လဲ့မှာ အလွန်ချောမွေ့လှပသူဖြစ်၍ ကိုဘဇံသာမဟုတ်၊ မည်သည့် ယောကျ်ားမျှ လက်လွှတ်လိုကြမည် မဟုတ်သည့်အတွက် စိတ်မဆိုး နိုင်ခြင်းဖြစ်လေ၏။

ထိုစားပွဲသို့ရောာ၍ အဘိုးကြီးနှင့်လဲ့လဲ့၏ နားနားသို့ ကပ်ပြီးလျှင် ကိုဘဇံက တစ်စုံတစ်ခုကို ပြောကြားလိုက်သောအခါ အဘိုးကြီးနှင့် လဲ့လဲ့ပါ လျင်မြန်စွာ မိမိ၏ဘက်သို့ ဖျတ်ခနဲတစ်ချက် လှည့်ကြည့်လိုက်သည်ကို တွေ့ရလေ၏။ ထိုနောက် ကိုဘဇံထွက်၍ သွားလေရာ လဲ့လဲ့၏မျက်လုံးများသည် မိမိ၏ဘက်သို့ မကြာခဏ လည်၍ နေသည်ကို အကဲခတ်မိလေ၏။ မျက်နှာအမူအရာမှာ အတန်ငယ် ခက်ထန်လာပုံရလေ၏။ ကြည့်ပုံမှာ ပထမကကဲ့သို့ မဟုတ်ဘဲ ရန်တွေ့ကြည့်ကြည့်နေသည်ဟု ထင်ရလေ၏။ ကိုဘဇံကား မိမိ၏အကြောင်းကို ပြောပြသွားလေပြီ။ သို့အတွက်ကြောင့်သာလျှင် လဲ့လဲ့သည် မိမိအား ဤကဲ့သို့ကြည့်ခြင်းဖြစ်တန်ရာ၏။ ကိုဘဇံသည် မိမိ၏အကြောင်းကို အကောင်းပြောပြမည့်သူမဟုတ်၊ သို့ဖြစ်လျှင် လဲ့လဲ့၏ စိတ်တွင် မိမိအား မည်သို့ထင်မြင်သွားလေမည်နည်း၊ မိမိ၏ အဆိုးကိုကြားရလျှင် နဂိုက အနာရွတ်ကြီးကပင် ဆိုးလျက်ပင်ဖြစ်နေ ပြီဖြစ်၍ အဆိုးပင်ထင်ပေလိမ့်မည်ဟု တသီတတန်းကြီး လျှောက်၍ တွေးကာ လဲ့လဲ့ မိမိအပေါ်၌ အထင်မြင်လွဲသွားမည်ကို စိုးရိမ်သလိုလို ဖြစ်နေလေ၏။

အစားအသောက်ဖြင့် ဧည့်ခံပြီးသည့်အခါတွင်ကား ဆိုင်ရာဆိုင် ရာတို့က မိမိတို့၏အာသီသကို တစ်ဦးပြီးတစ်ဦးထ၍ ပြောကြားကြ လေ၏။ ကိုဘဇံမှာ ယခုနှစ်အဖို့ အရွေးခံရသောဥက္ကဋ္ဌဖြစ်၍ ရှည်လျားစွာ စကားပြောနေရာ ၎င်း၏မျက်လုံးများမှာ လဲ့လဲ့ဆီသို့ မကြာခဏ ရောက်ရောက်ပြီးလာသည်ကို တွေ့ရသည်နှင့် လဲ့လဲ့အား အကဲခတ်ပြန်သောအခါ လဲ့လဲ့မှာလည်း ကိုဘဇံ ဤကဲ့သို့ တခမ်း တနားကြီး စကားပြောနေသည်ကိုကြားရခြင်း၌ အလွန်အားရနှစ်သက် နေဟန်ရှိသည်ကို တွေ့ရသောကြောင့် ကိုဘဇံ အကျင့်မကောင်း ကြောင်း လဲ့လဲ့ထံ မောင်သန်း သွားရောက်သတိပေးစကား ပြောကြား ခဲ့ခြင်းမှာ အလဟဿပင် ဖြစ်နေကြောင်း ထင်ရှားနေလေ၏။ တစ်ဖန် ဤမျှဖြင့် ကိုဘဇံပေါ်တွင် လဲ့လဲ့ချစ်သောအချစ်မှာ အပရိက ပေါ့ပေါ့ ဆဆဟုတ်မဟုတ် မေးခွန်းထုတ်လျှင်ထင်ရှား မထင်ရှား စဉ်းစားနေစဉ်

"ကိုမြင့်မောင် ၊ အခုစကားပြောနေတာ အခုနကဒီကိုလာတဲ့ မောင်ဘဇံ မဟုတ်လား " ဟု မအေးခင်က မေး၍ ဟုတ်ကြောင်းပြောပြသည်တွင် မအေးခင်က "အင်း ဒီနှစ် ဒီသူငယ်ကို ဥက္ကဋ္ဌ ရွေးတယ်ဆိုတော့ အသင်းတော့ ငွေရေးကြေးရေး မပူရတော့ဘူး၊ နို့ပေမယ့် အကျင့်ကောင်းကောင်းနဲ့ လုပ်မှလုပ်နိုင်ပါ့မလား မသိဘူး" ဟု ပြောလေ၏။

"အိုကွယ် မင်းကလည်း၊ ကိုယ့်အလုပ်မဟုတ်တာ လျှောက်ပြီး ပြောနေတယ်၊ လူငယ်တွေလုပ်တာ အပြီးအထိ စောင့်ကြည့်ဦးမှ ပေါ့ကွယ့်၊ အပြစ်တင်အရင်စောလို့ ဘယ်အမှန်အကန်သိနိုင်ပါ့မလဲ" ဟု ခင်ပွန်းဖြစ်သူက ဝင်၍ ပြောသည်တွင်မှ မအေးခင်က

"အင်း ကြည့်သေးတာပေါ့လေ၊ ရှေ့ဆောင်နွားလား ဖြောင့်ဖြောင့် သွားမှတဲ့။ ဥက္ကဋ္ဌကိုယ်တိုင်ကဘယ်လိုလူလဲဆိုတာ၊ ဟောဟော၊ ကိုမြင့်မောင် တပည့်မောင်သန်းကိုသာ မေးကြည့်တော့" ဟုပြောကာ စင်မြင့်ဘက်သို့လှမ်း၍ ကြည့်လေ၏။

ကိုမြင့်မောင်၏မျက်လုံးများမှာ လဲ့လဲ့၏မျက်လုံးများ စူးစိုက်ရာ နေရာကို ရှာဖွေလျက်ရှိနေလေ၏။

လဲ့လဲ့မှာ ကိုဘဇံအား မျက်တောင်မခတ်ဘဲ စူးစူးစိုက်စိုက် ကြည့်လျက်ရှိရာ မျက်နှာပေါ်တွင်လည်း နှစ်သိမ့်ခြင်း၊ အားတက်ခြင်း တည်းဟူသော အမူအရာတို့မှာ များစွာထင်ရှားပေါ်လွင်နေသည်ကို တွေ့ရရုံမျှမက တစ်ချက်တစ်ချက် မိဘနှစ်ပါးဘက်သို့ လှည့်၍ ကိုဘဇံပြောပုံ ဟန်ကျကြောင်း၊ ထိထိမိမိရှိကြောင်း ပြုံးကာရယ်ကာ ပြောဆိုသည်ကိုပါ ကြားရသည့်အခါ မောင်သန်းက စေတနာထား၍ ပြောကြားခဲ့ခြင်းသည် အလဟဿဖြစ်ရုံတွင်မဟုတ်၊ လဲ့လဲ့၏အချစ်မှာ ခိုင်မြဲသော

အချစ်ဖြစ်ကြောင်း ရိပ်မိသိရှိရလေ၏။

သို့သိရှိရလျှင်ပင် မောင်သန်း၏စကားကို အခြေခံပြုကာ လဲ့လဲ့ အတွက် ဝမ်းနည်းသလိုလို ပူပင်သလိုလို ဖြစ်လာလေ၏။ စင်စစ်သော် လဲ့လဲ့အတွက် ဝမ်းနည်းပူပင်ရန်မှာ မိမိအလုပ်မဟုတ်၊ လဲ့လဲ့နှင့်တကွ လဲ့လဲ့ကိုပိုင်ဆိုင်သူတို့၏ အလုပ်မျှသာလျှင် ဖြစ်ချေလျက် ဘာမဆိုင် ညာမဆိုင် မိမိက ဝင်၍ ဝမ်းနည်းပူပင်ခြင်းမှာ လွန်လွန်းလှချေ၏ တကားဟု မိမိကိုယ်ကို ဆင်ခြင်လျက် တစ်ဖက်သို့လှည့်၍ ကြည့်နေရ လေ၏။

သို့ပင် တစ်ဖက်သို့လှည့်၍ကြည့်နေရသော်လည်း စိတ်မှာကား လဲ့လဲ့ဘက်သို့သာ ရောက်လျက်ရှိနေလေ၏။ မောင်သန်းက သွား ရောက် ကတိပေးစကား ပြောကြားမိ၍ ကိုဘဖဲက မောင်သန်းကို တိရစ္ဆာန်လို လှိမ့်၍လှိမ့်၍ ရိုက်နှက်ဆုံးမသည့်အတွက် မောင်သန်း မိမိထံ ရောက်ရှိနေခြင်းအကြောင်းကိုလည်းကောင်း၊ မိမိအား အော် ငေါက်၍ အိမ်မှ မောင်းထုတ်လိုက်ခြင်းအကြောင်းကိုလည်းကောင်း လဲ့လဲ့သိသည် မသိသည်၊ သိလျှင် မည်ရွေ့မည်မျှ သိသည်၊ သိသမျှ သိရသဖြင့် မိမိအား မည်သို့ ထင်မြင်သွားသည်တို့ကို အတည်တကျ မသိရတိုင်း စဉ်းစားမိလျက်သား ဖြစ်နေလေ၏။

ထိုနောက်တစ်ဖန် ကိုဘဖဲကဲ့သို့သော သူတစ်ဦးနှင့် လဲ့လဲ့ကဲ့သို့ သော ခြောက်ပြစ်ကင်းလှပချောမွေ့သူတစ်ဦးတို့ ထူးခြားစွာ စွဲမြဲချစ်ခင် နေကြပုံကို တွေးကြည့်ရာ တွေး၍မရနိုင်ရှိပြီးမှ အကြော့အား ကိုသက်ထွန်းနှင့် မိမိတို့နှစ်ယောက်အနက် တစ်ယောက်ယောက်ကို ရွေးချယ်စေရာတွင် အကြော့သည် ကိုသက်ထွန်းအား ရွေးချယ်၍ ကိုယ်ကို အပ်နှင်းခဲ့ခြင်းကို အမှတ်ရပြန်ကာ အကြော့၊ ကိုသက်ထွန်း၊ လဲ့လဲ့၊ ကိုဘဖဲ။ အကြော့၊ ကိုသက်ထွန်း။ ကိုသက်ထွန်း၊ အကြော့။ ကိုဘဖဲ၊ လဲ့လဲ့။ လဲ့လဲ့၊ ကိုဘဖဲဟူ၍ စိတ်ထဲမှ ဒေါင်ချာစိုင်းနေသဖြင့် အနီးပတ်ဝန်းကျင်၌ မည်သို့ဖြစ်ပျက်၍နေသည်ကိုမသိ။ လောကကြီး ၌ အဖြူနှင့်အဖြူ၊ အမည်းနှင့်အမည်း ဒွန်မတွဲကြပဲ အမည်းနှင့်အဖြူတို့ ဒွန်တွဲတတ်သောအလေ့ကို အလွန်အသည်းနာမိလေ၏။

လက်ခုပ်သံ တဖြောင်းဖြောင်းကြားရသည်တွင်မှ သတိရကာ ကြည့်လိုက်ရာ မျက်စိများမှာ ရောက်သင့်သော စင်မြင့်ဆီသို့ကား မရောက်၊ လဲ့လဲ့ဆီသို့ရောက်လျက် လဲ့လဲ့ အားရပါးရ လက်ခုပ်တီး နေသည်ကို တွေ့မြင်ရလေ၏။ ဤတွင်မှ ပရိသတ်နှင့်စင်မြင့်ဘက်သို့ ကြည့်လိုက်သောအခါ ကိုဘဖဲမှာ ဦးခေါင်းကို ညွတ်လျက် အရို အသေပေးပြီး စင်မြင့်ပေါ်မှ ဆင်းသွားသည်ကို တွေ့ရလေ၏။

တစ်ခဏမျှကြာသောအခါ လူများ အသီးသီးထကြသည်ကို မြင်ရလေ၏။ လဲ့လဲ့ဘက်သို့လှည့်၍ ကြည့်လိုက်သောအခါ လဲ့လဲ့တို့ လည်းပြန်တော့မည်ကဲ့သို့ ထနေကြပြီကို တွေ့ရလေ၏။ တစ်ခဏမျှ ကြာသောအခါ ကိုဘဇံရောက်၍လာပြီးလျှင် "ဦးတို့ပြန်ကြတော့ မလား" ဟုမေးသံကို ကြားရလေ၏။ လူကြီးများက မည်သို့ပြန်၍ ဖြေကြားသည်ကိုကား ကောင်းစွာသတိမထားမိ၊ "ကိုဘဇံ ကွန်ကရက် ကြူးလေးရှင်း"ဆိုသော အသံဖြင့် ကိုဘဇံအား ချီးမွမ်းနှုတ်ဆက် နေသော လဲ့လဲ့ကိုသာ သတိထားမိလေ၏။

ထိုနောက် သတိထားမိသောအရာမှာ "ကိုင်း ကိုမြင့်မောင် ပြန်ကြစို့" ဟု မအေးခင်တို့ လင်မယားကခေါ်၍ နေခြင်းဖြစ်လေ၏။ ဤတွင်လဲ့လဲ့အား တစ်ချက်မျှစောင်းငဲ့၍ ကြည့်လိုက်ရာ ကိုဘဇံနှင့် လဲ့လဲ့တို့၏မျက်စိသည် မိမိအားစူးစိုက်စွာ ကြည့်နေလျှင် ကိုဘဇံ၏ မျက်လုံးမှ ဒေါသအခိုးအလျှံများ ထွက်ပြီးလျှင် လဲ့လဲ့၏မျက်လုံးမှာမူ မိမိအား သနားခြင်း ကရုဏာမကင်းသည့် အရိပ်အရောင်ကလေးများ ပေါ်လွင်နေသည်ကို တွေ့မြင်ရသည်ဟု မှတ်ထင်မိလေ၏။

ဤတစ်သက်တွင် ဤကဲ့သို့ မိန်းမပျိုတစ်ဦးက မိမိအားသနားခြင်း ကရုဏာမကင်းသည့် အသွင်ဖြင့် ကြည့်ခြင်းမျိုးကို ဤအကြိမ်ပါနှင့် နှစ်ကြိမ်အကြည့်ခံရပြီးဟု ဆိုရမည် ဖြစ်လေ၏။ အကြော့ထံသို့ ၎င်း၏ ဖခင်ကြီး အသက်ထင်ရှားရှိစဉ်ကပင် ထွက်ဝင်သွားလာခဲ့၏။ မျက်စိချင်း အကြိမ်ပေါင်းများစွာ ဆုံခဲ့သည်ပြီးဖြစ်သော်လည်း မိမိအား သနားခြင်း ကရုဏာဖြင့် ကြည့်သောအကြည့်မျိုးကိုကား တစ်ခါမျှ မခံယူခဲ့ရ၊ မိမိအိပ်ရာမှ မထနိုင်ဘဲ ပြင်းထန်သောဒဏ်ရာများဖြင့် လဲနေစဉ်မှစ၍ လူချင်းခွဲလာကြသည့်တိုင်အောင် မခင်လှ၏ ကြည့်ပုံ မှာမူ ယခု လဲ့လဲ့ကြည့်ပုံကဲ့သို့ သနားကရုဏာများစွာ မကင်းသော ကြည့်ခြင်းဖြစ်၍ ယခုတိုင် မေ့ပျောက်၍ မရနိုင်ခဲ့ရာ အခု လဲ့လဲ့၏ အကြည့်ကိုပါ ရောစွဲလမ်းသလိုလိုဖြစ်နေသည်ကို တွေ့ရလေ၏။

ထိုညက အကြော့ထက် မခင်လှကို သတိရ၍ မခင်လှထက် လဲ့လဲ့ကို ပိုမိုထင်ယောင်မြင်ယောင်ဖြစ်နေကာ လဲ့လဲ့မှာလွတ်လပ်သူ မဟုတ်ကြောင်း ရည်မှန်းထားသူရှိပြီးဖြစ်ကြောင်း သတိရသောအခါ မခင်လှဘက်သို့ စိတ်ရောက်၍သွားပြီးလျှင်- မခင်လှမှ တစ်ဖန် အကြော့ထံ စိတ်ရောက်သွားပြန်ခြင်းဖြင့် တလူးလူး တလွန့်လွန့်နှင့် မိုလင်းခဲ့ရလေ၏။

# [၉]

## ခလုတ်တိုက်မိပြန်ခြင်း

နောက်တနေ့ အိပ်ရာမှထလျှင်ထချင်းပင် မောင်သန်းအား ခေါ်ပြီးလျှင် လဲ့လဲ့ထံ ကိုဘဇံ၏အကြောင်း သွားရောက်ပြောပြပုံကို အစုံအလင် ပြန်ပြောင်းပြောပြရန် ပလ္လင်မခံ ဆိုင်းမဆင့်ဘဲ အမိန့်ပေးလေရာ မောင်သန်းမှာ ရုတ်တရက်ကြီးဖြစ်သောကြောင့် နားမလည်ဘဲ "ဘာဖြစ်လို့လဲဆရာ"ဟု မေးလေ၏။

"သိချင်လို့ပေါ့ကွယ်၊ ခရေစေ့တွင်းကျ ဆရာ့ကိုပြန်ပြောစမ်း" ဟုပြောသောကြောင့် မောင်သန်းလည်း အထက်ကတစ်ကြိမ် ပြောဖူးသည့်အတိုင်း တစ်သဝေမတိမ်း ပြောပြလေ၏။ သို့သော် ကိုမြင့်မောင်မှာ ထိုမျှဖြင့် မကျေနပ်သေးသကဲ့သို့

"နေပါဦးကွယ့် မောင်သန်းရဲ့၊ လဲ့လဲ့နဲ့ ကိုဘဇံနဲ့ စပ်ဟပ် ကြောင်းလမ်းထားတယ်ဆိုတာက ဘယ်လိုလဲ"

"လူကြီးချင်းက မိတ်ဟောင်းဆွေဟောင်းတွေဖြစ်တော့ သားချင်း သမီးချင်း မမွေးခင်ကတည်းက ပေးစားထားတာပေါ့ဆရာ"

"ကလေးချင်းကော မေတ္တာရှိနေကြသလား"

"ဒါတော့ တစ်ယောက်အိမ်ကိုတစ်ယောက် လွတ်လွတ်လပ်လပ် ဝင်တွက်နေကြတာပဲ ဆရာ၊ မြို့ကတော့ သူတို့ အချင်းချင်း မေတ္တာ ရှိနေတယ်လို့ အယူရှိတာပဲ"

"ကိုဘဇံ မိန်းမလိုက်တယ်လို့ မင်းကပြောတော့ လဲ့လဲ့က ယုံ သလား"

"ယုံတာပေါ့ ဆရာ၊ ဒါကြောင့် ဆရာ ကိုဘဇံကို လိုက်ပြီးဆူ တာပေါ့"

"နို့ ညကတော့ သူတို့ချင်းချင်း သင့်သင့်မြတ်မြတ်ပဲ တွေ့ခဲ့ရပါကလား"

"ဒါကတော့ ဆရာ သမီးရည်းစားပဲ၊ ဘယ်အမြဲတမ်း စိတ်ဆိုး နေနိုင်ပါ့မလဲ၊ ဆရာနဲ့ ညကတွေ့ခဲ့သလား၊ ဆရာ့ကို သူတို့ ဘာမှ မပြောဘူးလား"

"စကားမပြောခဲ့ရပါဘူးကွယ်၊ တို့ထိုင်တာက သူတို့စားပွဲမှာ ဖြစ်နေတာ၊ တွေ့တော့ မင်းဆရာ ကိုဘဇံက တခြားစားပွဲကို ချက်ချင်း ခေါ်သွားတာပေါ့ကွယ့်၊ သူငယ်မလေးကတော့ စိတ်နေစိတ်ထား တော်တော်ဖြောင့်စင်းရဲ့ မဟုတ်လား"

"တော်တော်တော့ သဘောကောင်းပါရဲ့၊ ဒါပေမဲ့ အင်မတန် မာနကြီးတယ်ဆရာ၊ သူ့အဖေက စက်လည်းစက်သူဌေး၊ ပြီး ကျိုကျိုတက်အောင်ချမ်းသာနေတာ မိုးမမြင်လေမမြင်ပေါ့ဆရာ၊ မော်တော်ကားကြီး တဝီဝီနဲ့"

"အင်း ဒါကြောင့် ကိုဘဇံနဲ့ ဖက်မိတာပေါ့လေ"

"နို့-နေပါဦး မင်းနဲ့ ကိုဘဇံနဲ့ ဖြစ်နေကြတာကို သူသိသလား"

"မသိဘူးဆရာ သိချင်မှသိမှာ၊ ကျွန်တော်နဲ့လည်း နောက်ထပ်ပြီး မတွေ့ဘူး"

ဤတွင် မိမိသိချင်သော အချက်များကို သိရပြီးဖြစ်၍ "အေး အေး တစ်နေ့ကျတော့ မင်းမှန်တာပြောတယ် လုပ်တယ်ဆိုတာ အလိုအလျောက် ပေါ်လာမှာပဲ" ဟုပြောပြီးလျှင် ထ၍ ရေချိုးလေ၏။ နောက်မှ မောင်သန်းအား မိမိ နောက်ဆုံးပြောလိုက်သော စကားတို့မှာ အပိုမျှသာဖြစ်ကြောင်း သတိရလေ၏။ အဘယ်ကြောင့်ဆိုသော် ကိုဘဇံ မိန်းမလိုက်စားကြောင်း မောင်သန်းက သွား၍ ပြောဆိုရာတွင် လဲ့လဲ့သည် မယုံသည်မရှိ၊ ယုံကြည်သည့်အတိုင်းပင် ကိုဘဇံထံ သွားရောက်ဆူပူခဲ့သည့်အတွက် ကိုဘဇံမှာ မိမိအပြစ်ကို ဝန်ခံဘိသည့်အလား မောင်သန်းအား ရိုက်နှက်ခဲ့ပြီး ဖြစ်လေ၏။ နောက်မှသာ လဲ့လဲ့သည် ကိုဘဇံ၏အပေါ်တွင် စိတ်ပြေ၍ ညကကဲ့သို့ ကောင်းကောင်းမွန်မွန်ပင် လက်ခံစကားပြောဆိုခြင်းမှာမူ အလိုလိုထင်ရှားပြီး ဖြစ်နေလေ၏။

ထိုနေ့အဖို့၌ မရှိဆင်းရဲသော ဝေဒနာရှင်များထံသို့ လှည့်လည် သွားရောက် ဆေးဝါးကုသရာတွင် ယခင်ကကဲ့သို့ များစွာ စိတ်အား ထက်သန်ခြင်းမရှိလှ။ လွမ်းသလိုလို ဆွေးသလိုလို ရှိနေသောကြောင့် အိမ်သို့စောစောစီးစီးပြန်ခဲ့လေ၏။ အိမ်သို့ရောက်သောအခါ၌လည်း တိုး၍ နေသာထိုင်သာမရှိသည်နှင့် အညောင်ပြေ လမ်းလျှောက်ဦးမည်ဟု လမ်းလျှောက်လာခဲ့ရာ ဆန်စက်ကြီး တစ်လုံးပြီးတစ်လုံး ကျော်လျက် နောက်ဆုံး၌ အခြားဆန်စက်ကြီးတစ်လုံး ရှေ့သို့ ရောက်၍ သွားလေ၏။

ဆန်စက်ကြီးအတွင်း၌ အလုပ်သမားများ အလုပ်လုပ်၍ နေကြသည်ကို တွေ့မြင်ရသောကြောင့် ရုတ်တရက်အကြံတစ်ခုရကာ ခေတ္တမျှ ဝင်ရောက်သွားရာ မိမိအားမည်သူကမျှ ဂရုမစိုက် ခွေးတစ်ကောင်သာလျှင် တန်းလျားကြီးမှဆင်းပြေးလာပြီး ဟောင်ဖော်ရသည်ကို တွေ့ရလေ၏။

ထိုနောက် အလုပ်သမားတစ်စု ခေတ္တအလုပ်ရပ်နားကာ ထိုင်၍ နေသည်ကိုမြင်သဖြင့် ထိုသူများထံသို့ သွားရောက်ပြီးလျှင် ၎င်းတို့ လုပ်ရကိုင်ရပုံ အကြောင်းကို မေးမြန်းရာ ပထမကဖြေရသည်မှာ ရှန့်တန့်တန့်

ဖြစ်နေသဖြင့်ကောင်းစွာမဖြေဘဲ တစ်ယောက်မျက်နှာကိုသာ တစ်ယောက်ကြည့်နေလေ၏။ နောက်မှ ကိုမြင့်မောင်က မိမိသည် ဆရာဝန်တစ်ယောက်ဖြစ်၍ ကျန်းမာရေးကို အထူးအားပေးလိုကြောင်း၊ ကျန်းမာရေးစည်းမျဉ်းအတိုင်း ဖြစ်အောင် ဆိုင်ရာတို့နှင့် စကားကမ်းလှမ်း စီစဉ်ပေးလို၍ လာခဲ့ခြင်းဖြစ်ကြောင်း၊ မိမိရှေ့တည့်တည့်ကလူမှာ သွေးအားမရှိတော့၍ ယခုအတိုင်းဆိုလျှင် စိုးရိမ် နေရကြောင်း၊ လက်ဝဲဘက်ကလူ၏ လက်၌ရှိသောဒဏ်ရာမှာ ကြာလျှင် ပိုမိုကြီးကျယ်လာမည်ဖြစ်ကြောင်း၊ လက်ယာဘက်ကလူ၏ ပန်းနာမှာကြာရှည် ဂရုမစိုက်လျှင် အသက်အန္တရာယ်သာဖြစ်ဖို့ ရှိတော့ကြောင်း၊ ၎င်းတို့သည် မိမိ၏ဆေးတိုက်သို့ လာရောက်ကာ အခမဲ့ မေတ္တာရှိ ကုသပေးမည်ဖြစ်ကြောင်းကို ပြောကြားပြီးလျှင် ထွက်၍ လာခဲ့လေ၏။

အချို့က “ဒီလူလားကွာ ဆရာဝန်ဆိုတာ၊ သူ့ကိုယ်ပဲ သူပြန် ကြည့်ပါဦး” ဟုပြောကြလျက် အချို့ကမူ “ဟာ ဘာဆိုင်သလဲကွယ့် ဒါနဲ့၊ လူကတော့ လူကောင်းနဲ့ပဲ တူပါတယ်၊ ဘာပဲဖြစ်ဖြစ်ကွာ ဘိုးသာကြီးတော့ သူဆီခေါ်သွားပြီး ပြကြည့်ရဦးမယ်၊ ဒီကောင်ကြီး လဲနေတာ အတော်ကြာပြီ၊ ပျောက်လိုပျောက်ငြားပေါ့” ဟူ၍ ပြောကြလေ၏။

ဤကဲ့သို့ တစ်မျိုးတစ်ဖုံစီ ပြောကြားလျက်ရှိစဉ် “ဟော့ ဟိုမှာ သူဌေးလာနေတယ်။ သူ့သမက်လောင်းနဲ့၊ ထကြ-ထကြ ထိုင်နေတာကို မြင်ရင် ပွက်နေဦးမယ်”ဟု တစ်ဦးသောသူက သတိပေးလိုက်သောကြောင့် တညီတညာတည်း အလုပ်ကိုယ်စီကိုယ်င ပြေး၍ လုပ်ကြလေ၏။

နောက်တစ်နေ့နံနက်တွင် ကိုမြင့်မောင်ထံသို့ အလုပ်သမားအချို့ လာရောက်ကြသဖြင့် ကိုမြင့်မောင်လည်း ဝမ်းမြောက်ဝမ်းသာ စမ်းသပ်ကြည့်ရှုပြီးလျှင် ဆေးဝါးကိုအလကားထည့်ပေးလေ၏။ ထို့ပြင် အခြားသောစက်များမှ လူမမာများရှိက မိမိထံလာရောက်နိုင်ကြောင်း ပြောပြစေလိုကြောင်း၊ အခမယူဘဲကုပေးမည်ဖြစ်ကြောင်းနှင့် မှာကြားလိုက်ရာ လာရောက်သူတို့မှာ များစွာဝမ်းသာအားရဖြစ်လျက် ပြန်ကြလေ၏။

နေ့လယ်ဘက်တွင် လူမမာတစ်ယောက်ကို ထမ်းစင်နှင့် တင်၍ ခေါ်လာသည်ကို တွေ့ရှိသဖြင့် ပြေး၍ကြည့်ရာ ထိုသူမှာ များစွာ အင်အားချည့်နဲ့လျက် အသက်ကိုမှ မှန်မှန်မရှူနိုင်အောင် ရှိနေသည်ကို တွေ့ရလေ၏။ သို့ဖြစ်၍ ပျာယီးပျာယာ စမ်းသပ်ကြည့်ရှုသောအခါ ရောဂါမှာ များစွာကျွမ်းလျက်နေပြီကို တွေ့ရသဖြင့် မိမိကိုယ်တိုင်က များစွာမျှော်လင့်ချက်မရှိသော်လည်း လာရောက်ပို့သော သူများ စိတ်မကောင်းမဖြစ်ရအောင် မကြာမီ သက်သာလာလိမ့်မည် ဖြစ်ကြောင်း၊

ယခုအဖို့မှာမူ ဆေးထိုးပေးလိုက်မည်ဖြစ်ကြောင်း၊ ထိုနောက် မိမိကိုယ်တိုင် လာရောက်ကြည့်ရှုမည်ဖြစ်၍ အရေးကြီးသော လူတစ်ယောက် ခဏမျှ နေရစ်ခဲ့စေလိုကြောင်းနှင့် ပြောပြလေ ၏။

ဆေးထိုး၍ပြီးစီးသောအခါ ခဏမျှဆေးခန်း၌ ထားလေ၏။ ထိုအတောအတွင်း လူမမာ၏ အကြောင်းကို စုံစမ်းကြည့်သည်တွင် လူမ မာမှာ ကိုဘိုးသာကြီးဖြစ်ကြောင်း၊ ၎င်းသည် ယခုဆန်စက် မကြီးပွားမီ ချောက်ချီးချောက်ချက်မျှသာရှိစဉ်ကပင် များစွာ အနွံအတာခံ၍ အလုပ်ကို ကြိုးကြိုးပမ်းပမ်းလုပ်ခဲ့ကြောင်း၊ သို့အတွက် စက်လည်း နေ့ချင်း ညချင်းလိုပင် ကြီးပွားလာကြောင်း၊ စက်ကြီးပွား၍ တစ်နှစ်မျှကြာသောအခါ ကိုဘိုးသာကြီးမှာ အလကားနေရင်း မောဟိုက်၍ နေသော ရောဂါရလာကြောင်း၊ သို့လျက်နှင့်ပင် တာဝန်ရှိသမျှ ဆက်လက် လုပ်ကိုင်နေရာ တစ်နေ့၌ အလုပ်လုပ်နေရာမှ မတ်တတ်လဲ၍ သွားသဖြင့် စက်ဝင်းထဲရှိတန်းလျားပေါ်သို့ ခေါ်ဆောင်သွားရကြောင်း သူဌေးအား သွားရောက်ပြောကြားသည့်အခါ သူဌေးက“အေးသွား၊ မင်းတို့ပဲ ကြည့်လိုက်ကြ ဆရာလေးဘာလေးခေါ်မှ ပျောက်တော့မပေါ့။ ငါ့လာပြောလို့ငါ ဘာတတ်နိုင်မလဲ”ဟုပြီးစလွယ် ပြောလိုက်ကြောင်း၊ ဆေးရုံဆရာဝန်ကို သွား၍ခေါ်ရာ ဆရာဝန်မှာ စက်သူဌေး၏သမီးများ၊ မိတ်ဆွေများနှင့် ပျော်ပွဲစားထွက်သွားခိုက်ဖြစ်၍ မြို့ပေါ်မှ ဆရာဝန် တစ်ယောက်ကို သွားရောက် ခေါ်ရကြောင်း၊ ထိုဆရာဝန်နှင့် ကြပ်မတ်ကုသခဲ့သော်လည်း မထူးခြားကြောင်း၊ ဆေးဖိုးကို ပထမက စုဆောင်း၍ ခံခဲ့ရကြောင်း၊ နောက်တွင် ရောဂါလည်း မသက်သာ မိမိတို့လည်း စု၍မခံနိုင်တော့သဖြင့် လက်မှိုင်ချ၍ နေရကြောင်းတို့ကို အကျယ်တဝင့်ပြောပြရာ ကိုမြင့်မောင်မှာ အလုပ်သမားများအတွက် များစွာ သနားကြင်နာသွားလျက် တစ်ဖက်က စက်ပိုင်ရှင်များအပေါ်တွင် ဒေါသထွက်သလိုလို ဖြစ်ကာ...

“စက်ပိုင်ရှင်ကဘယ်သူလဲ”

“ဦးဌေးပါ ခင်ဗျား”

“ဘယ်ဦးဌေးဟာလဲ”

“ဦးဌေးဆိုရင် သူတစ်ယောက်ပဲရှိပါတယ်ခင်ဗျ၊ မြို့ပေါ်မှာ သူတို့ အိမ်သားတစ်စုဟာ တော်တော်ဩဇာကြီးတယ်ခင်ဗျ”

“အိမ်သားတစ်စုဆိုတာ ဘယ်နှယောက်တုံး"

“သူရယ်၊ သူဌေးကတော် ဒေါ်ဒေါ်မိရယ်၊ သမီးကလေးတစ် ယောက် လဲ့လဲ့ဆိုတာရယ်၊ ဒီသုံးယောက်ဟာ မြို့ပေါ်နယ်ပေါ်မှာဖြင့် တော်တော်

သြဇာကြီးတယ်ခင်ဗျ”

ဤတွင် ကိုမြင့်မောင်မှာ များစွာအံ့အားသင့်၍ သွားပြီးလျှင် ရှေ့သို့ဆက်လက်၍ မမေးနိုင်ဘဲရှိလေ၏။ ဤစကားကို ကြားရသည့် အတွက် မိမိ၌ မည်သို့မျှဖြစ်ရန် အကြောင်းမရှိသော်လည်း စိတ်တွင် တစ်မျိုးတစ်မည်ဖြစ်နေသည်ကို တွေ့ရလေ၏။ မည်သို့ဖြစ်သည်ကို မိမိကိုယ်တိုင်လည်းမပြောတတ်၊ စဉ်းစား၍ ကြည့်မှပင် ရှင်းလင်းတော့မည်ဖြစ်၍...

“ကောင်းပြီဗျာ၊ ကျွန်တော်တော့ တတ်နိုင်သလောက် ကြိုးစား ပြီးကုပါမယ်၊ ရောဂါက မှန်တာပြောရရင် ကျွမ်းတော့ကျွမ်းနေပြီ၊ နို့ပေမဲ့ တတ်နိုင်သလောက်တော့ ကြိုးစားရသေးတာပေါ့ဗျာ၊ ဆေးဖိုးဝါးခ အတွက်တော့ ဘာမှမပူနဲ့၊ ကျွန်တော် လူမမာပျောက်တာ မြင်ရရင် ကျေနပ်ပြီ၊ ကဲကဲ၊ ပြန်ယူသွားကြပေတော့၊ ဟိုကျရင်တော့ ဒီဆေးကို ၃နာရီ တစ်ခွက်တိုက်ပေး၊ ကျွန်တော်လည်း ညနေဘက်ကျတော့ လျှောက်လာခဲ့ဦးမယ်" ဟုပြောလိုက်၍ လာရောက် ပို့သူများလည်း ကျေးဇူးတင်စကားပြောကြားကာ ပြန်သွားကြလေ၏။

စင်စစ်သော်ကား ကြိုးကြိုးပမ်းပမ်းလုပ်၍လာခဲ့သော အလုပ်သမားတစ်ယောက်ကို ဤမျှလောက် ပစ်ပစ်ခါခါ လုပ်သော သူဌေးသည်သာ အခြားတစ်ဦးတစ်ယောက်ဖြစ်လျှင် မိမိ၏စိတ်၌ ယခုလောက်ထိခိုက်မည်မထင်။ ဤမျှလောက် မဆီမဆိုင် ပူပင်မည် လည်းမဟုတ်။ ယခုသော် ထိုမျှလောက် အလုပ်သမား၏ အပေါ်တွင် ရက်စက်သော သူဌေးမှာ လဲ့လဲ့၏ ဖခင်ဖြစ်နေ၍ ပြစ်မှုတွင် သက်သာရတော့မလို ထင်ရအောင်လည်း လဲ့လဲ့မှာ မိမိနှင့် ဘာမျှ သက်ဆိုင်ခြင်းမရှိဟု စဉ်းစားမိပြန်သောအခါ မိမိစိတ်သာလျှင် အမျိုးမျိုးဖောက်ပြန်လျက်ရှိသည်ကို သတိရသောကြောင့် မိမိ၌ တာဝန်ဝတ္တရားရှိသည့်အတိုင်း ဆောင်ရွက်ရန်သာလျှင် စဉ်းစားရလေတော့၏။

ညနေတွင် အခြားလူနာများကို လှည့်လည်ကြည့်ရှုပြီးနောက် စက်ကြီးဆီသို့ သွားရောက်ရာ နေ့လယ်နေ့ခင်းက လူမမာလာရောက် ပို့သသော အလုပ်သမားအချို့နှင့် တွေ့၍ ၎င်းတို့က ရှေ့ဆောင် ခေါ်ငင်သွားသောကြောင့် အလုပ်သမားတန်းလျားဆီသို့ ရောက်၍ သွားလေ၏။ တန်းလျားမှာ၂ထပ်ဖြစ်၍ အလွန်ညစ်ပတ်ပေရေလျက် ခေတ္တခဏမျှ နေရန်ပင် မသင့်လျော်၊ ကျန်းမာရေးနှင့် များစွာ ဆန့်ကျင်လျက်ရှိသည်ကို တွေ့ရသည်တွင် များစွာစိတ်မကောင်း ဖြစ်ရလေ၏။

လူမမာမှာ နေ့ခင်းက ဆေးထိုးပေးထားသော အရှိန်ဖြင့်အနည်းငယ်ဖျားလျက်ပင်ရှိရာ သွေးစမ်းကြည့်သောအခါ စိုးရိမ်ဖွယ်ရာမရှိ သွေးမှန်မှန်တိုးလျက် ရှိသဖြင့် ကိစ္စမရှိကြောင်း အကြောင်းရှိလျှင် မိမိထံသို့

အခေါ်လွှတ်စေလိုကြောင်းနှင့် ပြောပြပြီးလျှင် စက်ကြီး၏ ပတ်ဝန်းကျင်ကို ကြည့်ရှုရန် ထွက်လာခဲ့လေ၏။ စက်ကြီးမှာ အလွန် အိုမင်းလှပြီဖြစ်ရာ အလုပ်သမားတန်းလျားမှာမူ ဆွေးမြည့်လျက်ပင်ရှိနေလေပြီ၊ ဆွေးမြည့်ရုံ ဆွေးမြည့်လျှင်ကား အရေးမကြီးလှ၊ ယခုသော် ကျန်းမာရေးနှင့်မညီညွတ်၊ အကြောင်းမတန် စွတ်စိုထိုင်းမှိုင်းလျက် မကောင်းသောအနံ့အသက်များထွက်ပေါ်နေသည်ကို တွေ့ရသဖြင့် စောစောက မိမိစိတ်ကူးလာသောအကြံကို အလျင်အမြန်လိုက်နာရန် သန္နိဋ္ဌာန်ချမှတ်လိုက်လေ၏။

ညဘက်သို့ရောက်သောအခါ အဝတ်အစားများ လဲလှယ်ပြီး နောက် မောင်သန်းကိုခေါ်ကာ လှဲ့လှဲ့တို့ တိုက်ကြီးဆီသို့ ဆရာ တပည့်နှစ်ယောက် ထွက်လာကြလေ၏။ မောင်သန်းမှာ များစွာ လိုက်ချင်ပုံမရ၊ သွားရမည်ပင် ခပ်ယို့ယို့ဖြစ်နေလေ၏။ သို့သော် ကိုမြင့်မောင်မှာ ၎င်း၏တပည့်ကို အကဲခတ်၍မနေနိုင်၊ လှဲ့လှဲ့၏ ဖခင်နှင့်တွေ့လျှင် မည်သို့ စတင်စကားပြောရမည်ကိုသာ စဉ်းစား လာခဲ့လေ၏။

သို့ဖြင့် တိုက်ကြီးရှေ့သို့ရောက်ခဲ့ရာ အတန်ကြာ စောင့်ဆိုင်း နေမှ အတွင်းသို့ဝင်ရောက်ခွင့်ရလေ၏။ မောင်သန်းမှာမူ အထဲသို့ ခေါ်၍ မရသဖြင့် အပြင်၌ပင် ထားခဲ့ရလေ၏။

ဦးငွေးမှာ ဆိုဖာကုလားထိုင်ကြီးတစ်လုံးပေါ်တွင် ထိုင်ပြီး ဆေးလိပ်ကို စည်းစိမ်ခံယူကာ သောက်လျက်ရှိနေလေ၏။ အခြားသော ကုလားထိုင်ကြီးပေါ်တွင် ဦးငွေး၏ဇနီးနှင့်သမီးတို့ ထိုင်၍နေကြရာ ကိုမြင့်မောင် ထော့ကျိုးထော့ကျိုးနှင့် ဝင်ရောက်လာသည့်အခါ သုံးဦးသားလုံးပင် များစွာအံ့အားသင့်နေပုံရလေ၏။

"ဘာကိစ္စတုံး မောင်ရင့်ကိစ္စက"

"ကိစ္စကတော့ နည်းနည်းအရေးကြီးပါတယ်၊ ဦးကို ကျွန်တော် တီးတိုးအစီရင်ခံစရာလေးရှိလို့ လာခဲ့တာပါပဲ"

"ဘာကိစ္စဆိုတာပြောပါကွယ့်"

"ဦးတစ်ယောက်သာ ကြားစေချင်တဲ့ ကိစ္စပါပဲခင်ဗျ"

ကိုမြင့်မောင်ဆိုလိုရင်းမှာ မိမိပြောရမည့် ကိစ္စသည် သာယာ သောကိစ္စမဟုတ်၍ လှဲ့လှဲ့၏ဖခင်နှင့်သာလျှင် သက်ဆိုင်သောကြောင့် လှဲ့လှဲ့၏ဖခင်သာ ကြားစေချင်ခြင်းဖြစ်လေ၏။

သို့သော် ထိုသို့ပြောလိုက်မှပင် လှဲ့လှဲ့နှင့်သူဌေးကတော်သည်

ခေါင်းထောင်၍ ကြည့်ကြလေ၏။ ခေါင်းထောင်ခြင်းမှာ အကောင်း မဟုတ်၊ မိမိတို့ရှေ့၌ မပြောနိုင်ရအောင် ဘာကိစ္စမို့လဲဟူသော အတွေးဖြင့် ခေါင်းထောင်ခြင်းဖြစ်ကြောင်း ကိုမြင့်မောင် ရိပ်မိလေ၏။

"ပြောပါလို့ ပြောနေမှပဲကွယ်" ဟု သူဌေးမင်းက စိတ်တိုသည့် အမူရာဖြင့်ပြောရာ၊ ကိုမြင့်မောင်မှာ ငဲ့ညာထောက်ထား၍ မနေသာ တော့ဘဲ.

"ဦးအခွင့်ပေးလို့ရှိမှ အစီရင်ခံရတာပေါ့ခင်ဗျာ၊ ကျွန်တော်က ဒီကအဒေါ်များ မကြားချင်ရင် မကြားပါစေနဲ့တော့လို့ နှောင့်နှေးနေတာပါ၊ အကြောင်းကတော့ ဒီလိုခင်ဗျ"

ဤသို့အားဖြင့် အလုပ်သမားများ၏ ကျန်းမာရေးမှာ စိုးရိမ် ဖွယ်ရာဖြစ်နေပုံ၊ တန်းလျားများမှာ နေ့ပြိုမည် ညပြိုမည်မသိ၊ ဆွေးမြည့်နေရုံမျှမက ကူးစက်တတ်သောရောဂါကို တစ်ဦးတစ်ယောက်သောသူသာ ရလိုက်က စက်ကြီးတစ်စက်လုံးရှိ အလုပ်သမားအားလုံးကို တစ်မဟုတ်ချင်း ကူးစက်သွားမည်ဖြစ်၍ မိမိလာရောက် သတိပေးရခြင်းဖြစ်ကြောင်း အတိုချုံ့၍ ပြောပြလေ၏။

သူဌေးမင်းမှာ စောစောကပင်စိတ်တိုနေဟန်ရှိရာ ကိုမြင့်မောင်က ယခုကဲ့သို့ ပြောပြသည့်အခါ သာ၍ပင် ဒေါသဖြစ်လာလျက်. . .

"နေပါဦးကွယ့်၊ မောင်က ဘာဆိုင်လို့ ဒီအကြောင်းလာပြော ရတာလဲ၊ ကျုပ်စက်ထဲမှာဖြစ်တာ မောင်နဲ့ဘာဆိုင်တာလဲ၊ မောင်နဲ့ ဆိုင်တာ ကျုပ်တစ်ခုမှမမြင်ဘူး၊ မောင်တော်တော်ရယ်စရာကောင်းတဲ့ လူပဲ" ဟုပြောလေ၏။

သူဌေးကတော်ကြီးသည်လည်း လိုသေးလျှင် စစ်ကူပို့မည့် ဟန်ဖြင့် ၎င်း၏မျက်လုံးမှ ပြင်းထန်သော အခိုးအလျှံများကို လွှင့်လေ၏။ လဲ့လဲ့မှာမူ ကြားရသောစကားကို နားမလည်သကဲ့သို့ တွေတွေကလေး ကြည့်၍နေလေ၏။

"ပြောလေ ပြောပါကွယ့်၊ ကျုပ်စက်ဟာ မောင့်စက်မို့ မောင်က ဝင်ပြီး အရေးယူနေတာလား၊ မေးတာကို ပြောတတ်ရမယ်ကွယ့်" "မှန်ပါတယ်၊ မေးတာကို ပြောလည်းပြောတတ်ပါတယ်ခင်ဗျ၊ သို့သော် ဦးနဲ့အတိုက်အခံပြောရအောင် ကျွန်တော်လာခဲ့ရင်း မဟုတ် ပါဘူး၊ ဦးကိုတောင်းပန်သတိပေးဖို့ လာခဲ့တာပါ"

"အလို မောင်က"

"ဒီစက်ဟာ ကျွန်တော့်စက်မဟုတ်ဘဲ ဦးစက်မို့လည်း ဦးဆီကို ကျွန်တော် လာခဲ့တာပါ၊ ဦးရဲ့စက်ကြီးဟာ ဒီအခြေအနေရောက်လာ တာလည်း အလုပ်သမားတွေရဲ့ အတွက်ပါပဲ၊ ဒီတော့ တစ်နေ့ကုန် တစ်နေ့ခန်းလုပ်ပါမှ

နေ့တစ်နပ်-ညတစ်နပ် အသက်ရှူကျပ်ကျပ်နဲ့ စားနေရတဲ့ ခများတွေမှာ အိပ်ချိန်နေချိန်ကလေးမှ ကောင်းကောင်းမွန်မွန် မအိပ်မနေရရင် ဘယ်ကောင်းပါမလဲဦးရယ်၊ ဦးမှာ ဘယ်လောက်မှ ထိခိုက်မသွားပါဘူး၊ ပြင်ပေးလိုက်ရင်၊ ပြီး-တန်းလျားမှာ ကိုဘိုးသာဆိုတဲ့ လူမမာ" "ဟော့ တော်ကွယ် တော်၊ ဒါ- မောင့်အလုပ်မဟုတ်ဘူး၊ ကျုပ် အလုပ်၊ မောင်ဘာကောင်လဲ"ဟု သူဌေးမင်းက ဒေါသကိုအတော် ချုပ်တည်းထားရသည့်အမူရာဖြင့် ချိုသာနိုင်သမျှချိုသာစွာ အော်ငေါက်၍ မေးလေ၏။

"ကျွန်တော့် အလုပ်မဟုတ်ဘူးဆိုတာ တစ်နည်းအားဖြင့် မှန်ပါတယ်။ နို့ပေမယ့် လူများရဲ့ ကျန်းမာရေးဟာ ကျွန်တော်နဲ့ဆိုင်ပါတယ်"

"ဟော့ မောင်ကဘာမို့လို့လဲ"

"ကျွန်တော်ဆရာဝန်ပါပဲ"

"ဩော် မောင်ကဆရာဝန်ကိုး၊ အင်း-ဆရာဝန်တဲ့ကွယ်၊ ခြေ တစ်ပေါင်ကျိုးနဲ့ မျက်နှာမှာလည်း ရောမတံဆိပ်ကြီးနဲ့၊ ဒါအမှုထမ်း ကောင်းလို့ ရခဲ့တာနဲ့တူတယ်။ ဟော့ မမိရဲ့ ကြည့်စမ်းပါဦးကွယ့်၊ ဆရာဝန်ဆိုတဲ့လူကို"

သူဌေးမင်းမှာ ပြုံးရာမှ အသံများထွက်အောင်ပင် ရယ်လေ၏။ သူဌေးကတော်မှာလည်း ရွှံ့ရွှံ့နှင့် ပြုံးနေသည်ကိုမြင်ရလေ၏။ လဲ့လဲ့၏ မျက်နှာတွင်ကား မိမိအား ရက်ကြောက်အားနာသကဲ့သို့သောအမူ အရာကလေးကို တွေ့မြင်လိုက်ရသဖြင့် လူကြီးများ အမူအရာမှာ စိတ်ဆိုးစရာပင်ဖြစ်သော်လည်း ဒေါသကို ချုပ်တည်းလိုက်ပြီးလျှင်

"ဦး-ကျွန်တော့်ကို ရှုတ်ချလိုသပဆိုရင် သဘောရှိရှုတ်ချပါ၊ ကျွန်တော်သည်းခံနိုင်ပါတယ်၊ နို့ပေမယ့် ဦးရဲ့စက်ကြီးဒီအခြေအနေ ရောက်အောင်လုပ်နေတဲ့ အလုပ်သမားတွေကိုတော့ မရှုတ်ချပါနဲ့လို့ တောင်းပန်ချင်ပါတယ်။ သူတို့ဟာကြာရှည် အောင့်အည်းနေကြမှာ မဟုတ်ဘူး"

"ဟော့ ဒင်းတို့က မအောင့်အည်းနိုင်လို့ ဘာလုပ်ချင်သေးသတဲ့လဲ။ ခွေးမသားတွေ နက်ဖြန်ကျ အကုန်အလုပ်ထုတ်ပစ်မယ်" ဟု ဖြန်းခနဲ ထိုင်ရာမှထပြီး လက်သီးလက်မောင်းတန်းကာပြောလေရာ ကိုမြင့်မောင် မှာ ရုတ်တရက်သော် လန့်၍မည်သို့ ဖြေရမှန်းမသိ၊ အကြောင်သား ကြည့်၍ နေမိလေ၏။ နောက်မှ သတိရပြီးလျှင်

"သူတို့က မအောင့်အည်းနိုင်ဘူးလို့မပြောပါဘူး၊ အခု ကျွန်တော် လာတာလည်း သူတို့ရဲ့ကိုယ်စားလှယ်အဖြစ် လာတာမဟုတ်ပါဘူး။ တစ်နေ့ကျ

ဒုက္ခဖြစ်မှာတွေကိုမြင်လို့”

“ဩော်- မောင့်ဟာမောင် လွတ်တဲ့ကိုယ်စားလှယ်ကိုး။ ဒီလိုမှန်း သိရင် ဒီလောက်တောင် စကားလက်ခံပြောမနေဘူး။ ဟော့ ငစံလှ၊ ဟောဒီလူကို ခြံဝင်းရောက်အောင်လိုက်ပို့လိုက်စမ်းဟေ့၊ ကောင်းကောင်းလည်း ကြည့်ခေါ်သွားပါကွယ်။ သူ့ခင်ဗျာ ခြေတစ်ပေါင်ကျိုးက ၂ ပေါင်ကျိုးဖြစ်နေပါဦးမယ်၊ ဟား-ဟား-ဟား-ဟား" ဟု ရယ်လေ၏။

ငစံလှဆိုသူလည်း ကိုမြင့်မောင်၏အနီးသို့ ရောက်၍ လာလေ၏။

ဤတွင် မိမိလာခဲ့သောကိစ္စမှာ ဤမျှဖြင့် ပြီးရပြီဖြစ်၍ လဲ့လဲ့ ဆီသို့ လှမ်းကြည့်လိုက်သောအခါ လဲ့လဲ့မှာ မိမိအား မကြည့်ဝံ့အောင် အားနာဘိကဲ့သို့ ခေါင်းကလေးကိုငုံ့၍ နေသည်ကို တွေ့ရသဖြင့်-“ကျွန်တော်တော့ ဦးကို စေတနာရှိတဲ့အတိုင်း သတိပေးပြီးပါပြီ၊ အရေးယူဖို့ မယူဖို့တော့ ဦးရဲ့သဘောပါပဲ”ဟု ပြောဆိုကာ လှည့်၍ ထွက်လာခဲ့လေ၏။

မောင်သန်းမှာ ဆရာဖြစ်သူ၏နောက်မှ ငြိမ်သက်စွာလိုက်ပါ လာခဲ့လေ၏။ မည်သည့်ကိစ္စဖြင့် လာရောက်၍ မည်သည့်ကိစ္စများ ပြောကြားသည်ကို ဆရာဖြစ်သူ ပြောပြမှပင်သိရမည်ဖြစ်ရာ စောစောက သူဌေးမင်း၏ ဟား ဟား ဟား ဟား ရယ်သံကို ထောက်ချင့်ရလျှင် ကောင်းသောကိစ္စဖြစ်သည်ဟု ထင်နိုင်လျက် ဆရာဖြစ်သူ ခေါင်းငိုက်စိုက်နှင့် ထွက်လာကာ ဤကဲ့သို့ စကားမပြော တုဏှိဘာဝေဖြစ်လာခြင်းကိုထောက်လျှင်လည်း စိတ်မချမ်းသာစရာကိစ္စ ဖြစ်ကောင်းဖြစ်လိမ့်မည်ဟု မမေးဝံ့တိုင်းတွေး၍ နောက်က လိုက်ပါလာခဲ့လေ၏။

# [၁၀]

## တတ်နိုင်တဲ့လူ

ညက လဲ့လဲ့၏ဖခင်ကြီး ပြောလိုက်သောစကားများမှာ မိမိအား ထ၍ မှုန့်မှုန့်ညက်ညက်ခြေပစ်သည်ထက် နာဖွယ်ကောင်းသော ငေါ့လုံး ပြောင်လုံးများဖြစ်၍ စဉ်းစားလိုက်တိုင်း ဒေါသဖြစ်လျက် တစ်ချက် တစ်ချက် လဲ့လဲ့ဘက်သို့ လှည့်၍အကြည့်တွင် မိမိကို အားနာဘိသကဲ့သို့ ကြည့်နေရှာပုံကို ပြန်လည်ထင်မြင်လိုက်လျှင်ကား ထိုဒေါသမှာ ပြေသလိုလို ခံသာသလိုလို ဖြစ်ခြင်းဖြင့် မိုးစင်စင်လင်းခါနီးမှ အိပ်ပျော် သည့်အတွက် နောက်တစ်နေ့နံနက် အိပ်ရာမှထသောအခါ ၁၀နာရီ ခွဲနေပြီကို တွေ့ရလေ၏။

ရေမိုးချိုး၍ ကြည့်နေကျလူမမာများထံ သွားရောက်ကြည့်ရှု ပြီးလျှင် စက်ကြီးအတွင်းရှိ လူမမာ ကိုဘိုးသာကြီးကို ကြည့်ရန် လာခဲ့ရာ စက်အဝတွင် လူတစ်ယောက်ကဆီး၍ “ဘယ်သူ့ကိုတွေ့ ချင်လို့လဲ” ဟုမေးသောကြောင့် လူမမာကြည့်လာကြောင်း ပြောပြ လေ၏။

“သူဌေးမင်းက ဘယ်သူမှ အခွင့်မရှိမဝင်ရဘူးလို့ အမိန့်ထုတ်ထားတယ် ခင်ဗျ” ဟု ထိုသူကပြောပြရာ ညက စေတနာကြီးစွာဖြင့် မိမိသတိပေးစကား ပြောကြားခဲ့သည်ကို ဤနည်းဖြင့် သူဌေးဖြစ်သူက ချေပကြောင်း တွေ့ရှိရ၍ ရုတ်တရက်သော် စိတ်ဆိုးမိပြီးလျှင် အတင်း ဝင်မည်ဟု အောက်မေ့ကြံစည်မိလေ၏။

နောက်မှ မိမိမှာ လုံလောက်သောအခွင့်အရေးမရှိ၊ သို့ဖြစ်၍ ဆေးရုံက ဆရာဝန်ကိုပင် တိုင်ပင်စီမံရတော့မည်ဟု မာန်လျှော့ကာ လှည့်၍ပြန်ခဲ့လေ၏။

ဆေးရုံသို့ရောက်၍ ဆရာဝန်နှင့်တွေ့သောအခါ ဆရာဝန်မှာ မိမိထက် အလုပ်နုသေးသည်ကို တွေ့ရလေ၏။ ၎င်းက ကိုမြင့်မောင် မြို့ထဲရွာထဲမှာ အလုပ်ကောင်းကောင်းလုပ်နေသည်ကို သတင်းကြား ရ၍ ဝမ်းသာကြောင်း၊ တစ်နေ့နေ့တွင် ကိုမြင့်မောင်နှင့် တွေ့မည်ဟု အားခဲနေစဉ် ယခုတွေ့ရ၍ ဝမ်းသာကြောင်း၊ ကူညီရန်ရှိက ဝမ်းမြောက်စွာဖြင့် ကူညီမည်ဖြစ်ကြောင်း ပြောသဖြင့်-

“သူဌေးဦးဌေးရဲ့စက်ထဲမှာ ကိုဘိုးသာကြီးဆိုတာ မနည်းဖြစ် နေတယ်၊ ကျွန်တော်မနေ့ကတော့ ဆေးထိုးပေးခဲ့တယ်၊ ဓာတ်မှန် ရိုက်ပြီးကြည့်ရင်သိရမှာပဲ၊ ခင်ဗျား သူ့ကို ဆေးရုံမှာတင်ပြီး စမ်းသပ် မကြည့်နိုင်ဘူးလား၊ ကျွန်တော့်မှာတော့ ကိရိယာမစုံလင်ဘူး"

"အို-ကိစ္စမရှိဘူး၊ ကျွန်တော် ဦးဌေးကို ကောင်းကောင်းသိတယ်၊ စိတ်ချပါ၊ မကြာမကြာလည်းလာပါ" ဟုပြောလိုက်သဖြင့် ကိုမြင့်မောင်လည်း အလုံးကြီးတစ်ခုကျသွားကာ ဆရာဝန်၏အခန်းမှ ထွက်၍ လာခဲ့လေ၏။

အခန်းထောင့်အကွေ့ကလေးကို ကွေ့လိုက်လျှင်ပင် ကိုမြင့်မောင်၏ မျက်လုံးများမှာပြူးကျယ်၍ သွားလေ၏။ အဘယ့်ကြောင့်ဆိုသော် မိမိ၏ရှေ့၌ လဲ့လဲ့သည် တစ်ယောက်တည်း ကားပေါ်မှဆင်းလာသည်ကို တွေ့ရခြင်းကြောင့် ဖြစ်လေ၏။ လဲ့လဲ့မှာ ကိုမြင့်မောင်ကို မမြင်သေး၍ လျှောက်လာရာ အနီးသို့ရောက်သောအခါ ကိုမြင့်မောင်၏ နှုတ်မှ "လဲ့လဲ့"ဟု ရုတ်တရက် ထွက်သွားပြီးလျှင် ကိုမြင့်မောင်ရော လဲ့လဲ့ပါ အံ့အားသင့်စွာဖြင့် မျက်နှာချင်းဆိုင် ရပ်မိလျက်သား ဖြစ်နေလေ၏။

လဲ့လဲ့မှာ ကိုမြင့်မောင်မှန်းသိလျှင်ပင် ခေါင်းကလေးငုံ့၍ သွားသောကြောင့် ကိုမြင့်မောင်မှာ ရုတ်တရက် စကားမပြောနိုင်ဘဲ ကြော့ရှင်းသော လဲ့လဲ့၏ကိုယ်ကလေးကို မေ့၍ကြည့်နေမိလေ၏။ အတန်ကြာမှ သတိရ၍

"မလဲ့လဲ့၊ ညက- ညက ကျွန်တော်လာပြီး သတိပေးတာ စိတ်ဆိုးသလား"

လဲ့လဲ့သည် စကားမပြောဘဲ ခေါင်းငုံ့မြဲ ငုံ့နေလေ၏။

"ကျွန်တော်တော့ အင်မတန် စေတနာကြီးနဲ့ မဖြစ်တန်တာ မဖြစ်ပါစေနဲ့တော့လို့ သတိပေးတာပါပဲ၊ ဒါကို လဲ့လဲ့တို့ စိတ်ဆိုး ရင်လည်း ခံရမှာပဲ"

လဲ့လဲ့သည် ဘာမှပြန်မပြော၊ ငုံ့ထားသော ခေါင်းမှာလည်း ထောင်၍မလာ။ သို့ဖြစ်ရာ

"ဩော် မလဲ့လဲ့၊ ကျွန်တော့်ကို စကားမပြောနိုင်အောင် စိတ်ဆိုးနေတာကိုး၊ မလဲ့လဲ့ကို အခုလို လမ်းမှာဆီးပြီး စကားပြော မိတာကိုလည်း ခွင့်လွှတ်ပါ၊ ကျွန်တော် တောင်းပန်ပါတယ်" ဟု ပြောပြောဆိုဆို ဘေးသို့ရှောင်၍ ပေးလိုက်သဖြင့် လဲ့လဲ့လည်း တစ်ချက်သော်မျှ လှည့်မကြည့်ဘဲ ဆရာဝန်၏အခန်းဆီသို့ ဖြည်းညင်းစွာ ထွက်သွားလေ၏။

ကိုမြင့်မောင်မှာကား သက်ပြင်းတစ်ချက်ချကာ အလွန်လေးလံသော ခြေတစ်ချောင်းဖြင့် ထော့ကျိုးထော့ကျိုး လျှောက်လျက် အိမ်ဘက်သို့ ပြန်၍လာခဲ့ရလေ၏။

"ဒေါက်တာ- အခုန ဒီထဲ ဝင်လာတဲ့သူဟာ ဘယ်သူလဲ"

ခြေတစ်ပေါင်ကျိုးနဲ့ လူဟာလား"

“ဒေါက်တာမြင့်မောင်လို့ ပြောတာပဲ၊ ဒီလူကြည့်ရတာ သိပ်ပြီး ကျက်သရေမရှိတာပဲ၊ လူက မျက်နှာမှာ အနာရွတ်ကြီး ရှိရတဲ့အထဲ ခြေထောက်က တစ်ဖက်ထော့နင်း ဖြစ်နေရသေးတယ်”

“ဘာများဖြစ်ခဲ့လို့ပါလိမ့်”

'ဟာ-ငါဆရာဝန်တစ်ယောက်လုံးပဲဆိုပြီး ရမ်းချင်တိုင်း ရမ်းခဲ့သလားမှမသိဘဲ၊ ဒီလူဟာ ဟိုစွာဒီစွာနဲ့ သူမရောက်တဲ့နေရာလည်း မရှိဘူး၊ လဲ့လဲ့နဲ့ လမ်းမှာတွေ့လိုက်သေးသကိုး”

“ဟုတ်ကဲ့၊ သူညကလည်း အိမ်ကို လာသေးတယ်”

“ဩော် ဘာလာလုပ်သလဲ၊ ဦးက ကောင်းကောင်း စကား လက်ခံပြောလိုက်ရဲ့လား”

“သူက စက်ထဲမှာ အလုပ်သမားတွေ အနေအထိုင် ဆင်းရဲတဲ့ အတွက် စောင့်ရှောက်ဖို့ပြောတာပဲ၊ ဖေဖေကတော့ ပြောင်လှောင် လွှတ်လိုက်တယ်၊ ကျွန်မတော့ သိပ်အားနာတာပဲ”

“ပြောင်လှောင်လွှတ်တာ တော်သေးတာပဲ၊ ဒီလူကို အိမ်ထဲ အဝင်ခံဖို့ကို မကောင်းဘူး၊ အခုဒီမှာဘာလာပြောတယ် မှတ်သလဲ၊ လဲ့လဲ့တို့ ဖေဖေ့စက်ထဲမှာ လူမမာတွေ အများကြီးရှိတယ်၊ အဲဒါ တိတ်တိတ်စာရင်းကောက်ပြီး အစိုးရဆီတင်စမ်းပါတဲ့၊ ကျုပ်ကတော့ ကောင်းအောင် ကြည့်ပြီးပြောလိုက်ရတာပေါ့၊ ဆရာဝန်ချင်းဖြစ်တာ ကိုး"

“ဩော် ဒီလူဟာ ဒီလောက်တောင် တတ်နိုင်တဲ့လူကိုး၊ ကျွန်မ ကတော့ မြင်စက သနားမိတယ်” “အမယ်လေး၊ ဒီလူများ သနားမှဖြင့် ကမ္ဘာကြီး သွက်သွက် လည်ရောပေါ့ လဲ့လဲ့ရာ”

“ကျွန်မကတော့ စက်ထဲကို တစ်ခေါက်မှမရောက်ဖူးဘူး၊ သူပြောသလောက် အမှန်ပဲဆိုးသလား၊ ဆိုးရင်တော့ အလုပ်သမားတွေ သနားပါတယ်၊ ပြင်ပေးလိုက်ဖို့ ဖေဖေ့ကို ပြောရမှာပဲ”

“မဆိုးပါဘူး လဲ့လဲ့ရာ၊ သက်သက်လိမ်တာ အစစအရာရာ အသစ်စက်စက်ချည်းပဲ၊ ပြီး-လူမမာတွေ တင်းကြမ်းဖြစ်နေတယ်တဲ့၊ ဒီလူတော့ ဆရာဝန်ချင်းမို့သာ ကြည့်နေတာ၊ နို့မဟုတ်ရင်လား ချက်ချင်း ကိစ္စများကုန်မှာပဲ”

ဤတွင် လဲ့လဲ့လည်း ကိုမြင့်မောင်အကြောင်းကို ဆက်လက် မကြားလိုတော့၍

"ဒါနဲ့ ကျွန်မတို့ နေ့ခင်းဘက် ပန်းဆွဲကို ပျော်ပွဲစားထွက်မလို့၊ ဒေါက်တာလိုက်မယ်မဟုတ်လား၊ ကိုကိုဇံလည်း လိုက်လိမ့်မယ်"

"လိုက်တာပေါ့၊ အသွားကို ဝင်ခေါ်လေ၊ ဒီတစ်ခါတော့ အရင် တစ်ခေါက်ကလို မလောက်မင လုပ်မလာနဲ့နော်"

"စိတ်ချပါ ဒေါက်တာ၊ ၁၀ ယောက်စာ ပါလာမယ်၊ ကဲ ကျွန်မ သွားဦးမယ်၊ လှလှတို့ကို သွားပြောထားလိုက်ဦးမှ" ဟုဆိုကာ ထွက် သွားခဲ့လေ၏။

တစ်ခဏက ကိုမြင့်မောင်နှင့် လူချင်းဆုံသည့်နေရာသို့ရောက် သောအခါ ကိုမြင့်မောင်၏ သနားဖွယ်ရာ အမူအရာနှင့် သနား ဖွယ်ရာ တောင်းပန်သွားသောစကားတို့ကို ပြန်လည်မြင်ယောင် ကြားယောင် ဖြစ်လာလေ၏။ သူ့တွင် မည်သည့် ရည်ရွယ်ချက်ရှိ၍ မဟုတ်မတရား လုပ်ကြံပြောဆိုခြင်း ဖြစ်ရမည်နည်း၊ ညက စက်၏ အကြောင်းကို ပြောဆိုရာတွင် ဖခင်ဖြစ်သူသည် ငြင်းကွယ်ခြင်းမပြုခဲ့၊ထိုသို့ ငြင်းကွယ်ခြင်းမပြုခြင်းမှာ ဟုတ်မှန်၍ပင် မဟုတ်လောဟူ၍ လည်းကောင်း၊ ဟုတ်ချင်မှ ဟုတ်မည်၊ ဒေါက်တာကို မေးကြည့်သော အခါ စက်ထဲမှ အစစအရာရာ အသစ်စက်စက်ဖြစ်သည်ဟု ပြော သည်။ ဒေါက်တာမှာ မိမိကို လိမ်၍ပြောမည့်သူမဟုတ်၊ ကိုမြင့်မောင် ဆိုသူသည် သူ့ဘာသာသူ နေထိုင်က နေနိုင်သည်ဖြစ်လျက် ထိုသို့ မနေဘဲ ထိုနေရာ ဤနေရာသို့ သွားလာလျက်ရှိသည်။ ဤကဲ့သို့ သွားလာခြင်းမှာ ရိုးသားသောသွားလာခြင်းဖြစ်လျှင် အဘယ့်ကြောင့် သူ၏မျက်နှာတွင် ရောမအနာရွတ်ကြီး ထင်ရှိနေရသနည်း။ အဘယ့်ကြောင့် သူ၏ခြေထောက်မှာ ထော့ကျိုး ထော့ကျိုး ဖြစ်နေရသနည်း၊ ဧကန် ဒေါက်တာနှင့်ကိုကိုဇံတို့ ပြောဖူးသည့်အတိုင်း ထိုသူမှာ လူရှုပ် လူပွေ လူလိမ်ဖြစ်၍သာ ဤသို့ မရှုမလှဖြစ်နေရသည်ဟူ၍လည်း ကောင်း တွေးတောကာ နောက်ဆုံးတွင် ကိုမြင့်မောင်၏ကောင်းခြင်း ဆိုးခြင်းတို့ကို အနာရွတ်ကြီးနှင့်ခြေတစ်ပေါင်ကျိုးက သက်သေခံလျက် ရှိပြီဖြစ်၍ အထူးစုံစမ်းနေရန်မလိုဟု စိတ်ပိုင်းဖြတ်လိုက်လေ၏။

နေ့ခင်းဘက်တွင် ကြိုတင်စီစဉ်ထားသည့်အတိုင်း တပျော်တပါးကြီး ပျော်ပွဲစားထွက်ကြလေ၏။ နေပူကျဲတဲပင်ဖြစ်သော်လည်း ရေကူး သူကူး၊ ပြေးသူပြေး လွှားသူလွှားနှင့် မျက်နှာကြီးယောကျ်ား မိန်းမတို့မှာ ပျော်ရွှင်ချင်တိုင်းပျော်ရွှင်နေကြရာ ရွာသူရွာသားတို့မှာ တုတ်တုတ်မျှမလှုပ်ဝံ့ ငြိမ်၍နေကြရလေ၏။

ကိုဘာဘဇံနှင့်ဆရာဝန်မှာ သစ်တစ်ပင်အောက်တွင် ထိုင်လျက် ခေါင်းချင်းရိုက်နေကြလေ၏။ ကိုမြင့်မောင်သည် တစ်နေ့ထက်တစ်နေ့

အန္တရာယ်များလာကြောင်း၊ လွဲလွဲပင်လျှင် ကိုမြင့်မောင်ကို သနား စိတ်များဝင်လာရာ ကြာလျှင်ခက်ကုန်မည်စိုးကြောင်းနှင့် ဆရာဝန်က ပြော၍ ကိုဘဇံလည်း မူလက အငြိုးမပြေရှိလေရာတွင် ယခုကဲ့သို့ မိမိချစ်သူကပင် သနားစိတ်ဝင်သလိုလို ဖြစ်နေသည်ကို ကြားသိရသည့်အခါ သာ၍ပင် ဒေါသဖြစ်လာလေ၏။ အကယ်၍သာ ထိုအခါ၌ လူချင်းရင်ဆိုင်တွေ့လျှင် ဖျစ်ညှစ်သတ်ဖြတ်ပစ်လိုက်မည်ဟု ပင် အောက်မေ့ထင်မြင်မိလေ၏။

"ဒီတော့ ကျုပ်တို့ ဒီအကောင် ဒီမှာမနေနိုင်အောင် တစ်မျိုး တစ်မည်ကြံမှပဲ၊ ခင်ဗျားလည်း ရည်းစားဆုံးမှာစိုးရတယ်၊ ကျုပ်လည်း ကျုပ်လူနာတွေ သူ့လူနာဖြစ်ကုန်လို့ နာမည်မရှိဘူး၊ တစ်ခုခုတော့ လုပ်မှပဲ" ဟု ဆရာဝန်က ပြောလေ၏။

"တစ်ခုခုလုပ်ဆိုတာကဟုတ်ပြီ ဘယ်လိုလုပ်မှာလဲ၊ ကျုပ်တို့ လုပ်တာကို တခြားလူသိလို့တော့ မဖြစ်ဘူး" ဟု ကိုဘဇံက သတိပေးလေ၏။

"အိုင်ဆေး- ကျုပ် အကြံတစ်ခုပေးမယ်၊ ဒီတော့ လွဲလွဲလည်း ဒီအကောင်ကို တစ်ခါတည်း အထင်အမြင်လွဲသွားရော၊ ဒီအကောင် လည်း မြန်မြန်ပြေးရရော ခင်ဗျားလိုက်နာမလား"

"အို စိန်လိုက်"

"ကျုပ်အကြံက ဒီလို၊ ဒီအကောင်လုပ်ပုံက လူတွေ သူ့ကြည် ညိုလာအောင် လုပ်နေတယ်မဟုတ်လား၊ ဒီတော့ အကြည်ညိုပျက် အောင် လုပ်ရုံပေါ့၊ ဘယ်လိုလဲဆိုတော့ ဥပမာ ခင်ဗျားမိတ်ဆွေ တစ်ယောက်ယောက်ကို ဧည့်ခံပွဲလုပ်ခိုင်း၊ အဲဒီဧည့်ခံပွဲကို သူလာအောင်ဖိတ်၊ သူလာတော့ ဧည့်သည်တွေက ဟင် ဟာနဲ့ ရှုံ့ရှာ သလိုလိုလုပ်ပြီးထွက်သွား၊ ဒီတော့ ဒီကောင် လူတောထဲ ဘယ်တိုးဝံ့ တော့မလဲ"

"ဧည့်သည်တွေက လုပ်ပါ့မလားဗျာ"

"အမလေး ကိုယ့်လူရာ၊ ငွေနည်းနည်းရှိရင် ပြီးတာပဲ၊

ဟော စောစောက ဒီအကောင်အကြောင်း ရောက်အောင် စကားပြော၊ အနာ ရွတ်ရတာ မိန်းမလိုက်တော့ မောင်လုပ်တဲ့သူက ခေါနဲ့ဆီးခုတ် လို့လို့ ကြားရတာပဲလို့ပြော၊ ခင်ဗျားတို့လို ကျုပ်တို့လိုလူတွေက ပြောရင် ယုံမှာပေါ့"

"အင်း ခင်ဗျားအကြံ နေရာကျတယ်။ နို့ပေမယ့် ဒါက တစ်ခါ တည်းရမှာပေါ့။ သူကနောက် ဘာလာတော့မလဲ"

"အို လာမှာပေါ့ဗျာ၊ ဒီအကောင်မြှောက်ပေးရင်"

"ဆိုစမ်းပါဦး"

"ဒီလိုလေ၊ ခင်ဗျားတို့ လူငယ်များကြီးပွားရေးအသင်းက သူ့ကို ရောဂါတစ်ခုခုအကြောင်း တရားဟောပင့်၊ သူမလာဘဲနေမလား၊ လူတိုင်း ဟောချင်ပြောချင်ကြတာပဲ၊ လူပျိုနာအကြောင်းဟောခိုင်းဗျာ၊

သူဟောတော့ ဟင်

ဟောမှာကခင်ဗျားလား၊

ရှိမ်းရှိမ်း ရှက်စရာ ရှက်စရာ၊ ပရိသတ်ထဲက အော်ပေါ့ဗျာ၊

ဒီတော့ ခင်ဗျားအကောင် ဘာခံနိုင်ဦးမလဲ၊ ခေါင်းထောင်ရဲရင် ကျုပ်လည်ပင်းဖြတ်"

ဆရာဝန်ဖြစ်သူက ဤကဲ့သို့ စိတ်အားထက်သန်စွာ ပြောနေပြီ ဖြစ်ရာ နဂိုက နာလုံးရှိထားသော ကိုဘဖံမှာ ထိုအတိုင်း မကြာမြင့်မီ အထမြောက်အောင် လုပ်ပါမည်ဟု ပဋိညာဉ်ပေးလေ၏။

ထိုအတွင်း လွှဲလွှဲရောက်လာကာ "ကိုကိုဖံ လွှဲလွှဲဖြင့် ရေကူး လိုက်တာ လွှတ်ပျော်တာပဲ၊ ထမင်းဆာလှပြီ၊ စားကြစို့" ဟု ခေါ်ငင် သောကြောင့် ထ၍လိုက်ပါသွားပြီးလျှင် ပျော်ပျော်ပါးပါး စားသောက် ကြလေ၏။

ထိုအတွင်းမှာပင် ဆေးရုံဒရဝမ်လိုက်ပြီးခေါ်သဖြင့် အရေးကြီးသော ကိစ္စပေါ်ပေါက်လာ၍ ခွင့်လွှတ်ပါရန် ပန်ကြားပြီးလျှင် ဆရာဝန် မှာ ဝမ်းနည်းစွာနှင့် ပြန်၍ သွားရလေ၏။

လွှဲလွှဲတို့မှာမူ လက်သုတ်များကို ဆက်လက်၍ မြိန်ရေရှက်ရေ စားသောက်နေကြလေ၏။ တစ်ခဏမျှကြာသောအခါ လွှဲလွှဲမှာ ကိုယ်ပူသကဲ့သို့ဖြစ်လာရာ ပထမအရေးမကြီးဟု ထင်မိသော်လည်း ထိုင်နေရင်းပင် မျက်လုံးများ ပြာလာသကဲ့သို့ဖြစ်လာ၍ အဒေါ်ဖြစ်သူ အားပြောပြရာ အဒေါ်ကလည်း ပေါ့ပေါ့ပင်ထင်မှတ်၍ "လာ လာ၊ ပြန်ကြမယ်"ဟု ပြောလေ၏။

"လွှဲလွှဲမလိုက်နိုင်ဘူး၊ လွှဲလွှဲသိပ်ဖျားတယ်ထင်တယ် ဒေါ်ဒေါ်၊ ကိုကိုဖံ လွှဲလွှဲ မလိုက်နိုင်ဘူး"ဟု ညည်း၍ပြောဆိုသဖြင့် ရွာထဲရှိဆွေမျိုးနီးစပ်တော်သူတစ်ဦး၏ အိမ်သို့ခေါ်ဆောင်သွားရလေ၏။ ငန်းဆေးများတိုက်သော်လည်း အဖျားမှာကျသည်ဟု၍ မရှိသဖြင့် "မဖြစ်ချေဘူး၊ ဆရာဝန်သွားခေါ်မှပဲ"ဟု ပြောကာ ကိုဘဖံလည်း သေပြေးရှင်ပြေး မြို့သို့ပြေး၍ လာခဲ့လေ၏။ လူများမှာ လူမမာအနီး၌

ဝိုင်းအုံ၍နေလေ၏။

"ဟဲ့ ဒီနေ့ဆရာကလေး တယ်နောက်ကျပါလား၊ ခါတိုင်းဆိုအိမ် ပေါက်စေ့ ရောက်ပြီးပြီ၊ ကြည့်ကြပါဦးဟဲ့၊ ရောက်များရောက်နေပြီ လားလို့"ဟု မိန်းမကြီးတစ်ယောက်က ပြောသံကို သဲ့သဲ့မျှ ကြားလိုက်ရပြီးနောက် လဲ့လဲ့မှာ မေ့မြော၍သွားလေ၏။

မည်မျှကြာသည်မသိ။ "ကိစ္စမရှိပါဘူး၊ အခုပဲ သက်သာပါ လိမ့်မယ်၊ ကျွန်တော် ဟိုဘက်ရွာမှာ နည်းနည်းကြာသွားလို့၊ နို့ မဟုတ်ရင် ဆေးထိုးပေးဖို့တောင်လိုမှာမဟုတ်ဘူး"ဟု ပြောသံလိုလို ကြားရသည့်အခါ ထိုအသံကိုကြားဖူးပါသည်ဟု အောက်မေ့မိလျက် မျက်စိကို ဖွင့်ကြည့်လေ၏။ သို့သော် မျက်ခွံများမှာ အကြောင်းမတန် လေးလံလျက်ရှိသည့်အတွက် နားကိုပင် အာရုံစူးစိုက်ကာ စွင့်၍ ထားရာ အသံလည်း

"ခင်ဗျာ- ကိစ္စမရှိပါဘူး၊ အပူရှပ်သွားတာပါပဲ၊ ကျွန်တော်ဒီမှာ နေစေချင်သေးသလားခင်ဗျာ၊ မြို့ကဆရာဝန်လည်း ရောက်ချိန် နီးရောပေါ့" ဟူ၍ ကြားရသဖြင့် ထိုအသံကို ကေန်ကြားဖူးသည်။ မည်သူ့အသံ ဖြစ်ပါလိမ့်မည်နည်းဟူ၍ စဉ်းစားနေခိုက်

"နေပါဦးဆရာလေးရယ်၊ မတော် ဟိုကမလာရင် ဒီမှာမလုပ် တတ် မကိုင်တတ်နဲ့ ခက်နေပါဦးမယ်၊ နေပါဦး"

"ဘာမှ လုပ်စရာကိုင်စရာမရှိတော့ပါဘူးခင်ဗျာ၊ ညကျတော့ ဒီဆေးကို ဆင့်ပြီးတိုက်လိုက်ရင် မနက်ကျအကောင်းပကတိ ဖြစ်သွားမှာပါပဲ၊ ကျွန်တော်နေလို့လည်း အကြောင်းမထူးပါဘူး၊ ရွာထဲက အရီးစံမယ်ရဲ့ တူကလေးကလည်း မနည်းဖြစ်နေတယ်၊ သူ့ဆီ ကူးသွားလိုက်ပါဦးမယ်၊ ပြီး ဒီရွာကမထွက်ခင်လည်း ဝင်ပြီး တစ်ခေါက် ကြည့်သွားပါဦးမယ်၊ သွားမယ်နော်၊ ရင်တော့အအေးမမိစေနဲ့ခင်ဗျ"ဟူ၍ ပြောသံရပ်စဲသွားသည်နှင့်တစ်ပြိုင်နက် ခြေသံများ ကိုကြားလိုက်ရပြီးနောက် အိပ်ပျော်သလိုလို ဖြစ်သွားလေ၏။

အိပ်ရာမှနိုးသောအခါတွင် ဆေးရုံမှ ဆရာဝန်ကိုဘပုနှင့် ကိုဘဇံ တို့ ရောက်နေသည်ကိုတွေ့ရလေ၏။ မိမိမှာလည်း အဖျားမရှိတော့ပဲ အနည်းငယ်မျှသာ ကိုယ်လက်များ နာကျင်လျက်နေသည်ကိုသာ သတိရတော့လေ၏။

"ကျေးဇူးတင်ပါတယ် ဒေါက်တာ၊ ကျွန်မတော့ သေပြီအောက်မေ့ တာပဲ"

"အို ကိစ္စမရှိပါဘူး၊ ဘူး၊ မသေနိုင်ပါဘူး။ လဲ့လဲ့အမာသားပဲ" ဟု ပြောရာ ကိုဘဇံက "ကိုကိုဇံနဲ့ကိုဘပုတို့ ရှိနေသမျှတော့ လဲ့လဲ့ မသေနိုင်ပါဘူးလဲ့လဲ့ရာ" ဟု

ဝင်ပြောလေ၏။

လဲ့လဲ့ကို ဤအိမ်သို့ယူလာချိန်ကစ၍ ယခုအချိန်သို့တိုင်အောင် အနားမှမခွာဘဲ စောင့်ကြပ်၍ ကြည့်နေကြသောလူကြီးများသည် ကိုဘဖုံနှင့်ကိုဘပုကိုကြည့်ကာ နှာခေါင်းရှုံ့၍ အိမ်ပေါ်မှဆင်းသွားကြလေ၏။ လမ်းသို့ရောက်သောအခါ တယ်အသားယူတဲ့ အကောင်တွေပဲ၊ ကုရတော့ တို့ဆရာကလေးက၊ အသားယူတော့ ဒင်းတို့က၊ ဒင်းတို့ ရောက်ကတည်းက ဘာများလုပ်ရသေးလို့လဲ။

"အေးလေကွယ်၊ တယ်ဟုတ်တဲ့အကောင်တွေပဲ။ သူငယ်မ ကလေးတို့ကတော့ မသိရှာဘူး၊ ငါသာလူရင်းဖြစ်ရင် ဒီလိုအသား ယူတာ ငံ့ခံမနေဘူး"

"မဟုတ်ဘူး ဘကြီးသံဒိုင်ရ၊ ဟိုတစ်ယောက်က သူဌေးဆိုတော့ သူဌေးစိတ်တိုင်းမကျမှာကို မပြောဝံ့ဘူးပေါ့" ဟု တစ်ယောက်က ဝင်၍ ထောက်လေ၏။

"တောက်၊ တို့နဲ့နေရာချင်းလဲလိုက်ချင်သကွာ"ဟု ဘကြီးသံဒိုင်မှာ တောက်ခေါက်ပြီးလျှင် ခေါင်းပေါင်းပြင်၍ပတ်ရင်း မိမိအိမ်ရှေ့သို့ ရောက်လာသဖြင့် ခြံထဲသို့ချိုးဝင်သွားလေ၏။

# [၁၁]

## ဝေဝင်ပြီးတားသောချောက်

လွဲလွဲမှာ မိမိအား မည်သူကယ်၍သွားသည်ကို ပြောမည့်သူ မရှိသောကြောင့် အလျှင်းမသိဘဲ ရှိလေ၏။ မိမိ အသည်းအသန် ဖြစ်နေစဉ်က မသဲမကွဲကြားလိုက်ရသော စကားများကို လုံးဝသတိမရဘဲ ဖြစ်နေလေ၏။ တောမှပြန်ရောက်၍ အိမ်သို့ရောက်လျှင် ရောက်ချင်းပင် ဆရာဝန်ကိုဘပုက အိပ်ရာထဲ၌ဝင်၍ နေခိုင်းသဖြင့် နေခဲ့ရာ ၇ ရက်ခန့် ကြာခဲ့ပြီးဖြစ်လေ၏။

ထိုနေ့၌ ကိုဘဇံက “လာ လွဲလွဲ၊ အိပ်ရာထဲမှာ ခွေနေရတာ ညောင်းလှရော့မယ်၊ စက်ဘက်လမ်းလျှောက်ရအောင်”ဟု ခေါ်သဖြင့် လိုက်သွားရာ စက်ထဲသို့ရောက်သောအခါ အလုပ်သမားတန်းလျားများ ကို ပထမဦးစွာ လှမ်းကြည့်မိလေ၏။ တန်းလျားမှာ အဝေးကပင် သစ်လွင်ခိုင်ခန့်လျက် အလွန်သန့်ပြန့်သည်ကို တွေ့ရသဖြင့် ဆရာဝန်ကိုမြင့်မောင်သည် မိမိအား သက်သက်လှည့်စားခြင်းဖြစ်သည် ကိုသိရလျက် ဆေးရုံ၌တွေ့စဉ်က စကားတစ်ခွန်းမျှ ပြန်၍ မပြောခဲ့မိခြင်းအတွက် များစွာစိတ်သက်သာရာရသွားလေ၏။

ကိုဘဇံကို မေး၍ကြည့်သည်အခါ တန်းလျားများမှာ ယခင်ကပင် ယခုတိုင်းရှိနေကြောင်း၊ လွဲလွဲဖခင်၏စက်မှ အလုပ်သမား တန်းလျားများထက် ပိုမိုသပ်ရပ်သန့်ပြန့်သောတန်းလျား ဤမြို့တွင် လည်းကောင်း၊ အခြားမြို့တွင်လည်းကောင်း မရှိကြောင်းနှင့် ပြော လေရာ လွဲလွဲမှာ အရိုးခံအတိုင်းမှတ်၍ ပြောတိုင်းပင် ယုံကြည်မိလေ၏။ အကယ်၍ ၎င်းတို့အား အကဲခတ်နေသော အလုပ်သမား တစ်ဦးကိုသာလွဲလွဲမေးမြန်းမိလျှင် ဤတန်းလျားကို လွန်ခဲ့သော ၇ရက်အတွင်း ဖုတ်ပူမီးတိုက် ဆောက်လုပ် ဆေးသုတ်ထားလျက် နှောင်းပိုင်းမှာ ကောင်းစွာပင် မပြီးတတ်သေးကြောင်း သိရမည်ဖြစ်လေ၏။ သို့သော် ထိုသို့မေးမြန်းခြင်းမပြု၊ ဖြေကြားခွင့် မပေါ်သဖြင့် ကိုဘဇံ လီဆယ်၍ ပြောတိုင်းပင် ယုံကြည်လိုက်ရခြင်း ဖြစ်လေ၏။

ဤသို့ ယုံကြည်မိလျှင်ပင် ကိုမြင့်မောင်အတွက် သနားကရုဏာ သက်ဖွယ် အချက်အလက်တို့ကို ကြည့်၍မမြင်၊ မိမိတို့ အိမ်သားတစ်စုအား ဘက်သက် လာရောက်စော်ကားသွားရုံမျှမကသေး၊ မိမိကိုပါ ဆေးရုံ၌တွေ့စဉ်က မျက်စိသဲနှင့်ပက်သကဲ့သို့ ပက်ကာ မိဘနှင့် သားသမီးအား ရန်တိုက်ပေးရန်ကြံရွယ်သူ ဖြစ်ချေသောကြောင့် ဤတစ်သက်တွင် မင်္ဂလာမရှိသော လူအကျိုးအပဲ့ကို မမြင်လိုတော့ပြီဟု သန္နိဋ္ဌာန်ချလိုက်လေ၏။

ကိုမြင့်မောင်မှာ လွဲလွဲတို့အိမ်သို့ သွားရောက်စဉ်က မိမိရည်ရွယ်ချက် အထမမြောက်သဖြင့် စိတ်မကောင်းဖြစ်ခဲ့သည် မှန်သော်လည်း ပန်းဆွဲရွာကလေးတွင် လွဲလွဲ သတိမရ မေ့မြောနေခိုက် ဆိုက်ရောက်သွားကာ ပျောက်ရာပျောက်ကြောင်း ဆေးကောင်း ဆေးမြတ်တို့ဖြင့် ထိုးနှံကုစားခဲ့ရသည့်အတွက် များစွာ အားတက်ဝမ်းမြောက်ခြင်း ဖြစ်နေမိပေ၏။

တစ်နေ့နေ့တွင် လွဲလွဲထံမှ ကျေးဇူးတင်စာကလေးနှင့်အတူ ရောၡ် အိမ်သို့ကြွလာပါရန် ဖိတ်မန္တကပြုသဖြင့် ၂-ယောက်သား တွေ့ဆုံရမည်ဖြစ်ပါက စိတ်ထဲ၌ အလုပ်သမားများတန်းလျားကြီး နေ့ပြုမည် ညပြုမည်မသိ ဖြစ်နေသည့်အကြောင်းကို ပြောပြပြီးလျှင် ကိုယ်တိုင်သွားရောက်ကြည့်ရှုရန် တိုက်တွန်းမည်၊ လွဲလွဲသည် မမြင် သေး၍သာ နေနိုင်ခြင်းဖြစ်သည်၊ အလွန့်အလွန် သနားဖွယ်ရာ ကောင်းသော အခြေအနေကိုသာ တွေ့မြင်ရချေက တစ်မိနစ်ဆိုင်းငံ့မည်မဟုတ်၊ ချက်ချင်းပင် အသစ်ပြင်ဆင်ဆောက်လုပ်ခိုင်းလိမ့်မည်ဟု ယုံကြည်လေ၏။

စက်ကြီးအတွင်း၌ အခြားပြုပြင်ဖွယ်ရာတို့ကို လွဲလွဲ ဖိတ်ကြားသည့်အခါ တစ်ပါတည်းပြောကြားနိုင်ရန် စက်ထဲသို့ မိမိကိုယ်တိုင် သွားလိုပါသော်လည်း အခွင့်မရှိ မဝင်ရဟုဆိုသောကြောင့် စက်ထဲမှ လူမမာများ လာဖို့ကိုသာ စောင့်စားနေရလေ၏။ သို့သော် တစ်ဦး တစ်ယောက်မျှ လာရောက်ခြင်းမရှိ၊ ဆေးရုံကဆရာဝန်ကို အခပေး၍ စက်သမားများအား အပတ်စဉ်စစ်ဆေး စမ်းသပ်လျက် ရှိသည်ဟု ဆေးရုံဆရာဝန်ကိုဘပုကိုယ်တိုင်က ပြောကြားသောကြောင့် တန်းလျားပြင်ဖို့လောက်သာ လွဲလွဲအား ပြောရလျှင် ကျေနပ်ပြီဟု အောက်မေ့ လေ၏။

တစ်နေ့၌သော်ကား သူငယ်တစ်ယောက် စာလာ၍ ပေးသောကြောင့် လွဲလွဲထံမှဖြစ်လေမလားဟု စိတ်အားထက်သန်စွာ ဖွင့်ဖောက် ကြည့်ရာ မျှော်လင့်သည့်အတိုင်းမဟုတ်၊ မြေပိုင်ရှင် သူဌေးကလေး ကိုဖေမောင်က ထိုနေ့ည ၈နာရီအချိန် မိတ်ဆက်ကြွရောက်ရန် ဖိတ်ကြားစာဖြစ်နေသည်ကို တွေ့ရသဖြင့် ရုတ်တရက်သော် များစွာ စိတ်ပျက်မိကာ လွဲလွဲထံမှမဟုတ်၍ မသွားတော့ဟု စိတ်ကိုပိုင်းဖြတ် မိလေ၏။ နောက်မှ ဤမိတ်ဆက်ပွဲသို့ လွဲလွဲ လာကောင်းလာလိမ့်မည်၊ လာ၍ ခဏမျှဖြစ်စေ တွေ့ရလျှင် ထိုစကားကို ပြောခွင့်ရမည်ဖြစ်၍ သွားဖို့ရန် ပြင်ဆင်ဆုံးဖြတ်လိုက်လေ၏။

ည၈-နာရီထိုးသောအခါ ကိုမြင့်မောင်မှာ ခြံဝသို့ရောက်လာလေ၏။ လူတစ်ယောက်က 'ကြွပါခင်ဗျား-ကြွပါ'ဟုဆို၍ လိုက်သွားရာ မိမိအား တစ်ခုသောစားပွဲသို့ ခေါ်ဆောင်သွားသည်ကို တွေ့ရလေ၏။ စားပွဲ၌ ထိုင်သောအခါ လွဲလွဲတို့မိသားတစ်စုကို တစ်စားပွဲတည်း၌ ရင်ဆိုင်တွေ့ရ၍ ရုတ်တရက်

အနေရအထိုင်ရ များစွာခက်၍နေလေ ၏။ ပို၍ အနေရအထိုင်ရခက်ခြင်းမှာ လဲ့လဲ့သည် ၎င်း၏မိဘများ နည်းတူ မိမိအား နှုတ်ခမ်းစူ မျက်စောင်းထိုး၍ ရန်ငြိုးလိုနေသည့် အမူအရာကို ပြသနေခြင်းကြောင့် ဖြစ်လေ၏။

အခြားစားပွဲများမှာ လူအသီးသီး ရောက်ရှိလျက် စားသောက်ပြီးသူက စားသောက်ပြီးလျက် စားဆဲလူများကလည်း စားဆဲပင်ဖြစ်သည်ကို တွေ့ရသဖြင့် ဤ ၅၀-မျှလောက်သော ပရိသတ်အနက် မိမိမှာ နောက်ဆုံးရောက်သောသူဖြစ်ကြောင်း သိရလေ၏။

အချိန်အတန်ကြာသောအခါ ကိုဖေမောင် ရောက်လာလျက် အခြားသူများကို မိတ်ဆက်ပေးပြီးဖြစ်ကြောင်း၊ ဦးမြင့်မောင်ကို ပရိသတ်နှင့် မိတ်မဆက်ရသေးကြောင်း ပြောပြီးလျှင် လူကြီးများနှင့် တစ်ယောက်ပြီးတစ်ယောက် နှုတ်ဆက်စေလိုသောသဘောဖြင့် ၎င်းနှင့်အတူ ယှဉ်တွဲရပ်နေစေလေ၏။

“ဒါက သမာဓိမြို့ဝန်မင်း ဦးသီခင်ဗျ၊ ဒါကဆရာဝန်ဦးမြင့်မောင်လေ" ဟူ၍ ကိုဖေမောင်ကပြောရာ ကိုမြင့်မောင်က လက်ကိုဆန့်၍ ပေးလေ၏။ ဦးသီမှာ လက်ဆွဲနှုတ်ဆက်ဖို့ရန်ဝေးစွ မျက်နှာကို တစ်ချက်မျှကြည့်ပြီး “ဟင်” ဟုဆိုကာ တစ်ခါတည်းလှည့်၍ ထွက်သွား လေရာ ကိုမြင့်မောင်မှာ နားမလည်နိုင်ဘဲရှိလေ၏။

နောက်တစ်ယောက်လာလျှင်လည်း ကိုဖေမောင်က အထက်နည်းအတိုင်း မိတ်ဆက်ပေးရာ ဟင်ဟာနှင့် အလွန်ရွံရှာစွာ ကြည့်ကြည့်ပြီး တိုးထွက်၍ သွားကြသည့်အတွက် ကိုမြင့်မောင်လည်း သည်းမခံနိုင်တော့ဘဲ ကိုဖေမောင်ဘက်သို့လှည့်၍ မေးမည်ပြုရာ “စက်သူဌေးသမီးလဲ့လဲ့' ဟု ကိုဖေမောင်က ဆိုသောကြောင့် အပေါက်ဘက်သို့ ပြန်၍လှည့်ကြည့်လိုက်သည့်အခါ လဲ့လဲ့သည် မိမိအား အလွန်ရွံရှာသောအမူအရာဖြင့်ကြည့်လျက် အတင်းတိုးထွက်သွားသည်ကို တွေ့မြင်ရလေ၏။

ဤတွင် “ဘယ်လိုသဘောလဲ ဦးဖေမောင်၊ ကျွန်တော့်မှာ ဘာအပြစ်ရှိလို့ အခုလို ရှောင်မှောင်သွားကြတာလဲ”ဟု မေးလေ၏။

ကျွန်တော်လည်း သိပ်အားနာတာတာပဲခင်ဗျာ၊ ဘာဖြစ်ကုန်ကြတယ်မသိဘူး၊ ဦးမြင့်မောင် မလာခင်တုန်းကတော့ ဘာမှ ထူးထူးခြားခြားမဖြစ်ဘူး။ အခုမှ၊ သိပ်အားနာစရာကောင်းတော့တာပဲ”

“အားမနာပါနဲ့ဗျာ။ သူတို့ဘာဖြစ်လို့ ဒီလိုဖြစ်ရတယ်ဆိုတဲ့ အကြောင်းကိုသိရလို့ ကျွန်တော့်မှာ ချို့ယွင်းချက်ရှိတာနဲ့ ပတ်သက်ရင် ကျွန်တော့်ချို့ယွင်းချက်ကို ကျွန်တော် အမြန်ဆုံး ပြင်ပစ်နိုင်ပါ တယ်၊ အခုတော့

ဥပေက္ခနိယကံဆောင်သလို ကျနေတာပေါ့၊ ကိုင်း သွားလိုက်ဦးမဗျာ၊ ခင်ဗျားတော့ ကျေးဇူးတင်ပါတယ်” ဟုပြော၍ ထွက်လာခဲ့လေ၏။

တမင်တကာလုပ်ခြင်းဖြစ်ကြောင်းကိုကား အထူးတွေးတောနေ ဖွယ်မရှိ၊ တစ်ဦးတစ်ယောက်က မိမိနှင့် မိတ်မဆက်လိုသော် နားလည်နိုင်သေး၏၊ ယခုသော် တစ်ပြုံလုံးပင် ကြိုတင်စီစဉ်ထားသည့်အတိုင်း ဝိုင်း၍ ဟင် ဟာနှင့် လုပ်လိုက်ကြခြင်းပင် ဖြစ်ရာ ဤမျှလောက် ယုတ်ညံ့သော စိတ်ထားမျိုးကို မွေးမြူသည့်အတွက်သာ ဝမ်းနည်းမိလေ၏။

ယခုသော် မိမိမသိမမြင် နားမလည်နိုင်သေးသော အကြောင်းကြောင့် လူချမ်းသာ လူကုံထံတို့က မိမိအား ဝိုင်းထဲ၌ မသွင်းဘဲ ထုတ်ပစ်လိုက်ပြီဖြစ်ရာ လူဆင်းရဲများမှာ မိမိ၏ကျေးဇူးနှင့် မကင်းသောကြောင့် ထိုသူတို့သည် မိမိအား အချိန်မရွေး လက်ခံမည်တကားဟူသော အသိဉာဏ်ဖြင့်သာလျှင် စိတ်သက်သာရကြောင်း အားထုတ်ရတော့မည်ကဲ့သို့ ရှိနေလေ၏။

သို့ဖြစ်၍ ခါတိုင်းကဲ့သို့ပင် ဆင်းရဲသား လူနာများထံသို့သွား ရောက်ကာ ဆေးဝါးကုသလျက်နေခဲ့ရာ ရက်အတန်ကြာသောအခါ လူငယ်များအသင်း အကျိုးဆောင် စာချီသူငယ်ကလေးတစ်ယောက် ရောက်လာပြီးလျှင် လူငယ်များအသင်းသည် လူကြီးများ၏သြဇာမှ ကင်းကြောင်း၊ သန့်သန့်ရှင်းရှင်းလုပ်လိုကြောင်း ယခင်တစ်ပတ်က ဆရာဝန်ဦးဘပုက ပလိပ်ရောဂါအကြောင်းကို ဟောပြောခဲ့ရာ ယခုအပတ်တွင် ဆရာဝန်ဦးမြင့်မောင်က လူပျိုနာအကြောင်းကို ဟောစေလိုကြောင်း၊ ဆရာဝန်ဒတ်က တိုက်ဖွိုက်ရောဂါ အကြောင်းဟောကြားမည်ဖြစ်ကြောင်း၊ လူပျိုနာမှာ မြန်မာလူမျိုးတို့၌ လူတစ်ရာလျှင် ၄၀-ကျော် ၅၀-ထိခိုက်စွဲကပ်နေသောရောဂါဖြစ်၍ ထိုရောဂါရှင်များနှင့် ခေတ်သစ်ထူထောင်ရန် မဖြစ်နိုင်ကြောင်း ဟောပြောရန် အတန်တန်တိုက်တွန်းသဖြင့် ကောင်းပါပြီဟု ပဋိညာဉ် ပေးလိုက်ရလေ၏။

ချိန်းဆိုထားသောနေ့သို့ရောက်သောအခါ အသင်းအကျိုးဆောင်က စောစောကြွရောက်ရန် လာရောက်သတိပေးခြင်းကြောင့် စောစောပင် သွားရောက်ရလေ၏။ ပရိသတ်များမှာ ပထမက နည်းသလိုလို ရှိသော်လည်း တရွေ့ရွေ့နှင့် ရုံပြည့်မတတ်ဖြစ်ရာ ကိုမြင့်မောင်၏ မျက်လုံးမှာမူ လဲ့လဲ့တို့ လာမလာကိုသာ ရှာဖွေစူးစမ်း၍ နေသဖြင့် လဲ့လဲ့တို့ လာသည်ကို တွေ့မြင်လိုက်ရသောအခါ ယခင်တစ်ကြိမ်က မိမိအား အလွန်ရွံရှာသောအမူအရာဖြင့်ကြည့်လျက် အတင်းတိုးပြီး ထွက်သွားသည်ကိုပင် သတိမရနိုင်တော့ဘဲ ဝမ်းသာသလိုလိုဖြစ်ကာ တရားဟောရန် ပိုမိုစိတ်ပါ၍ လာလေ၏။

သို့ဖြင့် တရားဟောရန် အချိန်ကျရောက်၍ အကျိုးဆောင်ဖြစ်သူက ယခုတရားဟောပြောမည့်ပုဂ္ဂိုလ်မှာ မြို့ပေါ်တွင် အလွန်နာမည်ကျော်ကြားလျက်ရှိသော ဆရာဝန်ဦးမြင့်မောင်ပင် ဖြစ်ကြောင်း၊ ဟောပြောမည့်တရားမှာ လူပျိုနာအကြောင်းဖြစ်ရာ ဦးမြင့်မောင်ကဲ့ သို့သော ပုဂ္ဂိုလ်မျိုးသည် ဤရောဂါအကြောင်း ကောင်းမွန်စွာ ပြောကြားနိုင်လိမ့်မည်မှာ ယုံမှားဖွယ်မရှိကြောင်းနှင့် စကားပလ္လင်ခံလျက် ကိုမြင့်မောင်အား စင်မြင့်ပေါ်သို့တက်ရောက်ဟောကြားရန် ပင့်ခေါ် လေ၏။

ကိုမြင့်မောင်လည်း ချိုင်းညှပ်ကလေးဖြင့် ထောက်ကာထောက်ကာ ခုံမြင့်ပေါ်သို့ တက်ရောက်သွားပြီးလျှင် တရားဟောမည်ဟု ပါးစပ်ဟလိုက်ရာ “ခင်ဗျားလား လူပျိုနာအကြောင်း ဟောမယ်ဆိုတာ၊ မရှက်ဘူးလား၊ ရှိမ်း နှိမ်း ဆင်းဆင်း၊ ခင်ဗျားလိုလူက မိန်းမမလိုက်စားဖို့ ဟောမယ်ဆိုတာ မပြုံးဘဲနဲ့ ဝါးလုံးကွဲရယ်ချင်တယ်” အစရှိသဖြင့်ဝိုင်း၍အော်ကြပြီးလျှင် ဝုန်းခနဲထပြန်ကြသောကြောင့် တရားပွဲ ပျက်ခြင်းသို့ ရောက်လေ၏။

အကျိုးဆောင်နှင့်အသင်းသားတချို့က ကိုမြင့်မောင်၏ အပါးသို့ သွားရောက်ကာ များစွာဝမ်းနည်းကြောင်းဖြင့် နှစ်သိမ့်၍ ဖျော်ဖြေသော စကားများကို ပြောကြားကြသော်လည်း ကိုမြင့်မောင်မှာ တစ်ခွန်း တစ်ပါဒမျှမကြား၊ များစွာရှက်စိတ်များမွန်ပြီးလျှင် “သွားဦးမယ်ဗျာ” ဟုသာ နှုတ်ဆက်ခဲ့လျက် ထွက်လာခဲ့လေ၏။

ထိုည၌ တစ်ညလုံး အိပ်စက်၍မရ၊ အထက်ကတစ်ကြိမ် ကိုဖေမောင်၏အိမ်တွင် မိမိအား အရှက်ခွဲခဲ့ကြလေပြီ၊ ယခုလည်း တစ်ဖန် အရှက်ခွဲကြပြန်ချေပြီ၊ မိမိအား အဘယ့်အတွက်ကြောင့် ဤသို့ ရက်စက်မညှာ အရှက်ခွဲချင်ကြပါလိမ့်မည်နည်း၊ မိမိအား မည်သူသည် ဤသို့ အရှက်ခွဲလျက်ရှိလေသနည်း၊ ထိုသူသည် မည်သည့်အတွက် မိမိအား ဤသို့အရှက်တကွဲအကျိုးနည်းဖြစ်အောင် လုပ်နေသနည်း အစရှိသဖြင့် တွေး၍သာနေခဲ့ရာ တွေးလေ နားမလည်နိုင် လေလေဖြစ်လျက် ဤမြို့မှ ထွက်ခွာသွားသော် ယခုကဲ့သို့ ရန်များ အေးလိမ့်မည်လောဟု တွေးတောမိလေ၏။

ကိုမြင့်မောင် အိမ်ရာထဲ၌ တလူးလူးတလွန့်လွန့်နှင့် လက်သည်ကို မသိရတိုင်း တွေးတောအံ့သြနေစဉ်ပင် လက်သည် အကြံသမား နှစ်ယောက်ဖြစ်သော ဆရာဝန်ကိုဘပုနှင့် ကိုဘဇံတို့မှာ မိမိတို့၏ အကြံ အထမြောက်အောင်မြင်ခြင်းကြောင့် အားရဝမ်းသာ ဖြစ်နေကြလေ၏။

“ခင်ဗျားအကောင် မခံနိုင်ပါဘူးဗျာ ကြည့်ပါ၊ ပြေးမှာပါပဲ၊ အခုဟာက ဘယ်လောက်ဆိုးတယ်မှတ်လဲ၊ သူ့ကို ဘယ်သူကမှ ခေါ်ချင်ပြောချင်

ရှိတော့မှာမဟုတ်ဘူး၊ ဒါအဆိုးဆုံး မဟုတ်လား ဗျ”ဟု ကိုဘပုက အားရပါးရမေးရာ ကိုဘဇံကလည်း “ဟာ ဒီထက် မေတ္တာရိနှိပ်စက်တာ ဘာရှိတော့မလဲ၊ ဒါအထိဆုံးပေါ့ဗျ”ဟု ခြွင်းချက် မရှိ သဘောတူလေ၏။

“နေပါဦး လဲ့လဲ့ကကော သူ့ကို သနားနေသလား၊ လဲ့လဲ့ ကြည့်ရတာ ဟိုအကောင့်ပေါ်မှာ ကရုဏာမကင်းသလိုပဲ၊ ခင်ဗျား သူ့ကို စက်ထဲခေါ်ပြီး ပြလိုက်သေးရဲ့ မဟုတ်လား၊ ဟိုအကောင် အပေါ် တော်တော်အထင်လွဲသွားပြီလား”ဟု ကိုဘပုက မေးလေ၏။

“ဟာ အခုနေဆိုရင် မျက်နှာချင်းမဆိုင်ချင်အောင်ကို ရွံနေပြီ၊ ကျုပ်တို့လည်း အခုလဆန်း ၁၀ ရက်နေ့ပဲ မင်္ဂလာဆောင်တော့မယ်၊ နက်ဖြန်ဖိတ်စာတွေ ဝေတော့မှာပဲ၊ ကဲအခုလည်း ဒီကိစ္စအတွက် သွားပြီး စီစဉ်ရဦးမယ်" ဟုဆိုကာ ထွက်၍သွားလေ၏။

# [၁၂]

## မလွဲသာ ခွဲလာရ

နောက်တစ်နေ့တွင် လဲ့လဲ့နှင့် ကိုဘဇံတို့၏ ထိမ်းမြားမင်္ဂလာ အခမ်းအနားသို့ မင်္ဂလာပွဲနေပွဲထိုင်ကြွရန် ဖိတ်စာများ ကမ်းလှမ်းနေ သည်ကို တွေ့ရသည်နှင့် ကိုမြင့်မောင်မှာ သုံးဆယ်မြို့တွင် ဆက်လက် နေထိုင်ရန် အလျှင်းအလိုအရှိမတော့သကဲ့သို့ ဖြစ်လာလေ၏၊ မိမိကို မလိုသူတို့က တစ်ကြိမ်မက အရှက်ခွဲခဲ့လေပြီ၊ သို့သော် လဲ့လဲ့ တစ်ယောက်ကို တွယ်တာလျက် ဆက်လက်၍ ဤမြို့၌နေမည်ဆိုသော် နေနိုင်ဖွယ်ရာရှိသေး၏။ ယခုသော်ကား လဲ့လဲ့မှာ ၎င်း၏ ချစ်သူနှင့် ကြည်ဖြူနှစ်သက် အိမ်ထောင်ဖက်တော့မည်ဖြစ်၍ မိမိအတွက် မည်သည့်မျှော်လင့်ချက်မျှမရှိ၊ မိမိမှာ တစ်ခါက အကြော့ အား ယခု လဲ့လဲ့ကဲ့သို့ပင် တစ်ဖက်သတ်စွဲလမ်းခဲ့ဖူး၏။ သို့သော် ထိုအခါက ယခုကဲ့သို့ပင် မိမိစွဲလမ်းသူမှာ အခြားသူ၏ရင်ခွင်တွင်းသို့ ဆိုက်ဆိုက်မြိုက်မြိုက်ရောက်ခဲ့၍ ကြီးစွာစိတ်သောကဖြစ်ကာ နေရာ ပြောင်းရွှေ့လာခဲ့ရခြင်းဖြစ်ရာ ယခုလည်း-

ဤကဲ့သို့ စဉ်းစားနေစဉ်မှာပင် စာပို့ကုလားသည် စာတစ်စောင် လာ၍ပေးသဖြင့် ဖွင့်ဖောက်ဖတ်ရှုကြည့်ရာ

ကိုမြင့်မောင်

ကိုမြင့်မောင်ကို ကျွန်မ အသိမပေးဘဲနေဦးမလို့ပဲ၊ နို့ပေမယ့် ကိုမြင့်မောင်စိတ်က ဘယ်လိုဆိုတာမသိရလို့ ရှောင်ချင်လို့ရှိရင် ရှောင်နိုင်အောင်ဆိုပြီး အခုရေးပြောလိုက်တယ်။ မနက်က အိမ်ကို အကြော့လာတယ်၊ သူတို့လည်း ၅ ရက်လောက်ကြာရင် သုံးဆယ်ကို ပြောင်းရမယ်၊ သုံးဆယ်ကဆရာဝန် အပြစ်တစ်ခုခုရှိလို့ ဖြုံးခနဲ အသိမပေးဘဲပြောင်းပြီးမှ ကိုသက်ထွန်းက ကိုယ်တိုင်ကိုယ်ကျစုံစမ်းစစ်ဆေး အလုပ်လွှဲရမယ်၊ တကယ်လို့ ကိုမြင့်မောင် ပြန်လာလို့ရှိရင် အကြော့ တစ်ယောက်တော့ ကိုမြင့်မောင်ကို သတိတရရနှင့် မချိတင်ကဲဖြစ်ပြီး နှုတ်ဆက်သွားတယ်ဆိုတာ ပြောလိုက်ပါလို့မှာတယ်၊ ကျွန်မတော့ သူ့မြင်ရတာ သိပ်သနားတာပဲ၊ သုံးဆယ် ပြောင်းရတယ်ဆိုရင် ကိုမြင့်မောင်နဲ့ တွေ့မှာပေါ့လို့ ပြောလိုက်ဦးမလို့ပဲ၊ နို့ပေမယ့် ကိုမြင့်မောင်က ကြိုက်ချင်မှကြိုက်မှာ၊ ပြီးနောက် နောက်က ဖုံးလာတာလည်း ပေါ်ကုန်မှာ၊ ဒါနဲ့ အသာပဲငြိမ်နေလိုက်ရတယ်။

ကိုမြင့်မောင်၊ ကိုမြင့်မောင် အကြော့နဲ့တွေ့ရအောင် သုံးဆယ်မှာပဲ နေဦးမလား၊ ကိုမြင့်မောင် သဘောပဲ၊ နေချင်နေလေ၊ တကယ်လို့ မနေချင်ဘူး

မတွေ့ချင်ဘူးဆိုရင် ကိုမြင့်မောင် တွေ့ရာတွေ လျှောက်သွားမနေနဲ့နော်၊ ကိုမြင့်မောင်ရဲ့အကြောင်းကို မပြောဘဲနဲ့ ကောင်းကောင်းသိရင်းစွဲဖြစ်တဲ့ နေရာကိုသာ ပြန်လာခဲ့ပါ၊ ကျွန်မတို့ မျှော်နေမယ်၊ ကိုမြင့်မောင် ပြန်လာတယ်ဆိုရင် ကျွန်မတို့အားလုံး သိပ်ဝမ်းသာကြမှာပဲ၊ ဦးလေးဘိုးကူးဆိုတာ တစ်မေးတည်းမေးနေတာပဲ၊ လာမယ်မဟုတ်လား ကိုမြင့်မောင်၊ လာနော်။ လာရင် ကိုမြင့်မောင် ကို ကျွန်မသိပ်ပြီး ကျေးဇူးတင်မှာပဲ။

ဟူ၍ တွေ့ရှိရသောကြောင့် ဤအတိုင်းဆိုသော်ဤမြို့တွင် ဆက်လက်နေထိုင်ဖို့ရန်မှာ မဖြစ်နိုင်ပြီ၊ အကြော့မှာ ယခုထက်တိုင် မိမိအပေါ်၌ စွဲလမ်းလျက်ပင်ရှိနေသေးရာ မစွဲလမ်းတော့ပြီဟုဆိုလျှင် တွေ့ဖို့ရန် လွယ်သေး၏။ ယခုသော်ကား တွေ့ခြင်းအားဖြင့် မည်သူ့တွင်မှ အကျိုးထူးတော့မည်မဟုတ်။ ဤသုံးဆယ်မြို့တွင်နေထိုင်ရန် မိမိအဖို့ မဖြစ်နိုင်တော့ပြီ၊ ဤမြို့မှ ထွက်ခွာမှပင် တော်တော့မည်၊ ထွက်ခွာလျှင်လည်း အကြော့တို့ ရောက်မလာမီပင် ထွက်ခွာမှ ဖြစ်မည်ဟု စိတ်ကိုပိုင်းဖြတ်လိုက်ရလေ၏။

ထွက်ခွာမည်ဆိုခြင်းကား လွယ်ပါ၏။ မည်သည့်အရပ်သို့ ထွက်ခွာမည်နည်းဟု စဉ်းစားလိုက်သောအခါ အဖြေရရန်မလွယ်ကူဘဲ ရှိသည်ကို တွေ့ရလေ၏။ မခင်လှမှာမူ မိမိ၏အကြောင်းစုံကို ကောင်းစွာသိရှိ၍ မိမိအား ကောင်းစွာစောင့်ရှောက်ရန် အမြဲလုံ့လ ပြုသူဖြစ်ရာ မခင်လှ ခေါ်သည့်အတိုင်း နေရင်းမြို့သို့ ပြန်ရသော် ဤသုံးဆယ်မြို့၌ကဲ့သို့ အရှက်တကွဲအကျိုးနည်း ဖြစ်ရဖို့မရှိရုံမျှမက အစစအရာရာ ကောင်းမွန်ချောမောစွာရှိမည့်အပြင် မိမိသွားလေရာတွင် မျက်နှာပွင့်လန်းမည်ဖြစ်လေ၏။ အကယ်၍ အခြားတစ်ရပ်ရပ်သို့ သွားမည်ဆိုသော် ဤသုံးဆယ်မြို့၌ တွေ့ရသော အခက်အခဲ များနှင့် အယုတ်တမာကြံစည်ခြင်းများကို တွေ့ကောင်း တွေ့ရမည်၊ တွေ့လျှင်မိမိသာ နစ်နာဖွယ်ရာရှိတော့သည်၊ သို့ဖြစ်၍ နေရင်း မြို့သို့ပင် မခင်လှခေါ်သည့်အတိုင်း ပြန်ခြင်းက သင့်မည်ဟု ဆုံးဖြတ် လိုက်လေ၏။

ထိုသို့ဆုံးဖြတ်ရသည့်တိုင်အောင် သုံးဆယ်မြို့မှ မခွာချင်ဘဲ ရှိလေ၏။ စဉ်းစားလိုက်တိုင်း မိမိအကြောင်းကံ၏ ဆိုးရွားခြင်းကိုသာ ထင်မြင်နေတော့လေ၏။ နောက်ဆုံး၌ကား ကံအကြောင်းတရားပင် ဖြစ်တော့သည်ဟု ဖြေဖျော်ကာ လဲ့လဲ့ထံ စာကလေးတစ်စောင် ရေးထားရစ်လျှင် ကောင်းမည်ဟုအကြံရ၍ မဆိုင်းမတွပင် ရေးလေ၏။ ရေးပြီးသည့်နောက် အခေါက်ခေါက်ဖတ်လေ၏။ ထိုနောက် ထိုစာကို လဲ့လဲ့လက်ထပ်ပြီးသည့်နေ့ နောက်တစ်နေ့တွင် လက်ထိလက်ရောက် ပေးပို့ရန် မောင်သန်းအား မှာကြားခဲ့ဖို့ စိတ်ကူးထားလေ၏။

နောက်နေ့များတွင် လူမမာများကို လိုက်၍ကြည့်ရာ အများသောလူမမာတို့မှာ မိမိကိုယ်ဖိရင်ဖိ ကုသခဲ့ခြင်းကြောင့် အတော်ပင်

သက်သာရာရနေပြီကို တွေ့ရသဖြင့် မိမိ မရှိသည့်တိုင်အောင် ၎င်းတို့မှာ အလိုအလျောက် ပျောက်ကင်းကြတော့မည်ဟူသော အချက်ပေါ်တွင် စိတ်သက်သာရာ သက်သာကြောင်းကို ရှာကြံယူငင်ရလေတော့၏။

၃ ရက်ခန့်ကြာသောအခါ မခင်လှထံမှ အကြော့တို့ နောက်တစ်နေ့ပင် ထွက်ခွာလာကြတော့မည်ဖြစ်ကြောင်း စာတစ်စောင်ရပြန်သဖြင့် ထိုညပင်လျှင် မအေးခင်တို့ အိမ်သားတစ်စုနှင့် မောင်သန်းအား နှုတ်ဆက်ခဲ့ပြီးနောက် ဝမ်းနည်းပက်လက်ဖြစ်ကာ ထွက်ခွာလာခဲ့ လေ၏။

နောက်တစ်နေ့ နံနက်တွင် ဆရာကလေးတစ်ယောက် ပျောက်ခြင်းမလှ ပျောက်သွားကြောင်းနှင့် မြို့ပေါ်တွင် သတင်းပျံ့နှံ့သွားလေရာ မအေးခင်တို့အိမ်မှာ ဆရာကလေး၏ဆင်းရဲသား လူမမာ ရှင်များဖြင့် ပြည့်နှက်လျက်နေလေ၏။ ၎င်းတို့၏ မျက်နှာပေါ်တွင် ဝမ်းနည်းသောအမူအရာသည် ဖုံးဖိ၍မရအောင် ပေါ်လွင်နေလေသတည်း။

# [၁၃]

## ဖြေသော်ပြေပါ၊ မျက်ရည်ခိုလို့ရှဲ

ကိုသက်ထွန်းနှင့် အကြော့တို့ သုံးဆယ်သို့ရောက်၍ သုံးလေးရက်ကြာလျှင်ပင် ဆရာဝန်ကိုဘပုနှင့်စပ်လျဉ်း၍ သတင်းအမျိုးမျိုး ထွက်ပေါ်လာလေ၏။ မည်သည့်အခါက မည်သည့်လူနာထံမှ ငွေတောင်း၍မရသဖြင့် ဆေးမကုဘဲနေသောကြောင့် သေသွားရှာသည်။ မည်သည့်အခါက မည်သည့်လူနာကို အော်ဟစ်ငေါက်ငမ်း၍ ရောဂါ တိုးကာ မချိမဆံ့ ဖြစ်ခဲ့ရသည်၊ မြူနီစီပါယ်မှ လာဘ်စားသည်၊ ဆင်းရဲ သားများကို စက်ဆုပ်၍ မျက်နှာကြီးသော သူတို့ကိုသာကုသည် အစရှိသဖြင့် စွပ်စွဲချက် တစ်ခုပြီးတစ်ခု ပေါ်ထွက်၍လာလေရာ ကိုသက်ထွန်းမှာ ကိုဘပုအတွက် များစွာမျက်နှာပူလျက်ရှိလေ၏။

သို့သော် တာဝန်ဝတ္တရားဖြစ်၍ အထက်သို့ ဟုတ်တိုင်းမှန်ရာကို အစီရင်ခံရလေရာ ကိုဘပုအား အလုပ်မှ ခေတ္တချထားလိုက်ကြောင်းနှင့် ဆိုင်ရာက အမိန့်ထုတ်ဆင့်လိုက်ပြီးလျှင် သုံးဆယ်ဆေးရုံကို ကိုသက်ထွန်းပင် ဆက်လက်၍ ခေတ္တမျှ ထိန်းသိမ်းအုပ်ချုပ်ရန် ဆင့်ဆိုသည့်အလျောက် ကိုသက်ထွန်းနှင့် အကြော့တို့မှာ လူကြီးလူကောင်းများနှင့် အသိဖွဲ့ကာ ထိုအိမ်ဤအိမ်သို့ သွားလာလည်ပတ်ကြရလေ၏။

သို့သွားလာလည်ပတ်၍ အသိအကျွမ်းဖွဲ့ရာတွင် အကြော့မှာ မြင်မြင်ချင်းပင် လွဲ့လွဲ့အား ညီမကလေးအရင်းကဲ့သို့ ချစ်ခင်သဖြင့် မိမိကိုယ်တိုင်က တစ်ခါတစ်ခါ လွဲ့လွဲ့ထံသို့ သွားရောက်လျက် တစ်ခါ တစ်ခါ၌လည်း လွဲ့လွဲ့အား ဆေးရုံသို့ လာရောက်ရန် ခေါ်လေရာ လွဲ့လွဲ့မှာ ယခင်က ကိုဘပု ရှိစဉ်ကပင် ထွက်ဝင်သွားလာ ဝင်ထွက်ဖူးသူဖြစ်၍ များစွာဝန်မလေးသည့်အလျောက် ရက်ခြားလိုပင် သွားရောက်လေ၏။

သို့ဖြင့် မင်္ဂလာဆောင်ရန် ရက်နီးကပ်လာသောအခါ၌မူကား လွဲ့လွဲ့ထံသို့ အကြော့သာလျှင် သွားရောက်နိုင်တော့လေ၏။ သို့သော် အေးအေးလူလူ စကားစမြည်ပြောရန် အချိန်ကောင်းစွာမရသဖြင့် အကြော့လည်း မေးချင်မြန်းချင်သည့် အချက်အလက်ကလေးများကို မမေးမမြန်းရဘဲ လွဲ့လွဲ့၏ မင်္ဂလာအခမ်းအနားအတွက် ကူညီ၍ လုပ်ကိုင်ပေးခြင်းဖြင့် အချိန်ကုန်ခဲ့ရလေ၏။

မင်္ဂလာဆောင်အခမ်းအနားမှာ လူချမ်းသာ၊ လူကုံထံတို့၏ အခမ်းအနားဖြစ်၍ အလွန်ကြီးကျယ်လှပေ၏။

နောက်တစ်နေ့ ကိုဘဖဲမှာ စက်ထဲသို့ လှည့်လည်ရန် ထွက်ခွာသွားရာ

လွဲ့လွဲ့လည်း

"ကျွန်မ ဆေးရုံက ဆရာဝန်ကတော်ဆီ သွားဦးမယ်နော်၊ ကိုဘဇံ ပြန်မလာခင်လာခဲ့မယ်"ဟု ဆိုကာ ဆေးရုံဆီသို့ ထွက်လာခဲ့လေ၏။ ထိုသို့ထွက်ခွာ၍မလာမီ မိမိအား မည်သူမဆို လာရောက် မေးမြန်းလျှင် ဆေးရုံက ဆရာဝန်ကတော်၏အိမ်သို့ သွားရောက်ကြောင်းပြောလိုက်ရန် အစေခံများအား မှာကြားခဲ့လေ၏။

အကြော့မှာ ကိုသက်ထွန်း ဆေးရုံသို့သွားခိုက်ဖြစ်၍ အိမ်၌ အဖော်မရှိ၊ တစ်ယောက်ထီးတည်းဖြစ်နေသဖြင့် လွဲ့လွဲ့တို့ဆီသို့ သွားမည်ဟု ပြင်ဆင်ဆဲပင်ဖြစ်ရာ လွဲ့လွဲ့ ယခုကဲ့သို့ ရောက်၍လာသော အခါ များစွာဝမ်းသာအားရဖြစ်လျက်

"လာ ညီမလေး-လာ၊ အစ်မကြီးလည်း အခုပဲ ညီမလေးဆီ လာမလို့ဘဲ၊ အိမ်မှာနေရတာ သိပ်ပျင်းတာပဲ၊ မြို့ပေါ်မှာ အသိအကျွမ်းက သိပ်များများမရှိတော့ တယ်ပြီးလည်း ဟိုဟိုဒီဒီ မသွားချင်ဘူး၊ ညီမလေးတို့ဆီသာ လာချင်တော့တာပဲ"

"လွဲ့လွဲ့လည်း အစ်မကြီးလိုပါပဲ၊ အစ်မကြီးဆီလာရရင် ပျော်တာပဲ၊ မိန်းမထဲမှာ အစ်မကြီးလောက် လွဲ့လွဲ့ ချစ်တာမရှိသေးဘူး၊ အစ်မကြီးကို မြင်မြင်ချင်း လွဲ့လွဲ့တော့ သိပ်ပြီးခင်သွားတာပဲ" "ဟုတ်တယ်-ဟုတ်တယ်၊ ရေးကရေစက်ပဲထင်တယ်၊ ညီမလေး အခုယူတဲ့ယောကျ်ားဟာ ချစ်လို့ယူတာလား၊ လူကြီးတွေပေးစားလို့ ယူတာလား"

"လွဲ့လွဲ့ ချစ်လို့ယူတာပဲ၊ အစ်မကြီးကော အစ်မကြီးချစ်လို့ ယူတာပဲ မဟုတ်လား"

ဤကဲ့သို့သောမေးခွန်းမျိုးကို အမေးခံရလိမ့်မည်ဟု မထင်မိသော အကြော့မှာ ရုတ်တရက်ကြီးဖြစ်၍ မဖြေတတ်အောင် ရှိနေလေ၏။ ဤတွင်

"ဘယ့်နှယ်လဲ အစ်မကြီးရဲ့၊ အခုဆရာဝန်ကို အစ်မကြီး မေတ္တာရှိလို့ ယူတာပဲမဟုတ်လား" ဟု လွဲ့လွဲ့က ထပ်မံမေးမြန်း၍ နေသဖြင့် အကြော့လည်း

"အင်း-မေတ္တာရှိလို့ပဲဆိုပါတော့လေ" ဟု တိုတိုတုတ်တုတ်ပင် ဖြေလိုက်လေ၏။ သို့သော် ဤမေးခွန်းကို အမေးခံရသည့်အခါ၌ ယခင်က မိမိ အတွေးအထင် အကဲခတ်လွဲမှားခဲ့၍ တစ်သက်လုံးပင် ထိုအမှား၏ဒဏ်ကို ခံယူသွားရတော့မည့်အရေးကို ပြေး၍တွေးမိကာ မျက်ရည်ကလေးများ လည်လာရာ လွဲ့လွဲ့လည်း

"ဘာဖြစ်လို့လဲ အစ်မကြီးရဲ့၊ အစ်မကြီး မျက်ရည်တွေ လည်နေပါလား၊

အခုမေးတော့လည်း မေတ္တာရှိလို့ပဲ ဆိုပါတော့လေ-တဲ့၊ စကားကမတင်မကျကြီး၊ ဘယ်လိုလဲအစ်မကြီးရဲ့၊ လဲ့လဲ့မသိရဘူးလား” “မသိချင်ပါနဲ့ ညီမလေးရယ်၊ သိလည်းမထူးပါဘူး၊ အစ်မကြီးတော့ ညီမလေးဟာ ကိုယ့်ချစ်သူကို ပေါင်းရပါလားလို့ ညီမလေး ဝမ်းသာတာကိုပဲ အားရနေရတော့မှာပဲ”

အကြော့သည် စိတ်ကိုတင်းကာ လည်လျက်ရှိသော မျက်ရည်များကို ထိန်းလျက်နေလေ၏။ လဲ့လဲ့မှာ အကြော့အား သနားကရုဏာမကင်းသည့် အမူအရာဖြင့် ကြင်နာစွာ ကြည့်နေလေ၏။ အကြော့တွင် တစ်စုံတစ်ရာ ဝမ်းနည်းကြေကွဲဖွယ်ရာ ရှိခြင်းကား ထင်ရှားလေပြီ။ ထိုအကြောင်းကို မေးချင်၏။ သို့သော် ၎င်းအား တိုး ၍စိတ်မချမ်းမသာ ဖြစ်စေမည်စိုးသောကြောင့်လည်း မမေးဝံ့ဘဲရှိနေလေ၏။

ထိုခဏ၌ အစေခံသည် အထုပ်ကလေးတစ်ခုကို ယူလာကာ လဲ့လဲ့အား ပေးအပ်လိုက်ရန် လူတစ်ယောက် လာရောက်ပေးသွားကြောင်းနှင့် ပြောဆိုသဖြင့် လဲ့လဲ့လည်း ဘာများပါလိမ့်ဟု သိချင်ဇောဖြင့် ဖွင့်ကြည့်လိုက်ရာ ဆေးပုလင်းကလေးတစ်လုံးနှင့် စာကလေး တစ်စောင် ပါလာသည်ကို တွေ့ရသည်နှင့် အလွန်အံ့ဩစွာဖြင့် စာကို ဖတ်ရှုကြည့်လေ၏။

လဲ့လဲ့၏မျက်နှာမှာ အံ့ဩရာမှ တွေဝေသကဲ့သို့ လည်းကောင်း၊ တွေဝေရာမှ စဉ်းစားသကဲ့သို့ လည်းကောင်း၊ အမူအရာအမျိုးမျိုး ပြောင်းလဲလျက်ရှိသည်ကိုသာ တွေ့မြင်ရသဖြင့် အကြော့လည်း စိုးရိမ်မကင်းဖြစ်ကာ-

“ဘာများလဲညီမလေးရဲ့၊ ဆေးပုလင်းက ဘာဆေးပုလင်းများလဲ"

“အလကားပါ၊ လူအကျိုးအပဲ့ ဆရာဝန်တစ်ယောက်က သက်သက် နှောက်သွားတာ၊ လဲ့လဲ့ သူ့ကိုမြင်စက တော်တော်သနား မိတယ်၊ နောက်တော့ လူကိုမမြင်ချင်အောင်ကို ရွံ့သွားတာပဲ၊ အခု တော့ သူလည်းမရှိတော့ပါဘူး၊ သူ့အလိမ်တွေ ပေါ်ကုန်မှာစိုးလို့ ထွက်ပြေးပြီ၊ ဘယ်ပြေးမှန်းမသိဘူး၊ လဲ့လဲ့ကိုတောင် လာလိမ်သွားသေးတယ်၊ ဒါနဲ့တောင် အားမရသေးဘူး၊ အခုတစ်မျိုး လိမ်ပြန်တယ်ဟုဆိုကာ စာကို အစိတ်စိတ်အမြွှာမြွှာ ဆွဲဆုတ်၍ပစ်လေ၏။

အကြော့မှာ နားမလည်နိုင်ဘဲ-

“ဒီလောက်တောင် စိတ်ဆိုးရအောင် ညီမရယ်-သူကညီမကို ဘယ်လိုများ လိမ်သွားလို့လဲ၊ အခုကော ဘာများလိမ်ပြန်လို့လဲ”

“အို-သူလိမ်တာတွေ မပြောချင်ဘူး၊ လူကိုယ်ကအကျိုးအပဲ့ပဲ အစ်မကြီးရဲ့၊ ဒီတော့”

“နေပါဦး ညီမလေးရဲ့၊ သူ့နာမည်က ဘယ်သူတဲ့တုံး၊ အစ်မကြီးကို ဖြစ်သမျှ ပြန်ပြောပြစမ်းပါဦး"

“ကိုမြင့်မောင်တဲ့ အစ်မကြီးရဲ့”

“ဘာ-ဘာပြောတယ် ညီမလေး၊ ကိုမြင့်မောင်တဲ့လား ဟုတ်လား၊ ကိုမြင့်မောင်လား၊ မျက်နှာမှာ အမာရွတ်နဲ့ ပြီး-ခြေထောက်တစ်ဖက် ထော့နဲ့ထော့နဲ့ဖြစ်နေတဲ့ ကိုမြင့်မောင်ဟာလား”

“ဟုတ်တယ်၊ အစ်မကြီး သူ့ကိုသိလား”

“သိတာပေါ့ ညီမလေးရယ်၊ ကမ္ဘာမှာ သူ့လောက်ကောင်းတဲ့ လူတော့မရှိဘူး ညီမလေးရဲ့၊ အစ်မလည်း တစ်ခါတုန်းက ညီမလေးလိုပဲ အထင်လွဲခဲ့ဖူးတယ်၊ အဲ့ဒီအထင်လွဲခဲ့တဲ့ အပြစ်ဒဏ်ကို အခု ထက်ထိခံနေရတုန်းပဲ၊ နောက်လည်း ဘယ်ထိခံနေရဦးမယ် မသိဘူး၊ သူတော်ကောင်းပါ ညီမလေးရယ်၊ သူတော်ကောင်းမှ တကယ့်သူ့တော်ကောင်း အစစ်ပါ"

“ဟင့်အင်း လွဲလွဲတော့ နားမလည်ဘူး သူယုတ်မာတာသိတာပဲ” “မဖြစ်နိုင်ဘူး၊ ကိုမြင့်မောင်ဟာ ဘယ်နည်းနဲ့မှ မယုတ်မာနိုင်ဘူး၊ ညီမလေး သူ့ပေါ်မှာ သက်သက်အထင်လွဲနေတာ ဖြစ်နေတာဖြစ်လိမ့်မယ်၊ ကိုမြင့်မောင် ညီမလေးအပေါ်မှာ ဘာမျှားလိမ်ဘူးလို့လဲ”

“အို လွဲလွဲကို အရင်ကလည်း လိမ်ဖူးပြီး၊ ဖေဖေ့စက်ထဲမှာ လူမမာတွေ သိပ်များတယ်၊ တန်းလျားကြီးဟာ နေ့ပြိုမလား၊ ညပြိုမလားဖြစ်နေတယ်၊ ကျန်းမာရေးလည်း မညီပါဘူး ဘာဘူးနဲ့ ပြီး-ဘာတစ်ခုမှမဟုတ်ဘူး၊ လွဲလွဲကိုယ်တိုင် သွားကြည့်ခဲ့တယ်၊ ပြီး-လွဲလွဲ တစ်ခါတုန်းက ပန်းဆွဲမှာ ပျော်ပွဲစားသွားရင်း အပြင်းအထန်ဖြစ်ပြီး မေ့သွားတယ်၊ ဆရာဝန်ကိုဘပု-ကိုဘဇံတို့ ကြပ်မတ်ပြီး ကုပေးလို့ပေါ့၊ အဲဒါသူ့ကြောင့် သက်သာရာရတာမြင်ရလို့ ဝမ်းသာပါတယ်၊ နောက်နောင် ဒီလိုမဖြစ်ရအောင် အခုပေးတဲ့ဆေးကို သောက်ပါတဲ့၊ သူ့ဆေးကို ကောင်းကောင်းကန်းကန်းလိုက်လို့”

“အစ်မကြီးတော့ အကုန်အစင် သေသေချာချာ မသိဘူးလေ၊ နို့ပေမယ့် ကိုမြင့်မောင်ပြောတာ မမှားဘူးဆိုတာတော့ ပြောနိုင်တယ်၊ ညီမလေးတို့ စက်ထဲမှာ တန်းလျားကြီးကို ပြင်ပစ်တာ ဘာမှမကြာ သေးဘူး၊ တစ်ပိုင်းပြိုကျလို့တဲ့”

“ဟင် လွဲလွဲသွားကြည့်တော့အသစ်ကြီးပါလား"

“အဲဒါ ပြင်ဆောက်ထားတာဖြစ်တော့မပေါ့”

“အစ်မကြီး ဘယ့်နှယ်သိသလဲ"

“ကိုဘပုရဲ့ အမှုကိုစစ်တော့ ကိုဘပုက သူ ကောင်းတာလုပ်တာတွေလည်း ကြည့်ပါဦးဆိုပြီး ဒီတန်းလျား အဆွေးအမြည့်ကြီးကို သူအတင်းပြင်ခိုင်းတဲ့အကြောင်း၊ ဒီလူမမာတွေ ဒင်းကြမ်းဖြစ်နေလို့ သူကိုယ်တိုင်ကြပ်မတ်ပြီး ဆေးဝါးကုသရတဲ့အကြောင်း ပြောပြတယ်လို့ ကိုသက်ထွန်း ညကပြောတာပဲ”

“ဒါဖြင့် ကိုမြင့်မောင် ဖေဖေ့ကို တစ်ညလာပြောတာတွေဟာ အမှန်ချည်းပဲပေါ့"

“ဘာတွေပြောလို့လဲ ညီမလေး၊ သူလိမ်မပြောတတ်ပါဘူး၊ သူ့မှာ ခက်နေတာက လိမ်လည်းမပြောတတ်ဘူး၊ ကိုယ့်အကြောင်း ဟုတ်တာ မှန်တာကိုလည်း ဖွင့်ပြီးဘယ်တော့မှ မပြောဘူး၊ အဲဒီလိုစကား မပြောတဲ့အတွက်ပဲ သူ့ကိုလူတွေက အထင်အမြင်လွဲကုန်ကြတာပဲ၊ အစ်မကြီးကိုယ်တိုင်လည်း တစ်ခါကသူ့ကို အကြီးအကျယ် အထင်လွဲခဲ့မိတယ်၊ အဲဒီလိုအထင်လွဲခဲ့မိလို့ အခုထက်ထိ သူ့ကို ဦးသုံးကြိမ် ချပြီးကန်တော့ချင်ရက်ပဲ၊ ဒီတစ်သက်မှာသူ့ကို ကန်တော့မသွားရရင် အသေဖြောင့်ပါ့မလားမသိဘူး၊ အစ်မကြီး မစူးစမ်းဘဲ သူ့အပေါ်မှာ တစ်လွဲထင်ပြီး တစ်ဖက်သတ် အဆိုးချခဲ့တယ်၊ နောက်မှ သူငယ်ချင်း တစ်ယောက်က ပြောပြလို့ အဟုတ်အမှန်ကိုသိရတယ်၊ အဲဒီလိုသိရတော့ သူနဲ့မတွေ့ရတော့ဘူး၊ သူလည်း အတွေ့မခံဘူး၊ တစ်ခါတည်း ရှောင်တိမ်းသွားတာ ဘယ်မှာမှ သတင်းနားထောင်လို့မရဘူး၊ အခု ဒီမှာရောက်နေတယ်ဆိုတာ သိရတာပဲ၊ သူဘယ်ဆီမှာနေသလဲ ညီမလေးသိရင် လိုက်ပို့စမ်းပါ၊ အစ်မကြီး သွားတွေ့ချင်လွန်းလို့"

“သူမရှိတော့ဘူး အစ်မကြီးရဲ့၊ သူ့စာက သူတော့ဒီမြို့မှာ နေလို့မဖြစ်တော့လို့ ထွက်သွားပြီတဲ့”

အကြော့၏ မျက်လုံးနှစ်ဆိုင်မှ မျက်ရည်တို့သည် တဖြိုင်ဖြိုင်ကျဆင်းလာလေ၏။ လဲ့လဲ့မှာ ကောင်းစွာ နားမလည်သေးသကဲ့သို့ တွေတွေကြီး ကြည့်၍နေလေရာ အကြော့ထံမှ ဆင့်ကဲဆင်ကဲ့ ရှိုက်သံများကို ဆက်လက်ကြားရသောအခါ များစွာထိတ်လန့်သွားလျက် “ဘာဖြစ်လို့တုံး အစ်မကြီးရယ်၊ လဲ့လဲ့လည်း သိပါရစေ” ဟု သနားဖွယ်ရာ တောင်းပန်လေ၏။

အကြော့လည်း အတန်ကြာ ရှိုက်နေပြီးမှ “အစ်မကြီး သူ့ကို ခြေထောက်ဖက်ပြီး တောင်းပန်ချင်လို့ သတင်းနားထောင်နေတာ ဘယ်ဆီမှာမှ သတင်းမရဘူး၊ အခုသတင်းရပြန်တော့လည်း မတွေ့နိုင်တော့တဲ့ အခြေမျိုး ဆိုက်နေပြီ၊ အစ်မကြီးတော့ အသေဖြောင့်တော့မှာ မဟုတ်ဘူး၊

သူ့လိုလူကောင်းတစ်ယောက်ကို ညီမလေးတို့မြို့က မနေနိုင်အောင် ဘာများလုပ်လိုက်ကြသလဲ ညီမလေးရယ်” ဟု သနားစဖွယ် မေးလေရာ လဲ့လဲ့မှာ အကြော့နည်းတူပင် ကိုမြင့်မောင်၏ အပေါ်တွင် တစ်ဖက်သတ် အထင်အမြင်လွဲမှားမိသည့် အဖြစ်ကိုသိမြင်ကာ များစွာဝမ်းနည်းလျက် မျက်ရည်ကလေးများ လည်လာလေ၏။

“ပြောပါ ညီမလေးရယ် အစ်မကြီးကြားစမ်းပါရစေ၊ညီမလေးတို့ မြို့က သူ့ကို ဘယ်လိုများ လုပ်လိုက်ကြသလဲ”

“လဲ့လဲ့လည်း မပြောတတ်ဘူးအစ်မကြီးရယ်၊ လဲ့လဲ့လည်းမှားပြီ။ သူ့ကိုအထင်လွဲမိပြီ၊ မြို့ကသူ့ကို ပရိသတ်ထဲမှာ နှစ်ခါအရှက်ခွဲ လိုက်တယ်၊ အဲဒါကြောင့် သူ့ခမျာမနေနိုင်ဘဲ ထွက်သွားရတယ် ထင်တာပဲ၊ လဲ့လဲ့ မှားပြီအစ်မကြီးရဲ့၊ လဲ့လဲ့မှားပြီ၊ လဲ့လဲ့ အစက သူ့ကိုမြင်မြင်ချင်း သနားမိတယ်၊ နောက်သူများတွေ ပြောတာနဲ့ နားယောင်ပြီး အထင်လွဲပြီးမုန်းမိတာပဲ”

“ပြောပါဦး ညီမရယ်၊ ဘယ်လိုများ အရှက်ခွဲလိုက်သလဲလို့ အစ်မကြီး ကြားစမ်းပါရစေ”

လဲ့လဲ့မှာလည်း မိမိသိရှိသမျှကို ပြန်လှန်၍ပြောပြရာ ပြောသူရော နားထောင်သူပါ မျက်ရည်များကျလျက် ရှိလေ၏။

“ဩော် ဒီလောက်တောင် ဒီမြို့ကသူ့ကို နှိမ်လိုက်ကြတာကိုး၊ ကြည့် ဒါတောင် သူဘာဆိုဘာမှ ရန်တုံ့မှု မသွားဘူးမဟုတ်လား၊ တကယ်ဆိုရင် သူ့ကိုယ်သူ ခုခံကာကွယ်ပြီး ပြောသွားနိုင်တယ်၊ ပြောလိုက်ရင် အားလုံးနားလည်ပြီး သူ့ကိုဝိုင်းပြီးရှိခိုးကြမှာပဲ၊ သူ့မှာ ဒီအမာရွတ်ကြီးနဲ့ ဒီခြေထောက် ထော့ကျိုးထော့ကျိုး ဖြစ်နေတာဟာ မကောင်းတဲ့ဟာကြောင့် ဖြစ်တယ်လို့ သွားပုပ်လေလွင့် ပြောကြသကိုးနော်၊ ဩော် တယ်လည်း ဆိုးကြပါလား”

“နို့ အစ်မကြီးရယ် ဘာဖြစ်လို့ဒီအမာရွတ်ကြီးနဲ့ ဒီခြေထောက် ထော့ကျိုးထော့ကျိုး ဖြစ်နေရတာလဲ”

“အဲဒါရဲ့အရင်းအမြစ်ကို အစ်မကြီးပြန်ပြောရရင် အစ်မကြီး ရင်ကွဲထွက်လိမ့်မယ်ထင်တယ်၊ နို့ပေမယ့် သူ့အပေါ်မှာ လူတွေ အထင်မြင်လွဲတာ ပျောက်အောင်ဆိုရင်တော့ အစ်မကြီး ဟော့ဒီ ရင်နှစ်ခြမ်းပွင့်ထွက်သွားပါစေ၊ အစ်မကြီး အကုန်ပြောပြချင်တယ်”

“ဒါဖြင့် လဲ့လဲ့သိပါရစေ အစ်မကြီးရယ်၊ အခုပဲသိပါရစေ”

ဤတွင် အကြော့လည်း မခင်လှထံမှ ကြားရသမျှသော

ကိုမြင့်မောင်၏အကြောင်းတို့ကို တစ်ခွန်းချင်း ပြန်ပြောင်းပြောပြရာ အကြောင်းစုံကြားသိရသည့်အခါ ဤမျှလောက်သူတစ်ပါး၏ အကျိုးကို အသက်ပေး၍ ဆောင်ရွက်ခဲ့လျက် မိမိဂုဏ်ပုဒ်ကို ထုတ်ဖော်မချီးကျူး သည့်အတွက်သာလျှင် လူယုတ်မာဟု အထင်လွဲအမြင်လွဲခံရသည့် သူတစ်ဦးအား မိမိ ရက်ရက်စက်စက် ဝင်ရောက်နှိမ်ချခဲ့မိသည့်အတွက် ကြီးစွာ နောင်တရပြီးလျှင် အကြော့၏နည်းတူ ခေါင်းကလေးကို ငုံ့ကာရှိုက်၍ရှိုက်၍ ကျူးကျူချ ငိုမိလေ၏။

အကြော့လည်း လဲ့လဲ့၏ကျောကလေးကို လက်ဖြင့်သပ်ကာ “ကိုင်း- ညီမလေး အခုမှတော့ လွန်ကုန်ပြီ၊ အစ်မကြီးအဖို့တော့ တစ်ခုသက်သာရာရပါသေးရဲ့၊ သူ့ကို အထင်လွဲခဲ့မိလို့ အစကတော့ တစ်ယောက်တည်းပဲ ကျိတ်ပြီးဆွေးနေရတယ်၊ အခုတော့ ကူပြီးဆွေးဖို့ ညီမလေးတစ်ယောက် အဖော်ရပြီ၊ အစ်မကြီးတို့ရဲ့ ရှေးကကံပဲ၊ လူသူတော်ကောင်းကြီးနဲ့ လွဲကြရတာ။ သူ့တော့ဒီတစ်သက်မှာ တွေ့ရဖို့ မမျှော်လင့်နဲ့တော့၊ ဟောဟော ကိုဘဖံနဲ့ကိုသက်ထွန်းလာနေကြပြီ၊ မျက်ရည်တွေသုတ်လိုက်သုတ်လိုက်”

လဲ့လဲ့ရော အကြော့ပါ လာနေသော မိမိတို့လင်ယောကျ်ားများကို လှမ်း၍ကြည့်ကြရာတွင် မျက်စိများသည် အလွန်ရင်းနှီးသော ယောကျ်ားနှစ်ယောက်၏ ပြုံးလာသောပုံသဏ္ဌာန်ကို မြင်ရသည်မှန်သော်လည်း စိတ်ထဲ၌မူ ရောမအမာရွတ်ကြီးနှင့် မျက်နှာပေါ်တွင် သနားဖွယ်ရာ အမူအရာကလေးဖြတ်သန်းလျက် ခြေထောက်မှာလည်း ထော့ကျိုးထော့ကျိုးဖြင့် သွားလာနေရရှာသော သဏ္ဌာန်တစ်ခုကို ပြတ်သားစွာမြင်နေရသောကြောင့် လင်ယောကျ်ားဖြစ်သူတို့ကို ဝတ္တရားရှိသည့်အတိုင်း ပြန်လှန်မပြုံးနိုင်ဘဲ အသည်းထဲ၌ တဟုန်းဟုန်းတောက်လောင်နေသော မီးကိုသာ နှစ်ယောက်သား ဖုံးဖိ၍ ငြိမ်းသတ်ရင်း ယူကျုံးမရ တဖြိုင်ဖြိုင်စီးကြလာသော မျက်ရည်တို့၏ အဟုန်ကို ခဲယဉ်းစွာ ပိတ်ဆို့တားဆီးနေကြရလေတော့သတည်း။

# [၁၄]

## လဲ့လဲ့

အကယ်၍ ကိုသက်ထွန်းနှင့် ကိုဘဇံတို့သာ ယခုကဲ့သို့စကား လက်ဆုံကျ၍ မလာချေက မိမိတို့နှစ်ယောက်လုံးပင် ဣန္ဒြေကြီးစွာ ပျက်လျက်ရှိနေသည့်အဖြစ်ကို ကိုသက်ထွန်း မရိပ်မိစေကာမူ ကိုဘဇံ ရိပ်မိနိုင်လျက် ကိုဘဇံ မရိပ်မိလျှင်လည်း ကိုသက်ထွန်း ရိပ်မိသိရှိသွားကောင်း သိရှိသွားမည်ဖြစ်သောကြောင့် ယခုကဲ့သို့ စကားလက်ဆုံ ကျလျက် လာခဲ့ကြခြင်းကိုပင် အကြော့တွင် ကျေးဇူးတင်မိတော့ကာ လဲ့လဲ့အား တွင်တွင်သာလျှင် လက်ကုတ်သတိပေးနေရ၏။

လဲ့လဲ့မှာကား ငယ်ရွယ်သူဖြစ်သည့်အပြင် မိမိ၏ မှားမိသော အပြစ်ကို ယခုမှ လတ်လတ်ဆတ်ဆတ် အသစ်စက်စက်ကြီး သိမြင်ရသည်ဖြစ်သောကြောင့် ရုတ်တရက် ဣန္ဒြေဆည်ခြင်းငှာ မတတ်နိုင်ဘဲ စောစောက အကြော့နှင့်နှစ်ယောက်သား လွတ်လွတ်လပ်လပ် ငိုယိုခဲ့ရာမှ ထွက်ပေါ်လာသည့်ရှိုက်သံကို တစ်ချက်တစ်ချက်တွင် ခပ်အုပ်အုပ်ကလေးထွက်ပေါ်စေရန် အနိုင်နိုင်ကြိုးစားရင်း မျက်နှာကို တစ်ဖက်သို့လှည့်ကာနေသည့်အတွက် ကိုသက်ထွန်းသည်လည်းကောင်း၊ ကိုဘဇံသည်လည်းကောင်း မိမိတို့၏ အမူအရာ ထူးခြားခြင်းကို တစ်စုံတစ်ရာ မရိပ်မိသေးဘဲရှိခြင်းမှာ အကြော့အား ကြီးစွာသော စိတ်သက်သာရာရခြင်းကို ဖြစ်စေလေ၏။

"တိတ်ကွယ် ညီမလေးရယ်-တိတ် နောက်တော့ အစ်မကြီးတို့ အချင်းချင်း တိုင်ပင်ကြသေးတာပေါ့" ဟုပြောပြောဆိုဆို "လာ နောက်ဖေးခန်း သွားရအောင်" ဟုလဲ့လဲ့၏လက်ကလေးကို ဆွဲလျက်ထူနေသောကြောင့် လဲ့လဲ့လည်း ကိုသက်ထွန်းနှင့် ကိုဘဇံတို့ရှိရာ ဘက်သို့ တစ်ချက်မျှလှည့်၍မကြည့်ဘဲ ခေါ်ရာသို့ ထ၍လိုက်ပါခဲ့ လေ၏။

"တိတ်-ညီမလေးရယ် တိတ်ပါ တော်ကြာ သူတို့သိသွားရင် ဘယ်သူမှ မကောင်းဖြစ်နေတော့မယ်၊ လာ-ညီမလေး မျက်ခွံတွေနီပြီးမို့နေတာကို ဟောဒါနဲ့ရိုက်လိုက်" ဟုဆိုကာ မှန်တင်ခုံပေါ်ရှိ တို့ပတ် ပဝါတစ်ထည်ကို လှမ်း၍ပေးနေသောကြောင့် လဲ့လဲ့လည်း တစ်စုံတစ်ရာ မပြောနိုင်ဘဲ အကြော့ခိုင်းသည့်အတိုင်းသာ လိုက်ပါလုပ်ကိုင် နေလေ၏။ ထိုအတွင်း ကိုဘဇံ၏အသံဖြင့်

"လဲ့လဲ့ရေပြန်ကြစို့လေ"ဟူ၍ အိမ်ရှေ့ခန်းဆီမှ လှမ်း၍ခေါ်

နေသည့်အတွက် လွဲလွဲသည် မှန်ထဲတွင် မိမိ၏မျက်နှာကို တစ်ချက်မျှ စိုက်၍ကြည့်ပြီးလျှင် အကြော့ဘက်သို့လှည့်ကာ "အစ်မကြီး လွဲလွဲ ပြန်ဦးမယ်နော်၊ အစ်မကြီးလိုပဲ ပျော်နိုင်တော့မယ်မဟုတ်ဘူးထင်ပါရဲ့" ဟုပြောပြောဆိုဆို မျက်နှာကို တစ်ချက်မျှ စိတ်အားတင်း၍ ပြင်လိုက်ပြီးနောက် တစ်ဖက်သို့ လှည့်ထွက်သွားသည်နှင့် အကြော့လည်း နောက်က ထွက်လာခဲ့ရလေ၏။

ထို့နောက် တစ်ဦးကိုတစ်ဦး နှုတ်ဆက်ကာ ကိုဘဇံနှင့်လွဲလွဲတို့လည်း ထွက်လာခဲ့ကြရာ မော်တော်ကားပေါ်သို့ ရောက်မှ ကိုဘဇံလည်း လွဲလွဲ၏ ငြိမ်ချက်သားကောင်းလှခြင်းကို ပထမဆုံးအကြိမ် သတိထားမိလျက်

"လွဲလွဲ-လွဲလွဲ ဘာဖြစ်လို့လဲ နေမကောင်းလို့လား၊ မျက်နှာတွေလဲ အမ်းနေပါကလား ဘာဖြစ်သလဲဟင်"ဟု ပျာပျာသလဲ ပခုံးလေးကို ကိုင်လှုပ်ကာ မေးလေ၏။

လွဲလွဲကား "အို-လွဲလွဲ နေမကောင်းမဖြစ်ပါကလား၊ ကိုကိုဇံစိတ်ထင်လို့ ဖြစ်လိမ့်မယ်"ဟု ဆိုကာ ငြိမ်သက်မြဲ ငြိမ်သက်သွားပြန် သည့်အတွက် ကိုဘဇံလည်း အားမလိုအားမရဖြစ်ကာ "ဟာမဟုတ် တာဘဲ၊ လွဲလွဲကိုယ်က တယ်ပြီးလန်းပုံမှမရဘဲဟာ၊ ဘာဖြစ်လို့လဲ လွဲလွဲရာ၊ ကိုကိုဇံကိုပြောပါ၊ လွဲလွဲကို ခုလိုမြင်ရတာ ကိုကိုဇံ စိတ်ထဲမှာ ဘယ်လိုမှန်းမသိဘူး၊ တစ်မျိုးကြီးပဲ"ဟူ၍ ထပ်လောင်းပြောဆို သော်လည်း လွဲလွဲမှာကား မလှုပ်မယှက် မော်တော်ကား၏ ထောင့်ထဲတွင် အသာကလေးကုပ်လျက် ငြိမ်သက်နေသောကြောင့်

"လွဲလွဲ ဘာဖြစ်သလဲဟင်။ ကိုကိုဇံအပေါ် ဒီလိုမလုပ်ပါနဲ့ လွဲလွဲရာ၊ ပြောစရာရှိရင် ပြောလိုက်ပါ"ဟု ထပ်လောင်းဆင့်ကဲ၍ အဖြေကို မရ-ရအောင်ဆွဲငင်ထုတ်ယူနေသည့်အတွက် လွဲလွဲလည်း ကြောင်းမှန်ကို ဖွင့်၍ ပြောဆိုရန် သင့်မသင့်ချင့်ချိန်စဉ်းစားနေရာက ရုတ်တရက်

ချုပ်တည်းမရနိုင်တော့သကဲ့သို့ဖြစ်ကာ

"ကိုကိုဇံ . တကယ့်ကို ကြားချင်တယ်လား"

"မေးနေရသေးလားလွဲလွဲရာ၊ ကိုကို့ အကြောင်းကို လုံးလုံးမသိတဲ့ လူတစ်ယောက်လိုကို မေးနေတာပဲ၊ ကဲ-ပြောပါ ပြောစရာရှိတာသာ"

"လွဲလွဲပြောရင် ကိုကိုဇံ ခံနိုင်မလား"

"ဆန်းလှချေကလား လွဲလွဲရာ၊ ဒီနေ့ ဘာဖြစ်လာသလဲ"

"မဟုတ်ဘူး ကိုကိုဇံ။ လွဲလွဲဟာ ရှင်းရှင်းနဲ့ဘွင်းဘွင်းကိုပဲ

ကြိုက်တယ်ဆိုတာ ကိုကိုဇံသိတယ် မဟုတ်ဘူးလား၊ ကိုကိုဇံတို့လို လှည့်လား ပတ်လား ကလိမ်စေ့ ငြိမ်းဆင်လားလုပ်တာကို”

အလို ဘုရားရေ ကြည့်လည်းပြောနော်လဲ့လဲ့၊ ကိုကိုဇံ ဘယ်တုန်းကများ ဘယ်သူ့ကို ဘယ်လို ကလိမ်စေ့ငြိမ်းဆင်ဖူးလို့လဲ”

“အို၊ ဒါကို လဲ့လဲ့က ဖွင့်ပြောနေရဦးမှာလား၊ ကိုယ့်ဟာကိုယ်အကုန်သိပြီးသားဖြစ်ရမယ် မဟုတ်ဘူးလား”

“ကြည့်စမ်း လဲ့လဲ့၊ လဲ့လဲ့ဟာ ကိုကိုအံ့ကို သက်သက် အထင်လွဲပြီး အခုလိုပြောတာပဲ၊ ကိုကိုဇံ တခြားသူအထင်လွဲတာကို ဂရုမစိုက်ပေမယ့် ကိုယ့်ချစ်သူအထင်လွဲတာကိုတော့ နည်းနည်းမှ မခံချင်ဘူး”

“ဒါကတော့ အထင်လွဲတယ်လို့ ကိုကိုဇံက ယူဆရင်သာကိုး။ လဲ့လဲ့က အထင်လွဲတာမဟုတ်ဘဲနဲ့ တကယ်ကို အတည့်ထင်၊ အတပ်သိပြီးနေတော့”

“လဲ့လဲ့ဘာလဲပြော၊ ကိုကိုဇံအပေါ်မှာ လဲ့လဲ့ နည်းနည်း တရားလွန်ပြီထင်တယ်”ဟု လဲ့လဲ့၏ ပခုံးနှစ်ဖက်ကို အတန်ငယ် ခပ်ကြမ်းကြမ်းကိုင်လှုပ်၍မေးသည်တွင် လဲ့လဲ့လည်း ထောင်းခနဲ ဒေါသထွက်သွားသည့်အလား

“အလို ပြေျုးကပဲ ပြဲနေရသေးတယ်၊ တော်ရင် ဒီစကားကို မပြောနဲ့။ မပေါင်းချင်ရင်ကွာလိုက်” ဟု ပြောပြောဆိုဆို လက်များကို ပုတ်ချလိုက်ပြီးနောက် မော်တော်ကားလည်း အိမ်ဝင်းအတွင်းသို့ ရောက်ကာ ထိုးရပ်လိုက်ပြီးဖြစ်သည့်အတွက် လဲ့လဲ့လည်း တံခါးကို ဆောင့်၍အောင့်၍ဖွင့်ကာ အိမ်ထဲသို့သုတ်သီးသုတ်ပျာ ဝင်သွားခဲ့လေ၏။

ကိုဘဇံမှာလည်း လဲ့လဲ့၏အမူအရာကို နားမလည်နိုင်တိုင်း စိတ်ညစ်ကာ မိမိအား ရင့်ရင့်သီးသီးပြောဆိုသွားသော စကားများအတွက်လည်း များစွာဒေါသထွက်ရင်း လဲ့လဲ့၏နောက်သို့ ခြေသံ ခပ်ပြင်းပြင်းနင်း၍ လိုက်လာခဲ့လေ၏။

လဲ့လဲ့မှာ ပထမ၌သော် မိမိတို့၏အိပ်ခန်းထဲသို့ တည့်တည့်ကြီး ဝင်ခဲ့မည်ဟု စိတ်ကူးပြီးမှ အကယ်၍ စကားများခြင်းများရလျှင် နှစ်ယောက်တည်းကျိတ်၍ စကားများရခြင်းထက် လူသိရှင်ကြား စကားများရခြင်းက ပို၍ကောင်းမည်ဟု စိတ်ပိုင်းဖြတ်လိုက်ပြီးလျှင် မိဘနှစ်ပါးရှိတတ်သော ဧည့်ခန်းထဲသို့ သွက်သွက်ကြီး ဝင်လာခဲ့လေ၏။

“ဟဲ့ သမီးဒီနေ့သွားတာ ကြာလှချည်လား၊ မောင်ဘဇံနဲ့ကော တွေ့လား”ဟု

မိခင်ကြီးက ဆီး၍ မေးသည်ကိုပင် မဖြေနိုင်ဘဲ၊ နရသာသနကျမ်းစာအုပ်ကြီးကို ဖတ်၍နေသော ဖခင်အနီးသို့ကပ်၍ သွားပြီးနောက် "ဖေဖေ-ဖေဖေတို့ကို လဲ့လဲ့ပြောစရာတစ်ခုရှိတယ်၊ ဒီစကားကို လဲ့လဲ့ သူ့ရှေ့မှာပြောချင်တယ်" ဟု ကသောကမျော ပြောသည့်အတွက်

"ဟ-သမီးရ၊ ဘာများဖြစ်လာလဲ၊ အလန့်တကြား"

"အို-လဲ့လဲ့ အင်မတန်ကို အရေးကြီးတဲ့စကား ပြောချင်တယ် "ဖေဖေ"

ထိုအခိုက် ပြင်းထန်သောခြေသံများသည် အခန်းဆီသို့ လျင်မြန် စွာ ချဉ်းကပ်လာလျက် တစ်ခဏမျှကြာသောအခါ တံခါးဝတွင် ရုတ်တရက် ရပ်သွားလေ၏။

ခြောက်သွယ်သောမျက်လုံးတို့သည် အသံပြင်းထန်စွာလာရာ ဖြစ်သောခြေထောက်ကိုကားမမြင်ဘဲ မျက်နှာဆီကိုသာ ကြည့်လိုက်ရာ ဒေါသစိတ်ကို ရုတ်တရက် အနိုင်နိုင်မျိုသိပ်ထားနေပုံရသော ကိုဘဇံ၏တင်းမာသောမျက်နှာကို မြင်ကြရသဖြင့် လဲ့လဲ့အဖို့တွင် တစ်စုံတစ်ရာ ထူးထူးခြားခြားမရှိသော်လည်း လူကြီးနှစ်ယောက်မှာမူ များစွာထိတ်လန့်ပူပင်ချောက်ချားသွားကာ

"ဟဲ့-ဘာဖြစ်ကြတာတုံး၊ နင်တို့ဟာက" ဟူ၍ လည်းကောင်း၊ "နေပါဦးကွယ့်။ မောင်ဘဇံ ဘာများဖြစ်ကြတာလဲ"ဟူ၍လည်းကောင်း၊ နှုတ်မှ တစ်ပြိုင်နက် တစ်ချက်တည်းထွက်လျက် အဖြေကို ငြိမ်သက်တွေဝေ စောင့်မျှော်ရင်း ဒေါသမပြေ ဖြစ်နေပုံရသော သမက်ကို ကြည့်နေမိကြလေ၏။

"ဖေဖေတို့လည်း ဘာသိဦးမလဲ-ဖေဖေ၊ ဘယ်လိုဖြစ်တယ်ဆိုတာ သမီးမှ သိတော့မပေါ့" ဟု လဲ့လဲ့က ပြောလိုက်မှ လူကြီးနှစ်ဦး၏ ဦးခေါင်းမှာ တစ်စုံတစ်ရာ တိုင်ပင်ညှိနှိုင်းရခြင်းမရှိဘဲ ဆတ်ခနဲ့ လဲ့လဲ့ဘက်သို့ လှည့်မိလျက်သား ဖြစ်နေလေ၏။

"အေး ပြောစမ်းပါဦးဆိုနေမှ၊ မင်းတို့ဟာက အလန့်တကြားကွယ် အသည်းများတောင် ထိတ်လို့"

"ဒီလို ဖေဖေ-ဒီလို၊ လာလေ ဒီအထဲဝင်ပြီး နားထောင်ပါ၊ ဟိုအဝမှာ မတ်တတ်ကြီးဆိုတော့ မကောင်းပါဘူး"ဟု လှမ်း၍ ကိုဘဇံအား ပြောလိုက်သောအခါ ကိုဘဇံမှာ သာ၍ပင် ဒေါသဖြစ် သော်လည်း လူကြီးများရှေ့မှောက်ဖြစ်နေသောကြောင့် တစ်စုံတစ်ရာ ပြန်မပြောသာဘဲ သာ၍ပင် မကျေနပ်ဖြစ်သော အမူအရာဖြင့် ကုလားထိုင်တစ်လုံးတွင်

ဝင်ရောက်ထိုင်ရလေတော့၏။ ဤတွင်မှ လဲ့လဲ့လည်း မိမိ၏ဖခင်ဘက်သို့ လှည့်ကာ

"ဒီလိုပါ ဖေဖေ၊ သမီးမှားရင် သမီးဝန်ချဖို့ အမြဲပဲအဆင်သင့်ရှိသလို တခြားလူတွေလည်း ကိုယ်မှားရင် ဝန်ခံဖို့ အမြဲပဲရှိလိမ့်မယ်လို့ သမီး ထင်ပါတယ်၊ ဖေဖေ မှတ်မိသေးသလားမသိဘူး၊ ညတစ်ည ခြေထောက်ထော့ကျိုးထော့ကျိုးနဲ့ လူတစ်ယောက် လာပါရောလား၊ အဲဒီလူ ဟိုညက ပြောသွားတဲ့စကားတွေက အကုန်အမှန်ချည်းပဲ မဟုတ်လား"

"ဪ သမီးကိစ္စက ဒါလား၊ အေးကွယ် အကုန်အမှန်ချည်းပဲဆိုတော့ ဘာဖြစ်သေးသလဲ""အကုန် အမှန်ချည်းပဲဆိုရင် ဖေဖေတို့ဟာ သက်သက်မတရား"

ကိုဘဇံသည် လဲ့လဲ့ကိုလည်းကောင်း၊ ယောက္ခမသူဌေးကြီးဦးဌေး ကိုလည်းကောင်း အလွန်အံ့ဩသောအမူအရာဖြင့် ကြည့်နေမိလေ၏။

"ဟား..ဟား...ဟား..ဖေဖေ့ သမီးက ချေးခြောက်ရေနှုးသလို အခုမှ ဒီဟာတွေ မေးနေသလား၊ ဖေဖေဘာများ မတရားသလဲ၊ ဖေဖေသူ့ကို ဘာများလိမ်လိုက်လို့လဲ၊ သူလာပြောတာနဲ့ သူနဲ့ဘာဆိုင်သလဲလို့သာမေးပြီး မောင်းထုတ်လိုက်တယ် မဟုတ်လား၊ ဒါ ဘာဆိုင်သလဲ"

"အို-ဆိုင်မဆိုင်တော့ သမီးပြောမနေတော့ပါဘူး၊ ဒါပေမဲ့ ဖေဖေလည်း ပါနေတာပဲ ဝိုင်းပြီး မတရားလုပ်ကြတဲ့ အထဲမှာ"

"အလို သမီးစကား တယ်လာပါကလား"

"လာဆို ဖေဖေ သက်သက် အပြစ်လုံးဝမရှိဘဲ အင်မတန် စိတ်စေတနာ မွန်မြတ်သန့်ရှင်းတဲ့ လူတစ်ယောက်ကို အရှက်တကွဲ အကျိုးနည်းဖြစ်အောင် လုပ်ကြတာဟာ အို သမီးမပြောချင်ဘူး ဖေဖေ၊ ဖေဖေ့တော့ တစ်သက်လုံး လူတစ်လုံးသူတစ်လုံးဖြစ်အောင် ကျွေးမွေးလာတဲ့ကျေးဇူးရှင်ကြီးမို့ သမီးစိတ်ထဲမှာ မကောင်းပေမယ့် ရှေးကလို ချစ်မြဲချစ်မှာပါပဲ၊ ဒါပေမဲ့"

"တယ်ခက်နေမင့်ကိုးကွယ့် သမီးရဲ့၊ ကိုယ့်အလုပ် ကိုယ်လုပ်ကြ တဲ့ဥစ္စာ"

"ဟုတ်ပါတယ် ဖေဖေ၊ ဒါပေမဲ့ သမီးပြောချင်တဲ့စကားကို ဆုံးအောင် နားထောင်ကြပါဦး၊ ဖေဖေတော့ အရင်းခေါက်ခေါက်ကြီးမို့ သမီးခွင့်လွှတ်နိုင်ပါတယ်၊ ဖေဖေတို့ လူကိုတော့ ခွင့်မလွှတ်နိုင်ဘူး၊ အဲဒါ ဖေဖေတို့ ဒီညပဲ လူကြီးစုံရာနဲ့ ကွာရှင်းပေးပါ၊ နို့မဟုတ်ရင် တစ်သက်လုံး"

"အို မဟုတ်တာ မေမေ့ သမီးကြီးရယ်၊ ဘယ့်နှယ် ပြောလိုက်တာလဲ၊ အမေ့အသည်းနှလုံး ထိတ်လိုက်ပါဘိ" ဟု မိခင်ကြီးက ပထမဆုံးအကြိမ်

ဝင်ရောက်ပြောဆိုလေ၏။

"မဟုတ်ဘူး မေမေ၊ မေမေပဲ ကိုယ်ချင်းစာပြီးကြည့်ပါ၊ အပြစ်မရှိတဲ့ လူတစ်ယောက်ကို အပြစ်ရှိတဲ့အနေဖြစ်အောင် ယောကျ်ား တန်မဲ့နဲ့ မကောင်းကြံတာဟာ ကောင်းနိုင်သေးရဲ့လား"

ကိုဘဇံသည် နှုတ်မှ စကားတစ်ခွန်းတစ်ပါဒမျှ မထွက်၊ ထိုင်နေရာတွင် အငြိမ်မထိုင်နိုင်။ ဟိုလှုပ်ဒီရွှနှင့် တကြွကြွဖြစ် နေခြင်းကိုထောက်၍ စကားမပြောထွက်မိရန် အတန်တန်ချုပ်တည်း နေရသည်ကို လွယ်လင့်တကူ သိမြင်နိုင်ပေ၏။ မျက်နှာမှာကား စောစောက တင်းမာခက်ထရော်ခြင်းမျိုး မရှိတော့ဘဲ အတန်ငယ် ဖြူဖပ်ဖြူရော် ဖြစ်နေသည်ဟု ထင်ရလေ၏။

"သမီး-သမီးစကားက တယ်ပြီးကြီးကျယ်တယ်နော်၊ ဒီတော့"

"အို ဖေဖေ၊ အပြစ်မရှိတဲ့လူကို လူတကာ အထင်သေးပြီး ဒီမြို့မှာ မနေနိုင်အောင် ဝိုင်းပြီးညစ်ပတ်လိုက်ကြတာကတော့ မကြီးကျယ်ဘူးတဲ့လား ဖေဖေ၊ သမီးစိတ်ထဲမှာ ဖေဖေဟာ ဒီထဲမှာကြံရာပါ ဖြစ်နေတဲ့ လူတွေရဲ့ အဆင့်အတန်းမျိုးထဲ ကျသွားတယ်ဆိုတာ ဆက်ပြီး မထင်ပါရစေနဲ့၊ လူကြီးတွေခေါ်ပြီးတော့သာ"

"ခက် ခက်ရချည့်သမီးရယ်၊ ဖေဖေ ပြောစမ်းပါဦးမယ်၊ တကယ်လို့ပဲ သမီးပြောသလို ဝိုင်းပြီးလုပ်လိုက်လို့ ထွက်ပြေးရပါပြီတဲ့၊ သမီးမှာ ဘာများအကျိုးယုတ်သွားမှာလဲ၊ သမီးဖွတ်တရွတ်ကြီး ပြောနေသလို မောင်ဘဇံနဲ့ ကွာရှင်းလိုက်ပါပြီတဲ့၊ ဘယ်သူများ အကျိုးယုတ်မလဲ၊ ဘယ်သူ့နာမည်ကို ထိခိုက်မလဲ၊ အဲဒါတွေကိုလည်း စဉ်း စားဦးကွယ့် သမီးရဲ့၊ သမီးစိတ်ခံတတ်ထဲမှာ ဘာဖြစ်နေတယ်ဆိုတာ ဖေဖေ ကောင်းကောင်းနားလည်ပါတယ်၊ သာခုလည်း ခေါ်ပါတယ် ကွယ်၊ ဒါပေမယ့် သမီးရော သမီးဖေဖေရော၊ သမီးမေမေရော ဒီလောက်အရွယ်ကြီးမှ စိတ်မကောင်း ဖြစ်ကြရမှာ နာမည်ပျက်ကြရမှာကို သမီးလိုလားနိုင်မလား၊ ဒီတော့ ပြီးတာပြီးပါစေပေါ့ကွယ်"

လဲ့လဲ့မှာ မိမိသဘောအလျောက်သာ ပြုလုပ်ရမည်ဟုဆိုလျှင် ယမန်နေ့ကမှ လက်ထပ်ရသည့် လင်ယောကျ်ားကို မဆိုထားဘိတစ်သက်လုံးပင် မိမိအား ခြေမွေးမီးမလောင်၊ လက်မွေးမီးမလောင် စောင့်ရှောက်မွေးမြူ အလိုလိုက်ခဲ့သောမိဘနှစ်ပါးကိုပင် စွန့်လွှတ်နိုင်မည်ဖြစ်သော်လည်း ယခုသော် မိမိ၏ဖခင်ကြီး သတိပေးပြောဆိုလိုက်သည့်အတိုင်း မိမိမှာ မိန်းကလေးတစ်ဦးဖြစ်နေ၍ ကွာရှင်းရမည်ဆိုလျှင် မိဘများမှာသာ အိုကြီးအိုမအခါကျမှ မဟာအရှက်တော်ကြီး ကွဲကြရတော့မည့်အဖြစ်ကို သိမြင်ရကာ မလှုပ်သာမယှက်သာ များစွာ အကြံရကျပ်လှသည့်အတိုင်း

ခြောက်စုံသောမျက်လုံးများ၏အလယ်တွင် တစ်စက္ကန့်မျှရပ်တန့်၍ မနေနိုင်တော့ဘဲ အလွန်ကျယ်လောင်ပြင်းထန်သော ခြေသံများဖြင့် အခန်းတွင်းမှ ငိုရှိုက်ရင်း ပြေးထွက်ကာ မိမိ၏အိပ်ခန်းတံခါးကို တစ်ခါတည်း မင်းတုပ်ချပြီးလျှင် အားရပါးရ ကျယ်လောင်စွာ ရှိုက်ကြီးတငင်ငိုယို၍ နေမိရှာလေ၏။

အပြင်ဘက်မှ"သမီး သမီးကလေး၊ အို သမီး၊ တံခါးဖွင့်စမ်းပါဦး သမီးကြီးရဲ့"ဟူ၍ မိခင်ကြီး၏အသံဖြင့် အတန်တန် တောင်းပန်ပြောကြား တံခါးကိုအထပ်ထပ်ထုနေသော်လည်း မည်သူ့ မျက်နှာမျှ မကြည့်ချင်၊ မည်သူ့အသံကိုမျှ မကြားလိုဘဲ တအားငိုမြှိုက်ကာ မျက်ရည်တို့ကိုသာ ဒလဟော သွန်ချနေမိရှာလေတော့သတည်း။

# [၁၅]

## အငြေ့

စာလိုက်လျှင် မနေ့တစ်နေ့ကမှ သူ့ကိုတွေ့မြင်ဖူးသည်ဟု ဆိုရမည်ဖြစ်သော လဲ့လဲ့ကလေးပင်လျှင် ညနေက သူ့အကျိုးအကြောင်းကို ပြောပြသဖြင့် ဟုတ်တိုင်းမှန်ရာ သိရှိရသည်နှင့် တစ်ပြိုင်နက် ကျဆင်းလာသော မျက်ရည်တို့ကို ထိန်းသိမ်း၍ မရနိုင်တော့ဘဲ ရှိုက်ကြီးတငင် လက်တို့၍မရ ကျူးကျူးချ၍ ငိုယိုသွားခဲ့သေးလျှင် သူ့အား သာ၍ပင် ရင်းနှီးလျက်....သာ၍ပင်အထင်အမှားကြီးမှားကာ ပစ်ပစ်ပယ်ပယ် ပြုမိခဲ့သောမိမိမှာ ခုနစ်အိမ်ကြား ရှစ်အိမ်ကြား ဟစ်အော် ငိုယိုဖို့သာ ရှိတော့သည့်အတိုင်း စိတ်ရှိလက်ရှိဟစ်ချင်တိုင်း ဟစ်၍သာ ငိုလိုက်ချင်တော့သော်လည်း သေသော်သာ သေနိုင်လျက် ယခုကဲ့သို့ ခုနစ်အိမ်ကြား ရှစ်အိမ်ကြားကိုမဆိုထားဘိ တစ်ကိုယ်မှသည် နှစ်ကိုယ်ကြားသည်အထိပင် ရှိုက်ကြီးတငင် ငိုယိုဖို့မဖြစ်နိုင်သည်ကို တွေ့ရလေလေ အငြေ့ခမျာမှာ မိမိ၏ဆိုးရွား လှသော ကံကြမ္မာကို စိတ်နာလေလေ ဖြစ်နေရှာလေ၏။

အကယ်၍ ကိုသက်ထွန်းသာ အပြင်အပသို့ တစ်ခေါက်ပြန်၍ ထွက်ကာ ထိုထို့ဤဤ အလည်အပတ် သွားဦးမည်ဆိုက မိမိလည်း မျိုသိပ်ထားရသမျှသော အဆွေးအပူအထုပ်ကြီးကို တစ်ခါတည်း ဖွင့်လှစ်ကာ စိတ်ရှိလက်ရှိ ငိုပစ်လိုက်နိုင်မည်ဖြစ်သော်လည်း

"အငြေ့ရေ ကိုသက်ထွန်း ဒီညတော့ ဘယ်မှသွားစရာမရှိတော့၊ ဒေါ်လေးကို ငါးခြောက်ကလေးဖုတ်ခိုင်းပြီး လက်ဖက်ရည်ကြမ်း သောက်ကြရအောင်ကွယ်"ဟု ပြောလိုက်သောကြောင့် အငြေ့တွင် သာ၍ပင် စိတ်ဆင်းရဲကျပ်တည်းခြင်းဖြစ်သွားကာ "ဟုတ်ကဲ့" ဟု ပြန်၍ ပြောသာပြောလိုက်ရစေကာမူ အနည်းငယ်မျှ စိတ်မကောင်းဘဲ ငိုပွဲဆင်လိုလျက်ပင် မဆင်နိုင်ရလောက်အောင် ဆိုးရွားသော မိမိ၏ အဖြစ်ကို သာ၍ပင် စိတ်နာခြင်းဖြစ်မိလေ၏။

ယခုကဲ့သို့ ဖြစ်လေလေ ကိုသက်ထွန်းနှင့် မျက်နှာချင်းဆိုင်ရန် ဝန်လေးလေလေ ဖြစ်လာလေ၏။ သို့သော် မိမိဘက်မှ ဝတ္တရားမပျက်အောင် ဆောင်ရွက်ပေးရန် နဂိုကပင် တစ်ခါတည်း စိတ်ပိုင်းဖြတ်ပြီးဖြစ်သောကြောင့် ဒေါ်လေးရှိရာဆီသို့သွားကာ လက်ဖက်ရည် ကြမ်းပွဲ ပြင်ပေးဖို့ရန် ပြောရလေ၏။

"ဟဲ့အငြေ့၊ မျက်နှာတွေလည်း မကောင်းပါလား၊ ဘာဖြစ်သလဲ၊

နေမကောင်းဘူးလား”ဟု ဒေါ်လေးဖြစ်သူက ပျာပျာသလဲမေးရာ အကြော့လည်း နှုတ်မှပြန်၍ဖြေနေရန် ခွန်အားမရှိတော့ သကဲ့သို့ တစ်စုံတစ်ရာ မလှုပ်မယှက် ဝိုင်းစက်သောမျက်လုံးအိမ်နှစ်အိမ်မှ မျက်ရည်ကလေးများသာ တလိမ့်လိမ့် လိမ့်ဆင်း ကျရောက်လာလျက် ရှိနေလေသည်နှင့်

“အလို ဘာများလဲ တူမကြီးရယ်၊ ဒေါ်လေးထိတ်လှချည်ရဲ့”ဟု ကပျာကယာ အကြော့ရှိရာဆီသို့ပြေးလာကာ ယုယစွာ နဖူးနှင့်ပါးအပြင်ဘက်ကိုပါ တစ်လှည့်စီပျာပျာသလဲ စမ်းသပ်လျက် ကိုယ်မပူသည်ကိုတွေ့ရတိုင်း ပို၍စိတ်ပူပင်ကြောင့်ကြမိကာ“ဟဲ့ ကိုယ်တော့ မပူပါလား၊ ဘာဖြစ်တာလဲ”ဟုထပ်မံ၍ အသက်မှမရှူနိုင်ဘဲ မေးနေရှာသောကြောင့် ကြာလျှင် ကိုသက်ထွန်း ကြားသွားမည်စိုးသည်နှင့် “သူ့ဒေါ်လေးရဲ့-သူ”ဟု ပြောလိုက်မှ ဒေါ်လေးလည်း မိမိလက်များကို ရုပ်သိမ်းသွားပြီးလျှင်

“သူ ဘာဖြစ်သလဲ၊ အခုတွေ့ပြီလား၊ သတင်းကြားရပြီလား၊ဘယ်မှာလဲ၊ ဒီမြို့ပေါ်မှာပဲတဲ့လား၊ ဒီလိုဆိုရင်"ဟု တသီကြီး လျှောက်၍ မေးနေရကား

“ဒေါ်လေးဟာ သိပ်ရက်စက်နိုင်တာပဲနော်၊ ဒေါ်လေးရက်စက်စိမ်းကားသလို အကြော့ မစိမ်းကားနိုင်ဘူး၊ သူ ဒီမြို့ပေါ်မှာရှိရင် ဒီမလာရအောင်လုပ်ဖို့ ဒေါ်လေးက ပြောချင်တယ်မဟုတ်လား”ဟုပြောရင်း အလွန်ဝမ်းနည်းလာသည်နှင့် တစ်ချက်နှစ်ချက် အသံထွက်အောင် ရှိုက်ငင်မိလေ၏။

ဒေါ်လေးလည်း ဤတွင် သာ၍ပင်စိုးရိမ်ကြောင့်ကြခြင်းဖြစ်ကာ “တူမကြီး၊ ကြည့်စမ်း မောင်သက်ထွန်း ကြားသွားရင်ခက်ကုန်တော့မှာပဲ၊ မတော်လွန်းလို့ပါ တူမကြီးရယ်” ဟု တောင်းတောင်းပန်ပန် ပူပူပင်ပင် ပြောနေသည့်တိုင်အောင် အကြော့တွင်ကား ဖြေဆည်းခြင်းငှာ မတတ်နိုင်ဘဲ ကိုသက်ထွန်းနှင့် ဝေးပေ့ဆိုသော ချောင်တစ်ချောင်သို့သွားကာ အသံမထွက်ရအောင် ကြီးစွာသတိပြုရင်း ငိုယိုနေမိလေ၏။

မည်မျှကြာသည်မသိ ပခုံးပေါ်တွင် လက်တစ်ခု အသာအယာ တင်လာသောကြောင့် ရှိုက်သံကို ရုတ်ခြည်းဖျောက်လိုက်ပြီး မော့ ကြည့်လိုက်ရာ အလွန်ညှိုးငယ်သောမျက်နှာဖြင့် မိမိအား ကြည့်နေသော ဒေါ်လေးဖြစ်သူကို တွေ့မြင်ရ၍ ဆက်လက်ရှိုက်ငိုရန် ပါးစပ်ဟလိုက်လျှင်ပင် ဒေါ်လေးလည်း

“မောင်သက်ထွန်း မေးနေတယ်၊ နောက်ဖေးသွားနေတယ် မှတ်တယ်လို့ ပြောခဲ့တယ်၊ ထပါတူမကြီးရယ်၊ တူမကြီးလုပ်တာနဲ့ အကုန်မကောင်းဖြစ်ကုန်တော့မယ်”ဟု ပြောနေသည်နှင့် အကြော့လည်း ထ၍ မျက်နှာသစ်ပြီးလျှင် အိ အိမ်ရှေ့ခန်းသို့ ထွက်လာခဲ့ရလေ၏။

"အကြော့နောက်ဖေးသွားနေတယ်ဆို၊ ဒီနေ့ဝမ်း ဘယ်နှခါများသွားနေသလဲ၊ နေလို့ထိုင်လို့ကောင်းရဲ့လား၊ လာပါဦး အကြော့ရ၊ ကိုသက်ထွန်းအနားကို"

အကြော့သည် တစ်စုံတစ်ရာမဖြေကြားဘဲ ကိုသက်ထွန်းအနားသို့ ဖြည်းဖြည်းလေးလေးပင် ချဉ်းကပ်၍ သွားလေ၏။ ထိုအခိုက်တွင် အိမ်အောက်ဆီမှ"ဆရာကြီး ဆရာကြီး အရေးကြီးတဲ့ ခါးထိုးမှု တစ်ခုရှိလို့ ဆေးရုံကိုလာခဲ့ပါဦးတဲ့၊ တိုက်ပိုင်ကြီးပါပါလာတယ်၊ အထိုးခံရတဲ့လူတော့ဖြင့် သေမလား ရှင်မလားဘဲ"ဟု ပြောသံကြားရသောကြောင့်

"လုပ်ပြီကွာ ကိုယ့်မယားလေးနဲ့မှ စကားဝအောင် မပြောရသေးဘူး၊ ကဲ အကြော့ ကိုသက်ထွန်း သွားလိုက်ဦးမယ်နော် ဘယ်လောက်ကြာနေဦးမယ်မသိဘူး။ ညဥ့်နက်နေရင် မစောင့်နဲ့တော့၊ အိပ်သာအိပ်လိုက် ဟုတ်လား၊ ဒေါ်လေး တံခါးတွေလုံအောင်ပိတ်ပါနော်"ဟု မှာမှာကြားကြား ပြောပြောဆိုဆိုနှင့် ပျာယီးပျာယာ ဆင်းသွားသည့်အတွက် အကြော့တွင် ဝမ်းမနည်းနိုင်သည့်အပြင် စိတ်ထဲတွင်တာဝန်ကြီးတစ်ခု ကျသွားသကဲ့သို့ဖြစ်ကာ စောစောက မျိုသိပ်ထားရသမျှ အတိုးချ၍ ရှိုက်ကာရှိုက်ကာ ငိုယိုနိုင်တော့ ရာလေ၏။

သို့သော် ထိုသို့ လွတ်လပ်စွာ စိတ်ရှိလက်ရှိ ရှိုက်ကြီးတငင် ငိုယိုခြင်းမှာ ခေတ္တမျှသာဖြစ်လေ၏။

ဒေါ်လေးသည် တံခါးများကို လိုက်လံပိတ်ဆို့နေရာမှ နောက်ဆုံးပြတင်းတံခါးချပ်ကလေးကို ကန့်လန့်ထိုးခဲ့ပြီးလျှင် အကြော့၏အနီးသို့ချဉ်းကပ်ကာ သို့ချဉ်းကပ်ကာ "ကဲ တူမကြီးကြားရသမျှ ဒေါ်လေးကို ပြောပြစမ်းပါဦး"ဟူ၍ မေးလေ၏။

အကြော့မှာ ရှိုက်ငင်နေရင်းပင် စောစောက ကြားရသမျှကို ပြန်လှန်ပြောပြရာလေရာ စကားတစ်ခွန်းမျှကြားတွင် ဝင်ရောက်မပြောဘဲ စိတ်ရှည်စွာ နားထောင်နေရာမှ "သြော် ဒါဖြင့် မောင်မြင့်မောင်က တို့လာမယ်ဆိုတာသိလို့ တမင်ရှောင်ပေးသလို ကျနေတာပေါ့၊ တော်တော်တရားပြည့်ဝတဲ့မင်းယောကျ်ားတစ်ယောက်ပါပဲ၊ ဒါပေမဲ့ ဘဝကုသိုလ်က မဆုံစည်းကြလို့ အခုလို ဖြစ်ကြတာပဲ၊ ဒီတော့ဒီဟာကို တစ်ဆွေးတည်းဆွေးနေရင် လူတစ်နေ့ ဖုံးဖုံးလဲနေမှာစိုးရတယ်၊ တူမကြီးလည်း အခုဒီထိအောင်တောင် ကိုယ့်စိတ်ကို ကိုယ်ဖျောင်းဖျလို့ နေနိုင်လာခဲ့ပြီးမှပဲဟာ။ ဘာလို့ပြန်ပြီး စိတ်ဒုက္ခ ခံချင်ရသတုံး၊ တိတ် တူမကြီးတိတ်၊ ဒေါ်လေးဟာ မောင်မြင့်မောင် အပေါ်မှာလည်း မစိမ်းကားဘူး၊ တူမကြီးအပေါ်မှာလည်း မရက်စက်ဘူး၊ မောင်သက်ထွန်းအပေါ်မှာလည်း မျက်နှာမလိုက်ဘူး၊ အခု ဥစ္စာက ပြန်ပြီးပြုပြင်နိုင်တာမျိုးလည်းမဟုတ်တော့ ဘဝအကျိုးပေး 'ပုံကိုသာ နားလည်ပြီး

စိတ်ကိုဆုံးမယူဖို့ရှိတော့တာပဲ"

အကြော့မှာ တစ်ချက်တစ်ချက် ရှိုက်လိုက်ရင်း ငြိမ်သက်စွာ နားထောင်နေလေ၏။

"ဟိုကလေးမလေးလည်း ရှိုက်ကြီးတငင် ယူကျုံးမရဖြစ်ပြီး ငိုတယ်ဆိုပေမယ့် တူမကြီးနဲ့က တူတာမဟုတ်ဘူး၊ ဟိုကလေးမလေးက သူ့အမှားကို အခုမှသိရလို့ မသကာသူများကြား သွားဦးတော့ ကြားလို့တင့်တယ်တယ်ရယ်လို့ ယူဆနိုင်ကြဦးမယ်၊ တူမကြီးမှာတော့ ဘယ်သူသိလို့မှ မတင့်တယ်ဘူး၊ ပြောပြရင် အနာက အနာဆွေး အနာဟောင်းကြီးဖြစ်နေတယ်။ ဒီတော့ ကိုယ့်လင်ကိုယ့်သားနဲ့ ဒီလောက်ကြာအောင် အတူတူပေါင်းသင်းပြီး နေထိုင်လာပါရက်ကနဲ့ တခြားတစ်ယောက်အပေါ်မှာ စိတ်မကုန်ခန်းနိုင်ဘူးဆိုရင် တူမကြီးကို ဘယ်လိုထင်ကြမလဲ။ ဒီလိုပြောလို့ ဒေါ်လေးဟာ ငါ့ကိုမသနားလို့သာ ဒီလိုပြောတာပဲလို့ တူမကြီးထင်ချင်ထင်မယ်၊ ဒေါ်လေးထက် တူမကြီးကို ဘယ်သူသနားမယ့်သူရှိသလဲ၊ ဒါပေမဲ့ ဒေါ်လေးဟာ အကျိုးတရား အကြောင်းတရားနှစ်မျိုးရှိတာကို သေသေချာချာ စဉ်းစားပြီးမှ အကျိုးမရှိတာဖြင့်ရင် ကိုယ့်ကိုယ်ကိုယ် အပင်ပန်း အနွမ်းနယ်မခံဖို့ ပြောရတာ၊ စဉ်းစားလေ၊ ဒေါ်လေးပြောတာဟာ လမ်းကျသလား မကျဘူးလားဆိုတာ"

အကြော့၏ ရှိုက်သံသည် တစ်ချက်ထက်တစ်ချက်ဝေး၍ လာသည်ကို ဒေါ်လေးဖြစ်သူသည် သတိထားမိလေ၏။ သို့သော် တစ်စုံတစ်ရာ ဆက်လက်မပြောသေးဘဲ ဆေးပေါ့လိပ်ကြီးကိုသာ တွင်တွင်ဖွာ၍နေလေ၏။ အကြော့မှာကား ဒေါ်လေးပြောသော စကားတို့၏ "ဟုတ်မှန်ခြင်း"ကို အနုလုံပဋိလုံစဉ်းစားလျက် အတန် ကြာနေပြီးမှ

"ဒေါ်လေးပြောတာဟုတ်ပါတယ်၊ ဒါပေမဲ့ အကြော့ ချုပ်တည်းလို့ မရနိုင်လွန်းလို့ပါ"

"အေး ရအောင်ချုပ်တည်းဖို့ ကြိုးစားပေါ့ တူမကြီးရဲ့၊ အဆွေး အပူတွေဟာ ဘယ်သူသိလို့မှ မကောင်းဘူးမဟုတ်လား၊ ဒီတော့ ဒီနေ့လို သူ့သတင်းကို ရုတ်တရက် ကြားရတဲ့အခါမျိုးမှာ သူများလို ငိုကြီးချက်မ ဟစ်ငိုနေလို့ တူမကြီးအဖို့မှာဖြစ်မတဲ့လား၊ ဖြစ်ရင်ကော သင့်တော်မတဲ့လား၊ အေး အဲဒါတောင် ကိုယ့်ဘဝကအကြောင်းတွေနဲ့ စဉ်းစားပြီး ဖြေဖျော်မယ်ဆိုရင် စိတ်ရဲ့သက်သာရာကို ရှာလို့ရမှာပဲ၊ တူမကြီးလည်း တရားမရှိတဲ့သူမှမဟုတ်ဘဲဟာ။ ကဲ ကဲ သွားအိပ်ချေတော့၊ မောင်သက်ထွန်းလာရင် ဒေါ်လေးပဲ တံခါးဖွင့်ပေးမယ်၊ တူမကြီး ပျော်အောင်သာအိပ်၊ မနက်မိုးလင်းတော့လည်း ဒေါ်လေး ပြောတာမမေ့နဲ့၊ ဘယ်သူဘယ်လိုပဲ ဟန်မဆောင်နိုင်ဘဲ ခုနစ်အိမ်ကြားအော်ပြီးနေနေ ကိုယ်ကတော့

တိတ်တိတ်ကလေး ကျိတ်ကျိတ်ပြီး ကိုယ့်ကိုယ်ကိုယ် ကိုယ်ဆင်ခြင်၊ ကဲ ကဲသွားချေတော့”ဟူ၍ အတင်းနှင်လွှတ်နေသောကြောင့် အကြော့လည်း အိပ်ခန်းဆီသို့ ထလာခဲ့လေ၏။

ဒေါ်လေးပြောသောစကားများမှာ အလွန်ရက်စက်ပြတ်တောက်သောစကားများပင်ဖြစ်သော်လည်း မှန်ကားမှန်ပေ၏။ လွဲလွဲက ရှုံးကြီးတင်င် ဟန်မဆောင်နိုင်အောင်ငိုတိုင်း မိမိတွင် အဖော်ရပြီဟူ၍ အတူလိုက်ပြိုင်ကာ ရှုံးကြီးတင်င်ငိုနေ၍မဖြစ်၊ သို့သော် သူ့ကိုကား မသနားဘဲ မနေနိုင်၊ မလွမ်းဘဲမနေတတ်၊ သူ့ကို တွေ့နိုင်စကောင်းသော ရပ်ရွာဒေသသို့ မိမိ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် ရောက်လာသောအခါ၌လည်း သူ့ခမျာမှာ မလိုတမာ ယုတ်မာစွာ ရန်ရှာသူများ၏လက်ချက်ဖြင့် တိမ်းရှောင်သွားရလေပြီဖြစ်သောကြောင့် သူ့အား တစ်ခဏမျှမမြင်မတွေ့လိုက်ရခြင်းအတွက် စိတ်ထဲတွင် အားမရ၊ အာသာမပြေ၊ ထိုကဲ့သို့ဖြစ်လေလေ မျက်ရည်တို့မှာ တဖြိုင်ဖြိုင်စိုရွှဲအောင် ဒလဟောကျဆင်းလာလေလေ ဖြစ်နေသည်နှင့် မရှုံ့ကမိရန် များစွာသတိထားရင်း တိုးတိုးတိတ်တိတ်ကလေး မျက်ရည်သုတ်လျက် ရှိနေရလေတော့၏။

## [၁၆]

### မခင်လှ

ယခုလောက်ကြာမြင့်လျှင် ချောမောစွာ ပြန်လည်ဆိုက်ရောက်သင့်ပြီဖြစ်လျက် အသေအချာ လက်မှတ်ခံပေးပြီး ရထားပေါ် အရောက်တင်၍ မီးရထားကြီး ထွက်သွားမှ ပြန်လာခဲ့ပါသည်ဟု မောင်သန်း၏ ပြောကြားချက်အရ အဒေါ်ဖြစ်သူထံမှ ပြန်ကြားပေးပို့လိုက်သောစာကို မိမိလက်ဝယ်ရရှိ၍ ၆ရက် ၇ရက်ကြာသည့် တိုင်အောင် လူလည်းမပေါ်လာ၊ စာလည်းမရောက် ဖြစ်လာသောအခါ မခင်လှမှာသူ့အတွက် များစွာပူပန်ကြောင့်ကြခြင်းဖြစ်ကာ မကြံတတ်မစည်တတ်နှင့် သောကကြီးစွာ ရောက်နေမိလေ၏။

အကြော့တို့ သုံးဆယ်သို့ ပြောင်းရွှေ့ကြတော့မည်ရှိရာတွင် သူသိမှသိနှင့်စေတော့ဟု ကြိုတင်ရေးသား အကြောင်းကြားလိုက် သောစာ၌ အခြားတွေ့ရာ နေရာတို့သို့ စိတ်ကူးရတိုင်း လျှောက်သွားနေခြင်းမပြုမူ၍ သူ့အကြောင်းမပြောဘဲနှင့် ကောင်းကောင်း သိရင်းစွဲဖြစ်သော ဤမြို့ ဤဒေသသို့သာ ပြန်လာခြင်းပြုရန် မိမိတို့အားလုံးကပင် မျှော်လင့်တောင့်တနေကြကြောင်း အအတိအလင်း ရေးထည့်လိုက်ပြီဖြစ်၍ သုံးဆယ်မှာမနေ ရှောင်လွှဲထွက်ခွာလာမည်ဟုဆိုလျှင် ဧကန် မိမိတို့ဆီသို့သာ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ပြန်ရောက်လာလိမ့်မည်ဟု ယုံကြည်ကိုးစားမိသည့်အလျောက် နေ့နှင့်အမျှ လက်ချိုးရေတွက် မျှော်လင့်ချက်ကြီးမားစွာထားလျက် သူ့အလာကို နားစွင့်စောင့်ဆိုင်းနေမိသော်လည်း ယခုသော် ၇ရက် သာ ကြာမြင့်ကုန်လွန်သွားခဲ့၍ မိမိတို့ နေ့နှင့်အမျှမျှော်လင့်နေကြရသူကား မပေါ်လာဘဲရှိသည့်အတွက် မျှော်လင့်ချက်ကလေးပင် ဆက်လက်ထားရဦးမည်လိုလို၊ သို့မဟုတ်လျှင်လည်း မျှော်လင့်ချက်ဟူသမျှကိုပင် လုံးဝစွန့်လွှတ်လိုက်ရတော့မယောင်ယောင်၊ မတင်မကျနှင့် သောကမအေး ပူဆွေးတမ်းတနေရခြင်းဖြစ်လေ၏။ မကြာမကြာလည်း သုံးဆယ်သို့ ကိုယ်တိုင်လိုက်သွားပြီးလျှင် အဒေါ်ဖြစ်သူ အားလည်းကောင်း၊ မီးရထားအထိ လိုက်ပို့လိုက်သည်ဆိုသော မောင်သန်းအားလည်းကောင်း၊ သူ့အကြောင်းကို လုံးစေ့ပတ်စေ့ မေးမြန်းစုံစမ်းရလျှင် ကောင်းလိမ့်မည်လားဟု တွေးတောမိကာ မိခင်ကြီးကိုပင် ဖွင့်၍ တိုင်ပင်ပြောဆိုခွင့် တောင်းတော့မည် ကြံစည်မိပြီးမှ လိုက်၍မဖြစ်၊ အကယ်၍ မိမိလာရောက်ခြင်းကို အကြော့ မတော်မဆ တွေ့မြင်သွားလျှင် လာရောက်သည့် အကြောင်းအရာများ တစ်စွန်းတစ်စပေါ် ကုန်မည်ဖြစ်ဘိမူ တစ်သက်တွင် ကြီးစွာ မျက်နှာပူဖွယ်ရာသာလျှင်မက

တစ်ယောက်နှင့်တစ်ယောက် လူချစ်ချင်း ခွင့်မလွှတ်နိုင်အောင် မုန်းတီးသွားမည်စိုးရပြန်သောကြောင့် ကိုယ်တိုင် သွားရောက်စုံစမ်းလိုစိတ်ဟူသမျှကို ပေါ်လာတိုင်း ပေါ်လာတိုင်း ချိုးနှိမ်ဖယ်ရှားပစ်နေရရှာလေ၏။

တစ်ခါတစ်ခါလည်း "ဟယ် အကြော့ သိသွားကော ဘာဖြစ်သေးလဲ။ သူလည်း ဘာမှတတ်နိုင်တော့တာမှ မဟုတ်ဘဲဟာပဲ"ဟူ၍ စိတ်ကိုတင်းကာ သုံးဆယ်သို့ မီးရာရထားဖြင့်လိုက်သွားဖို့ ကြံစည်ရုံ မျှမက အထုပ်အပိုးကလေးများပင် ထ၍ပြင်မိပြီးမှတစ်ဖန် "ဖြစ်သေးထင်ပါဘူးလေ" နောက်နောက်က ဖုံးလာခဲ့သမျှဟာတွေ ပေါ်ပြီးကုန်ရင် ဘယ်သူမှ မကောင်းဖြစ်နေတော့မယ်၊ အဒေါ်ဆီလည်း သူပြောဆို မှာကြားသွားသမျှတွေ အကုန်ရေးပြီး စာထည့်လိုက်စမ်းပါဆိုလို့ အဒေါ်ကလည်း မောင်သန်းဆီက သိရသလောက် ရေးထည့်လို့ပဲ ငါ့ဆီစာရောက်နေပြီ မဟုတ်လား၊ ဘယ်ဆီများ လျှောက်သွားနေပါလိမ့်နော်၊ သနားစရာ-သနားစရာ။ ကိုယ့်ဒုက္ခလည်း ကိုယ်သိပ်ပြီးရှာတဲ့ လူ့သူတော်ကောင်းကြီး၊ ဘုရားသိကြားမလို့ တပည့်တော်မဆီ ဆိုက်ဆိုက်မြိုက်မြိုက် ပြန်လာအောင် သမာဒေဝနတ်ကောင်းနတ်မြတ်များ ကူညီဝိုင်းလို့ မှိုင်းမလိုက်ကြပါစေသော်"ဟူ၍ လက်အုပ်ကလေးများပင်ချီမိကာ ဆုတောင်းခြင်းတွင်သာလျှင် အဆုံးသတ်ခဲ့ရပေါင်း များပြီဖြစ်လေ၏။

မိခင်ကြီးကား သမီး၏အဖြစ်အပျက်ကို လုံးဝမသိ၊ ရိပ်လည်းမရိပ်မိ၊ တစ်နေ့ဝင်၍ တစ်မိုးချုပ်သွားတိုင်းချုပ်သွားတိုင်း "ဟဲ့ သမီး မောင်မြင့်မောင် တစ်ယောက်လည်း ပြန်မရောက်ပါလား၊ ဘာသံများကြားရတုံး" ဟူ၍ မေးမြန်းစုံစမ်းခြင်းပြုလျက် "ဟုတ်ပါရဲ့ မေမေ၊ ဘာဖြစ်လို့ ရောက်မလာသေးသလဲမသိဘူး၊ ဘာသတင်းမှလည်း မရဘူး" ဟု သည်ထက်ပိုမို၍ မဖြေကြားဘဲ နှစ်ယောက်သား ကိုယ့်စိတ်ကူးနှင့်ကိုယ် ငြိမ်သက်တိတ်ဆိတ်စွာ လုပ်ဖွယ်ရာရှိသမျှကလေးကို လုပ်ကိုင်နေတတ်ကြလေ၏။ ထိုအခါများတွင် မိခင်ကြီး၏ လက်များမှာ အသက်အရွယ်ကြီးရင့်သဖြင့် ကတုန်ကယင်ဖြစ်နေ၍ တစ်စုံတစ်ခုကို ကိုင်တွယ်လိုက်လျှင် ကောင်းစွာ မမြဲရုံမှတစ်ပါး ထူးထူးခြားခြားမဖြစ်သော်လည်း မခင်လှမှာမူ တစ်စုံတစ်ရာကို ကိုင်နေရင်းလွတ်ကျတတ်ခြင်း၊ လက်များ အမှတ်မထင် တုန်ရီနေတတ်ခြင်း၊ မျက်နှာကလေး မသိမသာညှိုးလျက် မျက်လုံးအိမ်တွင် မျက်ရည်စကလေးများ လျှမ်းဝေနေတတ်ခြင်းတို့ ဖြစ်တတ်ပေ၏။

သို့သော် မိခင်ကြီးကား သမီးဖြစ်သူ၏ အဖြစ်အပျက်ကို လုံးဝမသိ၊ ရိပ်လည်းမရိပ်မိ၊ တစ်နေ့ဝင်၍ တစ်မိုးချုပ်သွားတိုင်း ချုပ်သွားတိုင်းသာလျှင် "ဟဲ့ သမီး မောင်မြင့်မောင်တစ်ယောက်လည်း ပြန်မရောက်ပါလား၊

ဘာသံများကြားရသေးသတုံး”ဟူ၍ မေးနေကျအတိုင်းသာ မေးမြန်းစုံစမ်းခြင်းပြုလျက် သမီးဖြစ်သူမှာလည်း အသံကိုတည်ငြိမ်သမျှ တည်ငြိမ်အောင် အထူးသတိထားပြီးလျှင်“ဟုတ်ပါရဲ့မေမေ၊ ဘာဖြစ်လို့ ရောက်မလာသေးသလဲ မသိဘူး၊ ဘာသတင်းမှလည်း မရဘူး”ဟူ၍ သည်ထက်ပို၍ မဖြေကြားနိုင်၊ မဖြေကြားဝံ့ဖြစ်နေလေ၏။

ပြန်လည် ဆိုက်ရောက်သင့်ပါလျက် မရောက်ဘဲရှိနေခြင်းဖြင့်ပင် ၁၅ရက်မျှကြာမြင့်ခဲ့လေ၏။ ၁၅ရက်တာမျှအခါကာလကို အခြား သူတို့စိတ်တွင် မည်သို့ သဘောရကြမည်မသိသော်လည်း မခင်လှ အဖို့တွင်မူ ဤ ၁၅ ရက်ထက် ပိုမို၍ပူပင်သောက ရောက်ခဲ့ရသည်မရှိ ဖြစ်ပေ၏။

၁၆ ရက်နေ့အတွင်းသို့ ကူးဝင်၍ သူ၏ သတင်းအစအနမျှကိုပင် မကြားရတော့သောအခါတွင်မူကား ဤတစ်သက်တွင် သူ့အား ပြန်၍တွေ့မြင်ရပါဦးမည်လောဟူ၍ စိုးရိမ်ခြင်းတစ်မျိုးဖြင့် စိုးရိမ်မိကာ အကြောင်းအား မိမိသိလျက်နှင့် ဖုံးကွယ်လှည့်ပတ်ထားစဉ်က အကြောင်းခမျှ ခံစားသွားရသော စိတ်ဒုက္ခများကို ယခုလောလောဆယ် မိမိမှာဝဋ်ဆိုက်ကာ အတိုးချ၍ ခံယူနေရပြီလောဟု တွေးတောလျက် မိုးစင်စင်လင်းသည့်တိုင်အောင် အတွေးနက်မိနေရင်း မျက်နှာကလေး မသိမသာချောင်လာပြီးလျှင် အမူအရာတို့မှာလည်း ယခင်ကလို ဖျတ်လတ်ခြင်း မရှိတော့ရာမှ တဖြည်းဖြည်း လေးလံထိုင်းမှိုင်းလာသည့်အတွက် အိပ်ရာထဲတွင်သာ အချိန်ရှိသရွေ့ ခွေနေသောအဖြစ်သို့ ရောက်လာခဲ့ရလေ၏။

တစ်နေ့၌မူကား ပြတင်းပေါက်တွင် မေးတင်ကာ ရောက်တတ်ရာရာ စဉ်းစားရင်း လူကြီးတစ်ယောက် စိုက်စိုက်-စိုက်စိုက်နှင့် အိမ်ဆီသို့ တန်းတန်းမတ်မတ်ကြီး ရှေးရှုလာရောက်လျက်ရှိသောကြောင့် ရက်အတန်ကြာပင် များစွာမဖွင့်ချင်တိုင်း အလိုလိုက်ထားခဲ့သဖြင့် လေးလံနေပြီဖြစ်သော မျက်ခွံကို အနိုင်နိုင် အားယူဖွင့်ကာ စူးစိုက်ကြည့်ရှုလိုက်ရာ ဥတို့ရွာမှ ဦးဘိုးကူးဖြစ်နေသည်ကို တွေ့ရ၍ အောက်သို့ ဆင်းလာခဲ့လေ၏။

“ဟဲ့ ခင်လှ ပိန်လှချေကလား၊ နေမကောင်းလို့လား” ဟူ၍ ဦးဘိုးကူးသည် လူကိုမြင်လျှင်မြင်ချင်း အကဲခတ်ကာ နှုတ်ဆက်လိုက်သည်နှင့်

“ဦးလေးဘိုးကူးထင်လို့ပါ၊ ကျွန်မ နေကောင်းသားပဲ”

“မဟုတ်ပါဘူးကွယ်၊ မင်းမြင်ရတာနဲ့ ဦးလေးသိတယ်၊ ခုထိဘာသတင်းမှ မကြားရသေးဘူး ဟုတ်စ”

မခင်လှမှာ မျက်နှာလေး နီမြန်းမသွားမိစေရန်

များစွာသတိထားလိုက်ရလေ၏။ သို့ပင် သတိထား၍ ဆင်ခြင်လိုက်သော်လည်း တစ်ကိုယ်လုံးပင် မည်သို့ဖြစ်သွားသည်မသိ၊ ပူသလိုလို ထူသလိုလို ဖြစ်သွားခြင်းဖြင့် မိမိမှာ ဦးဘိုးကူး၏ ရှေ့တွင် အကြောင်းမှန်ကို ဖုံးကွယ်၍ မရနိုင်တော့ဟူ၍ထင်မိကာ ခေါင်းကလေးကို မဖော်ဝံ့ဘဲ အတန်ကြာငုံ့၍ နေမိလေ၏။

ကိုမြင့်မောင် ဥတိုရွာကလေးမှ ထွက်သွား၍ ၃ ရက်ခန့်ကြာသောအခါ ရွာထိပ်သို့ စိတ်ပြေလက်ပျောက် လျှောက်သွားမိရာ မြို့ကပြန်လာသော ဦးဘိုးကူးနှင့် ရင်ဆိုင်တိုးနေ၍ သူ့သတင်းကိုမေးသည်တွင် မိမိမှာ ဣန္ဒြေမဆည်နိုင်ဖြစ်ခဲ့ဖူးသည့်အတွက်-"ကဲ-ကဲ စိတ်မငယ်ပါနဲ့ကွယ်၊ ဦးလေး သူ့ကိုမတွေ့တွေ့အောင် ရှာပေးပါ့မယ်၊ တိတ်တိတ်" ဟုဖျောင်းဖျောင်းဖျဖျ အားပေးခဲ့ဖူးသည့် စကားကိုလည်း ချက်ချင်းသွား၍ သတိရမိလေ၏။

ဤတွင် ဦးဘိုးကူးမှာမိမိ၏စိတ်ထဲ၌ မည်သို့ဖြစ်နေသည်ကို ကောင်းစွာ သိရှိပြီးဖြစ်နေပြီဖြစ်၍ ဖုံးကွယ်လျှင်လည်း မထူးတော့သည်နှင့် "ဟုတ်ကဲ့"ဟု တစ်ခွန်းချင်းသာလျှင် အဖြေပေးနိုင်တော့လျက် ငုံ့ထားသော ခေါင်းကိုမူကား ပြန်၍မဖော်ဝံ့ ဖြစ်နေလေ၏။

"အေးကွယ် ဦးလေးလည်း တတ်နိုင်သလောက် စုံစမ်းတာပဲ၊ တစ်ခါတည်း မြုပ်သွားလိုက်တာ ဘယ်ဆီမှာမှ သတင်းမရဘူး၊ ဒါပေမဲ့ စိတ်တော့မလျှော့သေးဘူးကွယ့် မတွေ့မချင်းရှာမှာပဲ။ သေသောသူကြာလျှင်မေ့၊ ပျောက်သောသူရှာလျှင် တွေ့တဲ့ကွယ့် ဘာမို့လို့လဲ၊ တွေ့ရင်တော့ ကိုင်း ဆရာကလေး တစ်သက်နဲ့တစ်ကိုယ် ဘယ်ကိုမှ ထွက်သွားဖို့ မမှန်းနဲ့တော့။ ဒီမှာတစ်သက်ပတ်လုံး အေးအေးကလေး ထိုင်စားနေပါလို့ အတင်းတားရမှာပဲ၊ ဦးလေးတစ်ယောက်တည်း တားလို့မရရင် မင်းပဲတားခိုင်းရမှာပဲ၊ မင်းတားရင်ရမှာပဲ၊ ကဲ-ဦးလေး သွားလိုက်ချေဦးမယ်၊ အဲဒါ ဝင်မေးတာပဲ၊ ဘာများကြားသေးလဲလို့၊ ဦးလေး ဒီနေ့အထက်ကို ဆွေတွေမျိုးတွေလည်းတွေ့ရင်း ကိစ္စလေးလည်း တစ်ခုရှိတာနဲ့ ဒီနေ့ပဲသွားမလို့ မြို့ကိုတက်လာခဲ့တာကလား၊ အေးကွယ် တွေ့တော့တွေ့မှာပေါ့။ မတွေ့ဘဲတော့ ဘယ်ရှိမလဲ။ ကိုယ်စိတ်ချမ်းသာအောင်သာ စိတ်ကိုဖြေပေါ့ကွယ်၊ ဦးလေးလည်း ကြိုးစားပြီး သတင်းစုံစမ်းမှာပဲ၊ စိတ်သာချ၊ သတင်းရတယ်ဆိုရင် ရရာကို လိုက်မှာပဲ။ ကဲ-သွားမကွယ့် တူမကြီး ကျန်းမာအောင်သာနေနော်"ဟု ပြောပြောဆိုဆို နှုတ်ဆက်ထွက်ခွာသွားလေသောကြောင့် "ဟုတ်ကဲ့"ဟူ၍သာ ပြန်လှန်နှုတ်ဆက်လိုက်ရပြီးလျှင် အိမ်ထဲသို့ တစ်လှမ်းချင်း ပြန်လည်ဝင်ရောက်ခဲ့ရလေ၏။

တစ်ခဏမျှကြာသောအခါ ဒေါက်ဒေါက်နှင့် အောက်ထပ်မှ တဒေါက်ဒေါက် တံခါးခေါက်နေသံကြားသောကြောင့် ဆင်းလာခဲ့ရပြန်ပြီးလျှင်

တံခါးကိုဖွင့်ပေးလိုက်ရာ မိမိအား စာတစ်စောင် လှမ်း၍ပေးနေသော စာပို့ပျာတာကိုတွေ့ရသည်နှင့် အားရဝမ်းသာစွာ စာကို လှန်လှောကြည့်ရှုသောအခါ မိမိမျှော်လင့်နေသူထံမှ မဟုတ်သော်လည်း အကြော့လက်ရေးဖြင့် လိပ်စာတပ်ထားသည်ကို တွေ့ရသည့်အတွက် တံခါးကိုပင် ပြန်၍မပိတ်နိုင်ဘဲ ပျားယီပျာယာ ဖွင့်ဖောက်ဖတ်ရှုကြည့်သည်တွင်

လှရေ

အကြော့တော့ အသည်းကွဲလောက်စရာဖြစ်ရပြန်ပြီလေ၊ အကြော့တို့ ဒီရောက်လို့ ဘာမှမကြာပါဘူး၊ သူ ဒီမှာနေသွားပြီး လုပ်ကိုင်သွားပုံတွေကို သတင်းကြားရတာပဲ၊ သူ ဒီရောက်နေသတဲ့ လှရဲ့။ စောစောကမသိရဘူး၊ အခုတော့ အကြော့တို့လည်း ရောက်ရော သူလည်း ဒီမြို့က ပျောက်သွားတာပဲ၊ ဒီမြို့ကလည်း လှရယ် သူ့အပေါ်မှာ သိပ်ပြီး ယုတ်မာရက်စက်လိုက်ကြတာပဲ၊ အကြော့ဖြင့် ဒီအကြောင်းတွေ ကြားရလေလေ မချိတင်ကဲဖြစ်လေလေပဲ၊ မြို့က ဝိုင်းပြီးချိုးလို့ မနေနိုင်တာနဲ့ ထွက်ပြေးသွားရရှာတယ်တဲ့ လှရယ်၊ အသည်းနာစရာတွေ၊ အသည်းနာစရာတွေ၊ ဒါတွေကြားရတော့ အကြော့လေ အကြော့၊ အသက်နဲ့ကိုယ် တည်မြဲပြီးတော့တောင် မနေချင်တော့ဘူး၊ ဘာလုပ်ဦးမှာလဲလှရယ်၊ ဒီလောကကြီးထဲမှာ သူ့မှာ ရောက်ရလေသမျှဒုက္ခတွေဟာ အကြော့ကြောင့်ချည်းပဲ မဟုတ်လား၊ အကြော့သာ သူ့ကို ဟိုတုန်းကရွေးခဲ့ရင် သူအခုလို လူတကာ အထင်လွဲတိုင်း ဟိုပြေးရ ဒီပြေးရနဲ့ ခြေသလုံးအိမ်တိုင် လုပ်နေရတဲ့ လူတစ်ယောက်အဖြစ်ကို ရောက်မှာမဟုတ်ဘူး၊ အခုတော့ အကြော့ကြောင့် အကြော့ကြောင့် ဒီအမိုက်မကြောင့် ဒါတွေရေးရ တွေးရင်လည်း သေသာသေပစ်လိုက်ချင်တာပဲ လှရေ၊ သေသာသေပစ်လိုက်ချင်တာပဲ။ တကယ်ပြောတာ အသက်ကိုလည်း တယ်ပြီး မနှမြောလှတော့ပါဘူး။

လှရှိတုန်းကတော့လေ၊ အကြော့ စိတ်ရှိလက်ရှိပြောပြီး အားရပါးရ ငိုပစ်လိုက်နိုင်တာပဲ၊ အခုတော့ ဒေါ်လေးက သိပ်ပြီးဆိုးတာပဲ၊ သူလည်းလေ ကိုသက်ထွန်း သိသွားမှာ အင်မတန်စိုးရိမ်လွန်းလို့ဆိုတာပဲ၊ သူ့လည်း အဆိုးမဆိုပါဘူး၊ အကြော့ ကံကိုပဲအဆိုးချရမှာပဲ၊အကြော့လေ တစ်ခါတလေတော့ ကိုသက်ထွန်းကို တစ်ခါတည်း အကုန်လုံးဖွင့်ပြောပြီး ခွင့်လွှတ်ဖို့ တောင်းပန်မယ်ကြံမိတယ်၊ ဒါပေမဲ့လေ ဘာထူးဦးမှာလဲ၊ သူ့ကိုလည်းမတွေ့ရ၊ သူ့သတင်းလည်း မကြားရ သူရှိတဲ့နေရာ ရောက်လာပြန်တော့လည်း သာပြီးဆွေးစရာကြီးပါ လှရယ်။

သြော် ဒါနဲ့ အကြော့ စိတ်သက်သာရတဲ့အကြောင်း တစ်ခုတော့ရှိတယ် လှရေ့ ပြောရဦးမယ်၊ ဒီမြို့မှာ အတော့်ကို ချမ်းသာတဲ့ စက်သူဌေးသမီး လဲ့လဲ့ဆိုတာ ရှိတယ်၊ ရုပ်ရည်ကလည်း စက်စက်ယိုနေအောင် လှတာချောတာပဲ၊

သဘောကလည်း အင်မတန်ကောင်းတယ် လှရေ့၊ အဲ သူလည်း တခြားလူတွေက ကုန်းတိုက်တာနဲ့ ကိုမြင့်မောင်အပေါ်မှာ အတော်ပဲ အထင်အမြင်တွေလွဲပြီး ရင့်ရင့်သီးသီးလုပ်ခဲ့တာပေါ့လေ၊ အခုတော့ အကြော့နဲ့တွေ့ပြီး အကြောင်း မျိုးစုံရှင်းပြတော့ ခမျာလည်း စိတ်မကောင်းရှာဘူး၊ သူ့ယောက်ျား ကိုတောင် အတင်းကွာမယ်ရှင်းမယ်လုပ်နေလို့တောင် လူကြီးတွေက မနည်းပဲတားထားရတယ်၊ ကိုမြင့်မောင်ကို ဝိုင်းပြီးမတရားလုပ်ကြတဲ့အထဲ သူ့ယောက်ျားလည်း ပါနေတာကိုး၊ အခုတောင် တားထားရတယ်သာဆိုတယ် ဘယ်လိုဖြစ်ဦးမယ်မသိဘူး၊ လဲ့လဲ့ကတော့ မဟုတ်မခံစိတ်ပဲ၊ အကြော့လည်း သူနဲ့ကျမှပဲ ကိုယ့်အပူကို တစ်စတစ်စ ဖြေယူပြီးနေရတယ်၊ ဒါပေမဲ့ လှရယ်၊ လှလည်း အသိသားပဲ၊ ဘယ်လိုလုပ် ဖြေလို့ရပါ့မလဲ။

လှကော မာရဲ့လား၊ ကြီးဒေါ်ကော တစ်ခါတလေ အလည် လာခဲ့ပါလား လှရယ်၊ သုံးဆယ်ဆိုတာ အတော်တော့ အစည်သား လှရဲ့၊ တောတွေလျှောက်လည်ရရင် သိပ်ပြီးပျော်စရာကောင်းတယ်လို့ ပြောတယ်၊ အကြော့တော့ ဘယ်မှမရောက်သေးပါဘူး၊ လှ လာရင်တော့ ရောက်ဖြစ်မှာပဲ၊ သူဆေးကုသွားတဲ့ ရွာတွေရွာတွေ မနည်း ပါဘူးဆိုပဲ၊ လှလာရင် ဟန်ကျမယ်၊ လျှောက်ပြီးမေးနိုင်တာပေါ့၊ လာမလားကွယ် လှရယ် လာဖြစ်အောင် လာနော်၊ မလာဖြစ်သေးလည်း စာကလေး ဘာကလေး မကြာမကြာ ရေးစမ်းပါ၊ သူ့အကြောင်းကော ဘာမှမကြားဘူးလား၊ ကြားရင် ပြောရမယ်နော်၊ အကြော့လည်း သတင်းရရင် လှဆီကို သံကြိုးရိုက်လိုက်မယ်၊ လှက လည်းရိုက်နော်၊ ကဲ ဒါပဲဒါပဲ။

အငြော့

မခင်လှလည်း စာကလေးကို ခေါက်လိုက်ကာ "ဩော် အကြော့ အကြော့ မသိရှာဘူး"ဟူ၍ ညည်းညူရင်း အလွန်လေးလံသော ခြေလှမ်းများဖြင့် အိမ်ပေါ်သို့ တစ်လှမ်းချင်းတက်၍ သွားပြီးလျှင် ခုတင်ပေါ်သို့ ပစ်လှဲလိုက်ပြီးနောက် စီးကျလာသောမျက်ရည်ပူများကို မျက်နှာသုတ်ပဝါနှင့်သုတ်ရင်း ဆို့တက်လာသောအပူလုံးကို ယူကျုံးမရစွာ အတင်းနှိမ်နင်းမျိုချနေရလေတော့သတည်း။

## [၁၇]

### သူ့မိတ်ဟောင်း

အကြော့ စိတ်ကောင်းမှကောင်းစေတော့ဟူသောသဘောဖြင့် နေရင်းမြို့ကလေးမှ ထွက်ခွာလာရစဉ်က မိမိ၏စိတ်တွင် တစ်မျိုးတစ်မည်ကြီးဖြစ်ကာ အလွန်လေးလံထိုင်းမှိုင်းခဲ့ရာ ယခုတစ်ဖန် အကြော့နှင့်မတွေ့ရန်တစ်ကြောင်း၊ မိမိစိတ်ထဲတွင် မည်သို့သော အကြောင်းကြောင့်မသိ၊ အတန်ငယ် တွယ်တာမှန်းမသိ တွယ်တာနေမိပြီဖြစ်သော လဲ့လဲ့မှာ တစ်ပါးသူ၏ရင်ခွင်တွင် ရွှင်ရွှင်ပျပျ ကျရောက်ပျော်ပိုက်လျက် ရှိတော့မည်ဖြစ်၍ မိမိဆက်လက်နေထိုင်ခြင်းဖြင့် စိတ်၏ချမ်းသာရာကို ရနိုင်ဖို့ရန်မရှိတော့သည်လည်း တစ်ကြောင်း သုံးဆယ်မြို့မှ ညကြီးသန်းခေါင် အမှတ်မထင် ထွက်ခွာလာခဲ့ရပြန်သောအခါတွင် ထိုစဉ်အခါက ခံစားရသောစိတ်ဝေဒနာထက် ယခုခံစားနေရသော စိတ်ဝေဒနာမှာ အဆအရာအထောင် ပိုမိုကြီးကျယ်ပြင်းထန်သည်ဟူ၍ ထင်မှတ်မိကာ ရထားထွက်၍ မောင်သန်းအား နှုတ်ဆက်ပြီးသည်နှင့်တစ်ပြိုင်နက် ခေါင်းကြီးကို အောက်သို့ငုံ့လျက်လိုက်ပါလာခဲ့လေ၏။

"ကောက်ညှင်းကျည်တောက် ကြက်သားကြော်၊ စာကလေးကြော်၊ လက်ဖက်ရည်-လက်ဖက်ရည်-ကာဖီ"ဟု အသံပေါင်းများစွာ တစ်ပြိုင်နက်တည်း ကြားလိုက်ရလျက် မီးရထားလည်း အရှိန်ဖြင့် ဝုန်းခနဲ့ ထိုးရပ်လိုက်မှ ခေါင်းထောင်ကြည့်လိုက်ရာ လက်ပံတန်းဘူတာသို့ ဆိုက်ရောက်နေခြင်းကို တွေ့ရလေ၏။ မိမိစီးလာသောတွဲမှာ ဒုတိယ တွဲတစ်တွဲဖြစ်ရာ သုံးဆယ်ဘူတာတွင် မိမိတက်ရောက်လာစဉ်ကပင် စီးနင်းလိုက်ပါလာသူများမှာ စောင်ကို ခေါင်းမြီးခြုံ၍ အိပ်လျက် လိုက်ပါလာသောကြောင့် ထိုသူတို့မှာ မိမိအဖြစ်ကို မြင်နိုင်ကြမည်မဟုတ်၊ မိမိကား သာယာဝတီ၊ အင်းရွာ နှစ်ဘူတာကျော်လွန်လာသည့်တိုင် ခေါင်းကြီးငိုက်စိုက်ချကာ လိုက်ပါလာခဲ့မိ၏။ ရုတ်တရက် ရထားဆိုက်လိုက်၍ ခေါင်းထောင်ကာ အပြင်သို့ ထွက်ပြူကြည့်ရာမှ လက်ပံတန်းဘူတာမှန်းသိ၍ အတွင်းဘက်သို့ ခေါင်းပြန်ရုပ်လိုက်သော အခါ အိပ်နေသူများထဲမှ ထသံကြားသဖြင့် လှည့်ကြည့်လိုက်သည်တွင် မျက်လုံးကိုရုတ်တရက် ရုပ်သိမ်း၍မရ၊ ထိုသူကလည်း မျက်စိကိုပွတ်ကာ စူးစိုက်ကြည့်ရှုနေသည်ကို အံ့အားသင့်စွာဖြင့် ကြည့်နေရာမှ ရုတ်တရက်သတိရဘိသည့်အလား "ဟေ့ မင်း-ထွန်းဝေ မဟုတ်လား" ဟု မေးလိုက်မိလေ၏။

ထိုသူလည်း ဤတွင်မှ ပြဿနာတစ်ရပ် ပြေရှင်းသွားသကဲ့သို့ "မင်းကော

မြင့်မောင် မဟုတ်လား”ဟု မေးလိုက်ရာ ကိုမြင့်မောင်လည်း ခေါင်းညိတ်လိုက်လေ၏။ ဤတွင် “ငါ့ကွာ ကြည့်လိုက်ရတာ မနည်းကြီးပဲ၊ နေစမ်းပါဦးကွ မျက်နှာက ရောမအနာရွတ်ကြီးက ဘယ်တုန်းက ရလာတာလဲ၊ ပြီးတော့ ဟိုဘက်က ထောင်ထားတဲ့ ချိုင်းညှပ်ကကော”

ကိုမြင့်မောင်သည် သွားပေါ်ရုံမျှပြုံးနောက် “ငါ့ချိုင်းညှပ်လေ”ဟု အေးဆေးစွာပင် ပြောလိုက်ရာ

“နေစမ်းပါဦးကွ၊ ဘာဖြစ်လို့ ဒါကြီးယူလာရတာလဲ၊ ပြောစမ်းပါဦး၊ မင့်မြင်ရတာ အသည်းထိတ်လှချည့် သူငယ်ချင်းရာ"

“အမယ်လေးကွာ၊ ဆရာဝန်အရင့်မကြီးတစ်ယောက်လုံးလုပ်နေပြီးမှ အနာရွတ်ကလေးတစ်ခုမြင်ရတာနဲ့ အသည်းထိတ်လှသတဲ့”ဟု ကိုမြင့်မောင်လည်း ခပ်အေးအေးပင်ပြောလိုက်လေ၏။

“မဟုတ်ဘူးကွာ၊ ငါစိတ်မကောင်းလိုက်တာ၊ ပြောပဲပြောပါဦး သူငယ်ချင်းရာ၊ ဘယ့်နှယ်များဖြစ်လာတာလဲ”

“ဘယ့်နှယ်မှမဖြစ်ပါဘူးကွာ၊ မင်းမြင်ရတဲ့အတိုင်းပေါ့၊ မျက်နှာမှာ အနာရွတ်တစ်ခု၊ ပြီး-ခြေတစ်ပေါင်ကျိုး”

“ဟေ-မင်းခြေတစ်ဖက်ကျိုးသွားတယ်လား၊ ဘာဖြစ်လို့များလဲ

သူငယ်ချင်းရာ၊ ဘုရား-ဘုရား၊ စိတ်မကောင်းစရာပါကလား” “အေးကွာ-ငါလည်း မပြောပါရစေနဲ့တော့၊ အလကား စိတ်မကောင်းစရာတွေပြောနေလို့ အပိုပါပဲ၊ မင်း အခုဘယ်ကလိုက်လာ သလဲ”“ရန်ကုန်က၊ မင်းကော”

“ငါလား၊ ဟိုဘက်နားက”

“ရှင်းရှင်းပြောစမ်းပါ သူငယ်ချင်းရာ၊ နောက်မနေစမ်းပါနဲ့၊ ငါမင်းကိုအခုတွေ့ရတာ ဝမ်းသာရမလား၊ ဝမ်းနည်းရမလား မပြောတတ်အောင်ဖြစ်နေတာပဲ၊ မင်းဘယ်လိုဖြစ်တာလဲ၊ ဘယ်ကလာတာလဲ၊ ဘယ်ကိုသွားမှာလဲ”ဟု တသီတတန်းကြီး သိလိုဇောဖြင့်မေးမိလေ၏။

“အေး-မင်းလဲအခုထက်ထိ ငယ်စိတ်မပျောက်သေးဘဲကိုး၊ တယ် အမေးလောဘကြီးတာပဲ"

“နို့ မင့်ဥစ္စာကိုက သိပ်အေးစက်စက်ကြီးကိုကွ၊ ငါသိချင်တာ မေးမိတော့တာပေါ့၊ ငါဟိုဘက်နားကပဲ တက်လိုက်လာတာပဲ၊ ဘယ်ကိုရယ်လို့ စိတ်ကိုမဆုံးဖြတ်ရသေးဘူး၊ လက်မှတ်ကတော့ မင်းလှအထိခံလာတာပဲ”

"မင်းလှမှာ ဘယ်သူရှိသလဲ၊ မင်း-မင်းလှရောက်နေလို့လား၊ ဆေးဆိုင်ဖွင့်ထားသလား မင်းလှမှာ၊ ပြောစမ်းကွာသူငယ်ချင်းရာ၊ ငါမြန်မြန်သိစမ်းပါရစေ"

"ထူးထူးခြားခြားတော့ ပြောစရာမရှိပါဘူးကွာ၊ မင်းမြင်တဲ့ အတိုင်းပဲ၊ ငါ့မှာ ခရီးစဉ်ဘာမှမရှိတော့ မမေးပါနဲ့ သူငယ်ချင်းရာ၊ ငါ့ကို တကယ်ချစ်ရင်မမေးပါနဲ့"

"ဖြစ်မှဖြစ်ရလေသူငယ်ချင်းရာ၊ ကဲ ဒါဖြင့် ငါသေချင်အောင်သိချင်ပေမယ့် မင်းစိတ်ချမ်းသာမှာဖြင့် မမေးတော့ပါဘူး၊ ဒါပေမဲ့ မင်းမှာခရီးစဉ်မရှိဘူးဆိုရင် ငါနဲ့ပြည်လိုက်ခဲ့ပါလား၊ ငါပြည်ကိုပြန်မလို့၊ ငါအခု ဟိုမှာရောက်နေတယ်၊ လိုက်ခဲ့ကွာ၊ မင်းလှကျတော့ လက်မှတ်ဆက်ခံလိုက်တာပေါ့၊ ငါ့ကောင်ကလေးကို ခိုင်းလိုက်မယ်၊

ဟော့ သူငယ်ချင်းငြင်းမယ်တော့မကြံနဲ့ကွာ၊ မင်းစိတ်ပျော်သလောက်နေတာပေါ့။ ငါလည်း မင်းကျေးဇူးတွေကို နည်းနည်းမှ မမေ့ပါဘူးကွာ"

"ဒါတွေပြောမနေပါနဲ့ကွာ" ဟူ၍ ကိုမြင့်မောင်လည်း စကားကို တစ်ခါတည်းပိတ်လိုက်လေ၏။ သို့သော် စိတ်ထဲတွင်ကား လိုက်သွားရလျှင် ကောင်းလေမည်လားဟူ၍ လျှင်မြန်စွာစဉ်းစားနေလေ၏။ စင်စစ်သော်ကား မင်းလှသို့ပြန်မည့်သာ ပြန်လာခဲ့သော်လည်း များစွာပြန်ချင်စိတ်မရှိ၊ နေရာဟောင်းကို ပြန်၍မြင်ရလျှင် အဟောင်းမှာ အသစ်ဖြစ်ကာ စိတ်၏ဝေဒနာ ပိုမိုခံယူနေရမည်ကို ကောင်းစွာသိလေ၏။ မခင်လှတို့ကိုကား မတွေ့ချင်သည်မဟုတ် တွေ့ချင်၏။ သို့သော် မခင်လှတို့ကို တွေ့လိုခြင်းမျှအတွက် မိမိမကြည့်ချင်၊ ကြည့်ချင်ရန် အကြောင်းမရှိတော့၊ ကြည့်လည်း မကြည့်ဝံ့လှသော မြို့ကလေးကို ပြန်ရမည်မှာ တွေးလေလေ ခဲယဉ်းလေလေ ဖြစ်လာသည့်အလျောက်

"ငါလိုက်လို့ တာဝန်များ များနေမလားကွာ"

"ဟော့ ဒီတာဝန်စကားတွေ ဘာတွေ ပြောမနေနဲ့၊ မင်းနဲ့ငါနဲ့ ဒီနေ့ညမှတွေ့ကြ သိကြတာမဟုတ်ဘူး၊ စကားမများနဲ့၊ လာလိုက်ခဲ့၊ မင်းကော်ဖီသောက်မလား၊ ငါတော့ တစ်ခွက်လောက် သောက်ဦးမယ်"ဟု ပြောပြောဆိုဆို အနီးမှဖြတ်သွားသော ကာဖီသည်ကို လှမ်း၍ခေါ်ယူကာ ကာဖီနှစ်ခွက် ယူလိုက်လေ၏။

"ကောင်းပြီသူငယ်ချင်း၊ ဒါဖြင့် ဒီလိုလုပ်စို့၊ မင်းလည်း ငါ့အကြောင်း ငါမပြောချင်တာကို အတင်းအကျပ် မမေးနဲ့ ဟုတ်လား၊ ဒီလိုဆိုရင် ငါလိုက်မယ်"

"ထားလိုက်ပါကွာ မင့်သဘောပါပဲ၊ ငါနဲ့လိုက်ရင်ကျေနပ်ပါပြီ" တစ်ခဏမျှကြာသောအခါ မီးရထားလည်း ထွက်လာခဲ့လေ၏။ သူငယ်ချင်းနှစ်ယောက်တွင် ထွန်းဝေဆိုသော သူကသာ တွင်တွင်ကြီး စကားအတန်ကြာသည့်တိုင်အောင်ပြောလျက် သူ့မှာကား မလွှဲသာမှ တစ်ခွန်းစနှစ်ခွန်းစပြန်ကြားပြောဆိုခြင်းအားဖြင့် စီးနင်းလိုက်ပါခဲ့ရာ အုတ်ဖိုဘူတာလောက်သို့ရောက်သောအခါ နှစ်ယောက်စလုံးပင် နှစ်နှစ်ခြိုက်ခြိုက်ကြီး အိပ်ပျော်လျက်ရှိနေကြပြီဟူ၍ ထင်မှတ်ရ ပေတော့သတည်း။

နံနက် ဝေလီဝေလင်းတွင် စာပို့ရထားကြီးသည် ပြည်မြို့ ဘူတာသို့ ထိုး၍ဆိုက်လိုက်ရာ တွဲပြင်ဘက်သို့ ခေါင်းထွက်ပြူ၍ ကြိုသူကို ကြည့်နေသော ကိုထွန်းဝေအား ကိုမြင့်မောင်က အနားသို့ကပ်ပြီးလျှင် "ထွန်းဝေ ငါလိုက်လာလို့ မင့်မှာ ဘယ်လိုအနှောင့် အယှက်မျိုးမှ မဖြစ်ဘူးဟုတ်လား" ဟူ၍ ခုမှ သတိရသကဲ့သို့ ထပ်မံ မေးမြန်းနေပြန်သောကြောင့် ကိုထွန်းဝေသည် စိတ်မရှည်တော့သည့် အလား တံတောင်ဖြင့်တွက်လိုက်ကာ "တယ်ခက်တဲ့သတ္တဝါပဲ၊ မဖြစ် ပါဘူးလို့ ပြောနေတဲ့ဥစ္စာ၊ ဒီမှာလာကြိုသလား မကြိုသလား ကြည့်နေရတုန်းကွ" ဟု ဒေါသသံဖြင့် ခပ်ထန်ထန် ပြောလိုက်မှ ကိုမြင့်မောင်လည်း နောက်သို့အတန်ငယ် ဆုတ်ခွာလိုက်ပြီးလျှင် မိမိ၏ ချိုင်းညှပ်ကလေးကို ဆုပ်ကိုင်ရင်း တစ်စုံတစ်ရာမပြောဘဲ ငြိမ်သက်စွာ ထိုင်နေရလေ၏။

"လာ ဒီမှာကွ၊ မင်းတစ်ယောက်တည်းလား၊ ကိုင်း ပစ္စည်းတွေချ၊ ဘာမှမကျန်ရစ်ခဲ့စေနဲ့နော်၊ ကိုင်း လာဟေ့ မြင့်မောင်"ဟု ပြောပြောဆိုဆို တွဲအောက်သို့ ဆင်းသွားသောကြောင့် ကိုမြင့်မောင်လည်း ချိုင်းညှပ်ကလေးဖြင့် ထောက်ကာထောက်ကာ လိုက်ပါလာလေရာ ကိုထွန်းဝေမှာ ဤတွင်မှ မိမိသူငယ်ချင်း၏ဝဋ်ဒုက္ခကို ထင်ထင် လင်းလင်း မြင်ရသည့်အတွက် ကရုဏာသက်ရောက်သွားမိပြီးလျှင် စုတ်များပင်သပ်လျက် "ဖြစ်မှဖြစ်ရလေမြင့်မောင်ရာ၊ ဘယ်လိုများ ဖြစ်လာခဲ့တာလဲ။ မင့်မြင်ရတာ ငါဖြင့် စိတ်မသက်သာလိုက်တာ"

ဤတွင် ကိုမြင့်မောင်လည်း ရုတ်တရက် မျက်နှာညှိုးငယ်သွားမိပြီးမှ သတိရသကဲ့သို့ ချက်ချင်း မျက်နှာထားပြင်လိုက်ကာ "သူငယ်ချင်း မင်းပေးထားတဲ့ကတိကို မေ့သွားပြီလား၊ ဒါထက် ငါ့မြင်ရတာ မင်းမှာ စိတ်မသက်သာဘူးဆိုရင်ဖြင့် မင်းနဲ့ငါနဲ့ ဒီမှာပဲ လမ်းခွဲကြရင် ကောင်းလိမ့်မယ်ထင်တယ် ထွန်းဝေ"

ဤတွင် ကိုထွန်းဝေလည်း ပျာပျာသလဲဖြစ်သွားပြီးလျှင် "မဟုတ်ပါဘူးမြင့်မောင်ရာ၊ ငါပြောတာတလွဲမထင်ပါနဲ့၊ ငါဘယ့်နှယ်လုပ်ပြီး

စိတ်ကောင်းနိုင်ပါ့မလဲ သူငယ်ချင်းရာ၊ မင်းဖြစ်ပုံ မြင်ရတာ

"အေး အဲဒါကြောင့်ပြောတာပေါ့၊ ငါ့ကြောင့်ဘယ်သူမှ စိတ်မသက်မသာ မဖြစ်စေချင်ဘူး၊ ငါ့ကိုမြင်ရလို့ လူတွေစိတ်မသက်သာဘူးဆိုရင် ငါသူတို့အမြင်ကို ခံနေလို့ သူတို့အပေါ်မှာ တရားရာကျနိုင်ပါ့မလား ထွန်းဝေ၊ မင်းပဲ စဉ်းစားကြည့်စမ်း"

"မဟုတ်ဘူး မြင့်မောင်၊ မင်းကို ငါသနားတာမှ မသနားရဘူးလားကွာ၊ ငါက သနားတာသာ ပြောတာပါ၊ ကိုယ့်သူငယ်ချင်း တစ်ယောက်လုံး အခုလို မရှုမလှဖြစ်နေရတာမြင်ရင် ဘယ်လို ကောင်ကလာပြီး စိတ်သက်သာရာရနိုင်ပါဦးမလဲကွာ၊ မင်းပဲ စဉ်းစားကြည့်ပါဦး"

"ဟုတ်ပါတယ်၊ မင်းပြောတာတွေဟာ တစ်ခွန်းမှမလွဲဘူး၊ အမှန်ချည်းပဲ၊ အဲဒါကြောင့် ငါ့မှာ စဉ်းစားဖို့ဖြစ်လာတယ်လို့ ပြောတာပေါ့၊ ငါဟာ လူတကာ စိတ်မသက်မသာဖြစ်အောင် လျှောက်လုပ်နေလို့ ဖြစ်ပါ့မလားဆိုတာ" "ကဲကွာ ဒီရောက်မှတော့ လှည့်လည်းပြန်မယ် စိတ်မကူးပါနဲ့တော့၊ ငါနဲ့ပဲလိုက်ပြီးနေလှည့်ပါ၊ မင်းစိတ်ထဲ ငါက အခုလို စိတ်မသက်မသာဖြစ်နေလို့ အနေအထိုင်ကျပ်တည်းမယ်၊ မင်းစိတ်ဆင်းရဲ မယ်ဆိုရင် ငါ့စိတ်ထဲမှာ မသက်မသာမဖြစ်ဖို့ ငါကြိုးစားပါမယ် သူငယ်ချင်းရာ၊ ငါကြိုးစားပါ့မယ်၊ ထင်ရာတော့ လျှောက်မသွားပါနဲ့၊ ငါထားပြီးသားကတိကိုလည်းမပျက်အောင် ကြပ်ကြပ်ကြီးဂရုစိုက်ပါမယ်၊ လာပါသူငယ်ချင်းရာ၊ လာပါ"ဟု အတင်း ဆိုဆိုပြောပြောနှင့် ဆွဲခေါ်တော့မတတ် ပြုလုပ်နေသောကြောင့် ကိုမြင့်မောင်လည်း ထော့ကျိုးထော့ကျိုးနှင့် လိုက်ပါလာခဲ့ရလေ၏။

ဘူတာအပြင်သို့ရောက်သောအခါတွင် ကိုထွန်းဝေလည်း တစ်နေရာ၌ ဆိုက်ထားသော မော်တော်ကားနားသို့ရောက်လျှက် တံခါးဖွင့်ပေးကာ "ကဲ လာ သူငယ်ချင်းတက်"ဟု ပြောနေသည့်အတွက် တက်သာတက်လိုက်ရသော်လည်း ကိုမြင့်မောင်၏စိတ်တွင် စောစောကလောက် ကြည်လင်ခြင်း ရှိဟန်မတူတော့ဘဲရှိနေရာမှ ကိုထွန်းဝေကိုယ်တိုင် ကားပေါ်သို့တက်ရောက်၍ ကားတံခါးကို ပိတ်လိုက်သည်နှင့်တစ်ပြိုင်နက်

"နေဦး-ထွန်းဝေ၊ ငါခုမှ စဉ်စားမိတယ်၊ မင့်မှာ သားမယား ရှိသလား" ကိုထွန်းဝေလည်း နားမလည်နိုင်သကဲ့သို့ ကိုမြင့်မောင်အား ကြည့်လိုက်ပြီးလျှင်

"ဘာဖြစ်လို့လဲ မြင့်မောင်"

"မဟုတ်ဘူးလေ ရှိသလား မရှိဘူးလား သိချင်တာပဲ၊ သားနဲ့ မယားနဲ့ ဆိုရင်ဖြင့် ငါလိုက်လို့ ဖြစ်ပါ့မလားလို့ စဉ်းစားစရာဖြစ်နေတယ်"

"တယ်ခက်တာကိုးကွ မြင့်မောင်ကလည်း၊ မင်းပူစရာ မရှိပါဘူးကွာ၊ လိုက်သာလိုက်ခဲ့ပါ"

"မဟုတ်သေးဘူး ထွန်းဝေ၊ မဟုတ်သေးဘူး၊ မင်းတစ်ယောက်တည်းဆိုရင် ကိစ္စမရှိဘူး၊ သားနဲ့ မယားနဲ့ဆိုရင် ငါလိုက်လို့ ဘယ်နည်းနဲ့မှ မတော်ဘူးထင်တယ်၊ ငါးမှားသွားတယ်၊ ဒီဟာကို လမ်းမှာတုန်းက လုံးလုံးကို မစဉ်းစားမိဘူး၊ မင့်ကို မြင်ရတော့ ဟိ ကျောင်းမှာနေတုန်းက ထွန်းဝေအဖြစ်နဲ့သာ စိတ်ထဲစွဲပြီး တခြားဟာတွေကို လုံးလုံးသတိမရခဲ့ဘူး၊ မဖြစ်"

"ဒီရောက်မှတော့ကွာ မဖြစ်စကား မပြောပါနဲ့တော့၊ လိုက်ပဲ ကြည့်-ကြည့်ပါဦး၊ မင်းစိတ်မချမ်းမသာစရာ"

ကိုမြင့်မောင်လည်း ကိုထွန်းဝေမျက်နှာကို စိန်းစိန်းကြည့်လျက် "ထွန်းဝေ အခုပြောနေတာတွေဟာ ငါစိတ်မချမ်းသာမှာစိုးလို့ ပြောနေတာ" ဟူ၍ တစ်ခွန်းချင်း လေးလေးပင် ငင်ငင်ဆွဲဆွဲ ပြောနေသည့်အတွက် ကိုထွန်းဝေလည်း စကားပြတ်မှ ပြတ်စေတော့ဟု သဘောထားပြီးလျှင်-

"ငါသိပါတယ်ဆိုရင် မင်းငါ့စကားကို ယုံမှားသံသယဖြစ်နေဦးမှာလား မြင့်မောင်၊ ငါဘယ်ဇာတ်ခင်းနေတယ်ဆိုတာ ငါမသိဘဲ ရှိမလား၊ မင်းလည်း သိတယ်မဟုတ်လား၊ မနိုင်တဲ့ဇာတ်ကို ငါမခင်းဘူးဆိုတာ၊ လာ လိုက်သာလိုက်ခဲ့၊ လိုက်နေပြီးလို့မှ မင်းမကျေနပ် လို့ရှိရင် မြင့်မောင် မင်းသွားချင်ရာသွား၊ ငါဘာမှမပြောဘူး" ဟူ၍ ပြောလိုက်လေ၏။

"ငါ့ကြောင့် ဘယ်သူမှစိတ်မဆင်းရဲစေချင်ဘူးကွာ၊ အဲဒါပါပဲ၊ ငါပူတာအဲဒါပါပဲ"ဟု ညည်းညည်းညူညူပြောဆိုကာ သက်ပြင်း တစ်ချက်ချလျက် နောက်သို့မှီလိုက်သောကြောင့် ကိုထွန်းဝေလည်း ဤတွင်မှ စိတ်သက်သာရာရသွားပြီးလျှင် တပည့်များ ပစ္စည်းနှင့်လာမည့် လမ်းဘက်သို့မျက်နှာမူ၍ ကြည့်နိုင်တော့လေ၏။

တစ်ခဏမျှကြာသောအခါ ကားကြီးသည် ဘူတာမှထွက်ခွာစပြုလျက် မကြာမြင့်မီပင် ဝင်းခြံကြီးနှင့် အိမ်တစ်အိမ်ရှေ့သို့ ရောက်ခဲ့လေ၏။ တံခါးပေါက်ဝတွင် အိပ်ရေးမဝသောအမူအရာဖြင့် ရပ်၍စောင့်နေသော အသက်အစိတ်ခန့်ရှိ မိန်းမတစ်ယောက်ကို တွေ့မြင်လိုက်ရသောအခါ ထိုမိန်းကလေးသည် မည်သူနည်း၊ ထွန်းဝေ ၏မိန်းမပင်ဖြစ်လေသလော၊ သို့မဟုတ် အခြားဆွေမျိုး တော်စပ်သူ တစ်ဦးဦးလေလော၊ မည်သူပင်ဖြစ်စေ မိမိအား မြင်ရလျှင်စိတ်ထဲတွင် မည်သို့ဖြစ်သွားချေလိမ့်မည်နည်း၊ မိမိအား ခေါ်ငင်လာခဲ့ရမည်လားဟု ထွန်းဝေအပေါ်တွင် တစ်စုံတစ်ရာ ငြိစွန်းဖွယ်ရာများ ဖြစ်နေဦးမည်လားဟူသော မေးခွန်းတို့သည် ကိုမြင့်မောင်၏ စိတ်ထဲတွင်

အလျှိုအလျှိုပင် ပေါ်ပေါက်လာကြလျက် အဖြေမှန်ကိုမသိနိုင်မသိရတိုင်း ရင်ထဲတွင်တဒိတ်ဒိတ်ခုန်နေလေ၏။

"ဟေ့ ဆင်းလေကွာ ရောက်ပြီကွ" ဟုပြော၍ ကြည့်လိုက်မှ ကိုထွန်းဝေမှာ အောက်သို့ရောက်နေပြီးဖြစ်လျက် မိမိဆင်းရန် စောင့်ခေါ်နေသည်ကိုတွေ့ရသည်နှင့် ချိုင်းညှပ်ကလေးကို ကပျာ ကယာ ဆွဲယူကာ ကားအောက်သို့ဆင်းရလေ၏။ ထိုနောက် ထွန်းဝေ ခေါ်ရာ အိမ်ပေါက်ဝဆီသို့ လိုက်လာ၍ ရပ်နေသောမိန်းကလေး အနီးသို့ရောက်သောအခါ ထိုမိန်းကလေး၏မျက်မှောင်ကလေးကုတ်နေ သလိုလို ရိပ်ခနဲမြင်လိုက်ရသဖြင့် "မှားပြီ၊ မှားပြီ၊ ဘာပဲ ဖြစ်ဖြစ် ငါလိုက်လာတာ မှားပြီ"ဟူ၍ အောက်မေ့မိသည့်အတွက် ချက်ချင်းပင် လှည့်၍ပြန်ရန် စိတ်ကူးလိုက်လေ၏။

သို့သော် ကိုထွန်းဝေ၏အသံဖြင့် "လာလေ မြင့်မောင် ဒီမှာထိုင်" ဟု ကုလားထိုင်တစ်လုံးကို ညွှန်လျက် ပြနေသောကြောင့် နောက်သို့ မဆုတ်သာတော့ဘဲ ဝင်၍ ထိုင်လိုက်ရလေ၏။

အပေါက်ဝမှ ရပ်နေသော မိန်းကလေးသည် မိမိကုလားထိုင် ထိုင်၍ ချသည့်တိုင်အောင် မိမိတို့ဘက်ဆီသို့ ကြည့်နေသည်ကို တစေ့တစောင်းတွေ့မြင်လိုက်ရပြီးနောက် မော်တော်ကားပေါ်မှ ပစ္စည်းများချနေသော သူငယ်များဘက်သို့ လှည့်ပြီးလျှင်ကောင်းမွန်စွာ ယူလာကြရန်အမိန့်ပေးနေသံကိုကြားရသည့်အတွက် ဧကန် ထွန်းဝေ ၏မိန်းမ ဖြစ်တန်ရာသည်ဟု အကဲခတ်လိုက်ကာ ၎င်း၏စိတ်တွင် မည်သို့တွေးတောထင်မြင်နေလိမ့်မည်နည်း၊ မိမိအား ခေါ်ဆောင် လာသည့်အတွက် မကျေမနပ်ဖြစ်ကာ ကိုထွန်းဝေအပေါ်တွင် တာဝန်များကျနေဦးမည်လော၊ မိမိ မည်ကဲ့သို့ ပြုလုပ်ရပါမည်နည်း စသည် အားဖြင့် လွန်စွာပူပင်ကြောင့်ကြမိသည့်အလျောက် တွေးတောငေးမော နေမိလေ၏။

"ထားရေ ကာဖီဖျော်ကွာ။ အိပ်ချင်ကလေး ဘာကလေးပြေသွားအောင်"ဟူ၍ ထွန်းဝေက ပြောလိုက်သဖြင့် ထိုမိန်းကလေး အတွင်းဘက်သို့ လှည့်ဝင်သွားမှပင် စိတ်ထဲတွင် အတန်ငယ်ချောင်ချိသွားသကဲ့သို့ဖြစ်ကာ ရတ်တရက် ထွက်မလာစေနှင့်ဦးဟူ၍ ဆုတောင်းမိလေ၏။

"ဒါငါ့မိန်းမလေ၊ ၅ နှစ်ရှိပြီ သူနဲ့အိမ်ထောင်ကျတာ၊ အိမ်ထောင်ကျတာဘာရှိသေးလဲ၊ ၂၀လောက်ရှိသေးတယ်၊ ကလေးတစ်ယောက်တည်းရသေးတယ်၊ ယောကျ်ားလေးကွ။ အမေတူ လူချောကလေး၊ တော်ကြာနိုးလာပါလိမ့်မယ်၊ သိပ်ပြီးသွက်တဲ့ကောင် အရွယ်နဲ့မလိုက်ဘူး၊ ကြီးရင် ပုလိပ်လုပ်မတဲ့ကွ၊ တို့အမျိုးထဲမှာရော

သူတို့အမျိုးထဲမှာပါ ပုလိပ်သွေးပါတာ တစ်ယောက်မှမရှိဘူး၊ သူ့ကျမှ ဘယ်ကဘယ်လို စိတ်ပါလာသလဲ မသိပါဘူး၊ မေးလိုက် ပုလိပ်လုပ်မယ်ပုလိပ်လုပ်မယ်နဲ့”ဟူ၍ ကိုထွန်းဝေ ပြောနေသမျှ စကားတို့ကို တစ်ခွန်းတစ်ပါဒမကျန် ကောင်းစွာကြားနေရသော်လည်း မီးဖို ချောင်ဆီတွင် ကာဖီပြင်နေမည်ဖြစ်သော အိမ်ထောင်ရှင်၏စိတ်ထဲတွင် မည်သို့ဖြစ်နေမည်ကို တွေးတောကြောင့်ကြမှုမှာ မပြေမပျောက်နိုင် ဘဲရှိရကား

“သူငယ်ချင်း ငါလိုက်လာလို့ မင်းတို့ တာဝန်များပိုနေမလားကွာ၊ ငါဒီနေ့ပဲ ပြန်မယ်အောက်မေ့တယ်”ဟူ၍ ရုတ်တရက်ထုတ်ဖော် ပြောဆိုလိုက်မိလေ၏။

ဤတွင် ကိုထွန်းဝေမှာ မမျှော်လင့်ဘဲကြားရသည့်အတွက် ကြီးစွာအံ့အားသင့်သွားရကာ လုပ်ပြန်ပြီကွာ မင်းကလည်း သိပ်ခက်တာပဲ။ ငါပြောပါပကောလားကွ၊ ဘာမှတာဝန်မရှိပါဘူးဆိုတာ၊ ငါ့ မိန်းမဟာ အသက်ငယ်ပေမယ့် အင်မတန် သဘောထားကြီးပါတယ်ကွာ”ဟူ၍ ပြောနေရင်းပင် “ထား” ဆိုသူလည်း အနီးသို့ရောက်လာ သောကြောင့်“ထား၊ လာစမ်းပါဦးကွ၊ ဒီမှာ ငါ့သူငယ်ချင်းက မင့်ကိုအားနာလို့ ဒီနေ့ပဲ ပြန်တော့မလို့တဲ့ကွ”ဟု လှမ်းပြောလိုက် သောကြောင့် ကိုမြင့်မောင်တွင် ခေါင်းနားပန်းကြီးသွားကာ သာ၍ပင် မနေတတ်မထိုင်တတ်သလို ဖြစ်လာလေ၏။

“အို ထားတို့ကို ဘာအားနာစရာရှိသလဲ၊ နေဦးမှပေါ့၊ ရောက်တဲ့အခါ ဘုရားအနှံ့အပြားလျှောက်ဖူးပြီး တစ်လကိုးသီတင်းနေပြီးမှ ပြန်တာပေါ့”ဟူ၍ ပြောသံကြားရမှ အတန်ငယ် သက်သာရာရသကဲ့သို့ ဖြစ်သွားကာ ဦးခေါင်းကို အတန်ငယ် ဖော်နိုင်တော့လေ၏။

“ဟုတ်သားပဲကွာ၊ မင်းနှယ် အရေးကြီးရန်ကော၊ အေးအေးပေါ့ ဒီမှာ ဘာမှ အားနာစရာမရှိပါဘူး၊ လူကြီးလည်းရှိတာမဟုတ်ဘူး တို့ချည်းပဲ၊ မင်းဘာပြောပြော မပြန်ရဘူးကွာ မပြန်ရဘူး၊ ပြန်ရင်မင်းနဲ့ငါအသိပဲ”ဟု ကိုထွန်းဝေက ထပ်လောင်းပြောဆိုလျက် တစ်ဖက်သို့လှည့်ကာ “ထား ဟိုဘိုးစောကလေး မနိုးသေးဘူးလား”ဟူ၍ မေးနေသောကြောင့် မိမိမှာ တစ်စုံတစ်ရာ ပြောဆိုခွင့်မရတော့ဘဲ အသာပင် ငြိမ်နေလိုက်ရတော့၏။

“ဟုတ်ကဲ့ ညကမနည်းကြီး ချော့သိပ်ရတယ်၊ ဖေဖေ လာတဲ့အထိ ထိုင်စောင့်နေမယ်ဆိုပြီး ဇွတ်ပေနေလို့၊ သူ့ဖို့သေနတ်တွေ ဘာတွေမှာတာ အစုံအလင်ပါရဲ့လား ကိုဝေ၊ မပါရင်တော့ ထွန့်ထွန့်လူးအော်ငိုမှာပဲ”

“ပါပါတယ်ကွာ ပါပါတယ်၊ သေနတ်ရိုးရိုးတွင်ဘာကမလဲ၊ မရှင်းဂန်းတောင်ပါတယ် ပစ်ကရောပဲ”

ထိုအခိုက် ကာဖီရောက်လာသဖြင့် "သောက်ပါရှင်၊ အားမနာပါနဲ့"ဟုဆိုကာ မုန့်ပွဲကို မိမိဘက်သို့ အတင်းထိုးပေးနေသောကြောင့် "ဟုတ်ကဲ့"ဟူ၍ ပြောဆိုပြီးလျှင် အသာကလေးလှမ်းယူရင်း ထားဆို သူ၏ မျက်နှာကို လှမ်း၍အကဲခတ်သောအခါ မိမိအားကြည့်နေ ခိုက်နှင့် အကြည့်ချင်းဆုံသွားရကား နောက်ထပ်မကြည့်ဝံ့ဘဲ မျက်လွှာ ကို အသာချကာ ကာဖီကိုသာ ငုံ့၍သောက်နေရလေ၏။

သို့သော် ချောချောမောမောပြီးအောင် မသောက်ရ၊ ကိုထွန်းဝေက "ဟေ့ မြင့်မောင် ဒါနဲ့ သက်ထွန်းကြီးတစ်ယောက်ကောကွ ဘယ်ရောက်နေသလဲ မင်းတွေ့သလား" ဟူ၍ မေးလိုက်သောအခါ ပန်းကန် လက်မှ လွတ်မကျသွားအောင်မနည်းပင် ထိန်းလိုက်ရလျက်

"ကိုသက်ထွန်း အခု မင်းလှမှာပဲထင်တယ်၊ ဒါပေမဲ့ တစ်လောက သုံးဆယ်ပြောင်းရမလိုလို ကြားတယ်၊ ဒီလာတုန်းကတော့ သုံးဆယ်ကို မရောက်သေးဘူး၊ မကြာခင်ဘဲ ပြောင်းရမယ် ထင်ပါရဲ့"ဟူ၍ နောက်ထပ်မမေးသာအောင် အကြောင်းစုံနိုင်သမျှစုံစုံ အသံဖြတ်နှင့် ဖြေလိုက်သော်လည်း ကိုထွန်းဝေကား အားမရသေး သကဲ့သို့

"ဒီကောင်ကြီး မိန်းမများရနေပြီလားမသိဘူး၊ တစ်ခါလောက် တွေ့ချင်တယ်ကွာ၊ ဟိုတုန်းကတော့ တကယ့်ကိုလေအိုးပဲ၊ မင်းလှမှာ ဆိုရင် မင်းနဲ့အမြဲတွေ့မှာပေါ့"

"မင်းလှမှာ နေတုန်းကတော့ တွေ့ကြတာပေါ့"

"ဒါဖြင့် မိန်းမရ-မရ မင်းသိမှာပေါ့"

"ရပြီလေ၊ သိပ်တောင်မကြာသေးဘူး"

"ဟုတ်လားဟေ့ ဘယ်ကမြာလဲ"ဟု ကိုထွန်းဝေက သိလိုဇောဖြင့် မေးလိုက်ရာ

"ကိုဝေဟာ ဒီအသက်အရွယ်အထိ ဒီလိုပဲ ပြောရသလား၊ မြာလေးဘာလေး"ဟု ထားဆိုသူက ဝင်၍ပြောလိုက်သည်နှင့် ကိုမြင့်မောင်သည် တစ်စုံတစ်ရာမဖြေသေးဘဲ အသာပြုံး၍နေမိလေ၏။ ဤမြို့ဤအိမ်သို့ရောက်လာကာမှ ဤအကြိမ် ဤအချိန်တွင်သာ အတန်ငယ် နေရအထိုင်ရချောင်ကာ စိတ်ပူပန်ခြင်းမှ သက်သာရာ ရသွားလေသည်ဟု အောက်မေ့မိလေ၏။

"မဟုတ်ပါဘူးကွာ တခြားသူဖြစ်ရင်လည်း ဘာဒီလိုပြောမလဲ၊ အခုတော့

ဟိုငယ်ငယ်ကတည်းက တကယ့်ကျောင်းနေဖက်ကြီးတွေ ဖြစ်နေတော့ စကားအပြောအဆို ဆင်ခြင်မနေနိုင်တော့ဘူးပေါ့ထားရ၊ မြင့်မောင်တို့ ကိုယ်တို့ဆိုတာ သိပ်ခင်ကြတာပေါ့၊ ဟိုတုန်းက မြင့်မောင်က ခုလို” ဟု လွှတ်ခနဲ ပြောလိုက်ပြီးမှ သတိရသကဲ့သို့ မဆက်နိုင်ဘဲ အတန်ငယ်တွေဝေနေရာ၊ ထားဆိုသူမှာလည်း အနည်းငယ် မျက်နှာပူအားနာသွားသကဲ့သို့ မိမိဘက်သို့ လှမ်း၍ ကြည့်လိုက်သည်ကို တွေ့ရလေ၏။

“ခု-ခုလိုမဟုတ်ဘူး၊ အို-ဟိုတုန်းကဆိုရင် ဘယ်သွားသွား တတွဲတည်း တွဲနေတာပဲ၊ သက်ထွန်းကြီးနဲ့မှ နည်းနည်းတန်းချင်တန်းဦးမယ်၊ မြင့်မောင်နဲ့ ကိုယ်တို့ကတော့ ခင်သမှ သိပ်ခင်တာ၊ ပြီး မြင့်မောင် ကျေးဇူးက ကိုယ့်အပေါ် အများကြီးရှိတာ”

စောစောက မလွှဲမရှောင်မှ စကားကိုထောက်၍ ပြောခဲ့သော်လည်း ယခုအကြိမ်တွင်မူ ဝင်မပြောလျှင် မကောင်းပြီဖြစ်၍ “ဒါ လောက်တောင်လည်း မဟုတ်ပါဘူး ထွန်းဝေရာ၊ ထည့်ပြီးမပြောပါနဲ့” ဟု တစ်ခါတည်း စကားစအပြတ်ပိတ်လိုက်သည့်တိုင် ကိုထွန်းဝေ မှာကား မရပ်နိုင်သေးဘဲ

“တော်စမ်းပါကွာ၊ မင့်မှာ အဲဒါမျိုးတွေကြောင့်ကျောင်းတုန်း ကတည်းက အမျိုးမျိုး လက်ညှိုးထိုးခံခဲ့ရပြီ၊ တစ်ဆိတ်ရှိ ဖုံး၊ တစ်ဆိတ်ရှိဖုံးနဲ့၊ ကိုယ့်ဟာကိုယ်မပြောဘဲထားတာက တော်သေးရဲ့၊ အခုတော့ သူများပြောတာကိုပါ မင်းကလိုက်ဖုံးနေတော့ ဘယ်တော့ မင်းကို လူတွေက အမှန်အတိုင်း သိကြတော့မှာလဲ၊ ကျောင်းတုန်းက ဆရာကြီးအိမ်က”

“ဒါတွေပြောမနေပါနဲ့တော့ထွန်းဝေ၊ မင်းဒီနေ့အလုပ်ပြန်ဝင်ရမလား”ဟု အပိတ်စကား အပိတ်စကားပြောကာ စကားကို တစ်ဖက်လွှဲ၍ ပစ်လိုက်မှ

“အေးကွ ဒီနေ့ပဲ ပြန်ဝင်ရမယ်၊ ဒါပေမဲ့ မင်း ဘယ်သွားချင်သလဲ၊ ငါလိုက်ပို့မယ် သွားချင်တာသာပြော”

“ကိစ္စမရှိပါဘူးကွာ မင်းလုပ်စရာရှိတာတွေသာ လုပ်ပါ၊ ငါတော့ မြို့အခင်းအကျင်း လျှောက်ပြီးကြည့်မယ် အောက်မေ့တယ်"

“ငါပါ လိုက်မှာပေါ့ကွ”

“နေပါစေကွာ၊ ငါ့ဟာငါ သွားပါ့မယ်”

“မဟုတ်တာ”

“ဟုတ်သားပဲရှင်-သွားချင်ရင် ကိုဝေနဲ့အတူတူပဲသွားတာပေါ့၊

ကိုဝေကလည်း လိုက်ပို့လိုက်ပါ၊ အလုပ်ဒီလောက်များတာမှ မဟုတ်ဘဲ”ဟူ၍ ကိုထွန်းဝေ၏ဇနီးက ကြားမှဝင်ရောက်ပြောလိုက်သောအခါ ကိုမြင့်မောင်တွင် တစ်စုံတစ်ရာ ဆက်၍မပြောသာဘဲ ရှိလေ၏။

“ကဲ-ညကလည်း အိပ်ရေးပျက်လာကြမှာပဲ၊ တစ်ရေးတစ်မော အညောင်းအညာ ဆန့်ရင်း အိပ်လိုက်ကြပါဦး။ အိပ်ရာကနိုးတော့မှ သွားဖို့လာဖို့ကြည့်စီစဉ်တာပေါ့”ဟူ၍ ထပ်မံပြောဆိုပြီးလျှင် ထိုင်ရာမှ ထလိုက်သောအခါတွင်မူကား ကိုမြင့်မောင်မှာ စီမံသည့်အတိုင်း လိုက်နာဖို့ရန်သာ ရှိတော့ရကား ကိုထွန်းဝေအား လှမ်း၍ ကြည့်လိုက်လေ၏။

“ဟုတ်တယ်-တစ်ရေးအိပ်လိုက်ဦး၊ လည်ဖို့ပတ်ဖို့တော့ အေးအေးပေါ့ကွာ၊ လာ လာ” ဟုခေါ်၍ ရှေ့ကထွက်ခွာသွားသောကြောင့် ချိုင်းညှပ်ကလေးဖြင့် ထောက်ကာ ထော့ကျိုးထော့ကျိုးလိုက်ပါလာခဲ့ရာ လှည့်မကြည့်ရဲ၍ မကြည့်ခဲ့ရသဖြင့် မမြင်ခဲ့ရသော်လည်း ဤအိမ်၏ အိမ်ထောင်ရှင်မဖြစ်သူသည် မိမိ၏အကြောင်းကို မသိနိုင်တိုင်း အမျိုးမျိုး ကိုယ့်အတွေးဖြင့်ကိုယ် တွေးတောကြံဆပြီးလျှင် မိမိအား နောက်က သေသေချာချာ မျက်စိတစ်ဆုံး ကြည့်၍နေရစ်လိမ့်မည်ဟု ဒိဋ္ဌလောက်နီးနီး သိရှိတွေးတောမိကာ ယခုကဲ့သို့ မျက်နှာတွင်ရောမ အနာရွတ်ကြီးနှင့် ခြေတွင်လည်း ခြေတစ်ပေါင်ကျိုးဖြစ်ရကာမှ တစ်ခါဖူးမျှ မရှက်ဖူးသည့် နည်းမျိုးဖြင့် ဤအကြိမ်တွင် ရှက်သလိုလိုဖြစ်လာမိလေ၏။

# [၁၈]

## ဂျသနင့်ပဘာဝတီ

ကိုထွန်းဝေ လိုက်ပို့၍ အခန်းထဲ ဝင်ပြီးလိုက်လာခဲ့စဉ်က အိပ်ချင်စိတ်များစွာမရှိသည်မှန်သော်လည်း ကိုထွန်းဝေ တံခါးကို စေ့ထားလျက် ပြန်ထွက်သွားသောအခါတွင်မူကား အပြင်ဘက်သို့ ထွက်ပြီးထိုင်နေရန် မဖြစ်နိုင်သည့်အတူတူ အိပ်ရာပေါ်တွင် လဲလျောင်းနေခြင်းကပင် ကောင်းလိမ့်မည်ဟု တွေးတောကာ သန့်ပြန့်သပ်ရပ်စွာ ခင်းကျင်းထားသောအိပ်ရာပေါ်သို့ လှဲချလိုက်ရလေ၏။

ကိုယ်မှာ အထိုက်အလျောက် လွတ်လွတ်လပ်လပ်နေခွင့်ရပြီဖြစ်သော်လည်း စိတ်မှာကား လွတ်လပ်ခြင်း မရှိသေး၊ အိမ်ထောင်ရှင်မသည် မိမိ၏ အဖြစ်ဆိုးကိုကြည့်ကာ မည်ကဲ့သို့ ဆုံးဖြတ်ထင်မြင်လိမ့်မည်နည်း၊ အကောင်းကို ဆုံးဖြတ်လေမည်လော၊ သို့မဟုတ် ထုံးစံအတိုင်း အဆိုးကိုပင် ဆုံးဖြတ်လိုက်ခြင်းခံရလေမည်လော၊ ယခင့်ယခင်ကမူ မည်သူက မည်သို့ပင်ထင်စေ၊ မိမိ၏အမှုပုံမှန်လျှင် ပြီးတော့သည်ဟု ယူဆကာ ဘာသိဘာသာ နေနိုင်ခဲ့သော်လည်း ယခုအကြိမ်၌မူကား အကောင်းကို ဆုံးဖြတ်ခြင်း ခံရပါစေဟု အတန်တန် ဆုတောင်းမိလျက်သားရှိသည်ကို တွေ့ရသဖြင့် မိမိကိုယ်တိုင်ကို ရုတ်တရက် မယုံနိုင်သကဲ့သို့ ဖြစ်လာလေ၏။

ဤတွင် ကိုယ့်ကိုယ်ကိုယ် ကိုယ်သေချာစွာ ဆန်းစစ်ကြည့်ဖို့ ဖြစ်လာသည်ကို တွေ့ရှိနေရလေ၏။ မိမိသည် ယခင့်ယခင်က မည်သူ့ကိုမျှမကြောက်၊ ကိုယ်က မတရားမပြုလုပ်သမျှ မည်သူ့အားမျှ ကြောက်ရွံ့၍ နောက်တွန့်နေရန်မရှိဟု တစ်သမတ်တည်း စွဲမြဲစွာ ယုံကြည်ယူဆလာခဲ့ပါလျက် ယခု. . . ဤနေ့ ဤနံနက် ဤအိမ်ထက်တွင်မှ အရပ်အမောင်းအားဖြင့် အလွန်ဆုံး ၅-ပေခန့်သာရှိလျက် အသက်အရွယ်အားဖြင့်လည်း ၂၅-နှစ်ထက် မကြီးသေးသော မိန်းကလေးတစ်ဦးနှင့် တွေ့ရကာမှ အဘယ်သို့သောအကြောင်းကြောင့် ကြောက်ရွံ့နေရချေဘိသနည်း။ အဘယ်သို့သော အကြောင်းကြောင့် မိမိအား အဆိုးထင်မသွားစေချင်ဘဲ အကောင်းထင်ဖို့ကို များစွာ လိုလားတောင့်တနေရချေဘိသနည်းဟူ၍ ထပ်တလဲလဲ စဉ်းစားတွေ တောပါသော်လည်း အောင်မြင်ခြင်းမရှိ၊ မိမိများစွာ သိလိုသောအဖြေကိုမရ၊ မိမိ၏ များစွာအံ့ဩဖွယ်ရာကောင်းသောစိတ်၏ ရုတ်တရက် ပြောင်းလဲခြင်းကို စဉ်းစား၍မပေါ်၊ သို့အဖြေမရ၊ စဉ်းစား၍မပေါ်လေလေ၊ အတွေးနက်နက်စဉ်းစားလေလေဖြင့် အိပ်ပျော်ခြင်းသို့ ရောက်သွားလေ၏။

ကိုမြင့်မောင်မှာသာ ကိုယ့်ကိစ္စဖြစ်၍ မွန်ထူနေသောကြောင့် အဖြေမှန်ကို မသိရသော်လည်း မသက်ဆိုင်သော ကျွန်ုပ်တို့မှာမူ ကိုမြင့်မောင် စိတ်ပင်ပန်းကြီးစွာဖြင့် ရှာဖွေ၍ မတွေ့ဘဲရှိနေသော အဖြေကို လွယ်လင့်တကူ လူတိုင်းလိုပင် ပေးနိုင်ကြမည်သာဖြစ်ပေ၏။ ကိုမြင့်မောင်ကား ခဲမှန်ဖူးသောစာသူငယ်-ရှယ်ရုံဖြင့် လန့်ဆိုသကဲ့သို့ ရှိနေရှာခြင်းပင်ဖြစ်ပေ၏။ သုံးဆယ်တွင် နေထိုင်စဉ်က မိမိ၏အပေါ်တွင် ဝိုင်း၍ ရက်စက်စွာ ချိုးနှိမ်ကျင့်ကြံလိုက်သော ဒဏ်ကို ခံခဲ့ရပြီဖြစ်၍ ထိုဒဏ်ကိုလည်းကောင်း၊ ထိုဒဏ်မျိုးကိုလည်းကောင်း ကြောက်ရွံ့နေခြင်းသာဖြစ်ပြီးလျှင် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား သက်သက်အားဖြင့် ကြောက်လန့်နေခြင်းမဟုတ်ဖြစ်ပေ၏။

ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏လည်းကောင်း၊ ပုဂ္ဂိုလ်အများ၏လည်းကောင်း အထင်အမြင် မကျနမှု၊ အထင်လွဲမှုများကို ယခင့်ယခင်က များစွာ အရေးမစိုက်ဘဲ နေဝံ့သော်လည်း သုံးဆယ်တွင်နေထိုင်စဉ် နောက်ဆုံးနေ့ရက်များ၌ မိမိအပေါ်ဝယ် မညှာမတာအရှက်ခွဲလိုက်ကြခြင်းကို ခံရပြီးကတည်းက လူတစ်ဦးတစ်ယောက်၏ လည်းကောင်း၊ လူအများ၏ လည်းကောင်း အထင်အမြင်လွဲမှုကို မခံယူလို၊ မခံယူဝံ့၊ သို့အတွက် မိမိအပေါ်တွင် အဆိုးမထင်ဘဲ အကောင်းသာ ထင်ပါစေဟူ၍ စိုးရိမ်ကြီးစွာ တောင့်တမိခြင်းမျှသာ ဖြစ်ပေသတည်း။

အိပ်ရာမှနိုးသောအခါ ၈-နာရီခွဲနေပြီကို တွေ့ရလေ၏။ ဤတွင် ပျာယီးပျာယာထကာ အိမ်ရှင်၏အသံများကို တစ်စွန်းတစ်စကြားရ လေမည်လားဟု နားစွင့်ထောင်နေမိသော်လည်း မိနစ်အတန်ကြာပင် တစ်စုံတစ်ရာ မကြားရသောကြောင့် အခန်းထဲတွင်ပင် ထိုင်နေ ရကောင်းနိုးနိုး၊ အပြင်ဘက်သို့ပင် စွန့်စား၍ ထွက်ရကောင်းနိုးနိုးဖြင့် ချိန်ဆ၍မရ၊ ချီတုံချတုံဖြစ်ကာ ခုတင်ပေါ်တွင်ပင် မလှုပ်မယှက် ထိုင်နေမိလေ၏။

ခြေသံလိုလိုကြားရသည်နှင့် တံခါးပေါက်ဝဆီသို့ ချိုင်းညှပ်ကလေးဖြင့် ထောက်ကာသွားပြီးလျှင် တံခါးချပ်ကို မဟတဟ ဖွင့်၍ ခေါင်းကို မရဲတရဲထွက်ပြူကာ အသံလာရာဆီသို့ ကြည့်လိုက်ရာ မိမိကိုမြင်၍ “အမယ်လေး” ဟု ငယ်သံပါအောင်အော်ပြီး လှေကားထစ် ကိုပင် မှန်အောင် မဆင်းနိုင်ဘဲ ကသောကမျော ခုန်ဆင်းပြေးသွား သော မိန်းကလေးသဏ္ဍာန်တစ်ခုကို ရိပ်ခနဲ မြင်လိုက်ရသောကြောင့် ဘာလုပ်ရမှန်းမသိ၊ လန့်ဖျပ်ပူထူသွားကာ အပြင်ဘက်သို့ ထုတ်ထား မိသော ဦးခေါင်းကို ဖျတ်ခနဲရုတ်လိုက်ရင်း အခန်းနံရံကို မှီလျက် မတုန်မလှုပ် ရပ်နေမိလေ၏။

ထိုအတွင်း လှေကားမှ ဒလိမ့်ခေါက်ခွေး ကျသွားသဖြင့် ထွက်ပေါ်လာသော အသံများနှင့် ပြေးသံလွှားသံများ၊ ခေါ်သံ အော်သံများ ထပ်လောင်း

ပေါ်ထွက်လာသည်ကို ကြားရလေ၏။ မိမိအား မြင်၍ ရုတ်တရက် လန့်ဖျပ်သွားကာ ခုန်လွှား၍ ဆင်းပြေးရာတွင် လိမ့်၍ကျလေပြီဟု ခန့်မှန်းသိရှိရသော်လည်း ထွက်ပြီးဆင်းမသွားဝံ့၊ ဆင်းသွားခါမှ ဖွပ်သည်ထက် ညစ်ဖြစ်နေလျှင် သာ၍ပင် မကောင်းတော့မည်ဖြစ်ခြင်းကြောင့် ထိုနေရာတွင်ပင် အသံမပေးဝံ့၊ မလှုပ်မရှား ရပ်နေရလေ၏။

သို့သော်စိတ်ကား အငြိမ်ရပ်၍ မနေ၊ အဘယ်ကြောင့် မိမိအား ဤမျှလောက် လန့်ရမည်နည်း၊ ကိုထွန်းဝေ၏ဇနီးသည် မိမိအား နံနက်က ကောင်းစွာ တွေ့မြင်ပြီး စကားစမြည်များပင် အထိုက်အလျောက် ပြောဆိုပြီးခဲ့လေပြီ မဟုတ်ပါလော၊ ထိုအချိန်ကပင် မိမိ၏မျက်နှာ အပေါ်တွင် ကန့်လန့်ဖြတ်ကြီးတန်းလျက်ရှိနေသော အနာရွတ်ကြီးကို ကောင်းစွာတွေ့မြင်ပြီးဖြစ်လျက် ယခုတစ်ဖန် လန့်ရခြင်းမှာ မိမိရောက်နေခြင်းကိုပင် တစ်ခဏခေတ္တမျှအတွင်း မေ့လျော့သွားလေ၍လော၊ မည်သို့ဖြစ်စေ ဤအချိန်တွင် ထွန်းဝေ ဘယ်မှာနည်း၊ လှေကားခြေရင်း ဆူသံညံသံများအကြားတွင် ထွန်းဝေ ရောက်ရှိနေလေပြီလော၊ မရောက်ဘဲရှိနေလျှင် ထိခိုက်သောဒဏ်ရာ တစ်စုံတစ်ရာကို မည်သူကြည့်ရှု ဆေးထည့်ပေးပါအံ့နည်း၊ အကယ်၍ ဒဏ်ရာများခဲ့၍ ဆေးအထည့်နောက်ကျသော် ခံရသူတွင် ပိုမို၍ မခံရပါပြီလော၊ ယခုကဲ့သို့ အသုံးမကျစွာ ရပ်နေ၍မဖြစ်၊ မည်သို့ပင် ဖြစ်စေ အောက်သို့ဆင်းသွားပြီး အကျိုးအကြောင်း မေးမြန်း ကြည့်ရှုမှသာ တော်တော့မည်ဟု စိတ်တွင် တစ်ခဏအတွင်း အလုပ်ရှုပ်ကာ အခန်းထဲမှထွက်မည်အပြုတွင် လှေကားရင်းဆီမှ ဆူသံ ညံသံများသည် မီးကိုရေဖြင့်ငြိမ်းသတ်လိုက်ဘိသည့်အလား ရှဲခနဲ ငြိမ်သွားသောကြောင့် ဧကန် ကိုထွန်းဝေ ရောက်လာလေပြီဟူ၍ သိယူရလေ၏။

ကိုထွန်းဝေရောက်ပြီဖြစ်လျှင် မိမိဆင်းသွားရန် အချိန်ကောင်းပြီ မဟုတ်ပါလော။ သို့မဟုတ် ကိုထွန်းဝေ မိမိထံအလာကိုပင်စောင့်လျှင် ကောင်းလေမည်လောဟူ၍ နှစ်မျိုးနှစ်ခွတွေးမိပြန်သောအခါ၊ အခန်း တွင်းမှထွက်ဖို့ မထွက်ဖို့ကိစ္စမှာ ပြဿနာကြီးတစ်ရပ်ဖြစ်လာလျက် ထိုပြဿနာကို ဖြေမရတိုင်း ချီတုံချတုံလုပ်ရင်းပင် ဆယ်မိနစ်ခန့် ကြာလတ်သော် ခြေသံများ မိမိရှိရာဆီသို့ လာနေသည်ကို ကြားရ လေ၏။

ဤတစ်ကြိမ်တွင်မူကား ထွက်၍ မကြည့်ဝံ့တော့ဘဲ အသာကလေး ငြိမ်၍ နေလိုက်ရာ ခြေသံများမှာ တံခါးဝတွင် ရပ်တန့်သွားလျက် တံခါး ရွက်လည်း ကျွီခနဲ ပွင့်လာသည်ကိုတွေ့ရလေ၏။ သို့သော် မျက်နှာကို သေချာစွာပေး၍ မကြည့်ဝံ့ဘဲ တစေ့တစောင်းမျှ ကြည်လိုက်သည်တွင် ကိုထွန်းဝေဖြစ်နေသည်ကိုတွေ့ရမှ ထောင့်ကြားထဲမှာ ထွက်လာနိုင်တော့လေ၏။

ကိုထွန်းဝေမှာ ပြုံးရယ်လျက် ရှိနေသည်ကိုတွေ့ရလေ၏။

စောစောကဖြစ်သွားသော အခြင်းအရာအရဆိုလျှင် ကိုထွန်းဝေ မပြုံးသင့်၊ မပြုံးထိုက်၊ မိမိသော်ကား မပြုံးနိုင်၊ စောစောက လိမ့်ကျသွားသော အိမ်ထောင်ရှင်မခများမှာလည်း ပြုံးနိုင်ရာလိမ့်မည်မဟုတ်။ သို့ဖြစ်လျှင် ကိုထွန်းဝေသည် အဘယ်ကြောင့်ပြုံးသနည်းဟူ၍ အပြစ်ရှိစွာ စဉ်းစားနေဆဲမှာပင်

"မှတ်ကရောဟ ဖြစ်ပုံများနှယ်"ဟု ကိုထွန်းဝေက ပြုံးလျက်ပင် ပြောနေသည့်အတွက်

"တော်တော်များ ထိသွားသလားဟေ့။ ငါ့ကိုမြင်လို့လန့်သွား တယ်ထင်ပါရဲ့ကွာ၊ ငါတော့ခက်ပါပြီ"

ကိုထွန်းဝေလည်း ပြုံးမြဲပြုံးလျက် "သိပ်တော့မများပါဘူးကွာ။

ခေါင်းနည်းနည်းပေါက်သွားတာပါပဲ၊ ဖဦးထုပ်မရစ်ဘဲ ဖစ်မှဖစ်ရလေကွာ ဖစ်မှဖစ်ရလေကွာ ဖစ်မှဖစ်ရလေ"

"နေစမ်းပါဦး ထွန်းဝေရာ နောက်မနေစမ်းပါနဲ့၊ ငါတော့ မင့်မိန်းမမျက်နှာ တစ်သက်ကြည့်ဝံ့စရာမရှိတော့ဘူး၊ ငါပြန်ပါရစေကွာ မနေပါရစေနဲ့တော့"

ကိုထွန်းဝေလည်း အသံများပင်ထွက်အောင်ရယ်မောလျက်"အင်း ငါခုမှပဲ ယုံတယ်"ပြောနေသဖြင့် ကိုမြင့်မောင်တွင် ကိုထွန်းဝေ၏ အကြောင်းမတန် အေးဆေးသောအမူအရာနှင့် ရယ်သွမ်းသွေးသော အဖြစ်သနစ်ကို နားမလည်နိုင်သည့်အတိုင်း "ဘာကိုလဲ"ဟု မေးလိုက် ရလေ၏။

"ကုသကိုမြင်တော့ ပဘာဝတီလန့်ပြီး ပြေးတယ်ဆိုတာလေ၊ ဟုတ်ပြီ-ဟုတ်ပြီ ဒီအတိုင်းပဲဖြစ်မှာပဲ ဟား ဟား ဟား"

"တိုးတိုးလုပ်ပါ ထွန်းဝေရာ၊ကြားသွားမှဖြင့် သက်သက်လှောင် နေတယ်ထင်ပါဦးမယ်၊ ခများ-အနာလည်း ခံရသေးရဲ့"

"အင်း အင်း၊ ဟင်း ဟင်း ဟင်း

ကိုမြင့်မောင်သည် မည်သူ့မဆို စိတ်ရှည်ရှည် ထားနိုင်ခဲ့သော်လည်း ကိုထွန်းဝေ၏ ယခုလုပ်ပုံကိုကား စိတ်မရှည်နိုင်တော့သကဲ့သို့ ဖြစ်လေ၏။ သို့သော် မိမိမှာ ဤအိမ်ပေါ်တွင် တရားခံဖြစ်ပြီး ဖြစ်နေရာတွင် ထပ်လောင်း၍ အိမ်ရှင်အပေါ်၌ စိတ်တိုဦးမည်ဆိုက တစ်လွန်မှနှစ်လွန် ဖြစ်လာတော့မည်စိုးသောကြောင့် ကိုထွန်းဝေကိုသာ နားမလည်တိုင်း ပြူးကြောင်ကြောင်ဖြင့် ကြည့်နေမိလေ၏။

ကိုထွန်းပေလည်း အားရအောင်ရယ်နေပြီးနောက်မှ "ကဲမောင်မင်းကြီးသား

ထွက်တော်မူ”ဟုဆိုကာ လမ်းဖယ်ပေးသောကြောင့် သို့ထွက်ရန် ချိုင်းညှပ်ကလေးကို ထောက်ရန်ဟန်ပြင်ပြီးမှ “ငါသိပ်အားနာတာပဲကွာ”ဟု ပြောနေရာ

“ဟော့ တော်တော့၊ ဒီစကားမပြောနဲ့လာခဲ့၊ အခုထွက်”ဟု ကိုထွန်းဝေက အမိန့်သံဖြင့် ခပ်ကျယ်ကျယ် ပြောလိုက်၍ သာ၍ပင် ခေါင်းနားပန်းများကြီးသွားမိကာ “မှားပြီမှားပြီ၊ ဒီသတ္တဝါခေါ်ရာ လိုက်လာမိတာ မှားပြီ”ဟူ၍ အသံမထွက်ဝံ့တိုင်း ကိုယ့်ကိုယ်ကိုယ် အပြစ်တင်ကာ ကိုထွန်းဝေ၏ နောက်မှကပ်၍ ဆင်းလာခဲ့ရလေ၏။ လှေကားရင်းသို့ရောက်သောအခါ ကိုထွန်းဝေ၏ဇနီးသည် မိမိတို့နှစ်ယောက်အား ပြုံးစစနှင့် ကြည့်နေသည်ကိုမြင်ရ၍ ယခုပင် ခေါင်းနည်းနည်းပေါက်သွားသည်ဆိုပြီး ယခုချက်ချင်းပင် ပတ်တီး မစည်း ဘာမစည်းနှင့် ရပ်နေနိုင်သလောဟု တွေးတောမိကာ အနားသို့ရောက်သည်နှင့်တစ်ပြိုင်နက်

“သိပ်အားနာတာပဲဗျာ၊သိပ်"

“အို မဖြစ်လောက်ပါဘူး၊နည်းနည်းကလေး မူးနေတာပါပဲ”

“မူးနေတယ်ဟုတ်လား၊ ဒါဖြင့် မထပါနဲ့ဦးဗျာ၊ ခဏတစ်ဖြုတ် သွားလှဲနေချည်ပါဦး”ဟု စိုးရိမ်တကြီးပြောဆိုလိုက်ကာမှပင် ကိုထွန်းဝေ ၏ဇနီး ‘ထား’မှာ ဣန္ဒြေဆည်၍ မရသကဲ့သို့ ကိုထွန်းဝေအား တစ်ချက် လှမ်းကြည့်လိုက်ရင်း ပွင့်ပွင့်လင်းလင်းပင် ပြုံးလိုက်သည့်အတွက် များစွာနားမလည်နိုင်အောင်ရှိရကား ကိုထွန်းဝေဘက်သို့ လှည့်ကြည့်လိုက်ရာ ကိုထွန်းဝေမှာ လက်ခုပ်လက်ဝါးတီးလျက် ရယ်နေသည်ကို တွေ့ရလေ၏။

ဤတွင် သာ၍ပင်ရှက်သကဲ့သို့ဖြစ်မိကာ “ဘယ်လိုလဲပြော”ဟု မေး၍မှမဆုံးသေးမီ “ပြောလိုက်စမ်းကွာထား၊ ပြောလိုက်စမ်း၊ ဟား ဟား ဟား ဟား”ဟု လုပ်နေသောကြောင့် ထား၏ဘက်သို့ လှည့်ကြည့်လိုက်သောအခါ ထားမှာလည်း ရုတ်တရက်မူမပြောနိုင်သေး၊အသံကလေးများထွက်အောင်ပင် ရယ်မောနေတော့သောကြောင့် နားမလည်နိုင်တိုင်း ဤနှစ်ယောက်ကြားတွင် တွေတွေကြီး ရပ်နေမိလေတော့၏။

“ပြောလိုက်ပါကွ ထားရ၊ မပြောရင် ဒီကောင်မတ်တတ်သေသွား လိမ့်မယ်”ဟု ကိုထွန်းဝေက ထပ်၍တိုက်တွန်းနေသည့်တိုင်အောင် ထားမှာ မပြောနိုင်သေးဘဲရှိ၍ ကိုထွန်းဝေသည်

"မင်းဘယ်သူထင်လို့လဲ ထားထင်လို့လား၊ ထားမဟုတ်ဘူးကွ၊ ထားရဲ့ညီမ နု ရယ်၊ နုက မင်းရောက်နေတာမှမသိဘဲကိုး၊ တက်သွားတော့ မင်းမျက်နှာမြင်ရတာနဲ့

လန့်ပြီးခုန်ပြေးတာပေါ့၊ ငါပြောတဲ့ အတိုင်းပါပဲလေ”ဟူ၍ ထွန်းဝေက အဆုံးသတ်ကာ ရယ်မောနေသည်တွင် ထားမှာ နောက်ဆုံးပြောလိုက်သည့် “ငါပြောတဲ့ အတိုင်းပါပဲလေ” ဆိုသော စကားကို နားမလည်သော်လည်း စဉ်းစားခြင်းပြုမနေနိုင် ရယ်အားသန်လျက်ရှိသောကြောင့် အားရပါးရ ရယ်၍ နေလေ၏။

ကိုမြင့်မောင်တွင်ကား တစ်ကြိမ်ထက် နှစ်ကြိမ် ရှက်ဖို့ဖြစ်နေရာတွင် မင်းကုသနှင့်ကား ပဘာဝတီပုံနှိုင်း၍ စောစောကပြောသွားသော စကားကို ယခု ညွှန်းနေပြန်သည်ကိုကြားရသောအခါ သာ၍ပင် ထူပူသွားကာ ရပ်၍နေလျှင် လဲကျတော့မည်လောက် စိတ်မငြိမ်မသက် ဖြစ်နေသောကြောင့် နီးရာကုလားထိုင်တွင်ဝင်၍ ထိုင်လိုက်ရပြီးလျှင် မျက်နှာကိုမဖော်ဝံ့ဘဲ ငိုက်စိုက်ကြီး ငုံ့နေရလေ၏၊ “လိုက်လာခဲ့တာ မှားပြီမှားပြီ”ဟူသော အသိတရားမှာ နှစ်ဖက်သောနားတွင် ပြင်းထန်ကျယ်လောင်စွာ မြည်ဟိန်းလျက်ရှိသည်ဟု ထင်ရလေ၏။

“ကဲ ကဲ ရယ်နေလို့မပြီးသေးဘူးကိုဝေ၊ ရေမိုးချိုးပါစေဦး”ဟု ထားက ကြားဖြတ်၍ ပြောလိုက်သံကို ကြားလိုက်ရမှ အတိုင်းမသိ စိတ်သက်သာရာရသွားတော့လျက် အတန်ငယ်နေသာထိုင်သာ ရှိသကဲ့သို့ ဖြစ်လာလေ၏၊ သို့သော် ထိုသို့နေသာထိုင်သာရှိခြင်းမှာ တစ်ခဏမျှအဖို့သာ ဖြစ်နိုင်မည်ကို စဉ်းစားမိပြန်သောအခါ၌ကား စောစောကနည်းတူပင် ဘေးကျပ်နံကျပ်ဖြစ်ကာ လိုက်လာမိခဲ့သည်ပင် မှားလေပြီဟု ယူဆမိပြန်တော့ပြီးလျှင် အမြန်ဆုံးနည်းဖြင့် ဤမြို့ ဤနေအိမ်မှထွက်ခွာသွားမှ ဖြစ်ချေတော့မည်ဟူ၍ စိတ်ပိုင်းဖြတ် လိုက်ရလေတော့၏။

# [၁၉]

## သူ့မိတ်သစ်

ရေမိုးချိုးပြီးနောက် လက်ဖက်ရည် ထပ်မံသောက်ကြပြီးလျှင် ကိုထွန်းဝေ အလုပ်သို့သွားရန်ပြင်ချိန်တွင်မှ ဤအိမ်ကြီးထဲမှ ထွက်မြောက်လွတ်ကင်းရတော့မည့်အရေးကို မျှော်တွေးလျက် ကြီးစွာ စိတ်သက်သာရာရခြင်းကို ခံစားနိုင်လေတော့၏။

ထားအား နှုတ်ဆက်ပြီးနောက် ဝင်းခြံကြီးထဲမှ မော်တော်ကား မောင်း၍ ထွက်လာမိကြသည့် အချိန်တွင်မူ စောစောက အနေကျုံ့ အထိုင်ကျုံ့ခြင်းမျိုး လုံးဝမရှိတော့ဘဲ စောစောက ချုပ်တည်းထားရ သမျှကိုလည်း အဆီးအတားမရှိ ပြောချင်ဆိုချင် ရှိလာသောကြောင့် ယခုတိုင်ပင်လျှင် ဣန္ဒြေဆည်၍မရဖြစ်နေသော ကိုထွန်းဝေဘက်သို့ လှည့်ပြီးလျှင်

"အေး ရယ်၊ ရယ် ရယ်"၊ သိပ်ကောင်းတဲ့အကောင်၊ ငါ့မှာ ဘယ်လို ဖြစ်နေတယ်ဆိုတာ ဘာမှမစဉ်းစားဘူး"

ကိုထွန်းဝေလည်း ဤတွင် သာ၍ပင် ရယ်ချင်လာတော့သည့် အလား အသံများထွက်အောင်ပင် ရယ်မိလေ၏။

"မဟုတ်ပါဘူးကွာ၊ မင်းတို့ဟာမင်းတို့ ဖြစ်တဲ့ဥစ္စာ၊ ဘာ့ကြောင့် ငါ့အပေါ်ကိုမှ ပုံချချင်ရတာလဲ"ဟူ၍ ပြောကာ ရယ်မြဲရယ်နေပြန် လေ၏။ ဤတွင်မှ ယခုဖြစ်ရခြင်းမှာ ကိုထွန်းဝေ၏အပြစ် စင်စစ် အားဖြင့်မဟုတ်၊ ကိုထွန်းဝေ၏အပြစ် စင်စစ် မဟုတ်လျှင် 'နု" ဟု ဆိုသော မိန်းကလေး၏ အပြစ်ဖြစ်ဖို့ကား သာ၍ပင်မဟုတ်သေး၊ အရင်းကိုစစ်လိုက်သော် အခြားမည်သူမည်ဝါ၏ အပြစ်မှမဟုတ်ဘဲ မိမိ၏အဖြစ်ကိုယ်တိုင်ကပင်လျှင် ယခုကဲ့သို့ဖြစ်စေဟု အပြီးအပြတ် သတ်မှတ်လျာထားလျက် ရှိသကဲ့သို့ ဖြစ်လာသည်ကို စဉ်းစားမိသောကြောင့်

"အေး-ဟုတ်တယ်၊ ငါမှားသွားတယ် ထွန်းဝေ၊ ငါမှားသွားတယ်၊ ငါ့ဟာငါဖြစ်လာတဲ့ဥစ္စာ တခြားလူတွေအပေါ်မှာ လွှဲချတာ ငါမှားသွားတယ်" ပြောပြီးလျှင် စကားဆက်၍ မပြောချင်သကဲ့သို့ ဖြစ်လာသည့်အလျောက် ငြိမ်သက်စွာပင် လိုက်ပါလာခဲ့လေ၏။

ဤတွင် ကိုထွန်းဝေလည်း ကြီးစွာသောကြင်နာစိတ်များ တဖွားဖွားပေါ်လာပြန်ပြီးလျှင် စောစောက ရယ်သွမ်းသွေးသောအသံဖြင့် မဟုတ်ဘဲ

ပကတိ ကြေကွဲဝမ်းနည်းသောအသံဖြင့် "ပြောစမ်းပါ သူငယ်ချင်းရာ၊ မင်းဘယ်လိုဖြစ်လာတယ်ဆိုတာ ငါသိစမ်းပါရစေကွာ၊ သိပါရစေ"ဟူ၍ မျှော်လင့်ချက်ကြီးစွာထား၍ မေးမြန်းလိုက်လေ၏။

သို့သော် စောစောက တွေ့စဉ်ကကဲ့သို့ပင် ထိုအကြောင်းများကို မပြောမဆို မတုန်မလှုပ်သာလျှင်ရှိနေ၍ ကိုထွန်းဝေလည်း စိတ်ပျက် သွားသည့်လား

"ငါမေးတော့ မင်းကမပြောဘူး၊ မင်းကငါ့ကို မပြောတော့ ငါကလည်း သူများမေးရင် မပြောနိုင်ဘူးဖြစ်တာပေါ့ကွ၊ ကြည့်လေ မနက်ကပဲ ထားက ငါ့ကိုမေးပြီ၊ ဆရာဝန်တစ်ယောက်ပါဆိုတာ ငါမနည်းကျိန်တွယ်ပြီး ပြောပြရမလိုဖြစ်နေတယ်၊ မင်း အစတုန်းကတည်းက အခုလိုပဲလားတဲ့၊ မဟုတ်ဘူး- အစတုန်းက လူချောလူလှပဲ၊ ငါ့ထက်တောင်ချောတယ်၊ လူရည်လည်းသန့်တယ်လို့ ပြောပြတော့ ဒါဖြင့်ရင်လည်း ဘယ်လိုကြောင့် အခုလို မရှုမလှ ဖြစ်ရတာလဲတဲ့၊ ဒါတွေဟာ မေးချင်စရာတွေ မဟုတ်လား၊ အေး-မေးချင်စရာတွေမို့ မေးတာပေါ့၊ ငါလည်း မသိမှမသိဘဲကိုးကွ၊ မသိဘူးလို့ပဲ ပြောလိုက်ရတာပေါ့"

ကိုထွန်းဝေ ယခုပြောနေသော စကားများကို တစ်ခွန်းတစ်ပါဒမျှ မလစ်ဟင်းဘဲ ကောင်းစွာပင်ကြားရသော်လည်း စိတ်မှာကား ထိုစကားရပ်များထဲသို့ မရောက်နိုင်ဘဲ မိမိအား ဥတ္တိုရွာကလေးမှ မထွက်ခွာမီအချိန်ကလေးတွင်လည်းကောင်း၊ မခင်လှ လူကိုယ်တိုင် လည်းကောင်း၊ စာဖြင့်လည်းကောင်း အတန်တန် သတိပေးရှာပေသော စကားရပ်တို့ကိုသာ ကြားယောင်လျက်ရှိလေ၏။

အကယ်၍သာ ကိုထွန်းဝေခေါ်ရာသို့ လိုက်ပါလာခဲ့ခြင်းမပြုဘဲ မင်းလှမြို့ကလေးတွင်သာ ဆင်းလိုက်ခဲ့ပါက ယခုအချိန်၌ မိမိရှိလေရာတွင် မိမိအား ဝိုင်း၍ ရှိခိုးလုမတတ်ကြည်ညိုနေကြသော လူထု ကြီးတစ်ခုကို တွေ့မြင်နေရပေလိမ့်မည်။ မိမိမျက်နှာတွင် ကန့်လန့် ဖြတ်ကြီးရလျက်ရှိသော ရောမ အနာရွတ်ကြီးသည် ထိုလူထုကြီးအား ကြောက်ရွံ့ခြင်း၊ ရွံ့ရှာခြင်းအလျှင်းမရှိစေဘဲ ဤအနာရွတ်ကြီးသည် လူသာမန်တို့လုပ်နိုင်ခဲမှုဖြစ်သော စွန့်စားမှုတစ်ခုကို ပြုလုပ်ရာမှ ရရှိခဲ့သော ယောကျ်ားကောင်း ယောကျ်ားမြတ်တို့အားသာလျှင် ဖြစ်ထိုက်သော အမှတ်တံဆိပ်ကြီးတစ်ခုဖြစ်ကြောင်း ကောင်းကောင်းကြီး သိသည်အားလျော်စွာ မိမိအား ကြည်ညိုလေးစားခြင်း ရှိကြပေလိမ့်မည်၊ ခြေတစ်ဖက် ထော့ကျိုးထော့ကျိုး ဖြစ်နေရခြင်းမှာလည်း မိမိ၏လော်လည်ဖောက်ပြားခြင်းကြောင့် မဟုတ်ဘဲ လူသာမန်တို့ ပြုနိုင်ခဲမှုဖြစ်သော စွန့်စားမှုတစ်ခုပြုလုပ်ရာတွင် မတော်မဆ ဖြစ်ခဲ့ရခြင်း အကြောင်းကို ကောင်းစွာကြားသိကြပြီးဖြစ်၍ မိမိ သွားလေရာ၌ ထို့အတွက် တစ်စုံတစ်ရာ အထင်မှားအမြင်မှား ဖြစ်ဖွယ်ရာမရှိ၊ အစစအရာရာ မဆိုရ

မပြောရဘဲနှင့် သိနားလည်ကြပြီးဖြစ်၍ မိမိအတွက် အဘယ်မျှလွယ်ကူအေးချမ်းမည်နည်း၊ ထိုသို့ လွယ်ကူ အေးချမ်းမည့် နေရာသို့ကား မသွားဘဲ မိမိအကြောင်းကို လုံး၀ မသိသော မြို့တစ်မြို့သို့ လိုက်ပါလာမိခြင်းမှာ မှားလေစွ မှားလေစွဟု တွေးတောရင်း လိုက်ပါလာခဲ့ရာ ဆံတော်ဘုရားခြေတော်ရင်းသို့ရောက်၍ ကားထိုးရပ်လိုက်မှ သတိရကာ အောက်သို့ဆင်းရလေ၏။

"ကဲ ထွန်းဝေ မင်းမလိုက်ရင်လည်း နေပါကွာ၊ ငါဘုရားဖူးပြီး မင့်ဆီလိုက်လာပါ့မယ်"

"မဟုတ်တာကွာ ငါလည်း ဖူးမှာပေါ့ကွ၊ လာ ဒီဘက်က ရှင်းတယ်" ဟု ခေါ်သွားသောကြောင့် တစ်စုံတစ်ရာမပြောဘဲ ခေါ်ရာသို့သာ လိုက်ပါသွားရလေ၏။

ထိုနောက် ဆေးရုံကြီးသို့ ဆက်လက်မောင်းနှင်သွားကြပြီးလျှင် ခေတ္တမျှ လုပ်စရာကိုင်စရာများ လုပ်ကိုင်မှာကြားပြီးနောက် မြို့ကို လှည့်၍ပြသဖြင့် ကြည့်သာကြည့်ရသော်လည်းများစွာ စိတ်ပါလှခြင်း မရှိ၊ အိမ်သို့ပြန်ရောက်ရမည်ကို များစွာပူပန်၍နေမိလေ၏။

၁၁ နာရီထိုးခန့်ရှိသောအခါ၌မူကား မြို့ကို နှံ့သလောက် ရောက်ပြီးပြီဖြစ်လေ၏။ မြို့အခင်းအကျင်း အနေအထားတို့ကို ကိုထွန်းဝေက တဖွဲ့တနွဲ့ကြီး ပြောနေသော်လည်း နားမဝင်၊ ဤမြို့မှ နေ၍ မည်သည့်နည်းဖြင့် အမြန်ဆုံး ထွက်ခွာသွားရပါမည်နည်း ဟူ၍သာ စဉ်းစားလျက် စိတ်အလုပ်များနေခဲ့လေ၏။

တစ်ဖန်သွားမည်ဆိုပြန်လျှင် မည်သည့်မြို့သို့ သွားမည်နည်း၊ မင်းလှသို့ ပြန်မည်လောဟူ၍ စဉ်းစားလိုက်ပြန်သောအခါ၌ မင်းလှသို့လည်း မပြန်ချင်၊ ပြန်လျှင် လူတကာ၏ဝိုင်းဝန်းကြည့်ညိုလေးစားခြင်းကိုမူ မုချအားဖြင့် ခံယူရရှိမည်ဖြစ်သော်လည်း အကြော့ဖခင်ကြီးနှင့် တွေ့ဆုံသိကျွမ်းခင်မင်ရာမှ အကြော့အတွက် စီမံလျာထားခဲ့ပုံများ၊ မိမိထက် ကိုသက်ထွန်းက အရေးသာ၍ သွားပုံများကို ပြန်လည်သတိမရဘဲ မနေနိုင်၊ ကိုသက်ထွန်းက အရေးသာသွားခြင်းအတွက် ယခုတိုင် ကိုသက်ထွန်းအပေါ်၌ ငြူစူခြင်းမရှိသော်လည်း မိမိ၏စိတ်၌ အကြော့ကို ဆုံးရှုံးလိုက်ရခြင်းအတွက်မူ ယခုတိုင် နှမြော၍မဆုံး၊ မိမိ၏ဘဝကံကို အဆိုးချ၍မပြီး-- တစွဲလမ်းလမ်း တတမ်းတတဖြစ်နေခဲ့ရခြင်းကို မိမိသာလျှင် အသိဆုံးဖြစ်ရာ ယခုတစ်ဖန် ထိုမြို့ကလေးသို့ပင် ပြန်၍သွားရောက်နေရမည်ဆိုသော် ထိုစိတ်တို့မှာ သာ၍ပင် ပြင်းထန်သဲမဲလာလျက် သာ၍ပင် ဆွေးမြည့်ဖွယ်ရာသာရှိတော့မည်ဖြစ်၍ မင်းလှမြို့သို့ပြန်ရန် ဟူသောကိစ္စကို ဆက်၍ မစဉ်းစားသာအောင်

ရှိနေတော့လေ၏။

"ဟော့ ဆင်းလေကွာ ရောက်နေပြီ"ဟူ၍ ကိုထွန်းဝေ၏အသံဖြင့်လည်းကောင်း၊ "ဘယ့်နှယ်လဲ ကိုမြင့်မောင်၊ တော်တော်နှံ့ခဲ့ရဲ့လား" ဟူ၍ ထား၏အသံဖြင့်လည်းကောင်း ရှေ့ဆင့်နောက်ဆင့်လိုပင် ကြားလိုက်ရမှ မိမိမှာ အိမ်ဝသို့ ပြန်လည်ဆိုက်ရောက်နေပြီဖြစ်ခြင်းကို သတိပြုမိလေ၏။

"ဟုတ်ကဲ့ နှံ့ခဲ့ပါတယ်" ပြန်၍သာ ပြောလိုက်ရသော်လည်း အကယ်၍ အကျယ်တဝင့် မေးမြန်းစုံစမ်းနေမည်ဆိုက များစွာ အကျပ်ကြုံဦးမည်ကိုတွေး၍ လန့်နေမိလေ၏။

ထမင်းစားပွဲ၌ ထိုင်မိကြသောအခါ ကိုထွန်းဝေက "စားဟော့ဘာမှအားမနာနဲ့၊ ထည့်သာစား" ဟူ၍ ပြောကာ မိမိဘာသာ ပလုတ်ပလောင်းစားနေလျက် ထားကလည်း "သုံးဆောင်ပါ၊ ဘာမှ အားနာစရာမရှိပါဘူး၊ ဟောဒါက ကျွန်မတို့ဆီမှာဖြင့် သိပ်လိုက်တဲ့ ကညွတ်ပေါ့၊ သုံးဆောင်ပါ" ဟူ၍ အိမ်ရှင်မဝတ္တရားအတိုင်း ကိုယ်တိုင်ပင် ဖြောင့်အောင် မစားနိုင်ဘဲ မိမိနှင့် ကိုထွန်းဝေ၏ ပန်းကန်ထဲသို့သာ ဟင်းများ ထည့်ပေးလျက်ရှိခြင်းဖြင့် မိမိစိုးရိမ်နေသောအမေးများ ပေါ်ထွက်လာခြင်း မရှိသေး၍ အတန်ငယ် စိတ်သက်သာရာရသကဲ့သို့ ရှိလေ၏။

"ဒါနဲ့ "နု"တစ်ယောက်ကော မစားသေးဘူးလား" ဟူ၍ ကိုထွန်းဝေက မေးလိုက်ရာ ကိုမြင့်မောင်မှာ အမှတ်မဲ့ လျှပ်စစ်ခတ် လိုက်သွားသလောက် တုန်လှုပ်သွားမိလေ၏။

"မှိန်းနေတယ်ထင်ပါရဲ့"ဟု ထားက တိုတိုပင်ဖြေလိုက်သော်လည်း မိမိဝင်ရောက် တစ်စုံတစ်ရာ မမေးမစမ်းလျှင်မကောင်း၊ ဤတွင် ကြားဝင်၍မေးဖို့ဖြစ်လာရကား "ဘယ့်နှယ်နေသေးလဲဗျာ၊ သိပ်အားနာစရာကြီးဖြစ်နေပြီ" ဟူ၍ပြောလိုက်ရာ ကိုထွန်းဝေက လေးလေးထန်ထန်ကြီး "လုပ်ပြန်ပြီ-ဒီအားနာစကား"ဟု ပြောဆို ဟန့်တားလိုက်ပြီးနောက် ထမင်းကို ဆက်လက်၍ ဟန်မပျက် စားနေလေ၏။

ထားကသာ "ကိစ္စမရှိပါဘူးရှင်၊ "နု"က နဂိုကအသည်းကြောင်ကြောင်မို့ပါ၊ ဒဏ်ရာကလည်း ဖြစ်လောက်တာ မဟုတ်ပါဘူး"ဟူ၍ ဖြေကြားဖော်ရပေသောကြောင့်

"ကောင်းပါလေ့ဗျာ၊ ကောင်းပါလေ့၊ ကျွန်တော့်စိတ်ထဲမှာ သိပ်ပြီးမကောင်းဖြစ်သွားတယ်၊ အခုလိုဖြစ်ရတာ"

"ဩော် ဒါကတော့ မသိကြလို့ ဖြစ်တာကိုးရှင့်၊ ကဲ-

ဟိုဘက်ကလက်သုပ်ကလေး မြည်းစမ်းပါဦး”ဟူ၍ စကားဖြတ်လိုက်သောကြောင့် မျက်နှာပူရန်ကိစ္စတစ်ခု ခေတ္တမျှငြိမ်သွားပြီဖြစ်၍ အတန်ငယ် သက်သာရာရမိလေ၏။

“ဒါကတော့ မသိကြလို့ဖြစ်တာကိုးရှင့်”ဟူ၍ “ထား”ပြောလိုက်သောစကားမှာ ပြီးပြတ်အောင် ပြောလိုက်သောစကားဖြစ်သော်လည်း ထိုစကား၏ဟုတ်မှန်သော သဘောအဓိပ္ပာယ်သည် မိမိအား အရှိန်ပြင်းစွာ ဝင်ရောက်တိုက်ခတ်သွားသည်ဟု ထင်မှတ်လိုက်ရလေ၏။ သို့သော် ထိုသို့ အရှိန်ပြင်းစွာ ဝင်ရောက်တိုက်ခတ် လိုက်ခြင်းဖြင့် မိမိတွင်နာကျင်ခြင်းမရှိ၊ စိမ်းလန်းစိုပြည်သော သစ်ပင်ပျိုသည် လေမုန်တိုင်း သိမ်းခတ်၍ ယိမ်းညွှတ်ပြီးရတိုင်းပြီးရတိုင်း မိမိ၏ အင်အားစွမ်းပကားကို တိုးတက်ပိုမိုသိရှိလာသည့်အလား ပို၍သာ ထွားကျိုင်းတောင့်တင်းလာဘိသကဲ့သို့ ယခုလည်း “မသိကြလို့ ဖြစ်ကြတာ” ဟူသော စကား၏တိုက်ခတ်ခြင်းကို ခံရပြီးပြန်သည့်အခါ မိမိ၏ဖြစ်ပျက်ကြုံတွေ့နေရမှုတို့ကို ပိုမိုခံနိုင်သလို ဖြစ်လာလေ၏။

မိမိ၏ပြဿနာမှာ ရုတ်တရက် ချက်ချင်းလွယ်လာသည်ဟု ထင်ရလေ၏။ မိမိ၏အကြောင်းကို သိပြီးဖြစ်သောမြို့သို့ကား အကြော့အား သတိတရရှိမည်စိုးသည့်အတွက် မပြန်နိုင်ဟုဆိုလျှင် မိမိမည်သည့်နေရာဌာနသွားရောက်စေကာမူ ထိုနေရာဌာနကို ဒုတိယ သုံးဆယ်ကဲ့သို့မဖြစ်စေရအောင် အထိရောက်ဆုံးသော ကာကွယ်နည်းမှာ မိမိ၏အကြောင်းကို လူသိအောင် ဖွင့်ဖော်ပြောဆိုဖို့ပင် ဖြစ်သည်ဟု စဉ်းစားမိလေ၏။

သို့သော် မိမိ၏အကြောင်းကို ဖွင့်ထုတ်ပြောရမည်မှာ အခြား သူများအတွက်ကား မသိ၊ မိမိအဖို့ကား အလွန်ခဲယဉ်းလှသည်ကို တွေ့ရလေ၏။ မိမိအကြောင်းကို မိမိကိုယ်တိုင်က ထုတ်ဖော်ပြောဆိုရမည်မှာ ဝန်လေးလှသည်ကို တွေ့ရလေ၏။ ထိုသို့ ခဲယဉ်းဝန်လေး ရခြင်းမှာ ယခုမှမဟုတ် ငယ်စဉ်ကတည်းကပင်ဖြစ်ခဲ့ရာ ဤမျှ နှစ်ကာလ ကြာမြင့်စွာမပြုလုပ်ဘဲ ရှောင်ကြဉ်ခဲ့သော အလုပ်တစ်ခုကို ယခုလုပ်ရမည်ဆိုခြင်းမှာ မဖြစ်နိုင်၊ တွေးလိုရာတွေး၍ ထင်လိုရာ ထင်စေ၊ မိမိသော်ကား ကိုယ့်အကြောင်းကို ကိုယ်ထုတ်ဖော်၍ ပြောဆိုခြင်းပြုမှ လူတကာသိရှိကာ ရိုသေကြည်ညိုကြမည့် အလုပ် မျိုးကိုကားမလုပ်ပြီဟူ၍ နဂိုက တင်းမာပြီးဖြစ်သော အဓိဋ္ဌာန်ကို ထပ်မံ၍ မူလိုက်ပြန်လေ၏။

ထိုသို့ အဓိဋ္ဌာန်မူလိုက်၍ မိနစ်အနည်းငယ်အတွင်းတွင် ထိုအဓိဋ္ဌာန်ကြီး ပျက်ပြားလုနီးနီးဖြစ်သွားသော အခြေအနေတစ်ရပ်ကို မိမိအဖို့

လျှာထားပေးသောအခန်းထဲ၌ ထိုင်နေစဉ် ကြုံတွေ့ရသဖြင့် တစ်ခဏမျှ စိတ်၏ ကျပ်တည်းကျဉ်းမြောင်းခြင်းကို ခံစားလိုက်ရလေ၏။ သို့သော် ထိုအခြေအနေကို ဖြစ်ပေါ်စေသူမှာ လူကြီးတစ်ယောက်မဟုတ်ဘဲ သုံးလေးနှစ်အရွယ်မျှသာရှိသေးသော ကလေးတစ်ယောက်ဖြစ်သောကြောင့် တော်ပေသေးသည်ဟု ထင်မှတ်ရလေ တော့၏။

ကလေးမှာ ကိုထွန်းဝေ၏သားကလေးပင်ဖြစ်ရာ ကိုထွန်းဝေ စောစောက ပြောသွားသကဲ့သို့ အရွယ်နှင့်မလိုက်အောင် သွက်လက် ချက်ချာခြင်းရှိပေ၏။ စကားကိုလည်း ချစ်ခင်စဖွယ်ရာ ပျူပျူငှာငှာ ပြောဆိုတတ်ပေ၏။ ထူးခြားခြင်းကား အခြားကလေးများကဲ့သို့ ကိုမြင့်မောင်အား မြင်တွေ့သည်နှင့်တစ်ပြိုင်နက် ကြောက်ရွံ့၍ ဖယ်ရှောင်မသွားဘဲ မျက်နှာရိပ်မျက်နှာကဲ တစ်ချက်မျှခတ်လိုက်ဘိသည့်လား အနားမှလာ၍ သေချာစွာကြည့်လိုက်ပြီးနောက်. . . .

“ဦးလေး လူဆိုးမဟုတ်ဘူး ကျွန်တော်သိတယ်၊ လူဆိုးဆိုရင်ကျွန်တော်ကဖမ်းမှာ၊ ဦးလေးကတော့ လူဆိုးမဟုတ်ပါဘူး၊ ဒါကြောင့် ဦးလေးကို ကျွန်တော်ဖမ်းပါဘူး”ဟူ၍ ပကတိတည်ကြည်ငြိမ်သက် ရင့်ကျက်သောလေ့ ကြွေဖြင့် ပုလိပ်ရာဇဝတ်အုပ်ကြီးများ ပြောသကဲ့သို့ ပြောလာသည့်အတွက် ကိုမြင့်မောင်မှာ အသံများထွက်အောင်ပင် ရယ်မိတော့လျက် ကလေးကို မိမိအပါးသို့ခေါ်ယူကာ

“သာခုကွာ သာခု၊ ဒါနဲ့ မင်းနာမည်ဘယ့်နှယ် ခေါ်သလဲ”

“ကျွန်တော်ကတော့ ကျော်ဝေလို့ခေါ်တာပဲ၊ ဖေဖေကတော့ နာမည်ပေးတေးဘူးတဲ့၊ မေမေနဲ့ ဒေါ်လေးကတော့ အပါလေး လို့ခေါ်တယ်၊ ဒါ ကျွန်တော်သဘောမကျဘူး”ဟု တည်တည်ကြီးပင် လုပ်နေသည်နှင့် ကိုမြင့်မောင်လည်း အသံများထွက်သွားအောင် ရယ်မောမိကာ

“အေး မင်းဖေဖေက ဘယ်လိုနာမည်ပေးတယ်ဆိုတာကို စောင့်ကြည့်ဦး၊ ပြီးတော့မှ ကောင်းတဲ့နာမည် ယူတာပေါ့ကွာ"

“ဦးလေးကို ကျွန်တော်မေးမယ်၊ ဦးလေးမျက်နှာက ဘာကြီးလဲ”

“အနာရွတ်ကြီးလေ”

“အဲဒါဘာလဲ”

“အနာရွတ်ဆိုတာ နာနာဖြစ်တာကို သိလား၊ အဲ နာနာဖြစ် ပြီးတော့ အခုလိုဖြစ်သွားတာပေါ့”

“ဘာဖြစ်လို့ နာနာဖြစ်တာလဲ”

စောစောက သွက်သွက်ကြီးပင် ပြောဆိုဖြေကြားနိုင်နေခဲ့သော်လည်း ဤမေးခွန်းဖြင့် ရုတ်တရက် အမေးခံရသောအခါ၌မူ ပူထူသွား သကဲ့သို့ဖြစ်ကာ ရုတ်တရက် အဖြေမပေးနိုင် ဖြစ်နေလေ၏။

“ပြောပါ ဦးလေးရဲ့၊ ဘာပြုလို့ နာနာဖြစ်တာလဲ”ဟု ထပ် လောင်း၍ မေးနေသည်ကို အချိန်မီမဖြေလျှင် ကျေအေးမည်မဟုတ်သောကြောင့် “နာနာဆိုတာ ဖြစ်ချင်တော့ ဖြစ်တာပေါ့ကွ”ဟူ၍ ပြောပြီးလျှင်ပြီးချင်း စကားထပ်လာမည်စိုးသောကြောင့်“မင်းကော တစ်ခါမှ နာနာမပေါက်ဖူးဘူးလား၊ နာနာဖြစ်တော့ မင်းဖေဖေက ဆေးထည့်ပေးတယ်မဟုတ်လား၊ ဒါနဲ့ မင်းကြီးရင် ပုလိပ်လုပ်မယ်ဆို၊ ပုလိပ်လုပ်ရင် သေနတ်ပစ်တတ်ရတယ်ကွ၊ မင်း ပစ်တတ်ရဲ့လား”ဟူ ၍ မေးခွန်းပေါင်းများစွာ ဝေနေအောင် ကာလိုက်မှ အနာရွတ်ကြီး အကြောင်း မေ့သွားသည့်အလား

“ပစ်တတ်တယ်၊ နေဦး ဖေဖေ ရန်ကုန်က ဝယ်လာတဲ့ သေနတ်ကြီး ကျွန်တော်ပြမယ် ဦးလေးနေဦးနော်”ဟု ပြောပြောဆိုဆို ပြေးဆင်းသွားကာမှပင် အတန်ငယ် စိတ်သက်သာသွားတော့လေ၏။

ပြန်၍တက်လာသောအခါတွင် အနာရွတ်ကြီးအကြောင်း ပြောနေဦးမည်လား'ဟု တဒိတ်ဒိတ်ဖြစ်နေစဉ် “ဦးလေးဒေါ်လေးကလေ ကျွန်တော့်ကို ဒီမတွားနဲ့တဲ့၊ကြောက်စရာကြီးတဲ့၊ ကျွန်တော်တော့ မကြောက်ပေါင် ဦးလေးကိုချစ်တယ်၊ ဒီမှာလေ ဖေဖေ ရန်ကုန်က ဝယ်လာတဲ့ တနတ်ကြီး"ဟု ပြောဆို ပစ်ခတ်ပြသလျက်ရှိ၍ ကိုမြင့် မောင်လည်း အတူပင်ရော၍ကစားပြသကာ မိမိမှာ ဖအေနှင့် သာ ရင်းနှီးသော သူငယ်ချင်းဖြစ်ရသည်မဟုတ်ဘဲ သားဖြစ်သူ လူမမည်ကလေးနှင့်ပါ ရင်းနှီးသော သူငယ်ချင်း ကစားဖော်ကစားဖက် လာ၍ ဖြစ်နေရခြင်းကို မပြုံးဘဲမနေနိုင် ရှိနေလေသတည်း။

# [၂၀]

## ပဘာဝတီနှင့်ဂုဏ

တစ်ရက်မှနှစ်ရက်၊ နှစ်ရက်မှသုံးရက် ကြာမြင့်လာသောအခါ မူကား ရောက်စကလောက် ကျပ်တည်းကျဉ်းမြောင်းခြင်းမရှိတော့ဘဲ အပါကလေးခေါ် ကျော်ဝေကလေးနှင့် ခြံကြီးထဲတွင် တစ်တွဲတည်း တွဲကာ သွားလာလှည့်ပတ်ကစားရင်း ကိုယ်တိုင်လည်း စိတ်ပါရွှင်မြူးမှန်းမသိ ရွှင်မြူးနေမိရကား အပြင်သို့ထွက်၍ လည်ပတ်ရန်ကိုပင် စိတ်ကူး၍မထည့်မိ ဖြစ်နေခဲ့ပေ၏။

ထိုနေ့ကလည်း နံနက်အိပ်ရာမှ မထမီပင် အပါလေး ရောက်လာခဲ့ပြီးလျှင် ပန်းခြံထဲသို့ဆင်းရန် ခေါ်နေသောကြောင့် ကိုမြင့်မောင်လည်း ပျာယီးပျာယာ မျက်နှာသစ်ကာ လိုက်ပါသွားရလေ၏။ အိမ်သူအိမ်သားများက နိုးကြသေးဟန်မတူ၊ အိမ်ကြီးမှာ တိတ်ဆိတ်ငြိမ်သက်လျက်ပင် ရှိနေသည့်အတွက် ကိုမြင့်မောင်လည်း အပါလေးအား ကြမ်းကိုပြင်းပြင်း ဆောင့်မနင်းရန် နားနား သို့ကပ်၍ မှာကြားပြီးလျှင် နှစ်ယောက်သား ခြေသံမကြားရအောင် ဆင်းလာခဲ့ကြရလေ၏။

ပန်းခြံထဲသို့ရောက်လာသောအခါ အပါလေးမှာ ထိုအပင်မှ သည်အပင်သို့ လူလားတုံ့ပြန်ပြေးလွှားလျက် လန်းဆတ်ဝေဆာစွာ ပေါက်ရောက်သီးပွင့်နေကြသည့် ပန်းပွင့်ကြီးငယ်တို့ကို ဆွတ်ယူမည် တကဲကဲ ဖြစ်နေသောကြောင့် "အပါမလုပ်နဲ့လေ မလုပ်နဲ့ လာဦး ဦးလေးပြောမယ်”ဟု ခေါ်ငင်ဟန့်တားပါသော်လည်း အပါကား ရုတ်တရက်မလာသေးဘဲ နှင်းဆီပွင့်ကြီးတစ်ပွင့်ကို မရမကချိုးဖွဲ့ဆွဲယူ နေသည့်အတွက် အခြားအဖော်အကိုင်းများ မကျိုးပွဲ့စေရန် လျင်မြန်စွာခုန်လွှား ပြေးသွားပြီးလျှင် လိုချင်သောပန်းပွင့်ကြီးပါရှိသည့်အခက်ကို ချိုးပေးရလေ၏။

သို့သော် နောက်နောင် ယခုကဲ့သို့ မပြုလုပ်စေရန် ဖျောင်းဖျ ဆုံးမထားဖို့ လိုအပ်ရကား “လာအပါ၊ ဟိုမှာသွားထိုင်ပြီး သေသေချာချာ ကြည့်ရအောင်၊ အပါ့ကို ဟောဒီ ပန်းပွင့်အကြောင်း ဦးလေး ပြောစရာ အများကြီး ရှိတယ်”ဟု ပြောဆိုခေါ်ငင်လာခဲ့လေ၏။

အပါကား ကိုယ်လိုရာကိုရခဲ့ပြီဖြစ်၍ ကိုမြင့်မောင်ခေါ်ရာသို့ ကောင်းမွန်စွာ လိုက်လာပေ၏။

“ဒီမှာကြည့်စမ်း အပါ၊ ဒီပန်းကြီးဟာ လှသလား မလှဘူးလား"

“လှတယ် ဒါကြောင့် ကျော်ဝေ ခူးတာပေါ့”

“ကဲ-လှလို့ သူ့ကို ခူးပါပြီတဲ့ကွာ၊ မင်းဘာလုပ်မလဲ”

“ဘာမှမလုပ်ဘူး”

“ဘာမှ မလုပ်ဘဲနဲ့များကွာ၊ ဘာဖြစ်လို့ ခူးချင်ရတာလဲ"

“လှလို့”

“လှရုံသက်သက်နဲ့ နောက်များမခူးပါနဲ့ကွာ၊ ကဲအပါ မင့်ကို ဦးလေးမေးစမ်းမယ်၊ ဟိုမှာကျန်ခဲ့တဲ့ပန်းနဲ့ အခုပန်းကြီးတစ်ခုတည်းနဲ့ ဘယ်ဒင်းကပိုလှသလဲ'

“ဟိုပန်းတွေကလှတယ်”

“နို့ ဘာဖြစ်လို့ ဟိုပန်းတွေကို မင်းမခူးသလဲ”

“ဦးလေးကဆူလို့”

ဤတွင် ကိုမြင့်မောင်မှာ ကိုယ်ပြောလိုရာသို့ရောက်အောင် ပြောရန် မဖြစ်နိုင်တော့သည်ကိုတွေ့ရ၍ ဟတ်ဟတ်ပက်ပက်ပင် ရယ်မိလေ၏။

“မဟုတ်ပါဘူးအပါ၊ မင်း အခုလို ဒီပန်းကြီးကို သွားပြီးခူးလိုက်တော့ ဒီပန်းကြီးဟာ ဟိုအပေါ်မှာတုန်းကလောက် မလှ တော့ဘူး၊ သူ့အပင်နဲ့ သူ့ပန်းနဲ့ဆိုတော့ သိပ်ပြီးလှတာပေါ့ကွ၊ အခုတော့ မင်းက အပင်ရဲ့အလှကို ဖျက်ပစ်လိုက်တာကိုး၊ ဒီပန်းကို တကယ်လို့ ဘုရားတင်ရင် မင်းကုသိုလ်ရမှာပဲ၊ ကုသိုလ်မယူချင် ဘူးလား"

“ကုတိုဆိုတာ ပန်းလား ဦးလေး၊ ဒါဖြင့် ကျော်ဝေ အများ ကြီးယူမယ်" ဟု ပြောဆိုကာ အခြားနှင်းဆီရုံတစ်ခုဆီသို့ ပြေးသွားသဖြင့် ကိုမြင့်မောင်လည်း ချိုင်းညှပ်ကလေး ထောက်ကာ ထောက်ကာဖြင့် နောက်က အပြေးကလေး လိုက်သွားရလေ၏။

အကယ်၍ ပန်းပင်နှင့်“အပါ”ဆီသို့သာ အာရုံစိုက်၍မနေဘဲ အပေါ်ထပ်ဆီသို့မော့၍ ကြည့်လိုက်မိမည်ဆိုက ဖြူဝင်းသော မျက်နှာ တစ်ခုပေါ်တွင် ပြုံးယောင်သော အမူအရာကလေး ဖြတ်သွားကာ နောက်သို့ဆုတ်ခွာသွားသည်ကို မြင်လိုက်ရမည်သာဖြစ်ပေ၏။

တစ်ခဏ ကြာသောအခါ “ဟဲ့ အပါကြည့်စမ်း၊ လာခဲ့ ခုလာ ကြည့်စမ်း၊

ဦးလေးအိပ်တာ ကောင်းကောင်းမအိပ်ရဘူး၊ ဘယ်အချိန်ကများ သွားနှိုးသလဲမသိဘူး သိပ်ခက်တဲ့ကောင်လေး”ဟူ၍ ထား၏ အသံဖြင့် ခေါ်သံကြားလိုက်ရသောကြောင့် အပါလည်း တစ်ပင်မှ တစ်ပင် ပြေးလွှားနေရာမှ ရုတ်တရက်တန့်သွားပြီးလျှင် ကိုမြင့်မောင် ဆီသို့ချဉ်းကပ်လာသည့်အတွက် ကိုမြင့်မောင်က “ကျွန်တော်တို့ သိပ်မကြာသေးပါဘူး ဆင်းလာကြတာ”ဟူ၍ လှမ်းပြောလျက် “လာ အပါ တက်ကြမယ်၊ မေမေ ခေါ်နေပြီ”ဟု လှည့်ပြောလိုက်လေ၏။

“သွား နင့်ဒေါ်လေးဆီ မျက်နှာသွားသစ်၊ ဒီကောင်ကလေးဟာ စောစောစီးစီး"ဟု အိမ်ပေါ်ရောက်လျှင်ရောက်ချင်း တစ်ချက်မျှဆီး၍ ငေါက်လိုက်သဖြင့် အပါလေးမှာ နောက်သို့လှည့်ကြည့်လှည့်ကြည့်နှင့် တက်သွားရာ 'ထား'လည်း ကိုမြင့်မောင်ဘက်သို့ တစ်ချက်လှည့်၍ ပြုံးလိုက်ရင်း “ကဲ ကိုမြင့်မောင် ကိုဝေကို စောင့်မနေပါနဲ့တော့၊ ကာဖီသောက်သာ သောက်လိုက်ပါတော့ ဒီကောင်ကလေးလည်း ကိုမြင့်မောင်ကို သိပ်ပြီး ဒုက္ခပေးနေတော့တာပဲ”

“အို ဒုက္ခမဟုတ်ပါဘူး၊ သူ့ကြောင့် ကျွန်တော် သိပ်ပြီး စိတ်ချမ်းသာရာ ရပါသေးတယ်၊ အနှောင့်အယှက် ဘယ်လိုမှမဖြစ်ပါဘူး၊ ကလေးက သိပ်ပြီးသွက်တော့ သိပ်ချစ်စရာကောင်းတာပဲ” “သွက်တာတော့မပြောနဲ့တော့ ကိုမြင့်မောင်၊ ညအိပ်ရာဝင်ဆို သူ့ဒေါ်လေးနဲ့ တွတ်တွတ်တွတ်တွတ်နဲ့တတွတ်တွတ်ကို နေတာပဲ၊ သူ့ဒေါ်လေးကဆိုတာ မျက်စိအောက်က အပျောက်မခံချင်ဘူး၊ အင်မတန်ကို ချစ်တာ။ ထားတို့က မွေးသာမွေးရပေမယ့် ခင်တော့ ကိုမြင့်မောင်လိုပဲ သူ့ဒေါ်လေးကိုပဲ ရွေးပြီးခင်တယ်၊ အခုမှသက်သာ သွားတာပေါ့၊ နို့မဟုတ်ရင် တစ်ချီတည်းချီ တစ်ထိန်းတည်း ထိန်းနေရတာပဲ၊ ထားတို့မှာလည်း သူရှိပေလို့သာပဲ”

ကိုမြင့်မောင်ကား တစ်စုံတစ်ရာမပြောဘဲ စိုက်၍သာ နားထောင် နေ၏။

“သောက်ပါကိုမြင့်မောင်၊ ထားတို့တော့ ကိုဝေ နိုးနိုးချင်း ကိစ္စ တစ်ခုရှိလို့ ခဏသွားရဦးမယ်၊ ခုထက်ထိမနိုးသေးရင်တော့ အချိန်မီအောင် ပျာယီးပျာယာ သွားရဦးတော့မလို ဖြစ်နေပြီ၊ ကိုဝေဟာ သိပ်အအိပ်ကြီးတာပဲ၊ ကျောင်းနေကတည်းက ဒီလိုပဲဆို၊ ပြောပါတယ် ကိုမြင့်မောင်က မနက်တိုင်း နှိုးပေးရတယ်လို့၊ ကဲ သောက်လိုက်ပါ ထား သွားကြည့်လိုက်ဦးမယ်၊ နိုးများနိုးပြီလားလို့”ဟု ပြောပြောဆိုဆို ထွက်သွားသောကြောင့် ကိုမြင့်မောင်လည်း လက်ဖက်ရည်စားပွဲတွင် ဝင်၍ထိုင်ရလေ၏။

တစ်ခဏမျှကြာသောအခါ အပါလေး ဆင်းလာလျက် “ဦးလေး ကျော်ဝေ မျက်နှာသစ်ပြီးပြီ၊ ကာဖီလည်း သောက်ပြီးပြီ၊ ပန်းခြံထဲ ကစားရအောင် လာပါ

ဦးလေး”ဟု အတင်းဆွဲခေါ်နေသည်နှင့် “အေး မင်း ဟိုကျ ပန်းတွေမခူးရဘူးနော်”ဟု ပြောဆိုပြီး အပါလေးနှင့်အတူ ဆင်းလာခဲ့ကြပြန်လေ၏။

ဤအကြိမ်တွင်မူ ကတိထားသည့်အတိုင်းပင် ပန်းပင်များကို တစ်စုံတစ်ရာ မထိမကိုင်ဘဲ ထိုမှဤမှ ပြေးလွှားကာ တစ်ပင်မှတစ်ပင် လူးလာပျံသန်းနေသည့်လိပ်ပြာကလေးများကို လိုက်၍ နေသည့်အတွက် ကိုမြင့်မောင်လည်း “ဟော မိတော့မယ် မိတော့မယ်”ဟု အားပေးရင်း စိတ်ပါလက်ပါ ကြည့်နေမိလေ၏။

“အံမာ လက်စသတ်တော့ ဒီမှာကိုး၊ ဟေ့မြင့်မောင် တို့ ကိစ္စလေးတစ်ခုရှိလို့ သွားလိုက်ဦးမယ်ကွာ မင်းဒီနေ့ ဘယ်မှမသွားဘူး မဟုတ်လား။ ဒီဘိုးစောကလေးကို ကြည့်ထားလိုက်စမ်းပါ၊ မင်း ထမင်းဆာရင် စားသာစားနှင့် မစောင့်နဲ့၊ ငါအားလုံး မှာကြားပြီးပြီ၊ သွားမယ်ကွ ဟုတ်လား၊ ဘာမှအားနာမနေနဲ့တော့ဟေ့”ဟု ပြောဆို လှည့်ထွက်သွား၍ ကိုမြင့်မောင်လည်း အပါလေးဘက်သို့လှည့်ကာ ကြည့်မြဲကြည့်နေလေ၏။

ခြံထဲတွင် နှစ်ယောက်သား ပြေးလွှားကစားနေကြ၍ နှစ်နာရီ နီးပါးခန့်ကြာသောအခါ သူငယ်ကလေးတစ်ယောက် ရောက်လာပြီးလျှင် “အပါလေးကို မမလေးက ရေချိုးပေးမလို့ပါ တဲ့ခင်ဗျ”ဟု ပြောသောကြောင့် အပြင်သို့ ကိုထွန်းဝေတို့ ထွက်သွားရာတွင် “နု' ဆိုသော မိန်းကလေး ပါမသွားခြင်းကို သိရလေ၏။

အပါလေး မတက်ချင်တက်ချင်နှင့် အိမ်ပေါ်သို့ လိုက်ပါ သွားရသောအခါတွင်မူကား မိမိလည်း အိမ်ပေါ်သို့မတက်ချင်ဘဲရှိနေသည်ကို တွေ့ရလေ၏၊ မတက်ချင်ခြင်းမှာ မိမိရောက်စက အဖြစ်မျိုး ထပ်မံမဖြစ်ပွားစေလို၍ဖြစ်ပေ၏။ စောစောကမူ တစ်အိမ်သားလုံး လိုက်သွားမည်ထင်မှတ်၍ ခပ်အေးအေးပင် ရှိခဲ့သော်လည်း ယခုသော် မိမိအများဆုံးအားနာရမည့် သူတစ်ယောက်တည်း တွင်မှ အိမ်စောင့် ကျန်ခဲ့သဖြင့် အိမ်ပေါ်တက်ဖို့ပင် ခပ်ကျပ်ကျပ်ဖြစ်နေမိခြင်း ဖြစ်လေ၏။

သို့ဖြစ်သည့်အလျောက် ပန်းခြံထဲတွင်ပင် ခေါက်တုံ့ခေါက်ပြန် လမ်းလျှောက်နေရာ မည်မျှကြာသည်မသိ၊ စောစောက သူငယ်ကလေး ရောက်လာပြန်လျက် “ရေချိုးဖို့ပြင်ပြီးပါပြီခင်ဗျ”ဟု ပြောမှ နာရီကို ကြည့်လိုက်သောအခါ ၁၀ နာရီထိုးနေပြီကို တွေ့ရလေ၏။ ဤအိမ် ထုံးစံမှာ ထမင်းကို ၁၁နာရီကျော်ကျော်ကလေးတွင် စားလေ့ရှိရာ ၁၀နာရီနှင့် ၁၁နာရီအကြားရှိ အချိန်မှာ ရေမိုးချိုးကြချိန်ပင်ဖြစ်ရကား ကိုမြင့်မောင်လည်း မနေသာတော့သည့်အလျောက် ချိုင်းညှပ်ကလေး ထောက်ကာထောက်ကာဖြင့်

အိမ်ဆီသို့ လာခဲ့လေ၏။

သို့လာခဲ့ရာ၌ 'နု'ဆိုသူအား မမြင်မတွေ့ပါရစေနှင့်ဟု ကျပ်ကျပ် ကြီး ဆုတောင်းမိလေ၏။ ထိုသို့ ဆုတောင်းမိခြင်းမှာ မိမိ၏အကျိုးငှာမဟုတ်၊ ထို'နု'အမည်ရှိသော မိန်းကလေး၏ အကျိုးငှာသာဖြစ် ပေ၏။ အကယ်၍ မိမိရောက်စ,နေ့က ကဲ့သို့သာ ဖြစ်ရဦးမည်ဆိုက မိမိမှာ ဤအိမ်တွင် ဆက်လက်နေထိုင်ခြင်းငှာ ဝံ့စားဖွယ်ရာမရှိတော့၍ ဝံ့စားတော့မည်လည်းမဟုတ်၊ ဝံ့ပင်ဝံ့စေကာမူ နေထိုင်ခြင်းငှာ မသင့်တော့မည်ဖြစ်၍ "ဘုရား ဘုရား မတွေ့ပါစေနှင့်"ဟု ကျိတ်ပြီး ဆုတောင်းမိကာ ကျီးလန့်စာ စားသကဲ့သို့ ရေချိုးခန်းရှိရာသို့ လာခဲ့ရလေ၏။

ကံပင်ကောင်းနေ၍လောမသိ၊ ဆုတောင်းသည့်အတိုင်းပင် 'နု' ဆိုသူ၏အရိပ်အခြည်ကိုမျှ မမြင်မတွေ့ရသဖြင့် စိတ်သက်သာရာ ရသွားကာ ရေချိုးသန့်ပြန့်ပြီးလျှင်ပြီးချင်း အခန်းထဲသို့ဝင်လျက် သတင်းစာများကို တစ်စောင်ပြီးတစ်စောင် လှန်လှောဖတ်ရှုနေလေ၏။ အတန်ကြာသောအခါ တံခါးခေါက်သံကြား၍ "အပါလေးလား" ဟု ထပြီး ဖွင့်ကြည့်လိုက်ရာ ယခင်သူငယ်ကိုသာ တွေ့ရလျက် "သုံးဆောင်ဖို့ ထမင်းပြင်ပြီးပါပြီတဲ့ခင်ဗျာ"ဟု ပြောပြီး လှည့်ထွက် သွားမည်လုပ်၍ ရုတ်တရက် "နေပါဦး ကိုထွန်းဝေတို့ ပြန်လာကြပြီလား" ဟု လိုရင်းကိုမေးလိုက်မှ ထိုသူငယ်လည်း ပြန်လှည့် လာပြီးလျှင် "မလာကြသေးပါဘူးခင်ဗျာ၊ မမလေးပြောတော့ တော်တော်နေမြင့်ပါလိမ့်ဦးမယ်တဲ့"ဟု ပြောဆိုလှည့်ထွက်မြဲ ထွက်သွားနေသောကြောင့် ကိုမြင့်မောင်လည်း ချိုင်းညှပ်ကလေးကိုဆောင်ယူကာ ထွက်လာခဲ့ရလေ၏။

သို့ထွက်၍ ဆင်းလာခဲ့ရာတွင် ချိုင်းညှပ်ကို အသံမမြည်အောင် ဖြည်းညင်းစွာထောက်လျက် မျက်စိမှာလည်း အငြိမ်မနေနိုင်ဘဲ ဟိုကြည့်သည်ကြည့်ဖြင့် မအားအောင် ကြည့်နေရလေ၏၊ လွန်ခဲ့သည့် ရက်များအတွင်းကလည်း ဤနည်းနှင်နှင်ပင် ဖြစ်ခဲ့ရလေ၏။ သို့သော် ယခုမှာမူ ထိုနေ့များကထက် ပိုမိုဂရုပြု၍ ကြည့်လာခဲ့ရလေ၏။

သို့ ကြည့်လာသော်လည်း မိမိစိုးရိမ်သူကိုကား အစအနမျှ မမြင် မတွေ့ရသဖြင့် စိတ်တွင် များစွာသက်သာရာရသွားကာ ထမင်းစားခန်း ဆီသို့ တည်တည့်မတ်မတ်ကြီးပင် လာခဲ့ရာ အခန်းဝသို့ ရောက်သောအခါ၌မူ ရှေ့သို့လည်းမတိုးဝံ့ နောက်သို့လည်းမဆုတ်သာ၊ ခြေကိုသာ မထားတတ်သည်မဟုတ်၊ မျက်နှာကိုလည်း မည်သို့မျှမထား တတ်အောင်ဖြစ်ကာ ခေါင်းကိုသာ အောက်သို့အမြန်ဆုံးငုံ့ပစ်လိုက်ရ လေ၏။

သို့သော် အလွန်ကျက်သရေရှိလှသည့် မျက်နှာကလေးကို မေ့လျက် အလွန်ကြည်လင်တောက်ပသော မျက်လုံးနှစ်သွယ်ဖြင့် မိမိအား ဆီး၍ ကြည့်လိုက်သော အမူအရာကလေးကို တစ်ချက်မျှသာ မြင်လိုက်ရသော်လည်း ခေါင်းငုံ့ထားသည့်အတွင်းမှာပင် ထိုအမူအရာကလေးမှာ မိမိ၏မျက်စိအောက်တွင် မပျောက်မကွယ် ပေါ်ပေါက်လျက်ရှိသောကြောင့် မည်သို့ပြုလုပ်ရမည်မသိ တွေတွေကြီးသာ ရပ်၍နေမိလေ၏။

"ကြွပါရှင် ကြွပါ" ဟူသောအသံကို ကြားရသောအခါ၌မူကား စောစောက ပေါ်ပေါက်လျက်ရှိသော ချီတုံချတုံ ဝေခွဲမရသော စိတ်များမှာ လျှင်မြန်စွာ လွင့်စဉ်ပျောက်ကွယ်ကုန်ကြလျက် မိမိ၏ မျက်နှာပေါ်တွင် ကန့်လန့်ဖြတ်တန်းနေသော အနာရွတ်ကြီးသည် လည်းကောင်း၊ ထောက်၍မရ အသုံးချ၍မဖြစ်ဘဲရှိနေသော ခြေ အကျိုးသည်လည်းကောင်း၊ ရုတ်တရက် အသီးသီးမောက်ဖြိုးတင်းပြည့် ပကတိ နဂိုနေအတိုင်း ဖြစ်သွားသည်ဟု စိတ်တွင် ထင်မြင်လိုက်မိလေ၏။

ဆေးအတတ်ပညာကို တစ်ဖက်ကမ်းမျှ တတ်မြောက်ကျွမ်းကျင်အောင် သင်ကြားလာခဲ့ ရာတွင် အသံတို့သည် လူမမာတစ်ဦးတစ် ယောက်၏ ဝေဒနာကို မပျောက်ကင်းစေနိုင်သည့်တိုင်အောင် သက်သာခွင့်ကိုကား ရရှိစေနိုင်သည်ဟူသောသဘောတရားကို နားလည် သိရှိခဲ့ပြီးမှန်သော်လည်း ယခု မိမိကိုယ်တိုင် ကြုံတွေ့ ထင်မြင်လိုက်ရသလောက် ကြီးမားသော တန်ခိုးအာနိသင် ရှိလိမ့်မည် ဟူ၍ကား မည်သည့်အခါမှ မထင်မှန်းမိသည့်အတွက် ကြီးစွာအံ့ဩရှိတော့ကာ ရှေ့သို့လှမ်းတက်ရမည့်အရေးကိုပင် မေ့၍နေသကဲ့သို့ ဖြစ်နေမိလေ၏။

"ကြွသာ ကြွပါရှင်၊ ကိစ္စမရှိပါဘူး"ဟူ၍ အသံရှင်က ထပ်မံပြောဆိုလိုက်သောအခါ၌မူကား ရှေ့သို့တိုး၍ လှမ်းမှန်းမသိ လှမ်းမိသွားပြီးလျှင် မိမိအဖို့ လျာထားသော နေရာတွင် ဝင်ရောက်ထိုင်မိလျက်သား ဖြစ်နေလေ၏။ သို့သော် ခေါင်းကားမဖော်ဝံ့သေး၊ 'ကိစ္စမရှိပါဘူး'ဟူ၍ သာ ပြောနေသော်လည်း ရောက်စက ကိစ္စရှိဖူးပြီဖြစ်၍ထပ်မံပြီး ကိစ္စရှိနေဦးမည် လားဟု ကြီးစွာစိုးရိမ်မိခြင်းဖြင့် ခေါင်းကိုငုံ့မြဲငုံ့ထားရာ "ရှင့်ကို နှု တောင်းပန်စရာလည်းရှိလို့ပါ"ဟူ၍ ထပ်မံပြောသံ ကြားလိုက်ရသောအခါ တစ်ကိုယ်လုံး တုန်လှုပ်ချောက်ချားသွား သကဲ့သို့ဖြစ်လျက် ငုံ့ထားသောဦးခေါင်းလည်း ထောင်မှန်းမသိထောင်လာပြီးလျှင် ဤမျှလောက် ထူးဆန်းသောစကားကို ဆိုချေ သူသည် အဘယ်သို့သော သဘောရှိသနည်းဟု စူးစမ်းလိုစိတ် ရုတ်တရက် ဖမ်းစားတက်ကြွလာဘိရကား စောစောက ဖြစ်ပေါ် နေသည့်ကြောက်စိတ် တွေဝေစိတ်များမှာ လုံးဝပျောက်ကွယ်သွားတော့ကာ 'နှု"

ဆိုသူ၏မျက်နှာကလေးကို စူးစူးစိုက်စိုက် ရွှန်းရွှန်း စားစားကြည့်လိုက်မိလေ၏။

ဤတွင်မှလည်း စကားစအလိုလို ထွက်ပေါ်လာတော့လျက် "ကျွန်တော်က တောင်းပန်ရမှာပါဗျာ"ဟူ၍ ပြောလိုက်နိုင်တော့လေ၏။

နုလည်း သွားကလေးများပေါ်အောင် ရယ်လျက် "မဟုတ်တာရှင် နုအပြစ်အတွက် နုကသာ တောင်းပန်ရမှာပေါ့" ဟု ပြောသံကို ကြားရသည့်အခါ၌ မူကား ဤမိန်းကလေး၏ရှေ့မှောက်တွင် တစ်စုံ တစ်ရာ ကြောက်ရွံ့ထိတ်လန့်ဖွယ်မရှိတော့ပြီဟု စိတ်ချလာနိုင်သည့်အတွက် နှုတ်လည်းသွက်လာကာ

"မဟုတ်ပါဘူးဗျာ ကျွန်တော့် အပြစ်သက်သက်ပါပဲ၊ ကျွန်တော်သာ ဒီကိုမလာရင်""ဒါကတော့ လာတာတခြားပါရှင်၊ "နု"ဖြစ်တာက ဖြစ်တာတခြားပါ၊ "နု'ဖြစ်တဲ့အတွက် နု ကသာ တောင်းပန်ရမှာပါ၊ ကဲ ကဲ ထမင်းသုံးဆောင်ပါအေးတောင်ကုန်ပြီ ထင်ပါရဲ့၊ သုံးဆောင်ပါရှင်" ဟူ၍ စကားကို တစ်ခါတည်းလွှဲပြောလိုက်သောကြောင့် ကိုမြင့်မောင် လည်း စကားအထွန့်မတက်သာတော့ဘဲ လက်ဆေး၍ ထမင်းစတင် စားရလေ၏။

"ဒီမှာနေရတာပျော်ပါရဲ့လား"ဟု နုက မိမိ၏ထမင်းလုတ်က လေးကိုပြင်ရင်း မေးသည်နှင့် "ပျော်ပါတယ်ဗျာ ပျော်ပါတယ်၊ အများကြီး ကျေးဇူးကြီးလှပါပေတယ်" ဟူ၍ ပြန်လည်ဖြေကြားလိုက်ရာ "အစ်ကိုကြီးကပြောတော့ ရှင့်ကျေးဇူး သူ့အပေါ်မှာ သိပ်ပြီး ကြီးပါပေတယ်တဲ့၊ အခု နုတို့က ဘယ်လိုမှ ကျေးဇူးမဆပ်ရသေး ပါပဲဟာ"

"အို ထွန်းဝေကတော့ လူတကာ့အပေါ် စေတနာကောင်းတိုင်း ပြောတော့တာပဲ"

"ကျောင်းနေဖက် အရင်းအချာကြီးတွေချည်းဆို"

"ဟုတ်ပါတယ်"

"နို့ ရှင်လည်းဆရာဝန်ပဲပေါ့"

"ဟုတ်ကဲ့၊ ဒါပေမဲ့ အစိုးရအလုပ်တော့မဟုတ်ပါဘူး"

"ကောင်းတာပေါ့ရှင်၊ သာပြီးလွတ်လပ်တာပေါ့၊ နို့တော်တော် ကလေးများ လိုက်ရပါရဲ့လားရှင် အားနာမနေပါနဲ့"

"ကျွန်တော်လည်း ဟုတ်တိပတ်တိ မဟုတ်ပါဘူးဗျာ၊ ဝါသနာကလေးပါတာ နဲ့ ဆေးဆိုင်ကလေးဘာကလေးဖွင့်ပြီး လုပ်နေတာပါပဲ"

"ဪ ကိုယ့်ဟာနဲ့ကိုယ်ဆိုတော့ ကိုယ့်သဘောအတိုင်းပေါ့ရှင်၊ ကောင်းတာပေါ့ အစ်ကိုကြီးတို့များတော့ သိပ်ပင်ပန်းတာပဲ၊ ခွင့်တောင်းပြန်လည်း ရဖို့က သိပ်ပြီးခက်တာပဲရှင်"

"ဟုတ်ပါတယ်၊ အစိုးရအလုပ်ဆိုရင် တယ်ပြီး မသက်သာလှပါဘူး"

နုစ်ဦးစလုံး စကားမပြောဘဲ ထမင်းကိုအတန်ကြာ ငြိမ်သက်စွာ စားနေပြီးမှ "ဒါနဲ့ နု တစ်ခုမေးချင်တယ်ရှင်။ ရိုင်းများနေမလားပဲ" ဟူ၍ ပြောလိုက်ရာ မိမိမပြောချင်သော စကားများဆီသို့ တိုက်ရိုက်ကြီး ဦးလှည့်တော့မည်ကိုရိပ်မိ၍ ရင်ထဲတွင် ဒိတ်ခနဲဖြစ်သွားလေ၏။

လောကဝတ်အတိုင်းဆိုလျှင် "မေးသာမေးပါဗျာ ကိစ္စမရှိပါဘူး" ဟူ၍ သွက်လက်လျင်မြန်စွာ ပြောရမည်ဖြစ်သော်လည်း ထိုသို့ မပြောထွက်နိုင်ပဲ နုကိုသာ အကြောင်သား စိုက်ကြည့်နေမိလေ၏။

နုလည်း ငါးဟင်း အတုံးကလေးတစ်ခုကိုကြည့်၍ အရိုးထွင်ရင်း "ရှင့်အကြောင်းဟာ နုတို့အိမ်သားတစ်တွေမှာ ပြဿနာကြီးတစ်ရပ် ဖြစ်နေတယ်၊ ရှင်ဟာလူဆိုးတစ်ယောက်မဟုတ်တဲ့အပြင် အင်မတန် သဘောထားကောင်းတဲ့လူတစ်ယောက်ဆိုတာတော့ အားလုံးသဘော တူပြီးသားဖြစ်နေတယ်၊ ဒါပေမဲ့ ပြောတော့မနော်၊ နုက ရှင်းရှင်းမှ ကြိုက်တယ်၊ အခုလိုဖြစ်တာဟာ ထူးခြားတဲ့အကြောင်းကြီးတစ်ခုခု တော့ ရှိရမယ်လို့ထင်တာပဲ၊ အဲဒါ အားလုံးစိတ်ထဲမှာ ရှင်းလင်းသွား အောင်"ဟူ၍ ပြောလျက် ရှေ့သို့ဆက်လက်ရန် မလိုတော့သကဲ့သို့ ရပ်လိုက်ပြီးလျှင် ကိုမြင့်မောင် အဖြေပေးရန်သာ ကျန်ရှိတော့ခြင်းကို အချက်ပေးသည့်အလား တစ်ချက်မျှလှမ်း၍ ကြည့်လိုက်သည်ကို တွေ့ မြင်လိုက်ရလေ၏။

ယင်းသို့ ဖြစ်လေလေ ကိုမြင့်မောင်မှာ အသက်ရှူကျပ်လေလေ ဖြစ်ကာ သွင်းဆဲထမင်းလုတ်ကို အနိုင်နိုင်မျိုချလျက် မလွတ်သာအောင် မေးထားသောစကားရပ်များမှ လွတ်မြောက်အောင် မည်သို့ ပြုလုပ်ရပါမည်နည်းဟု ကြံစည်မရဖြစ်ရင်း ချွေးများပင်ဒီးဒီးယိုစီး တော့မတတ် အနေအထိုင်ကျပ် ဖြစ်နေလေ၏။

နုကား ကိုမြင့်မောင်၏ ဘေးကျပ်နေခြင်းကို သိသော်လည်း ဤအဖြေကိုမူကား မရမနေ မေးတော့မည်ဟု စွဲမြဲစွာ အဓိဋ္ဌာန် ပြုထားသည့်ပမာ "ဘယ့်နှယ်လဲရှင်၊ နုတို့ မသိရပါဘူးလား"ဟူ၍ ထပ်လောင်းပြောဆိုလိုက်ရာ ကိုမြင့်မောင်မှာ တတ်နိုင်လျှင် ဤထမင်း စားပွဲမှ တစ်ခါတည်း ကိုယ်ဖျောက်သွားလိုက်ချင်တော့၏။

ဤမိန်းကလေးသည် ဤမေးခွန်းကို မိမိအား မည်သည့်နည်းနှင့်မျှ ယခုကဲ့သို့ တိုက်ရိုက်မဆိုထားဘိ သွယ်ဝိုက်၍ပင် မေးလိမ့်မည်မဟုတ်၊ ယခုကဲ့သို့ မေးဖို့ရန် အချက် ပေါ်လာလောက်အောင် နှစ်ယောက် တည်းလည်း ယခုလို လွတ်လပ်အေးဆေးစွာ တွေ့ရဖို့မရှိဟု ထင်မှတ် ဖို့ရှိသော်လည်း ယခုမှာကား အဖြေမရလျှင် မနေဟူသော သဘောဖြင့် အတင်းအကျပ်မေးနေခဲ့ချေပြီ၊ မည်သို့ ဖြေရပါမည်နည်း၊ မဖြေရအောင် မည်ကဲ့သို့ပြုရပါမည်နည်း၊ ယခုနေ ကိုထွန်းဝေတို့ ဖြစ်စေ အပါလေးဖြစ်စေ ဝင်ရောက်လာ၍ စကားပြတ်သွားမည်ဆိုလျှင် အဘယ်မျှကောင်းလေမည်နည်းဟု တွေးတောမျှော်လင့် တောင့်တမိသော်လည်း ဆုတောင်းပြည့်မည့် အရိပ်လက္ခဏာမျှပင်မပေါ် မထွက်ရှိချေသောကြောင့် စကားပရိယာယ်ဖြင့် ဖယ်ရှားပစ်ရန် ကြိုးစားရတော့မည်ဟု ကြံစည်ကာ

"ခင်ဗျားတို့ကကော ဘယ်လိုထင်မြင်ကြပါသလဲ"

"နုတို့လား နုတို့ကတော့ အကြောင်းတစ်ခုခုရှိလိမ့်မယ်လို့ မှန်းကြတာပဲ၊ မှန်းတာ မှန်-မမှန် သိချင်လို့ပါ"

"ထွန်းဝေကကော ဘာများပြောသလဲ"

"အစ်ကိုကြီးကတော့လား၊ ရှင်က လူချင်းတွေ့ကတည်းက ဒီအကြောင်းတွေကို ဘာမှမမေးပါဘူးလို့ တာဝန်ခံမှ လိုက်မယ်ဆိုတာနဲ့ပဲ မေးလည်း မပေးနိုင်ဘူးတဲ့၊ မေးလို့လည်း ရမယ်မထင်ဘူးတဲ့"

"နို့ ခင်ဗျားအစ်မကကော ဘယ်လိုထင်မြင်ပါသတဲ့လဲ"

"မမထားကလား မမထားကတော့ ဒီအကြောင်းတွေတော့ မသိရဘူးဆိုရင် ရှိစေတော့၊ ရှင်ဟာ ဘယ်လိုလူလဲဆိုတာ အကဲခတ် ကြည့်တာပေါ့"

"ဒါဖြင့် မေးစမ်းပါရစေဗျာ စိတ်ထဲမရှိပါနဲ့"

"မေးပါ မေးပါ"

"အကဲခတ်ကြည့်တော့ ဘယ်လိုလဲ"

"ဪဒါလား၊ ဒါကတော့ အထူးပြောစရာမလိုပါဘူး ရှင်။ လူကောင်းတစ်ယောက်ပဲဆိုတာ အမူအရာမြင်တာနဲ့ သိနိုင်တာပဲ"

"နို့ နို့ ခင်ဗျားကကော"

ကိုမြင့်မောင်၏ အသံမှာအတန်ငယ်တုန်နေသည်ဟု ထင်ရလေ ၏။

"နုလား အို နုတော့ အရှင်းကြီးပဲ၊ ဘယ်လိုထင်ရမယ်ဆိုတာ ရှင့်ကို မေးနေတာပဲ"

ဤတွင် လွတ်ပေါက်မရှိတော့ပြီဖြစ်၏။ မဖြေလျှင် ရိုင်းရာကျတော့မည်ဖြစ်၏။ ဖြေလျှင်အခြားသော သူတို့အပေါ်၌ ငြင်းဆန် ထားခဲ့သမျှလည်း ပျက်ကွက်၍ မိမိ၏မူလအဓိဋ္ဌာန်ကြီးလည်း တစ်ခါတည်း ပြိုပျက်ရချေတော့မည်ဖြစ်၏။ ခက်ချေပြီ မည်သို့ပြုရပါ မည်နည်း။

"နု'ဘက်သို့ တစ်ချက်မျှ လှမ်းကြည့်လိုက်သောအခါ နုမှာ မိမိအား အကဲခတ်ရင်း ပြုံးပြုံးကလေးနှင့် အဖြေကိုစောင့်သလိုလုပ်နေသည်ကို တွေ့ရသည့်အတွက် တစ်စုံတစ်ရာကိုပြောမှဖြစ်ချေတော့မည်ဟု ရုတ်တရက် အကြံယူကာ

"ခင်ဗျား ကံတရားကို ယုံရဲ့မဟုတ်လား"

"ဆိုစမ်းပါဦးရှင်"

"လူတွေဟာ ကံစီမံရာကို ခံကြရတယ်ဆိုတာလေ"

"သြော် ဒါလား၊ ဒါတော့ ဟုတ်ပါတယ်၊ ဒါပေမဲ့ အဲဒီကံကိုပဲ လူတွေက ဖန်ရတယ်ဆိုတာလည်း နုတို့ ယုံပါသေးတယ်"ဟု ပြောကာ ထ၍ လက်ဆေးပြီးနောက် လက်သုတ်ပဝါကို လှမ်းယူလိုက်ပြီးလျှင် ကုလားထိုင်တွင် ပြန်၍ ထိုင်လိုက်သည်ကို တွေ့ရသည့်အတွက် မိမိမှာ မည်သည့်နည်းနှင့်မျှ ဤမိန်းကလေးထံမှ လည်းကောင်း၊ ဤမိန်း ကလေး၏ တဲ့တိုးမေးခွန်းများမှလည်းကောင်း မလွတ်နိုင်တော့ပြီဟု စိတ်ကို တုံးတုံးချလိုက်မိကာ ချရန်တက်လာသောသက်ပြင်းကို နောက်ဆုံးထမင်းလုတ်နှင့်အတူ နှိပ်၍ သွင်းလိုက်ရတော့လေ၏။

"အို တော်ပြီလား၊ သိပ်နည်းတာပဲ"ဟု နုက လှမ်း၍ပြောလိုက်သည်ကို ကြားရသည့်အခါ သက်သာခွင့်ရပြီဟူ၍မထင်မှတ်နိုင်၊ နောက်ဆုံးတွင် ဤဘက်သို့ပင် ပြန်လည်ဦးလှည့်လာမည်ကိုသိရှိပြီးဖြစ်ရကား "ဟုတ်ကဲ့-ကျွန်တော် တော်တော်ပဲစားလိုက်ပါတယ်"ဟု အလိုက်သင့် ပြောသာပြောရသော်လည်း ပြေးမလွတ်နိုင်သော မေးခွန်း၏အဖြေကို မည်သို့ဖြေရပါမည်နည်းဟု ချွေးများပြန်လာသည့်တိုင်အောင် စဉ်းစား နေရလေ၏။

"ဘယ့်နှယ်လဲရှင်...နုတို့ မသိရတော့ဘူးလား၊ ရှင်ကတော့ အောက်မေ့မှာပဲ သိပ်ပြီးရိုင်းတာပဲလို့၊ နုစိတ်က တစ်မျိုးပဲ၊ မမထား တို့လို တစ်ခုခုကို မျိုသိပ်ထားလို့မရဘူး၊ သိချင်ရင် သိရမှပဲ"ဤတွင် သာ၍ပင်

အားနာဖို့ဖြစ်လာတော့လေ၏။ တခြား အကြောင်းကြောင့် မဟုတ်စေကာမူ လူလူချင်း အားနာသဖြင့်ပင် ပြောပြပါဟု တိုက်ရိုက်မဆိုသော်လည်း ထိုအတိုင်းပင်စကားက လာလျက်ရှိသည်ကို လွယ်လင့်တကူပင် ရိပ်မိနိုင်သဖြင့် သာ၍ပင် အကျပ်ကြုံတွေ့နေရတော့ပြီးလျှင် ဤတစ်သက်တွင် ဤမျှလောက် ကျဉ်းမြောင်းကျပ်တည်းသော အခြေအနေမျိုးကို မတွေ့ရဖူးသည့်အတိုင်း များစွာစိတ်ဆင်းရဲခြင်းဒုက္ခ ရောက်နေရလေ၏။

ဖွင့်ပြောလိုက်မှပင် အေးတော့မည်ကို သိ၍ ဖွင့်ပြောလိုက် တော့မည်ဟုပင် တဒင်္ဂတစ်ခဏမျှ ဆုံးဖြတ်လိုက်မိလေ၏။ သို့သော် ဖွင့်ပြောရချင်းပြောရလျှင် ဤအိမ်သားတစ်စုတွင် မိမိနှင့်အရင်းနှီးဆုံး ဖြစ်သည့် သူငယ်ချင်းဖြစ်သူကိုသာ ဖွင့်ပြောရမည်ဖြစ်သော တာဝန်ကို သိမြင်သည်ကို စဉ်းစားမိသောအခါ အဘယ်နည်းမျှ ဤမိန်းကလေး ကိုကား ဦးဦးဖျားဖျား ဖွင့်၍ မပြောသင့် မပြောထိုက် မပြောနိုင်၊ ပြောရမည်မှာ အထပ်ထပ်မေးလျက် အဖြေမရ၍သာ ငြိမ်နေရသော မိမိသူငယ်ချင်းအပေါ်တွင်လည်းကောင်း၊ ဤအိမ်၏ အိမ်ထောင်ရှင်မ ဖြစ်သော ထားအပေါ်တွင်လည်းကောင်း ကျူးကျော်စော်ကား ပြစ်မှား ခြင်းပင်ဖြစ်၍ ဤမိန်းကလေးကိုကား အဖြေမပေးဟုတင်းမာစွာ စိတ်ပိုင်းဖြတ်လိုက်ရလေ၏။

သို့သော် နု၏အကြည့်ကို တစ်ခါမြင်ရတိုင်း မိမိ၏အဓိဋ္ဌာန်မှာ ယိုယွင်းလုမတတ် သွက်သွက်ခါမျှ တုန်လှုပ်ချောက်ချားသွားသည်ဟု ထင်ရသောကြောင့် အမြန်ဆုံးစကားစပြတ်အောင် ပြုလုပ်ရတော့မည်ဟု ကြံစည်မိကာ “စိတ်ဆိုးရင်လည်း”.....

နုလည်း ဤတွင် ပျာပျာသလဲဖြစ်ကာ၊ “အို နု စိတ်မဆိုးပါဘူး။ စိတ်ဆိုးစရာလည်း မရှိပါဘူး၊ သိချင်တာသာ သိချင်တဲ့အကြောင်း မေးတာပါ၊ ဒါပေမဲ့ အခုမှ ကောင်းကောင်းစဉ်းစားမိတယ်၊ ဒီအကြောင်းပြောရမှာ ရှင့်မှာ တော်တော်ဝန်လေးနေတယ်ထင်တယ်၊ ဟုတ်ပါသလား”

“ဟုတ်ကဲ့”ဟူ၍ပင် ဟန်မဆောင်နိုင်တော့ဘဲ ပြောလိုက်လေ၏။ “သြော် ပြောလို့မဖြစ်နိုင်တဲ့ ကိစ္စမျိုးထင်ပါရဲ့"

ဤစကားဖြင့် နုသည် မိမိအပေါ်တွင် အထင်လွဲ၍ သွားလေပြီ ဖြစ်ခြင်းကို သိလေ၏။

“ဒါဖြင့် နုလည်း ဆက်ပြီးမမေးချင်တော့ပါဘူး၊ ဒါပေမဲ့ နုက မနေတတ်လို့ ပြောချင်တာတစ်ခုရှိတယ်၊ ရှင်ဟာ ဆရာဝန်တစ် ယောက်မဖြစ်ရင် အခုလိုဖြစ်တဲ့အတွက် သိပ်ပြီးအပန်းကြီးမှာ မဟုတ်ဘူး၊ ဆရာဝန်တစ်ယောက်ဖြစ်ပါရက်ကနဲ့ ဒီလိုဖြစ်နေရတယ် ဆိုတော့ မကောင်းဘူးပေါ့ရှင်၊ ဘယ်လိုအကြောင်းကြောင့် ဖြစ်ရဖြစ်ရ လူတွေ

အထင်အမြင်လွဲစရာဖြစ်တာပေါ့၊ ဒီတော့ ဘယ်လိုကဘယ်လို ဆိုတာ သိကြရမှ ပေါင်းသင်းဆက်ဆံဖို့ဆိုတာ စိတ်ကူးထည့်နိုင်ကြမှာကိုး၊ အကြောင်းကောင်းခဲ့ရင်လည်း အမြင်နဲ့ဆုံးဖြတ်ကြတာ မှားတယ်လို့ သိကြရတာပေါ့၊ အကြောင်းကို အဆိုးအကောင်း ဘာမှမသိရဘူးဆိုရင်တော့ ရှင့်အပေါ်မှာ တစ်ရံဆံ လူတွေက အကောင်းထင်ဖို့ တော်တော်ပဲ ဝန်လေးလိမ့်မယ် ထင်ပါတယ်၊ နုတို့ အိမ်သားတစ်စု အဖို့တော့ အပါလေးကအစ ယုံကြည်ချစ်ခင်ကြပါတယ်၊ ဒါအတွက် တော့ စိတ်ချထားစေချင်ပါတယ်၊ အခု နုသိပ်ပြီးသိချင်လို့ ရှင့်ကို မေးတာ၊ ရှင်က မဖြေနိုင်အောင်ဖြစ်နေလို့ မဖြေဘဲနေတဲ့အတွက် နု စိတ်မဆိုးပါဘူး၊ ဒါပေမဲ့ အစ်ကိုကြီးနဲ့ ပတ်သက်ပြီးနေရတော့ ရှင့်အတွက် စိတ်မကောင်းဖြစ်မိတာပေါ့လေ”

ကိုမြင့်မောင်မှာ နု စကားပြောကတည်းက နု၏မျက်နှာအမူ အရာကို မျက်တောင်တစ်ချက်မျှ ခတ်သည်မထင်၊ စူးစိုက်ကြည့်ရှု နေခဲ့ရာ နုမျက်နှာကလေး ညှိုးငယ်လျက် အမှန်ပင် စိတ်မကောင်း ဖြစ်နေသည်ကို တွေ့ရသောကြောင့် များစွာဝမ်းနည်းသွားကာ

“ကျွန်တော်လာမိတာမှားတယ်၊ မှားသွားတယ်၊ သက်သက်သူများ စိတ်မကောင်းဖြစ်အောင် လာလုပ်မိသလိုဖြစ်နေပြီ၊ ရောက်စနေ့တုန်း ကလည်း ကျွန်တော့်ကြောင့် ခင်ဗျား ထိပ်ပေါက်ခေါင်းကွဲဆိုသလို ဖြစ်သွားတာတွေ့ရလို့ သိပ်ပြီးစိတ်မကောင်းဖြစ်သွားတယ်၊ ကျွန်တော့် ကြောင့် သူများစိတ်မကောင်းဖြစ်သွားတယ်ဆိုတာ သိပ်ပြီး သိပ်ပြီး”

ဆက်၍ ပြောရန်စကားစရှာ၍မရဖြစ်နေလေ၏။ နုမှာ မျက်လွှာ ကလေးကို အသာချလိုက်၊ လက်သုတ်ပဝါတိုလေးကို ဖြန့်လိုက် ခေါက်လိုက် လုပ်နေသည်ကိုတွေ့ရလျက် မိမိရှေ့သို့စကားမဆက် နိုင်အောင်ဖြစ်နေသောအခက်အခဲကို သတိမပြုမိသကဲ့သို့ရှိသည်ဟု မှတ်ထင်ရလေ၏။

“ကျွန်တော် ဘာလုပ်ရမှန်းမသိတော့ဘူးဗျာ၊ ဒီတစ်သက်တော့” ဟု ပြော၍မှမဆုံးသေးမီ၊ “ အို-ဒီလောက်တောင်လည်း စိတ်မလျှော့ ပါနဲ့ဦးလေ၊ ဘုရားအလောင်းကုသမင်းတောင် ၇လလုံးလုံး ရှင်ဘုရင် ရင့်မာကြီးဖြစ်ရက်ကနဲ့ သာဂလပြည်သွားပြီး ကိုယ့်ဇာတိမဖော်ဘဲ အဆင်းရဲခံနေရသေးတာပဲ”ဟု နုက ကြားဖြတ်၍ပြောလိုက်သဖြင့် နု၏မျက်နှာဆီသို့လှမ်း၍ ကြည့်လိုက်သောအခါ နုမှာ စောစောက စိတ်မကောင်းဖြစ်သော အမူအရာမျိုး လုံးဝကင်းစင်လျက် အလွန်နုနယ်ချောမွေ့သော မျက်နှာကလေးပေါ်၌ အလွန်ကြည်လင်သော ပြုံးရောင်ကလေး ယှက်သန်းမြူးပျံ့လျက် ရှိသည်ကို တွေ့ရသည့် အတွက် စကား၏ဆန်းခြင်း၊ အမူအရာ၏ဆန်းခြင်းကို အံ့သြမိရင်း တစိမ့်စိမ့်စိုက်ကြည့်နေမိလေ၏။

မဆန်းဟု ဆိုမည်က ဆိုနိုင်မည်ဖြစ်သော်လည်း နုသည် မိမိရောက်စနေ့က ကိုထွန်းဝေ ပုံခိုင်းသွားသော အလောင်းတော် ကုသနှင့်ပင် မိမိအား ပုံခိုင်းလိုက်ခြင်းမှာ နားထောင်ကောင်းကောင်း ရှိသလောက် စိတ်ထဲတွင် တစ်မျိုးဖြစ်သွားစေလေ၏။ အဘယ်လို တစ်မျိုးဖြစ်သည်ကို မပြောတတ်၊ စောစောက လေးနေသောလျှာမှာ သွက်မှန်းမသိ သွက်လာလျက် မိမိဘာပြောနေ၍မှ ပြောမှန်း မသိသေးမီ

"ကုသက ပဘာဝတီလိုချင်လို့ကိုခင်ဗျ၊ ကျွန်တော်က"ဟူ၍ လွှတ်ခနဲ ထွက်သွားမိပြီး ရှေ့သို့ မည်သို့ဆက်ရမှန်းမသိတော့မှ မိမိအပြောမှားလေပြီဟုသိကာ ရုတ်တရက် ဖြတ်ထားလိုက်လေ၏။ "ဟုတ်ကဲ့-ရှင့်ကတော့ပြောပါဦးရှင် ဆုံးအောင်"ဟု နုက ပြုံး လျက် မေးသောအခါ ကိုမြင့်မောင်မှာကား စကားဆက်၍ ပြောရန် မဝံ့တော့ဘဲ ခေါင်းငုံ့ထားကာ စားပွဲခင်း၏အစကလေးကို စူးစိုက် ကြည့်ရှုနေရလေ၏။

ထမင်းစားခန်းကလေးမှာ အတန်ကြာ ငြိမ်သက်လျက်ရှိနေလေ၏။

နောက်မှ "ရှင်ကတော့ ပဘာဝတီဆီက ထွက်ပြေးလာတာ လား"ဟူ၍ နုက ရုတ်တရက် ပြောလိုက်သောအခါ များစွာအံ့အား သင့်သွားလျက် ခေါင်းကိုချက်ချင်းဖော်ထုတ်လိုက်ပြီးလျှင် နုအား သာလွန်အံ့ဩသောအမူအရာဖြင့် ကြည့်နေမိလေ၏။

"ပြောတတ်ပါဘူးရှင်၊ သုံးဆယ်နဲ့သာဂလဆိုတော့ တယ်ပြီးတော့ လည်း ခတ်ချင်းနံချင်း ဝေးမှမဝေးတော့ပဲ၊ ပြီး နု ကြားဖူးတယ်၊ ဥက္ကံ သုံးဆယ် အပျိုတွေ ပေပါတဲ့ လှိုင်းဘောလယ်လို့ဆိုတော့ ဟုတ်များ ဟုတ်မလားလို့၊ နုတို့ ကွန်ဗင့်မှာနေတုန်းက သုံးဆယ်က သူငယ်ချင်း တွေလည်း အတော့်ကို ချောကြတာပဲ"

ဤတွင် တစ်စုံတစ်ရာ ပြန်လှန်ချေပပြောပြနေဖွယ်ရာမရှိ၊ ပြုံး၍သာနေဖို့ရှိတော့သည့်အတိုင်း ပြုံးလျက်ပင် နားထောင်နေရတော့ လေ၏။ ဤမိန်းကလေး၏စိတ်ကို မည်သို့ နားလည်ရမည်မသိဖြစ်နေရာမှ ယခုသော် မသွယ်မဝိုက် တဲ့တိုးကြီးပြောတတ်ပြီးလျှင် စိတ်ကို ရွှင်ရွှင်ပျပျ လွတ်လွတ်လပ်လပ်ထားတတ်သူတစ်ဦးဖြစ်သည် ဟူ၍ အကဲခတ်မိလေ၏။

"ကဲ ကဲ ညောင်းလှရော့မယ်၊ အစ်ကိုကြီးတော့တော်တော်နဲ့ ပြန်လာမှာမဟုတ်ဘူး၊ အပါလေးလည်း အိပ်ချိန်ကျလို့ အိပ်နေပြီထင်တယ်၊ ရှင်လည်း အညောင်းအညာ ဆန့်ပါဦးလား"ဟုဆို ကာ ထွက်သွားခွင့် ပေးသောကြောင့် များစွာ စိတ်သက်သာရာရကာ ကိုမြင့်မောင်လည်း ချိုင်းညှပ်ကလေး ထောက်ကာထောက်ကာဖြင့် ထွက်လာခဲ့ရလေ၏။

နေ့ နှစ်ချက်တီးသောအခါ အခန်းတံခါးကိုလာ၍ ခေါက်သံကြားရသောကြောင့် ထ၍ကြည့်လိုက်သည်တွင် "မမလေးက လက်ဖက်ရည်သောက်ကြွခဲ့ပါတဲ့ခင်ဗျ"ဟု ပြောပြောဆိုဆို လှည့်ထွက် သွားသော သူငယ်တစ်ဦးကိုတွေ့ရလေ၏။ နံနက်က ထမင်းစားပွဲတွင် ဖြစ်ခဲ့သော စကားအသွားအလာကို ထောက်ချင့်လိုက်သည့်အခါတွင်မူကား နုနှင့် ဒုတိယအကြိမ်နှစ်ယောက်တည်းတွေ့ဆုံဖို့ရန် မရဲတော့ သကဲ့သို့ ဖြစ်နေမိလေ၏။ သို့သော်မသွားဘဲ နေပြန်လျှင်လည်း ရိုင်းစိုင်းရာကျချေတော့မည်အပြင် အိမ်ရှင်များ၏အလိုကို ကန့်လန့် ဆန့်ကျင်ပြုရာ ရောက်ချေတော့မည်ဖြစ်သဖြင့် မလိုက်ချင်လိုက်ချင်နှင့် ဆင်းလိုက်ခဲ့ရလေ၏။

သူငယ်ကလေး ပြောသွားသောစကားကို ထောက်ချင့်လိုက်ခြင်းအားဖြင့်လည်းကောင်း၊ အိမ်ကြီး၏ပုံပန်းကို ကြည့်ရခြင်းအားဖြင့် လည်းကောင်းကိုထွန်းဝေတို့ ပြန်လည်မရောက်ရှိကြသေးသည့်အဖြစ် ကိုကောင်းစွာရိပ်မိသိရှိနိုင်တော့လေရာ ထမင်းစားခန်းဆီသို့ရောက် ဖို့နီးလေလေခြေလှမ်းမှာ နှေးကန်လေလေဖြစ်နေသည်ကို တွေ့ရလေ၏။

သို့သော် အဘယ်မျှပင် လေးလံနှေးကန်စေကာမူ ထမင်းစားခန်း ဆီသို့ကား မကြာမတင် ရောက်လာရတော့မည်သာ ဖြစ်ရကား အားမရှိလှသော မျက်လုံးများဖြင့် စားပွဲရှိရာဆီသို့လှမ်း၍ တစ်ချက် ကြည့်လိုက်သည့်အခါ၌မူ နုကိုလည်းကောင်း၊ အခြားသူ တစ်ဦး တစ်ယောက်ကိုလည်းကောင်း အရိပ်အခြည်အစအနသော်မျှ မမြင် မတွေ့ရသည့်အတွက် များစွာစိတ်သက်သာရာရကာ လက်ဖက်ရည်ပွဲ တွင် စိတ်သက်သက်သာသာ ချောင်ချောင်ချိချိဖြင့် ထိုင်နိုင်တော့လေ၏။

သို့သော် ထိုသို့ စိတ်သက်သာခြင်းမှာ ခဏမျှသာဖြစ်လျက် နု၏ကိုယ်လုံးကလေး ရုတ်တရက် တံခါးဆီမှ တူရူပေါ်ထွက်ဝင်ရောက်လာ သောအခါစိတ်ထဲတွင် ထို့အတွက် အနေအထိုင်ကျပ်ကာ ဝမ်းပင် နည်းရတော့မလိုလိုစကားပြောရတော့မည့်အတွက် အသက်ရှူပင်ကျပ်ရတော့မည်ယောင်ယောင်၊ နု၏သာယာချိုအေးသော အသံ ကလေးကို ကြားရတော့မည့်အတွက် နှစ်သက်တောင့်တမိတော့မည့် နှယ်၊ ဘယ်ဝယ်ဘယ်သို့ အလုပ်ရှုပ်သွားသော်လည်း ပြုံး၍ နှုတ်ဆက်ခြင်းကိုစွမှာမူ မိမိဘာမှန်းမှ မသိလိုက်ရသေးမီ ပြီးစီးသွားဟန်တူသည်ကို ချက်ချင်းပင် သတိရလေ၏။

"ဪ ရောက်နေပြီလား၊ နု စာအုပ်ကလေးသွားယူနေတာနဲ့နောက်ကျသွားပါတယ်၊ သုံးဆောင်ပါ"ဟု ပြောပြောဆိုဆိုဖြင့် အနီးသို့ရောက်လာကာ လက်ဖက်ရည်များထည့်ပေးခြင်း၊ မုန့်ပန်းကန်များပြင်ဆင်ပေးခြင်းတို့ကိုပြု၍ ကိုယ်တိုင်သော်ကား စာအုပ်ကလေးကို အဆုံးသတ်

ဖတ်ရှုနေသောကြောင့် တစ်စုံတစ်ရာ မပြောဘဲ အသာပင် ကြည့်ကောင်းကောင်းရှိတိုင်း ကြည့်နေမိလေ၏။ ဤသို့ ကြည့်၍သာ နေရမည်ဖြစ်ပြီးလျှင် မိမိ၏နောက်ဖြစ်များကို မမေးပါဟူသော စိတ်ချရမှုသာ ခံစားရမည်ဆိုက နု စအမူအရာကလေးများကို အနှစ်နှစ် အလလ ထိုင်၍ကြည့်နေဖို့ရန် ဝန်လေးလိမ့်မည်မဟုတ်ဟု စဉ်းစား တွေးတောမိလေ၏။

"ကဲ သုံးဆောင်ပါရှင်၊ အေးကုန်တော့မယ်"ဟု နုက ထပ်မံပြောကြားလိုက်သောအခါတွင်မှ နုအား ကြည့်နေမိသော အဖြစ်ကို သတိရလျက် မျက်စိများကို လက်ဖက်ရည်ပွဲဆီသို့ လျင်မြန်စွာ လွှဲပစ်လိုက်ရလေ၏။ ထိုနောက် လက်ဖက်ရည်ပန်းကန်ကို ကောက်၍ ကိုင်လိုက်ရပြီးလျှင် တစ်ခါတည်း တစ်ရှိန်တည်း သောက်ချလိုက်မည် ပြုရာ နု၏အသံဖြင့် "မုန့်သုံးဆောင်ပါဦးရှင်"ဟု ပြောနေသဖြင့် မုန့်ယူ၍စားရပြန်လေ၏။

နုထံမှ လျှပ်တစ်ပြက် ထုတ်စစ်သောမေးခွန်းများ ဘယ်အချိန်တွင် ထွက်ပေါ်လာမည်နည်းဟူ၍ စိတ်မချတချနှင့် သောက်ရခြင်း ဖြင့်ပင် လက်ဖက်ရည်မှာ ကုန်ခဲ့လျက် ပန်းကန်ကိုပြန်အချလိုက်တွင် နုလည်း ကရားထဲမှ ထပ်မံလောင်းထည့်ပြီးလျှင် "သုံးဆောင်ပါဦးရှင်" ဟု ပြောနေသည့်အတွက် ငြင်းဆန်ရန်ခက်ခက်ရှိလှသည်နှင့် အသာပင် ငြိမ်နေလိုက်ရလေ၏။

နုလည်း စာအုပ်ကို ရုတ်တရက်အသာချထားလိုက်ပြီးလျှင် ကိုမြင့်မောင်၏မျက်နှာကို တည့်တည့်ကြီး ကြည့်လိုက်သောအခါ ကိုမြင့်မောင်မှာ မိမိစက္ကန့်နှင့်အမျှ တထိတ်ထိတ်နှင့် စိတ်စော ကြောင့်ကြနေသော အချိန်ကြီး မလွဲမသွေ ရောက်လာချေပြီဟူ၍ ပြင်းထန်စွာ တုန်လှုပ်ခြင်းဖြစ်မိလေ၏။

သို့သော် နု၏အသံဖြင့် "အပါတော့ ရှင့်ကိုသိပ်ပြီးချစ်ရှာတာပဲ၊ ကစားဖော် ကစားဖက် ရွယ်တူသူငယ်ချင်းတစ်ယောက် ကောက်ရသလိုပဲ မှတ်နေရှာတယ် ထင်ပါရဲ့၊ နုလည်း တစ်ခါတစ်ခါတော့ တွေးပြီးပြုံးမိတယ်၊ ရှင်ဟာ တော်တော်ကံထူးတဲ့ လူတစ်ယောက်ပဲ လို့"ဟု ပြောသံကြားရမှ နံနက်ကကိစ္စမဟုတ်သေးသည်ကို တွေ့ရှိရ၍ အတန်ငယ် စိတ်သက်သာရာ ရသွားလေ၏။

"ဘာ့ကြောင့်လဲဆိုတော့ ရှင်နဲ့အစ်ကိုကြီးဟာ ငယ်သူငယ်ချင်း အရင့်အမာကြီးတွေလို့ ပြောတယ်၊ အစ်ကိုကြီးသားကလေးကျတော့ လည်း ရှင်ပဲ ကစားဖော်ကစားဖက်လာဖြစ်နေရပြန်တယ်၊ တော်တော် ထူးဆန်းသား"

"ဟုတ်ကဲ့ ကျွန်တော်လည်း ဒါကိုတွေးမိလို့ ကိုယ့်အဖြစ်ကို ကိုယ်အတော်ပဲ အံ့သြနေမိပါတယ်၊ ကျွန်တော်လည်း အပါလေးကို မြင်မြင်ချင်း ချစ်မိတာပါပဲ"
"အပါလေးလည်း မြင်မြင်ချင်း ချစ်ရှာတာပါပဲ၊ တခြား ဧည့်သည်တွေကိုဆိုရင်

ဝေးလိုက်တာရှင် အနားတောင်မကပ်ဘူး၊ ရှင့်ကျတော့လည်း အိပ်ချိန်စားချိန်တောင် မနည်းပူဆူပြီးခွဲယူရတယ်၊ ခပ်စောစောကလည်း ဦးလေးဆီ သွားမယ်ဆိုလို့ မနည်းခြိမ်းခြောက် ငေါက်ငမ်းထားတာနဲ့ အသာငြိမ်နေရင်း အိပ်ပျော်သွားတာ အခုထက်ထိ မနိုးသေးဘူး”

ဟုတ်ကဲ့ ကလေးက သိပ်သွက်တာပဲ၊ ချစ်စရာပဲ”

“ဟုတ်ပါတယ်၊ ရှင် ကလေးချစ်တာတော့ တစ်အိမ်သားလုံး ပြောလို့မဆုံးပါဘူး၊ မမထားကတောင် ရှင်ဟာ သားသမီးရဖူးပြီးမှ စိတ်ထောင်းကိုယ်ကျေ ဖြစ်နေတဲ့လူမို့ထင်ပါရဲ့၊ ကလေးချစ်တတ် လိုက်တာလို့ ပြောနေသေးတယ်”ဟူ၍ပြောလျက် အတန်ကြာရပ်ထား ပြီးမှ “ဟုတ်များကော ဟုတ်နေသလား”ဟု ဖြည်းညင်းစွာ မေးလိုက် လေ၏။

“မဟုတ်ပါဘူးခင်ဗျာ၊ မဟုတ်ပါဘူး”ဟု ကိုမြင့်မောင်လည်း သွက်လက်စွာပင် ဖြေကြားလိုက်ရင်း “အင်း ဦးတည်ပြီးလာနေပြီ ထင်ပါရဲ့လေ'ဟူ၍ အောက်မေ့တွေးတော ထိတ်လန့်နေမိလေ၏။ “အစ်ကိုကြီးကလည်း မဟုတ်တန်ရာပါဘူးလို့ ပြောတာပါပဲ၊ မမထားကသာ သူ့အထင်ပြောတာပါ၊ ဘာပြုလို့လဲဆိုတော့ ကိုမြင့်မောင် ကလေးချစ်ပုံက အစားရတဲ့ကလေးကို ချစ်တဲ့ပုံအတိုင်း မို့လို့တဲ့"

ကိုမြင့်မောင်လည်း ပြုံးရမှန်းမသိ ပြုံးနေမိပြန်လေ၏။ ဤ နု အမည်ရှိသော မိန်းကလေး၏ ရှေ့မှောက်ဝယ် မိမိမှာ စိတ်အေး လက်အေး ပျော်ရွှင်လိုက်၊ စိတ်ပူကိုယ်ပူစိတ်ညစ်လိုက်နှင့် လွယ်လင့်တကူ မကြာခဏပြောင်းလဲနေရသည့်အဖြစ်ကို စဉ်းစားမိလေ၏။

“အစ်ကိုကြီးကတော့ ညည်းတာပဲ၊ တောက် တခေါက်ခေါက်နဲ့၊ ရှင်ဘယ်လိုဖြစ်ခဲ့ရတယ်ဆိုတာ သိပ်ပြီးသိချင်တာပဲတဲ့"

လာနေလေပြီ။ ဆိုက်ဆိုက်မြိုက်မြိုက်ကြီးပင် မားမားမတ်မတ် လာလျက်ရှိနေပြန်လေပြီ။ ဤမားမားမတ်မတ်လာနေသော မေးခွန်း ကြီး၏ရှေ့တွင် မိမိမှာ ပုဝင်နေဖို့သာ ရှိတော့သည့်အတိုင်း အသာ ငြိမ်၍သာ နေရလေ၏။

“ဒါနဲ့ ဒီလိုညည်းလွန်းအားကြီးတော့ နုက ပြောတာပေါ့၊ ဒီလောက်သိချင်ရင်လည်း အစ်ကိုကြီးရယ် မရမကမေးပါတော့လားလို့ ပြောတော့ ဟာမရဘူး မေးလို့ ဘယ်တော့မှရမှာမဟုတ်ဘူးတဲ့၊ စကားတစ်ခွန်းကို သိပ်ပြီးမြဲတယ်တဲ့၊ သူများလည်း မြဲမှကြိုက်တယ်တဲ့၊ သူတော့မမေးရဲဘူးလို့ပြောတာနဲ့ နုက ကဲ မမေးရဲရင်လည်း ဟိုတွေးဒီတွေးလျှောက်တွေးမနေကြနဲ့ပေါ့လို့ပြောလိုက်တယ်၊ မမထား က ဟဲ့

ဘယ်မေးလို့ကောင်းမလဲတဲ့၊ 'အဲ မကောင်းရင် မမေးနဲ့လေ၊ ဒါဖြစ်ရင်' လို့ နုက သံဖြတ်နဲ့ပြောလိုက်တယ်၊ ဒါပေမဲ့ သူတို့အပြင် သိချင်တဲ့လူကမရှိဘူး၊ နုက ဒီလိုမကြိုက်ဘူး၊ ဘွင်းဘွင်းပဲ၊ ဒါကြောင့် မနက်က ထမင်းစားတုန်းမေးမိတာပါ၊ ရှင် စိတ်မဆိုးဘူးနော်" ဟူ၍ မေးလိုက်သဖြင့် ထိတ်ထိတ်ထိတ်ထိတ်နှင့် တထိတ်ထိတ်နားထောင် နေရသော ကိုမြင့်မောင်မှာ

"ကျွန်တော်က စိတ်ဆိုးဖို့မရှိပါဘူးဗျာ၊ ကျွန်တော့်ကိုသာ စိတ် ဆိုးဖို့ရှိလို့ စိတ်များဆိုးသွားပြီလားလို့ တထိတ်ထိတ်ဖြစ်နေပါတယ်"ဟု ပြောလိုက်လေ၏။

"နုလား၊ နုစိတ်မဆိုးပါဘူး၊ နို့-နုမသိချင်ဘူးလားဆိုတော့သိချင်တာပဲ၊ သိခွင့်မရဘူးဆိုတော့ နည်းနည်းတော့ ဝမ်းနည်းတာပေါ့၊ ဒါပေမဲ့ ရှင့်မှာလည်း ပြောရမှာ အင်မကန်ကို ဝန်လေးနေတာမို့ အတင်းအကျပ်ကြီးမမေးချင်ပါဘူး"

"ကျွန်တော်လည်း ပြောချင်ပါတယ်ဗျာ၊ အခုလိုကြားရတော့ သာပြီးပြောချင်လာပါတယ်၊ နို့ပေမယ့်-နို့ပေမယ့် "ဟုပြောကာ ရှေ့သို့ မဆက်နိုင်ပဲ များစွာအကြံရကျပ်လျက်ရှိသည့်အခက်အခဲကို ကောင်းစွာ သိမြင်သဖြင့် သက်သာခွင့် အမြန်ဆုံးရစေလို၍လားမသိ။ မိမိစကားကို စောင့်မနေတော့ပဲ "နေပါစေရှင်၊ နေပါစေ အခုလောက် သိရတာ ဝမ်းသာလှပါပြီ၊ ကျွန်မ စောစောက မေးမိတဲ့အတွက်သာ တောင်းပန်ပါရစေ" ဟု ဝမ်းနည်းကြေကွဲသံကလေးနှင့် ပြောသည့် အတွက်

"ဟာ မဟုတ်တာဗျာ၊ ကျွန်တော်က တောင်းပန်ရမှာပါ၊ ခင် ဗျားကို ထိတ်လန့်တကြားဖြစ်အောင်လုပ်မိတဲ့အတွက်ရော၊ အခုလို ဝတ္တရားမကျေပွန်တဲ့အတွက်ရော ကျွန်တော်ကသာ တောင်းပန်ရမှာ ပါဗျာ၊ တောင်းပန်ပါတယ်ဗျာ"

"အို အို နေပါဦး၊ နေပါဦး၊ တောင်းပန်စရာမရှိပါဘူး"ဟု လက်ကလေးဖြင့် ကာကာ-ကာကာ လုပ်ကာပြောသဖြင့် ကိုမြင့်မောင် လည်း ရှေ့သို့ဆက်လက်မပြောနိုင်တော့ဘဲ စိတ်မကောင်းဖြစ်တိုင်း အသာငြိမ်၍ နေလိုက်ရလေ၏။

"ကျွန်တော်ဟာ အင်မတန်ရိုင်းတယ်"

"အို"

"နေပါဦး၊ ကျွန်တော် ဆုံးအောင် တစ်ဆိတ်ပြောပါရစေဦး၊ ကျွန်တော်ဟာ အင်မတန်ရိုင်းတယ်၊ အင်မတန်သိခွင့်ပေးထိုက်တဲ့ လူတွေကတောင်မှ အသိမပေးဘဲ ထားနေရတာဟာ ကျွန်တော့် အပြစ်ပါပဲ၊ ဒီတော့-ဒီတော့

ကျွန်တော့်ကိုခွင့်လွှတ်ကြဖို့ တောင်းပန် ပါတယ်"

နုမှာ မျက်နှာမကောင်းလှဘဲ ခပ်မဆိတ်ပင် နားထောင်နေပေ၏။

"ကျွန်တော့်အပေါ်မှာ ဒီအိမ်သားတစ်စုဟာ ကလေးကအစ အင်မတန်ကောင်းခဲ့ကြတဲ့အတွက်လည်း အများကြီး" "အို-ရှင် ဒီကထွက်သွားတော့မယ်လို့ ပြောနေတာလား"ဟု နုက ပျာပျာသလဲမေးလိုက်ရာ ကိုမြင့်မောင်လည်း ဖြည်းညင်းစွာ ခေါင်း ညိတ်ရင်း "ဟုတ်-ဟုတ်ပါတယ်၊ ကျွန်တော် စိတ်ဒုက္ခပေးမနေချင်ဘူး၊ ကျွန်တော်"ဟူ၍မှ ပြော၍ မဆုံးသေးမီ

"ဒါ နုအပြစ်ပဲ၊ နုအပြစ်၊ နုကြောင့် ဒီလိုဖြစ်ရတာ"ဟု မျက်ရည် ကလေးများ လည်လာသည့်တိုင်အောင် လှိုက်လှိုက်လှဲလှဲဖြစ်ကာ ပြောနေ၍ ကိုမြင့်မောင်လည်း ကြီးစွာအံ့အားသင့်ကာ တစ်စုံတစ်ရာ မပြောနိုင်ရှိပြီးမှ

"မဟုတ်ပါဘူးခင်ဗျာ၊ ကျွန်တော့်အပြစ်မှ ကျွန်တော့်အပြစ် စစ်စစ်ပါ"

"အို အစ်ကိုကြီးတို့ကို နု ဘယ့်နှယ်လုပ်ပြောရမလဲ၊ နုကြောင့် ထွက်သွားတော့မယ်ဆိုရင်"ဟု ငိုသံပါကလေးဖြင့်မေးနေ၍ "ဟာ နုကြောင့် ထွက်သွားရတာမဟုတ်ပါဘူး၊ ဘယ်နည်းနဲ့မဆို ကျွန်တော်လည်း ကျွန်တော့်ဘာသာ တစ်နေ့ကျသွားရမှာပါ၊ စိတ် မကောင်းပါဘူးဗျာ အခုလိုဖြစ်ရတာ"

"ဟုတ်တယ် နုကြောင့် စိတ်မကောင်းဖြစ်ရတာပဲ၊ အို နုကိုက ဒုက္ခပေးမိတာပဲ" ဟု ပြောပြောဆိုဆို ထ၍ သွားသောကြောင့် ကိုမြင့်မောင်လည်း ဘာလုပ်ရမှန်းမသိတိုင်း ရပ်မိရပ်ရာတွင် ကျောက်တိုင်ကျောက်သားကြီးပမာ မတုန်မလှုပ်ရပ်၍နေမိလေ၏။

စောစောက အတော်ပင်စိတ်သက်သာရာရလိမ့်မည်ဟု မျှော်မှန်းမိသော သာယာစိုပြည် လူကောင်းတွေချည်း နေထိုင်သောအိမ်ကြီးမှာ မျက်စိတစ်မှိတ် လျှပ်တစ်ပြက်အတွင်း ပျော့်ရွှင်ခြင်း ကင်းမဲ့သော နေရာကြီးအဖြစ်သို့ လျင်မြန်စွာပြောင်းလဲသွားသောအဖြစ်ကို မြင်လိုက် ရသောအခါ ဤနေရာတွင် မိမိ ကြာရှည်စွာဆက်လက်နေထိုင်ခြင်းငှာ မဖြစ်နိုင်တော့သည်ကို တွေ့ရလေ၏။

နု"၏ ဆန်းကြယ်သောအပြုအမူကိုလည်း နားမလည်နိုင်တိုင်း များစွာအားနာခြင်း၊ ကြီးစွာစိတ်မကောင်းခြင်းတို့ ဖြစ်နေရလေ၏။ အကယ်၍ စကားကို ရေလည်အောင် ပြန်လည်ပြင်ဆင်ရှင်းလင်းခွင့် ရနိုင်မည်ဖြစ်က ရေရေလည်လည် ရှင်းရှင်းလင်းလင်းပြောဆိုခြင်းဖြင့် တစ်ဦးကိုတစ်ဦး စိတ်ကောင်းအောင်ပြုလုပ်နိုင်ဦးမည်ဖြစ်သော်လည်း ယခုသော် နုမှာ မျက်နှာလွှဲသွားပြီဖြစ်၍ များစွာအခက်ကြုံနေရ လေ၏။

နောက်မှ အကယ်၍ ကိုထွန်းဝေတို့ ညစာစားချိန်တိုင် ပြန်မရောက်သေးလျှင် ညစာစားခိုက်တွင်မှ နုအား ရေရေလည်လည် ရှင်းလင်းပြောပြလျက် ထိုမျှနှင့် စိတ်ချမ်းသာရာရပုံ မရသေးကလည်း မိမိမည်သည့်နည်းဖြင့် ဤမျှလောက် ရုပ်ပျက်ဆင်းပျက်ဖြစ်လာခဲ့သည့် အကြောင်းတို့ကို နုအား ဖွင့်ဟ၍ ပြောပြလိုက်ခြင်းအားဖြင့် ကျေနပ်နှစ်သိမ့်ခြင်းဖြစ်စေတော့မည်ဟု စိတ်ကိုတစ်ခါတည်းပိုင်းဖြတ်လိုက်ကာ ယခုပင်တွေ့နိုင်လျှင်လည်း ယခုပင် လောလောဆယ်ပင် ဖွင့်ပြောတော့မည်ဟု ကြံစည်၍ "နု"ရှိမည်ထင်ရသောအခန်းများအတွင်းသို့ လှမ်းကြည့်ပါသော်လည်း မတွေ့ရမှ ခြံထဲသို့ ဆင်းလာခဲ့မိလေ၏။

အရိပ်အာဝါသကောင်းပေ့ဆိုသော သစ်ပင်ကြီးများအောက်တွင် လွှန်ခဲ့သည့်နေ့များက ထိုင်၍ နေခဲ့ရခြင်းမှာ အလွန်အေးချမ်းသည် မှန် သော်လည်း ယနေ့သော်ကား အတန်ငယ် မိုးကလေးအုံ့မှိုင်းလျက် တောင်တရိုး၌လည်း မြူခိုးများဆိုင်းဆို့ မှိုင်းဝေနေသဖြင့် အပူရှိန်မှ များစွာသက်သာရာရသင့်ပါလျက်နှင့်ပင် စိတ်ထဲတွင် တောက်လောင်လျက်ရှိသော အပူမီး၏အရှိန်ဖြင့် သက်သာခွင့်မရ၊ ပြင်းထန်စွာ ပူလောင်လှသည်ဖြစ်သောကြောင့် ညထမင်းစားချိန်သို့ အမြန်ရောက်ပါ စေဟု၍သာ ဆုတောင်းနေမိလေတော့သတည်း။

# [၂၁]

## “ဘာလဲ-ရှက်သလား”

“ဦးလေး ဟင် ဦးလေးက ဒီမှာ၊ ကျော်ဝေလေ ချာလိုက်ရတာ” ဟု ဟစ်အော်ကာ မိမိထံ တအားပြေးလွှား လာရောက်ပွေ့ဖက်သဖြင့် ယူမြဲတိုင်းသာ ဆီး၍ ပွေ့ယူလိုက်ရသော်လည်း ခါတိုင်းကဲ့သို့ ရွှင်ပျပျော်မြူးသောအမူရာကိုကား မထားနိုင်၊ စောစောက ဖြစ်သွားရသော အကြောင်းများကြောင့် ခပ်မှိုင်မှိုင်နေမြဲပင် နေမိလေ၏။ အပါလေးမှာ ကိုမြင့်မောင်၏ ခါတိုင်းနှင့်မတူသော အမူအရာကို ချက်ချင်းပင် ရိပ်မိသိရှိသွားရကား ၎င်းကိုယ်တိုင် မျက်နှာကလေးညှိုးငယ်သွားလျက် မျက်ရည်ကလေးများပင် လည်လာကာ “ဟင် ဦးလေး ငိုနေတယ်၊ ဘာကြုလို့လဲ။ ဒေါ်လေးလည်းငိုနေတယ်၊ ဦးလေးလည်း ငိုနေတယ်”ဟု ဝမ်းပန်းတနည်းပြောလိုက်သဖြင့် ကိုမြင့်မောင်တွင် 'ဒေါ်လေးလည်း ငိုနေသည်”ဆိုသောစကားကြောင့် ကြီးစွာအံ့အားသင့်သွားခြင်း ဖြစ်မိလေ၏။

နောက်မှ စဉ်းစားမိလေ၏၊ မိမိပင်လျှင် မငိုပါဘဲလျက် ငိုသည် ဟူ၍ အပါလေးပြောခြင်းကိုထောက်လျှင် နုသည် စောစောက မိမိနှင့် ပြောရသောစကားများအတွက် စိတ်မကောင်းဖြစ်ကာ မိမိနည်းတူပင် မှိုင်တွေငေးမော မပြောချင်မဆိုချင် မရွှင်မပျ ဖြစ်နေခြင်းသာလျှင် ဖြစ်ရမည်ဟူ၍ တွေးတောမိလေ၏။ မငိုပါပဲ မှိုင်တွေငေးမော မပြော ချင် မဆိုချင် မရွှင်မပျဖြစ်နေရုံမျှသာ ဖြစ်ပါသည်ဟုဆို၍လည်း စင်စစ်အားဖြင့် မိမိတွင် စိတ်သက်သာဖို့မရှိ၊ စိတ်သက်သာခွင့်မရနိုင်၊ လူချင်းတွေ့လျှင် တွေ့ချင်းပင် ဘာပဲဖြစ်ဖြစ် တစ်ခါတည်း ဖွင့်ပြောလိုက်တော့မည်ဟူ၍ ထပ်မံပိုင်းဖြတ်ပြီးလျှင် အပါကလေးနှင့် အလိုက် အထိုက်ကစား၍ နေရလေ၏။ အတန်ကြာလတ်သော် အပါ ကလေးသည် မောသဖြင့် အိမ်ပေါ်သို့ ပြန်တက်သွားလေ၏။ မိမိကိုယ်တိုင်လည်း ပန်းခြံထဲတွင် နေချင်စိတ်မရှိသည်နှင့် ချက်ချင်းပင် တွေ့ရလို တွေ့ရငြား အိမ်ပေါ်သို့တက်လိုက်လာခဲ့လေ၏။ သို့သော် နု၏အရိပ်အရောင်ကိုသော်မျှ မမြင်ရသည့်အတွက် ထမင်းစားချိန် တွင်မှ တွေ့ဆုံကြတော့မည်ဟူ၍ စိတ်ကိုလျှော့လိုက်ကာ မိမိ၏အခန်း ဆီသို့ လာရောက်ခဲ့လေ၏။

မည်မျှလောက်ကြာအောင် စဉ်းစားနေမိသည်မသိ၊ သူငယ်လေး တစ်ယောက် လာရောက်၍ အခန်းမီးဖွင့်ပေးကာ ထမင်းအသင့်ပြင်ပြီး ပြီဖြစ်ပါ၍ သုံးဆောင်လိုက သုံးဆောင်နိုင်မည်ဖြစ်ပါကြောင်းနှင့် ပြောဆို အကြောင်းကြားမှပင် မိုးချုပ်သည့်အဖြစ်ကို သိရလေ တော့၏။ ဤတွင် ရေမိုးချိုးရန်မျှပင်

သတိမရနိုင်တော့ပဲ နု၏ စိတ်ချမ်းသာခြင်းကို အမြန်ဆုံးဖြစ်စေတော့မည်ဟူ၍ သုတ်သီး သုတ်ပျာ ဆင်းလိုက်လာခဲ့ရာ ထမင်းစားပွဲသို့ရောက်သောအခါ နုကို မတွေ့မမြင်ရ၊ သူငယ်ကလေးတစ်ဦးသာ အနီး၌ ရပ်၍နေသည်ကို တွေ့ရလေ၏။

တစ်ခဏမျှ ဟန်မပျက်စောင့်နေသော်လည်း နုသော်ကား ထွက်ပေါ်မလာသဖြင့် "ကိုထွန်းဝေတို့ ပြန်ရောက်ကြပြီလား"ဟု သွယ်ဝိုက်၍ မေးလိုက်ရာ သူငယ်ကလေးက "ပြန်မရောက်ကြသေး ပါဘူး ခင်ဗျား၊ မမလေးက ညည့်သည်ကို ကောင်းကောင်းမွန်မွန် ပြင်ပြီး ကျွေးလိုက်ဆိုတာနဲ့" ဟု ပြောသောကြောင့် "ဩော်" ဟု ဆိုကာ မျိုမကျနိုင်တော့ပြီဖြစ်သော ထမင်းလုတ်အချို့ကို ထိုသူငယ် သက်သာမကင်းမဖြစ်ရုံ စားသောက်လျက် ထွက်လာခဲ့လေ၏။

နု မိမိအား စိတ်ဆိုးသွားလေပြီဖြစ်ခြင်းမှာ များစွာသေချာ နေပြီဖြစ်သောကြောင့် သာလွန် စိတ်မကောင်းဖြစ်ရလေ၏။ မိမိဖွင့်ပြောပါတော့မည်ဟု စိတ်ပိုင်းဖြတ်ပြီးမှ ကြားစေချင်သူကိုတွေ့ရဖို့ မဆိုထားဘိ၊ အရိပ်အယောင်ကိုသော်မျှ မမြင်မတွေ့ရပဲရှိခြင်းမှာ မိမိကံကြမ္မာ၏ အလွန်ဆိုးရွားသောလက်ချက်တစ်ခုပင် ဖြစ်ချေ တော့မည်ဟူ၍ စဉ်းစားမိပြီးလျှင် စောစောက မေးစဉ်ကသာ တစ်ခါ တည်း ပြောလိုက်ပါမူကား ယခုကဲ့သို့ ဖြစ်ဖွယ်ရာမရှိဟု မိမိကိုယ် ကိုပင် အပြစ်ဖို့တင်နေရလေ၏။

ည ၈ နာရီမတ်တင်းခန့်တွင်မှ ကိုထွန်းဝေတို့ ပြန်ရောက်လာ ကြ၍ အထိုက်အလျောက် စကားများပြောဆိုပြီးလျှင် အိပ်ရာသို့ဝင်ခဲ့လေ၏။ အိပ်ရာထဲသို့ ဝင်သည်ဟုဆိုရသော်လည်း အိပ်၍ မူကား မပျော်နိုင်၊ လောကကြီး၏ ယူပုံဆပုံများနှင့် မိမိ၏ ယူပုံ ဆပုံများ ဤမျှ ဖီလာဆန့်ကျင်နေကြခြင်းမှာ အံ့ဖွယ်ရာဖြစ်သည်နှင့် အမျှ မိမိတွင် နစ်နာဖို့ဖက်ကသာ များခဲ့သည့်အဖြစ်သို့ ရောက်နေခြင်းကို စဉ်းစားနေ၏။

နောက်တစ်နေ့နံနက်တွင် ဝေလီဝေလင်းမှာပင် အပါကလေး ရောက်လာပြန်၍ ပန်းခြံထဲအတင်းခေါ်သောကြောင့် လိုက်ပါလာခဲ့ရလေ၏။ အပါကလေးအား သွယ်ဝိုက်၍ မေးကြည့်သောအခါ နုမှာ စောစောကသာ စိတ်မကောင်းပုံရလျက် ညဘက်တွင်မူ တစ်စုံတစ်ရာ ထူးခြားသော အမူအရာမရှိဘဲ ကိုထွန်းဝေတို့နဲ့ ရွှင်ရွှင်ပြုံးပြုံးပင် စကားစမြည်ပြောနေသည်ဟူ၍ ခန့်မှန်းယူနိုင်လောက်သောသတင်းကို သိရလေ၏။

ဤတွင် အတန်ငယ်စိတ်ပေါ့ပါးသွားကာ နု စိတ်သက်သာရာ ရပြီဆိုလျှင် မိမိပြောချင်သောအကြောင်းအရာများကို ပြောသင့်မှ ပြောရတော့မည်ဖြစ်၍ စောစောက ထိုင်းမှိုင်းနေသောစိတ်မှာ ပြန်လည်ကြည်လင်လာလေ၏။

ထမင်းစားချိန်သို့ရောက်သောအခါ နု ရောက်ရှိလာလိမ့်မည် လားဟု တမျှော်တည်း မျှော်နေသော်လည်း ပေါ်ထွက်၍မလာ ကိုထွန်းဝေ၊ ထားတို့နှင့်သာလျှင် ခါတိုင်းကဲ့သို့ အတူစားသောက် ရလေ၏။ ဤတွင် စိတ်ထဲ၌ များစွာဟာသကဲ့သို့ဖြစ်နေလေ၏။ သို့သော် ယမန်နေ့မတိုင်မီကလည်း ယခုကဲ့သို့ပင် မိမိမှာ ကိုထွန်းဝေ တို့ဇနီးမောင်နှံနှင့်အတူသာ စားခဲ့ရသည်သာမဟုတ်ပါလော၊ ယမန်နေ့ ကသာ အိမ်ရှင်လူကြီးများမရှိ၍ ကိုယ်တိုင်ထွက်ရောက်ဧည့်ခံခြင်းဖြစ်သည်။ ယခု လူကြီးများရှိနေပြီဖြစ်ရာ ကိုယ်တိုင်ထွက်ရောက်ရန်မလို သဖြင့်သာ ထွက်မလာခြင်းဖြစ်သည်ဟု စိတ်တွင်ဖြေဖျော်ရလေ၏။

ညနေပိုင်းတွင် အပါကလေး ခြံထဲမှ အိမ်ပေါ်သို့ တက်သွား မိလျှင် မိမိလည်း မကြာမတင် လိုက်ပါတက်ရောက်၍ သွားတတ်သော်လည်း ယခုညနေတွင်မူ ထိုသို့တက်ရောက်လိုစိတ်မရှိသဖြင့် ထိုင်နေကျ ခုံတန်းလျားကလေးနှင့် ပန်းခြံခြားနေသော သစ်တုံးကြီးတစ်တုံး ပေါ်တွင် ထိုင်မြဲထိုင်ရင်း တွေးမိတွေးရာ တွေးနေမိလေ၏။ ဘာမျှ မဟုတ်ဟုဆိုရမည်ဖြစ်သော်လည်း မိမိ၏အကြောင်းကို တစ်ခါတည်း ကျေနပ်သွားအောင် ဖွင့်ဟထုတ်ဖော်၍ ပြောပြရန် စိတ်ပိုင်းဖြတ်ပြီး ဖြစ်သဖြင့် နုအား ခေတ္တမျှဖြစ်စေ များစွာတွေ့လိုလျက်ရှိစဉ်တွင် မတွေ့ရ၊ တွေ့ရဖို့ကိုမဆိုထားဘိဦး၊ အရိပ်အယောင်ကလေးသော်မျှ မမြင်ရဘဲရှိသည့်အခါတွင်မူကား ဝမ်းနည်းသည်ထက် ဝမ်းနည်းဖို့ ဖြစ်လာကာ ဤအိမ်တွင် မိမိ ဆက်လက်မနေတော့ဘဲ ထင်ရာ လျှောက်သွားချင်သလိုလိုဖြစ်လာလေ၏။

ရှေ့ရေးကို စိတ်ကူးကြည့်မိသော်လည်း ဘာတစ်ခုမျှ ရှင်းလင်း ပြတ်သားစွာမမြင်ရ၊ ရီဝေလျက်သာရှိနေလေ၏။ ထမင်းစားလာခေါ် ၍ ထလိုက်ပြီးသွားကာ ထမင်းလုတ်ကို တစ်လုတ်ပြီးတစ်လုတ် စားနေရသည့်တိုင်အောင် စိတ်အာရုံပျံ့လွင့်လျက်ရှိသဖြင့် ကိုထွန်းဝေ သော်လည်းကောင်း၊ ထားသော်လည်းကောင်း တစ်ချက်တစ်ချက် လှမ်း၍ ပြောလိုက်သောစကားတို့ကို မကြားရသည်ကသာများ၍ ကိုထွန်းဝေက “ဟေ့-မြင့်မောင် မင်း ဘာများဖြစ်နေတာလဲ၊ ဒီနေ့ နေမကောင်းလို့လား” ဟု မေးနေမှ မိမိ၏ဟန်ပျက်နေခြင်းကို သတိရကာ “မဟုတ်ပါဘူးကွာ၊ လကလေးကသာတော့ စိတ်ထဲမှာတစ်မျိုးဖြစ်နေလို့ပါ”ဟု ပြောလိုက်ရလေ၏။

“လသာတော့ လွမ်းသလားကွ၊ ဟဲဟဲ"

“အို ကိုဝေကလည်း ကိုမြင့်မောင်က နဂိုကမှ ရက်တတ်ရတဲ့ အထဲ လသာရင် လူတိုင်းစိတ်ထဲမှာ တစ်မျိုးကြီး ဖြစ်ကြတာချည်းပဲ မဟုတ်လား"

“အေးလေ ကိုကလည်း ဒါမေးနေတာပါပဲ”

“ဪ ဒါနဲ့ ကိုမြင့်မောင် ဒီည ဘိုးစိန်ပွဲကို ထားတို့နဲ့ လိုက်ကြည့်လှည့်ပါလား၊ စိတ်ပြေလက်ပျောက်ပေါ့”

ကိုမြင့်မောင်က တစ်စုံတစ်ရာ ဖြေကြားခြင်းမပြုရသေးမီ “ရပါလိမ့်မယ်ကွာ၊ ဒီကောင် ဇာတ်တွေပွဲတွေ ဘယ်တော့မှ မကြည့်ဘူး။ ဒါ့ကြောင့် အခုလိုသွားမယ့်အကြောင်း စကားထဲတောင် ထည့်မပြော တာပေါ့” ဟု ကိုထွန်းဝေက ပြောလိုက်သည်တွင် ထားလည်း မျက်စောင်းကလေးတစ်ချက် ချီလိုက်တည့်ကာ

“နေစမ်းပါဦး၊ ကိုဝေကလည်း ကာယကံရှင်ကဖြင့် ဘာမှမပြော ရသေးဘူး”

“အေးလေ-မေးကြည့်တာပေါ့၊ ကိုယ်က လေကုန်နေမှာစိုးလို့ ပြောတာ” ဟု ပြောပြီးလျှင် ကိုထွန်းဝေလည်း လက်လျှော့လိုက် သကဲ့သို့ ငြိမ်သက်သွားသောကြောင့် ကိုမြင့်မောင်မှာ အတန်ငယ် ပြုံးမိလေ၏။

“ဘယ့်နှယ်လဲ ကိုမြင့်မောင်၊ လိုက်မယ်မဟုတ်လား၊ နေရာ တွေတော့ အများကြီးဝယ်ထားတာပဲ၊ နုကလည်း စောစောက လိုက် မယ်လို့ပြောပြီးတော့မှ သူ့သူငယ်ချင်းဆီက ဒီနေ့ရောက်မယ်ဆိုတဲ့ သံကြိုးရောက်လို့ မလိုက်နိုင်ပြန်ဘူးတဲ့၊ ဒီအချိန်မှ မလာရင်တော့မလာပါဘူးလို့ ပြောတာတောင်မရဘူး"

“ဟာ-ဒါတော့ကွာ ဒီနေ့လာမှာသေချာလို့သာ သံကြိုးရိုက်တာပေါ့၊ ကားနဲ့လာတယ်ဆိုရင် လမ်းမှာကြာရင်ကြာတတ်တာမျိုးပဲ၊ အခုမှ ဘယ်နှနာရီရှိသေးလို့လဲ၊ ၇နာရီရှိသေးတယ်”

“အဲလေ-ကိုမြင့်မောင်လိုက်မယ် မဟုတ်လားလို့”ဟု ထားက လိုရင်းကို ပြန်၍ကောက်လိုက်သောကြောင့် ကိုမြင့်မောင်လည်း မနေသာတော့ဘဲ “ကျေးဇူးတင်ပါတယ်ဗျာ၊ ကိုထွန်းဝေပြောသလို ကျွန်တော် ပွဲလမ်းတွေကို နည်းနည်းမှ ဝါသနာမပါဘူး၊ ကျွန်တော့် တော့ခွင့်လွှတ်ပါ”ဟု ပြောလိုက်ရာ ထားမှာ မျက်နှာ သာမသွား သော်လည်း ကိုထွန်းဝေမှာကား စားပွဲကို လက်နှင့်ပုတ်လျက်

“ဒါကြောင့် ကိုယ်ပြောတယ်မဟုတ်လား ထားရ၊ ဒီကောင်ကတစ်မျိုးပဲ၊ ကျောင်းနေကတည်းက လူတစ်မျိုးသက်သက်ပဲ၊ သူများတွေက ကပွဲခုန်ပွဲသွားတယ်၊ သူက လူမမာတွေဆီကို သွားတယ်၊ သူများတွေ ပျော်ပွဲစားသွားရင် သူက ဆေးရုံသွားပြီး လူမမာတွေ ကြည့်နေတယ်၊ အဲသလို-တစ်ခါတုန်းကပြောရဦးမယ်”

ကိုမြင့်မောင်မှာ ဆတ်ခနဲခေါင်းထောင်ကြည့်မိလေ၏။ ဘာတွေ များလျှောက်ပြောနေဦးမည်နည်းဟု တွေးတောမှန်းဆနေလေ၏။

"တစ်ခါက ဆေးကျောင်းသားတွေစုပြီး ညတစ်ည-ခုလို လသာသာပေါ့၊ လျှောက်လည်ကြရော သူလည်းပါတာပေါ့လေ၊ အတင်း မရမက ဆွဲခေါ်တာနဲ့ လမ်းကျတော့ ကျောင်းသားသဘာဝ သီချင်းတွေ သံကုန်အော်ပြီးဆိုကြ ပါးစပ်ဆိုင်းတီးကြနဲ့ ဆူညံနေတာပေါ့လေ၊ ဒီတော့ မြင့်မောင်က တားတယ်၊ မလုပ်ကြပါနဲ့ တကယ်လို့အခုလို လျှောက်သွားတဲ့ လမ်းထဲကအိမ်မှာ လူတစ်ယောက်ယောက် အသည်းအသန်ဖြစ်နေလို့ရှိရင် သူ့ကို နှိပ်စက်သလိုရှိနေလိမ့်မယ်၊ သူ့ကို ပြုစုနေရတဲ့လူတွေကော ဘယ်လောက် စိတ်မကောင်းဖြစ်ကြလိမ့်မလဲ၊ လူမမာကို တမင်လှောင်သလိုကျနေပါလိမ့်မယ်လို့တားတယ်၊ ဒါပေမဲ့ ဘာရမလဲ၊ သူ့ကို ဝိုင်းရယ်ပြီးလှောင်ကြတော့ သာပြီးညံသွားတာပေါ့၊ နောက်တစ်နေ့ကျတော့ ကျောင်းအုပ်ကြီးဆီကို တိုင်စာရောက်လာ ပါလေရော၊ ဘယ်လိုလဲဆိုတော့ ညက သူ့တို့အိမ်မှာ လူမမာ တစ်ယောက် မနည်းဖြစ်နေတာ ကျောင်းသားတွေ အပြင်ဘက်က အရမ်းဆူနေကြတာနဲ့ လူမမာလည်း ရုတ်တရက်ဖောက်ပြီး သေသွား တယ်တဲ့၊ တိုင်တဲ့လူကလည်း အတော်ပဲ၊ ကျောင်းအုပ်ချုပ်ရေးဘက် က အရေးကြီးတဲ့ လူတစ်ယောက်ဖြစ်နေတော့ ကျောင်းအုပ်ဆရာ ကြီးလည်း အားလုံးကျောင်းသားတွေခေါ်ပြီးစစ်တာပေါ့၊ ညကဆူတာ ဘယ်သူတွေလဲဆိုတာကို၊ ညကဆူတဲ့အကောင်တွေဟာ အားလုံး ကုပ်နေကြတာပဲ၊ ကျောင်းအုပ်ကြီး ဒီတင် သာပြီးမကျေမနပ်ဖြစ်ပြီး သိမ်းကျုံးကြိမ်းမောင်းမယ်အလုပ်မှာ ကိုမြင့်မောင်က ရှေ့ကိုတိုးထွက်ပြီးသွားတယ်၊ ကျောင်းအုပ်ကြီးက "ဪ မင်းလား'လို့ ရုတ်တရက် မယုံကြည်နိုင်အောင်ဖြစ်သွားတယ်၊ မြင့်မောင်က ဘာမှမပြောဘဲ ခေါင်းငုံ့နေတော့ ကျောင်းအုပ်ကြီးက "ကောင်းပြီ-မင်းကို ကျောင်းက ထုတ်ပစ်နိုင်ပေမယ့် မင့်အရည်အချင်းကိုထောက်ပြီး ငါမထုတ်ဘူး၊ ဒါပေမဲ့ တာဝန်ကိုသိသင့်ရက်ကနဲ့ မသိတာကို အပြစ်ပေးတဲ့ သဘောနဲ့တော့ မင်း အခု ဖ-လပတ်စာမေးပွဲကို မဖြေရဘူး၊ သွားတော့လို့ပြောတော့ မြင့်မောင်လည်း ဘာမှမပြောဘဲ ထွက်သွားတာပေါ့၊ ဟိုကောင်တွေဆိုတာ တစ်ခါတည်း ခေါင်းတောင်မဖော်ဝံ့ဘူး ကြောက်လွန်းလို့၊ အပြင်ကျတော့မှ စိတ်မကောင်းတဲ့အကြောင်းတွေပြောတာပေါ့လေ၊ ဒီအထဲမှာ သက်ထွန်းကြီး အသဲဆုံးပေါ့၊ မောင်မင်းကြီးသားက ဘာပြောတယ်မှတ်သလဲ၊ 'ဒါတော့ကွာ တစ်ယောက်ယောက် ဝင်မခံရင် အားလုံး ကျောင်းအုပ်ကြီးပါမကျန် ဒုက္ခမရောက်တောင် နာမည်ပျက်ကုန်မှာပဲ၊ ဆရာဝန်လုပ်မယ့်လူတွေ နာမည်ပျက်တော့ ဘယ်ကောင်းမှာလဲ၊ တစ်ယောက်ယောက်က ဝန်ခံ လိုက်တော့ ပြီးသွားတာပေါ့ကွာ၊ ငါ့အတွက်အရေးမကြီးပါဘူး၊ အေး-ဒါပေမဲ့ နောက်တော့ ဆင်ခြင်ကြပါကွာ"လို့ ပြောတယ်၊ ကျောင်းသား တွေလည်း စိတ်မကောင်းဖြစ်ကြတာပေါ့လေ။ ဒါပေမဲ့ ဘယ့်နှယ် လုပ်မလဲ၊ အဲသလိုကောင် ထားရ"

ထားလည်း ကိုထွန်းဝေ၏စကားအဆုံးတွင် ကိုမြင့်မောင်ဘက်သို့လှည့်ကြည့်လိုက်ရာ ကိုမြင့်မောင်မှာ ခေါင်းမဖော်တော့ဘဲ ထမင်း ပန်းကန်ကို တစ်ခါမျှမမြင်တွေ့ဖူးသူအလား စူးစိုက်ကြည့်ရှုနေသည် ကို တွေ့ရလေ၏။ မျက်နှာပေါ်ရှိရောမအနာရွတ်ကြီးသည် တစ်ဝက် မျှ ထွက်ပေါ်နေသော်လည်း ထား-ယခုတစ်ကြိမ်အကြည့်လိုက်တွင် လုံးဝမရှိတော့ဘဲ အလွန်ချောမောညီညာ၍ တည်ကြည်ခံ့ညားသော မျက်နှာပြင်တစ်ခုကို မြင်တွေ့ရသည်ဟု စိတ်ဝယ်မှတ်ထင်မိလေ၏။ ထားမှာ ကိုမြင့်မောင်အပေါ်တွင် ကရုဏာများသည် တဖွားဖွားပေါ်ပေါက်လျက် အသည်းနှလုံးအကြားမှာ တစိမ့်စိမ့် ယိုထွက် နေသည်ဟု မှတ်ထင်ရလေ၏။

"ဘာလဲ-ရှက်သလား၊ ကိုယ့်အကြောင်း မကောင်းပြောတာလည်း မဟုတ်ဘဲနဲ့"ဟု ထား၏နှုတ်မှထွက်သွားရာ ကိုမြင့်မောင်က တစ်စုံတစ်ရာမဖြေကြားနိုင်မီ ကိုထွန်းဝေက "အဲသလိုချည်းပဲ ထားရ၊ အဲသလိုချည်းပဲ၊ ဒီကောင်ဟာ ဒါတွေနဲ့ခက်နေတာပဲ၊ ကဲ ကဲသွားပါစေတော့ကွာ၊ နို့မဟုတ်ရင် သူရင်လည်း ရှက်တာနဲ့သေနေမယ်၊ ငါ့ပန်းကန်ရင်လည်း သူစိုက်ကြည့်တာနဲ့ ပေါက်ထွက်တော့မယ်"ဟု ရယ်မော၍ ပြောလိုက်သောကြောင့် ထားလည်း "ပြောရေ့ာမယ်"ဟု ဆိုကာ "ကဲ-ကိုမြင့်မောင် ပြီးရင်လည်းထလေ၊ ထားတို့လည်း သွားမယ်နော်"ဟု ပြောလိုက်သည့်အတွက် ကိုမြင့်မောင်လည်း အမြန်ဆုံး ထွက်လာခဲ့ရလေ၏။

# [၂၂]

## အဝေး

သို့ထွက်လာခဲ့သော်လည်း အိမ်ပေါ်သို့ တက်ချင်စိတ်မရှိသေး သည်နှင့် ပန်းခြံထဲသို့ပင် ဆင်းလာကာ စောစောကထိုင်သွားသော တုံးကြီးပေါ်တွင် ထိုင်၍ ထမင်းစားပွဲ၌ ထွန်းဝေပြောသွားသော နောက်ကြောင်းများနှင့် ဆက်စပ်ပတ်သက်သည့်အကြောင်းများကို ပြန်လည်ထင်မြင်ကာ စဉ်းစားနေမိလေ၏။

အဘယ်မျှ ကြာသွားသည်မသိ၊ ခြေသံများကြားရသောကြောင့် လှမ်း၍ကြည့်လိုက်ရာ နုနှင့် အခြားရွယ်တူမိန်းကလေးတစ်ယောက် တွဲ၍ လျှောက်လာသည်ကိုတွေ့ရသဖြင့် ရုတ်တရက်ဝမ်းသာသွားမိပြီးမှ တစ်ယောက်တည်းမဟုတ်ဘဲ နှစ်ယောက်ဖြစ်နေခြင်းကို သတိရကာ မိမိအဖို့ အခွင့်မသာနိုင်သေးသည်ကို စဉ်းစားမိလေ၏။ မိမိဘက်သို့ လာလေမည်လားဟု တွေးတောမိ၍ နောက်သို့ပင် ပုဝင်လိုက်မိလေ သေး၏။ သို့သော်နုတို့မှာ ပန်းချုံအကွယ်ရှိ ပန်းခုံကလေးပေါ်တွင် ဝင်ရောက်ထိုင်လိုက်သဖြင့် အသာပင် ထိုင်နေလိုက်ရလေ၏။

ထိုနောက် ထ၍ သွားမည်ကြံမိလေ၏။ သူတစ်ပါး တီးတိုးစကား ပြောနေခြင်းကို တိတ်တဆိတ်နားထောင်သည့်သူတစ်ယောက်အဖြစ်သို့ ကျရောက်နေမည်ကိုအလိုမရှိ၍ လျင်မြန်စွာထ၍သွားချင်ကာမှပင် အခက်အခဲတစ်ခု လာတွေ့နေရလေ၏။ ၎င်းမှာ တစ်ဖက်မှ လှည့် ထွက်သွားရန်လမ်းဟူ၍ လုံးဝမရှိဘဲ နုတို့နေရာမှ ကပ်၍ ဖြတ်ကာ နုတို့လာရာတစ်ခုတည်းသောလမ်းအတိုင်း ထသွားပြီးမှ ဖြစ်မည် ရှိခြင်းပင်ဖြစ်လေ၏။

ဤတွင် များစွာအကြံရကျပ်ကာ မည်သို့ပြုရပါမည်နည်းဟု စဉ်းစားမရ ဖြစ်နေစဉ်ပင် “ကဲ-ပြောစမ်းပါဦး လွဲ့လွဲ့၊ အလန့်တကြား ထိတ်များထိတ်လို့”ဟု နုအသံကိုကြားလိုက်ရသောအခါ လူသာမဟုတ် စောစောက အလွန့်အလွန်လှုပ်ရှား အလုပ်များနေသောအကြောင်း ဟူသမျှတို့သည်လည်း တစ်ခဏချင်း တညီတညာတည်း ရပ်တန့် ငြိမ်သက်သွားသကဲ့သို့ဖြစ်ကာ နားကြောများသာလျှင် တစ်နေရာတည်းကွက်၍ သွက်လက်စွာအလုပ်လုပ်နေကြသည့်အလား ထပ်၍ လာမည့်စကားကို အသင့်စောင့်စားနေသည်ကို တွေ့ရလေ၏။

“ဟာ ဖြစ်တာတော့ မပြောနဲ့တော့၊ လက်ထပ်ပြီးတဲ့နေ့ နောက်တစ်နေ့ကစပြီး၊ တစ်နေ့ဆို တစ်နေ့မှ လွဲ့လွဲ့ဖြင့် မပျော်တော့ဘူး”

“ဖြစ်ရပြန်ပြီ၊ နို့ နုကို စာရေးတုန်းက ချစ်လို့ယူတာဆို”

“ဟုတ်တယ်လေ စောစောကတော့ ချစ်လို့ယူတာပေါ့၊ ဟိုတုန်းက ချစ်တာသာ သိတာကိုး"

“နောက်တော့ ဘာပါသိရလို့လဲ”

“နောက်တော့ စိတ်သဘောထား မကောင်းတာတွေပါ သိရလို့ပေါ့"

“ဘာလဲ လဲ့လဲ့ကို နိုင်လိုမင်းထက် လုပ်လို့လား"

“အို လဲ့လဲ့အပေါ်တော့ ဒီလိုမလုပ်ပါဘူး”

ဤတွင် တစ်ဦးတစ်ယောက် အိမ်တွင်းရေးကို လွတ်လွတ်လပ်လပ်ပြောနေခြင်းဖြစ်၍ မိမိထိုင်နေခြင်းငှာ မသင့်ပြီ၊ ထ၍ သွားမှ ပင်ဖြစ်မည်ဟု ထများပင် ထမိ၏။ သို့သော်

“နို့ လဲ့လဲ့အပေါ်မှာမဆိုးရင် ဘယ်သူ့အပေါ်မှာဆိုးလို့လဲ"

“အို လူတစ်ယောက်အပေါ်မှာ ဆိုးလိုက်တာ နုရယ် မပြော နဲ့တော့၊ သူ့ခမျာ မြို့ပေါ်မှာတောင်မနေနိုင်ရှာတော့ဘူး၊ တစ်ခါတည်း အရှက်တကွဲ အကျိုးနည်းဖြစ်ပြီး ထွက်ပြေးရတာပဲ”ဟူ၍ ကြားလိုက် ရသောအခါတွင်ကား ဤလဲ့လဲ့ဆိုသူမှာ အခြားမဟုတ်၊ သုံးဆယ်တွင် မိမိတွေ့ခဲ့သော စက်သူဌေးသမီး လဲ့လဲ့ဖြစ်လျက် မကောင်းကြံသူမှာ ကိုဘဖဲဖြစ်ပြီးလျှင် မကောင်းအကြံခံရ၍ ထွက်ပြေးရသူ ဆိုသည်မှာ ကား အခြားသူမဟုတ်ဘဲ မိမိပင်ဖြစ်နေကြောင်း သိရှိရသည့်အတွက် မလှုပ်နိုင် မယှက်နိုင် မတ်တတ်ကြီးပင်ရပ်လျက် နောက်ထပ်လာမည့် စကားတို့ကိုသာ နားစွင့်မိလျက်သား ဖြစ်နေတော့လေ၏။

“နို့ လဲ့လဲ့နဲ့ ဘယ်လိုတိုက်ရိုက်ပတ်သက်လို့လဲ၊ ဒီလူနဲ့က”

“ဘယ်လိုမှ မပတ်သက်ပါဘူး၊ သူတို့ မကောင်းကြံတဲ့အထဲ လဲ့လဲ့လည်း ပါမှန်းမသိ ပါနေတာ နောက်မှသိရတော့ သာပြီး စိတ်လည်းဆိုး ယူကျုံးမရလည်းဖြစ်ရတာပေါ့၊ အဲသလိုသိရကတည်းက တစ်နေ့မှ စိတ်မချမ်းသာတာနဲ့ နုဆီပဲ တစ်လကိုးသီတင်းလာနေမယ် လာနေမယ်နဲ့ ဒီနေ့မှ ထွက်ဖြစ်တော့တာပဲ”

“နို့ အခုဒီလာတာ မသိဘူးလား”

“ဟင့် အင်း”

“တော်ပါ့မလားကွယ် လဲ့လဲ့”

“အို တော်တော် မတော်တော်နေပစေ၊ သူတို့ ဟိုလူ့အပေါ် လုပ်လိုက်တာတော့ တော်ရဲ့လားလို့ ပြောစမ်းပါဦး”

“နေပါဦး လဲ့လဲ့ရဲ့၊ နုဟာ ကိုဘဇံမဟုတ်ပါဘူး၊ ခပ်အေးအေး ပြောစမ်းပါ၊ ဒေါသချည်းပဲပဟဲ့။ လဲ့လဲ့ကို ဘယ်သူကပြောလို့ သိရတာ လဲ”

“ဘာကိုလဲ”

“သူတို့မကောင်းကြံလိုက်တယ်ဆိုတဲ့အကြောင်းကိုလေ”

“ဩော် အဲဒီအချိန်လောက်မှာပဲ လဲ့လဲ့တို့ဆီပြောင်းလာတဲ့ ဆရာဝန်ကတော်ကပြောလို့ သိရတာပေါ့”

“သူက ဘာပြုလို့ သိရတာလဲ၊ အဲဒီအချိန်လောက်ကမှပြောင်း လာတယ်ဆို”

“ဟုတ်တယ်လေ-သူတို့ လာရတာကိုက လဲ့လဲ့ လင်တော်မောင်ရဲ့ မဟာမိတ်ကြီး ဆရာဝန်ကိုဘပုဆိုတာ မဟုတ်တာတွေလုပ်ထားတာကို စုံစမ်း ရအောင်လာတာကိုး"

“ဒီတော့ ဟိုလူနဲ့ ဘယ်လိုဆိုင်သလဲ"

“အမယ်လေး-ဆိုင်သမှ အများကြီးဆိုင်တာ၊ ဖြစ်ပုံက အဲဒီလူက လူတစ်မျိုးပဲ"

ကိုမြင့်မောင်မှာ ရပ်၍မနေနိုင်တော့ပေ။ ဒူးများတုန်လှုပ်လျက် မျက်လုံးများရီဝေလာပြီးလျှင် ရင်ထဲတွင် တဒိတ်ဒိတ် တဒုန်းဒုန်းနှင့် ခုန်လွန်းလှသောကြောင့် တံုးပေါ်တွင်သာပြန်၍ ထိုင်လိုက်ရလေ၏။

လဲ့လဲ့၏အသံသည် “သူ့အပေါ်မှာ လဲ့လဲ့တို့သာ အထင်လွဲအမြင်လွဲ ဖြစ်ကြတာ မဟုတ်ဘူး၊ အဲဒီဆရာဝန်ကတော်လည်း အကြီးအကျယ် အထင်လွဲအမြင်လွဲ ဖြစ်ခဲ့ဖူးတာကို၊ အဲဒီဆရာဝန် ကတော် ပြောပြမှသိရလို့ လဲ့လဲ့လည်း ရောပြီးငိုလိုက်ရတာလေ၊ သူလည်း ယူကျုံးမရဖြစ်တာပေါ့လေ၊ သူတို့ ရောက်လာချိန်မှာမှ အဲဒီ လူက ထွက်ပြေးသွားရတော့ မတွေ့လိုက်ရဘူးပေါ့၊ ဒီတင်သာပြီး အသည်းနာစရာဖြစ်တာပေါ့လေ”ဟု ဆက်၍ပြောနေရာမှ “အင်း ထားပါဦး ဒီမိန်းမကိစ္စကို၊ လဲ့လဲ့အကြောင်း ပြောပါဦး”ဟု နု၏ အသံဖြင့် ပြောလိုက်သောကြောင့် လဲ့လဲ့၏အသံမှာ ပြတ်သွားလေ၏။ ထိုနောက် ဆက်လက်ပေါ်ထွက်လာပြီးလျှင်

"လွဲလွဲလား မပြန်တော့ဘူးလေ၊ နုနဲ့ ကျောင်းတုန်းကပြောသလို တစ်သက်လုံးအတူတူနေရအောင် ခုလာခဲ့တာပဲ"

"မဟုတ်တာပဲကွယ်၊ လွဲလွဲကလည်း၊ ဒီလိုလုပ်လို့ဘယ်ဖြစ်မလဲ၊ ကိုယ့်လင် ကိုယ့်သားကို"

"ဟုတ်ပါတယ်-အဲဒီဆရာဝန်ကတော်ကလည်း ဒီလိုပဲ ဖျောင်းဖျ လို့ လွဲလွဲက စိတ်ပေါက်ပေါက်ရှိတာနဲ့ "ကဲကဲ လွဲလွဲသာပြောတယ်၊ အစ်မကြီးကတော့ စိတ်ထဲက တကယ်ပြတ်နိုင်လို့လား'လို့ မေးလိုက် တော့ "ဘယ်ပြတ်နိုင်မလဲညီမလေး၊ ဒီလောက်မွှန်မြတ်တဲ့ လူသူ တော်ကောင်းကြီးတစ်ယောက်လုံးကို ဘယ်ပြတ်နိုင်မလဲ၊ ဒါပေမဲ့ ကိုယ့်မှာ နှစ်မိပြီဆိုတော့ ကိုယ့်လင်ကိုယ့်သားအပေါ်မှာ ဝတ္တရား မပျက်စေသင့်ဘူးတဲ့"

"အေးလေ-အဲဒါ အဟုတ်သားပဲ လွဲလွဲရဲ့"

"ဟာ သူ့စိတ်ကသာရတာ၊ လွဲလွဲတို့တော့မရဘူး၊ ချက်ချင်း ဖေဖေ့ကို ကွာပေးဖို့ပြောတာ၊ ဖေဖေတို့ကလည်း ကွာမပေးဘူး၊ ဒါနဲ့လွဲလွဲလည်း အလစ်ချောင်းနေတာ၊ ဒီနေ့မှ အဲဒီဆရာဝန်ကတော်ဆီ နှုတ်ဆက်ရအောင် သွားဦးမယ်ဆိုပြီး ဒီတန်းလာခဲ့တာပဲ"

"ဟုတ်သေးပါဘူးကွာ၊ လွဲလွဲလုပ်ပုံက"

"ဘာလဲ-လက်ခံမထားချင်လို့လား၊ ဒီလိုဆိုရင်"

"အလို-အလို-ဒါလေးတွေက အခုထက်ထိ ရှိသေးသကိုး၊ ကြည့်စမ်း၊ လင်တစ်ယောက်လုံးရနေတာတောင် ကျောင်းတုန်းကစိတ်"

"တော်ပါ-ဒီလင်အကြောင်းထည့်မပြောပါနဲ့"

"တယ်လုပ်လိုက်ပါကလား"

"လုပ်တယ်လေ-လုပ်တယ်"

"နေပါဦး လွဲလွဲရဲ့၊ ဒီလောက်လည်း ဒေါသမကြီးပါနဲ့ဦး၊ မေးချင်တာကလေးများလည်း မေးစမ်းပါရစေဦး"

လွဲလွဲလည်း ငြိမ်သွားလေ၏။လွဲလွဲမှာငြိမ်သွားသော်လည်း ကိုမြင့်မောင်ကား ငြိမ်မနေ၊ ငြိမ်နေ၍လည်း အသံထွက်၍မဖြစ်၊ အသံသာမထွက်သော်လည်း ချွေးများကား တဒီးဒီးယိုစီးကျဆင်းလျက် ရှိလေ၏။

"ကဲ ဟိုလူ့အကြောင်း ပြောစမ်းပါဦး"

"အမယ်လေး သူတော်ကောင်းမှ သူတော်ကောင်းပါ နုရာ၊ သူတော်ကောင်းပါ"

"တယ် ဆိုလှပါကလားဟဲ့"

"နောက်မနေပါနဲ့ နုရာ တကယ့်ကိုပြောတာ၊ လဲ့လဲ့တော့ ဒီလိုလူမျိုးကို တစ်ခါမှ မတွေ့ဖူးဘူး၊ တွေ့ရတုန်းကတော့လည်း ခွေးလောက်မှမကောင်းအောင် သူ့အပေါ်မှာ ဝိုင်းပြီးကြုံကြုတဲ့အထဲ ပါမှန်းမသိ ပါနေရတယ်""အင်းဆိုစမ်းပါဦး၊ ဒီလူက ဘယ်လိုလူလဲ၊ သူကဘာလဲ""သူလား၊ သူလည်းဆရာဝန်ပဲ၊ လူကတော့လေ မပြောပါနဲ့ နုရာ သိပ်ပြီး"

"ချောတယ်လား၊ ဩော် ဒါကြောင့်ကိုး"

"ဟဲ့ ဆုံးအောင်နားထောင်စမ်းပါဦးကွ၊ နုကလည်း"

"ဘာလဲ ချောကြောင်းလှကြောင်း သမုဒ်ကို မင်ရည်ဖျော်ပြီး ချစ်တာတွေ"

"အေး နေ၊ ဒီလိုဆိုရင်မပြောတော့ဘူး"

ကိုမြင့်မောင်သည် လဲ့လဲ့နှုတ်ခမ်းစူနေလိမ့်မည်ဟူ၍ တွေးတောမှန်းဆကြည့်မိလေ၏။ သို့သော် သူတစ်ပါးအရေးထက် မိမိအရေးမှာ တစ်ချိန်ထက်တစ်ချိန် အရေးကြီးလာသည်ကိုတွေ့ရလေ၏။ အကယ်၍ မိမိသာ ယခုထိုင်နေရာ မြေကြီး၏အောက်သို့ ရောက်ရှိနေက ဤစကားကို ဆုံးသည်အထိသာမဟုတ်၊ စကားပြောသူနှစ်ဦး မိမိရင်ဘတ်ပေါ်က ကျော်နင်းဖြတ်သန်း၍ ပျောက်ကွယ်သွားသည်အထိပင် ငြိမ်သက်စွာနေနိုင်မည်ဖြစ်သော်လည်း ယခုမူ မိမိလည်း မသေသေးဖြစ်နေရကား ဤခြံကြီးအပြင်သို့ မည်သို့ထွက်ရပါမည်ကို ကြံ စည်မရဖြစ်နေလေ၏။ သို့သော် ထွက်လမ်းမှာ ဆိုခဲ့ပြီးသည့်အတိုင်း တစ်လမ်းတည်းသာရှိရကား စောစောကပင် ထွက်သွားရန်မဖြစ်နိုင်ရှိခဲ့လျှင် ယခုအချိန် ယခုအခြေကျမှထွက်ရန်မှာ သာလွန်၍ပင် မဖြစ် နိုင်ရှိနေလေ၏။

"ကဲ ပြောပါ ပြောပါ၊ နု မနောက်တော့ပါဘူး"

"ကောင်းကောင်းနားထောင်စမ်းပါနုရယ်၊ ဒီမှာ လူဖြင့်ဘယ်လို နေရမှန်းမသိဘူး"

"အေးလေ၊ ပြောပါလို့ပြောနေပါပကော၊ မနောက်တော့ပါဘူး"

"လူကတော့ တကယ့် သူတော်ကောင်းပဲထင်တယ်"

"နောက်တာမဟုတ်ဘူးနော်၊ တစ်ခုပြောချင်လို့၊ အထင်တွေ မပြောဘဲနဲ့ တကယ့်အတွေ့ကိုပဲ ပြောစမ်းပါဦး"

"လူက ရုပ်ကတော့ ရုပ်ချောဖြစ်ခဲ့ဖူးပုံပါပဲ၊ ဒါပေမဲ့ လူစဉ်တော့ ပမီရှာဘူး"

"ဟင် ဘာဖြစ်လို့လဲ၊ ဘယ်လိုမမီတာလဲ"

"ဘယ်လိုလဲဆို ခြေကခြေတစ်ပေါင်ကျိုးကြီး၊ မျက်နှာကလည်း ရောမ"

လဲ့လဲ့မှာသတိမထားလိုက်မိသော်လည်း နု၏လက်တစ်ဖက် ရုတ်တရက် ရင်ဘတ်ဆီသို့ရောက်သွားကာ ကိုယ်မှာလည်း အတန် ငယ် နောက်သို့ယိုင်သွားလေ၏။

မျက်လုံးများမှာ စောစောကကဲ့သို့ ကြည်လင်ခြင်းမရှိတော့ဘဲ ထိန်နေသောလရောင်တွင် မြူများဆိုင်းဝေနေသည့်ပမာ မသဲမကွဲ ဖြစ်လာလေ၏။

"အနာရွတ်ကြီးနဲ့ လူတွေကမြင်ရင် သူလော်လည်လို့ ရခဲ့တာ လို့ထင်ကြမယ်၊ အမှန်တော့မဟုတ်ဘူး ဘယ်သူမှ မလုပ်ရဲတာကို လုပ်ခဲ့လို့ ဖြစ်သွားရတာ၊ မီးလောင်နေတဲ့ လူမမာတစ်ယောက်ကို အတင်းဝင်ကယ်ပြီး ပြန်ထွက်အလာမှာ လူမမာကို လက်လွှဲလို့လည်း ပြီးရော သူ့အပေါ် တိုင်ကြီးတစ်တိုင် လဲကျပြီး တစ်ခါတည်း မီးထဲ ကျသွားတယ်၊ မျက်နှာမှာ အောက်ကသံပြားကြီးဆိုလား ရှုပြီး ဒဏ်ရာရတာပဲ၊ ခြေထောက်လည်း တစ်ခါတည်း အခုလိုဖြစ်သွား တာပဲ၊ အဲဒါနဲ့ ဆေးရုံပို့မယ်လုပ်တော့ မပို့ပါနဲ့တဲ့၊ လူနာတွေကိုသာပို့ပါ ဆေးရုံမှာ အခုလိုရောဂါဘယဖြစ်ချိန်မျိုးမှာဆိုရင် တစ်နေရာ ဆိုလည်း မနည်းပါဘူး၊ သူ့အတွက်တော့ နေပါစေတဲ့"

နုသည် အသက်ရှူကျပ်နေသည်ထက် ကျပ်၍လာသည်ဟု ထင်ရလေ၏။ စကားပြောနေသူမှာ လဲ့လဲ့ဖြစ်သော်လည်း ခြောက်၍ လာသောအာနှင့်လည်ချောင်းမှာ မိမိ၏ အာနှင့်လည်ချောင်းဖြစ်နေ သည်ကို တွေ့ရလေ၏။

နုသည် အိမ်ပေါ်ရှိတစ်ခုသော ထောင့်ခန်းဆီသို့ လှမ်းကြည့် လိုက်လေ၏။ ထိုနောက် မျက်နှာကို လဲ့လဲ့ဆီသို့ ပြန်၍လှည့်လိုက် လေ၏။

"အင် ဒီလိုလူဆိုရင် အထင်မှားကြမှာပဲ၊ နုလဲ အထင်မှားမိ"ဟု အနိုင်နိုင်ကြိုးစား၍ ကြားဝင်ပြောလိုက်ရာ၊ လဲ့လဲ့မှာ အကြောင်းကို မသိရှာသေးရကား ရိုးရိုးပင်အောက်မေ့၍ "နုကတော့ မှားချင်မှ မှားမှာ၊

ကျောင်းကတည်းက ကိုယ့်စိတ်တိုင်းကျဖြစ်မယ့်ယောကျ်ားကို အကဲခတ်ပြီး စောင့်ကြည့်လာလိုက်တာ ခုတောင်မတွေ့ရသေးဘူး ဆိုတော့ တော်တော်အကဲခတ်ကောင်းလို့သာပေါ့၊ လွဲ့လွဲ့တို့အကြောင်း ဆက်ပြောပါရစေဦး၊ အဲဒီလူရဲ့အကြောင်းတွေတော့ စောစောက ပြောတဲ့ ဆရာဝန်ကတော်ဆီကကြားရတာကိုး၊ အဲ သူကလည်း အခုယောကျ်ားနဲ့ အဲဒီလူနှစ်ယောက် တစ်ယောက်ယောက်ရွေးယူဖို့ ဖြစ်နေတုန်း ဒီလူကလည်း ရက်တော်တော်ကြာပဲ ပေါ်မလာဖြစ်နေ တော့ အထင်မှားပြီး ဟိုတစ်ယောက်ကိုယူလိုက်တာပေါ့၊ အထင်မှား ပုံက ရောဂါဘယတွေ အကြီးအကျယ်ဖြစ်နေတုန်းကို တစ်မနက် အေးအေးကလေးအိပ်နေတာတွေ့ရတာကအစ ဒီလူ တယ်ပေါ့လျော့နိုင်ပါကလားလို့ အထင်လွဲတာပါပဲ၊ အမှန်ကတော့ ဒီလူကသူရွေးလိုက်တဲ့လူထက် အလုပ်လုပ်ရလို့ မောပြီး ခဏလေးအိပ်နေ မိတာကိုး၊ ပြီးသူတို့ဟာက နှစ်ယောက်အတူတူ သူ့ဆီသွားပြီး လည်ရမယ်၊ တစ်ယောက်ယောက်မျက်ကွယ်မှာ ကိုယ့်ဘက်ပါအောင် မဆွဲဆောင်ရဘူးဆိုပြီး စည်းကမ်းတော်တော်ကျပ်တယ်၊ သူ့အဖေ ကြီးက ထားခဲ့တယ်၊ အဲဒါ အခုရနေတဲ့လူက သစ္စာဖောက်တယ်၊ ပြီး ကိုယ့်ဘက် မပါပါအောင်ဆွဲတယ်၊ ဟိုလူကတော့ လူမရောက်ပေမယ့် စာမရေးရဘူးဆိုလို့ ရေးမပြောဘူး၊ စည်းကမ်းကို သိပ်ပြီးရိုသေ တာကိုး၊ ဒါတွေလည်း နောက်မှသိရတာပေါ့လေ။

“အဲယူလိုက်တဲ့လူကလည်း သူ့သူငယ်ချင်းရဲ့ ညီမလေးကို ကိုယ်တိုင်မသတ်ပေမယ့် သတ်သလို တာဝန်လစ်ဟင်းနေတဲ့သူဖြစ် တော့ ဒါတွေနောက်မှ သိရလေလေ စိတ်မချမ်းသာလေလေဖြစ်ပြီး အခု ထက်ထိ အဲဒီလူကို မျှော်နေတုန်းပဲ၊ သူ့ယောကျ်ားကတော့ ဒါတွေ သိပုံမရဘူး၊ အဲ လွဲ့လွဲ့အဖို့ တစ်ခုကောင်းသွားတာက သုံးဆယ်ကို သူတို့ လာစုံစမ်းရတဲ့ အမှုက ချက်ချင်းပဲ ပြီးသွားလို့ ဆိုင်ရာကို စာတင်လည်း တင်လိုက်ရော ဟိုက ဒီနေ့ နက်ဖြန်ပဲ အမြန်ဆုံး မြိတ်မှာ အရေးကြီးလို့ လိုက်သွားရမယ်ဆိုတာနဲ့ အခု မြိတ်ကို သွားမယ်ပြင်ဆင်နေကြတုန်း လွဲ့လွဲ့လည်း သွားနှုတ်ဆက် ချေဦးမယ်လို့ အိမ်ကိုပြောပြီး ဒီကိုလစ်လာခဲ့တာပဲ”

လွဲ့လွဲ့သည် စောစောက နု၏ စကားအနှောင့်အယှက်ကို အများဆုံးခံယူခဲ့ရသော်လည်း ယခု ငြိမ်မည့်ငြိမ်ပြန်ရာ၌ အင်းမလိုက် ဖြစ်နေသည့်အခါ အားမလိုအားမရရှိလာသည့်အတိုင်း “ဟေ့ နု ကိုယ် ပြောနေတာ ကြားရဲ့လား”ဟု နု၏ ကိုယ်ကလေးကို ကိုင်လှုပ်ကာ မေးလိုက်လေ၏။

“ကြားပါတယ် အကုန်ကြား၊ ကဲ ဒီမှာအေးလာပြီ တက်ကြစို့ရဲ့၊ နက်ဖြန်ကျရင်တော့ ဝမ်းသာစရာ တွေ့ရင်လည်း တွေ့ရမှာပဲ” ဟု ပြောပြောဆိုဆို

ထလိုက်သောကြောင့် လဲ့လဲ့လည်း နှ၏ခါးကလေးကို လက်တစ်ဖက်ဖြင့်ဖက်လိုက်ကာ "ဘာများလဲ နုက ကိုယ့်ကို လင်ပူ မိလာတယ်ဆိုပြီး ဖြေဖျော်နေတာလား" ဟု ပြောသံကြားရပြီးနောက် နှစ်ယောက်သား ဖြည်းညင်းစွာ လာရာလမ်းကလေးအတိုင်း ထွက်သွား ကြသည်ကို မြင်လိုက်ရသောအခါ ကိုမြင့်မောင်မှာ တစ်နည်းအားဖြင့် စိတ်သက်သာရာရသွားလျက် တစ်နည်းအားဖြင့်လည်း ကြီးစွာ စိတ် မကောင်းဖြစ်ရပြန်လေ၏။

ကြားရချက်တို့မှာ မသက်သာဖွယ်ချည်းဖြစ်ရာတွင် ဤအိမ်၌ ဆက်လက်၍ နေချေက ရှေ့အဖို့၌ များစွာခက်ကုန်ဖွယ်ရာသာ ရှိတော့မည့်အဖြစ်ကို စဉ်းစားမိကာ ညတွင်းချင်းပင် ထွက်ပြေးဖို့ ဆုံးဖြတ်လိုက်ရတော့လေ၏။ အကယ်၍ မိမိအား ဤမိန်းကလေး နှစ်ယောက်သာ ယခု နေရာ၌ဖြစ်စေ၊ ယခုညတွင်းချင်းဖြစ်စေ တွေ့မြင်ကြချေက မဖက်ရုံတမယ် ဣန္ဒြေကြီးစွာဆည်လျက် ငိုယို တောင်းပန်ကြမည် ကေန်ဖြစ်ရာ ဤအဖြစ်မျိုးကို မမြင်လို မမြင်ဝံ့၊ သို့ဖြစ်ရကား ပြေးမှပင်တော်တော့မည်။ ပြေးလျှင် မိမိအိမ်ပေါ် တက်နေ၍မဖြစ် ယခုနေရာမှ ယခုအတိုင်း ယခုပင် ပြေးမှဖြစ်တော့ မည်ဟု ဆုံးဖြတ်လိုက်ကာ သစ်ပင်ရိပ်များအောက်မှ တဖြည်းဖြည်း ခို၍ ထွက်လာပြီးလျှင် ခြံပေါက်ဝအပြင်သို့အရောက်တွင် ချိုင်းညှပ် ကလေးနှင့် ခြေထောက်တစ်ဖက်မှ သွက်နိုင်သမျှသော ခွန်အားကို ဘအားစိုက်၍ အသုံးပြုရင်း အမြန်စိုင်းနှင့် ထွက်ခွာလာခဲ့ရလေ သတည်း။

# [၂၉]

## အလိုက်

နောက်တစ်နေ့နံနက်တွင် ကိုမြင့်မောင်ကို ပထမဆုံးရှာမတွေ့ သူမှာ အပါကလေးပင်ဖြစ်ရာ ထိုသို့ရှာမတွေ့သဖြင့် အပါကလေးတွင် ရပ်တည်ရာမရ ဒေါင်ချာစိုင်းနေရှာသည့်အဖြစ်ကို ပထမဆုံးတွေ့မြင် သိရှိရသူမှာ နုပင်ဖြစ်ပေ၏။ ထိုအချိန်တွင် တစ်ခန်းတည်း၌ အတူ အိပ်နေသော လဲ့လဲ့ပင်လျှင် မနိုးသေးရာ ညက ၃ နာရီခွဲ ၄ နာရီ ခန့်တွင်မှ ပွဲကပြန်လာကြသော ကိုထွန်းဝေနှင့်ထားတို့မှာ နိုးဖို့ရန် သာ၍ပင် ဝေးသေးလေ၏။

နုပင်လည်း အပါကလေးသာ သေပြေးရှင်ပြေးဝင်ရောက်လာ လျက် “ဒေါ်လေး ဒေါ်လေး ဦးလေး ရှိဘူး ရှိဘူး”ဟု ထိတ်လန့် တကြားမပြောခဲ့လျှင် ယခုကဲ့သို့ စောစောစီးစီးသိဖွယ်ရာမရှိ။ ယခု သော် အပါကလေးမှာ ထိုသို့ပြောကြားရုံမျှမကသေး ဒေါ်လေး လိုက်ကြည့်ပါ ဦးလေးအခန်းကို" ဟုပြောဆိုကာ အရေးတကြီးဆွဲခေါ် နေသဖြင့် ကပျာကယာ ထိတ်လန့်တကြားဖြစ်ကာ လိုက်ပါကြည့်ရှု မိ၍ သူ့အိပ်ရာခင်းမှာ ညကအိပ်စက်သွားပုံမရ၊ ညဦးက သူထမင်း စားနေခိုက် မိမိကိုယ်တိုင် ဝင်ရောက်ခင်းဖြန့်ပေးခဲ့သည့် အတိုင်း လက်ရာခြေရာမပျက်ဖြစ်နေသည်ကို တွေ့ရသည့်အတွက်သာလျှင် အပါကလေးပြောသည့်အတိုင်းပင် ပြေးပြီဟု စောစောစီးစီးယူဆနိုင်ခဲ့ ခြင်းဖြစ်လေ၏။

သို့သော် ထိုမျှလောက်သောအထောက်အထားဖြင့် ပြေးပြီဟု ထင်မှတ်ရတော့မည်လော၊ စောစောစီးစီးထကာ ကိုယ့်အိပ်ရာကိုယ်ဖြန့်ပြီးမှ လမ်းလျှောက်ထွက်သွားခြင်းမဖြစ်နိုင်ပြီလော၊ ထွက်သွားလျှင် သူ့ပစ္စည်းများကို အကုန်မဟုတ်စေကာမူ အနည်းအကျဉ်းမျှဖြစ်စေ ယူသွားမည်သာဖြစ်ရာ ယခုသော် ဘာတစ်ခုမျှမယူ၊ ပိုက်ဆံထည့်သည့် သားရေအိတ်ပင်လျှင် ခေါင်းအုံးအောက်၌ ရှိမြဲရှိနေသေးသည်ဖြစ်၍ ထွက်သွားသည်ဟု ယူဆ၍မဖြစ်နိုင်သည်ကိုတွေ့ရမှ များစွာစိတ်အေး ၍သွားတော့လေ၏။ အပါလေးအားလည်း ချော့မော့ပြော ဆိုကာ ဦးလေး ပြန်အလာကို ပန်းခြံထဲမှပင် စောင့်နေရန် ပြောဆိုလွှတ်လိုက် ရလေ၏။

ထွက်မသွားသေးသည့် အရိပ်လက္ခဏာများကို တွေ့ရမှပင် “ထွက်သွားခဲ့သော်’ ဟူသော အတွေးသည် မဆီမဆိုင်ဘဲလျက် ထပ်မနားပေါ်ထွက်လာသည်ကို တွေ့ရသဖြင့် တစ်ခါတည်းအမှန်ကို သိရအောင် မည်သို့ပြုလုပ်ရပါမည်နည်းဟူ၍ ကြံစည်စဉ်းစားရာ တစ်ခဏမျှကြာသောအခါ အကြံပေါ်လာလေ၏။ ဤတွင် ထိုနေရာ၌ ရပ်မနေနိုင်တော့ပဲ အောက်သို့

မပြေးရုံတမယ် အမြန်သုတ်ခြေ တင်ကာ ဆင်းလာခဲ့လျက် နံနက်က အိမ်တံခါးများကို ပထမဆုံး မည်သူဖွင့် သနည်းဟူ၍ အစေခံများထံစုံစမ်းရာ ဖွင့်သူမှာ သူငယ် ကလေးတစ်ယောက်ဖြစ်သည်ကို တွေ့ရလေ၏။ ၎င်းအား တံခါးမကြီးပွင့် နေသည်ကို မတွေ့ရသလောဟုမေးရာ အားလုံးပင် အတွင်းက ပိတ်ထားကြောင်း ပြောပြသဖြင့် ရုတ်တရက် စိုးရိမ်တကြီးဖြစ်သွား ပြီးလျှင် "ဖွင့်ပြီးတော့ကော ဘယ်သူများ အပြင်ထွက်သွားတာ မြင်သလဲ" ဟု မေးရလေ၏။

"မမြင်ပါဘူး မမလေး၊ ကျွန်တော် ဒီအဝနားမှာပဲ လုပ်စရာ ရှိတာ လုပ်နေတာပဲ၊ တံခါးဖွင့်ပြီးကတည်းက ပထမဆုံးထွက်လာတာဟာ အပါလေးတစ်ယောက်ပါပဲ၊ ခါတိုင်းဆိုရင် ဟိုညွှသည်နဲ့ တူတူထွက်လာတာ အခုတော့ အပါလေးတစ်ယောက်တည်း ထွက် လာလို့တောင် အပါလေး မင့်ဦးလေးကို ဒီနေ့ မနှိုးခဲ့ဘူးလားလို့ မေးမိပါသေးတယ်"

ဆက်၍ပြောသောစကားတို့ကို မကြားရ၊ ကြားရအောင် နားထောင်နေရန်မလို၊ ဧကန် ညကပင် တံခါးများ မပိတ်ဆို့မီ ထွက်သွားခြင်းဖြစ်ရမည်ဟု တွက်ယူရတော့လေ၏။ ရုတ်တရက် ကြီးစွာစိတ်မကောင်းခြင်းဖြစ်ကာ ထိုနေရာ၌ မနေနိုင်တော့ပဲ နီးရာ ထမင်းစားခန်းထဲသို့ဝင်၍ ထိုင်လိုက်ရပြီးလျှင် "သွားပြီ သွားပြီ၊ သူပြောတဲ့အတိုင်းသွားပြီ" ဟု နှုတ်မှထွက်မိသည့် တိုင်အောင် တစ်ခွန်းချင်း မြည်တမ်းမိလေ၏။ အသည်းထဲ၌ တလှိုက်လှိုက် တဖိုဖိုဖြစ်ကာ ရှိုက်ငိုချင်လုမတတ်ဖြစ်လာသည့် အတွက် အနိုင်နိုင် ချုပ်တည်းထားရလေ၏။ မည်သူ့အတွက် ဤမျှလောက် စိတ်တွင် ထိခိုက်ရသည်ကိုမသိ၊ အပါလေးတွင် အဖော်တစ်ယောက် ကင်းမဲ့ သွား၍လော၊ သို့တည်းမဟုတ် လဲ့လဲ့အတွက်ပင် ငဲ့၍လော၊ သို့တည်း မဟုတ်မူ၍ မိမိပင် အသိနောက်ကျရကာ သူ့အား ထိုက်သည့်အား လျော်စွာ မပြုစုလိုက်ရသည့်အတွက်ကြောင့်ပင် ဖြစ်လေသလော စဉ်းစား၍မရ ဖြစ်နေလေ၏။

ထော့ကျိုး ထော့ကျိုးနှင့် ဒုက္ခကြီးစွာ သွားနေရသည့် သဏ္ဌာန်ကို မြင်ယောင်ကာ မိမိလျှင်လည်း သူရှိရာသို့ ရုတ်ခြည်း ရောက်သွား၍ သူ့အား ဤအိမ်ကြီး၌ တစ်သက်ပတ်လုံးနေရန် ပြန်လည်ဖက်တွဲ ခေါ်ဆောင်လာလျက် သူလျှင်လည်း မိမိရှိရာသို့ ယခုချက်ချင်းရောက်လာကာ မိမိ၏တောင်းပန်ဝန်ချခြင်းကို နားထောင်ရင်း လက်ကလေးဖြင့် ကျောကိုပွတ်သပ်နေစေချင်လှသည့်အလျောက "ပြည်တစ်လျှောက်ရှိ ဆံတော်ဘုရားအမှူးထားသည့် ဘုရားရှင် ကိုယ်တော်မြတ်များဘုရား၊ ဘုရားတပည့်တော်မ အလိုကိုသနားသဖြင့် ဖြည့်တော်မူပါဘုရား" ဟူ၍ လက်အုပ်ကလေးပင်ချီမိကာ ဆုတောင်း နေမိလေ၏။

ထိုအခိုက် လွဲ့လွဲ့လည်းနိုးလာလျက် မိမိရှိရာဆီသို့ လာနေသည့်အတွက် မျက်နှာကို အမြန်ဆုံးပြင်လိုက်ရတော့လေ၏။ သို့သော် လွဲ့လွဲ့ကား နု၏မကြည်ရွှင်သောမျက်နှာကို ကောင်းစွာအကဲခတ်မိ၍ “ပော့ စောစောစီးစီး ဘာဖြစ်နေတာလဲ” ဟု ပြုံးပြုံးရယ်ရယ်နှင့် ပခုံးကို ပုတ်ကာမေးလိုက်ရာ “လွဲ့လွဲ့ နု သတင်းဆိုးတစ်ခုကို လွဲ့လွဲ့ကို စောစောစီးစီး ပေးရတော့မယ်ထင်တယ်။ ညက ပန်းခြံထဲကတက်လာ ခါနီး နုပြောတယ်မဟုတ်လား၊ နက်ဖြန်ကျရင်တော့ ဝမ်းသာစရာ တွေ့ရင်လည်း တွေ့ရမှာပဲဆိုတာလေ၊ အခုတော့ သတင်းကောင်း မဟုတ်ဘူး သတင်းဆိုး”

“ဘာများလဲ နုရယ်၊ လွဲ့လွဲ့ ထိတ်လိုက်တာ”

“ထိတ်တော့၊ ထိတ်- သူလေ-သူ ညက ထွက်သွားပြီ”

“ဘယ်သူလဲ နုရဲ့၊ ရှင်းရှင်းပြောစမ်းပါဦး"

“လွဲ့လွဲ့ပြောတဲ့ ကိုမြင့်မောင်လေ

“ဘာ ကိုမြင့်မောင်လား၊ သူဒီကို ရောက်နေလို့လား"

“ဟုတ်တယ်၊ အခုတော့ မရှိတော့ဘူး"

“ဟင်- နို့ နု စောစောက ဘာဖြစ်လို့ မပြောတာလဲ”ဟု လွဲ့လွဲ့က သိချင်ဇောထက် အပြစ်တင်လိုဇောဖြင့် ပြောသည့်အတွက် နုလည်း မျက်နှာကို အောက်သို့ချကာ

"နုကို စိတ်ဆိုးရင်လည်း ခံရမှာပဲ၊ နုလည်း စဉ်းစားချင် သေးလို့”

“ဘာကို စဉ်းစားချင်တာလဲ"

“အို လွဲ့လွဲ့ကို ပြောရကောင်းမလား မကောင်းလားဆိုတာ ပေါ့”ဟု တိုတိုနှင့် ပြီးအောင်ပြောလိုက်မှပင် လွဲ့လွဲ့မှာ သာ၍ပင် စိတ်ထိခိုက်သွားသကဲ့သို့ “သြော် နုက ဒီလိုသဘောထားသကိုး၊ လွဲ့လွဲ့ ကတော့ အို.. မပြောချင်ပါဘူးလေ”ဟု အခြားကုလားထိုင်တစ်လုံး တွင် ထိုင်လိုက်ကာ ချုံးပွဲချ၍ ငိုယိုနေလေ၏။

နုလည်း လွဲ့လွဲ့၏ ပခုံးကလေးကို အသာအယာကိုင်ကာ “မဟုတ်ဘူး လွဲ့လွဲ့ရယ်၊ နုကို စိတ်ဆိုးရင်လည်း ခံရမှာပဲ၊ နုညက ပြောပြတဲ့တိုင်အောင် သူ့ကို ဘယ်လိုလုပ်ပြီး တွေ့မလဲ၊ ထွက်သွား တာက နုတို့ ပန်းခြံထဲက မတက်လာခင်ကတည်းကပဲ၊ ပြီး လွဲ့လွဲ့ ကိစ္စကလည်း မမထားတို့ အစ်ကိုကြီးတို့နဲ့ တိုင်ပင်ဦးမှ ကောင်းမှာ ကိုး၊ ဒါကြောင့် နုလည်း ဆိုင်းနေမိတာပါ”ဟု အလွန်ကြေကွဲသော အသံဖြင့်ပြောပြမှ လွဲ့လွဲ့လည်း “လွဲပြန်ပြီ၊ လွဲပြန်ပြီ”ဟု

ညည်းကာ ရှိုက်ရုံမျှရှိုက်ရန် များစွာ ကြိုးစားမျိုသိပ်နေရှာလေ၏။

ထိုအခိုက် အပါကလေးရောက်လာကာ "ဦးလေးလည်း ရှိဘူး ဟင် ၊ ဦးလေးလည်း ရှိဘူး၊ ဦးလေးခေါ်ပေး၊ ဟင့်အင်း၊ ခေါ်ပေး ရမယ်"ဟု အသံကုန်ဟစ်အော်၍ ငိုကြွေးနေသောကြောင့် ကိုထွန်းဝေ နှင့်ထားတို့လည်း လန့်နိုးပြီးလျှင် ပျာယီးပျာယာ ဆင်းလာကြလျက် အကြောင်းကိုမေးရာ နုလည်း နံနက်က သိရှိရသမျှကို အသံမှန် ထားပြီး ပြောနိုင်ရန် အနိုင်နိုင်ကြိုးစား ပြောကြားရလေတော့၏။

ဤတွင် ကိုထွန်းဝေရော ထားပါရော၍ ကြီးစွာ စိတ်မကောင်း ဖြစ်ကြရပြီးလျှင် "ညက ကိုယ်ပြောလိုက်တာနဲ့ ရက်ပြီးပြေးပြီထင် တယ်၊ ဒုက္ခပါပဲ မြင့်မောင်ရာ ဒုက္ခပါပဲ၊ ကဲ ဒီလိုနဲ့ မပြီးသေးဘူး၊ ဟေ့ ဘိုးညဏ် ကားထုတ်ခိုင်းလိုက်စမ်း၊ ဘူတာရုံတို့ သင်္ဘောဆိပ်တို့ သွားပြီး စုံစမ်းဦးမယ်" ဟု ကိုထွန်းဝေက ပြောရင်း အဝတ်အစား လဲရန် အိမ်ပေါ်သို့ အပြေးအလွှားတက်သွားလေ၏။

"ပိုက်ဆံအိတ်လည်း ယူမသွားဘူး မမထားရဲ့၊ သူ ဘာနဲ့ သွားမလဲ"

"ပိုက်ဆံအိတ်ယူမသွားဘူးလား၊ ဒါဖြင့် ပြည်တစ်ဝိုက်မှာပဲ ရှိဦးမယ်ထင်တယ်၊ ကဲ ဘိုးညဏ်တို့ပါ လူခွဲပြီး တောင်ပေါ်တို့ ဘယ်တို့လွှတ်ရှာခိုင်းမှပဲ၊ ငါအပြောသားပဲ ညကထမင်းစားတုန်းက ညည်းအစ်ကိုကို မနှောက်ပါနဲ့လို့"

အပါလေးသည် ဤသို့ လူကြီးများ ပျာယာခတ်နေလေလေ ပြင်းထန်ကျယ်လောင်စွာ ငိုလေလေဖြစ်ရာ "ဟဲ့ ဒီမှာ မမြင်ဘူးလား၊ လိုက်ခေါ်မယ်လုပ်နေတာ၊ တိတ်- ရိုက်လိုက်ရမလား" ဟု ဤမျှ လောက် ငေါက်ငေါက်ငမ်းငမ်း မထန်စဖူး မမာန်စဖူး ထန်လိုက် မာန်လိုက်မှပင် အပါလေးလည်း အသံကိုအုပ်ကာ တရှုတ်ရှုတ် ငိုယို နေလေတော့၏။

ကိုထွန်းဝေ ဘိုးညဏ် စသောသူများသည် လူစုခွဲ၍ လိုက်ရှာ ရန် အသီးသီးထွက်သွားကြလေ၏။ ၎င်းတို့အနက် ကိုထွန်းဝေမှာ ပထမဆုံးပြန်လာသူဖြစ်ရာ သင်္ဘောဆိပ်တွင်လည်းကောင်း၊ ဘူတာရုံ တွင်လည်းကောင်း သူ့အားမြင်တွေ့လိုက်သူဟူ၍ တစ်ဦးတစ်ယောက်မျှ မရှိ၊ သူ့ကို မြင်လျှင်လည်း မည်သူမဆို မမှတ်မိဘဲရှိမည်မဟုတ်ဘဲ မီးရထားလမ်းနှင့် သင်္ဘောလမ်းမှ မသွားဟူ၍ပင် ယူဆရန်ရှိကြောင်း၊ ဘိုးညဏ်တို့လူစုအလာကိုသာ စောင့်ဖို့ရှိတော့ကြောင်း ပြောပြရင်း "ခက်သကွာ၊ သိပ်ခက်တာပဲ၊ ဒီကောင်တော့ ခက်ပါသေးတယ်"ဟု တညည်းညည်း တညူညူ လုပ်နေလေ၏။

သို့သော် မည်သူကမျှ တစ်ယောက်ကိုတစ်ယောက် အားမပေးနိုင် ရှိလေ၏။ အပါလေးမှာ နု၏ရင်ခွင်တွင် တစ်စုံတစ်ရာ မပြောဘဲ မျက်ရည်လျှမ်းသော မျက်လုံးဖြင့် ပေကလတ်ပေကလတ် ကြည့်နေရှာလေ၏။ နုနှင့်လဲ့လဲ့လည်း ဣန္ဒြေကို အနိုင်နိုင်ဆည်နေ ရလေ၏။ ထားမှာမူကား အငြိမ်မနေနိုင်၊ ထိုမှဤမှ လူးလာလျှောက် ရင်း "ရှင့်ကြောင့်- သိလား၊ ရှင့်ကြောင့်" ဟူ၍သာ ပြောနိုင်တော့လေ၏။ ကိုထွန်းဝေလည်း "အေးကွာ ပြောတော့ ပြောတော့"ဟုဆို ကာ ခေါင်းကြီးကို ငိုက်စိုက်ချလျက် မှိုင်တွေ၍နေလေ၏။

အတန်ကြာသောအခါ "ကဲ မှိုင်နေလို့ မပြီးသေးဘူး၊ အလုပ် သွားဖို့ အချိန်ကျပြီ" ဟု ထားက ပြောသဖြင့် "ကွာ သွားတောင် မသွားချင်တော့ဘူး၊ ဘိုးဉာဏ်တို့ဆီက တစ်ခုခုသတင်းကြားရင် ဆေးရုံကို အမြန်ဆုံးလွှတ်လိုက်စမ်းကွာ" ဟု ပြောပြောဆိုဆို ထပြီး လျှင် အပါလေးထံသွားလျက် "ကဲ ငါ့သားကြီး မင်းဦးလေးကို လိုက် ခေါ်နေပြီ တွေ့မှာပေါ့ကွာ ဟုတ်လား၊ ငိုမနေနဲ့နော်" ဟု ပြောဆို ချော့မော့ ထွက်ခွာသွားလေ၏။

နုလည်း လဲ့လဲ့ ညကပြောသမျှအကြောင်းကို ထားအား ပြန် လှန်ပြောပြရာ ဤတွင်မှ ကိုမြင့်မောင်၏ သဘောထားကြီးခြင်းနှင့် အမှု ကံမကောင်း အကြောင်းမလှဖြစ်ခြင်းတို့ကို ထင်ထင်လင်းလင်း သိရတော့ကာ များစွာပို၍ယူကျုံးမရ ဖြစ်ရတော့လေ၏။

နေ့ဘက်နာရီ ထိုးသောအခါ ကိုထွန်းဝေ ပြန်ရောက်လာ လေ၏။ အိမ်ထဲသို့မဝင်ရသေးမီ "ဟေ့ ဘာဖြစ်လို့ ဆေးရုံကိုမလွှတ် လိုက်တာလဲကွ၊ ကိုယ့်မှာဖြင့် စောင့်လိုက်ရတာ" ဟုဆီး၍ အပြင် တင်လိုက်ရာ "ဘာမှ မသိရသေးဘူးရှင့်၊ ဘိုးဉာဏ်တို့လည်း သွားကြတုန်းပဲ" ဟုပြောမှ "အင်း ဒုက္ခပဲ ဒုက္ခအစစ်ပဲ" ဟု ညည်းညူကာ ထမင်းစားခန်းထဲသို့ဝင်လာ၍ ထမင်းစားရန် ပြင်ဆင်ကြလေ၏။

ထားလည်း လဲ့လဲ့နှင့်နုနုတို့ထံမှ သူ့အကြောင်းကြားရသမျှကို ကိုထွန်းဝေအား ပြန်ပြောပြရာ ကိုထွန်းဝေလည်း လဲ့လဲ့အား စူးစိုက် ကြည့်ရှုကာ "ဟုတ်လား အခုပြောတဲ့အတိုင်း အကုန်အမှန်ပဲလား" ဟုမေး၍ လဲ့လဲ့လည်း "အမှန်ပါပဲရှင်၊ ကျွန်မပြောတာတောင် နည်း ချင်နည်းနေပါလိမ့်ဦးမယ်၊ အဲဒါကြောင့် ကျွန်မလည်း ယူကျုံးမရ ဖြစ်လို့ ကျွန်မယောကျ်ားနဲ့ စကားများပြီး နုဆီကို ထွက်ပြေးလာခဲ့ ရတာပေါ့"ဟု ပြောပြလေ၏။

ကိုထွန်းဝေလည်း အတန်ကြာ စဉ်းစားကာ "အင်း အံ့တော့ မအံ့ဩပါဘူး၊ သူဒါတွေ လုပ်တာကို၊ မလုပ်ရင်သာ အံ့ဩရမလို ဖြစ်နေတယ်၊ ဒါပေမဲ့ ကိုယ်လုပ်တာကို မပြောလို့ကို ခက်နေတယ်၊ ကျောင်းတုန်းကလည်း အကြိမ်ကြိမ်

ဖြစ်ဖူးလှပြီ၊ ဒါပေမဲ့လည်း အမှတ်မထားဘူး၊ သူ့ပြောမှဖြင့် အိုကွာ လူတွေ သူ့စိတ်ထဲ ကြိုက် သလို ထင်ကြပါစေ၊ ကိုယ်က အမူပုံမှန်ရင် ပြီးတာပဲတဲ့၊ အဲဒါဟာ သူ့ကို ဘယ်လောက်ဒုက္ခပေးတယ်ဆိုတာလည်း အသိသား၊ ဒါပေမဲ့ မမှတ်ဘူး၊ သူ့အကြောင်း သိတဲ့လူတွေကြားထဲကျတော့လည်း ကြည့်လေ ကြာကြာမနေဘူး၊ သိပ်ခက်တာပဲ၊ ဒါပေမဲ့ ဒီက လဲ့လဲ့ အတွက်တော့ နုနဲ့ ပတ်သက်ပြီး အစ်ကိုကြီးလိုမို့ ပြောရအုံးမယ်၊လဲ့လဲ့ယောက်ျားနဲ့ မပေါင်းချင်လို့ကော လဲ့လဲ့မှာ ဘယ်လို ထူးခြား သွားဦးမှာလဲ၊ ကိုယ့်မှာ မိန်းမသားဆိုတော့ စိတ်လိုက်မာန်ပါလုပ်ဖို့ မတော်လှဘူး၊ စိတ်လည်း မရှိနဲ့နော်၊ ဥပမာ- မြင့်မောင်ကိုပဲ တွေ့ရဦးတော့ ကိုယ့်အခြေအနေဟာ ထူးခြားဦးမတဲ့လား၊ ဒီတော့ မထူးတော့မယ့်အတူတူ ကိုယ့်ငယ်ချစ်ဟောင်းဖြစ်တဲ့လူကို နောက်က လုပ်ခဲ့သမျှအတွက် ခွင့်လွှတ်ပြီးတော့ ရှေ့ကို လူသူတော်ကောင်း တစ်ယောက်ဖြစ်အောင် အနားက ပြုပြင်ပေးဖို့သာ ကောင်းတာပဲ၊ စိတ်ကူးမလွဲနဲ့ အစ်ကိုကြီးပြောတာနားထောင်၊ အစ်ကိုကြီးက ဘယ်သူ့အကျိုးမှ လိုလားလို့ မလိုလားလို့မဟုတ်ဘူး၊ မဟုတ်ဘူးလား ထားရာ” ဟု စကားကို အဆုံးသတ်လိုက်ရာ

“ဟုတ်တယ် လဲ့လဲ့ရဲ့၊ စိတ်ကူးမလွဲစေချင်ဘူး၊ ထူးဦးမှာလားဆိုတာ စဉ်းစားကြည့်လေ” ဟု ထားက ဝင်၍ ထောက်လိုက် လေ၏။

“တစ်ခုလည်း ရှိသေးတယ်၊ သက်ထွန်းကြီးဆီတော့ စာရေး ရမှာပဲ၊ အခုပြောပုံတော့ ဒီအကြော့ဆိုတဲ့ မိန်းကလေးကို သူသက်သက် လှည့်ပတ်ပြီးယူတာ ဖြစ်နေတာပေါ့၊ ဒီတော့ တကယ်လို့ အကြော့က ခုထက်ထိ သူ့အပေါ်မှာ မေတ္တာမရှိဘူး၊ မြင့်မောင် အပေါ်မှာလည်း စိတ်မပြေသေးဘူးဆိုရင်ဖြင့် သူဟာ အကြော့ကို နောက်ထပ် တစ်မိနစ်တောင် ဆက်ပေါင်းမနေထိုက်ဘူး၊ အကြော့ အတွက်သာ မဟုတ်သေးဘူး၊ မြင့်မောင်အတွက်ဆိုရင်လည်း တကယ် ဆိုရင်လည်း သူကတောင် ဟိုအစကြီးကတည်းက မကြိုက်ဘဲနဲ့ ရှောင်ပေးဖို့ကောင်းတယ်။ သူ့အပေါ်မှာ ဟိုကောင်က ဘယ်လောက် ကောင်းထားသလဲ၊ ကျောင်းသားကတည်းက လခတွေ ဘာတွေထောက်လို့ သုံးဖို့စရိတ် စာအုပ်ဖိုးကအစ သက်ထွန်းမိဘများ ပစ္စည်းဆုံးပါးသွားလို့ ကျောင်းထွက်ရတော့မယ်ဖြစ်တော့ မြင့်မောင်က ဝင်ပြီး သုံးလေးနှစ် စရိတ်ကို ကယ်ခဲ့ ထောက်ခဲ့တာတွေ ညှာပို့ ကောင်းတယ်၊ ခုပုံဖြင့် ဒီကောင်လုံးလုံး မတရားဘူး၊ အဲဒီတော့ ဒီအကြောင်းတွေရေးပြီး ပြောရမယ်၊ ထား ဘယ့်နှယ်သဘောရ သလဲ”ဟု ကိုထွန်းဝေက မေးလိုက်ရာ ထားက “ဒါတော့ ဖြစ်မယ် မထင်ဘူး၊ ပြီးလည်းပြီးနေပြီဟာ၊ ဒါပေမဲ့ ကိုဝေ ရေးချင်သပဆိုရင် လည်း ရေးလေ”ဟု ပြောလိုက်လေ၏။

နုကား တစ်စုံတစ်ရာမပြော၊ ပြောသမျှကို ဘေးကနားစိုက် ၍သာ

ထောင်နေလေ၏။

ထိုအခိုက် "မမလေး လူတစ်ယောက် စာလာပေးနေတယ်" ပြောသဖြင့် အပြင်သို့ ထ၍လိုက်သွားရာ တစ်ခါမျှ မမြင်ဖူးသည့် လူဆင်းရဲသူငယ်ကလေးတစ်ယောက် တွေ့ရလေ၏။

"ဘယ်သူပေးခိုင်းတာလဲ"

"နာမည်တော့ မသိဘူး၊ ညက တစ်ညလုံး လမ်းမတော်က လက်ဖက်ရည်ဆိုင်မှာထိုင်ပြီး ကျွန်တော်တို့ ဘတ်စ်ကားနဲ့ ရန်ကုန် ဘက်ပါသွားတယ်၊ ကားထွက်ခါနီးကျမှ ဒရိုင်ဘာကို တစ်ဆင့်ခေါ် ပြောပြီး ကျွန်တော့်ကို နေ့ခင်း ၁၂နာရီခွဲတိတိမှာ ဆရာဝန်ကြီး ဦးထွန်းဝေဆီ ပို့ပေးပါဆိုလို့ ကျွန်တော်လာခဲ့ရတာပဲ၊ လူက ထော့ကျိုး ထော့ကျိုးနဲ့ ပြီး မျက်နှာမှာလည်း တော်တော်ကြောက် စရာကောင်းတဲ့ ရောမအနာရွတ်ကြီးနဲ့"

နုမှာ လှမ်းပေးနေသောစာကို ရုတ်တရက် မယူနိုင်သေးဘဲ "နေပါဦး၊ ကားကထွက်သွားပြီလား၊ သူဘယ်သွားမလို့ လို့ မပြောဘူးလား၊ ညက တစ်ညလုံး လက်ဖက်ရည်ဆိုင်မှာ"

"ဟုတ်တယ်ဗျ၊ ကျွန်တော်တို့ ဘတ်စ်ကားသမားတွေကိုတောင် လက်ဖက်ရည် အတင်းခေါ်ပြီးတိုက်သေးတယ်၊ တိုက်ပြီးတော့မှ သူ့ အိတ်ထဲမှာ ငွေ ၁ကျပ်တည်း ပါလာတယ်၊ လက်ဖက်ရည်တို့ စာရွက်ဖိုးတို့ ပေးလိုက်တော့ ကဲ ကျပ်မှာ ပိုက်ဆံသုံးမတ်ပဲ ကျန်တော့ တယ်၊ အဲဒါ ခင်ဗျားတို့ကားနဲ့လိုက်ရင် ဘက်ဆီလောက်ကိုရောက် နိုင်မလဲတဲ့၊ ဒီတော့ ဒရိုင်ဘာက သာယာဝတီ သုံးဆယ်ရောက် နိုင်တာပဲ၊ ဒါပေမဲ့ ခင်ဗျားစီးချင်ရင် ရန်ကုန်အထိလိုက်ခဲ့ပါ ကိစ္စ မရှိပါဘူးလို့ပြောတော့ အဲဒီလူကြီးက ဟာမဟုတ်ဘူး၊ တန်ရာတန်ဖိုး စီးပါရစေတဲ့၊ ဒါဖြင့် သုံးမတ်ဖိုး စီးပါရစေ၊ ဒါပေမဲ့ ဒီနေ့ နေ့ခင်း ၁၂နာရီတိတိကျရင် ဟောဒီစာကလေးတော့ ဆရာဝန်ကြီးဦးထွန်းဝေ ဆီ ဆက်ဆက်ဆောင်ကြဉ်းပေးပါတဲ့၊ စာကတော့ ဒီစာ ပါပဲ၊ ကဲ ကျွန်တော်သွားပါဦးမယ်" ဟုပြောကာ စာကို လှမ်းပေးနေ၍ ယူသာ ယူလိုက်ရသော်လည်း သူ၏အဖြစ်ကို တွေးမိတိုင်း မချိတင်ကဲ လှိုက် လှိုက်လှဲလှဲဖြစ်ကာ ကြာသော် ရပ်နေရာမှ လဲကျတော့မည်ကဲ့သို့ ဖြစ်၍ နီးရာကုလားထိုင်ကြီးပေါ်သို့ အမြန်ထိုင်ချလိုက်ရ၏။ သို့သော် ကြာကြာမထိုင်နိုင်၊ ထိုင်မနေဝံ့၊ "သူတော်ကောင်း သူတော်ကောင်း တစ်ကျပ်တည်းပါတာတောင် ဝေပြီးစားသွားသေးတယ်၊ မနက်စာ ဘယ်မှာ စားမလဲ၊ ဘယ်သူက ကျွေးမလဲ၊ မကျွေးရင် ဘယ်လိုလုပ် စားမလဲ၊ ပိုက်ဆံတစ်ပြားမှ မရှိဘဲနဲ့ ဘယ်ကိုသွားမလဲ"ဟု ကရုဏာ သက်ရောက်ကာ တစ်ယောက်တည်း တီးတိုးမေးမိရင်း ကျလာ

အံ့ရှိသောမျက်ရည်တို့ကို အနိုင်နိုင်တားဆီးကာ စာကိုယူ၍ ထမင်း စားပွဲသို့ လာခဲ့လေ၏။

ဘာလဲနု ဘယ်ကစာလဲ"

သူ့ စာလေ ဒီမှာ" ဟူ၍သာ ပြောနိုင်လျက် အသံများ တုန်ယင်နေသည့် အဖြစ်ကို ရိပ်မိကုန်မည်စိုး၍ ဆက်မပြောတော့ဘဲ စာကိုသာ လှမ်း၍ ပေးလိုက်လေ၏။

ကိုထွန်းဝေလည်း ကပျာကယာလက်ဆေးကာ စာကိုဖွင့်ကြည့် လိုက်ရာ ထားလည်း ထမင်းစားနေရာမှထလာပြီးလျှင် ကိုထွန်းဝေ၏ ကျောဘက်မှနေ၍ "ဘာတဲ့လဲဟင် ဘာတဲ့လဲ" ဟုမေးရင်း စာကို လျင်မြန်စွာ ဖတ်၍နေလေ၏။

အင်း ခက်လည်းခက်တယ်၊ ခက်လည်းခက်တယ်" ဟု ညည်းကာ စာကို တစ်ဖက်သို့ ချထားလိုက်သဖြင့် နုနှင့်လဲ့လဲ့မှာ စာတွင် မည်သို့ ပါရှိသည်ကို များစွာပင်သိလိုလှသော်လည်း တောင်းယူ၍ ကြည့်ရှုရန် များစွာပင် ခက်နေသည့်အတွက် အသာငြိမ်၍ ဟန်လုပ်နေကြရလေ ၏။

နေစမ်းပါဦး၊ စာလာပေးတာက ဘယ်သူလဲ၊ သူက ဘယ်လိုလုပ် ရတာလဲ၊ မေးလိုက်သေးသလား" ဟု မေးသဖြင့် နုလည်း အသံကို မှန်မှန်ကြီးထားရန် အနိုင်နိုင်ကြိုးစားလျက် စောစောက မေးမြန်းသိရှိလိုက်ရသမျှတို့ကို ပြောပြလေ၏။

ထားပင်လျှင် မျက်ရည်ကလေးများ လည်နေသည်ကို တွေ့ရ သောအခါ လဲ့လဲ့သည်လည်းကောင်း၊ နုသည်လည်းကောင်း ဣန္ဒြေ ဆည်နိုင်ဖို့ ခဲယဉ်းသည်ထက် ခဲယဉ်းလာသည်ကို တွေ့ရလေ၏။

ကံအားလျော်စွာပင် "ကဲ နု ဒါဖြင့် သံကြိုးတစ်စောင် သွားရေးစမ်း၊ ဘယ်သူရှိသလဲ မြန်မြန်ရိုက်ခိုင်းလိုက်၊ နေပစေလေ၊ သံကြိုးစာရွက်သာယူခဲ့၊ သူ့နောက်မလိုက်နိုင်အောင် စာကို ဒီအချိန်မှပေးခိုင်း တာ အဲဒါသာကြည့်တော့" ဟု ကိုထွန်းဝေကပြော၍ နုလည်း လွတ်လွတ်ကျွတ်ကျွတ်ငိုနိုင်ရန် အခွင့်အလမ်း ပေါ်ပေါက်လာသည့် အတွက်ပင် ဝမ်းမြောက်ဝမ်းသာဖြစ်ရကာ ပျာယီးပျာယာ ထလာ ခဲ့လေ၏။

အတန်ကြာအောင်ပင် အိပ်ရာထဲ၌ ဝအောင်ငိုပြီးမှ မျက်နှာ သစ်ပြီး အတန်ငယ်ပြုပြင်ကာ သံကြိုးစာရွက်ကိုယူ၍ ဆင်းခဲ့ရာ ဧည့်ခန်းထဲသို့ ရောက်ရှိထိုင်နေကြပြီကို တွေ့ရလေ၏။

ကိုထွန်းဝေလည်း အပေးပင်မစောင့်နိုင်ဘဲ လု၍မယူရုံတမယ် လှမ်း၍ ဆွဲလိုက်ပြီးလျှင်-

ဒေါက်တာသက်ထွန်း

သုံးဆယ်မြို့

မြင့်မောင် သုံးဆယ် သာယာဝတီတစ်ဝိုက် ယနေ့နံနက် ထွက်သွားသည်၊ တွေ့အောင်ရှာပြီး တစ်နည်းနည်းဖြင့် တားထားပါ၊ အကြောင်းစုံ စာထည့်လိုက်မည်၊ အကျိုးအကြောင်း ကြေးနန်းပြန်ပါ။

ထွန်းဝေ

ဟော့ ဘယ်သူရှိလဲဟော့ သာဒွန်း လာစမ်း၊ သွား မြန်မြန် သွားရိုက်၊ ငါ့ကားယူသွား မင်းပိုက်ဆံရှိသေးသလား၊ ယူသွားကွာ လိုလိုမည်မည် ထားပေးလိုက်စမ်းပါ ဗကျပ်လောက်" ဟု ပြောပြီး ကိုထွန်းဝေလည်း မှိုင်မြဲမှိုင်နေလေ၏။

နုလည်း ထမင်းစားခန်းထဲတွင် သူရေးသွားသောစာ ရှိလို ရှိငြား အသာမယောင်မလည် ဝင်ရောက်ကြည့်ရှုရာ စောစောကကိုထွန်းဝေ ချသွားသောနေရာတွင်ပင်တွေ့၍ ဖွင့်ကြည့်လိုက်သည် တွင်

ထွန်းဝေ

စိတ်နည်းနည်းကလေးမှ မညစ်စေချင်တော့မှဘဲ ညစ်စရာ လုပ်ခဲ့ရပြီ၊ ငါနေလို့ မဖြစ်ဘူးကွာ၊ ငါ့ကို ခွင့်လွှတ်ကြပါတော့၊ ထားကိုလည်း အများကြီးကျေးဇူးတင်ပါတယ်၊ နှုတ်ကလေးတောင်မှ မဆက်ခဲ့ရတာ အင်မတန် အားနာပါတယ်ကွာ၊ မင့် ခယ်မကလေးလည်း ငါတောင်းပန်လိုက်ပါတယ်၊ အထူးသဖြင့် အပါလေးကို တောင်းပန်ပါတယ်ကွာ၊ ငါလည်း နည်းနည်းမှ မခွဲချင်ပါဘူး၊ ဒါပေမဲ့ မင်းတို့အပေါ်မှာ ဆက်ပြီးတာဝန်မရှိစေသင့်ဘူးလို့ ထင်လို့ ငါလည်း လွင့်ရပြန်ပြီကွာ၊ ငါနေရာတကျများဖြစ်ရင်တော့ ရောက်ရာက အကြောင်းကြားလိုက်ပါမယ်ကွာ။

တစ်အိမ်သားလုံး ငါအများကြီးတောင်းပန်လိုက်တဲ့အကြောင်း အစေ့အငှ ပြောလိုက်ပါ သူငယ်ချင်းရာ။

မြင့်မောင်

ဟူ၍ တွေ့ရှိရသဖြင့် အသည်းများပင် ပြုတ်ကြွေလုမတတ် တဆတ်ဆတ် တုန်လှုပ်မိလေ၏။ အစ်ကိုကြီးသည်လည်းကောင်း၊ မမထားသည်လည်းကောင်း " မင်းခယ်မလေးလည်း ငါတောင်းပန် လိုက်ပါတယ်" ဟူသော စာနှင့် " တောင်းပန်လိုက်တဲ့အကြောင်း အစေ့အငှ ပြောလိုက်ပါ" ဆိုသောစကားကို မိမိလန့်ဖူးသော ကိစ္စနှင့် ပတ်သက်၍ ရိုးရိုးသားသား တွေးထင်ကြမည်

ဖြစ်သော်လည်းထိုစကားသည် ၎င်းတို့နှစ်ဦး သူမြင်တွေးထင်နိုင်ခွင့် ရှိသည်ထက် ပိုမို လေးနက်စွာ မိမိအား အထူးတလည် တောင်းပန်လိုက်ခြင်းဖြင့် မိမိအသည်းနှလုံးကို ယူကျုံးမရဖြစ်စေလေတော့သည်ကို မိမိသာလျှင် သိနိုင်သည့်အတိုင်း ကျိတ်၍ ခံစားနေရလေတော့သတည်း။

ကိစ္စမရှိပါဘူးဆရာ ရန်ကုန်အထိ လိုက်ချင်ရင်လည်း လိုက်ခဲ့ပါ" ဟူ၍ ကားသမားက အကြိမ်ကြိမ်ပြောသော်လည်း ထိုသူ့အပေါ်တွင်လည်းကောင်း၊ အခြားခရီးသည်များအပေါ်တွင် လည်းကောင်း လိုသည်ထက် ဖိစီးဝန်ပိုခြင်းကို အလိုမရှိရကား ကျေးဇူးတင်ကြောင်း အကြိမ်ကြိမ်ပြောကာသာလျှင် သာယာဝတီ အလွန် သုံးဆယ်သို့ မရောက်တရောက် တစ်ခုသောနေရာတွင် အတင်းဆင်း၍ နေခဲ့လေ၏။

မင်းလှ တာဆုံသို့ ရောက်စဉ်က တစ်ကြိမ် ဆင်းတော့မည် ကြံစည်မိပြီးမှ အကြော့တို့လည်း သုံးဆယ်မှ မြိတ်သို့ ပြောင်းရပြီ ဆိုလျှင် မိမိ သုံးဆယ်သို့ ခေတ္တခဏမျှ သွားရောက်ခြင်းဖြင့် တစ်စုံတစ်ရာ မဖြစ်နိုင်၊ ထိုသို့ သွားရောက်ပြီးလျှင် ဆေးဆိုင်ကို ရောင်းချပစ်ပြီး ရသောငွေဖြင့် တစ်နေရာသို့ သွားရောက်နိုင် လိမ့်မည်ဟု တွေးတောကြံဆကာ မင်းလှတွင် မဆင်းဖြစ်ဘဲ ရှိခဲ့ခြင်း ဖြစ်ပေ၏။

သို့သော် ယခု သုံးဆယ်မြို့အနီးသို့ ရောက်ပြန်သောအခါ၌လည်း မြို့ထဲသို့ တိုက်ရိုက်တစ်ခါတည်း ဝင်ရောက်ရန် ဝန်လေး သကဲ့သို့ ရှိနေမိပြန်လေ၏။ မနေနိုင်တော့ပြီဟူ၍ စိတ်တွင် ပိုင်းဖြတ်ထားသော မြို့တစ်မြို့အတွင်းသို့ ပြန်လည်ဝင်ရောက်ရန်မှာ မိမိထင် သလောက် မလွယ်ကူသည်ကို တွေ့ရလေ၏။ သို့သော် ယခုကဲ့သို့ နေ့ခင်းကြောင်တောင်ကြီး ဝင်ရောက်ရမည်ထက် ညဘက်တွင် ဝင်ရောက်ရခြင်းက သက်သာဦးမည်ဟူ၍ တွေးတောမိပြီးလျှင် ယနေ့အဖို့ကို ပန်းဆွဲရွာသို့ပင် သွားရောက်နေခို၍ မြို့ထဲကသတင်းများကို မေးမြန်းစုံစမ်းပြီးမှ မြို့တွင်းသို့ဝင်တော့မည်ဟူ၍ စိတ်ပိုင်းဖြတ် လိုက်ကာ ပန်းဆွဲရွာသို့ ချိုင်းညှပ်ကလေးထောက်ကာ ထောက်ကာ ဖြင့် ထွက်ခွာလာခဲ့လေ၏။

ဤအချိန်တွင် မိမိမှာကြားခဲ့သောသူငယ်သည် ကိုထွန်းဝေတို့ အိမ်သို့ သွားရောက်စာပေးပြီးပြီ ဖြစ်ပေလိမ့်မည်၊ မည်သို့နေကြပါမည်နည်း။ ကိုထွန်းဝေအဖို့သော်ကား လူရင်းဖြစ်နေ၍ များစွာအရေး မကြီးလှ၊ ထားနှင့်နုတို့မှာမူ ယခုမှ သိရသူများဖြစ်၍ ယခုလို မိမိထွက်ခွာလာခြင်းကို မည်သို့တွေးထင် ယူဆနေကြပေလိမ့်မည်နည်း၊ မိမိအား ကစားဖော်ကစားဖက်တစ်ဦးဟူ၍ ယူဆကာ အထူးချစ်ခင် နေသော အပါလေးသည် မည်သို့ နေရှာလိမ့်မည်နည်း၊ မိမိနှင့်သီသီ ကလေးမျှ လွဲသွားသောအဖြစ်ကို ဤအချိန်တွင်မှ သိခွင့်ရမည်ဖြစ်သော လဲ့လဲ့သည် မည်သို့ တွေးတောရှာလိမ့်မည်နည်း စသည် အားဖြင့် ခြေလှမ်းတို့က

သယ်ဆောင်၍သာ ခန္ဓာကိုယ်မှာ ပန်းဆွဲ ရွာသို့ လှမ်းနေသော်လည်း စိတ်မှာမူ ပြည်မြို့ ခြံကြီးနှင့် အိမ်ကြီး အတွင်းတွင်သာ မခွဲနိုင် မခွာနိုင် တရစ်ဝဲဝဲဖြစ်နေလေတော့၏။

ပန်းဆွဲရွာသို့ ရောက်သောအခါ နေဝင်ဖျိုးဖျဖြစ်နေပြီကိုတွေ့ရလေ၏။ မည်သူ့အိမ်သို့ သွားရောက် တည်းခိုရမည်ကို စောစောက စဉ်းစားလာခဲ့ခြင်းမရှိ၊ ထိုနေ့အဖို့ မြို့ထဲသို့ မဝင်လို သဖြင့် သွားစရာမရှိ၍သာ ရွာအရောက်လာရောက်ခဲ့ခြင်းဖြစ်သဖြင့် ယခုရွာသို့ ဆိုက်ဆိုက်မြိုက်မြိုက်ကြီး ရောက်လာခဲ့မှပင် မည်သူ့ အိမ်သို့ ဝင်ရောက်တည်းခိုမည်ကို အတွေးရကျပ်နေခြင်းဖြစ်လေ၏။ တည်းခိုမည်ဆိုက မည်သည့်အိမ်ကမှ လက်မခံလိုပဲ ရှိမည်မဟုတ် ဝမ်းမြောက်ဝမ်းသာစွာပင် လက်ခံလုပ်ကျွေးလိုကြမည်ကို ကောင်းစွာ သိလေ၏။ သို့သော် တာဝန်အနည်းဆုံးသာလျှင် တင်ရှိမည့်သူ ထံ၌သာ တည်းရမည်ဖြစ်ရာ အကယ်၍ လမ်းမှနေပြီး အတင်း အကျပ်ခေါ်ငင် ဆီးတားမည့်သူမရှိလျှင် ဘကြီးသံဒိုင်၏အိမ်၌ဝင်ပြီး တည်းခိုတော့မည်ဟူ၍ စိတ်ပိုင်းဖြတ်ကာ ရွာလမ်းကလေးအတိုင်း ဝင်လာခဲ့လေ၏။

ကံအားလျော်စွာပင် ထိုအချိန်မှာ မီးထွန်းခြင်း၊ နွားသိမ်းခြင်း စသော အိမ်မှုကိစ္စတို့ကိုပြုလုပ်နေချိန်ဖြစ်ရကား လမ်းသွားလမ်းလာ ဟူ၍ များစွာမရှိသဖြင့် ဘကြီးသံဒိုင်၏ အိမ်သို့ ကောင်းမွန်စွာ ဆိုက်ရောက်ခဲ့လေ၏။ သို့သော် ဘကြီးသံဒိုင်နှင့်မှ ကောင်းစွာစကား မပြောရသေးမီ အရီးစံမယ် အစရှိသော ရွာသူရွာသားများစွာ ဝိုင်းအုံ စုရုံး လာရောက်နှုတ်ဆက်ကြသဖြင့် မအားအောင် အလိုက်သင့် ပြန်လှန်ပြောဆိုနေရပေ၏။ ဤမျှလောက် ကျေးဇူးသိစွာ ဖော်ဖော် ရွေရွေ နှုတ်ဆက်ကြသည်ကိုတွေ့ရှိရသောအခါ စောစောက ဆုတ်နစ် မိသောစိတ်များမှာ ပြန်လည်တက်ကြွလာကာ လောကတွင် အကောင်းကို အကောင်းမှန်း မသိသူများရှိလျှင် အကောင်းကို အကောင်းမှန်း သိသူများလည်းရှိသေးကြောင်း သတိရလာပြန်လျက် များစွာ နေသာထိုင်သာရှိရုံမျှမက ရှေ့အဖို့ လောကကြီးကို ရင်ဆိုင် ယှဉ်ပြိုင်ရာတွင် အားအင်အလုံအလောက် ပြည့်တင်းလာသည်ဟု ထင်ရလေ၏။

ထိုညတွင်ပင် သုံးဆယ်မြို့တွင်းသို့ သွားရောက်မည့်အကြောင်း ပြောပြသောအခါ အားလုံးကပင် ဝိုင်း၍တားနေကြသည့်အတွက် မိမိလာရင်းကိစ္စကိုလည်း ပြောမပြနိုင်သဖြင့် အခက်တွေ့နေရပြန်လေ၏။ သို့သော် ယခုကဲ့သို့ စေတနာအလျှောက် ဝိုင်းဝန်းတားမြစ် နေခြင်းကိုလည်း အတင်းငြင်းပယ်ခြင်းငှာ မသင့်၍ ရတ်တရက် မပြန်သေးပါဟူ၍ပင် ပြောဆိုလိုက်မှ “ အဟုတ် မပြန်သေးဘူးနော် ဟုတ်လား ဆရာလေး၊ ကျုပ်တို့ဆီမှာ

ထမင်းတစ်နပ်တော့ စားပါဦး" စသည်ဖြင့် ပြောပြီး အသီးသီး စိတ်ချလက်ချနှုတ်ဆက်၍ ပြန်သွား ကြလေ၏။

ည ၉နာရီထိုးခန့် ရှိသောအခါ ရွာကလေးမှာ အလွန် တိတ်ဆိတ်နေပြီဖြစ်ပေ၏။ ဘကြီးသံဒိုင်မှာ အသက်ကြီးလှပြီဖြစ်၍ သုံးဆယ်သို့ အရောက်လိုက်ပို့သော်လည်း ကိုယ်တိုင်မပို့နိုင်သဖြင့် ဖိုးတင်ကြီးနှင့် စံဖေဆိုသူနှစ်ယောက်ကို ဆရာလေးအား လှည်းဖြင့် တင်ဆောင်ယူငင်သွားရန် ပြောဆိုစီစဉ်ပေး၍ အိမ်ထဲ၌ပင် နေရစ် ခဲ့လေ၏။

နွားများမှာ ရွာထိပ်ရှိ စံဖေတို့အိမ်တွင်ထား၍ သုံးယောက်သား ဘကြီးသံဒိုင်အိမ်ဆီမှ လျှောက်လာကြရာ တစ်ခုသော အိမ်ကြီး တစ်ဆောင်ရှေ့တွင် မော်တော်ကားတစ်စီးဆိုက်ထားသည်ကို ခပ်လှမ်း လှမ်းကပင် မြင်ရသဖြင့် ကိုမြင့်မောင်က မည်သူ့ကား ဖြစ်ပါလိမ့်မည်နည်းဟူ၍ မေးသည်တွင်“သြော် ဆရာလေးကိုတောင်မပြောရသေးဘူး ဆရာလေး၊ တစ်ခါတုန်းက ဒီအိမ်မှာ ဆေးကုပေးလိုက်ရတဲ့ လှဲ့လှဲ့ဆိုတဲ့ သူဌေး သမီး ရှိပါရောလား၊ အဲ သူအခုပျောက်နေလို့တဲ့၊ ဟို ကိုဘဇံ ဆိုတဲ့ သူ့ယောက်ျားရော သူဌေးကြီးရော ပျာယာခတ်ပြီး လူစုခွဲပြီး လိုက်ရှာနေတာပဲ၊ ညနေကတော့ ကိုဘဇံဆိုတဲ့လူ အဖော် ၃-၄ ယောက်နဲ့ရောက်လာပြီး ဒီမှာသတင်းကြားလို့ဆိုပြီး လာရှာကြတယ်၊ အခုထက်ထိ မပြန်သေးဘူ ထင်ပါရဲ့” ဟူ၍ ဖိုးတင်ကြီးကပြောသဖြင့် ကိုမြင့်မောင်လည်း ရုတ်တရက် မနေသာသကဲ့သို့ ဖြစ်သွားပြီးလျှင် “ကဲ ဒါဖြင့် ခင်ဗျားတို့ လှည်းတပ်ထားနှင့်ကြဗျာ၊ ကျွန်တော်လာခဲ့ ပါမယ်” ဟု ပြောဆိုစေလွှတ်လိုက်၍ နှစ်ယောက်သား ထွက်သွားကြ မှ မိမိလည်း ထိုအိမ်ကြီးအတွင်းဆီသို့ လှည့်ဝင်လာခဲ့လေ၏။

အိမ်ဝင်းခြံထဲသို့ ရောက်သည်နှင့်တစ်ပြိုင်နက် ကိုဘဇံကို အိမ်ရှေ့တန်းလျားပေါ်၌ တွေ့မြင်ရ၍ “ ကိုဘဇံ ခဏဗျာ" ဟူ၍ လှမ်းခေါ်လိုက်ရာ ကိုဘဇံလည်း “ဘယ်သူလဲဟေ့ ဘာကိစ္စလဲ” ဟု မေးရင်း လက်နှိပ်ဓာတ်မီးနှင့်တစ်ချက်ထိုးလိုက်ပြီး ဆင်းလာလေ၏။ ကိုဘဇံ၏နောက်မှလည်း လူနှစ်ယောက် သုံးယောက် လိုက်လာသည် ကို တွေ့ရလေ၏။

ဒီမှာ ကိုဘဇံ ခင်ဗျားနဲ့ စကားပြောချင်လို့ပါ" ဟု ပြောလိုက်ရာ ကိုဘဇံ၏ မျက်နှာမှာ သစ်ပင်ရိပ်ကြီးများအောက်သို့ မဝံ့တဝံ့ မလင်းတလင်းကျဆင်းလျက်ရှိသော လရောင်တွင် တင်းမာ ခက်ထန်လှချေသည်ဟု အောက်မေ့မိလေ၏။

ခင်ဗျားမိန်းမပျောက်လို့ လိုက်ရှာနေတယ် သတင်းကြားရ လို့ပါ”

ဒါ ဘာဖြစ်သလဲ၊ ခင်ဗျားနဲ့ဘာဆိုင်သလဲ၊ ခင်ဗျား တော်တော်ရှုပ်တဲ့လူပဲ၊ အခုထက်ထိ ရှုပ်လို့ အားမရသေးဘူးလား၊ ဒါတောင် ခြေတစ်ဖက်က ကျိုးနေလို့သာ မကျိုးရင် ဘယ့်နှယ်များ နေမယ်မသိဘူး။ သွားပါ အခုချက်ချင်း ဒီခြံထဲက ထွက်သွားလိုက်ပါ" ဟု လူလုံးနှင့် တိုက်၍ ထုတ်တော့မတတ် အနီးသို့ တိုး၍တိုး၍ ကပ်ကာ အတင်းတွန်းနေသောကြောင့် ကိုမြင့်မောင်မှာ မိမိက ဤမျှ လောက် စေတနာကောင်းထားပါလျက်ပင် ဤမျှ ဒေါသကြီးရ သလောဟု တွေးတောမရဖြစ်ကာ ရှေ့သို့ ဆက်လက်ပြောဆိုရန်ပင် သတိမရဘဲ ခြံထဲမှ ထွက်ခွာလာခဲ့ရလေ၏။

ခြံဝသို့ရောက်၍ ခြံထဲသို့ လှည့်ကြည့်လိုက်သောအခါ ကိုဘဇံနှင့် လူနှစ်ယောက် သုံးယောက်မှာ ရပ်နေရာမှ လူစုမခွဲကြ သေးဘဲ စကားပြောနေကြသည်ကို တွေ့မြင်ရလေရာ ကြီးစွာ စိတ်မကောင်းခြင်း ဖြစ်မိလေ၏။ စိတ်မကောင်းခြင်းဖြစ်သည် ဟူရာ၌လည်း မိမိယခုကဲ့သို့ ရစရာမရှိအောင် အဆိုအပြောခံခဲ့ ရခြင်းအတွက်မဟုတ်ဘဲ ကိုဘဇံအား လဲ့လဲ့၏ သတင်းကို မပေးရမီ ဤသို့ နှင်ထုတ်သဖြင့် ထွက်ခွာလာခဲ့ရသောကြောင့်ပင် ဖြစ်ပေ၏။

မိမိ စေတနာမွန်မြတ်သန့်ရှင်းစွာ ထားခါမှပင် ဤသို့ ပြုလုပ်ခြင်းမှာ မိမိအကျိုးထက် ထိုသူတို့၏အကျိုးသာလျှင် နစ်နာ ခြင်းရှိရကား များစွာသနားဖွယ်ပင် ဖြစ်တော့သည် စသည်အားဖြင့် စဉ်းစားတွေးတောရင်း ရွာလမ်းကလေးအတိုင်း ရွာဖျားဆီသို့လျှောက်လာရာ စံဖေကြီးတို့အိမ်သို့ရောက်ရန် နှစ်အိမ်မျှအလိုတွင် နောက်ဆီ မှ ခြေသံများကြားရသဖြင့် လှည့်ကြည့်လိုက်မိလေ၏။

သို့သော် ဘာတစ်ခုမျှမမြင်ရ၊ ထိုနေရာမှာအရိပ်ဆိုင်းဆိုင်းဖြင့်ထွားကျိုင်းသန်မာသော သရက်ပင်ကြီးများ ပေါက်ရောက်ရာ ဖြစ်သည့်အတွက် လေသိမ်းခတ်၍သာ အသံမြည်ခြင်းဖြစ်တန်ရာသည်ဟု အောက်မေ့ပြီးလျှင် ဆက်လက်လာမြဲ လာခဲ့ရာ ရှေ့သို့ ဆယ်လှမ်းမျှ မလှမ်းရသေးမီ အနီးသို့ ရုတ်တရက် ကပ်လာသော ခြေသံများ ကြားလိုက်ရလျက် ဝင်းခနဲ မျက်စိထဲတွင် ဝေဖြာလင်းတောက်ပြီး လဲကျသလိုလို ဖြစ်သွားသည်ကိုသာ သိလိုက်ရလေ၏။

မည်မျှလောက်ကြာသည်မသိ၊ ပြန်လည်သတိရလာသောအခါ ဆေးရုံတစ်ရုံ၏ လူနာခန်းတစ်ခန်းထဲတွင် ရောက်ရှိနေသည်ကို တွေ့ရလေ၏။ ဦးခေါင်းတွင်လည်း ရောမပတ်တီးကြီး စည်းထားသည်ကို တွေ့ရသဖြင့် ကေန် မိမိဦးခေါင်းတွင် ဒဏ်ရာကြီးတစ်ခု ရခဲ့လေပြီကို သိရသော်လည်း ဘယ်ဆီဘယ်ဌာနမှ ဘယ်ကာလ ဘယ်အချိန်ဘယ်သို့သောအကြောင်းကြောင့်

ထိုဒဏ်ရာ ရရှိခဲ့သည်ကို မသိရ၊ စဉ်းစား၍မပေါ် ဖြစ်နေလေ၏။

မည်သည့်မြို့ရွာ ဖြစ်မှန်းကိုလည်း မသိရဖြစ်နေလေ၏။ မျက်စိအောက်ရှိ အခန်းအနေအထားကို တတ်အားသမျှ ကြိုးစား ကြည့်ပါသော်လည်း ဆေးရုံတစ်ရုံ၏ သီးခြားအခန်းတစ်ခန်းဖြစ်မှန်းသာ သိရလျက် အခြားအချက်တို့ကိုသိရအောင် မျက်စိအားထုတ်၍ ကြည့်နေလေလေ မှူးဝေသလိုလို မျက်ခွံများ ပိုမိုလေးလံသလိုလို ဖြစ်လာသည့်အတွက် အသာပင် အစဉ်းစား ရပ်ထားရလေ၏။

သို့သော် သိလိုစိတ်ကား ပြင်းထန်စွာယိုဖိတ်လျက်ပင်ရှိသဖြင့် ယခုလက်ရှိအနေအခင်းကို မသိရလျှင် ဤအနေအခင်းသို့ မိမိမည်သည့်နည်းဖြင့် ရောက်ခဲ့ရသည်ကို တတ်နိုင်သမျှ ပြန်လည်စဉ်းစားမည်ဟု စဉ်းစားပြန်သောအခါ၌လည်း ဦးခေါင်းသာလျှင် တိုးတက် မူးဝေလာသည့်အတွက် ဆက်လက်၍ တစ်စုံတစ်ရာ မစဉ်းစားဝံ့ဘဲ အသာပင် မှိန်းနေရလေ၏။

တစ်ခဏမျှကြာသောအခါ ခြေသံကြား၍ လေးလံသောမျက်ခွံ များကိုလှန်၍ အနိုင်နိုင်ကြည့်လိုက်ရာ သူနာပြုဆရာမတစ်ယောက် မိမိအခြေအနေကို လာရောက်အကဲခတ်သည်ကို တွေ့ရလေ၏။ အနီးသို့ကပ်လာလျှင် မိမိ၏ အကြောင်းကို မေးမည်ကြံသော်လည်း ထိုဆရာမသည် မိမိအား ခဏမျှ စူးစိုက်ကြည့်ရှုသည်ကို မြင်လိုက်ရပြီးနောက် ထွက်သွားသံကိုသာ ကြားလိုက်ရလေ၏။

များမကြာမီ ဖိနပ်ကို ခပ်ပြင်းပြင်းနင်းလျက် ခပ်သွက်သွက်ကြီး လာနေပုံရသော ခြေသံများကို ကြား၍ အသာဖွင့်ကြည့်လိုက်ပြန်ရာ ဆရာဝန်ကြီး ပါလာသည်ကို တွေ့ရလေ၏။ ဆရာဝန်ကြီးလည်း မိမိအား အားရဝမ်းသာစွာ ကြည့်ပြီးနောက် “အင်း အခုမှ စိတ်သက် သာရာရသွားတော့တယ်၊ စောစောကဆိုရင် တော်တော်စိုးရိမ်နေကြ တယ်" ဟု ပြောမှ

“ကျေးဇူးတင်ပါတယ်၊ ဒါပေမဲ့ ဘယ်လိုဖြစ်ပြီး ဘယ်ကိုရောက် နေတယ်ဆိုတာ စဉ်းစားလို့"

အို သိပ်စဉ်းစားမနေပါနဲ့၊ သာယာဝတီ ဆေးရုံလေ။ ခင်ဗျား လွှန်ခဲ့တဲ့သုံးညလောက်က ပန်းဆွဲမှာ အရိုက်ခံရတယ်၊ မမှတ်မိဘူး ဟုတ်လား၊ ခင်ဗျားကို ညကြီးမင်းကြီး ရွာက ထမ်းစင်နဲ့ ခေါ်လာပြီး သုံးဆယ်ဂါတ်ကို ပို့တယ်၊ ဟိုက ဒဏ်ရာကြီးတယ်ဆိုပြီး ဒီကို ပို့လိုက်တယ်၊ သုံးဆယ်က သူဌေးတစ်ယောက်နဲ့ အခြားလူ ၂ယောက် ၃ယောက်ကိုလည်း ၃၀၄နဲ့ ဖမ်းချုပ်ထားတယ်။ အာမခံမပေးဘူး၊ ပုလိပ်ဘက်က ခင်ဗျားကို အမြဲလာမေးနေတယ်၊ တစ်စုံတစ်ခုဖြစ်ရင် ၃၀၂ကို ပြောင်းပြီး ရုံးတင်မလို့၊ အခုပဲ ရာဇဝတ် ဝန်ကြီးနဲ့ တရားသူကြီးကို အခေါ်ခိုင်းလိုက်မယ်၊ ခင်ဗျား ဘာမှ စိတ်မပူပါနဲ့၊ ရှေ့ကိုဘာမှ

ကိစ္စမရှိတော့ဘူး၊ သက်သာလာမှာပဲ” ဟုပြောပြောဆိုဆို ထွက်သွားသောကြောင့် ကိုမြင့်မောင်လည်း အကြောင်းစုံကို သိရလေ၏။

သို့သော် သိရသောအကြောင်းများမှာ များစွာစိတ်မချမ်းသာ ဖွယ်ရာချည်း ဖြစ်နေရလေ၏။ သူဌေးတစ်ဦးဆိုသည်မှာ ကိုဘဇံပင် ဖြစ်ရမည်ဟု အတပ်သိရလေ၏။ ဤလောကတွင် သူတစ်ပါးအား မိမိအတွက်နှင့် အနည်းငယ်မျှ ဒုက္ခမရောက်စေချင်ကာမှပင် မိမိအတွက် အချုပ်အနှောင် ခံရသူများမှာ ခံနေရပြီဖြစ်ရကား မြန်မြန် သေလျှင် အေးလိမ့်မည်လားဟူ၍ပင် တစ်ချက်တစ်ချက် စဉ်းစားမိလေ၏။ သို့သော် သေ၍မဖြစ်၊ မြန်မြန်သေလျှင် ထိုသူများတွင်သာ၍ပင် အမှုပုံကြီးကျယ်လာကာ ကြိုးစင်သို့ပင်-တက်ကောင်း တက်ရမည်ကိုတွေးမိပြန်၍ ထိုသူတို့အကျိုးအတွက်ပင်ဖြစ်စေ မိမိမှုကာ ဤလောကကြီးကို တစ်ဖန် ရဲရင့်စွာမျက်နှာမူရဦးမည်ဟု သန္နိဋ္ဌာန် ချလိုက်ရလေ၏။

သို့ဖြစ်သည့်အတိုင်း ရာဇဝတ်ဝန်ကြီးနှင့် တရားသူကြီးတို့ ရောက်လာသောအခါ စစ်ချက်များယူကြရာတွင် ယခုဖမ်းထားသော ကိုဘဇံတို့နှင့် လုံးဝမသက်ဆိုင်ကြောင်း၊ လက်သည် မည်သူမည်ဝါ ဖြစ်သည်ကိုမှုကား မသိကြောင်း အဆင်ပြေနိုင်သမျှ ဖော့၍ အစစ်ခံလေ၏။ သို့သော် ရွာသူရွာသားများ၏ ထွက်ချက်မှာ ကိုဘဇံတို့ အပေါ်တွင် အတော်ပင် ခိုင်လုံပြီးနေသဖြင့် ထိုထွက်ချက်များအရ ကိုဘဇံတို့ အပေါ်၌ တင်းမာစွာ အရေးယူထားပြီး ဖြစ်နေရကား ပုလိပ်တို့မှာ ထိုအမှုကို ဤမျှလောက် အလွယ်တကူ ပြန်လှန်မနုတ်သိမ်းလိုပဲ ရှိသည်ကို အကဲခတ်မိလေ၏။

ဤတွင် အမှုပေါ့သည်ထက်ပေါ့ရန် တစ်မျိုးကြံစည်ရပြန်လေ၏။ သို့သော် ခေါင်းထဲတွင် တမူးမူးတဝေဝေ ရှိလှသောကြောင့် ဆက်လက်၍ စိတ်ကူးမထုတ်နိုင်၊ မေးနေသောမေးခွန်းများကိုလည်း အဖြေ မပေးနိုင်ရှိနေ၍ အသာမှိန်းနေရသေးရာ ထိုအခိုက်တွင် ရာဇဝတ် ဝန်ကြီးနှင့် ရာဇဝတ်တရားသူကြီးတို့ နှုတ်ဆိတ်၍ဆင်းသွားကြသံကို အဝေးကြီးကကဲ့သို့ ခပ်သဲ့သဲ့ကလေးမျှသာကြားရလေ၏။ ထိုနောက် ဘာမျှမသိရ၊ ဘာမျှ မကြားရသကဲ့သို့ ဖြစ်သွားရာမှ တစ်ဖန် အနီးအနားတွင် တရုပ်ရုပ်နှင့်အသံများကြားရသောကြောင့် မျက်လုံးကို အသာကလေး ဖွင့်ကြည့်လိုက်ရာ မိမိအား အလွန်စိုးရိမ်သည့် အမူ အရာဖြင့် မျက်နှာနားကပ်၍ ကြည့်နေသောဆရာဝန်ကြီးကို တွေ့မြင် ရလေ၏။

မိမိမှာ ရာဇဝတ်ဝန်ကြီးများ စစ်ဆေးနေစဉ် ပြန်လည်သတိလစ်သွားနေသည်မှာ နာရီ ၂၀ခန့် ကြာသည့်တိုင်အောင်ဖြစ်ကြောင်း၊ စောစောက ဆေးတစ်ကြိမ်ထိုးပေးထားသော်လည်း မထူးခြား၍ နောက်ထပ်တစ်ကြိမ်ထိုးပြီးလျှင် ယခုလည်း တစ်ကြိမ် ထပ်မံထိုးပေးရပြန်ကြောင်း၊

မိမိကိုယ်တိုင် ဆရာဝန်တစ်ယောက်ဖြစ်သဖြင့် ဤဒဏ်ရာမျိုးမှာ စိုးရိမ်ဖွယ်ရာမရှိသည်ဟု ဆိုရသည့်တိုင်အောင် ဦးနှောက်ကို အလုပ်မပေးဖို့နှင့် စိတ်ကို အေးအေးသက်သာစွာ ထားဖို့ ရန်မှာ လွန်စွာအရေးကြီးကြောင်းဖြင့် ဆရာဝန်ကြီးက ပြောပြမှာကြားပြီးလျှင် နှုတ်ဆက်၍ ထွက်ခွာသွားလေ၏။

ဦးနှောက်ကို အလုပ်မပေးနှင့်ဟုဆိုသော်လည်း ကိုဘဇံတို့အတွက် မိမိ မည်ကဲ့သို့ ပြုလုပ်ရပါမည်ကို မစဉ်းစားဘဲ မနေ နိုင်အောင်ရှိသဖြင့် အတန်ကြာပေတေပြီးစဉ်းစားရာ ဆေးရုံမှ အမြန် ဆုံးဆင်းရအောင်ပြုလုပ်နိုင်လျှင် အမှုပုံအလိုလိုအားဖြင့် သက်သာသွားနိုင်ခြင်းကို သတိရ၍ မြန်မြန်ထနိုင်သောအခြေသို့ ရောက်ပါစေဟု ဆုတောင်းမိလေ၏။ ဦးခေါင်းကိုထောင်၍ ကိုယ်ကိုထူပြီး စမ်းသပ်ကြည့်သောအခါ ထမရ၊ ဦးခေါင်းထဲမှ အလွန့်အလွန် နာကျင်မူးဝေ လာသဖြင့် အမြန်ပင် ပြန်၍ အိပ်လိုက်ရလေ၏။

# [၂၅]

## အတွေ့

ညနေပိုင်းတွင် ဆရာဝန်ကြီးလာရောက်ကြည့်ရှုချိန်၌ မိမိအသိများကို မတွေ့နိုင်သလောဟုမေးရာ ရောမလူထုကြီး နေ့စဉ်လာ ရောက်မေးမြန်းနေသဖြင့် မိမိတို့က ဖျောင်းဖျပြောဆို စေလွှတ်နေရကြောင်း၊ ထိုလူထုကြီးမှာ မြို့ရောတောပါ လာရောက်ကြသည် ဖြစ်သဖြင့် ရုတ်တရက် မပြန်ချင်ကြကြောင်း၊ မမြင်ရ၍ မကျေနပ် သဖြင့် အနည်းငယ်မျှလောက်သော လူကြီးတစ်စုကိုသာ အသာကလေးခေါ်ပြီး အခြေအနေကို အခန်းဝမှ ပြရပြီးလျှင် မိမိအား အနှောင့်အယှက် မပေးဖို့ အဘယ်မျှ အရေးကြီးသည်ကို ပြောပြ၍ စေလွှတ်လိုက်မှ ထိုသူများက ထပ်ဆင့်ပြောသဖြင့် လူထုကြီးမှာ ကျေနပ်ပြီး ပြန်သွားကြကြောင်း ပြောပြ၍ သိရှိရသည့် အတွက် တစ်နည်းအားဖြင့် အားတက်လာမိလေ၏။

ဒေါ်အေးခင်တို့ လင်မယားနှင့် မောင်သန်းကလေးတို့ကို အထူးတလည် တွေ့လိုသဖြင့် ဆောင်ရွက်ပေးနိုင်က ကျေးဇူးတင်မည် ဖြစ်ကြောင်းပြောပြရာ ယခုချက်ချင်းပင် ကားဖြင့် အခေါ်လွှတ်လိုက် ပါမည်ဟု ပြောပြီးထွက်သွားလေ၏။ အတန်ကြာသောအခါ တစ်ယောက်တည်းရောက်လာပြီးလျှင် အိမ်တံခါးကို သော့ခတ်ထား ကြောင်း အိမ်နီးပါးချင်းများအား စုံစမ်းကြည့်ရာ လွန်ခဲ့သော ၆ရက် ၇ရက်ကပင် အထက်သို့ လူမမာမေး သွားရောက်မည် ပြောဆို ထွက်သွားကြသည်ဟု ပြောကြားလိုက်ကြောင်းနှင့် ပြန်ကြားပြောပြသဖြင့် မိမိအထူးတလည် သိလိုသော အချက်ကို အခြားသူထံမှ မေးမြန်းရန် စောင့်ဆိုင်းမနေနိုင်တော့ပဲ "ဒါနဲ့ ဒေါက်တာသက်ထွန်းတို့ ပြောင်းသွားကြပြီလား" ဟု မေးလိုက်မိလေ၏။ အို တော်တော်ကြာသွားပါပကော ပြောင်းသွားတာ၊ ဘာဖြစ် လို့လဲ" မဖြစ်ပါဘူး သူတို့ ပြောင်းမယ်ကြားလို့"

ခင်ဗျားကို ဒီဆေးရုံယူလာတဲ့ညကပဲ သူတို့လည်း ဘူတာကို ဆင်းသွားကြရော။ ခင်ဗျားလည်း သုံးဆယ်ဆေးရုံကို ဂါတ်ကနေပြီး ရောက်သွားတာပဲ။ ည ၁၂နာရီခွဲလောက်ရှိပြီထင်တယ်၊ ဒီတော့ အဲဒါနဲ့ ဆေးရုံမှာ ဆရာဝန်လည်း မရှိတာနဲ့ ဒဏ်ရာကလည်း ကြီးတာတစ်ကြောင်းပေါ့လေ ဒီကို ပို့လိုက်တာပဲ"

"ဪ" ဟူ၍သာ ပြောနိုင်တော့လေ၏။ မိမိ၏အဖြစ်ကို သိသိကလေး ကပ်လွဲပြီး အကြော့ သိမသွားရခြင်းအတွက်လည်း များစွာဝမ်းမြောက်ကာ စိတ်သက်သာရာရသွားလေ၏။ မိမိ၏ကောင်း သတင်းကိုကြားရလျှင် အကြော့တွင် ကိုသက်ထွန်းအား ရွေးချယ်မိခြင်းအတွက် နောက်ဆံများတင်းကာ

စိတ်မရွှင်မပျဖြစ်မည်စိုး၍ ကောင်းသတင်းကိုပင် ဖုံးဖိထားခဲ့ရလျှင် ယခုကဲ့သို့သော ဆိုးသတင်း မျိုးကိုကား သာ၍ပင် မကြားစေထိုက်၊ မသိစေသင့်၊ ယခုလည်း မကြားမသိသွားခြင်းမှာ မိမိအဖို့တွင်လည်း စိတ်မချမ်းသာဖွယ်ရာ တစ်ခုမှ လွတ်ကင်းသက်သာရာရသွားသည်ဟု အောက်မေ့မိလေ၏။

နောက်မှ သိရကာ ပျာယီးပျာယာပင် "ဒါနဲ့ ကျွန်တော် အခုလိုဖြစ်တဲ့အကြောင်း၊ ကိုဘဇံတို့ကို ဖမ်းထားတဲ့အကြောင်း သတင်းစာထဲများ ပါကုန်ပလား"ဟု မေးလိုက်ရာ ဆရာဝန်ကြီး လည်း ပြုံးရယ်လျက် "ဘယ်ပါမှာလဲ သူဌေးတွေကိစ္စဖြစ်နေတော့ သတင်းထောက်တွေက ညှိပြီးငြိမ်နေကြတာပေါ့၊ လူငယ်များအသင်း ဥက္ကဋ္ဌလည်းဖြစ်နေတော့ ထောက်ထားစရာတွေက အများကြီးဖြစ် နေတာကို။ ဘယ်သတင်းစာမှာမှ မပါပါဘူး" ဟုပြောပြီးမှ ကြီးစွာ စိတ်သက်သာရာရကာ ဤအတိုင်းဆိုလျှင် အကြော့သာ မိမိ၏ အကြောင်းကို မသိမည်မဟုတ်၊ လဲ့လဲ့ခများလည်း သူ့ယောကျ်ား အကြောင်းမသိဘဲ ရှိပေလိမ့်မည်။ လောက၌ မသိသဖြင့် စိတ်ချမ်း သာမှုတို့လည်း ရှိပါသေး၏တကားဟု စိတ်သက်သက်သာသာရှိတိုင်း တွေးတောဆင်ခြင်နေမိလေ၏။ ဆရာဝန်ကြီးလည်း နှုတ်ဆက်ကာထွက်သွားလေ၏။

နောက်တစ်နေ့တွင် စောစောစီးစီး နိုးနေရာမှ နေကလေးမြင့် လာသောအခါ မူးမူးဝေဝေရှိလှသည်နှင့် မျက်လုံးကို မဖွင့်ဘဲ အသာမှိန်းနေရင်း အိပ်ပျော်သွားလေ၏။ နောက်မှ ခြေသံများကြား၍ နိုးလာကာ မျက်စိကိုဖွင့်ကြည့်လိုက်ရာ ရုတ်တရက်သော် မိမိ၏မျက်စိများကိုပင် မယုံနိုင်လောက်အောင်ရှိ၍ ပွတ်သပ်ကြည့်ရှုနေမိပြန် လေ၏။

"ဟာ မြင့်မောင်ပါလား" ဟု ပြောပြောဆိုဆို မိမိဆီသို့ အပြေးအလွှား ချဉ်းကပ်လာသော ကိုထွန်းဝေကိုတွေ့ရ၍ တစ်ကိုယ် လုံး သိမ်း သိမ့်တုန်း သွားသကဲ့သို့ ရုတ်တရက်ဖြစ်လိုက်မိပြီးမှ "ဟော့ ထွန်းဝေ မင်းဘာကိစ္စလာလဲ" ဟု ပြန်မေးလိုက်လေ၏။

"မင်းအကြောင်း ဒီဆရာဝန်ကြီး ခုနကပဲ ပြောလို့ ကြားရပါပြီကွာ၊ ဒါပေမဲ့ ပြောပြောချင်းတော့ မင်းရယ်လို့ မထင်လိုက်မိဘူး၊ ဖြစ်မှာဖြစ်ရလေ သူငယ်ချင်းရာ"

"ငါ့အကြောင်းထားစမ်းပါဦး မင်းဘာကိစ္စလာတာလဲ၊ ငါဒီမှာ လို့ ဘယ်လိုသတင်းကြားလို့ လိုက်လာတာလဲ"

"တော်စမ်းပါကွာ မင်းဟာမင်းတွေးပြီး လန့်မနေပါနဲ့၊ မင်း လည်းသွားရော ငါ့ဆီကိုလည်း သာယာဝတီ အမြန်ဆုံးပြောင်းရမယ်လို့ အမိန့်ကျလာလို့ ညက လိုက်လာခဲ့ရတာပေါ့ကွာ၊ ရက် တောင်းတော့ ၇ရက်တော့ ပေးပါရဲ့၊ စောစောကတော့ စိတ်ပျက်မိတာပေါ့ကွာ။ ဒါပေမဲ့ ဒီကို တမင်ဘုရားပို့တာပဲလို့

ငါယုံပြီ။ မင်း ဒီတစ်ခါများ ပြေးရင်တော့ အသတ်ပဲမောင်၊ ငါ့သားကလေး ဘယ်လိုဖြစ်ကျန်ရစ်ခဲ့တယ်ဆိုတာ ဘယ်တော့မှ ငါမမေ့ဘူးကွ” ဟု အားရ ပါးရပြောနေသဖြင့် ဆရာဝန်ကြီးလည်း “အို ခင်ဗျားတို့ တစ်ယောက် နဲ့တစ်ယောက် ကောင်းကောင်းသိကြသကိုး” “ကဲ ဒါဖြင့် စကား ပြောနေကြဦး ပြီးတော့မှ ဆက်ပြီးလျှောက်ကြည့်တာပေါ့၊ အောက်မှာ လက်မှတ်ထိုးစရာကလေးတွေ သွားထိုးလိုက်ဦးမယ် "ဟု ပြောပြောဆိုဆို ဆင်းသွားလေ၏။ “နေပါဦး မင်းတစ်ယောက်တည်းလား" ဟု လိုရင်းကို မေးရ လေ၏။

"ဘယ်တစ်ယောက်တည်းဟုတ်မလဲကွာ၊ တစ်အိမ်သားလုံး ပေါ့၊ မင်းလည်း ဒီကထနိုင်တာနဲ့ တစ်ခါတည်း အိမ်မှာပြောင်းနေရမှာပဲ ဟေ့- တော်၊ ဘာစကားများချင်သေးသလဲ မင်းကို ကလေး ထိန်းအဖြစ်ကမလွှတ်နိုင်ဘူးကွ၊ နေစမ်းပါဦး၊ မင်းကို သူတို့ရိုက်တာ အမှန်ဖြစ်ရက်ကနဲ့ မင်းကဘာဖြစ်လို့ဖုံးကွယ်နေချင်ရတာလဲ။ ပုလိပ် ဘက်က သိပ်ပြီးအကျပ်တွေ့နေတဲ့အကြောင်း ဆရာဝန်ကြီးက ငါ့ကိုပြောသွားတယ်၊ မင်းစိတ်ကူးက ဘာလဲ”

အိုကွာ ငါလူကောင်းပကတိ ပြန်ဖြစ်ရင် ပြီးတာ မဟုတ် လားကွ၊ ငါကျေနပ်ရင် ဘာအရေးယူစရာရှိဦးမလဲ"

ခက်ပါပေ့ကွာ မင်းတစ်ယောက်လည်း ခက်ပါပေ့၊ တရား ဥပဒေအတိုင်းတော့လုပ်ရမှာပေါ့ကွ၊ ပြောစမ်းပါဦး၊ မင်းမှာ ဘာအကြောင်းများရှိလဲ၊ ဒီတစ်ခါတော့ မင်းမပြောဘဲ မနေရဘူး၊ ဟိုတုန်းကသာရမယ် ဟိုတုန်းက အကြောင်းတွေလည်း တို့အကုန် သိပြီးပြီ။ ထားဆိုတာ ရင်ထုမနာဖြစ်နေတာပဲ၊ ကဲပြော ပြော ဒါက အရေးကြီးတယ်”

“ကဲ ဖုံးလို့လည်း မထူးပါဘူး၊ အခုဖမ်းထားတဲ့ သူဌေးက ဘယ်သူလဲဆိုတာ မင်းသိရဲ့လား၊ ကိုဘဇံတဲ့ ကိုဘဇံဆိုတာ မင်းသိမှာပေါ့၊ သူဌေး ဦးဌေးရဲ့ သမီး လှဲ့လှဲ့ရဲ့ယောကျ်ားဟာပေါ့”

“ဟေ့ လှဲ့လှဲ့ ယောကျ်ားလား"

"အေး"

“ဟာ ဒါဖြင့် သာပြီးဝေးဖို့ ဖြစ်တာပေါ့"

“ဘာဝေးတာလဲ”

“နဂိုကမှ မင်းကိစ္စနဲ့ လင်မယား မပေါင်းနိုင်ဘူးဖြစ်နေရတဲ့ အထဲ အခုလိုဆိုရင် သာပြီးခက်တာပေါ့၊ ငါက သူတို့အချင်းချင်း စေ့စပ်ပေးမယ်လို့

အတင်းမရမက တို့နဲ့ ခေါ်လာခဲ့တယ်"

အေးလေ ဒီတော့ ငါ့ဟာနဲ့ သွားပြီးအံကိုက်တာပေါ့ မင်းအကြံက ငါတော့ မဖော်ဘူး၊ ဖော့နိုင်သမျှ ဖော့ပစ်မှာပဲ”

ကိုထွန်းဝေလည်း စဉ်းစားနေရလေ၏။ နောက်မှ “ဒါတွေ ထားကို ဖွင့်ပြီးတိုင်ပင်မှပဲ၊ နေဦး။ ငါ ထားကိုသွားခေါ်လာခဲ့မယ်၊ ဟိုကောင်ကလေးကတော့ အသိပေးလို့မဖြစ်သေးဘူး၊ မင်းတော်တော် သက်သာပြီလား၊ သက်သာရင် တစ်ခါတည်းပဲ အိမ်ကိုပြောင်းကွာ အိမ်မှာကောင်းပါတယ်"

“နေပါစေကွာ ဒီမှာပဲ နေသေးတာပေါ့”

“အေးလေ ထားလာလို့ ငြင်းလို့ရရင်လည်း မင်းကံကောင်း ပေါ့၊ကဲ ငါ လျှောက်ကြည့်ဦးမယ် ဟုတ်လား၊ ပြီး ထားကိုသွားခေါ် မယ်” ဟုဆိုကာ ထွက်သွားသဖြင့် ထားနှင့်မျက်နှာချင်းဆိုင်ရမည်ကို များစွာ မျက်နှာပူမိလေ၏။

တစ်ခဏမျှ ကြာလတ်သော် နှစ်ယောက်သား ပေါ်လာကြ သည်ကို တွေ့ရလေ၏။ ထားလည်း မြင်မြင်ချင်း များစွာစိတ်မသက်သာဖြစ်သွားကာ ရုတ်တရက် စကားမပြောနိုင် မျက်ရည်ကလေးများ လည်လျက်ရှိသော မျက်လုံးကလေးများဖြင့် ကြည့်နေသည်ကို တွေ့ရသည်နှင့်

“ကျွန်တော့်ကို ခွင့်လွှတ်ပါဗျာ၊ နှုတ်မဆက်ခဲ့ရတာကို” ဟု တောင်းပန်စကားပြောလိုက်လေ၏။

ဤတွင်မှ ထားလည်း စကားပြောရန်သတိရသကဲ့သို့ဖြစ်ကာ “အိုဒါတွေ နောက်မှပြောတာပေါ့၊ ထားစိတ်မဆိုးပါဘူး။ ကိုမြင့်မောင် ဘယ့်နှယ်နေသေးလဲ၊ တော်တော် သက်သာလာပြီလား ကိုဝေပြောလို့ ပျာယီးပျာယာ ထလိုက်လာ ခဲ့ရတယ်၊ ဝမ်းနည်းရမလား ဝမ်းသာရမလား ထားတော့ မပြောတတ်အောင် ဖြစ်နေပြီ”

ကဲဒါတွေထားဦး လွဲလွဲ့ကိစ္စက ဘယ်လိုလုပ်မှာလဲ” ဟု ကိုထွန်းဝေက ကြားဝင်ပြောလိုက်မှ တစ်ယောက်ထင်မြင်ချက် တစ်ယောက်ကိုယ်စီ ပေးရင်း တိုင်ပင်နေကြလေ၏။ ထိုနောက် ကိုမြင့်မောင်၏ အကြံကိုပင် သဘောတူလိုက်ကြရကာ ကိုဘဖဲတို့ လွတ်လာမှ ကြည့်ပြီးစီစဉ်ရန် သဘောညီညွတ်ကြလေ၏။ လွဲလွဲ့မှာ အိမ်မှ ထွက်ပြေးလာခဲ့သည်ဖြစ်ရာ အရပ်နှင့် နီးလွန်းသောကြောင့် အပြင်သို့ မည်သည့်နည်းနှင့်မျှ ထွက်မည်မဟုတ်၍ ထိုသတင်းကို မည်သည့်နည်းနှင့်မျှ မကြားနိုင်ခြင်းမှာ ခပ်ကောင်းကောင်းပင် ဖြစ်သည်ဟု ယူဆရလေ၏။

သို့သော် ကိုမြင့်မောင်အား အိမ်သို့ယူဆောင်ရန်ကိစ္စသို့ ရောက်သောအခါ ကိုထွန်းဝေနှင့်ထားတို့က အိမ်သို့ လိုက်စေချင်လျက် ကိုမြင့်မောင်တစ်ဦးတည်းကသာ "ဘယ်ဖြစ်ပါ့မလဲ ဗျာ။ ကျွန်တော်လိုက်လာပါပြီတဲ့၊ ဘာကြောင့်ဖြစ်ရတယ်ဆိုတာက စပြီး သတင်းအနံ့ရသွားရင် ဖုံးချင်သမျှ ဥစ္စာတွေဟာ ပေါ်မကုန်ပေဘူးလား၊ ကျွန်တော်လည်း လိုက်နေချင်ပါတယ်ဗျာ၊ အပါလေးလည်း သိပ်ပြီးလွမ်းတာပဲ" ဟု ပြော၍မျှ မဆုံးသေးမီ

"လွမ်းလို့သာတော်တော့တယ် မလွမ်းများမလွမ်းရင် ဘယ်လို နေမယ်မသိဘူး ထားတို့မှာတော့ ရှာလိုက်ရတာ တောတွေ တောင်တွေ တောင်နှံ့လို့ ထားကသာ ပြောတာပြောရတယ်၊ စိတ်ထဲမှာ တယ်ပြီး မကြည်ဘူး" ဟု ခပ်ပြုံးပြုံးပင်ပြောသောကြောင့် အသာပင်ငြိမ်၍ နေလိုက်ရလေတော့၏။

အတန်ကြာ စကားပြောဆိုပြီးနောက် ထားတို့လည်း ပြန်သွားလေ၏။ များမကြာမီတွင် စားကောင်းသောက်ဖွယ်ရာများ ရောက်ရှိလာလေ၏။ ထားတို့ ရောက်လာသည်ဟုဆိုလျှင်ပင် မိမိ၏စိတ် အလုပ်မှာ ပိုမိုများလာသည်ကို တွေ့ရလေ၏။

နုသည် ယခုအချိန်တွင် မိမိအကြောင်းကို သိနေပြီဖြစ်၍ မျက်နှာချင်းဆိုင်ရန် မခဲယဉ်းတော့ဟု ထင်မှတ်မိခဲ့သော်လည်း ဇေကန် အားဖြင့် ဆိုင်ရမည်ဆိုလျှင် တတ်နိုင်က နောက်ဆုတ်တိမ်းရှောင်၍သာ နေလိုက်ချင်သည်ကို တွေ့ရလေ၏။

ညနေဘက်သို့ရောက်သောအခါ ကိုထွန်းဝေ ပျာယီးပျာယာ ရောက်လာလျက် "ဟေ့ မြင့်မောင် တို့ကြံလို့တော့ ဘာမှမရတော့ ဘူး။ လဲ့လဲ့က မနက်က ဒီမှာစီစဉ်နေတုန်း သူ့လူယုံတစ်ယောက်ကို တိတ်တိတ်အခေါ်လွှတ်ပြီး အကြောင်းစုံမေးတော့ အကုန်ပေါ်ကုန်ပြီ အခုလည်း ဆေးရုံကိုလိုက်လာမလို့ ပြင်နေတယ်"

"ဟာ ဖြစ်ပါမလား"

"မရတော့ဘူးလေ ပြောလို့ မရတော့ဘူး။ မင်းကို တောင်းပန်ပြီး တစ်ခါတည်း သူ့မိဘဆီ တန်းသွားမတဲ့၊ ပြီး တစ်ခါတည်းကွာ ရှင်းခိုင်းမယ်တဲ့"

"ဟာခက်တာပါပဲ၊ ငါဘယ်ပြေးရပါ့မလဲ"

"မင်းမလည်း တစ်ဆိတ်ရှိပြေးဖို့တာ တွေးနေတာပဲ၊ ဘယ်လို လုပ်မလဲ ကြံမှာပေါ့ကွာ"

အခုတောင် ဆေးရုံအောက်ရောက်နေပါလားမှ မသိတာ၊

ငါဘယ်လိုကြံရမှာလဲကွာ"

"အေ ငါလည်းမသိဘူး၊ ထားလည်း မကြံတတ်တော့ဘူး၊ နုလည်း ဝင်တားတာမရဘူး၊ လဲ့လဲ့က စိတ်ကပြင်းတယ်ကွာ ဟုတ်ရင် ဟုတ်တယ် မဟုတ်ရင်မဟုတ်ဘူး ဘွင်းဘွင်းပဲ”

ကိုမြင့်မောင်မှာ အနာကပြင်းထန်စွာ မူးဝေအုံ့မှိုင်းလျက် နာနေခြင်းကိုပင် ဂရုမပြုနိုင်၊ မည်သို့ပြုလုပ်ရမည်ကို လျင်မြန်စွာစိတ်ကူးထုတ်နေလေ၏။ ခြေသံများ သုတ်သီးသုတ်ပြာ ချဉ်းကပ်လာ သည်ကို ကြားရသည့်အခါ သာ၍ပင် စိတ်ကူးထုတ်မှုများ လျင်မြန်လာလေ၏။ ထိုသို့လျင်မြန်လာလေလေ မူးဝေသည်ထက် မူးဝေ၍ လာလေလျှင်ဖြစ်ကာ နီးလာသောဖိနပ်သံခြေသံများမှာ ရုတ်တရက် ချက်ချင်းဝေးသွားလျက် ဝေးရာမှာ လုံးလုံးပျောက်သွားသည်ဟု ထင်မှတ်နေရာမှ တစ်ခါတည်း သတိလစ်ဟင်းမေ့မြောသွားလေ၏။

သတိပြန်၍ ရလာသောအခါ မိမိအား စိုးရိမ်ကြီးစွာဖြင့် ထိုင်၍ကြည့်နေသော ကိုထွန်းဝေနှင့် ထားကို မသဲမကွဲ မြင်တွေ့ ရလေ၏။ ကိုထွန်းဝေလည်း “သူငယ်ချင်း ဘယ့်နှယ် နေသေးသလဲ ဟေ့၊ စိတ်ကိုပျော်ပျော်ထား ဦးနှောက်မရှုပ်စေချင်ဘူး၊ မင်းဦးနှောက် အရှုပ်ခံလို့ မဖြစ်ဘူး၊ မင်းလည်းသိသားပဲကွာ” ဟု ပြောဆိုသတိပေး လေ၏။

သို့သော် သိချင်သောအရာများကိုမူ သိရမှပင် စိတ်အေးကာ ဦးနှောက်ရှင်းမည် ဖြစ်ရကား“ကဲ ဘယ်လိုဆိုတာ ပြောစမ်းပါ နား ထောင်ပါရစေ၊ ဒီတော့မှ စိတ်အေးမှာပဲ” ဟုတီးတိုးပြောရလေ၏။

မပြောဘဲလည်းမဖြစ်၊ ပြောလျှင်လည်း သူ့စိတ်တွင်မည်သို့ ယူဆဦးမည်ကိုမသိရ၍ ကိုထွန်းဝေမှာ အကျပ်ကြုံတွေ့နေရလေ၏။ ကိုမြင့်မောင်လည်း နှုတ်ဖြင့် မမေးနိုင်၍ မျက်ရိပ်တစ်ချက်ပြကာ ထပ်မံမေးမှပင် “သူ့ဟာနဲ့သူ တော်တော်အေးအေးချမ်းချမ်းဖြစ်သွား ပါပြီကွာ လဲ့လဲ့လည်း သူ့အိမ်ပြန်ရောက်နေပြီ ပြီး"

နို့ သူ့ကိစ္စကကော” ဟု၍ မေးလိုက်သောအသံမှာ လေသံမျှ သာဖြစ်၏။

သူ့ကိစ္စလည်း ပြီးသွားပြီလေ ကွာလိုက်ကြပြီ ချောချော မောမော့ပါပဲ၊ ထောင်ထဲလိုက်ပြီး တရားသူကြီးရှေ့မှာပဲ ကွာလိုက် တယ်။ ဟိုကလည်း သူမှားတဲ့အကြောင်း မင့်ကိုအမှန်ပဲ အထင်လွဲတာလည်း တစ်ကြောင်း၊ နဂိုကလည်း မင့်အပေါ်မှာ မကျေမနပ် ဖြစ်တာကလည်း တစ်ကြောင်းပေါ့ကွာ၊ အဲဒါ ရိုက်ခိုင်းလိုက်မိတဲ့ အကြောင်း ပြောပြလို့ တရားသူကြီးလည်း အကုန်ရေးမှတ်ယူ ထားတယ်၊ မင်း မြန်မြန်သက်သာရင် သူတို့လည်း တော်တော် အပြစ်ပေါ့ပေါ့

ရကြမှာပေါ့ကွာ၊ မင်းမြန်မြန် သက်သာအောင် ကြိုးစားဖို့ပဲ"

ကိုမြင့်မောင်လည်း ခေါင်းညိတ်ပြလေ၏။ ကြိုးစားမယ်ဟူ၍ နှုတ်မှ မပွင့်တပွင့်သာ ပြောနိုင်လေ၏။ ထားမှာ မျက်ရည်များရစ်ဝဲ နေကာ လည်ချောင်းထဲ၌ ဆို့တက်လာသော အလုံးကို အမှတ်တမဲ့ မျိုချရလေ၏။

ကဲ ထားပြန်ချင်ပြန်တော့၊ ကိုယ်တော့ ဆရာမခေါ်ပြီး မြို့ထဲ သွားရဦးမယ်" ဟု ပြောသဖြင့် ထွက်၍လာခဲ့ရသော်လည်း ကိုမြင့်မောင်၏ သနားဖွယ်ရာကောင်းသောအဖြစ်အပျက်ကို ကရုဏာ သက်၍မဆုံးဖြစ်မိကာ အိမ်ပြန်ရောက်လျှင်ရောက်ချင်း ညီမဖြစ်သူအား မြင်ခဲ့ကြားခဲ့သမျှ အကြောင်းစုံကို ပြန်လှန် ပြောပြရင်း စုတ်တသပ်သပ် ဖြစ်နေလေ၏။ နုမှာကား ထိုစကားများကို ကြားရလေလေ နီးလျက်နှင့် ဝေးရကာ ဆေးရုံသို့ မိမိတစ်ခါတစ်ခေါက်မျှ မရောက်ရခြင်း၊ ရောက်လိုကြောင်း ဖွင့်ပြောရမည်ကို ဝန်လေးနေရာတွင် လူကြီးနှစ်ယောက်စလုံး သွားနေက မိမိမှာ အပါလေးနှင့် အိမ်ထောင်ကို ထိန်းသိမ်းစောင့်ရှောက်နေရခြင်းတို့အတွက် များစွာ စိတ်မသက်မသာ ဖြစ်နေရှာလေ၏။

ထားထွက်သွား၍ မကြာမီတွင် ဆေးများထည့်၍ ပြီးစီးပြီ ဖြစ်သဖြင့် ကိုထွန်းဝေလည်း နှုတ်ဆက်သွားသောကြောင့် အသာပင် မိန်းကာ ကျန်ရစ်ခဲ့လေ၏။ ယခုလို ဝေဒနာမျိုး ခံစားရလျက် စိတ်အလုပ်ကို အနည်းငယ်မျှ မပေးထိုက်ကြောင်း ကောင်းစွာ သိသော်လည်း ဖြစ်လာသောအကြောင်းတို့မှာ စဉ်းစားဖွယ်ရာချည်း ဖြစ်နေသောကြောင့် မစဉ်းစားမတွေးတောဘဲ မနေနိုင်သည့်အတိုင်း စောစောက ကိုထွန်းဝေပြောသွားသော လှဲ့လှဲ့၏သတင်းကို ပြန်လည် စဉ်းစားလျက်သာ ရှိနေလေ၏။ ကြားရသောသတင်းများမှာ မကောင်းလှသော်လည်း လှဲ့လှဲ့မှာ လက်ထပ်ပြီး နောက်တစ်နေ့ကတည်းကပင် ကိုဘဇံကို မပေါင်းဖို့ စိတ်ပိုင်းဖြတ်ထားသည့်အကြောင်း ပြည်က တည်းကပင် ကြားခဲ့ရပြီဖြစ်၍ လှဲ့လှဲ့အတွက် ယခုကဲ့သို့ လွတ်ကင်း သွားပြီဆိုလျှင် လှဲ့လှဲ့ဝမ်းမြောက်ပျော်ရွှင်သည့်နည်းအတူ မိမိတို့ကလည်း အားရကြဖို့ပင်ရှိသည်။ သို့သော် လင်မယားကွဲလျှင် မည်သည့်အကြောင်းကြောင့်ပင်ကွဲကွဲ အားရဝမ်းသာ ဖြစ်ခြင်းငှာ မသင့်ဟု စဉ်းစားနေစဉ် ဖြည်းညင်းစွာ ဝင်လာလျက်ရှိသော ခြေသံကို ကြားလိုက်ရလျက် တစ်ခန်းလုံး ရုတ်တရက် သင်းခနဲ ကြိုင်သွားသော အမွှေးနံ့သာကိုရှူရှိုက်လိုက်ရသည့်အတွက် မည်သူ များနည်းဟူ၍ မျက်လုံးကလေးကို အသာဖွင့်ကာ အသံလာရာဆီသို့လှမ်း၍ ကြည့်လိုက်လေ၏။

သို့သော် သဲကွဲစွာမမြင်ရ၊ မိန်းမသဏ္ဌာန်တစ်ခု ချဉ်းကပ် လာလျက်ရှိသည်ကိုသာ ဝိုးတိုးဝါးတား မြင်ရသဖြင့် မည်သို့ပြုလုပ် ပြောဆိုရမည် မသိဖြစ်နေစဉ် ထိုသူလည်း မိမိအနားရှိ ကုလားထိုင်တွင် ဝင်၍ ထိုင်မှ အခြားမဟုတ်၊

မိမိ ယခုစဉ်းစားလျက်ရှိသော လွဲလွဲပင်ဖြစ်နေသည်ကို တွေ့ရလေ၏။

လွဲလွဲလည်း ကုလားထိုင်ကို ရှေ့သို့ တိုးလိုက်ပြီးလျှင် ကိုယ် ကလေးကိုပါ ရှေ့သို့ ကိုင်းညွှတ်ကာ "ဘယ့်နှယ်နေသေးသလဲ ကိုမြင့်မောင် တော်တော်သက်သာသွားပလား" ဟု မေးမေးပြောပြော ပင် လက်ကလေးဖြင့် လှမ်း၍ပတ်တီးစည်းထားရာသို့ ယုယညင်သာစွာ ကိုင်တွယ်စမ်းသပ်နေသည့်အတွက် ရုတ်တရက် တစ်ကိုယ်လုံး စိမ့်ခနဲဖြစ်သွားကာ ဘာပြောရမည်မသိ ဖြစ်နေမိလေ၏။

လွဲလွဲ၏ လက်ကလေးများသည် ပတ်တီးဆီမှ မိမိ၏နှစ်ဖက်သော ပါးပြင်ဆီသို့ ညင်သာစွာဆင်းသက်လာကြပြီးလျှင် ယုယုယယ ပွတ်သပ်နေကြရာ ကိုမြင့်မောင်က ဤမိန်းကလေး တစ်ယောက်၏ လက်များသည် ဤမျှလောက် နူးညံ့ပျော့ပျောင်း ပါလျက်နှင့် ထိရုံ ပွတ်သပ်ရုံမျှဖြင့် မိမိ၏ခန္ဓာကိုယ်ကြီးတစ်ခုလုံး တသိမ့်သိမ့် တစိမ့်စိမ့်နှင့် ထူးခြားစွာလှုပ်ရှားနေအောင် အဘယ်ကြောင့် ဤမျှလောက် စွမ်းဆောင်နိုင်ပါသနည်းဟု စဉ်းစားနေရကား မေးလိုက်သောမေးခွန်းကို ဖြေဖို့သတိမရဘဲ ရှိနေလေ၏။

ဤတွင် လွဲလွဲလည်း ပိုမိုပူပင်ကြောင့်ကြလာသည့်အလား မိမိမျက်နှာအနီးသို့ ၎င်း၏မျက်နှာကလေးကို နီးကပ်စွာထားပြီးလျှင် မိမိ၏ဒဏ်ရာဝေဒနာအခြေအနေကို စူးစိုက်၍ အကဲခတ်နေသဖြင့် မျက်လုံးကိုပင်ဖွင့်မထားရဲဖြစ်ကာ အသာမှိတ်လိုက်ရလေ၏။ သို့သော် လွဲလွဲ၏နှာခေါင်းကလေးမှ ထွက်သက်လေကလေးသည် မိမိ၏နဖူးပြင်ကို အချက်ကျကျ တိုက်ခတ်နေလျက် မွှေးကြိုင်သင်းပျံ့သောရနံ့ ကလေးလည်း မိမိ၏နှာခေါင်းအတွင်းမှ တစ်ကိုယ်လုံးသို့ ပျံ့နှံ့ဝင်ရောက်ကာ မိမိအဖို့ အားသစ် လောင်းပေးနေသည်ဟု ထင်မှတ် ရလေ၏။

ယခုမှ မဟုတ်၊ ပထမအကြိမ် လူငယ်များအသင်း ညွှံခံပွဲ၌ တွေ့မြင်ရစဉ်ကပင် လွဲလွဲအား အကြိမ်ကြိမ် အဖန်ဖန် အပြန်ပြန် အတုံ့တုံ့ ကြည့်ခဲ့မိဖူးလျက် ထိုညက မိမိ၏ စိတ်များသည် ထူးခြားစွာ လှုပ်ရှားခဲ့သည်ကို ပြန်လည်သတိရမိလေ၏။ ထိုအကြိမ်ကမူ နှစ်သိမ့်ခြင်းမဖြစ် ပူပန်ခြင်းသာလျှင် ဖြစ်ခဲ့၏။ ယခုမူ အဘယ့်ကြောင့်ဟူ၍ မသိ ပူပန်ခြင်းအလျှင်းမရှိ၊ နှစ်သိမ့်ခြင်းသာလျှင် ဖြစ်နေလေ၏။ ထိုအတွင်း မိမိ၏ကိုယ်ကို လက်ကလေးဖြင့် အသာအယာကိုင်လှုပ်ကာ "ကိုမြင့်မောင်" ဟူ၍ အလွန်ကြည်လင် သာယာလှစွာသော အသံကလေးဖြင့် ခေါ်နေသည်နှင့် မျက်လုံးကိုဖွင့်ကာ "ခင်ဗျာ" ဟူ၍ ထူးလိုက်ရာ လွဲလွဲလည်း မျက်နှာကလေးကို နောက်သို့မဆုတ်လိုက်ဘဲ ကပ်မြဲကပ်ထားလျက် "သက်သာပလား"ဟု မေးနေ၍ "ဟုတ်ကဲ့" ဟု ခေါင်းလည်းညိတ်၊ နှုတ်မှလည်း ထုတ်၍ ပြောကြားလိုက်လေ၏။

ဝမ်းသာလိုက်တာ ကိုမြင့်မောင်ရယ်၊ လွဲလွဲဖြင့် တထိတ်ထိတ်ပဲ၊ လွဲလွဲ ဘယ်နှခေါက်ရှိပြီလဲ လာလိုက်ရတာ၊ တစ်ခါလာလည်း သတိမရ၊ တစ်ခါလာလည်း သတိမရနဲ့ အခုတောင် သတိရခါရှိသေးတယ်။ မမထားတို့လည်း အခုပဲပြန်သွားကြတယ်လို့ ဆရာမ ကပြောလိုက်လို့ ဒီလိုဖြင့် စကားတောင်ပြောရမလားလို့။ ကိုမြင့်မောင်သက်သာပြီနော် ဝမ်းသာလိုက်တာကိုမြင့်မောင်၊ လွဲလွဲတော့ အခုမှပဲ အလုံးကြီး ကျသွားတာပဲ" ဟု အကယ်ပင် ဝမ်းမြောက်ဝမ်းသာ ဖြစ်နေသည့်အမူအရာဖြင့် အားပါးတရ ပြောနေသည့် အတွက် ကိုမြင့်မောင်လည်း လွဲလွဲ၏ အမူအရာကလေးများကို ကြည့်ကောင်း ကောင်းရှိတိုင်း အသာပင် ကြည့်နေမိလေ၏။

"ကိုမြင့်မောင်ဆီ လွဲလွဲ တောင်းပန်ရအောင် လာတာပဲ" ကိုမြင့်မောင် လွဲလွဲကို အကြီးအကျယ် စိတ်နာမသွားဘူးလား၊ လွဲလွဲ သိပ်မိုက်တယ်၊ သူတို့စကားကိုနားထောင်မိတာ၊ ကိုမြင့်မောင်ကို ဟို လူငယ်များအသင်း ညှော်ခံပွဲ ညစာစားပွဲမှာ တွေ့ကတည်းက လွဲလွဲ စိတ်ထဲမှာ တော်တော်သနားသွားတယ်၊ ဒါပေမဲ့ သူတို့တွေရဲ့ အကြံစုတ် အကြံပုပ်တွေကို လွဲလွဲ လုံးဝမသိလို့ ကိုမြင့်မောင်ကို သိပ်အထင်လွဲသွားမိတယ်၊ အဲဒါတွေလည်း တောင်းပန်ချင်လို့

"ပြီး ပြီး""တောင်းပန်ဖို့မလိုပါဘူး၊ ကိုမြင့်မောင်ခွင့်လွှတ်ပြီးသားပဲ" ဟု ပြောထွက်မိရာ လွဲလွဲလည်း " ဟုတ်ပါတယ်လေ ကိုမြင့်မောင်ရဲ့စိတ်ကို လွဲလွဲသိပါတယ်၊ ဒါတင်မဟုတ်ဘူး လွဲလွဲ အထူးတောင်းပန်ချင်တာ တစ်ခုရှိသေးတယ်"

လွဲလွဲ၏ ကြည်လင်စူးရှသော မျက်လုံးကလေးများသည် ကိုမြင့်မောင်အား စိုးရိမ်သလိုလို အတန်ကြာပင် အကဲခတ်သကဲ့သို့ စူးစိုက်ကြည့်ရှုနေပြီးမှ မျက်လွှာကလေးကို အသာချလိုက်ကာ "ကိုမြင့်မောင် ဘယ်ကိုမှ မသွားတော့ပါဘူးလို့ လွဲလွဲကို ကတိမပေး နိုင်ဘူးလား" ဟူ၍ ဖြည်းညင်းစွာ မေးသည်ကို ကြားရလေ၏။

ကိုမြင့်မောင်လည်း လွဲလွဲ၏ အမူအရာကလေးကို စူးစိုက် ကြည့်ရှုကာ ငြင်းဖို့ရန် ခက်နေသည်နှင့်အမျှ ကတိပေးရန်လည်းခက်နေသည်ကို တွေ့ရသဖြင့် တစ်စုံတစ်ရာမပြောဘဲ လွဲလွဲအား ကြည့်၍သာနေရာ လွဲလွဲ၏ ကြည်လင်သော မျက်လုံးကလေးများမှာ ရုတ်တရက် စိုစွတ်လာလိုက်၊ အသံကလေးလည်း တုန်ယင်လာပြီးလျှင် "ဘယ့်နှယ်လဲ ကိုမြင့်မောင် ကတိမပေးနိုင်ဘူးလား" ဟူ၍ မေးသည်ကို သိရကြားရလေ၏။

ကိုမြင့်မောင်လည်း ဤတွင် သာ၍အကျပ်ကြုံတွေ့ကာ ဘာပြောရမည်ကိုသာ၍ပင် မသိဖြစ်နေလေ၏။ လွဲလွဲလည်း အလွန် တုန်ယင်သော

အသံကလေးဖြင့်ပင် "လဲ့လဲ့ကတော့ ရှေ့ရေးကို အကုန်စီစဉ်ပြီးပြီ ကိုမြင့်မောင်။ လဲ့လဲ့ကိုတော့ မငြင်းတန်ရာဘူးလို့ ယုံစားပြီးတော့ စီစဉ်ထားမိတာပဲ၊ ကိုမြင့်မောင် စိတ်သဘောကျ လဲ့လဲ့တို့စက်ကြီးက အလုပ်သမားတွေကို ထားဖို့ဘာဖို့ကအစ အို အကုန်ပါပဲလေ၊ လဲ့လဲ့ ဖွင့်ပြောနေရရင် ပိုပြီးဝမ်းနည်းဖို့သာ ရှိမှာပဲ၊ ဟိုတုန်းက ပြစ်မှားမိသမျှ အတွက်ရော၊ လဲ့လဲ့အသက်ကို ပါ ကယ်ဆယ်ခဲ့ဖူးတဲ့အတွက်ရော အို မပြောချင်ပါဘူးလေ၊ လဲ့လဲ့ကံပဲ ကံပဲ" ဟုပြောရင်း ပြောရင်း မျက်ရည်များကျဆင်းကာ ရှိုက်၍ ရှိုက်၍ငိုနေသောကြောင့် ကိုမြင့်မောင်လည်း ဘာလုပ်မိသည်မသိ၊ လဲ့လဲ့၏ လက်ကလေးကို လှမ်း၍ ဆွဲယူမိပြီးလျှင် "လဲ့လဲ့ လဲ့လဲ့" ဟု အသာကိုင်၍ လှုပ်ဆွဲရင်း ခေါ်မိလေ၏။

လဲ့လဲ့လည်း ငုံ့နေသော ဦးခေါင်းကလေးကို ဖော်ကာ ကိုမြင့်မောင် ဘာပြောမည်နည်းဟု မရဲတရဲ စိုရွှဲနေသော မျက်ရည်အတိ ပြည့်လျှမ်းသည့်မျက်စိဖြင့် ကြည့်လိုက်သောအခါ ကိုမြင့်မောင် မှာ ဘာမျှ ထပ်၍မပြော၊ မျက်နှာများပျက်လျက်ရှိသည်ကိုသာတွေ့ရ လေ၏။

"ဘယ့်နှယ်လဲ ကိုမြင့်မောင် လဲ့လဲ့အစီအစဉ်တွေကို အကုန် လုံး ဖျက်ပစ်လိုက်ရမှာလား" ဟု ထပ်၍ မေးလိုက်မှ "လဲ့လဲ့ လဲ့လဲ့ ကို လူတကာကဲ့ရဲ့မှာ မကြောက်ဘူးလား" ဟု စကားထွက်လာသဖြင့် "ကို ကိုမြင့်မောင်သာ လဲ့လဲ့အနားမှာဆိုရင် လဲ့လဲ့ ဒီကမ္ဘာကြီးတစ် ခုလုံးနဲ့ စစ်ပြိုင်ရ ပြိုင်ရ ပြိုင်ရဲပါတယ်၊ ကိုမြင့်မောင်ကို လဲ့လဲ့ တစ်သက်လုံး စောင့်ရှောက်ရမယ်ဆိုရင်လား လဲ့လဲ့ ဘာနဲ့ပဲ လဲရလဲရ လဲ့လဲ့ မတုန်လှုပ်ပါဘူး၊ ယုံပါ ကိုမြင့်မောင် လဲ့လဲ့ဟာ အင်မတန် အင်မတန်"

လဲ့လဲ့မှာ ဆက်ပြောရန် စကားကို ရုတ်တရက် စဉ်းစား၍ မရသဖြင့် ဆက်ပြောဖို့ ခက်နေသည်ကို ကိုမြင့်မောင်လည်း ပြုံး၍ ကြည့်ရင်း "ဘာဖြစ်လဲ မုန်းတယ်လား" ဟု ထပ်မေးလိုက်ရာ "ဟုတ်တယ် မုန်တယ် ဒါကြောင့် ခုလိုလာပြီးပြောနေတာပေါ့"ဟုပြောလျက် မျက်စောင်းကလေးချီကာ ပြုံးနေလေ၏။ ထို့နောက်မှ "ကဲ လဲ့လဲ့ လည်း စိတ်ချတော့မယ်နော်၊ ကိုမြင့်မောင် ဒီတစ်ခါတော့ ဘယ်မှ မပြေးရဘူး၊ စက်ထဲက ကိုဘိုးသာကြီးတို့ကိုလည်း လဲ့လဲ့ ပြောလိုက် တော့မယ်၊ သူတို့လည်း ထကကြမှာပဲ၊ မြန်မြန် သက်သာစေချင်လှ ပါပြီ၊ သက်သာရင် တစ်ခါတည်း အိမ်ကိုခေါ်သွားမှာပဲ၊ ဖေဖေနဲ့ မေမေကလည်း မငြင်းပါဘူး၊ သမီးသဘောတစ်ခုပဲတဲ့၊ ဒီလိုကြားလိုက်ရတော့ လဲ့လဲ့ စိတ်ကူးနဲ့ပျော်လိုက်ရတာလေ"ဟု ပြောရင်း ပြောရင်း မိမိ၏ ပျော်ရွှင်မှုကို ကိုမြင့်မောင်အား ကူးစက်စေချင် ဘိသည့်အလား မျက်နှာကလေးကို ကိုမြင့်မောင်မျက်နှာနှင့် အပ်လိုက်သည်နှင့်တစ်ပြိုင်နက် ကိုမြင့်မောင်လည်း ဤတစ်သက်တွင် မကြုံဖူးသောသာယာခြင်းဖြင့် သာယာသွားကာ

ဝေဒနာမှာလည်းလျှင်မြန်စွာသက်သာလာသည်ဟု မှတ်ထင်လိုက်ရလေသတည်း။

# [၂၆]

## အလင်းနှင့် အမှောင်

လွဲလွဲမှာ ဆေးရုံမှမလွဲသာလွန်းသည့် အချိန်ကျရောက်လာ၍ သာ အနိုင်နိုင်ခွဲထွက်လာခဲ့ရလေ၏။ နုတို့ဆီဝင်နေလျှင် ရှေ့နေရေး ထိုင်ရေးများကို အမြန်ဆုံးစီစဉ်ထားရန်နှင့် အချိန်နှောင်းနေ မည်စိုးသောကြောင့်လည်းကောင်း၊ ဝမ်းသာဖွယ်ရာအကြောင်းများကို ကိုယ့်အိပ်ရာထဲတွင်ပင် ကိုယ့်တစ်ယောက်တည်း အားရပါးရစဉ်းစားကာ ဝဝကြီး စမြုံ့ပြန်လိုသောကြောင့်လည်းကောင်း၊ တစ်ခါတည်း သုံးဆယ်ဘက်သို့ တောက်လျှောက်ပြန်လာခဲ့လေ၏။

သွားစဉ်က စိတ်ထဲတွင် မတင်မကျ ပူပင်သောကကြီးရောက် ခဲ့ရသလောက် ယခုအပြန်တွင်မူ တစ်သက်၌ တစ်ခါဖူးမှ မရွှင်လန်း ဖူးသေးသော ရွှင်လန်းခြင်းမျိုးဖြင့် ရွှင်လန်းလျက် လေထဲတွင် အလိုက်သင့် လွင့်ပျံပျော်မြူးနေသော ရွှေလိပ်ပြာကလေးသဖွယ် အလွန်လျှင် ပေါ့ပါးနေသည်ဟု မှတ်ထင်သာယာနေမိလေ၏။

အိမ်သို့ရောက်သောအခါ အိပ်ရာခန်းထဲသို့ ပြေးဝင်လျက် ကိုယ်လုံးပေါ်မှန်ကြီးရှေ့တွင် မိမိကိုယ်ကို အပြန်ပြန်အလှန်လှန်ကြည့် ရှုလိုက်ရာ ဤမျှလောက် လှပနေသောအဖြစ်ကို မိမိကိုယ်တိုင်ပင် လျှင်လည်း မဖြစ်စဖူးဟူ၍ ထင်မှတ်မိကာ စူးစူးစိုက်စိုက်မျက်တောင်မျှ မခတ်ဘဲ အတန်ကြာပင် ကြည့်ရှုနေမိလေ၏။ ကိုမြင့်မောင်ကဲ့သို့ အလွန်မွန်မြတ်လှသော ယောကျ်ားကောင်းပုဂ္ဂိုလ်မြတ် စင်စစ်တစ်ဦးမှာ မိမိကဲ့သို့သော တစ်ခုလပ်မကလေးနှင့် ပေါင်းသင်းရသည်ဆိုလျှင် အဘယ်မျှ စက်စက်ယိုအောင် လှနေစေကာမူ တစ်ပန်းရှုံးနေရှာ တော့မည်၊ သို့သော် မိမိ၏အပျိုဘဝတည်းဟူသော ပန်းဦးကလေးကို ထိုမျှလောက် မွန်မြတ်လှသော ပုဂ္ဂိုလ်တစ်ဦးအား စောစောက မပေးအပ်နိုင်ခဲ့သည်မှန်သော်လည်း ယခုမူ တစ်ပင်လုံး ပွင့်သမျှကို သဘောရှိဆွတ်ချူဖို့ ပေးအပ်နိုင်မည်ရှိခြင်းကိုပင် ဝမ်းမြောက်ရတော့ မည်ဖြစ်ရကား မှန်ကြီးထဲတွင် တစ်ချက်မျှ ထပ်မံ၍ မိမိကိုယ်ကို ကြည့်လိုက်ပြီးနောက် တစ်ပေခန့် ထူထဲသောမွေ့ရာကြီးပေါ်သို့ ပစ်လှဲ လိုက်လေ၏။

ထိုအခိုက် "မမ မမ ဧည့်သည်လာနေတယ်၊ တံခါးဖွင့်ပါဦး" ဟု အပြင်မှ ပြောသံကြားရသဖြင့် များစွာဒေါသဖြစ်ကာ ဆောင့် ဆောင့် အောင့်အောင့်နှင့် ထွက်လာပြီးလျှင် "ရှုပ်လိုက်ကြတာအေ၊ တကတည်း ဘယ်ကဧည့်သည်လဲ၊ ကြည့်ပြောလိုက်ရောပေါ့" ဟု ငေါက်ငေါက်ငမ်းငမ်း မေးမြန်းပြောဆိုသည့်အတွက် "ဒီက မနေ့ တစ်နေ့က ပြောင်းသွားတဲ့ဆရာဝန်ကတော်ပါ မမရဲ့" ဟု လာ၍

ခေါ်သူက ပြောလိုက်ရာ လဲ့လဲ့မှာ ရုတ်တရက် မျက်လုံးမျက်ဆန် ပြူးသွားပြီးလျှင်“ဟော” ဟူသည့်မှတစ်ပါး ဟစ်စုံတစ်ရာ ဆက်လက် မပြောနိုင် ဖြစ်နေလေ၏။

“အောက်မှာ မမရဲ့၊ စောင့်နေကြတယ်” ဟု ပြောမှ ဆင်း တွေ့ရန် သတိရကာ ဆင်းလာခဲ့လေ၏။

အမယ်လေး ညီမရယ်၊ တွေ့မှတွေ့ပါမလားလို့ ထထိတ် ထိတ်နဲ့” ဟု အကြော့က အားရဝမ်းသာ ပြောနေရှာသော်လည်း လဲ့လဲ့မှာကား ဝမ်းသာသည့် အမူအရာကိုမပြနိုင်၊ မပြသဘဲရှိသဖြင့် အကြော့လည်း ရုတ်တရက် သတိပြုမိသည့်အတိုင်း “ဘာဖြစ်လို့လဲ၊ ညီမရဲ့၊ ကြည့်ရတာ” ဟု ဆိုလိုက်မှ မိမိဟန်ပျက်ခြင်းကို အမြင် တစ်မျိုး ပြင်လိုက်ရာ

အစ်မကြီးက ဘာမှအကြောင်းမကြားဘဲကိုး၊ လဲ့လဲ့ အံ့သြ သွားတာပေါ့၊ မနေ့တစ်နေ့ကပြောင်းပြီး အခုပြန်ရောက်တယ်ဆိုတော့”

ဟုတ်တယ် လဲ့လဲ့ရဲ့၊ ဟိုလည်းရောက်ရော အရင် လဲ့လဲ့ကို ပြောဖူးပါရောလား၊ သူကလည်း အတော်စောင့်ရှာက်၊ သူ့ကိုလည်း ဟိုရွာကလေးမှာ အတော်ပဲ ပြုစုလိုက်တယ်ဆိုတဲ့ မခင်လှလေ၊ မခင်လှ ရုတ်တရက် ကောက်ရသလိုဖျားပြီးဆုံးရှာတယ်လို့ သံကြိုးစာ လာတာနဲ့ လိုက်လာရတာပေါ့။ ဒေါ်လေးကတော့ မထူးပါဘူးအေ၊ လိုက်လည်း ဘာထူးမှာလဲလို့ ပြောပေမယ့် ဒီလည်း ဝင်ချင်တာနဲ့ အတင်းဇွတ်ခေါ်ပြီး လိုက်ခဲ့တာပဲ၊ မနေ့ကပဲ သင်္ဂြိုဟ်လိုက်တယ်၊ အသွားတုန်းကတော့ မဝင်နိုင်ဘူးလေ။ ဟိုရောက်ဖို့သာ အရေးကြီး နေတာကိုး၊ ဒီတော့ အပြန်မှပဲ ဝင်မယ်လို့ မှန်းပြီး အပြန်ရထားနဲ့ မပြန်ဘဲ ရန်ကုန်အထိ ကားတစ်စင်းငှားလိုက်တာပဲ။ ညီမလေး လာနှုတ်ဆက်သွားပါရောလား၊ ဟိုနေ့ကလေ တောခဏ သွားဦးမယ် ဆိုတာလေ၊ အဲဒီနောက် သွားခါနီး အစ်မကြီးတို့တစ်ခေါက်၊ လာသေးတယ်၊ ဘယ်သူမှ မရှိကြဘူးဆိုတာနဲ့ နှုတ်မဆက်ရဘဲ မီးရထားဆင်းသွားရတာပဲ"

လဲ့လဲ့မှာ တစ်ခွန်းမျှ ဝင်၍မထောက်နိုင်၊ သာမန်အားဖြင့် ဆိုလျှင် ယခုကဲ့သို့ ပြန်လည်၍ မမျှော်လင့်ဘဲ တွေ့ဆုံရခြင်းအတွက် ဝမ်းမြောက်ဖို့ပင် ဖြစ်သော်လည်း ပြုံးယောင်သာ ဆောင်နေရစေကာမူ ဝမ်းမသာ၊ မြန်မြန်သာလျှင် ဤသုံးဆယ်နယ်မြေမှ ထွက်ခွာသွားစေလိုသောစိတ် ရှိနေလေ၏။

မိမိ ထွက်ပြေးခြင်းဖြစ်ကြောင်းကိုမသိ၊ ကိုဘဇံနှင့် ကွာကြ ရှင်းကြသည်ကိုလည်း ကြားဟန်မတူ၊ ထို့ထက် သူယခု သာယာဝတီ ဆေးရုံပေါ်၌ တက်ရောက်နေရပြီးလျှင် လွန်ခဲ့သည့် နာရီအနည်းငယ် ကပင် မိမိ၏ အပြုအစုကို တစ်သက်လုံးခံယူရန် သဘောတူလိုက် ခြင်းကိုလည်း လုံးဝမရိပ်မိရှာ၊

အကြော့ခမျာမှာ များစွာ သနား ဖွယ်ပင်ဖြစ်၍ သနားမိသော်လည်း တစ်ခုကိုပြောလျှင် အခြား တစ်ခုကို ဆက်ကာ ပေါ်သွားမည်စိုး၍ ဘာမျှမပြောဝံ့ဖြစ်ပြီးလျှင် ပြောသမျှကိုသာ နားစိုက်ထောင်နေရလေ၏။

အစ်မကြီးတော့ သွားသာသွားရတယ်၊ နည်းနည်းမှ မခွဲချင် ဘူး၊ သူနေသွားတဲ့ နေရာကလေးပဲရယ်လို့ဆိုပြီး ဖြေဖျော်နေရတုန်း ဗြုံးဆို ပြောင်းရတာကိုး၊ ဟိုမှာဆိုတော့ သူ့ကိုတွေ့ဖို့ ဒီတစ်သက်မှာ မျှော်လင့်ချက် မထားနိုင်တော့ဘူး၊ ကံကိုက အင်မတန်ဆိုးပါတယ် ညီမရယ်” ဟု ပြောကာ ရှိုက်သံကလေးပါလာသောကြောင့် ဒေါ်လေး ဖြစ်သူက “ခက်သကွယ် အကြော့ကလည်း၊ ကဲ ကဲ ခုလိုနဲ့ မပြီးသေးဘူး သွားကြဦးမှပဲ၊ မော်လမြိုင်ရထား မမီလိုက်ဘဲနေရင် ခက်လိမ့်မယ်” ဟု ပြောမှ လှဲ့လှဲ့လည်း သတိရကာ “မဟုတ်တာ ဒေါ်လေးရယ် ထမင်းစားပြီးမှ သွားမှပေါ့” ဟု တားနိုင်တော့လေ၏။

“စားခဲ့ပြီလေ စားပြီးမှ ထွက်လာကြတာပေါ့၊ ကဲထကွယ် သွားမယ် တူမရဲ့၊ အဒေါ်တို့ခရီးက မနီးတော့ တော်တော်နဲ့ တော်တော်တော့ ရောက်မှာမဟုတ်ဘူး၊ မောင်သက်ထွန်းပြောတော့ သူ့ကို ဟိုပြောင်းခိုင်းတုန်းက ပြောတယ်ဆိုပဲ၊ နောက်ကို ဘယ်မှ မပြောင်းရတော့ပါဘူး စိတ်သာချနေပါလို့၊ ကဲ ထကွယ် တူမကြီး”ဟုဆွဲပြီးထူတော့မတတ် အတင်းခေါ်နေ၍ လှဲ့လှဲ့လည်း “အို ထမင်း မစားရင် ကာဖီလေးရင်လည်း သောက်သွားကြဦးမှပေါ့”ဟု ပြောဆို တားမြစ်လေ၏။

သို့သော် ဒေါ်လေးကားတား၍မရ၊ အကြော့အား တွင်တွင် သာလျှင်ခေါ်ပြီး ကားဆီသို့ ထွက်သွားကြသဖြင့် ကားထွက်သွားသည် အထိ လိုက်ပို့ရင်း စကားကို အလိုက်သင့် ပြောဆိုနေရလေ၏။

အကြော့ များစွာစိတ်မချမ်းသာသောအမူအရာကလေးဖြင့် လိုက်ပါသွားသည်ကို တွေ့ရသောအခါ မိမိ မပြောလိုက်မိခြင်း အတွက်ပင် စိတ်မကောင်းသလိုလို ဖြစ်မိလေ၏။ သို့သော် ပြောလိုက် လျှင်လည်း မဖြစ်၊ မည်သည့်နည်းနှင့်မျှ မဖြစ်ရကား အကြော့တို့ ယခုကဲ့သို့ လာရောက်သွားခြင်းအကြောင်းကိုပင် မည်သူ့အားမျှ မပြောကြားဘဲ ဖုံးဖိထားရန် အကြံပြုလိုက်ရလေ၏။

အကြော့ကား ကိုထွန်းဝေတို့ မိမိ ပြည်တွင်ရှိစဉ်က ရိုက်ကြားလိုက်သော ကိုမြင့်မောင် ထွက်ပြေးသည့် ကြေးနန်းကို မြင်တွေ့ ရဟန်မတူ၊ ကိုသက်ထွန်းသည် မပြဘဲ ဖုံးဖိထားသဖြင့်သာ မသိ၍ ယခုကဲ့သို့ တစ်စုံတစ်ရာ ထွေထွေထူးထူးမပြောဘဲ လိုက်ပါ သွားခြင်းဖြစ်သည်။ အကယ်၍ ဤနယ်တစ်ဝိုက်၌ သူရောက်နေ ကြောင်းကိုသာ သိရက ယခုလို အခါအခွင့်ကြုံခိုက်တွင် မတွေ့ မချင်းရှာ၍ ကြည့်ပေလိမ့်မည်ဟုတွေးမိကာ အကြော့အတွက် များစွာ ကရုဏာ

သက်မိလေ၏။

သို့သော် ပြီးသောကိစ္စမှာ ပြီးပြီဖြစ်လျက် စိတ်မကောင်းနေ၍လည်း ထူးတော့မည်မဟုတ်သဖြင့် အိမ်ပေါ်သို့ ပြန်လည်တက် ရောက်လာခဲ့ပြီးလျှင် အိပ်ရာပေါ်တွင် ဝင်၍ လှဲလိုက်ပြီးနောက် မိမိ၏အလွန်ဆန်းကြယ်လှသော ကံကြမ္မာ၊ အထူးသဖြင့် ကိုမြင့်မောင်နှင့် မိမိတို့၏ အလွန့်အလွန် ဆန်းကြယ်လှသော နဖူးစာကို အံ့ဩရင်း စောစောက ကိုမြင့်မောင်နှင့် ပြောခဲ့ရသော စကားရပ်များ၊ ထိတွေ့ ခဲ့ရသော အာရုံများကို ပြန်လည်ထင်မြင် ဝင်စားလျက် ရွှင်အား သန်မြဲ သန်နေမိလေ၏။

အချိန်အတော်ကြာသွားမှ ထ၍ရေမိုးချိုးပြီးလျှင် စီစဉ်ရန်ရှိသမျှ စီစဉ်နေလေ၏။ ကိုမြင့်မောင်အား ပြောခဲ့ပြီးသည့်အတိုင်း ဆေးရုံမှ ထနိုင်လျှင်ထချင်း ရွှေ့ပြောင်းယူဆောင်လာခဲ့ရလျှင် မိမိ၏ အခန်းနှင့် ယှဉ်လျက် တစ်ဖက်မှ တစ်ဖက်သို့ အချိန်မရွေး ကူးနိုင်သည့်အခန်းထဲတွင်ပင် ထားရန် သေချာကျနစွာ ပြင်ဆင်ထားစေလေ၏။ သူဌေးကြီးနှင့်သူဌေးကတော်တို့မှာ ပေါက်သည့်နဖူး မထူးပြီ၊ သမီး စိတ်ချမ်းသာလျှင် လုပ်ချင်ရာလုပ်စေတော့ဟူ၍ လုံးဝစိတ်ပိုင်းဖြတ်ထားပြီးဖြစ်ရကား တစ်စုံတစ်ရာ မကန့်ကွက်ဘဲ တစ်ထောင့် တစ်ထောင့်မှ အသာပင် ကြည့်နေကြလေ၏။ စောစောကမူ သမက် ဖြစ်သူ၏အလွန်များကို မမြင်နိုင်သော်လည်း တစ်စတစ်စ တဖြည်းဖြည်းနှင့် အပြစ်အနာအဆာများ ပေါ်လာသည်ကို တွေ့ရသည့်အခါ သမီးသဘောတစ်ခုဟူသော အနေဖြင့်သာ အေးဆေးစွာ နေနိုင် ကြခြင်းဖြစ်လေ၏။

လုပ်ရင်းကိုင်ရင်းဖြင့် ညနေချမ်း နေဝင်ရီတရောအချိန်သို့ ရောက်လာ၍ သာယာဝတီဆေးရုံကြီးဆီသို့ ကားဖြင့်ထွက်လာခဲ့လေ၏။ ဆေးရုံသို့ရောက်သောအခါ မီးများပင်ထွန်းလျက်ရှိပြီဖြစ်၍ သူ့အခန်းထဲသို့ အသာကလေးခြေဖျားထောက်ကာ ဝင်သွားရာ သူ့မှာ ပြုံးယောင်ယောင် အမူအရာဖြင့် အိပ်ပျော်နေသကဲ့သို့ တွေ့ရသည်နှင့် ပထမသော် မိမိအား ကျီစားနေသည်အထင်ဖြင့် “ကြည့်ကြည့် လူကြီးက ရိုးသလိုလိုနဲ့ အတော်အလာသား” ဟူ၍ပင် ပြောမိလေ ၏။ သို့သော် အမူအရာမှာ ပြောင်းလဲခြင်းမရှိ၍ သေချာစွာ မျက်နှာ ချင်းအပ်၍ ကပ်ပြီးကြည့်လိုက်သောအခါ အသက်မှန်မှန်ရှူလျက် အမှန်ပင် အိပ်ပျော်နေသည်ကိုတွေ့ရသည်နှင့် ဘာလုပ်၍ ဘာလုပ်မိသည် မသိရသေးမီ မိမိ၏ နှာခေါင်းကလေးမှာ သူ၏ပါးပြင်ကို အမှတ်မဲ့ ပွတ်သပ်ပြီးဖြစ်နေလေ၏။ ဤတွင် မလုံသကဲ့သို့ ပတ်ဝန်း ကျင်ကိုကြည့်ကာ အပြင်သို့ ပြန်ထွက်လာခဲ့လေ၏။

ဆရာမကိုမေးသောအခါ ညနေက ဆရာဝန်ကြီးနှင့်ဆရာဝန် ကတော်တို့ လာရောက်ကြည့်ရှုသွားကြောင်း၊ ထွက်လာသောအခါ အနာကျက်လိုက်လာပြီ

ဖြစ်သည့်အပြင် နံနက်ဘက်ထက်/ ယခု အထူးလျှင်မြန်စွာ သက်သာလျက်ရှိနေသည်ကိုတွေ့ရကြောင်း ပြောဆိုသွားသည်ဟု ပြောလိုက်သည်နှင့် ကိုထွန်းဝေတို့ အိမ်ဆီသို့ ထွက်ခွာလာခဲ့လေ၏။

အိမ်သို့ရောက်သောအခါ ကိုထွန်းဝေနှင့် ထားတို့ မရှိ၊ စက်ရှင်မင်းကြီးအိမ်သို့ အလည်သွားသည်ဟု ဆိုသဖြင့် နု၏အခန်းဆီသို့ တက်လာခဲ့ရာ နုမှာ ကလေးသိပ်လျက်ရှိနေသည်ကို တွေ့ရလေ၏။ လဲ့လဲ့မှာ နု၏နားနားသို့ကပ်၍ လေသံဖြင့် "အိပ်ပျော် ရင်လည်း သိပ်ထားခဲ့ပါ၊ စကားပြောရအောင်" ဟုပြောလိုက်သည် တွင် နုလည်း ခေါင်းတစ်ချက်ညိတ်ကာ ကလေးကို အသာစောင်ခြုံ ပေးလျက် ထွက်လိုက်လာခဲ့လေ၏။

"ဘာလဲ လဲ့လဲ့ ဘာများထူးသလဲ၊ အမယ် ကြည့်စမ်း နုပဲ အကြည့်မှားလို့လားတော့ မသိဘူး၊ လဲ့လဲ့ ဒီနေ့ည သိပ်ချောတာပဲ၊

တစ်ခါမှ လဲ့လဲ့ ဒီလောက်ချောတာကို နု မမြင်ဖူးဘူး၊ ကိုဘဇံတော့ အတော့်ကို နှမြောရှာမှာ"

"အို တော်ပါ၊ သူ့အကြောင်း ထည့်မပြောစမ်းပါနဲ့၊ လဲ့လဲ့ ပြတ်ပြတ်ရှင်းရှင်း စိတ်ထဲမှာ ရှိစမ်းပါရစေ"

ဩော် ဒါကြောင့် ဒီနေ့အစွမ်းကုန် အပျိုလုပ်လာတာလား" ဟု နုလည်း မခံချင်မှန်းသိသည်နှင့် တိုး၍ စလိုက်လေ၏။

နုကို လဲ့လဲ့ ပြောစရာရှိလို့၊ လာလာ ဒီမှာတော့ မီးလင်း လွန်းအားကြီးတယ်၊ အပြင်ဘက်မှောင်ရိပ်ကျတဲ့နေရာ သွားရအောင်"

"အို တယ်ဆန်းနေပါကလား၊ မီးလင်းထဲမှာ မပြောကောင်း တဲ့ စကားများလည်း ရှိနေသေးသကိုး၊ ခက်ပါပြီ လဲ့လဲ့တစ်ယောက် လည်း"ဟုပြုံး၍ ပြောပြောဆိုဆို လဲ့လဲ့ခေါ်ဆောင်သွားရာ ဝရန်တာ မှောင်ရိပ်ကျကျနေရာသို့ လိုက်ပါသွားလေ၏။

လဲ့လဲ့လည်း တစ်စုံတစ်ရာမပြောသေးဘဲ ငြိမ်နေရာ "ကဲ ပြောလေ ဘာများလဲ" ဟုမေးလိုက်မှ "နု တစ်ယောက်တည်းပဲ သိပါစေဦးနော်၊ မမထားတို့ သိမသွားစေနဲ့ဦး၊ နုတစ်ယောက်တည်း ကိုသာ လဲ့လဲ့ ဦးဦးဖျားဖျား အသိပေးတာပါ"

"ဘာလဲဟေ့ နံပါတ် ၂ လား"

"လုပ်ပြီ နှောက်ဖို့ပဲကြည့်နေ၊ ဒီက အကောင်းပြောတာ လဲ့လဲ့ သူ့ကိုယူလိုက်တော့မယ်၊ သူကလည်း သဘောတူလိုက်ပြီ" ဟုပြောပြီး ရှေ့မဆက်ပဲ

ငြိမ်နေ၍ နုလည်း များစွာ အားမလို အားမရဖြစ်ကာ "ဆက်ပါကွ၊ သူ သူနဲ့ ဘယ်သူလဲ ရှင်းရှင်းပြောပါ" ဟု ခပ်ဆတ်ဆတ်မေးလိုက်မှ လဲ့လဲ့လည်း နု၏ လည်ပင်းကလေးကို ဖမ်း၍ ဖက်လိုက်ကာ နားနားသို့ကပ်၍ အမည်ကို တီးတိုးထုတ်ဖော်ပြောလိုက်လေ၏။

နုတွင် တစ်စုံတစ်ရာမပြောနိုင်၊ ကြီးစွာ အံ့အားသင့်လျက် ရှိနေမိလေ၏။ စောစောက ရယ်သွမ်းသွေးနိုင်သော်လည်း ယခုမူ ရယ်သွမ်းသွေးနိုင်ဖို့ ဝေးစွ၊ စကားတစ်ခွန်းမျှပင်မဟနိုင်ဖြစ်နေလေ၏။ တစ်ကိုယ်လုံးတွင် အဆောက်အအုံကြီးတစ်ခုမှ များလှစွာသော အရာတို့သည် တစ်ခုပြီးတစ်ခုအတုံးလိုက် အရုံးလိုက် လဲပြိုကျလျက် ရှိသည်ဟု ထင်ရလေ၏။ ထိုအရာများမှာ မည်သူ့မျှ အသိမပေးဘဲ တစ်ဦးတည်း စိတ်ကူးထုတ်လျက် ထူထောင်ထားသော မျှော်လင့်ချက် တိုင်ကလေးများ အမိုးအကာ အခင်းအကျင်းကလေးများဖြစ်လျက် အဆောက်အအုံမှာလည်း မိမိ၏ ရှေ့အနာဂတ် တိုက်တာကလေး ဖြစ်ရာ ယခုသော် မိမိအသက်ပေး၍ ချစ်နေသော သူငယ်ချင်း တစ်ဦး၏နှုတ်ဖျားမှ အလွန်တီးတိုး သာယာဖြည်းညင်းစွာ ထွက်ပေါ် လာသော "ကိုမြင့်မောင် ရယ်လေ"ဟူသော ငါးခွန်းသောစကားတို့ ၏ ပြင်းထန်စွာတိုက်ဖျက်ဖြတ်လှဲမှုကြောင့် ထိုတိုက်တာများ၊ အခင်းများ၊ အမိုးအကာများနှင့်တကွ အဆောက်အအုံတစ်ခုလုံးပါ ရစရာမရှိအောင် လဲပြိုသွားသည့်အတွက် မိမိပါ တစ်ပါတည်းလိုက်၍ လဲပြိုခြင်း မရှိရလေအောင် နီးရာတိုင်ကိုဖမ်း၍ ကိုင်ထားရလေ၏။

"ဘယ့်နှယ်လဲ နုရဲ့၊ ပြောပြန်တော့လည်း ဘာမှ ထင်မြင်ချက် မပေးကပါလား"ဟု လဲ့လဲ့က ပြောလိုက်သောအခါ "အိုသိပ်ဝမ်းသာ တာပဲ"ဟူ၍ အသံမှန်ဖြင့် ကြိုးစားပြောလိုက်ရသော်လည်း ထိုစကား များမှာ စောစောက ကြွင်းကျန်နေရစ်သော အပြိုအပျက်များကို စိစိမွမွ ကြေအောင် တစ်ခါတည်း ခုတ်စဉ်းလိုက်သော ဓားသွား၊ လှံသွားများပမာ တစ်ကိုယ်လုံး ပြင်းစွာနာကျင်သွားလျက် မျက်ရည်များပင် စို့လာစေတော့ရကား လဲ့လဲ့ စောစောက မီးရောင်တွင် မပြောဘဲ မှောင်ထဲသို့ ခေါ်ဆောင်လာခြင်းကိုပင် ကျေးဇူးတင်ရ တော့သည့် အခြေအနေသို့ ဆိုက်ရောက်နေရရှာလေသတည်း။

ဂျာနယ်ကျော်ဦးချစ်မောင်

(ရွှေလင်းယုန်)

Whisper Of Words

https://t.me/TheBookR

https://t.me/thebookchatbox

https://t.me/myanmarepubbookscollection